တက္ကသိုလ်

# ဝင်းကြွယ်

## ဟင်္သာဒေဝီ၏ဖူးစာရှင်

ချင်းဟုန်၏ကျောင်းရှယောင်း



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၀၇၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၁၂၆၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
ဝင်းကြွယ်

# ဟင်္သာဒေဝီ၏ပွဲစာရင်း

(ပထမပိုင်း)

## အခန်း (၁)

ဆောင်းကာလမို့ နေရောင်က စောစီးစွာပင် ရုပ်သိမ်းသွားသည်။ ညနေရီ၏ရောင်ခြည်တို့ကို နှင်းမြူတို့က အုပ်ဆိုင်းထား၏၊ လေပြင်းများ တဝူးဝူးတိုက်ခတ်ကာ လေအလျင်တွင် နှင်းမှုန်တို့က တသုန်သုန် လွင့်မြောနေ၏။

ယွန်နန်တောင်၏ ညနေရီက မပီပိုးတဝါး။ သို့သော် ယွန်နန်တောင်ခြေတွင်ကား လှုပ်ရှားမှုတစ်ခု ရှိနေပေသည်။

မြင်းညိုကြီးတစ်ကောင်သည် လေအလျင်အလား ခွာစုံ ပြေးလွှားနေ၏။ ခွာအယက်တွင် နှင်းဖုန်မြေသားတို့က နောက်ဘက်တွင် တဖွားဖွားလွင့်သည်။

မြင်းညိုကြီး၏ကျောထက်တွင် လူငယ်တစ်ယောက် စီးနင်းလိုက်ပါလာသည်။ လူငယ်၏အသက်အရွယ်က နှစ်ဆယ်ဝန်းကျင်။

မေးရိုးကားကား။ မျက်လုံးမျက်ဖန်ကောင်းကောင်း။ မျက်ခုံးများက နက်မှောင်ကာ ဖြောင့်တန်းနေသဖြင့် ဥပမိရုပ်က ခံ့ညားလှ

သည်။

အထူးသဖြင့် လူငယ်၏နှုတ်ခမ်းအစုံက ပါးလှပ်သည်။ တင်းတင်းရင်းရင်း ရှိသည်။ မဟုတ်မခံ ဗီဇစိတ်ဓာတ်ရှိကြောင်း သိသာနိုင်သည်။

နှင်းသယ်လေထုကို အဟုန်ပြင်းစွာ ထိုးဖောက်ပြေးလွှား နေသဖြင့် လူငယ်၏အသားအရေများက နီညိုရောင်သန်းလာသည်။ အဝတ်အစားတို့က နှင်းရည်တို့ဖြင့် စိုချင်နေသည်။

ဤမျှအေးချမ်းသည့် အချိန်ကာလတွင် လူငယ်၏ကိုယ်ပေါ်၌ အချမ်းဒဏ်ခံနိုင်သော အပေါ်ဝတ်အနွေးအင်္ကျီ မပါ။ ရိုးရိုး အင်္ကျီပါးကလေးတစ်ထည်သာ ရှိနေ၏။

နှင်းသား ရိုက်ခတ်ခြင်း၊ လေအေးတို့ ဝှေ့ခြင်းတို့ကြောင့် ချမ်းစိမ့်မှုဒဏ်ကို အကြီးအကျယ် ခံစားနေရမည်မလွဲ။ သို့သော် လူငယ်သည် အေးသည်ကို မမှု၊ ချမ်းသည်ကို ဂရုမထား။ မြင်းညို ကြီးကိုသာ အစွမ်းကုန် အပြင်းနှင်နေသည်။

လူငယ်၏မေးရိုးကြီးများ တင်းတင်းထောင်ထနေပုံကို ကြည့်လျှင် ခံပြင်းနာကြည်းဒေါသထွက်နေကြောင်း သိသာ၏။ မျက်လုံးအစုံတွင် စိုးရိမ်ပူပန်ခြင်းအရိပ်တို့က လွှမ်းသည်။

နောက်သို့ မကြာခဏ လှည့်ကြည့်တတ်သဖြင့် နောက်



ကျောလိုက်ပုံ မရ။ ကြီးမားသောအန္တရာယ်က ထက်ကြပ်မကွာ ပြေးလွှားနေသည်မှာ ထင်ရှား၏။

ဤမျှ တိတ်ဆိတ်သော တောတောင်၊ အေးချမ်းသော ရာသီဥတုတွင် မည်သူသည် အင်္ကျီပါးတစ်ထည်ကိုဝတ်လျက် မြင်းကို အသားကုန် စိုင်းနှင်ပေမည်နည်း။

နွေးထွေးသော အပေါ်ရုံအင်္ကျီကြီးကို ဝတ်ဆင်ကာ သွေးပူ သည်ဆိုရုံလောက်သာ မြင်းကို လေးလေးမှန်မှန် စီးနင်းလာမည်မလွဲ။

ယခုသော်ကား လူငယ်၏ထူးခြားမှုက အသက်လုပြေးလွှား နေသကဲ့သို့ ရှိ၏။ ထိတ်လန့်တကြားရှိ၏။

"အီး အဟင်း ဟင်း"

တောင်ခြေတစ်နေရာသို့ အရောက်တွင် လူငယ်၏နားထဲ၌ ညည်းညူသကဲ့သို့သော အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရ၏။ လူငယ် မျက်မှောင်ကြုတ်လိုက်မိသည်။ မြင်းညိုကြီးကိုကား ရပ်တန့်ခြင်းမရှိ။ စိုင်းနှင်နေရင်းမှ အာရုံစူးစိုက်ကာ နားစွင့်သည်။

"အီး အဟင်း ဟင်း"

သေချာသွားပြီ။ မိန်းကလေးတစ်ယောက် ခပ်တိုးတိုး ညည်းညည်းညူညူ အသံဖြစ်ကြောင်း လူငယ်နားလည်၏။ မြင်းကို မရပ်ဘဲ အသံထွက်ပေါ်ရာဘက်သို့ အကြည့်ရောက်သည်။

လူငယ်၏မျက်လုံးအစုံက သိမ်းစွန်ငှက်တစ်ကောင်လို အရောင်တောက်လက် စူးရှသည်။ ဖျတ်ခနဲ ကြည့်လိုက်သည်နှင့် အသံရှင်ကို လှမ်းတွေ့လိုက် ရသည်။

တောင်ဆင်ခြေလျှောတစ်နေရာ။ နှင်းများက ဖွေးဖွေးလှုပ် ထူထပ်နေသည်။ နှင်းသားထုများပေါ်တွင် ဆန့်ကျင်ဘက် နက်မှောင်သည့် ဆံကေသာများက ပြန့်ကြဲလျက်။

ဆံကေသာများအကြားတွင်ကား ဆွတ်ဆွတ်ဖြူသော မျက်နှာကလေးတစ်ခု။ အအေးဒဏ်ကြောင့် သွေးမရှိလောက်အောင် ဖြူရော်နေသည်။ မျက်နှာကလေးတစ်ခုသာ ပေါ်လွင်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးက နှင်းပြင်အောက် တွင် ဖုံးလွှမ်းနေသည်။

မြင်းကို အပြင်းစိုင်းနှင်နေသော လူငယ်စိတ်ထဲ ထွေခနဲဖြစ်၏။ ဒုက္ခသည်မိန်းကလေးကို ကယ်တင်ရမလား၊ ကိုယ့်ခရီးကိုယ် ဆက်သွားရလေမလား။

အချိန်က မရှိ။ မိန်းကလေးကို ကယ်တင်လိုက်လျှင် အသက်လုပြေးလွှားနေသည့် ခရီးစဉ်အတွက် အနှောင့်အယှက် ဖြစ်တော့မည်။ ကြန့်ကြာတော့မည်။

အချိန်က အသက်တမျှ အရေးကြီးနေသည်။ နောက်မှ အန္တရာယ်ကြီး လိုက်မီလာလျှင် အခက်ကြုံရပေတော့မည်။ အသက်



ထက် တန်ဖိုးထားသော ဂုဏ်သိက္ခာတို့ အဖတ်ဆယ်မရအောင် ဖြစ်တော့မည်။

နာမည်ဆိုးဖြင့် ဘဝနိဂုံးအဆုံးသတ်ရပေတော့မည်။ အတွေးကို ရှေ့တန်းတင်လာသောအခါ လူငယ် စိတ်ကိုတင်းလိုက်၏။ မိန်းကလေးဆီသို့ ကြည့်မိသည့်မျက်လုံးကို လွှဲသည်။ ရှေ့တူရူဆီသို့ ကြည့်ကာ မြင်းကိုဆက်နှင်သည်။

"ကုသိုလ်ကံ ဆိုးရွားလှတဲ့ မိန်းကလေးရယ် ... မင်းကို တို့ မကယ်တင်နိုင်ခဲ့တာ ခွင့်လွှတ်ပါ"

လူငယ် ၏ နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်သည်။ ဒုက္ခသည် မိန်းကလေးအဖြစ်ကို ရင်နာနာနှင့် မျက်နှာလွှဲခဲ့ရသည်မှာ ပေါ်လွင်၏။ သို့သော် လူငယ်မြင်းညိုကြီးရှေ့သို့ ခြေလှမ်းလေးငါးလှမ်းခန့် လှမ်းလိုက်စဉ်မှာပင် ...

"အင်း အဟင်း ဟင်း"

မိန်းမပျိုလေးထံမှ ညည်းညူသံက ထပ်မံပေါ်လာပြန်သည်။ လူငယ်၏နှလုံးသားထဲတွင် အပ်အစင်းပေါင်း ရာထောင် ထိုးစိုက်ခံရသလို လွှမ်းမိုးလာသည်။

ယောကျ်ားကောင်းတစ်ယောက်၊ မြင့်မြတ်သည့် လူတစ်ယောက်၏စိတ်ဓာတ်က သူ့ရင်ထဲတွင် ဝုန်းခနဲပေါက်ဖွားသည်။

ယောကျ်ားကောင်းတစ်ယောက်၊ အကြင်နာတရား၊ မေတ္တာတရားရှိသူတစ်ယောက်သည် ဒုက္ခသည်တစ်ဦးကို ကယ်ခွင့်ကြုံလျက် မျက်နှာလွှဲကာ ဝေယျာလကန် ပစ်ထားခဲ့ရက်ပါမလား။

ဒုက္ခသည်မိန်းကလေးကို လူငယ် သေတွင်းဝတွင် အပ်မထားနိုင်တော့။ သည်အတိုင်းပစ်ထားလိုက်လျှင် အအေးဒဏ်သင့်ကာ သွေးခဲလျက် အသက်သေဆုံးသွားပေတော့မည်။

လူငယ်၏စိတ်နှလုံးတို့ မမာကျောနိုင်တော့၊ မရက်စက်နိုင်တော့။ အပြင်းနှင်လျက်ရှိသော မြင်းကြီးကို ဇက်ကြိုးသတ်ကာ တုံ့ရပ်သည်။

ချက်ချင်းပင် မြင်းပေါ်မှ ခုန်ဆင်းကာ ဒုက္ခသည်မိန်းကလေးထံသို့ အလျင်အမြန် ပြေးလွှားသွားသည်။ အနီးသို့ရောက်လျှင် လူငယ်သည် အခြေအနေကို သဲကွဲစွာ တွေ့မြင်လာရ၏။

မိန်းမပျိုလေးသည် နှင်းထုထဲ၌ အချိန်အတန်ကြာအောင် နစ်မြုပ်ဖုံးအုပ်နေခဲ့ဟန် တူသည်။ ဆံပင်များကြားတွင် နှင်းမှုန်တို့က အသီးထကာ ခိုတွဲနေသည်။

မျက်နှာတစ်ခုလုံးမှာ နှင်းမှုန်နှင်းပွင့်များလိုပင် သွေးဆုတ်ဖြူရော်နေသည်။ နှုတ်ခမ်းတို့က ညိုပြာပြာဖြစ်နေသည်။ သို့သော် မိန်းကလေးကား အသက်ရှူနေဆဲ၊ အသက်ရှင်နေဆဲ။ သတိတရား



က သူ့ခန္ဓာကိုယ်မှ ကင်းလွတ်နေခဲ့ချေပြီ။

လူငယ်သည် မိန်းမပျိုကလေးကို အသေအချာကြည့်သည်။ မိန်းမပျိုကလေး၏အသက်က နုနယ်သေးသည်။ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ခန့်သာ ရှိဦးမည်။

သို့သော် မိန်းမပျိုလေး၏ရုပ်ရည်က အလွန်ပင် အရုပ်ဆိုးအကျည်းတန်လှသည်။ နှာရောင်ကောက်ကောက်၊ နှုတ်ခမ်းထူထူထော်ထော်၊ မျက်ခုံးများက ထူပိန်းပိန်း။ အလှအပဟူ၍ ရှာမရအောင် ကင်းမဲ့သည်။

မျက်တောင်များကမူ မျက်နှာနှင့်မလိုက်အောင် ရှည်လျားကော့ပျံနေသည်။ ရုပ်ဆိုးခြင်း၊ ရုပ်ချောခြင်းက အကြောင်းမဟုတ်။ လူတစ်ယောက်၏အသက်ကို ကယ်တင်ရေးသာ အဓိကကျသည်မို့ လူငယ်သည် မိန်းမပျိုလေး၏အခြေအနေကို အကဲခတ်ကြည့်ခြင်း ဖြစ်၏။

မိန်းကလေး၏အသက်ရှူနှုန်း က သိပ်မမှန်ချင်။ အသားများက အေးစက်တောင့်တင်းနေသည်။ ဤအတိုင်းသာ ဆက်သွားနေလျှင် မကြာခင်အတွင်း အအေးဒဏ်သင့်ကာ အသက်သေဆုံးသွားမည် မလွဲ။ လက်ရှိအနေအထားကလည်း မကောင်း။

လူငယ်သည် ဆေးဝါးအတတ်ပညာ တတ်ကျွမ်းသူတစ်

ယောက် မဟုတ်။ ယခုအချိန်တွင် ဒုက္ခသည် မိန်းကလေးအတွက် အရက်ပြင်းပြင်း တစ်ခွက်၊ စွပ်ပြုတ်ပူပူ တစ်ပန်းကန်နှင့် သမားတော် တစ်ယောက်သာ ရှိနေမည်ဆိုလျှင် မိန်းကလေး အသက်ရှင်နိုင် ကောင်း ရှင်နိုင်မည်။

သို့သော် ထိုအခွင့်အရေးမျိုးက မိန်းမပျိုလေးအဖို့ မရနိုင်။ လူငယ်သည် အသက်လုကာ ပြေးလွှားနေရသူတစ်ယောက်။ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အင်္ကျီကလည်း နွေးထွေးမှုမပေးနိုင်။

လူငယ်ကိုယ်တိုင် အချမ်းဒဏ်ကို အကြီးအကျယ် ခံစားနေရသည်။ မည်သို့ပင်ဖြစ်စေ လူငယ် လျစ်လျူရှုမထားရက်နိုင်။

"ဟူး"

လူငယ်သည် စိတ်မောစွာဖြင့် သက်ပြင်းမောကြီးတစ်ချက်ကို ရှာသည်။ မိန်းမပျိုလေးကို နှင်းသားထုကြားမှ ဖော်ထုတ်သည်။ ထို့နောက် သူ့ကိုယ်ပေါ်မှ အင်္ကျီကိုချွတ်ကာ မိန်းမပျိုလေး၏ကိုယ်ပေါ်တွင် ထွေးပိုက်ပေးသည်။

မိန်းမပျိုကလေးကိုသယ်ပိုးကာ မြင်းပေါ်သို့ ခုန်တက်သည်။ ပြီးလျှင် မြင်းညိုကြီးကို အသားကျ စိုင်းနှင်ထွက်ခွာသွားလေတော့သည်။

အမှောင်က ဆောင်းနှင်းနှင့်အတူ ဖြန့်ခင်း ဖုံးလွှမ်းသည်။



လူငယ်သည် မိမိကိုယ်တိုင် ဘာမျှမတတ်နိုင်သော်လည်း ဒုက္ခသည်မိန်းကလေးကို နှင်းပြင်ထဲတွင် ပစ်မထားရက်နိုင်သဖြင့် သယ်ဆောင်လာကာ ခရီးပြင်းနှင်လျက် ရှိ၏။

အမှောင်က ကြီးစိုးလာသလို အအေးဓာတ်ကလည်း ပိုကဲလာ၏။ သည်အတိုင်း ခရီးဆက်နေလျှင် မိမိအတွက်က အန္တရာယ်မှ လွတ်ကင်းချမ်းသာနိုင်သော်လည်း မိန်းမပျိုလေး၏အသက်ကား ချမ်းသာလာနိုင်စရာမရှိ။

အရိပ်ကောင်းကောင်း လေလုံလုံတစ်နေရာတွင် တစ်ညတာ အနားယူသင့်သည်ဟု ဆုံးဖြတ်၏။ ထို့ကြောင့် မြင်းညိုကြီးကို တောင်ကြောနားသို့ကပ်ကာ အမိုးအကာရနိုင်မည့်နေရာကို ရှာဖွေသည်။

သိပ်မကြာလိုက်။ ဒုက္ခသည် အကျည်းတန်မလေးအဖို့ ကံကောင်းသည်ဟု ဆိုနိုင်ပေသည်။ သဘာဝဂူကြီးတစ်လုံးကို လူငယ် တွေ့ရှိလိုက်ရသည်။

မြင်းညိုကြီးကို ဂူပေါက်ဝရှိ သစ်ပင်တစ်ပင်တွင် ကြိုးဖြင့် ချည်နှောင်သည်။ မိန်းမပျိုလေးကိုပွေ့ယူလျက် ဂူထဲသို့ဝင်သည်။ မီးခတ်ခြစ်ကာ အလင်းရောင်ဖြင့် ကြည့်သည်။ ဂူကြမ်းပြင်က ရှင်းလင်းကာ ခြောက်ခြောက်သွေ့သွေ့ရှိကြောင်း တွေ့ရသည်။

လှုငယ်သည် မိန်းမပျိုလေး ကို ဂူကြမ်းပြင်တစ်နေရာတွင် အသာအယာ လဲလျောင်းစေသည်။ ထို့နောက် ဂူအပြင်ဘက်သို့ ထွက်ကာ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းခြောက်များကောက်ပြီး မီးဖို တစ်ဖို မွေးသည်။

ညအမှောင်တွင် မီးဖိုအလင်းရောင်သည် နောက်မှလိုက်လာသော ရန်သူအတွက် လမ်းညွှန်တစ်ခုဖြစ်နေမည်ကို လှုငယ် စဉ်းစားမိသော်လည်း အအေးဒဏ် မခံနိုင်အောင်ဖြစ်နေသည့် အကျည်းတန်မလေးကို ပစ်စလက်ခတ်မထားရက်။

ဖြစ်လာမည့်ပြဿနာ နောက်မှကြည့်ရှင်းမည်ဟု ဆုံးဖြတ်ကာ မီးဖိုပေးခြင်း ဖြစ်၏။ မီးဖိုကြောင့် ဂူထဲတွင် အလင်းရောင်ရသလို အနွေးဓာတ်လည်း ဖြစ်ပေါ်သည်။

အချမ်းလွန်ကာ သတိလစ်နေသောမိန်းမပျိုလေးကို ပို၍ နွေးထွေးစေရန် မီးဖိုနှင့် အနီးဆုံးနေရာတွင် ထားသည်။ သူကိုယ်တိုင်ကမူ မီးဖိုတစ်ဖက် မိန်းမပျိုကလေးနှင့် ခပ်လှမ်းလှမ်းတွင် နေရာယူသည်။

တစ်နေကုန် အစားအသောက်မရှိသလို လှုကလည်း ပင်ပန်းလွန်းလှပြီဖြစ်သဖြင့် လဲလျောင်းကာ မျက်လုံးမှိတ်လိုက်သည်နှင့် မှေးခနဲ ဖြစ်၏။



သို့သော် အိပ်ပျော်ခြင်းပင် မဖြစ်လိုက်။ စူးရှသော အသံကလေးတစ်သံက သူ့နားထဲသို့ တိုးဝင်လာသည်။

"ဟင် ... ရှင် ... ရှင် ... ဘယ်သူလဲ"

မိန်းမပျိုကလေး သတိရကာ ပြောလိုက်ခြင်းပင်။ အရုပ်ဆိုးသလောက် အသံက ကြည်လင်သည်။ ဆည်းလည်းခတ်သလို ချိုအေးသည်။ မှေးခနဲဖြစ်သော လှုငယ့်မျက်လုံး ဖျတ်ခနဲ ပွင့်သည်။ အိပ်မရတော့သဖြင့် ထထိုင်သည်။

"ကျွန်မ ... ကျွန်မ ဒီဂူထဲကို ဘယ်လိုလုပ်ပြီး ရောက်လာရတာလဲဟင်"

မိန်းမပျိုလေးက ဓဝေဓဝါသံဖြင့် မေးသည်။ လှုငယ် မဖြေ။ မိန်းမပျိုကလေးကိုသာ စူးရဲစွာ ကြည့်သည်။ မိန်းမပျိုလေးက သူ့ကိုယ်သူ မလုံမလဲဖြစ်ဟန် စမ်းသပ်သည်။

ထို့နောက် နားလည်သဘောပေါက်ဟန်ဖြင့် ...

"ကျွန်မကို တစ်ယောက်ယောက်က နှင်းတောထဲမှာ မြုပ်ထားခဲ့ပြီး ရှင်ကတွေ့လို့ ကယ်တင်ခဲ့တာ ထင်တယ်"

"အင်း ... ဟုတ်ပါတယ်"

လှုငယ်က တိုးတိုးလေးသံဖြင့်ဖြေသည်။ မိန်းမပျိုကလေး မျက်မှောင်ကြုတ်၏။ တစ်စုံတစ်ရာ စဉ်းစားဟန်ဖြင့် ...

"ရှင်က ကျွန်မကို ကယ်တင်လာတယ်ဆိုရင် သမားတော် တစ်ပါးပါးဆီကို ပို့သင့်တာပေါ့။ ဘာကြောင့် ဒီဂူထဲကို ခေါ်လာရတာ လဲ၊ ရှင် ကျွန်မကို မတော်မတရား စော်ကားမလို့မဟုတ်လား"

စေတနာဖြင့် ကယ်တင်လာသောလူငယ် စိတ်တိုသွားသည်။ စော်ကားခံရသဖြင့် မခံမရပ်နိုင်အောင် ဖြစ်နေသည်။ သို့သော် သံပ ရာတစ်ခြမ်းဖြင့် အချေမခံလိုသောကြောင့် ဒေါသစိတ်ကို ထိန်းချုပ် သည်။

"ဟုတ်ပါတယ် ... မင်းပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ... ဒီတောဒီတောင်ထဲမှာ သမားတော်ကို ဘယ်လိုသွားရှာမလဲ၊ သမား တော် ရှိဦးတော့ ... ကျုပ်မှာ ဆေးဖိုးဝါးခ ပေးစရာ တစ်ပြားတစ်ချပ် မှ မရှိလို့ မင်းကို ဘယ်လိုကုနိုင်မှာလဲ"

"အို ... ရှင်က ကျားကိုးစီး စားလို့မကုန်တဲ့ ယောကျ်ားရင့် မာကြီးတစ်ယောက် ဖြစ်လျက်နဲ့ ပိုက်ဆံတစ်ပြားတစ်ချပ်မှ မရှိဘူး ဆိုတော့ တော်တော်အံ့သြစရာကောင်းနေပြီ၊ ရှင်ဟာ သနားစရာ ကောင်းတဲ့လူ တစ်ယောက်ပါလား"

လူငယ်မှာ အစော်ကားခံရသဖြင့် ဒေါသကို ထိန်းချုပ်မရ။

"မင်း ... မင်း ... စော်ကားလှချည်လား"

"စော်ကားတာမှ မဟုတ်ဘဲ၊ ဟုတ်တိုင်းမှန်ရာပြောတာပဲ၊



ရှင်ဟာ လူဖျင်းလူညံ့တစ်ယောက်မို့ ဒီလိုပိုက်ဆံမရှိတဲ့လူတစ်ယောက် ဖြစ်နေတာပေါ့"

လူငယ် အတော်ကလေး စိတ်ပျက်သွားမိသည်။ မိန်းက လေးတစ်ယောက်နှင့် စကားနိုင်လု ဆက်မပြောသင့်ကြောင်း နား လည်၏။ အသာပင် ပြန်လည်လဲလျောင်းကာ အနားယူသည်။

မိန်းမပျိုလေးက မီးလှုံနေရင်းမှ တဗျစ်တောက်တောက် ရေရွတ်ပြောဆိုနေသည်။ လူငယ်မှာ အကုသိုလ်ကို ကျောပိုးခေါ်ငင် လာမိလေပြီဟု စိတ်ထဲမှ ထင်မှတ်လိုက်သည်။ လဲလျောင်းရင်းမှ ဆတ်ခနဲ ပြန်ထသည်။

"ကဲ အမိ ... ဒီလောက်တောင် ရန်တွေ့နေချင်ရင်လည်း ကိုယ့်ဘာသာ တစ်ယောက်တည်း ရန်တွေ့နေရစ်ပေတော့၊ ဒီဂူထဲမှာ ကျုပ် ရှာကောက်ထားတဲ့ သစ်ကိုင်းခြောက်တွေ မနည်းဘူး၊ မင်း လည်း အနွေးဓာတ်ရပြီး သတိရနေပြီ၊ ခရီးသွားတစ်ယောက်က တွေ့ ရင် မင်းကို ကယ်တင်လိမ့်မယ်၊ ကျုပ်လို လူဖျင်းလူညံ့ တစ်ယောက် ကတော့ နားညည်းမခံနိုင်လို့ သွားတော့မယ်"

လူငယ် အပြင်ဘက်သို့ ထွက်သွားဟန်ပြင်သည်။ လူငယ်၏ ခပ်ပြတ်ပြတ် လုပ်ဆောင်မည့်ဟန်ကြောင့် မိန်းမပျိုလေး ထိတ်ထိတ် ပျာပျာ ဖြစ်၏။

"အို ... ဘယ်လိုလဲရှင့် ... ဒီလောက် အချိန်မတော်ကြီးမှာ အားနဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ဂူထဲမှာ ပစ်စလက်ခတ် ထားခဲ့ပြီး ထွက်သွားမလို့လား၊ ရှင့်မှာ သနားကြင်နာတတ်တဲ့စိတ်ဓာတ် မရှိ ဘူးလား"

လူငယ် ခြေလှမ်းတုံ့ရပ်ကာ နောက်သို့ပြန်လှည့်ကြည့်သည်။ အကျည်းတန်မလေး၏ ကရုဏာသက်စဖွယ်ကောင်းသောအကြည့်ကြောင့် သက်ပြင်းတစ်ချက်ချလျက် နေရာတွင်ပြန်ထိုင်သည်။

အကျည်းတန်မလေးမှာ စကားအိုးကလေး ဖြစ်ဟန်တူ၏။ လူငယ်က အလိုက်တသိ ငြိမ်နေသော်လည်း သူ့အသံက ကြည်ကြည်လွင်လွင်ဗာလေး ထွက်ပေါ်လာပြန်သည်။

"ရှင့်ကိုကြည့်ရတာ တစ်ခုခုကို စိုးရိမ်ကြောက်လန့်နေပုံပဲ၊ ဘာလဲ ... ကျွန်မနောက်ကလိုက်လာမယ့် ရန်သူကို ကြောက်လို့လား"

"ဘာလဲ ... မင်းမှာ ရန်သူတွေ ရှိနေလို့လား"

"ရန်သူရှိလို့ ကျွန်မ နှင်းတောထဲမှာ လဲနေတာ ရှင်တွေ့ရတာပေါ့၊ ကျွန်မက ကိုယ့်ဘာသာကိုယ် အရူးထပြီး နှင်းပြင်ထဲမှာ လှဲအိပ်နေပါ့မလား"

လူငယ် စကားပြန်မပြောတော့။ နေရာတွင်ပင် လဲလျောင်းအနားယူနေလိုက်သည်။ မိန်းမပျိုကလေးတွင် နောက်မှ လိုက်လံနေ



သာ ရန်သူရှိနေသည်ဆိုသဖြင့် မထားရက်တော့။

ဒီတစ်ညတော့ အတူတကွနေကာ စောင့်ရှောက်လိုက်မည့် စိတ်ဆုံးဖြတ်သည်။ မိန်းမပျိုကလေးကိုလည်း မာကြွပ်ကြွပ် ဘု တ်ဆတ်မလေးတစ်ယောက်အဖြစ် နားလည်သဘောပေါက်မိ ည်။

"ရှင်က ထွက်မသွားဘူးဆိုတော့ ကျွန်မကို မတော်မတရား ပြုချင်လို့လား၊ ဟွန်း ... ရီးတီးယားတားတော့ မလုပ်နဲ့ ... မရဘူး ပါလား"

အကျည်းတန်မလေး၏ စကားက ဒေါသဖြစ်စရာကောင်း ည်။ ထို့အတူ အမိပ္ပာယ်တစ်မျိုးလည်း ကောက်ယူနိုင်သည်။ သို့ သော် လူငယ်က ဘာမှမဖြစ်သည့်အသွင် ရယ်ပြုံးနေလိုက်၏။ ကျည်းတန်မလေး မျက်မှောင်ကြုတ်၏။ မျက်နှာကလေးမှာ ပို၍ ၍ပင် အကြည့်ရဆိုးသွားသည်။

"ရှင် ဘာရယ်နေတာလဲ ... မှန်မှန်ပြောစမ်း၊ ရှင့်စိတ်ထဲမှာ အကြံစည်နေသလဲ"

လူငယ် ပြောဟန်ပြင်စဉ်မှာပင် ဂူအပြင်ဘက်မှ ယောကျ်ား ကြီးတစ်ယောက်၏စကားသံက အရင်ဦးစွာ ထွက်ပေါ်လာလေသည်။

"သူ့ကို ဘာမှမမေးနဲ့ ... ဖြေမှာ မဟုတ်ဘူး၊ စိတ်အကြံကို

လျှို့ဝှက်သိုသိပ်တတ်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး"

ထိုစကားသံကြောင့် လူငယ်မျက်နှာ ကွက်ခနဲ ပျက်သည်
ထိတ်လန့်စိုးရိမ်မှုက မျက်နှာပြင်ထက်တွင် ဖုံးကွယ်မရ။ စကားအဆုံ
မှာပင် လူတစ်ယောက်က ဂူဝမှ ဂူတွင်းသို့ လှမ်းလျှောက်ဝင်လ
သည်။

ထိုသူ၏အသက်က ငါးဆယ်ဝန်းကျင်ခန့်ရှိမည်။ နှုတ်ခမ်
မွေး ကျဲတောက်တောက်နှင့် မျက်လုံးမျက်ဖန် မျက်နှာကျတို့မှ
ကြွက်တစ်ကောင်နှင့်တူသည်။

အရပ်အမောင်းက သွယ်သွယ်မြင့်မြင့်။ ကိုယ်ပေါ်တွ
သင်္ကန်းလတ်ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထားသည့်ပြင် ဘယ်ဘက်လက
တွင် ဆွတ်ဆွတ်ဖြူသည့် သားမွေးဝတ်ရုံကြီးတစ်ထည်ကို ကိုင်ထာ
သေးသည်။

ညာဘက်လက်တွင်ကား သူ၏လက်စွဲတော်လက်နက် သ
ကလောင်စူးချွန်ကို ကိုင်ဆောင်ထားသည်။ အကျည်းတန်မလေး ရုတ
တရက်ရောက်ရှိလာသော လူကြီးကို စူးစူးစိုက်စိုက်ကြည့်သဲည်။

"ရှင်က ဘယ်သူလဲ"

မိန်းကလေးက မေးသည်။ ထိုသူက ကြွက်တစ်ကောင်လ
ပြုံး၏။



"ကျားငါးကောင် ကြောင်ပစန်းဆိုတာ ငါပဲ"

"ဟင် … ကျားငါးကောင်သာ ပြောတယ်၊ ရှင့်ကြည့်ရတာ
ျားနဲ့မတူဘူး … ကြွက်နဲ့ တူနေပါလား"

လူငယ်မှာ မကြောက်မလန့် ရှာရှာကြံကြံပြောတတ်သည့်
န်းကလေးစကားကြောင့် ရယ်ချင်စိတ်ပင် ဖြစ်မိ၏။ ကြောင်ပစန်း
ိုသူ၏အကြည့်က သူ့ကိုယ်ပေါ်မှ မခွာသောကြောင့်သာ တည်ငြိမ်
အောင် ထိန်းချုပ်ထားလိုက်ရ၏။

ကြောင်ပစန်း စိတ်မဆိုး။ သဘောကျစွာပင် ရယ်ပြုံး၏။

"ဟုတ်တယ် … မင်းပြောတာ မှန်တယ်၊ ငါဟာ ကြွက်
စ်ကောင်လို ကြောင်တောင်တောင်ဖြစ်နေမိလို့ ဒီကောင်ရဲ့ သား
မွေးအကျီကို လက်ခံခဲ့မိတာပေါ့"

အကျည်းတန်မလေး တအံ့တဩ ဖြစ်သည်။

"ဟင် … ဒီသားမွေးအကျီက သူ့ပစ္စည်း … ဟုတ်လား၊
ာကြောင့် ဒီလောက်အဖိုးတန်တဲ့ပစ္စည်းကို သူတစ်ပါးဆီ ပေးလိုက်
တာလဲ"

"ဘာကြောင့်လဲဆိုတော့ ဒီသားမွေးအကျီနဲ့ ငါ့လက်ကို
လှုပ်နိုင်အောင် ဖမ်းချုပ်ထားချင်လို့ပေါ့"

"အို … ရှင့်စကားက ဘယ်လိုလဲ … မရှင်းမရှင်းနဲ့"

"ရှင်းပါတယ် ... သူ့သားမွေးအင်္ကျီကို ကိုင်ထားရတော့ ငါ့
လက်နက်ပုန်းထုတ်လို့လည်း မရ၊ သံကလောင်ဓူးချွန်ကိုလည်း ထုတ်
လို့ မရတော့ဘူးပေါ့"

အကျည်းတန်မလေး မျက်လုံးပိုင်းသွား၏။ သူ့တစ်မျက်
လုံးတွင် မျက်လုံးနှင့် မျက်တောင်ကော့ကြီးများကသာ အလှဆုံး
၏။

"သူက ဘာကြောင့် လက်နက်တွေ ထုတ်ခွင့်မပေးရတာလဲ"

"တော်တော်ဒုန်းဝေးတဲ့ ကောင်မလေးပဲ၊ ထွက်ပြေးချင်
ပေါ့ကွ ... ထွက်ပြေးချင်လို့ပေါ့"

"ဘာကြောင့် ထွက်ပြေးချင်ရတုံး၊ သူ့ကို ရှင်တို့က အ
ကျင့်ကြမလို့လား"

"တော်တော်သွားရှည်တဲ့ ကောင်မလေးပဲ"

ကြောင်ပစန်း စိတ်မရှည်ချင်တော့။ အကျည်းတန်မလေး
စကားခွန်းထောက်ခံပြောနေလျှင် ဘာမှအကျိုးမရှိနိုင်ဟု တွက်
လိုက်သည်။ လူငယ်ကို ခနဲ့ပြုံး ပြုံးကာ ...

"လီကျင်းဆွေ ... မင်း ထွက်ပြေးဖို့မကြိုးစားနဲ့တော့၊
သုံးယောက် လူခွဲပြီး မင်းနောက်ကို လိုက်ခဲ့ကြတာ၊ အခုအချိန်
ငါတစ်ယောက်တည်း မင်းကိုမီလာပြီ၊ နှုတ်ပိတ်ချင်တယ်ဆိုရင်တော



မင်းအတွက် အခွင့်ကောင်းပဲ"

လီကျင်းဆွေဆိုသော လူငယ် ဘာမှမပြော။ အကျည်းတန်
မလေးကသာ မကျေမနပ်ဟန်ဖြင့် ...

"သူက လူကောင်းတစ်ယောက်ပါရှင့်၊ ရှင်တို့ ဘာကြောင့်
သူ့ကို လိုက်ပြီး ရန်ရှာချင်နေရတာလဲ"

"ဟားဟားဟား ... သူက လူကောင်းတစ်ယောက်တဲ့လား"

"ဟုတ်ပါတယ်ရှင့်၊ သူက လူကောင်းတစ်ယောက်ပဲ၊ သူ့ကို
မတရား မလုပ်ပါနဲ့"

"ဒီကောင်ဟာ သူတော်ကောင်းယောင်ဆောင်နေတဲ့ ကျား
စေဦးလဲကွ၊ မင်း သိရဲ့လား"

ကြောင်ပစန်းဆိုသော လူကြီးက ဒေါသတကြီး ပြောသည်။
အကျည်းတန်မလေး အမှတ်မထင် လှုပ်ရှားမှုတစ်ခု ပြုလိုက်၏။

အကျည်းတန်မလေးသည် ကြောင်ပစန်းက လီကျင်းဆွေထံ
အာရုံစူးစိုက်နေစဉ် အလျင်အမြန်ပင် ပြေးဝင်လာသည်။ ကြောင်

ပစန်း၏ လက်မောင်းတစ်ဖက်ကို ရှိစုမဲ့စုအင်အားကလေးဖြင့် ဖမ်းကိုင်ထားလိုက်သည်။

"လီကျင်းဆွေ ... ကျွန်မ သူ့ကို ဖမ်းထားပြီ၊ ရှင် အမြန်ဆုံး လွတ်အောင် ထွက်ပြေးပေတော့"

လီကျင်းဆွေအား အလောတကြီး သတိပေးသည်။ လီကျင်းဆွေ မလှုပ်။ တည်ငြိမ်စွာ ကြည့်နေ၏။ အကျည်းတန်မလေးသည် သိုင်းပညာတတ်ကျွမ်းဟန်မတူ။

ကြောင်ပစန်းအား ကြာရှည်စွာ ထိန်းချုပ်ထားခြင်း မပြုနိုင်။ ကြောင်ပစန်းက သူ့လက်မောင်းကို တစ်ချက်တုန်ခါလိုက်သည်။ အကျည်းတန်မလေး၏ ထိန်းချုပ်ထားမှုမှ လွတ်သည်။

"ဒီလောက်ရှုပ်တဲ့ ကောင်မစုတ်ကလေး ... သွားစမ်း"

ကြောင်ပစန်းက ချက်ချင်းပင် လွင့်စဉ်ကျသွားသော အကျည်းတန်မလေးထံသို့ခုန်ဝင်ပြီး မေ့ကြောကိုထိုးပိတ်သည်။ အကျည်းတန်မလေး မည်သို့မျှ မရှောင်ရှားနိုင်။ သတိလစ်ကာ ဂူကြမ်းပြင်ထက်သို့ ပျော့ခွေကျသွားသည်။

ကြောင်ပစန်းသည် ခွေခွေလေးလဲကျနေသော အကျည်းတန်မလေး၏ကိုယ်ပေါ်သို့ သူ့ဘယ်ဘက်လက်ထဲမှ သားမွေးအကျႌကြီးကို လွှမ်းခြုံပေးသည်။



သူကိုယ်တိုင်ကမူ သံကလောင်ဆူးချွန်ကို ခါးစည်းကြိုးထဲ ထိုးသွင်းသိမ်းဆည်းပြီး အေးအေးဆေးဆေးပင် မီးထိုင်လှုံနေသည်။ လီကျင်းဆွေသည် ထိုင်မြဲထိုင်နေ၏။ လှုပ်ရှားခြင်းတစ်စုံတစ်ရာ မပြု။ ကြောင်ပစန်းကိုသာ မမိုတ်မသုန် စူးစိုက်ကြည့်သည်။

သူ့အနေနှင့် ထွက်ပြေးလျှင်လည်း ကြောင်ပစခန်း၏လက်တွင်းမှ လွတ်ကင်းနိုင်မည်မဟုတ်ကြောင်း သိသဖြင့် ငြိမ်နေခြင်း ဖြစ်၏။

ကြောင်ပစန်း လက်ကလေးနှစ်ဖက်ကို လှန်လိုက်,လှော လိုက်ပြုကာ မီးကင်သည်။ မီးပုံတွင် လောင်စာများနည်းသွားသဖြင့် မီးအရှိန်ကျသွား၏။

အနီးတွင်ရှိသော သစ်ရွက်ခြောက်၊ ထင်းခြောက်တို့ကို မီးပုံတွင် ထပ်ဖြည့်သည်။ ဂူကလေးထဲတွင် မီးပုံမှထင်းခြောက်များ မီးလောင်ကျွမ်းသံမှအပ တိတ်ဆိတ်နေ၏။

ဂူအပြင်ဘက်တွင် နှင်းတို့က တဖွဲဖွဲ တသဲသဲ ကျဆင်းလျက်ရှိ၏။ လေက တပြူးပြူးတိုက်ခတ်နေပြန်ရာ, နှင်းကမ္ဘလာကြီးမှာ လေပြည်ထဲတွင် လှိုင်းထလူးလွန့်နေတော့၏။

ကြောင်ပစန်းသည် တစ်ကိုယ်လုံး နွေးနွေးထွေးထွေး ရှိသွားတော့မှ လီကျင်းဆွေကို ကြည့်သည်။

"မင်း ငါ့ကိုသတ်ဖို့ မကြိုးစားတော့ဘူးလား လီကျင်းဆွေ"

ကြောင်ပစန်း၏ခနဲ့စကားကို လီကျင်းဆွေဘာမှပြန်မပြော။ ကြောင်ပစန်းလို အထင်ကရသိုင်းသမားကြီးတစ်ယောက်အား သူ မည်သို့မျှမယှဉ်နိုင်ကြောင်း သိသည်။ အခြေအနေကိုကြည့်ပြီး လှုပ်ရှားသွားရန် ဆုံးဖြတ်၏။

ကြောင်ပစန်း ဟိုင်ရာမှ မတ်တတ်ထရပ်သည်။ အောင်နိုင်သူတစ်ယောက်လို ဝင့်ကြွားသောအမူအရာဖြင့် ...

"မင်းဟာ တော်တော်ညံ့တဲ့ကောင်ပဲ၊ အခုလို သေပြေးရှင်ပြေး ပြေးနေရတဲ့ အချိန်မှာတောင်မှ ရုပ်ဆိုးမလေးကို ကယ်တင်ဖြစ်အောင် ကယ်တင်လာခဲ့သေးတယ်၊ သူတစ်ပါးအပေါ် စေတနာအထားကောင်းလို့ မင်းကို ငါမိလာခဲ့ပြီ မဟုတ်လား"

"ဒါတွေက ကျွန်တော့်ကုသိုလ်နဲ့ ကျွန်တော်ပါ။ အခု ခင်ဗျား ကျွန်တော့်ကို တွေ့နေရပြီ၊ ဘာလုပ်မယ် ဆုံးဖြတ်ထားသလဲ"

"ဟဲ ဟဲ ဟဲ ... အကောင်းဆုံးကတော့ မင်း ငါနဲ့အတူ အေးအေးဆေးဆေး လိုက်ခဲ့စေချင်တယ်၊ မင်းကို ငါ မတိုက်ခိုက်ချင်ဘူး"

လီကျင်းဆွေ ဘာမှမဖြေ၊ ငြိမ်နေ၏။

'ဝှစ်'

ကြောင်ပစန်း ရုတ်တရက် ထင်းခြောက်ကလေးတစ်စဖြင့်



လီကျင်းဆွေထံ လက်တောက်ပစ်လွှတ်သည်။ တစ်ဆက်တည်းပင် လူကလည်း လီကျင်းဆွေထံသို့ ခုန်ပျံရောက်ရှိပြီးဖြစ်၏။

လီကျင်းဆွေ တိုးဝင်လာသောထင်းခြောက်ကို ကိုယ်လှည့်ရှောင်တိမ်းသည်။ သို့သော် ကြောင်ပစန်း၏ ခြေပျံကန်ချက်တစ်ချက်ကိုကား ရှောင်တိမ်းခြင်း မပြုနိုင်။

'ဖုန်း'

ကြောင်ပခန်းကန်ချက်က တိကျသည်။ လီကျင်းဆွေ၏ ထုံကျဉ်ကြောကွက်ကို ကျကျနနပင် ထိမှန်သည်။ လီကျင်းဆွေ ဂူကြမ်းပြင်တွင် လဲကျသွားသည်။ လုံးဝ မလှုပ်ရှားနိုင်တော့။

သတိကမူ ကောင်းသေးသည်။ စကားပြောနိုင်သည့် သွေးကြောကွက်ကို ထိုးပိတ်မခံရသဖြင့် စကားပြောနိုင်သေးသည်။ သို့သော် စကားပြောခြင်းဖြင့် မည်သို့မျှ အကျိုးထူးနိုင်မည် မဟုတ်သဖြင့် အသံမထွက်။

"ဟား ဟား ဟား"

ကြောင်ပစန်း ကျယ်လောင်စွာ အော်ဟစ်ရယ်မောသံကြီးက ဂူတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။ ကြောင်ပစန်းက သံကလောင်လက်နက်ကို ဆွဲထုတ်လိုက်လျှင် လီကျင်းဆွေရင်ထဲ ထိတ်ခနဲ ဖြစ်၏။

"ခင်ဗျား ကျုပ်ကို ဘာလုပ်မလို့လဲ"

"ဟား ဟား ဟား ... ဘာလုပ်မယ် ထင်သလဲ"

"ခင်ဗျား ဒီလို မကောက်ကျစ် မယုတ်မာနဲ့"

"ဟီး ဟီး ဟီး ... သူခိုးက လူကို ပြန်ဟစ်နေပါလား၊ ကောက်ကျစ်တာ, ယုတ်မာတာက မင်းကွ၊ မင်းလို လူသတ်သမား တစ်ယောက်ကို ဒီအတိုင်း လွှတ်ထားလို့ ရမလား။ သူတစ်ပါးအသက် ကိုသတ်ရင် ကိုယ့်အသက်လည်း အသေခံရတယ်ကွ"

"ခင်ဗျား မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ ဟိုလူတွေ ကို သတ်ခဲ့တာ ခင်ဗျား မဟုတ်လား၊ ရှိသမျှအပြစ်တွေ ကျုပ်အပေါ် ပုံချပြီး ကျုပ်ကို နှုတ်ပိတ်မလို့ တစ်ယောက်တည်းခွဲပြီး သေပြေး ရှင်ပြေး ပြေးလာတာ မဟုတ်လား"

"လီကျင်းဆွေ လီကျင်းဆွေ ... မင်းက အခုထက်ထိ အသံ ကောင်း ဟစ်နေချင်သေးတာကိုး၊ မင်း ဘာတွေပဲ ပြောနေ ပြောနေ ဘာမှ အကျိုးမရှိတော့ဘူး၊ မင်းဟာ သေရမယ့်လူတစ်ယောက် ဖြစ် နေပြီ"

လီကျင်းဆွေ ရင်ထဲ ထိတ်ခနဲ ဖြစ်၏။ အခြေအနေက လှုပ် မရ။ ကြောင်ပစန်း၏ လက်ချင်ဖြင့် လည်စင်းခံရန်သာ ရှိ၏။ သို့သော် သူ အကျိုးမဲ့ မသေချင်သေး။ မသေခင် သိချင်တာတွေ သိသွားလို သေးသည်။ လီကျင်းဆွေ သူ့စိတ်ကို တင်းထားလိုက်၏။



"ခင်ဗျားက ကျုပ်ကို သတ်မလို့လား"

"ဟုတ်တယ် ... ဘဝကူးကောင်းအောင် စိတ်ဖြောင့်ဖြောင့် သာ ထားပေတော့"

ကြောင်ပစန်း သံကလောင် ဆူးချွန်ကို ပင့်မြှောက်လိုက်၏။

"ခဏနေဦး"

လီကျင်းဆွေ ကမန်းကတန်းပင် အော်ဟစ်ဟန့်တား၏။ ကြောင်ပစန်းလက် တွန့်ခနဲ ဖြစ်သည်။

"ဘာလဲ ... မင်း ဘာမှာစရာရှိသေးလို့လဲ"

"ကျုပ် မသေခင်မှာ သိချင်တာလေးတွေ မေးပါရစေဦး"

"ဘာမေးမလဲ ... မြန်မြန်မေး ... အချိန်မရှိဘူး"

"ယွင်နန်တောင်ခြေက လုပ်ကြံမှုဟာ ခင်ဗျားဖန်တီးတာ လား"

"ဟား ဟား ဟား ... မင်းက ငါ့ကို ထင်နေလို့လား"

"ဟုတ်တယ် ... ခင်ဗျားဟာ ခင်ဗျားအကြံအစည်တွေ ပေါ် ပေါက်မှာစိုးရိမ်လို့ ကြေးစားဓားသမား မျက်နှာဖုံးစွပ်နဲ့လူကို ခြေမြန် လက်မြန် အပြတ်ရှင်းပစ်လိုက်တယ်၊ ရှိသမျှအပြစ်တွေ ကျုပ် ကျူး လွန်သယောင် ဖန်တီးခဲ့တယ်၊ အခုတစ်ခါ ကျုပ်ကို နှုတ်ပိတ်ဦးမယ်၊ သိုင်းလောကသားတွေအထင်မှာ ခင်ဗျားက အပြစ်ကျူးလွန်တဲ့

တရားခံတစ်ယောက်ကို ခြေလွန်လက်လွန် ဆုံးမလိုက်တယ်လို့ ယူဆအောင် ဖန်တီးဦးမလို့ မဟုတ်လား"

"မင်း တော်တော်အတွေးအခေါ်ကောင်းတာပဲ၊ မင်းက ယွင်နန်တောင်ခြေက လုပ်ကြံမှုကို ငါ ဖန်တီးတယ်လို့ ထင်နေသလား"

"ခင်ဗျားမဟုတ်လို့ ဘယ်သူဖြစ်ဦးမလဲ"

"ဟဲ ဟဲ ဟဲ ... မင်းက သေရတော့မယ့်လူဆိုတော့ ဒီအကြောင်းတွေ ဖွင့်ပြောလို့လည်း ဘာမှအကြောင်းမထူးဘူး၊ တကယ်တော့"

'ဟီး .. ချွတ်'

ရုတ်တရက် ဂူရှေ့ဆီမှ မြင်းဟီသံနှင့် ခြေနင်းသံတစ်သံကြောင့် ကြောင်ပစန်းစကား တစ်ပိုင်းတန်းလန်း ရပ်တန့်သည်။

"ဂူအပြင်က ဘယ်သူလဲ"

အော်ဟစ်မေးမြန်းသံနှင့်အတူ ကြောင်ပစန်းအကြည့်က ဂူဝသို့ ရောက်သည်။ ဂူပြင်မှ အသံ ထပ်မကြားရ။ ကြောင်ပစန်း ဒေါသထွက်သွား၏။

"မေးနေတာ မကြားဘူးလား။ မိုးကြောင်နိုးဖုက် လုပ်မနေနဲ့ ... ဂူထဲကို ဝင်လာခဲ့စမ်း"

ဂူပြင်မှ ငြိမ်သက်တိတ်ဆိတ်နေမြဲ။ ဂူတွင်းသို့လည်း မည်သူ



တစ်ဦးတစ်ယောက်မျှ ဝင်ရောက်မလာ။ မြင်းဟီသံနှင့် ခြေသံကိုအသေအချာ ကြားလိုက်ပါလျက် လူရိပ် ထွက်မလာသဖြင့် ကြောင်ပစန်း စိတ်လှုပ်ရှား ဒေါသဖြစ်၏။

"မင်းမလာရင် ငါလာပြီဟေ့"

အော်ဟစ် ကြိုးဝါးသံနှင့်အတူ လူရိပ်ကလည်း ဂူပြင်သို့ လွှားခနဲ ခုန်ထွက်သွားသည်။ အခြေအနေက ထူးခြားပြောင်းလဲလာပြီမို့ လီကျင်းဆွေ ဂူအပြင်ဘက်သို့ လဲလျောင်းနေရာမှ စူးစိုက်ကြည့်သည်။

အမှောင်နှင့် နှင်းသားထုက ဖုံးလွှမ်းနေသဖြင့် ဘာကိုမျှ မမြင်ရ။ ကြောင်ပစန်း ဂူအပြင်ခုန်ထွက်သွားသည်ကိုသာ တွေ့ရပြီး နောက်ထပ်လှုပ်ရှားမှုကို မတွေ့ရ။

ဂူဝအစွန်းနှင့် ကွယ်နေသောကြောင့်ဖြစ်မည်ဟု လီကျင်းဆွေ ထင်သည်။ နားအကြားအာရုံကိုသာ အစွမ်းကုန် စွင့်ထားသည်။ သိပ်မကြာလိုက်။

"အား"

နာနာကျင်ကျင် စူးစူးဝါးဝါး အော်ဟစ်လိုက်သံကြီးကို လီကျင်းဆွေ ကြားလိုက်ရသည်။ အသံကြားရုံနှင့်ပင် ကြောင်ပစန်း တစ်ယောက် အသက်ပျောက်သွားပြီကို သိလိုက်ရသည်။ အော်ဟစ်

သံက ရိုးရိုးတန်းတန်း အန္တရာယ်နှင့် တွေ့ဆုံရသဖြင့် အော်ဟစ်သံမျိုး မဟုတ်။

သေခါနီး အသံနက်ကြီးဖြင့် လည်ချောင်းခြစ်ကာ အော်ဟစ်သံမျိုး ဖြစ်သဖြင့် ကြောင်ပစန်း အသက်သေဆုံးသွားရပြီဖြစ်ကြောင်း လီကျင်းဆွေ သိလိုက်ရခြင်း ဖြစ်၏။

သူ့စိတ်ထဲ အကြီးအကျယ်ပင် လှုပ်ရှားမိသည်။ ဂူအပြင်ဘက်တွင် ဘယ်သူရောက်လာလေသလဲ။ အဘယ်ကြောင့် ကြောင်ပစန်းကို သတ်ဖြတ်သွားရသလဲ။

လီကျင်းဆွေ ရင်ထဲ မေးခွန်းများက တစ်သီတစ်တန်းကြီး ဝင်ရောက်လာ၏။ အပြင်သို့ ထွက်ကြည့်လိုက်ချင်သည်။ စိတ်သွားတိုင်း ကိုယ်မပါ။ သွေးကြောပိတ်ခံထားရသဖြင့် လှုပ်ရှား၍မရ။

ဂူအပြင်ဘက်မှလူသည် အချိန်မရွေး ဝင်ရောက်လာနိုင်သည်။ ကြောင်ပစန်းကိုပင် သတ်ဖြတ်ပြီဆိုလျှင် မိမိသည်လည်း အသက်ရှင်နိုင်စရာလမ်း မမြင်။ ဂူထဲသို့ ဝင်ရောက်လာခဲ့သော် မိမိ ဘာလုပ်ရမလဲ။

ထိုသူ၏လက်ချက်ဖြင့် အသက်သေဆုံးရမည် မလွဲ။ လီကျင်းဆွေ ထိတ်လန့်တုန်လှုပ်လာ၏။ ရင်ခုန်သံတို့ တဒိန်းဒိန်း မြည်ဟည်း၏။ ဂူအဝသို့ သူ့မျက်လုံးအစုံက စူးစိုက်ကြည့်မိသည်။ အပြင်မှ



လူဝင်လာတော့မလား။

တိတ်ဆိတ်မှုက ကြီးစိုးနေသည်။ လီကျင်းဆွေ မျက်တောင်မခတ်တမ်းပင် ဂူပြင်သို့ စူးစိုက်ကြည့်သည်။ ဂူတွင်းသို့ မည်သည့်လူရိပ်မျှ ဝင်ရောက်မလာ။ ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ အတန်ကြာသည့်တိုင် ထူးခြားမှုက မရှိ။

ကြောင်ပစန်းအား သတ်ဖြတ်ထားသော သူသည် မိမိကို ချမ်းသာခွင့်ပေးခဲ့လေပြီလား။ လီကျင်းဆွေ စိတ်ကို လျှော့လိုက်၏။ ဂူပြင်မှ လူဝင်လာလျှင်လည်း နောက်မှ ကြည့်ရှင်း မည်။ လောလောဆယ် ပိတ်ဆို့နေသောသွေးကြောများကို သူ့အတွင်းအားဖြင့် တိတ်တဆိတ် ကျိတ်ကာ ထိုးဖောက်ဖြေဖွင့်သည်။

ရုတ်တရက် မပွင့်။ ကြောင်ပစန်း၏ ခြေခတ်မှုအရှိန်က ပြင်းထန်သဖြင့် သွေးကြောက တစ်တစ်ခဲခဲပင် ပိတ်နေ၏။ အလွယ်နှင့် မပွင့်။ အချိန်က အတော်ကလေး ကြာမြင့်လာသည်။

မီးပုံကြီးမှာ သစ်ကိုင်းခြောက်များ၊ လောင်စာများ ထပ်ဖြည့်

သူ မရှိတော့သဖြင့် အရှိန်ကျလာသည်။ ဂူထဲတွင် အလင်းရောင် အားပျော့လာသည်။

လီကျင်းဆွေ သွေးကြောမပွင့်သေးသော်လည်း မေ့မြောနေသည့် အကျည်းတန်မလေးကမူ သတိရလာသည်။ သားမွေးဝတ်ရုံကြီး လှုပ်လှုပ်ရွရွဖြစ်ကာ ဆတ်ခနဲ ထထိုင်သည်။ အကျည်းတန်မလေးကို လီကျင်းဆွေ ပိုးတဝါးအလင်းရောင်တွင် တွေ့လိုက်ရ၏။

"ဟင် ... ဘာတွေ ဖြစ်ကုန်တာလဲ"

အကျည်းတန်မလေး သတိရလျှင်ရချင်း တအံ့တသြ ရေရွတ်၏။ ဂူထဲကိုလည်း မျက်လုံးကစားကြည့်သည်။ ခွေခွေကလေး လဲကျနေသော လီကျင်းဆွေကို တွေ့ရလျှင် မျက်လုံးကလေး ဝိုင်းစက်သွားမိ၏။

"ဩော် ... ရှင်က အခုထက်ထိ မသေသေးဘဲကိုး၊ ဒါနဲ့ ဟိုကြွက်ငါးကောင်ဆိုတဲ့လူကြီးကိုလည်း မတွေ့ရပါလား"

အကျည်းတန်မလေး မတ်တတ်ထရပ်သည်။ ကြောင်ပစန်းလွှမ်းခြုံပေးခဲ့သော သားမွေးဝတ်ရုံဖြူကြီးကိုလည်း ဝမ်းသာအားရ ဝတ်ရုံသည်။ ဝတ်ရုံကြီးက သူမနှင့်မတော်ဘဲ ဖားဖားကြီး ဖြစ်နေ၏။ သို့သော် ထိုဝတ်ရုံကြီးကိုဝတ်ဆင်လျက် အကျည်းတန်မလေး ကျေနပ်ပီတိ ဖြစ်နေ၏။



"ကြည့်စမ်းပါဦး ... ဒီသားမွေးဝတ်ရုံကြီး ဝတ်လိုက်တော့ ကျွန်မ လှမသွားဘူးလား"

"ဟင်း ... လှပါတယ်ဗျာ လှပါတယ် ... ဒါပေမဲ့ အဲဒီအကျီက ကျုပ်အကျီဗျ"

"အို ... ရှင်က ကြွက်ငါးကောင်လူကြီးကို ပေးခဲ့ပြီမဟုတ်လား၊ ကြွက်ငါးကောင်က ကျွန်မကို ပြန်ပေးလိုက်တော့ ကျွန်မအကျီ ဖြစ်သွားပြီပေါ့၊ ဘာလဲ ... ရှင်က ပြန်တောင်းချင်လို့လား ... မပေးနိုင်ပါဘူး"

"မပေးနိုင်ရင်လည်း ထားပါတော့ဗျာ၊ လောလောဆယ် ကျုပ် ချမ်းနေပြီ၊ မီးပုံထဲကို ထင်းနည်းနည်းလောက် ထပ်ဖြည့်လိုက်ပါလား"

"ဘာလို့ဖြည့်ရမှာလဲ ...ကျွန်မမှ မချမ်းတော့တာ"

"မင်းမချမ်းပေမယ့် ကျုပ်ချမ်းတယ်၊ မီးထပ်မွေးလိုက်စမ်းပါ"

"ရှင်ဟာ ယောကျ်ားတစ်ယောက် မဟုတ်တဲ့အတိုင်းပဲ၊ ကျွန်မတောင် မချမ်းတာ ရှင်က ချမ်းနေသေးသလား"

လီကျင်းဆွေ နှုတ်ဆိတ်နေလိုက်၏။ သားမွေးဝတ်ရုံ ဝတ်ထားပြီး သူ့မချမ်းသဖြင့် ကိုယ်လည်း မချမ်းနိုင်ဟု ကတ်ကတ်သတ်

သတ် ပြောနေသော အကျည်းတန်မလေးကို ရှင်းပြနေလို့လည်း။ အပိုပဲဟု နားလည်ကာ ဝိတ်ဆို့နေသော သွေးကြောကိုသာ ကျိတ်၍ ဖြေဖွင့်နေ၏။

ဂူထဲတွင် မီးဖိုမှမီးကြွင်းမီးကျန်တို့ကြောင့် မလုံမခြုံကလေး လင်းနေသော်လည်း ဂူအပြင်တွင်မူ နှင်းတို့က ထူထပ်စွာကျနေသဖြင့်လည်း အလင်းအမှောင် မသဲကွဲ။

အကျည်းတန်မလေးသည် သားမွေးဝတ်ရုံကြီးကို ဝတ်နေရသည်မှာ အတော်ကလေး ကျေနပ်ပီတိ ဖြစ်နေဟန် တူ၏။ သူ့ကိုယ်လုံးကို ဟိုဘက်သည်ဘက် လှည့်ပတ်ကြည့်လိုက်၊ ဝတ်ရုံကြီးကို ရင်ဘတ်ဆွဲစေ့လိုက် ဟာလိုက်ဖြင့် အလုပ်ရှုပ်နေသည်။

လီကျင်းဆွေသည် အရုပ်ဆိုးသလောက် သဘောထားထူးခြားမှုရှိသည် အကျည်းတန်မလေးကို စိတ်မှမှန်ရဲ့လားဟူသော အကြည့်ဖြင့် ငေးကြည့်နေမိသည်။

"အင်း ... မိုးတောင်လင်းတော့မယ်နဲ့ တူတယ်၊ ကျွန်မအပြင်ထွက်ကြည့်လိုက်ဦးမယ်"

အကျည်းတန်မလေးက ဝတ်ရုံကြီးကို စိတ်တိုင်းကျ ဝတ်ဆင်ပြီး သူ့ဘာသာ တစ်ယောက်တည်းပြောလိုက်သလို၊ လီကျင်းဆွေကို တိုင်တည်သလိုလို ရေရွတ်လိုက်၏။



ထို့နောက် ဂူအပြင်သို့ ကြော့ကြော့ကလေး ထွက်သွား၏။ ဂူအပြင်သို့ပင် မရောက်လိုက်။ ထိတ်လန့်တကြား အမူအရာဖြင့် အထဲသို့ ပြန်ပြေးဝင်လာသည်။

"ဂူအပြင် ... ဂူအပြင်ဘက်မှာ ..."

အကျည်းတန်မလေး ထိတ်ထိတ်ပျာပျာ ဖြစ်နေသည်။ ကြောက်လန့်စရာတစ်ခုခု တွေ့ကြုံခဲ့ရသည့်အလား ရှိ၏။ လီကျင်းဆွေ စိတ်ဝင်တစားဟန်ဖြင့် ...

"ဂူအပြင်မှာ ဘာဖြစ်လို့လဲ"

"လူ ... လူ ... လူတစ်ယောက် ရှိနေတယ်"

"ဘယ်သူလဲ"

"ဟို ... ဟို ... ကြွက်ငါးကောင်ဆိုတဲ့လူကြီး"

"ဟင် ... သူရှိနေတယ် ... ဟုတ်လား၊ မင်း ... မင်း ... သေသေချာချာ ကြည့်ခဲ့လို့လား ... လူများ မှားလို့လား"

"ကျွန်မမျက်စိနဲ့ သေသေချာချာကို မြင်ခဲ့တာ ... ရှင်က ကျွန်မကို အရူးထင်နေလို့လား"

"မဟုတ်ပါဘူး ... မင်း ကယောင်ချောက်ချားနဲ့ တွေ့ခဲ့သလားလို့ပါ၊ ဒီတော့ ဒီလိုလုပ်ပါလား ... မင်း နောက်တစ်ခေါက် လောက် သွားကြည့်ကြည့်ပါလား"

"အို ... ဘာလို့ သွားကြည့်ရမှာလဲ၊ ကြည့်ချင်ရင် ရှင့်ဘာသာရှင် သွားကြည့်ပါလား"

လီကျင်းဆွေ ဘာမှမပြောသာတော့။ ငြိမ်နေလိုက်ရ၏။ အကျည်းတန်မလေးသည် လီကျင်းဆွေအား စူးစိုက်ကြည့်နေပြီးလျှင် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ...

"ရှင့်ကြည့်ရတာ တစ်မျိုးပဲ၊ ဂျင်လည်း ဟို ကြွက်ငါးကောင် ဆိုတဲ့လူကြီးက ကျွန်မလိုဖြစ်အောင် လုပ်သွားခဲ့ပြီ ထင်တယ်"

သိုင်းပညာ မတတ်ကျွမ်းသူကို ရှင်းပြလို့ နားလည်နိုင်မည် မဟုတ်သဖြင့် လီကျင်းဆွေ ဘာမျှ ပြန်မပြော။ အကျည်းတန်မလေးကသာ ကရုဏာသက်သလို ကြည့်ကာ ...

"ရှင် မလှုပ်နိုင်ရင်လည်း ကျွန်မ တစ်ခေါက်သွားပြီး ကြည့်ပေးပါ့မယ်လေ"

ပြောပြောဆိုဆိုပင် ဂူအပြင်သို့ ထွက်၏။ ထို့နောက် ချက်ချင်းပင် ပြန်ပြေးလာ၏။ အမူအရာက စောစောကထက် ပို၍ တုန်လှုပ်ချောက်ချားနေသည်။ နှုတ်မှလည်း ထိတ်လန့်တကြား အော်ဟစ်လာ၏။ လီကျင်းဆွေ စိုးရိမ်ပူပန်သွားမိ၏။

"ဘယ်လိုဖြစ်တာလဲ ... ကြောင်ပစန်း ရှိနေသေးသလား။ မင်းကို ဘာလုပ်လိုက်သလဲ"



"သူ ... သူ ... ရှိနေသေးတယ်၊ ဒါပေမဲ့ အသက်တော့ မရှိတော့ဘူး"

လီကျင်းဆွေ မအံ့သြ။ စောစောက အသံနက်ကြီးဖြင့် အော်ဟစ်သံကို ကြားပြီးကတည်းက ကြောင်ပစန်း အသက်မရှင်နိုင်တော့မှန်း သိသည်။ သို့သော် တမင်ပင် အံ့သြဟန်ပြုလိုက်၏။

"သူသေပြီ ... ဟုတ်လား"

"ဟုတ်တယ် ... လည်ပင်းကို ဓားနဲ့ ခုတ်ဖြတ်ခံရပြီး သေနေပြီ"

လီကျင်းဆွေသည် သည်တစ်ခါတော့ အကြီးအကျယ်ပင် အံ့သြသွားရတော့သည်။ ကျားငါးကောင် ကြောင်ပစန်းသည် နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်။ ယွင်နန်နယ်၏ ထိပ်သီးသိုင်းသမားကြီး တစ်ယောက်ဖြစ်သည်။ သိုင်းလောကတွင် သူ့ကို လွယ်လွယ်နှင့် အနိုင်ယူနိုင်သူ ရှားသည်။

ဤသို့သောလူတစ်ယောက်ကို တစ်ချက်တည်းဖြင့် အသေသတ်သွားနိုင်သူမှာ တော်ရုံတန်ရုံ သိုင်းပညာရှိသူ မဖြစ်နိုင်။ ကြောင်ပစန်းထက် သိုင်းပညာ များစွာသာလွန်နေသူ ဖြစ်ရပေမည်။ ထိုသူ မည်သူနည်း။

အဘယ်ကြောင့် ကြောင်ပစန်းကို သတ်သွားရလေသနည်း။

လီကျင်းဆွေ ဦးနှောက်ကိုအလုပ်ပေးမိသည်။ အဖြေတစ်ခုကို သူ ရှာရှိလိုက်၏။

ကြောင်ပစန်းသည် ယွင်နန်တောင်ခြေ လုပ်ကြံမှုကို စီစဉ်သူ တစ်ယောက် မဟုတ်နိုင်။ ကြီးရာပါ အခိုင်းခံသက်သက်တစ်ယောက် ဖြစ်မည်။ သူ့နောက်တွင် ခိုင်းစေအမိန့်ပေးနေသူ ရှိနေပေလိမ့်မည်။

ထိုသူကပင် ကြောင်ပစန်းကို လာရောက်သုတ်သင်ကာ မိမိ အား သေတွင်းမှကယ်တင်လာခဲ့ခြင်း ဖြစ်မည်။ ထိုသူသည် အဘယ် ကြောင့် မိမိကို အသက်မသေစေလိုသနည်း။

လီကျင်းဆွေ ရှည်ရှည်ဝေးဝေး မစဉ်းစားလိုက်ရ။ အမိက တရားခံသည် မိမိအပေါ် လူအားလုံးက သံသယခိုင်မာအောင်၊ အပြစ်ကျူးလွန်သူအဖြစ် သတ်မှတ်အောင် ဖန်တီးကာ အသက်ရှင် ခွင့်ပေးထားခြင်းဖြစ်မည်။ ပြဿနာခရအိမ်က ရှုပ်ထွေးပွေလီလာပြီ။

"ဒီမှာ လီကျင်းဆွေ"

အကျည်းတန်မလေး၏ စကားသံကြောင့် လီကျင်းဆွေ အတွေးမှ လူးလွန့်နိုးထလာ၏။ အကျည်းတန်မလေးကို မော့ကြည့် သည်။

အကျည်းတန်မလေး ဂူအပြင်ဘက်သို့ကြည့်ကာ ...

"မိုးလည်း လင်းခါနီးပြီ ... ကျွန်မ သွားတော့မယ်"



ဂူအပြင်ဘက်တွင် နှင်းသားထုများအကြားမှ အလင်းရောင် ပိုးတဝါး ထိုးဖောက်ဝင်ရောက်လာသည်။ အကျည်းတန်မလေးက ထွက်သွားတော့မည်ဆိုသဖြင့် သူ့ရင်ထဲ အနည်းငယ်လှုပ်ခတ်၏။

အ ဘယ်ကြောင့် ဤသို့ သူဖြစ်ရလေသည်ဟု သူကိုယ်တိုင် မဝေခွဲတတ်။ ဤအရုပ်ဆိုးမလေးအပေါ် ခင်တွယ်ကရုဏာသက်မိ သည်ကိုကား သူဝန်ခံမိပေသည်။

"ဖြစ်ပါ့မလား ... မင်းသွားနိုင်လို့လား"

"ဖြစ်ပါတယ်၊ ကျွန်မ ဒီအတိုင်းသွားမှာမှ မဟုတ်ဘဲ ... ရှင့်မြင်းညိုကြီးကိုတော့ စီးသွားရလိမ့်မယ်"

"မင်းသဘောပဲ၊ မြင်းကောစီးတတ်ရဲ့လား၊ မစီးတတ်ဘဲနဲ့ တော့ စီးမသွားပါနဲ့"

"ဘာလဲ ... ရှင်က ရှင့်မြင်းညိုကြီးကို နှမြောလို့လား၊ ရှင့်မှာ စီးစရာမြင်းမရှိတော့လို့ ကြံဖန်ပြောနေတာလား"

"ကဲ အမိ ... သိပ်လေကြောရှည်မနေပါနဲ့၊ မင်းလိုချင်ရင် လည်း ကျုပ်မြင်းကို စီးသာစီးသွားပေတော့၊ ကျုပ်ဘာမှ မပြောချင် တော့ဘူး"

"ခစ် ခစ် ခစ် ... ဒီလိုမှပေါ့၊ ရှင်ဟာ တကယ်တော့ စိတ် ကောင်းရှိတဲ့ လူတစ်ယောက်ပဲ ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ"

"ဩော် ... စိတ်ကောင်းရှိတဲ့ လူတွေဟာ သက်ဆိုးမရှည်တတ်ကြဘူး၊ ကဲ ... ကျွန်မသွားမယ်"

အကျည်းတန်မလေး ပြောပြောဆိုဆိုပင် ဂူအပြင်သို့ထွက်သည်။ လီကျင်းဆွေမှာ သွေးကြောမပွင့်နိုင်သေးသဖြင့် အသာ ငေးကြည့်နေရ၏။

မကြာခင်မှာပင် မြင်းခွာသံများ ကြားလိုက်ရသည်။ ဂူထဲတွင်ကား၊ မီးပုံကြီးက မီးငြိမ်းသေနေပြီဖြစ်သဖြင့် အလင်းရောင်ကောင်းစွာမရှိတော့။

မြင်းခွာသံများ ထွက်ပေါ်ပြီး မကြာခင်မှာပင် ဂူအပြင်ဘက်ခပ်လှမ်းလှမ်းဆီမှ စကားသံများကို ကြားလိုက်ရ၏။

"ဟာ ... ကျားငါးကောင် ကြောင်ပစန်းပါလား ... ဘာတွေဖြစ်ကုန်ကြပြီလဲ"

"ဟုတ်လား ... အသက်မှ ရှိရဲ့လား ... ကြည့်စမ်းပါဦးဗျာ"

"သွားပြီ ... လည်ချောင်းသွေးကြောပြတ်ပြီး တစ်ချက်တည်းနဲ့ ကိစ္စပြတ်ပြီ"

ထိုစကားသံများကြောင့် လီကျင်းဆွေ ရင်ထဲထိတ်သွား၏။ ထိုအသံရှင်နှစ်ယောက်သည် ကြောင်ပစန်းနှင့်အတူ သူ့နောက်သို့



ဖြန့်ခွဲကာ လိုက်နေကြသူနှစ်ဦး ဖြစ်၏။

ယခု ကြောင်ပစန်း ဂူအပြင်ဘက်တွင် သေဆုံးနေပြီမို့ ထိုသူများ ဂူထဲသို့ မလွဲမသွေ ဝင်ကြည့်ကြပေတော့မည်။ လီကျင်းဆွေ အသက်ကို ပြင်းပြင်းမရှူရဲ။

သွေးကြောကို ကျိတ်ဖွင့်နေသည်မှာလည်း မပွင့်သေး။ ထိုသူနှစ်ယောက် ဝင်ရောက်လာခဲ့လျှင် ကြောင်ပစန်းသေဆုံးခြင်းကို မိမိအပေါ်တွင် စွပ်စွဲပေဦးမည်။

လီကျင်းဆွေ စိုးရိမ်ကြီးစွာသောမျက်လုံးများဖြင့် ဂူအပြင်ဘက်သို့သာ ငေးကြည့်နေမိ၏။ သို့သော် ဂူထဲသို့ဝင်ရောက်လာသူကား မရှိ။ စကားသံများကိုသာ လီကျင်းဆွေ ဆက်လက်ကြားသိလိုက်ရ၏။

"ဟာ နောင်ကြီး ရှောင်ရှ ...ဟိုမှာ ဟိုမှာ မြင်းနဲ့ထွက်ပြေးသွားတာ လီကျင်းဆွေ မဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ... သူ့မြင်းညိုကြီးကို တွေ့နေရမှတော့ သူကလွဲလို့ ဘယ်သူရှိဦးမလဲ၊ ကြည့်စမ်း ကြည့်စမ်း ... ခွေးမသားက နောင်ကြီးကြောင်ပစန်းကို သတ်ပြီး သူ့သားမွေးဝတ်ရုံဖြူကြီးကို ပြန်လုယူသွားတာကိုး"

"လာဗျာ ... ကျုပ်တို့ မြန်မြန်လိုက်ကြရအောင်"

စကားသံများ တိတ်ဆိတ်ပြီး ပြေးလွှားထွက်ခွာသံကို ကြားရ၏။ လီကျင်းဆွေ သည်တော့မှ သက်မကြီးကျ၏။

သူ့ဝတ်ရုံကြီးကို ဝတ်၊ သူ့မြင်းညိုကြီးကို စီးနင်းသွားသော အရုပ်ဆိုးမလေးကို သူအဖြစ်ထင်ကာ ထိုသူနှစ်ယောက် လိုက်သွားကြခြင်းဖြစ်ကြောင်း လီကျင်းဆွေ နားလည်လိုက်၏။

သူ ကရုဏာသက်ကာ ကယ်တင်ခဲ့သော အကျည်းတန်မလေးက သူ့ကိုတစ်ဖန် ပြန်လည်၍ ကယ်တင်သွားခဲ့ချေပြီတကား။

လီကျင်းဆွေသည် အဘယ်ကြောင့် သေပြေးရှင်မြေး ပြေးလွှားနေရလေသနည်း။ ကြောင်ပစန်းတို့သုံးယောက်သည် အဘယ်ကြောင့် လီကျင်းဆွေနောက်သို့ သဲကြီးမဲကြီး လိုက်လံနေရသနည်း။

ထိုအကြောင်းများကို ဇာတ်ကြောင်းလှန်ရသော် ...



## အခန်း (၂)

ယွင်နန်တောင်ကြီးက ဆီးနှင်း တဖွဲဖွဲကျသည့် အောက်တွင် ငွားငွားစွင့်စွင့်ကြီး ရှိ၏။ မနက်ဝေလီဝေလင်း အချိန်မို့ နှင်းမှုန်များက ပို၍ပင် ထူထပ်သိပ်သည်းစွာ ကျဆင်းနေသည်။

လေပြည်က တစ်ချက်တစ်ချက် ဝှေ့လိုက်လျှင် ဖွေးခနဲလွင့်သွားသော နှင်းမှုန်များက မိုးစက်မိုးပေါက်ကလေးများလို ဖြစ်နေ၏။ လေပြည်ကလည်း ရေခဲများပမာ စူးရှအေးခဲလှသည်။

ကျွန်းပင်ကြီးများ၊ ထင်းရှူးပင်ကြီးများ၏ အရွက်များပေါ်တွင် နှင်းမှုန်တို့ အထပ်ထပ်ကျကာ မှိုပွင့်ကြီးများပမာ ရှိ၏။ တောပန်းတောင်ပန်းတို့သာလျှင် နှင်းရည်သောက်ကာ တောက်တောက်ဝင့်ဝင့်ရှိနေသည်။

တောတိရစ္ဆာန်များ၊ ကျေးငှက်သာရကာတို့ပင်လျှင် အချမ်းဒဏ်ကြောင့် အမိုးအကာလုံခြုံမှုအောက်မှ ထွက်မလာကြ။ တဖျောက်ဖျောက် ကျဆင်းနေသော ဆီးနှင်းခဲတို့ကို အလေးမထား။

တောင်ခြေတစ်နေရာ ဝက်သစ်ချပင်ကြီးတစ်ပင်အောက်တွင် မြေတွင်းကြီးတစ်တွင်းကို တူးနေ၏။ လူငယ်၏အသွင်က ခန့်ထည်သည်၊ သပ်ရပ်သည်။

အအေးဒဏ်ကိုခံနိုင်ရန် ဝံသားရေ လောင်းကုတ်ကြီးတစ်ထည် ဝတ်ဆင်ထား၏။ ဦးခေါင်းထက်တွင်ကား သားမင်းရေဖြင့် ပြုလုပ်ထားသော ခေါင်းစွပ်ဦးထုပ်ကြီးတစ်လုံးကို အုပ်ဆောင်းထားသည်။

ရုပ်ရည်က သန့်ပြန့်သည်၊ တည်ကြည်ခံ့ညားမှုအပြည့်ရှိသည်။ ဖားဖားလျားလျား ဝတ်ရုံကြီးကို ဝတ်ဆင်ထားသော်လည်း အရပ်အမောင်းနှင့် ခန္ဓာကိုယ်ထွားကျိုင်းမှုက ထင်ရှား၏။

မျက်လုံးအစုံက ညို့အားကောင်းသည်။ သို့သော် သူ့မျက်လုံးအရောင်တို့က တောက်ပြောင်မှုမရှိ။ မှိုင်းမှိုင်းညိုနေသည်။ စိတ်ညစ်နွမ်း မချမ်းမြေ့ဖြစ်နေကြောင်း သိသာ၏။

လူငယ်နှင့် ခပ်လှမ်းလှမ်း ဝက်သစ်ချပင်ကြီးတွင်ကား နှင်းသားလိုဆွတ်ဆွတ်ဖြူသော မြင်းကြီးတစ်ကောင်ကို ချည်နှောင်ထားသည်။

မြင်းဖြူကြီးသည် အချမ်းဒဏ်ကြောင့် တဖူးဖူးနှာမှုတ်ကာ ခိုက်ခိုက်တုန်နေသည်။ သို့သော် သခင့်အပေါ်တွင် သစ္စာစောင့်သိသော၊ သံယောဇဉ်ကြီးမားသော မြင်းကြီးဖြစ်သဖြင့် သခင်လုပ်သမျှကိုသာ စိုက်ကြည့်နေသည်။

သခင်ဖြစ်သော လူငယ်သည် မြေကျင်းကြီးကိုသာ ပေါက်ပြားဖြင့် သဲကြီးမဲကြီး တူးဖော်နေ၏။ လူငယ်၏ကျောပြင်တွင် ဓားရှည်ကြီးတစ်လက်ကို လွယ်ပိုးထားသည်။

နှင်းရည်စိုနေသဖြင့် ဓားလက်ကိုင်ရိုးမှာ ရွှေရောင် တဝင်းဝင်းပြောင်နေ၏။ လူငယ်တူးနေသောကျင်းမှာ ခုနစ်ပေခန့် ရှည်လျားပြီး သုံးပေခန့် ကျယ်သည်။ မြေတွင်းက လူသေအလောင်းများ မြှုပ်နှံသည့်ကျင်းမျိုး ဖြစ်၏။

လူငယ်သည် စိတ်တိုင်းကျလောက် သောတွင်းအနက်ကို တူးဖော်မိလျှင် လုပ်ငန်းကို လက်စသတ်၏။ ထိုအချိန်တွင် နှင်းတို့အကျရပ်ဆိုင်းကာ နေရောင်ခြည်တို့ ထွန်းလင်း တောက်ပလာ၏။

လူငယ်သည် တွင်းပေါ်သို့ တက်လာပြီးလျှင် ပေါက်ပြားကြီးကို မြေတွင်ထိုးစိုက်ချသည်။ အနားယူခြင်းမပြုဘဲ မြင်းဖြူကြီးဆီသို့ လျှောက်ကာ မြင်းကျောပြင်ထက်မှ ကုန်းနှီးများ၊ ကကြိုးတန်ဆာပလာများကို ဖြုတ်သည်။ မြေကျင်းနှင့် မနီးမဝေးတွင် အသေအချာပုံသည်။

သူ့လှုပ်ရှားမှုကို ကြည့်ခြင်းဖြင့် အလုပ်တစ်ခုကို ပိပိရိရိ

ဇေ့ဇေ့စပ်စပ် လုပ်ကိုင်တတ်သူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။ လူငယ်သည် မြင်းဖြူကြီးထံသို့ လျှောက်သွားပြီး နဖူးဦးကင်းကို ကြင်နာယုယစွာ ပွတ်သပ်ပေးသည်။

"ဖြူဆွတ်ရေ ... မင်းနဲ့ခွဲရတော့မယ်ကွာ၊ အခုအချိန်ကစပြီး မင်းသွားလိုရာ သွားပေတော့၊ မင်းအတွက် သခင်ကောင်း တစ်ယောက် တွေ့နိုင်ပါစေလို့ ငါဆုတောင်းလိုက်ပါတယ်"

လူငယ်က ဆို့နစ်ကြေကွဲသည့်လေသံဖြင့်ရေရွတ်သည်။ မြင်းဖြူကြီးမှာ သခင်စကားကို နားလည်ဟန် ဆွေးမြည့်စွာ တစ်ချက်ဟီသည်။ လူငယ်က တင်ပါးကို လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်လျှင် ဟီသံရှည်ကြီးပြုလျက် ပတတ်ရပ်၏။

ထို့နောက် နှင်းဖုံးနေသော တောင်ကြားလမ်းကလေးတစ်ခုအတွင်းသို့ ပြေးလွှားသွားတော့သည်။ လူငယ်သည် မြင်းဖြူကြီးကို မြင်ကွင်းမှပျောက်ကွယ်သည်ထိ ငေးရီစွာကြည့်နေသည်။

မြင်းဖြူကြီး၏အရိပ်ကို မမြင်ရတော့မှ တွင်းအနီးသို့ လျှောက်ကာ မြင်းကုန်းနှီးထက်တွင် ထိုင်ချသည်။

လွမ်းမျက်ရည်တို့ သီသီဝေ့နေသော မျက်လုံးအစုံကို ကောင်းကင်အထက်သို့ မော့ထားလိုက်၏။ နှင်းများ ပြယ်လွင့်သွားပြီဖြစ်သဖြင့် ကောင်းကင်ပြင်တွင် ပြာလွင်နေ၏။



ထိုအချိန်တွင် လူခြောက်ယောက်တို့ သူနှင့် မလှမ်းမကမ်းသို့ ရောက်လာသည်ကို တွေ့လိုက်ရ၏။ ထိုသူများ၏ပုံစံက စားသောက်ဆိုင်တို့တွင် စားပွဲထိုးအလုပ်သမားများ ဝတ်ဆင်ထားသည့် ဝတ်စုံမျိုးဖြစ်၏။

လက်ထဲတွင် ချိုင့်များ၊ တောင်းများ၊ စားပွဲခုံပုကလေးတစ်လုံးနှင့် မွေးပွကော်ဇောလိပ်တစ်လိပ်ကို ကိုင်ဆောင်ထားကြသည်။

သူတို့သည် လူငယ်ကို ဘာမှမပြော။ သယ်ဆောင်လာသည့်ပစ္စည်းများကို ကျွန်းပင်ကြီးတစ်ပင်အောက်တွင် ချသည်။

ပထမဦးစွာ မွေးပွကော်ဇောကြီးကို ခင်းသည်။ ထို့နောက် ပန်းကန်ခွက်ယောက်များထဲသို့ ချိုင့်ထဲမှ ဟင်းလျာများကို သေသေသပ်သပ် ထည့်သည်။

အရက်ကရားကိုလည်း အကျအနပင် ပြင်ဆင်သည်။ ဟင်းလျာခွက်များ၊ အရက်ကရားများက စားပွဲခုံကလေးတစ်ခုလုံးတွင် ပြည့်သွား၏။

စားသောက်ဖွယ်ရာတို့ကို အကျအနပြင်ဆင်ပြီးလျှင် ထိုလူခြောက်ယောက်တို့ တိတ်ဆိတ်စွာပင် ပြန်လည်ထွက်ခွာသွား၏။

လူငယ်သည် မြင်းကုန်းနှီးထက်တွင် ထိုင်မြဲထိုင်နေ၏။ တိတ်ဆိတ်လွန်းသော ယွင်နန်တောင်ခြေတွင် သူတစ်ယောက်တည်းသာ

ရှိနေပြီး မည်သူ့အတွက် တည်ခင်းပေးထားသည်မသိသော စ
သောက်ပွဲကြီးတစ်ခုကို စောင့်ဆိုင်းနေရသလိုရှိ၏။

ဤစားသောက်ပွဲများက အဘယ်ကြောင့်တည်ခင်းထား
လေသနည်း။ အဘယ်သူများက မှာကြား၍ ဤတောင်ခြေ စောကြ
မျက်မည်းအတွင်းတွင် လာရောက်ပြင်ဆင်ပေးရလေသနည်း။

ထူးဆန်းတာ ပဟေဠိဆန်နေ၏။ သို့သော် လူငယ်သည်
ထူးဆန်းမှုကို ဂရုမစိုက်။ စားသောက်ပွဲကြီးကို ယောင်၍မျှပင် လှည့်
မကြည့်။ သူ့အတွေးနှင့် သူသာ ငိုင်တွေစဉ်းစားနေသည်။

လွမ်းဆွတ်ကြေကွဲမှုကို အထိန်းအချုပ်မဲ့စွာ ဖြေလွှတ်ပေ
ထားဟန် တူသည်။ သူ့မျက်လုံးအိမ်များက မှိုင်းညို့ကာအ စွတ်စို
ယောင် ထင်ဟပ်လာ၏။

'ခွပ် ခွပ် ခွပ်'

အချိန်အနည်းငယ်အကြာတွင် တောင်ကြောတစ်လျှောက်
မြင်းခွာသံများ ကြားလိုက်ရ၏။

တောင်ကြားလမ်းကလေးအတွင်းမှ မြင်းညိုကြီးတစ်ကော
ခွာစုံချကာ စိုင်းနှင်လာ၏။

မြင်းညိုကြီး၏ ကျောပြင်ထက်တွင် မြေကျင်းတူးသူလူငယ
နှင့် အသက်ရွယ်တူလောက်ရှိသည့် လူငယ်တစ်ယောက် စီးနင်းလိုက



ပါလာသည်။

ကိုယ်ပေါ်တွင် ဆွတ်ဆွတ်ဖြူသော သားမွေးဝတ်ရုံကြီးကို
လွှမ်းခြုံလာပြီး ခါးစည်းကြိုးအကြားတွင် တစ်တောင်ခန့်ရှိသော
ဓားတိုနှစ်ချောင်းကို တစ်ဖက်တစ်ချက် ထိုးချိတ်ထားသည်။

မြင်းညိုကြီးကို စိုင်းနှင်လာပုံက ကြွားကြွားရွားရွား ဝင့်ဝင့်
ထည်ထည်ရှိလှသည်။

တစ်ချိန်တည်းမှာပင် မြင်းညိုရှင်နှင့် မျက်နှာချင်းဆိုင်
တောင်ကြားလမ်းကလေးမှ မြင်းနှစ်ကောင်ကထားသော မြင်းရထား
တစ်စီးကလည်း စိုင်းနှင်လာသည်။

မြင်းရထားမှာ ရထားလုံးတစ်ခု မဟုတ်။ အမိုးအကာ မရှိဘဲ
စစ်ပွဲများတွင်အသုံးပြုသည့် မြင်းရထားမျိုးဖြစ်၏။

သန်မာထွားကျိုင်းသော မြင်းနှစ်ကောင်က ဆွဲလာသလို
မြင်းရထားကလည်း ပေါ့ပါးခိုင်ခံ့လှသဖြင့် တောင်ကြားလမ်းလေးမှ
မြားတစ်စင်း ပစ်လွှတ်လိုက်သလို အရှိန်ပြင်းစွာ မြေးဝင်လာသည်။

မြင်းရထားမောင်းလာသူမှာ ပိန်ပိန်သွယ်သွယ် လူငယ်
တစ်ယောက်ဖြစ်သည်။ မျက်နှာအသားအရေက ရောဂါသည်တစ်
ယောက်ပမာ ဝါကျင်ကျင်ရှိ၏။

သို့သော် မြင်းရထားရှင်၏အပြုံးကမူ လက်လွင်သည်။

ချိုကြည်သည်။ သိမ်မွေ့ရည်မွန်သူတစ်ယောက်ဖြစ်ကြောင်း သိသာ
နိုင်၏။

ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသည်မှာ ပြောင်လက်တောက်
ပပြီး အဖိုးသားနားကြီးမားသော ဝတ်စုံများဖြစ်၏။ ကြေးရတက်
လူကုံထံအသိုက်အဝန်းမှ လူတစ်ယောက်ဖြစ်ကြောင်း သိသာနိုင်
သည်။

မြင်းကုန်းနှီးပေါ်မှ လူငယ်သည် ထိုသူနှစ်ယောက် ရောက်
ရှိလာသည်ကို လှည့်၍မျှပင်မကြည့်။ ကိုယ့်အတွေးနှင့်ကိုယ် တည်
ငြိမ်စွာပင် ထိုင်နေ၏။

နောက်ရောက်လာသည့် လူငယ်နှစ်ယောက်ကလည်း သူ
ကိုဂရုမပြု။ တစ်ယောက်နှင့်တစ်ယောက်မှ အတော်ကလေး သိကျွမ်
ရင်းနှီးထားကြဟန်တူသည်။ မြင်းများ အရှိန်မသတ်ခင်မှာပင် လက
ဇွေ့ယမ်းကာ နှုတ်ဆက်လာကြသည်။

ကျွန်းပင်ကြီးအနီးသို့ရောက်လျှင် နှစ်ယောက်သား မြင်းမျ
ကို ဇက်သတ်ကာ တွဲရပ်သည်။ မြင်းများပေါ်မှ အသီးသီးဆင်း
ဖက်လဲတကင်း နှုတ်ဆက်ကြသည်။

ထို့နောက် မြင်းရထားရှင်လူငယ်က ဦးဆောင်၍ ကျွန်းပ
ကြီးအောက်တွင် ခင်းကျင်းထား သည့် စားသောက်ဖွယ်ရာများရှိ



စားပွဲဆီသို့ လျှောက်လှမ်းလာခဲ့သည်။

❋

မွေးပွကော်ဇောကြီးပေါ်တွင် လူငယ်နှစ်ယောက် ပေါ့ပါးစွာ
ပင် ထိုင်ချလိုက်ကြသည်။

သူတို့နှစ်ယောက်သည် ဤယွင်နန်တောင်ခြေတွင် ပျော်ပွဲ
စားထွက်လာကြခြင်း ဖြစ်ဟန်တူ၏။ စားပွဲသောက်ပွဲများကို မြင်း
ရထားရှင်လူငယ်က ကြိုတင်ပြင်ဆင်စီစဉ်ခိုင်းထားခြင်းလည်း ဖြစ်
ပုံရသည်။

သူတို့နှစ်ယောက်က စားပွဲသောက်ပွဲတွင် ထိုင်နေကြ
သော်လည်း ကျင်းတူးခဲ့သည့်လူငယ်ကား မြင်းကုန်းနှီးထက်တွင်ပင်
ငေးငူစွာထိုင်နေဆဲ။

စားပွဲခုံပေါ်တွင် တည်ရှိနေသည့်ဟင်းလျာများက စုံလင်လှ
သည်။ ငါးပေါင်းချိုချဉ်၊ ကြက်ကြော်၊ အမဲသားပေါင်း၊ ဝက်ခေါက်ကင်၊
ဝက်အသည်းကင်နှင့် ယုန်သားဟင်းချိုတို့ အစီအရီရှိ၏။

ကရားအိုးကြီးဖြင့် အပြည့်ထည့်ထားသော အရက်နှစ်ကရား

ကလည်း စားပွဲခုံ၏အောက်ဘေးနားတွင် ချထား၏။ မြင်းရထားရှင်လူငယ်သည် စားပွဲခုံတွင်ထိုင်မိသည်နှင့် အရက်ကရားကို လှမ်းယူသည်။

မြင်းညိုရှင်လူငယ်ကိုလည်း တစ်ခွက်ငှဲ့ထည့်ပေးသည်။ မြင်းညိုရှင်လူငယ် သောက်သုံးခြင်း မပြုခင်မှာပင် မြင်းရထားရှင် လူငယ်က ဖွပ်ခနဲမော့ချလိုက်သည်။

"အားပါး ... တကယ်ကောင်းတဲ့ အရက်ပါလား"

အရက်တစ်ကျိုက် သောက်ပြီးသည်နှင့် လူငယ်သည် အမဲသားနှပ်တစ်ဖက်ကို တူဖြင့်ညှပ်ကာဝါးသည်။ အရက်နံ့က သင်းမြကာ အရသာရှိသလို အမဲသားပေါင်းကလည်း နူးအိကာချိုစိမ့်နေ၏။

မြင်းရထားရှင်လူငယ်သည် အရက်ကို အလွန်ပင် ကြိုက်နှစ်သက်ဟန်တူသည်။ တစ်ခွက်ပြီးတစ်ခွက် ဆက်တိုက်ကောက်မော့သည်။ အရက်ရှိန်ကြောင့် သူ့မျက်နှာက နီရောင်သန်းလာသည်။

သူ သုံးခွက်တိတိသောက်ပြီးမှ တစ်ဖက်လူငယ် အရက်သောက်ခြင်းမပြုသလို ဟင်းလျာကိုလည်း လက်ဖြင့်တို့ထိခြင်း မပြုသည်ကို တွေ့ရ၏။ နှင်းဖုံးနေသော ယွင်နန်တောင်တန်းကြီးကို အဓိပ္ပာယ်မဲ့စွာ ငေးရီစွာကြည့်နေသည်ကို သတိပြုမိ၏။

"သူငယ်ချင်း ... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဒီလောက်



သာယာလှပတဲ့ ပတ်ဝန်းကျင်ကြီး တစ်ခုလုံးကို ကြည့်ပြီး ဘာကြောင့်ငိုင်တွေနေရတာလဲ၊ လုပ်စမ်းပါကွာ ... တစ်ခွက်တစ်ဖလားလောက်သောက်လိုက်စမ်းပါ"

မြင်းရထားရှင် လူငယ်က တိုက်တွန်းမှ မြင်းညိုရှင် လူငယ်အသိဝင်လာကာ ပြုံးပြ၏။ သူ့အပြုံးက နွမ်းနွမ်းမှိုင်းမှိုင်း။

"မင်းဘာသာမင်း ဝအောင် သောက်စမ်းပါကွာ"

"ဟာ ... အရက်နှစ်အိုးတောင် မှာထားတာကွ ... ငါ တစ်ယောက်တည်းသောက်လို့ ဘယ်ကုန်နိုင်ပါ့မလဲ၊ လုပ်စမ်းပါ ... သောက်စမ်းပါကွ၊ အရက်က ဒီနယ်က နာမည်ကြီး အကောင်းစားအရက် ... သင်းပြီး အရသာရှိနေတာပဲ၊ ဟင်းလျာတွေကလည်း ကောင်းလိုက်တာ ... ဆွေမျိုးတောင် မေ့သွားနိုင်တယ်"

"ငါ အရက်သောက်ချင်စိတ် မရှိဘူးကွာ၊ မင်းပဲသောက်ပါ"

"ဒီလောက်လှပတဲ့ ပန်းခင်းကလေးတွေ၊ ပန်းရနံ့သင်းသင်းကလေးတွေကြားထဲမှာ အရက်ကလေးသောက်လိုက်မှ ဆက်ရက်င်းစည်းစိမ် ခံလို့ရမှာပေါ့။ မင်း တော်တော်ညံ့တာပဲ"

"ညံ့တယ်ပဲ ထားလိုက်ပါတော့ကွာ၊ အရက်သောက်ချင်စိတ်ရှိတဲ့အချိန်မှာ ဘာကိုမှ ခံစားတတ်မှာ မဟုတ်ပါဘူး၊ မင်းစေတနာကို ငါနားလည်ပါတယ်"

"သေပါတော့ကွာ ... မင်းမှမသောက်ရင် ငါ့မှာ အရက်သောက်ဖို့ အဖော်မရှိတော့ဘူးပေါ့"

မြင်းညိုရှင် လူငယ် စကားမဆို။ ယွင်နန်တောင်ကြီးကိုသာ လွမ်းမောဖွယ် ငေးကြည့်နေ၏။ မြင်းရထားရှင်မှာ တစ်ယောက်တည်း အရက်သောက်ရသည်ကို ပျင်းရိလာဟန်တူသည်။ အရက်သုံးခွက် ဝင်ထားပြီမို့လည်း စိတ်ထဲတွင် ဝေရီရီဖြစ်လာ၏။

နောက်ထပ် အရက်ဆက်မသောက်နိုင်သေးဘဲ မြင်းကုန်းနှီးပေါ်တွင် ထိုင်နေသည့်လူငယ်ကို မျှတ်ခနဲ ကြည့်သည်။ ထို့နောက် အနီးသို့ မသိမသာ လျှောက်သွားသည်။ ထိုလူငယ်တူးထားသော မြေကျင်းကို လှည့်ပတ်ကာ အသေအချာကြည့်သည်။

"တွင်းတူးထားတာ တော်တော်သေသပ်ပါလား"

မြင်းရထားရှင် စကားမရှိ စကားရှာသည်။ မြင်းကုန်းနှီးပေါ်တွင် ထိုင်နေသည့် လူငယ် မသိကျိုးကျွန်ပြုနေ၏။

"နောင်ကြီး ... ဒီတွင်းက ခင်ဗျား တူးထားတာလား"

"ဟုတ်တယ်"

မိမိကို တိုက်ရိုက်မေးလာပြီမို့ မြင်းကုန်းနှီးပေါ်မှ လူငယ် နှုတ်ဆိတ်နေ၍ မဖြစ်တော့။ လှည့်မကြည့်ဘဲ တုံးတိတိလေသံဖြင့် ဖြေသည်။



တစ်ဖက်သားထံမှ စကားပြန်ကြားသံကြားရသဖြင့် မြင်းရထားရှင် အနည်းငယ် အားတက်လာသည်။

"ခင်ဗျား တော်တော် တွင်းတူးကောင်းတဲ့လူပဲ၊ ခင်ဗျားကို ကျုပ် ဂုဏ်တောင်ပြုချင်လာပြီ"

မြင်းကုန်းနှီးပေါ်မှ လူငယ် ဆတ်ခနဲ လှည့်ကြည့်၏။

"ဘာလဲ ... ခင်ဗျားက အရက်သောက်မယ့်အဖော် မရှိလို့ ကျုပ်ကို လာအဖော်ညှိနေတာလား"

"ဟဲဟဲ ... ခင်ဗျားတော်တယ်၊ လူတစ်ယောက်ရဲ့ စိတ်သဘောထားကို ထွင်းဖောက်မြင်နိုင်တယ်"

"နောင်ကြီးရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျုပ် ဒီနေ့ အရက်မသောက်ချင်လို့ ဝမ်းနည်းပါတယ်"

"ခင်ဗျားက အရက်မသောက်တတ်လို့လား"

"တစ်ခါတလေတော့ သောက်တတ်ပါတယ် ... အမြဲတမ်းတော့ အရက်သောက်လေ့သောက်ထ မရှိပါဘူး"

"တစ်ခါတလေဆိုတာ ဘယ်လိုတစ်ခါတလေမျိုးလဲ"

"စိတ်ပျော်ရွှင်ကြည်နူးရတဲ့ အချိန်ခါမျိုးပေါ့"

"အခုကော ဘာလို့ မသောက်ချင်တာလဲ"

"စိတ်မပျော်လို့ ဆိုပါတော့"

"ဟင် ... ခင်ဗျားဟာက အဆန်းပဲ၊ လူတော်တော်များများက စိတ်ညစ်လို့ အရက်ကို သောက်တတ်ကြတာ ... ခင်ဗျားကျတော့ စိတ်ညစ်ရင် အရက်မသောက်တတ်ဘူးလို့"

မြင်းကုန်းနှီးပေါ်မှလူငယ် ဘာမှပြန်မပြော။ တစ်ဖက်လှည့်ကာ မိုးကောင်းကင်အထက်သို့သာ ငေးမောကြည့်နေလိုက်၏။ သူ့မျက်နှာအမူအရာကလည်း တည်ကြည်လေးနက်လာ၏။

"ရွှေဓားရှင် ကျန်းထင်ဟုန်ဟာ သူ့ဓားသွားလို ထက်မြက်ပြီး ပြတ်သားသတဲ့၊ အင်း ... ခင်ဗျားက ရွှေဓားရှင် ကျန်းထင်ဟုန်ကိုး"

လူငယ်သည် မြင်းကုန်းနှီးပေါ်တွင် ထိုင်မြဲထိုင်နေ၏။ ဘာစကားတစ်ခွန်းမှ တုံ့ပြန်ခြင်း မရှိ။ မြင်းရထားရှင်လူငယ်က ဆက်လက်၍ ...

"ကျုပ်ကတော့ နှင်းဖြူရဲတိုက်က ရဲယင်စန်းပါ"

သူ့ကိုယ်သူ မိတ်ဆက်စကားဆိုသည်။ ကျန်းထင်ဟုန်ဆိုသောလူငယ်က ငြိမ်သက်မြဲ ငြိမ်သက်နေ၏။ နှင်းဖြူရဲတိုက် သခင်ကလေး ရဲယင်စန်းကို သူကောင်းကောင်းသိသည်။

သိုင်းလောကတွင် ထင်ရှားကျော်ကြားသူတစ်ယောက် ဖြစ်သဖြင့် ရဲယင်စန်း၏အမည်ကို ကြားသူဆို၍ အတော်ပင် ရှားပေသည်။



ရဲယင်စန်းနှင့် ခေတ်ပြိုင်သိုင်းသမားလူငယ်သုံးယောက် ရှိပေသေးသည်။ ရဲယင်စန်းအပါအဝင် ထိုလူငယ်သိုင်းသမားလေး ယောက်ကို သိုင်းလောကတွင် 'သစ္စာကိုယ်တော်လေးပါး' ဟု ခေါ်ဆိုကြသည်။

သစ္စာကိုယ်တော်ဘွဲ့ကို အလွယ်နှင့်ရသူမဟုတ်။ အရည်အချင်းများပြည့်ဝမှသာလျှင် သိုင်းလောကသားများက အသိအမှတ်ပြုတင်မြှောက်ကြခြင်းဖြစ်၏။

ပထမအချက်အနေနှင့် အသက်ငယ်ရွယ်သော လူပျိုလူလွတ်ဖြစ်ရမည်။ သိုင်းလောကတွင် ထင်ရှားကျော်ကြားသော သိုင်းမျိုးဆက်မိသားစုမှ ပေါက်ဖွားသော ယောကျ်ားပျိုကလေးတစ်ယောက် ဖြစ်ရမည်။

ဖြောင့်မတ်တည်ကြည်ပြီး သိုင်းလောကအဖြူရောင်ဝိုဏ်းသား ဖြစ်ရမည်။ အများအကျိုးဆောင်ရွက်ကာ အတွေ့ကင်းသူဖြစ်ရမည်။

ငွေကြေးဥစ္စာ ကုံလုံကြွယ်ဝသူဖြစ်သလို သိုင်းပညာအဆင့်မြင့် ထက်မြက်သူ ဖြစ်ရမည်ဖြစ်ပေသည်။ ရဲယင်စန်းသည် နှင်းဖြူရဲတိုက်ရှင်၏သားတစ်ယောက်ဖြစ်သလို သိုင်းပညာထူးချွန်ထက်မြက်သည်။

သူ၏သံမဏိစွန်ကုတ်လက်သည်းသိုင်းကွက်မှာ ထိပ်တန်းစာရင်းဝင်အဆင့်ရောက်သည်။ သစ္စာကိုယ်တော်လေးပါးတွင် နံပါတ်တစ်အဆင့်ရှိသူ ဖြစ်၏။

ရွှေဓားရှင် ကျန်းထင်ဟုန်သည်လည်း လွန်ခဲ့သောနှစ်ပေါင်းငါးဆယ်ကျော်က သိုင်းလောကတွင် ဖိမ့်ဖိမ့်တုန် ထင်ရှားကျော်ကြားလှသော လေပွေမိုးကြိုးဓားသမားကြီး ကျန်းရှောက်ဟုန်၏မြေးတစ်ယောက်ဖြစ်သည်။

သစ္စာကိုယ်တော်လေးပါးတွင် စာရင်းဝင်နံပါတ် နှစ်အဆင့်ရှိသူဖြစ်၏။ ထို့ကြောင့် ရဲယင်စန်းကိုသိရှိသလို ရဲယင်စန်း၏ မိတ်ဆွေသူငယ်ချင်းကိုလည်း သိသည်။

သို့သော် ကျန်းထင်ဟုန်သည် မသိဟန်ဆောင်နေခဲ့၏။ ကိုယ့်အတွေးနှင့်ကိုယ် စိတ်လွတ်လက်လွတ် စဉ်းစားခန်းဝင်နေသလို ပြု၏။

ရဲယင်စန်းသည် ကျန်းထင်ဟုန်က ဂရုမစိုက်သလို အေးစက်စက်မျက်နှာလွှဲနေသဖြင့် စိတ်ပျက်သွား၏။ သက်ပြင်းရှည်ကြီးတစ်ချက်ကို လေးလေးပင်ပင် ချ၏။

"အင်း ... ခင်ဗျားကလည်း အရက်မသောက်ဘူးဆိုတော့ ဒီနေ့ဟာ ကျုပ် တစ်ယောက်တည်း ပျင်းခြောက်ခြောက်ကြီး သောက်ရတော့မယ့်ပုံပဲ"



ရဲယင်စန်း ညည်းညည်းညူညူကလေး ရေရွတ်၏။ ထိုစဉ်မှာပင် အသံအောဝါဝါကြီးတစ်သံက ရုတ်တရက် ပေါ်ထွက်လာ၏။

"ပျင်းစရာ မလိုပါဘူးဗျာ ... ဘယ်သူမှ မသောက်ပေမယ့် ကျုပ်က ခင်ဗျားနဲ့ အဖော်ပြုပြီး အရက်သောက်ပေးမှာပါ"

ရဲယင်စန်းမှာ အရက်သောက်ဖော်လိုနေသူ တစ်ယောက်ဖြစ်သဖြင့် ထိုစကားသံကို ကြားရလျှင် ဝမ်းသာပီတိဖြစ်၏။ အသံထွက်ပေါ်လာရာဆီသို့ ကမန်းကတန်း လှမ်းကြည့်လိုက်သည်။ တောင်ကြားလမ်းအတွင်းသို့ လူတစ်ယောက် လျှောက်လှမ်းလာသည်ကို တွေ့ရ၏။

နှင်းအကျ ရပ်ဆိုင်းသွားပြီဖြစ်သော်လည်း အအေးဓာတ်ကမူ ပြင်းထန်ကြီးစိုးနေဆဲ။ တောင်ကြားကလေးတွင် ရှိနေသည့် ရဲယင်စန်း၊ ကျန်းထင်ဟုန်နှင့် လီကျင်းဆွေတို့ သုံးယောက်စလုံးအပေါ်ရှိအင်္ကျီကြီးများ ဝတ်ဆင်ထားသော်လည်း

နောက်ထပ် ဝင်ရောက်လာသူလူငယ်၏ ကိုယ်ပေါ်တွင်ကား ပိုးသားအင်္ကျီပါးပါးတစ်ထည်ကိုသာ ဝတ်ဆင်ထားသည်။

ဝတ်ရုံမှာ အလွန်ပင် တန်ဖိုးကြီးလှ၏။ သို့သော် အအေးဒဏ်ကိုကား ကာကွယ်နိုင်ခြင်းမရှိ။ တသုန်သုန် တိုက်ခတ်နေသော တောင်လေကြောင့် အေးစိမ့်နေရပေမည်။

လူငယ်ကား အေးချမ်းခြင်း လုံးဝမရှိ။ တည်ငြိမ်စွာပင် ရှိနေ၏။ လက်ထဲတွင်လည်း သံမဏိခေါက်ယပ်တောင်တစ်ခုကိုပင် ကိုင်ဆောင်ထားသေးသည်။

ရဲယင်စန်းသည် ထိုလူငယ်ကို ဧမ်းသာအားရပင် ဆီးကြိုသည်။ အရက်နှင့်ဟင်းလျာများ တည်ခင်းထားသောနေရာသို့ ခေါ်ဆောင်လာသည်။

ထိုလူငယ်ကလည်း အရက်ကို အတော်ပင် ကြိုက်နှစ်သက်ဟန်တူသည်။ စားပွဲခုံသို့ရောက်သည်နှင့် အရက်ကရားကြီးကို ကောက်ယူကာ ခွက်ထဲတွင်ပင် ငှဲ့မထည့်နိုင်တော့ဘဲ တကျိုက်ကျိုက်မော့သောက်ပစ်လိုက်တော့သည်။

"အားပါး ... သိပ်ကောင်းတဲ့ အရက်ပါလား"

လူငယ်က နှုတ်ခမ်းပါးနားတွင် စီးကျလာသော အရက်များကို လက်ဖမိုးဖြင့်သုတ်ပြီး ချီးကျူးစကားဆိုသည်။ ရဲယင်စန်းက



ကြက်ကြော်တစ်တောင်ကို ကမ်းပေးသည်။

ထိုလူက လှမ်းယူပြီး အား ပါးတရပင် ကိုက်ဝါးစားသည်။ ကြက်ကြော်တစ်ကိုက် အရက်တစ်ကျိုက်နှင့် ထိုသူမှာ အတော်ကလေး စည်းစိမ်တွေ့နေ၏။

"အရက်ကလည်းကောင်း၊ ဟင်းလျာတွေကလည်းကောင်း၊ ပတ်ဝန်းကျင်တစ်ဝိုက်ကလည်း သာတောင့်သာယာဆိုတော့ တကယ့်နတ်စည်းစိမ်ခံစားနေရသလိုပဲ"

ထိုလူ၏ အပြောအဆိုနှင့် အမူအရာတို့က ပွင့်လင်း တည်ကြည်မည့်အသွင် ရှိသည်။ အပြုံးများက နှစ်လိုခင်မင်စဖွယ် ကောင်းသည်။ လီကျင်းဆွေသည် စားပွဲဝိုင်းတွင် ထိုင်နေသော်လည်း အရက်တစ်ခွက် ငှဲ့သောက်ခြင်းမရှိ။

ဟင်းလျာတစ်တုံး နှိုက်စားခြင်းမပြု။ သူ့အတွေးနှင့်သူသာ ငေးကြည့်နေ၏။ နောက်ထပ်ရောက်လာသောလူငယ်က လီကျင်းဆွေကိုကြည့်ကာ ...

"အင်း ... ဒီလောက်သာယာပြီး အစစပြည့်စုံနေတဲ့နေရာကို ရောက်နေလျက်နဲ့ အရက်မသောက်ဘဲနေတဲ့သူကတော့ တကယ်ကိုပဲ"

စကားကို တစ်ဝက်တစ်ပျက်ဖြတ်ကာ ခွေးခေါင်းရှင် ကျန်းထွင်

ဟုန်ဆီသို့ ဖျတ်ခနဲကြည့်သည်။ ရဲယင်စန်းက အရက်တစ်ခွက်ကို ငုံ့သောက်လိုက်ပြီး ...

"တကယ့်ကိုပဲ ဘာဖြစ်သလဲဗျ၊ ဆက်ပြောစမ်းပါဦး နောင်ကြီးရ"

"ဩော် ... တကယ့်ကိုပဲ သူတော်စင်သူတော်ကောင်း တစ်ယောက်လို့ ဆိုရမှာပဲပေါ့ဗျာ ... ဟား ဟား ဟား"

"ဟား ဟား ဟား"

ရဲယင်စန်းတို့နှစ်ယောက်မှာ တစ်ယောက်စကားကို တစ်ယောက် ထောက်ခံသည့်သဘောဖြင့် တဝါးဝါး တဟားဟား သဘောကျနေကြ၏။

ရွှေဓားရှင် ကျန်းထင်ဟုန်သည် ထိုနှစ်ယောက်က မိမိ အားလှောင်ပြောင်ခနဲ့သလိုစကားမျိုး ပြောနေကြသော်လည်း ဂရု မစိုက်။ ကောင်းကင်ထက်သို့ ငေးမောကြည့်မြဲ ကြည့်နေ၏။

လီကျင်းဆွေမှာမူ အနီးကပ်ထိုင်နေသူဖြစ်သဖြင့် ငေးငိုင်နေခြင်း ပျက်သုဉ်းသည်။ မျက်နှာပြင်ထက်တွင် ဒေါသအရိပ်အယောင်များ လွှမ်းလာ၏။

သို့သော် သူ့အသွင်က ဒေါသစိတ် ချုပ်တည်းထားနေပုံရ၏။ နှုတ်ခမ်းကို တင်းတင်းစေ့ကာ အံကို မသိမသာကြိတ်ထား၏။



"နောင်ကြီးတို့ရာ ... ဘာကြောင့် ဒီလောက် ငူငူငိုင်ငိုင်ဖြစ်နေကြတာလဲ၊ တစ်ယောက် တစ်ဖလားလောက် လာပြီး ဝိုင်းလိုက်ကြရအောင်လား"

သံမဏိယပ်တောင်ကိုင်ဆောင်ထားသည့် လူငယ်က အရှိန်တက်နေပြီမို့ လီကျင်းဆွေနှင့် ကျန်းထင်ဟုန်တို့ကို ဖိတ်မန္တက ပြုပြန်သည်။

လီကျင်းဆွေက မသိကျိုးကျွန်ပင်ပြုသည်။ ဤသူက ဤမျှနှင့် ရပ်ဆိုင်းမနေ။ အရက်ခွက်ထဲသို့ အရက်ငှဲ့ထည့်ကာ လီကျင်းဆွေ၏ပါးစပ်အနီးသို့ တိုးကပ်လာသည်။ အတင်းအဓမ္မတိုက်တော့မည့်ပုံစံမို့ လီကျင်းဆွေ သည်းမခံနိုင်တော့။

"ဟေ့လူ ... ခင်ဗျား လွန်လွန်းနေပြီ၊ ခင်ဗျား ဘယ်သူလဲ၊ ဘာကြောင့် ကျုပ်ကို စော်ကားနေရတာလဲ"

လီကျင်းဆွေက အရက်ခွက်ကို လက်ဖြင့်တွန်းဖယ်ပစ်ရင်း ပ်မာမာထန်ထန်ပင် ပြောသည်။ ထိုလူ နှစ်လိုဇဖွယ်ပြုံး၏။ ဘယ်လက်တွင် ကိုင်ဆောင်ထားသော သံမဏိခေါက်ယပ်တောင်ကို ဘသာဖြန့်ပြသည်။ ယပ်တောင်ရွက်များပေါ်တွင် စာတန်းတစ်တန်း သပ်သပ်ရပ်ရပ် ထင်ထင်ရှားရှား ပေါ်လွင်လာ၏။

'သံယပ်တောင်နီ ဟူဖေးလီ'

"ဟင် ... ခင်ဗျား သံယပ်တောင်နီ ဟူဖေးလီကိုး၊ ခင်ဗျား လည်း သစ္စာကိုယ်တော် တစ်ပါးပဲ၊ ထူးခြားတာပဲဗျာ ... ဒီနေ့ ဘယ့် နယ်ကြောင့် ယွင်နန်တောင်ခြေမှာ သစ္စာကိုယ်တော်လေးပါးစလုံး လာပြီး ဆုံနေရတာပါလိမ့်"

ရဲယင်စန်း တအံ့တသြဟန်ဖြင့် ရေရွတ်သည်။ သူ့အသံက ကျယ်လောင်သွားသည်။ ကျန်းထင်ဟုန်ပင် ခေါင်းမော်နေရာမှ လှမ်း ကြည့်သည်။

ရဲယင်စန်း ရေရွတ်မည်ဆိုလည်း ရေရွတ်လောက်ပေသည်။ သံယပ်တောင်နီ ဟူဖေးလီသည် နံပါတ်သုံးအဆင့်ရှိ သစ္စာကိုယ်တော် တစ်ပါး ဖြစ်သည်။

သူ၏မိုးမြေလွှမ်းခြုံ သံမဏိယပ် တောင်တိုက်ကွက်မှာ ထူး ခြားထက်မြက်လှသည်။ သစ္စာကိုယ်တော်လေးပါးတို့သည် အဘယ် အကြောင်းကြောင့် ဤအရပ်ဒေသသို့ တစ်ပြိုင်တည်း လာရောက် တွေ့ဆုံနေကြရလေသနည်း။

တစ်ယောက်နှင့် တစ်ယောက်လည်း သိကျွမ်းကြသည် မဟုတ်။ လီကျင်းဆွေနှင့် ရဲယင်စန်းတို့နှစ်ယောက်သာလျှင် မိတ်ဆွေ ရင်းချာ ဖြစ်ကြ၏။

ကျန်လူများက သူစိမ်းပြင်ပြင်။ ဤအချိန်၊ ဤအရပ်တွင်



တွေ့ဆုံကြရန် ချိန်းဆိုထားသည်လည်း မဟုတ်။ ထို့ပြင် ယွင်နန် တောင်ခြေသည် သူ့တို့နယ်မြေမဟုတ်။

သူတို့ အရပ်ဒေသများနှင့် စိုင်မေါင်းများစွာ အလှမ်းဝေး သည်။ ရဲယင်စန်းနှင့် လီကျင်းဆွေတို့နှစ်ယောက်မှာ မိမိတို့ဒေသ မဟုတ်သော ယွင်နန်တောင်ခြေတွင် ဖျော်ပွဲစား တကူးတက လာ ရောက်ကြမည်မဟုတ်။

ကျန်းထင်ဟုန်သည်လည်း အကြောင်းမဲ့သက်သက် အလောင်းမြှုပ်မည့်တွင်းကို တူးဖော်နေစရာမလို။

သံယပ်တောင်နီ ဟူဖေးလီကကော အဘယ်ကြောင့် အေး ချမ်းလှသည့်နှင်းထုကို ကျော်ဖြတ်ကာ ယွင်နန်တောင်ခြေသို့ အ ရောက်လာခဲ့ရလေသနည်း။

လီကျင်းဆွေသည် သံမဏိယပ်တောင်နီ ဟူဖေးလီ၏ အမည်ကို ကြားသိလိုက်ရသော်လည်း တုန်လှုပ်ဟန်မရှိ။ ညာလက် ကသာ ခါးစည်းကြိုးကြားတွင် ထိုးစိုက်ထားသော ဓားလက်ကိုင်ရိုး ပေါ်သို့ အုပ်ကိုင်လိုက်မိသည်။

"ခင်ဗျားက သံယပ်တောင်နီ ဟူဖေးလီဆိုတော့ သိပ် ကောင်းတာပေါ့ဗျာ"

လီကျင်းဆွေ ရုတ်တရက် ပြောချလိုက်သောစကားကြောင့်

ဟူဖေးလီ နားမလည်နိုင်သလို မျက်မှောင်ကြုတ်သွားမိ၏။

"ဘာကောင်းတာလဲဗျာ"

"အစတုန်းက ခင်ဗျားနဲ့ ရင်ဆိုင်ဖို့ ကျုပ်အတွက် မထိုက်တန်ဘူးလို့ ထင်မှတ်ခဲ့မိတယ်၊ အခုတော့ ခင်ဗျားကလည်း သစ္စာကိုယ်တော်တစ်ပါး ဖြစ်နေတာကိုး၊ ကျုပ် စိတ်မထိန်းနိုင်ရင် ဓားကို ဆွဲထုတ်လို့ မမှားနိုင်တော့ဘူး၊ ခင်ဗျား စကားကို မဆင်မခြင် မပြောနဲ့၊ ရိုင်းရိုင်းစိုင်းစိုင်း စော်စော်ကားကား မလုပ်နဲ့လို့ ကျုပ် ကြိုပြီး သတိပေးထားတယ်၊ ဒီတစ်ခါကျရင်တော့ ကျုပ်မလွှန်တော့ဘူး"

"ဟား ဟား ဟား ... မိတ်ဆွေက တော်တော် ဒေါသကြီးတာကိုး၊ ကျုပ်က ပျော်တတ်ပါးတတ်တဲ့ လူတစ်ယောက်ပါဗျ၊ ခင်ဗျားကို ကျုပ်တို့နဲ့အတူတူ ပျော်ရအောင် ကျုပ်က စေတနာနဲ့ အရက်သောက်ဖို့ ခေါ်တာပါ"

"နောင်ကြီးဟူး ... သူ့ကို ပြောမနေနဲ့၊ ကျုပ်တို့နှစ်ယောက်ပဲ စိတ်တူကိုယ်တူ အားပါးတရ သောက်ကြတာပေါ့"

ရဲယင်စန်းက ကြားဖြတ်ပြောလာသည်။ တစ်ဆက်တည်း ပင် အရက်ကရားကို ဟူဖေးလီထံ ကမ်းပေးသည်။

ဟူဖေးလီကလည်း လှမ်းယူကာ ကရားလိုက်ပင် မေ သောက်ပြန်သည်။



"သိပ်ကောင်းတဲ့ အရက်ပါပဲဗျာ၊ ဒီလောက်ကောင်းတဲ့ အရက်ထဲမှာ အဆိပ်ခတ်ထားမယ်ဆိုရင်တောင် ကျုပ်ကတော့ သောက်ဖြစ်အောင် သောက်မိမှာပဲ"

"နောင်ကြီးပြောတာ မှန်တယ်၊ တကယ်လို့သာ ကျုပ်တို့ နှစ်ယောက် ဒီလောက်ကောင်းတဲ့ အရက်ကို သောက်ရင်းနဲ့ သေသွားလို့လည်း ဝမ်းနည်းစရာ မလိုဘူးဗျ"

"ဘာကြောင့် ဒီလိုပြောရတာလဲ"

"ဘာကြောင့်လဲဆိုတော့ အလောင်းမြှုပ်ဖို့ တွင်းတစ်တွင်း အသင့်တူးထားလို့ ပေါ့ဗျ"

"ခင်ဗျား တူးထားတာလား"

"ဘယ်က ဟုတ်ရမှာလဲ ... ရွှေဓားရှင် ကျန်းထင်ဟုန် တူးထားတာပါ"

"သူက တွင်းတူးကောင်းလို့လား"

"နောင်ကြီး လိုက်ကြည့်ပါလား ...တွင်းတူးကောင်း၊ မကောင်း သိရမှာပေါ့"

ရဲယင်စန်းက ဦးဆောင်ကာ အရက်ကရားကြီးကို ကိုင်ဆောင်လျက် ကျန်းထင်ဟုန်ရှိနေသည့် နေရာသို့ လျှောက်လာ၏။

ဟူဖေးလီက မြေတွင်းကြီးကို လှည့်ပတ်ကြည့်ရှုပြီးလျှင် ...

"တယ်ကောင်းတဲ့ တွင်းကြီးပါလား၊ တကယ့်ကို လက်ရာ သပ်ရပ်ပေတာပဲ၊ ဒီကျင်းထဲမှာ အမြှုပ်ခံရမယ်ဆိုရင် သေတဲ့လူအ တွက် ကံကောင်းတယ်လို့တောင် ဆိုရလိမ့်မယ်"

အရက်သံကြီးဖြင့် ချီးကျူး မှတ်ချက်ချ၏။ ရဲယင်စဟန်းက လည်း အမူးရှိန်တက်လာဟန်ဖြင့် ...

"သိပ်လည်း စိတ်ကူးယဉ်မနေနဲ့ဗျ၊ ဒီကျင်းက ကျုပ်တို့ အတွက် မဟုတ်ဘူး"

"ဘယ်သူ့အတွက် တူးထားတာလဲ"

"သူ့အတွက် သူတူးထားတာ နေမှာပေါ့ဗျာ'

"ဟင် ... သူက သေချင်နေလို့လား"

"သေချင်နေတယ်နဲ့ တူတာပဲ"

"သူလို လူတစ်ယောက်က ဘာကိစ္စ သေချင်နေရတာလဲ"

"ဒါတော့ ကျုပ်လည်း မသိဘူးလေ"

"အင်း ... ကျုပ် တွေးကြည့်လိုက်ရင် မမှားပါဘူးဗျာ၊ သူ လည်း ဖိတ်ကြားစာတစ်စောင် လက်ခံရရှိလို့ ဒီနေရာကို အရောက် လာခဲ့တာပဲ ထင်တယ်"

ရဲယင်စန်း လှုပ်လှုပ်လဲလဲ ဖြစ်၏။ ဟူဖေးလီကို ဖျတ်ခနဲ မော်ကြည့်သည်။



ဟူဖေးလီက အဓိပ္ပာယ်ပါပါ ပြုံးလိုက်လေသည်။

ဝမ်ဆန်းတောင်သည် သိုင်းလောကတွင်ထင်ရှားကျော်ကြား လှ၏။ ဝမ်ဆန်းတောင်ထက် တောင်စွယ်တောင်တန်းပေါ်တွင်ရှိသော ဟသ်ာနန်းတော်က ပို၍ ဂုဏ်သတင်းကြီးသည်။

ဟသ်ာနန်းတော်၏အရှင်သခင်မှာ အမျိုးသမီးတစ်ယောက် ဖြစ်၏။ အမည်ရင်းကို မသိကြသော်လည်း သိုင်းလောကသားများ ကမူ သူမကို ဟသ်ာမယ်ဟူ၍သာ ခေါ်ဝေါ်ကြသည်။ ဟသ်ာမယ် ၏သိုင်းပညာမှာ သိုင်းလောကတွင် နံပါတ်တစ်အဆင့် ရှိသည်ဟု ခေါ်ဆိုနိုင်သည်။

ဟသ်ာမယ်၏ဂုဏ်သတင်းကြီးမားမှုကြောင့် ဝမ်ဆန်း တောင် ဟသ်ာနန်းတော်သို့ တက်ရောက်ခဲ့ကြသည့် သိုင်းသမားထုက မနည်း။

သို့သော် ဟသ်ာမယ်၏သိုင်းပညာအောက်တွင် အသက် ပျောက်ခဲ့ရသည်ချည်း။

ထို့ကြောင့် ဟသ်ာမယ်ကို စိတ်ဝင်စားကြသော်လည်း ဝမ် ဆန်းတောင်ပေါ်သို့ တက်ရောက်ရန်ကိုမူ သိုင်းသမားတိုင်း လက် တွန့်ကြောက်ရွံ့တတ်ကြသည်။

ဟသ်ာနန်းတော်တွင် ယောကျ်ားဟူ၍ တစ်ယောက်မျှမရှိ အမျိုးသမီးများသာ ရှိတတ်သည်။ ဟသ်ာနန်းတော်သို့ ရောက်ရှိ လာသည့် ယောကျ်ားဆိုလျှင်လည်း ဟသ်ာမယ်နှင့် သိုင်းပညာချင်း ယှဉ်ပြိုင်ရ၏။ အနိုင်ရသူကို ဟသ်ာမယ်က လက်ဆက်မည်ဖြစ်ပြီး ရှုံးနိမ့်သူအတွက်မူ သေဒဏ်သာခတ်၏။

ဟသ်ာနန်းတော်သည် သိုင်းလောကနှင့် တသီးတခြားနေ သော်လည်း သိုင်းလောကကောင်းကျိုးတို့ကိုမူ တတ်နိုင်သမျှ အထောက်တော်များလွှတ်ကာ လျှို့ဝှက်ပံ့ပိုးလုပ်ဆောင်ပေးတတ် သည်။

ထို့ကြောင့်လည်း သိုင်းလောကတွင် ဩဇာအာဏာ သက် ရောက်မှုရှိ၏။ ဟသ်ာပုံကျောက်နီပြားနှင့် တွဲဖက်ပို့လွှတ်လိုက်သော အမိန့်စာကို လက်ခံရရှိသည့် မည်သည့်သိုင်းသမားမဆို အမိန့်စာတွင် ပါသောကိစ္စများကို တစ်သဝေမတိမ်း လုပ်ဆောင်ပေးရသည်။

အကယ်၍ ငြင်းပယ်မည်၊ ကလန်ကဆန်လုပ်မည်ဆိုလျှ ကား ထိုသူ့အတွက် သေမင်းအမိန့်က မလွဲမသွေရောက်ရှိလာတတ်



ပေသည်။

ထို့ကြောင် ဟသ်ာနန်းတော်၏အမိန့်စာကို သိုင်းသမားတိုင်း လေးစားကြောက်ရွံ့ကြသည်။ သို့သော် သိုင်းသမား အမျိုးသားတို့၏ စိတ်ထဲတွင် ဟသ်ာနန်းတော်တွင် အရှင်သခင်ဖြစ်ရေးနှင့် ဟသ်ာမယ် ကို သိမ်းပိုက်နိုင်ရေးအတွက် စိတ်ဆန္ဒ ပြင်းပြကြသည်။

အပြင်းအထန်ပင် ကြိုးစားခဲ့ကြသည်။ အောင်မြင်သည် ဟူ၍ မရှိခဲ့။ ဝမ်ဆန်းတောင်ခြေတွင် ထိုသူများ၏အလောင်းကိုသာ တွေ့ခဲ့ရသည်ချည်း ဖြစ်သည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကာလကမူ ဝမ်ဆန်း တောင်ပေါ်သို့ စွန်ရဲညီနောင်နှစ်ဖော်ဟု သိုင်းလောကတွင် အမည် သတင်းရှိသော ဟန်ဝင်ကျူနှင့် သူ၏သွေးသောက်ညီတော် လိုဖိန်တို့ နှစ်ယောက် နောက်ဆုံးအသုတ်အဖြစ် တက်ရောက်သွားခဲ့ကြသည်။

ဟန်ဝင်ကျူး၏ဓားသိုင်းပညာသည် သိုင်းလောကဓားသိုင်း ပညာရှင်များလောကတွင် နံပါတ်တစ်စာရင်းဝင် ဖြစ်၏။ ပြိုင်ဘက် ကင်းသော ဓားသမားတစ်ယောက်ဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ကြ၏။

ဟန်ဝင်ကျူးနှင့် လိုဖိန်တို့နှစ်ယောက် ဟသ်ာမယ်ကို အနိုင် ရရှိပြီး ဟသ်ာနန်းတော်ကို သိမ်းပိုက်နိုင်လိမ့်မည်ဟုလည်း သိုင်း လောကသားတို့ အထင်ရှိခဲ့ကြသည်။

သို့သော် ဟန်ဝင်ကျူးတို့ ဝမ်ဆန်းတောင်ပေါ် တက်ရောက်ပြီးနောက် ဖြစ်ပေါ်လာမည့်နောက်ဆက်တွဲသတင်းကမူ တိမ်မြှုပ်နေ၏။

မည်သည့်ထူးခြားချက်မျှ မကြားရ။ ဟန်ဝင်ကျူးနှင့်လိုဖိန်တို့ အနိုင်ရခဲ့လေသလား၊ ရှုံးနိမ့်ကာ အသက်သေဆုံးသွားကြလေပြီလားဆိုသည်ကို မည်သူမျှမသိရ။

သိုင်းလောကတွင် ပဟေဠိတစ်ခုသဖွယ် ဖြစ်လာခဲ့သည်။ ထူးခြားချက်တစ်ခုသာ ရှိသည်။ ဟန်ဝင်ကျူးတို့နောက်ပိုင်းတွင် မည်သည့်သိုင်းပညာရှင် အကျော်အမော်တို့မျှ ဝမ်ဆန်းတောင်သို့ မရောက်ရှိကြခြင်းဖြစ်၏။

ယခု နှစ်ပေါင်းနှစ်ဆယ်ကျော် ကြာမြင့်ခဲ့ခါမှ အံ့ဩစရာကောင်းသည့် အချက်တစ်ချက် ဖြစ်ပေါ်လာသည်။ ဟံသာမယ်၏ သမီးကညာ ဟံသာဒေဝီ ထွက်ပေါ်လာခြင်းပင်တည်း။

ဟံသာဒေဝီသည် အရွယ်ရောက်လာပြီဖြစ်သဖြင့် သူ့အတွက် မျိုးဆက်ရှင်သန်နိုင်ရေး အိမ်ထောင်ဖက် လက်ဆက်ပေးရမည် ဖြစ်သည်။

ဟံသာနန်းတော်၏ အရှိန်အဝါကြီးမားမှုကြောင့် ဝမ်ဆန်းတောင်ပေါ်သို့ တက်ဝံ့သူ သူရဲကောင်းဆို၍ မရှိသလောက် ဖြစ်နေခဲ့



လေပြီ။

ထို့ကြောင့် သမီးကညာ အတွက် ကြင်လျာရွေးချယ်ရအခက်ဖြစ်နေ၏။ သည်အတိုင်းနေပါကလည်း မျိုးဆက်တည်မြဲမှုမရှိဘဲ ပျောက်ကွယ်ဆိတ်သုဉ်းသွားမည်ကို စိုးရိမ်ပူပန်နေရပေသည်။

ဤတွင် သစ္စာကိုယ်တော်လေးပါးကို တွေ့ရှိလိုက်ရ၏။ သစ္စာကိုယ်တော်လေးပါး၏ တည်ကြည်ဖြောင့်မတ်ခြင်း၊ သိုင်းပညာအဆင့်မြင့်မားခြင်း၊ မျိုးရိုးဂုဏ်ရှိန် ကြီးမားခြင်း၊ အိမ်ထောင်ဖက် မရှိသေးခြင်းတို့ကြောင့် ထိုသစ္စာကိုယ်တော်လေးဖော်ကို သမီးဖြစ်သူ ဟံသာဒေဝီနှင့် လက်ဆက်ပေးရန် စိတ်ကူးရသည်။

သို့သော် သမီးက တစ်ယောက်တည်း ၊သစ္စာကိုယ်တော်က လေးပါး။ ထိုအထဲမှ တစ်ယောက်တည်းကိုသာ ရွေးချယ်ရမည်ဖြစ်၏။ ကျန်သုံးယောက်ကား ဟံသာနန်းတော်၏ ထုံးစံအရ မရဏာလမ်းသို့ မြန်းရမည် ဖြစ်ပေသည်။

ဟံသာမယ်သည် စိတ်ကူးရသည်နှင့် ဟံသာကျောက်နီ အမိန့်စာ ပေးပို့စေလွှတ်ကာ ယွင်နန်တောင်ခြေသို့ ဆင့်ခေါ်နိုးဆိုခြင်း ပြုသည်။

အမိန့်စာတွင် ဟံသာဒေဝီအတွက် ဖူးစာရှင်အဖြစ် ရွေးချယ်သတ်မှတ်လိုကြောင်းသာ ဖော်ပြထား၏။ သစ္စာကိုယ်တော်လေးပါး

သည် နေရာတကွဲတပြားစီတွင် ရှိနေသဖြင့် အမိန့်စာကို သီးခြားစီသာ ရရှိကြ၏။

ရရှိလျှင်ရရှိချင်း မိမိတစ်ယောက်တည်းကိုသာ ရွေးချယ်ခြင်း ဖြစ်မည်ဟု အထင်ရှိခဲ့ကြ၏။ ထိုအထဲတွင် နံပါတ်တစ်အဆင့်ရှိသော နှင်းဖြူရဲတိုက်သခင်လေး ရဲယင်စန်းသည် အမိန့်စာရလျှင်ရချင်း အပျော်ကြီးပျော်ခဲ့၏။

ဟင်္သာနန်းတော်တွင်ရှိနေသည့် မိန်းကလေးတိုင်းသည် ထိပ်တန်းအချောအလှစာရင်းဝင် မိန်းကလေးများဖြစ်ကြောင်း သူ သိရှိထားသည်။

ထို့ကြောင့် သူ့မိတ်ဆွေ လီကျင်းဆွေကို အမိန့်စာအကြောင်း ပြောမိခဲ့သည်။ သူ့မိတ်ဆွေ လီကျင်းဆွေကိုယ်တိုင်ပင် အမိန့်စာ ရရှိခဲ့သည်ကို သိရှိသောအခါ စိတ်လှုပ်ရှားသွားရလေတော့သည်။

သူတို့ မိတ်ဆွေနှစ်ယောက်သည် တစ်ယောက်က ဟင်္သာ ဒေဝီနှင့် လက်ဆက်ပြီး တစ်ယောက်က လူ့လောကမှ ထွက်ခွာသွားရ မည် ဖြစ်ပေသည်။

ထို့ကြောင့် နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် မိတ်ဆွေ နှစ်ယောက် ပျော်ပွဲစားသောက်ကြရန် စီစဉ်ခဲ့ခြင်းဖြစ်၏။ ယွင်နန် တောင်ခြေသို့ရောက်သောအခါတွင်ကား သူတို့နှစ်ယောက်တည်းသာ



မကတော့ ... သစ္စာကိုယ်တော်လေးပါးစလုံးကို ချိန်ဆိုးထားကြောင်း သိရှိတော့သည်။

ထိုလေးယောက်ထဲတွင် ကံထူးသူဟူ၍ တစ်ယောက်တည်း သာ ရှိရပေမည်။ ကျန်သုံးယောက်ကား တူညီသောလမ်းကြောင်း တစ်ခုတည်းတွင်သာ လျှောက်ရပေလိမ့်မည်။ ထိုလမ်းသည်ကား ဟင်္သာနန်းတော်၏ဥပဒေအတိုင်း မရဏလမ်းပင် ဖြစ်လေသည် တကား။

❁ ❁ ❁

## အခန်း (၃)

ရဲယင်စန်းသည် အရက်ကရားထဲမှ အရက်တစ်ကျိုက်ကို မော့သောက်လိုက်၏။ သူနှင့် ဟူဖေးလီတို့နှစ်ယောက်မှာ ကျန်းထင်ဟုန်တူးထားသော မြေတွင်းကြီးနှုတ်ခမ်းပေါ်တွင် ရပ်နေခဲ့ဖြစ်၏။

"ကျုပ်ဖြင့်ဗျာ ... ဟသ်ာမယ်ဆီက ဟသ်ာဒေဝီရဲ့ ကြင်ဖက်တော်အဖြစ် ရွေးချယ်တယ်ဆိုတဲ့ ကျောက်နီအမိန့်စာလည်း ရလိုက်ကော ရူးမတတ်ကို ဖြစ်သွားတာပါပဲ"

ရဲယင်စန်းမှာ အရက်ရှိန် အတော်လေးတက်လာပြီမို့ သူ့စိတ်ခံစားချက်ကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟဲဝန်ခံလာ၏။ ဟူဖေးလီက သဘောကျစွာပင် ရယ်မော၏။

"ဟား ဟား ဟား ... မရူးချင်နဲ့ဦးဗျို့၊ စိတ်ကို ထိန်းချုပ်ထားဦး၊ ဟသ်ာဒေဝီက အရူးကို ကြင်လျာအဖြစ် ရွေးချယ်မှာ မဟုတ်ဘူးဗျ"

"အင်း ... ဒီလိုဆိုရင် လူသေတစ်ယောက်ကိုကော ဖူးစာရှင်



အဖြစ် ရွေးချယ်ပါ့မလား"

"ဟာ ... ကတ်သီးကတ်သတ်ဗျာ၊ ဘယ်မိန်းကလေးက လူသေကို ဖူးစာရှင်အဖြစ် ရွေးပါ့မလဲ"

"ဒါဖြင့် ဖူးစာရှင်အဖြစ် အရွေးခံဖို့ ရောက်လာတဲ့ ကျန်းထင်ဟုန်က ဘာဖြစ်လို့ သေချင်နေရတာလဲ"

ရဲယင်စန်း ကျန်းထင်ဟုန်ကို ငုံ့ကြည့်ရင်း ပြောသည်။ ကျန်းထင်ဟုန်က ဂရုမစိုက်သလိုပင် ခေါင်းမော်ကြည့်နေ၏။ ဟူဖေးလီက ပြုံးရယ်လျက် ...

"ခင်ဗျား မသိလို့ပါဗျာ ... တကယ်တော့ ရွှေဓားရှင် ကျန်းထင်ဟုန်ဟာ တော်တော့်ကို အချစ်ကြီးတဲ့ လူတစ်ယောက်ပဲဗျ၊ သူ့မှာ သေတပန်သက်ထက်ဆုံး လက်တွဲသွားဖို့ ချစ်သူတစ်ယောက် ရှိနေတယ်လေ၊ ဟသ်ာဒေဝီက သူ့ကို ကြင်လျာအဖြစ် ရွေးချယ်မယ်ဆိုရင် သူဟာ သူ့ကိုယ်သူသတ်သေမယ်လို့ ဆုံးဖြတ်ထားတယ်၊ အရွေးမခံရဘူးဆိုရင်လည်း သူ့အတွက် အသက်ရှင်ဖို့လမ်းစမှ မရှိတော့ဘဲ ဒီခရီးစဉ်ဟာ သူ့အတွက် မပြန်လမ်းတစ်ခုဖြစ်တယ်ဆိုတာ သူက ကြိုတင်သိထားတယ်၊ ဒါကြောင့် မျှော်လင့်ချက်မရှိဘဲ သူ့အဖို့ စိတ်ချလက်ချသေရအောင် အလောင်းမြှုပ်ဖို့တွင်းကို အသေအချာ တူးထားတာပဲ"

ဟူဖေးလီ၏စကားသံကြောင့် ကျန်းထင်ဟုန် အထိတ်တလန့် တအံ့တသြဖြစ်သွား၏။ သူ၏လျှို့ဝှက်ချက်များကို သူချစ်သူနှင့်သူ နှစ်ယောက်တည်းသာ သိရှိထားခဲ့ကြပေသည်။

အဘယ်ကြောင့် ဟူဖေးလီက အပ်ကျမပ်ကျ ဒက်ခနဲ ပြောချလိုက်လေသနည်း။

ကျန်းထင်ဟုန်သည် ကောင်းကင်ကြီးပေါ်သို့ ခေါင်းမော့မနေနိုင်တော့။ ဟူဖေးလီအား ဖျတ်ခနဲ ကြည့်ကာ ...

"ခင်ဗျား ... ခင်ဗျား ဒါတွေကို ဘယ်လိုလုပ်သိနေတာလဲ"

"ဟဲ ဟဲ ဟဲ ... စဆန်းပါဘူးဗျာ ... အဖြစ်က ရှင်းရှင်းလေးပဲ၊ တွေးကြည့်ရင် သိနိုင်တာပေါ့၊ အမှန်အတိုင်းပြောရရင် ခင်ဗျား"

ဟူဖေးလီ စကားကို ဆုံးအောင်မပြောနိုင်။ လည်ချောင်းတွင် တစ်ဆို့ပြီး အသက်ရှူရကျပ်လာ၏။ မျက်နှာပြင်တွင် သွေးရောင်ပျောက်ကာ 'ချက်ချင်းပင် ညိုပုပ်ရောင်သန်းလာ၏။ ရဲယင်စန်းအား အထိတ်တလန့် လှမ်းကြည့်လိုက်၏။

ရဲယင်စန်း၏ မျက်လုံးနှစ် လုံးက ပြူးကျယ်ဝိုင်းစက်နေ၏၊ အသားအရေများက ပြာနှမ်းနေ၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အံ့အားသင့် ထိတ်လန့်စွာ ကြည့်နေမိကြသည်။ မိမိတို့နှစ်ယောက် အဆိပ်သင့်ခဲ့ကြပြီကို နားလည်လိုက်ကြ၏။



သို့သော် အချိန်လွန်သွားခဲ့ချေပြီ။ ဖြေဖျောက်၍ မရနိုင်တော့။

'ဝုန်း'

ရဲယင်စန်း၏ ခန္ဓာကိုယ်ကြီးက ကျန်းယင်ဟုန် တူးထားသာ ကျင်းထဲသို့ တောင့်တောင့်ကြီး လဲပြိုကျသည်။ သူ့လက်ထဲမှ ရက်ကရားကမူ လွတ်ထွက်မသွား။

'ဝုန်း'

ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် သံယပ်တောင်နှင့် ဟူဖေး လီသည်လည်း မြေတွင်းထဲသို့ လဲပြိုကျသွားရပြန်သည်။ ကျန်းထင် ုန်က သူ့အတွက်သူ တူးဖော်ထားသော မြေတွင်းကြီးသည် ဟူဖေး လီနှင့် ရဲယင်စန်းတို့၏ လျှောင်းစက် အနားယူစရာ ဂူဗိမာန်ကြီးတစ်ခု ဖြစ်သွားခဲ့ရချေပြီ တကား။

အရက်ကောင်းကောင်းထဲမှာ အဆိပ်ခတ်ထားတာကို သောက်ရဦးတော့ ... ငြင်းပယ်မှာမဟုတ်ဘူးဆိုသော အလွန်အကျူး ကြ်ပြုစကားက သူတို့အတွက် စကားနောက်ဆုံး ျားပါသွားခဲ့ချေပြီ။

တိမ်နဂါးလီကျင်းဆွေသည် အမှတ်မထင်ပင် ရုတ်တရက် ်ပေါ်ပြောင်းလဲသွားသော အဖြစ်အပျက်ကြောင့် အကြီးအကျယ် ် ထိတ်လန့်တုန်လှုပ်၏။

နေရာတွင်ပင်ထိုင်လျက် မှင်တက်နေမိသည်။ ရွှေဓားရှင် ကျန်းထင်ဟုန်သည်လည်း မယုံကြည်နိုင်စရာ ကောင်းလှသောအခြေ အနေကြောင့် အိပ်မက်များ မက်နေရှေ့သလားဟု ထင်မှတ်ကာ သွေးပျက်နေမိ၏။

လေပြည်တိုက်ခတ်သဖြင့် သစ်ရွက်ကလေးများ တိုးညင်းစွာ လေချွန်သံမှအပ ယွင်နန်တောင် ခြေတွင် တိတ်ဆိတ်မှုက ရုတ်ခြည်း လွှမ်းခိုးသည်။

ကျန်းထင်ဟုန်ကော လီကျင်းဆွေတို့ နှစ်ယောက်စလုံး ကြက်သေသေနေမိကြ၏။ အသက်မဲ့သောကျောက်ရုပ်ကြီးများ သဖွယ် လှုပ်ပင်မလှုပ်နိုင်အောင် ချောက်ချားတုန်လှုပ်ခြင်းက အုပ်စိုး နေတော့သည်။

အချိန်က အမွေးတိုင်တစ်တိုင်ကုန်စာလောက် ကြာမြင့်သွား၏။ ငြိမ်သက်မှုကို စတင်လှုပ်ရှားဖြိုဖျက်လာသူက ကျန်းထင်ဟုန်။

မြင်းကုန်းနှီးထက်တွင် ထိုင်နေရာမှ လီကျင်းဆွေထံသို့ ခေါင်းလှည့်ကြည့်သည်။ သူ့မျက်နှာက ခက်ထန်သည်၊ သူ့အကြည့်က အေးစက်မာကျောသည်။ သူ့ဓားကဲ့သို့ ထက်မြက်စူးရှလှသည်။

လီကျင်းဆွေရင်ထဲ ဓားဖြင့်အထိုးစိုက်ခံရသလို ဖြစ်၏။ အကြည့်မျက်ဝန်းက မုန်းတီးရွံရှာမှုကို ပြည့်လျှမ်းသည်။ ကျန်းထင် ဟုန် မျက်နှာထားက တင်းမာနေသလောက် လီကျင်းဆွေမှာမူ တည်ငြိမ်အေးဆေးသည်။

မိတ်ဆွေအပေါင်းအသင်းတစ်ယောက်ဖြစ်သူ ရဲယင်စန်း မျက်စိအောက်တွင် အဆိပ်သင့်သေဆုံးသွားသည်ကို မြင်ရသည့်တိုင် စိတ်ထိခိုက်လှုပ်ရှားဟန် မဖြစ်ပေါ်။

"လီကျင်းဆွေ"

ကျန်းထင်ဟုန်က အသံပြတ်ဖြင့် ခေါ်သည်။ သူ့အကြည့်က ..အကြည့်ခံရသူ လိပ်ပြာလွင့်လုမတတ် အေးခဲနေဆဲ။ လီကျင်းဆွေ မလှုပ်၊ တည်ငြိမ်စွာပင် ပြန်ကြည့်သည်။ ကျန်းထင်ဟုန်လို အေးခဲခြင်း၊ ဒေါသမျက်မာန်ကြီးခြင်းမျိုးကား မရှိ။

ပကတိ ကြည်လင်လေးနက်နေ၏။ စကားသံက ထွက်မ လာ။

"ခင်ဗျား တကယ်ပဲ အရက်မသောက်တတ်ဘူးလား"

ကျန်းထင်ဟုန် သံသယလေသံဖြင့် မေးသည်။ လီကျင်းဆွေ ဖြေ။ ဤလေသံ ဤအမေးစကားမျိုးကို သူမကြိုက်။ စိတ်ထဲတွင် ..ဖြီးတိုသော်လည်း အမူအရာကမူ အေးဓွဆေးသည်။ ကျန်းထင်ဟုန် ..ဆက်လက်၍ ...

"ခင်ဗျားဟာ အရက်သောက်တတ်တယ်၊ အရက်ကို နှစ်

နှစ်မြိုက်မြိုက် ကြိုက်တယ်၊ ခင်ဗျား အရက်တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေတာပဲ ကျုပ်တွေ့ဖူးတယ်"

လီကျင်းဆွေ တုံ့ပြန်ပြောကြားခြင်း မပြု။ မငြင်းဆန်သလို ဝန်မခံ။ နှုတ်ဆိတ်မြဲ နှုတ်ဆိတ်နေ၏။

"ခင်ဗျားဟာ အရက်ကို စွဲစွဲလမ်းလမ်း သောက်တတ်တယ်၊ ချန်ဆားမြို့က မိုးပြာစားသောက်ဆိုင်မှာ အရက်ကို သုံးရက်တိတိ မထတမ်းသောက်ခဲ့တဲ့ သတင်းကို ကျုပ်ကြားဖူးတယ်၊ အရက်မူးပြီးလည်း စားသောက်ဆိုင်ထဲမှာ ရမ်းကားခဲ့ဖူးတယ် မဟုတ်လား"

"ခင်ဗျား ဒါတွေကို ဘာရည်ရွယ်ချက်နဲ့ ပြောနေရတာလဲ"

လီကျင်းဆွေ သည်းမခံနိုင်တော့ပြီမို့ စကားတုံ့ပြန်မေးသည်။ ကျန်းထင်ဟုန်က သံသယအကြည့်ဖြင့် ကြည့်လျက် ...

"ခင်ဗျားဟာ အရက်ကြိုက်တတ်ပေမယ့် ဒီနေ့တော့ အရက်ကို လက်ဖျားနဲ့တောင် မတို့မထိခဲ့ဘူး၊ နှင်းဖြူရဲတိုက်သခင်လေး ရဲယင်စန်းဟာ ခင်ဗျားရဲ့ မိတ်ဆွေတစ်ယောက်၊ ဒီမှာ ခင်ဗျားနဲ့အတူ ပျော်ပွဲစားသောက်ဖို့ စားသောက်ဖွယ်ရာတွေ မှာကြားစီစဉ်ထားတယ်ဆိုတာလည်း ခင်ဗျား သိထားတယ်၊ ဒီတော့ တစ်နည်းနည်းနဲ့ အဆိပ်ခတ်ဖို့ ကြိုတင်စီစဉ်နိုင်တယ်"

ကျန်းထင်ဟုန်က သူ့ထင်မြင်ချက်နှင့်သူ စွပ်စွဲပြောဆိုနေ၏။



လီကျင်းဆွေ နှုတ်ပိတ်နေမြဲ။

"ကျုပ်ဟာ ဟင်္သာနန်းတော်သားတစ်ယောက်အဖြစ် မခံယူဘူးလို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားတယ်၊ ဟင်္သာဒေဝီဟာ ဘယ်လောက်ပဲလှလှ၊ ဘယ်လောက်ပဲ မြင့်မြတ် ဂုဏ်သတင်းကြီးကြီး သူ့ကြင်ဖက်အဖြစ် အရွေးမခံချင်ဘူး၊ အခုဆိုရင် ရဲယင်စန်းနဲ့ ဟူဖေးလီတို့နှစ်ယောက် အဆိပ်သင့်ပြီး သေကုန်ကြပြီ၊ ဟင်္သာဒေဝီရဲ့ ကြင်ဖက်အဖြစ် ခင်ဗျားကလွဲလို့ တခြားလူ ရွေးစရာမရှိတော့ဘူး ... ဟဲဟဲ ... ခင်ဗျားဟာ တကယ့်ကို အကြံပိုင်တဲ့လူတစ်ယောက်ပဲ"

"ခင်ဗျား ကျုပ်ကို စွပ်စွဲနေတာလား"

"စွပ်စွဲနေတာ မဟုတ်ဘူး။ အဖြေက ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှားကြီးပဲ၊ ခင်ဗျား ဘာမှ ဟန်ဆောင်ဖုံးကွယ်မနေနဲ့တော့"

ကျန်းထင်ဟုန်သည် စကားဆုံးလျှင်ဆုံးချင်း မြင်းကုန်းနှီးထက်မှ မတ်တတ်ထရပ်သည်။ ကျောတွင် လွယ်ပိုးထားသော ဓားရှည်ကိုလည်း ရှမ်းခနဲ ဆွဲ[illegible]တ်သည်။

နေရောင်တွင် ရွှေရောင်က တဝင်းဝင်း တောက်လက်သွားသည်။ အခြေအနေက တင်းမာလာပြီ။ တစ်ယောက်က အသက်ကို ရန်ရှာမည်။ တစ်ယောက်က နှုတ်ပိတ်ရှင်းလင်းမည်။

လီကျင်းဆွေ တည်ငြိမ်စွာထိုင်မနေနိုင်တော့။ မတ်တတ်

ထရပ်ကာ ကျန်းထင်ဟုန်နှင့် ဓားတစ်ကမ်းအကွာသို့ လျှောက်သည်။ သူ့လက်အစုံကမူ ခါးစည်းကြိုးကြားတွင် ထိုးသွင်းထားသော ဓားတို့ နှစ်လက်၏ လက်ကိုင်ရိုးပေါ်သို့ အုပ်ကိုင်ထားသည်။

အချိန်မရွေး ပေါက်ကွဲကြတော့မည်။ အကြိတ်အနယ် အသက်လုပွဲကြီး ဆင်နွှဲနေကြတော့မည်။ ထိုစဉ်မှာပင် အော်ဟစ်သံတစ်သံက ရုတ်တရက် ပေါ်ထွက်လာသည်။

"ရပ်လိုက် ... ကျန်းထင်ဟုန်နဲ့ ကျုပ် စာရင်းရှင်းစရာရှိတယ်"

အော်ဟစ်သံနှင့်အတူ လူရိပ်တစ်ရိပ်က တောင်ကြားလမ်းကလေးအတိုင်း တစ်ဟုန်ထိုး ပြေးလွှားခုန်ပျံလာသည်ကို တွေ့လိုက်ကြရလေသည်။

✿

– တစ်ခဏအတွင်းမှာပင် လူရိပ်တစ်ခုက လီကျင်းဆွေနှင့် ကျန်းထင်ဟုန်တို့ရှေ့သို့ ရောက်ရှိလာသည်။ ထိုသူ မည်သည့်အချိန်က တောင်ကြားလမ်းကလေးအတွင်းသို့ ဝင်ရောက်လာသည်ကို ကျန်းထင်ဟုန်တို့နှစ်ယောက် သတိမထားမိကြ။



ရောက်ရှိလာသူ၏ ခန္ဓာကိုယ်က တုတ်ခိုင်သန်မာသည်။ အရပ်အမောင်းက မနိမ့်မမြင့်။ မျက်နှာကြီးက ပေါက်စီတစ်လုံးလို ဖူးဖူးပြဲပြဲ၊ မျက်လုံးမျက်ပေါက်က ကျဉ်းမြောင်းကာ အတော်ပင် အကြည့်ရဆိုးသည်။

သူ့လက်ထဲတွင် ငွေရောင်တလက်လက်တောက်သော ဓားရှည်တစ်လက်ကို ကိုင်ဆောင်ထားသည်။ ဓားလက်ကိုင်ရိုးမှာ ငွေသား စစ်စစ်ဖြင့် ပြုလုပ်ထားသည်။ ထိုသူကို မြင်လိုက်ရုံနှင့်ပင် လီကျင်းဆွေကော ကျန်းထင်ဟုန်ပါ မည်သူမည်ဝါဆိုသည်ကို သိရှိလိုက်ကြ၏။

ငွေဓားရှင် ကျန်းရန်ပင်တည်း။ ကျန်းရန်သည်လည်း လေပွေမိုးကြိုး ဓားသိုင်းပညာရှင်ကြီး ကျန်းရှောက်ဟုန်၏အဆက်အနွယ်ဖွားတစ်ယောက် ဖြစ်သည်။

ကျန်းရှောက်ဟုန်ကွယ်လွန်ပြီးသည့်နောက်တွင် လေပွေမိုးကြိုးဓားသိုင်းဂိုဏ်း၌ အုပ်စုနှစ်ခု ကွဲသွား၏။ ရွှေဓားရှင် ကျန်းထင်ချိုနှင့် ငွေဓားရှင်ကျန်းကျင့်ယီတို့ ခေါင်းဆောင်သော အုပ်စုနှစ်ခုဖြစ်၏။

ထိုနှစ်ယောက်သည် ဖအေတူမအေကွဲများ ဖြစ်ကြ၏။ ငယ်စဉ်ကတည်းက တစ်ယောက်နှင့်တစ်ယောက် မသင့်မြတ်ကြ။ ကျန်းရှောက်ဟုန်သေဆုံးသောအခါ လေပွေမိုးကြိုးဓားဂိုဏ်း၏

အကြီးအကဲ ဝိုဏ်းချုပ်နေရာအတွက် ပြဿနာတက်ကြသည်။

ရွှေဓားရှင် ကျန်းထင်ချီက ဖခင် အရိုက်အရာခံယူလိုသည်။ ငွေဓားရှင် ကျန်းကျင့်ယီကလည်း သားတစ်ယောက်ဖြစ်သည့်အတွက် လေပွေမိုးကြိုးဓားဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်သင့်သည်။

ယခင်ကတည်းက အက်ကြောင်းထင်နေသော ညီအစ်ကိုနှစ်ယောက်မှာ ဂုဏ်သိန်အရှိန်အဝါကြောင့် ရန်သူများသဖွယ် ဖြစ်သွားကြ၏။

သူ့အင်အား ကိုယ့်အင်အားခွဲကာ တစ်စင်စီထောင်ကြ၏။ လေပွေမိုးကြိုးဂိုဏ်း၏ အရိုက်အရာကို လုယက်ကြသည်။ တစ်ဖက်နှင့်တစ်ဖက် မာန်မာနက မလျော့။ တွေ့ရာနေရာတွင် တိုက်ခိုက်ခြင်းအမှုကို ပြုကြ၏။

ငွေဓားရှင်အဖွဲ့က အနိုင်ရ သည်ရှိသလို ရွှေဓားရှင်အဖွဲ့က အပြတ်အသတ် တိုက်ခိုက်ချေမှုန်းသည်လည်း ရှိ၏။ အကြိမ်ကြိမ်အဖန်ဖန် တင်းမာမှုမလျော့ဘဲ တိုက်ခိုက်ကြရာမှ ငွေဓားရှင် ကျန်းကျင့်ယီသည် ရွှေဓားရှင်ကျန်းထင်ချီ၏ဓားချက်အောက်တွင် အသက်ပျောက်ခဲ့ရသည်။

ဤသည်မှအစပြုကာ ကျန်းရှောက်ဟုန်၏အမျိုးအနွယ်များမှာ ရွှေဓားရှင်အုပ်စုနှင့် ငွေဓားရှင်အုပ်စုကွဲကာ ရန်ငြိုးမီးပွားများ



တောက်လောင်ကြတော့ သည်။

ယခု ငွေဓားရှင်ကျန်းရန် ရောက်ရှိလာခြင်းမှာ ဖခင်၏ ရန်ကြွေးနှင့်လေပွေမိုးကြိုးဓားဂိုဏ်း၏အရိုက်အရာ ဆက်ခံနိုင်ရေးအတွက်မှအပ ဘာမျှမဖြစ်နိုင်။

ကျန်းရန်သည် ရောက်ရောက်ချင်းပင် ဓားကွက်ခင်းသည်။ ကျန်းထင်ဟုန်ကို စူးရဲ ငြိုးမာန်ကြီးစွာ ကြည့်သည်။

"ကျန်ထင်ဟုန် ... မင်းကို ငါ လိုက်ရှာနေတာ ကြာပြီ၊ ဒီနေ့တော့ မင်းဆီက ငါ့အဖေရဲ့သွေးကြွေးကို တောင်းရမယ်၊ ငါ့အဘိုးရဲ့ အမွေအနှစ်ကို အရပြန်ယူရမယ်"

ကျန်းရန် ဒေါသတကြီး ပြောသည်။ ကျန်းထင်ဟုန် မချိပြုံးကလေး ပြုံးလိုက်၏။

"မင်းက တကယ့်အချိန်ကောင်း အခါကောင်းကိုမှ ရွေးပြီးလာတတ်တာကိုး၊ ငါကလည်း မင်းတို့ ငွေဓားရှင်အုပ်စုကို လက်မရှောင်ချင်ပါဘူး"

ကျန်းထင်ဟုန်ကား စကားကို ခဏဖြတ်ကာ လီကျင်းဆွေဘက်သို့ လှည့်ကြည့်သည်။

"လီကျင်းဆွေ .. ကျုပ်ကို ခဏလောက်ခွင့်ပြုပါဦး။ ဒီကောင်နဲ့ အရင်ဆုံး ရှင်းလိုက်ဦးမယ်၊ ပြီးမှ ခင်ဗျားနဲ့ကျုပ်ကိစ္စ ဆက်ရှင်း

လို့လည်း နောက်မကျသေးပါဘူး"

လီကျင်းဆွေ နားလည်သဘောပေါက်သည်။ ရန်ငြိုးကြီးသူ နှစ်ယောက်တို့ အကြိတ်အနယ် တိုက်ခိုက်ပွဲတွင် ရှောင်ပေးဖို့မှတစ်ပါး ဘာမှမရှိ။

သိုင်းလောက စည်းကမ်းကို နားလည်သဘောပေါက်သူ ဗီဗီ ကျန်းထင်ဟုန်အား အမြတ်ထုတ်ကြားဝင်တိုက်ခိုက်ရန်လည်း မကြိုးစား။ အသာပင် နောက်ဆုတ်နေလိုက်၏။

လီကျင်းဆွေ နောက်သို့ဆုတ်သည်နှင့် ကျန်းရှန်က တိုက်ကွက်စထုတ်သည်။ ဓားအရိပ်က နေရောင်တွင် လှိုင်းထကာ ငွေရောင်ဖြာ၏။

စ,စချင်းပင် အပီပြင် အကြမ်းတမ်းဆုံးတိုက်ကွက်ကို ထုတ်သုံးသည်။ ကျန်းထင်ဟုန်ကလည်း ကြံ့ကြံ့ခိုင်ခိုင် တင်းတင်းမာမာပင် ရင်ဆိုင်သည်။

နေရောင်တွင် ရွှေခြည်ငွေခြည်လှိုင်းများက တိုက်ကြက်ဖကြီးနှစ်ကောင် ခွပ်နေကြသလို တဝုန်းဝုန်းရိုက်ခတ်၏။ မျိုးဆက်တစ်ခုတည်းမှ ပေါက်ဖွားလာ ကြသောကြောင့် ဓားကွက်များက ဆင်သည်။ သို့သော် မတူကြ။

ကျန်းထင်ဟုန်၏တိုက်က[illegible]က ခံစစ်ကို အဓိကထား



တိုက်ခိုက်သည်။ တည်ငြိမ်အေးဆေးသည်။ လှုပ်ရှားမှုတိုင်းတွင် ကြံ့ခိုင်အားပါသည်။

ပိုင်နိုင်သည့်အချက်တွင်မှ တိုက်ကွက်ထုတ်သည်။ မြွေမွေး တစ်ကောင်လို ဣန္ဒြေကြီးသည့်ဓားကွက်၊ ကြောက်မက်ဖွယ် အကောင်းဆုံးသော ဓားသိုင်းတစ်ခုဟု ဆိုရမည်။

ကျန်းရှန်၏တိုက်ကွက်များက ကြမ်းသည်၊ ရမ်းသည်။ လျှင်မြန်သွက်လက်မှုကို အခြေခံကာ တိုက်စစ်အဓိကထားသည်။ အရှိန်အဟုန်ပြင်းပြင်းဖြင့် မနားတမ်း တရစပ်တိုက်ခိုက်သည်။ ပင်လယ်လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ဖိသလို အဆက်မပြတ်။

တိုက်ကွက်က ဆင့်ပွားကွက်များ အပြောင်းအလဲများဖြင့် ရှုပ်ထွေးသည်။ မြွေဟောက်တစ်ကောင်ကဲ့သို့ ရန်လိုကာ အစွမ်းပြင်းထန်သည့် ဓားသိုင်းပညာဟု ဆိုရပေမည်။

ဓားရိပ်များ တလက်လက်ဖြာသလို လူရိပ်နှစ်ရိပ် ခုန်လွှားပျံသန်းနေကြသည်မှာ အကွက်ကျသည်။ ကြည့်ကောင်းသည်။ ကြမ်းတမ်းရက်စက်သည့်တိုက်ကွက်များ ထုတ်ဖော်နေကြသော်လည်း နှစ်ယောက်စလုံးမှာ ထိတ်ပျာခြင်းမရှိ။

အပိုင်နိုင်ဆုံး အတိကျဆုံး တိုက်ကွက်ကို ပေါ့ပါးသွက်လက်စွာ လှုပ်ရှားတိုက်ခိုက်နေကြသည်။ လက်ထဲတွင် ကိုင်ဆောင်ထား

သော ဓားရှည်များကိုပင် ကိုင်ထားသည်ဟု မထင်ရ။ ကြံ့တောင့်ကြံ့ခဲ အကြိတ်အနယ်ရှိလှသည်။

လီကျင်းဆွေသည် နံဘေးမှရပ်လျက် မျက်တောင်မခတ်စတမ်း ကြည့်ရှုနေသည်။ ကျန်းထင်ဟုန်နှင့် ကျန်းရန်တို့ နှစ်ယောက်စလုံးမှာ ရွှေဓားရှင်နှင့် ငွေဓားရှင်ဘွဲ့များ ရထိုက်ပါပေသည်ဟု စိတ်ထဲမှကျိတ်၍ ချီးကျူးနေမိသည်။

တဖြည်းဖြည်းနှင့် တိုက်ကွက်ပေါင်း ငါးဆယ်ကျော်လာသည်။ တိုက်ကွက်များလာသည်နှင့်အမျှ အခြေအနေကလည်း သိသိသာသာ ပြောင်းလဲထင်ရှားလာသည်။

လက်ရည်တူ တိုက်ခိုက်နေကြခြင်းမျိုး မဟုတ်တော့။ ကျန်းရန်သည် အောက်စည်းသို့ ရောက်ရှိလာသည်။ တိုက်စစ်ကိုသာ အဓိက ဦးစားပေးတိုက်ခိုက်နေသဖြင့် ခံစစ်က မလုံခြုံ။

အေးဆေးတည်ငြိမ်စွာ တိုက်ခိုက်နေသည့် ကျန်းထင်ဟုန်၏ တိုက် စစ်အောက်တွင် နစ်မြုပ်သည်။ အကွက်ပျက်၍ နောက်သို့ တဆုတ်တည်း ဆုတ်လာရ၏။

ကျန်းရန်သည် အောက်စည်းမှပြန်ဆည်နိုင်အောင် ကြိုးစားသေးသည်။ သူ၏ အပိုင်နိုင်ဆုံးဖြစ်သော 'သက်တန့် တိမ်ဖောက် မြစ်ရေသောက်' တိုက်ကွက်ကို ထုတ်ဖော်သည်။



သို့သော် ကျန်းထင်ဟုန်၏ 'မိုးကြိုးမုန်တိုင်း ဓားလှိုင်းတစ်ရာ' တိုက်ကွက်နှင့် ထိပ်တိုက်ရင်ဆိုင်ရသောအခါ ရွှေရောင်ဓားရိပ်များကို ထိုးမဖောက်သာခဲ့။

ရွှေရောင်ဓားရိပ်များက ကျန်းရန်တစ်ကိုယ်လုံးအပေါ်သို့ ခြိမ်းခြောက်လွှမ်းမိုးလာသည်။ မကြာခင်မှာပင် ကျန်းရန်တစ်ယောက် အသက်ပျောက်ရပေတော့မည်။

လီကျင်းဆွေမှာ တိုက်ပွဲကိုသာ အာရုံစူးစိုက်နေသဖြင့် ပတ်ဝန်းကျင်ကို သတိမထားမိ။

ကျန်းရန် ရှုံးနိမ့်အံ့ဆဲဆဲအချိန်တွင် လူရိပ်တစ်ရိပ်က တိုက်ပွဲစည်းဝိုင်းအတွင်းသို့ ရိပ်ခနဲ ခုန်ဝင်လာသည်။ တစ်ဆက်တည်းပင် လက်ထဲမှဓားရှည်ကြီး ဝှေ့ယမ်းလိုက်၏။

'ထန်း'

ကျန်းရန်အား ထိုးသွင်းတော့မည့် ကျန်းထင်ဟုန်၏ဓားချက်ကို ကြားဝင်ကာ ခံဆောင်ပေးသည်။ ကျန်းထင်ဟုန် အံ့အားသင့်သွား၏။

သူသာမက လီကျင်းဆွေနှင့် ကျန်းရန်တို့နှစ်ယောက်သည်လည်း အမှတ်မထင်ဝင်ရောက်လာသောလူစိမ်းကြောင့် တအံ့မှင်တက်နေမိ၏။

ကြွားဖြတ်ဝင်ရောက် တိုက်ခိုက်လာသူသည် ဝဝဖိုင့်ဖိုင့် လူတစ်ယောက် ဖြစ်၏။ ကိုယ်ပေါ်တွင် အစိမ်းရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားပြီး မျက်နှာတွင်ကား မျက်လုံးနှစ်လုံးသာ ဖော်လျက် ပဝါနက်ကို စည်းနှောင်ထားသည်။

လူက ဝသလောက် လှုပ်ရှားမှုက မြန်ဆန်သည်။ သွက်လက်ပေါ့ပါးသည်။ အဘယ်ကြောင့် ကျန်းထင်ဟုန်၏တိုက်ကွက်ကို ကြားဝင်ဟန့်တားရလေသနည်း။

ထိုပဝါနက် စည်းထားသူ၏ ဟန့်တားတိုက်ခိုက်မှုကြောင့် ကျန်းထင်ဟုန်မှာ ဟန်ချက်ပျက်ကာ ခန္ဓာကိုယ်ယိမ်းယိုင်လျက် နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်လိုက်ရ၏။

အခြေအနေက အခွင့်ကောင်းအခါကောင်း။ ကျန်းရန်သည် ရရှိလာသော ရှားရှားပါးပါးအခွင့်အရေးကို လက်လွှတ်မခံ။ ကျန်းထင်ဟုန် ဟန်ချက်ပျက်သည်နှင့် ရှေ့သို့ လှစ်ခနဲ တိုးဝင်ကာ လက်ထဲမှ ငွေဓားဖြင့် မြွေခေါင်းထိုး ထိုးချလိုက်တော့သည်။

တဒင်္ဂအချိန်အတွင်း ပြောင်းလဲဖြစ်ပေါ်မှုက မယုံကြည်နိုင်စရာ။ ကျန်းရန်ရှင်း၏လှုပ်ရှားမှုက မြန်ဆန်သည်၊ သွက်လက်သည်၊ အားပါ ပြင်းထန်သည်။ ပစ်မှတ်ကို တိတိကျကျ သေသေချာချာ ထိမှန်သည်။



'ဒုတ်'

ငွေဓား၏ ဓားဦးက ကျင်းထန်ဟုန်၏ နှလုံးသားနေရာ တည့်တည့်ကိုထိုးစိုက်ချသည်။ ဓားချက်တစ်ချက် ထိုးသွင်းပြီးသည်နှင့် ကျန်းရန်သည် ကိုယ့်လက်ကို စိတ်ချယုံကြည်စွာပင် နောက်သို့ အလျင်အမြန်ပင် ခုန်ပျံဆုတ်သည်။

သူ့ အဆုတ်မှာပင် ကျန်းထင်ဟုန်၏ ခန္ဓာကိုယ်က သူတူးထားသည့် တွင်းနှုတ်ခမ်းတွင် ခွေခနဲကျသည်။

"ဟာ"

လီကျင်းခွေမှာ မှင်တက်နေရာမှ သတိဝင်ကာ ကျန်းထင်ဟုန် လဲကျနေရာသို့ ပြေးဝင်လာသည်။ ထိုအချိန်မှာပင် မျက်နှာဖုံးစွပ် လူဝကြီးသည်လည်း နောက်သို့ ခုန်ဆုတ်ပြီး ကျန်းရန်အနီးသို့ ရောက်လာသည်။

ကျန်းရန်မှာ ရှုံးနိမ့်တော့မည့်အခြေအနေမှ လူဝကြီး ရောက်လာသောကြောင့် အောင်နိုင်ခဲ့သည်။ အခြေအနေပြောင်းလဲကာ ကျန်းထင်ဟုန်အား ဓားချက်မိမိရရ ပိုင်ပိုင်နိုင်နိုင် ထိုးသွင်းနိုင်ခဲ့သည်။

ထို့ကြောင့် ကယ်တင်ရှင်လူဝကြီးကို အလွန်အမင်းပင် ကျေးဇူးတင်သည်။ ဝမ်းသာပီတိဖြစ်စွာပင် ဦးညွှတ်လျက် ကျေးဇူးစကား

ဆိုဟန်ပြင်သည်။

'ရှပ်'

"အား"

မည်သို့မျှ မထင်မှတ်နိုင်သော အဖြစ်အပျက်။ လူဝကြီးသည် ကျန်းရန်ဦးညွှတ်လိုက်သည်နှင့် လက်ထဲမှဓားရှည်ကို ဆတ်ခနဲ လှုပ်ရှားလိုက်၏။ ဦးညွှတ် အရိုအသေပြုမိသော ကျန်းရန်၏ ရုတ်တရက် သတိလက်လွတ် ဝမ်းသာမိခြင်း၏ အမှားပင်တည်း။

လူဝကြီးအား လည်စင်းပေးသကဲ့သို့ ဖြစ်သွားတော့သည်။ ကျန်းရန်မှာ နာကျင်ဆွေးမြည့်စွာ အော်ဟစ်သံနှင့်အတူ မြေပြင်ပေါ်သို့ အရုပ်ကြိုးပြတ်လဲကျသွားသည်။

လူဝကြီးသည် ကျန်းရန်လဲကျသည်နှင့် နောက်ကြောင်းသို့ လှည့်၍ပင်မကြည့်။ တောင်ကြားလမ်းကလေးအတိုင်း တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

သူ့လှုပ်ရှားမှုက ထိပ်သီးကြေးစား ဓားသမားတစ်ယောက် ဖြစ်ကြောင်း သိသာထင်ရှားသည်။ မိမိကိစ္စပြီးသည်နှင့် သံယောဇဉ်ဖြတ် ခြေရာဖျောက်ခြင်းပင်တည်း။

လီကျင်းဆွေမှာ မယုံကြည်နိုင်လောက်အောင် တစ်ခုပြီး တစ်ခု ပြောင်းလဲဖြစ်ပေါ်လာသောကြောင့် ဘာလုပ်ရမှန်းမသိတော့။



အုံအားသင့် ငိုင်တွေနေမိတော့သည်။

✿

မျက်နှာဖုံးစွပ်လူဝကြီးသည် တာဝန်ကျေ ခြေရာဖျောက် ပြေးထွက်လာခဲ့သော်လည်း သူ့အတွက် ကံဆိုးသွားသည်။ သူ တောင်ကြားလမ်းကလေးထဲသို့ ပြေးဝင်စဉ်မှာပင် မျက်နှာချင်းဆိုင် ဆီမှ လူသုံးယောက်တို့ လျှောက်လာကြသည်ကို တွေ့လိုက်ရ၏။

လူသုံးယောက်၏အသက်များက ငါးဆယ်ကျော်ခန့် ရှိကြ သူများချည်းသာ ဖြစ်၏။ ဘယ်ဘက်မှလူမှာ အရပ်မြင့်မြင့်၊ ခန္ဓာ ကိုယ် သွယ်သွယ်ပါးပါး၊ နှုတ်ခမ်းမွေး ကျဲကျဲပါးပါးရှိပြီး မျက်လုံး ူငယ်အိမ်တို့က ဂနာမငြိမ်။

ရုတ်တရက်ကြည့်လျှင် ကြွက်တစ်ကောင်နှင့်ပင်တူသည်။ လယ်ကောင်မှလူမှာမူ တောင့်တင်းထွားကျိုင်းသည်။ နှုတ်ခမ်းမွေး ျင်စွယ်တို့ထူထပ်ကာ မျက်လုံးမျက်ဖန်က အတွင်းအားကောင်းသူ ာစ်ယောက်အလား အရောင်တောက်လက် စူးရှသည်။

ညာဘက်မှလူမှာမူ သာမန်ယောကျာ်းကြီးတစ်ယောက်

အသွင်မျိုး။ လက်ထဲတွင် ထူးဆန်းသည့်လက်နက်တစ်မျိုးကို ကို
ဆောင်ထားသည်။

ထိုလူသုံးယောက်သည် မျက်နှာဖုံးစွပ်လူဝကြီး ထွက်ပြေ
လာရာလမ်းကြောင်းကို ပိတ်ဆို့ရပ်နေကြသည်။ လူဝကြီး ဘာလုပ်
မည်နည်း။ ကြာကြာ စဉ်းစားနေစရာမလို။

ကြေးစားဓားသမားတိုင်းသည် တဒင် ဖြတ်ထိုးညာ
ကောင်းသူချည်းသာ ဖြစ်၏။ လုပ်သင့်သောလုပ်ငန်းကို မဆိုင်းမတ
လုပ်ကိုင်တတ်၏။

လူဝကြီးမှာ ထိုးဖောက်ထွက်ရတော့မည်။ လူသုံးယော
အနက် ဘယ်ဘက်က ထိုးဖောက်ထွက်မည်နည်း။ သူ့မျက်လုံ
တစ်ချက်ဝေ့ကြည့်လိုက်ရုံနှင့် သူနားလည်သဘောပေါက်၏။

အလယ်မှလူသည် ထိုလူသုံးယောက်ထဲ၌ ခေါင်းဆောင် ဖြ
ဟန်တူသည်။ သိုင်းပညာအဆင့်မြင့် ထက်မြက်ပုံရသည်။ ထိုသူ
တိုက်ခိုက်ထိုးဖောက်လျှင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်မည်

ဘယ်ညာနှစ်ဖက်မှ လူနှစ်ယောက် ဝင်ရောက်တိုက်ခိုက်လ
နိုင်သည်။ ထို့ကြောင့် ဘယ်ဘက်အစွန်မှလူဘက်မှ ထိုးဖောက်ထွ
ရမည်။ ထိုသူမှာ အထင်ကြီးစရာမရှိ။

ကြွက်စုတ်မျက်နှာပေါက်ရှိပြီး ကိုင်ဆောင်ထားသည့် လ



နက်ကလည်း သံကလောင်ဆူးချွန်မို့ လက်နက်တို ဖြစ်သည်။ ထို့
ကြောင့် ဓားရှည်ကို ဝှေ့ယမ်းကာ ထိုသူထံ ခုန်ဝင်တိုက်ခိုက်သည်။

'ဝှစ် … ဝှစ်'

ဓားလေတိုးသံက ကြောက်ခမန်းလိလိ။ လူဝကြီးသည် စစ
ချင်းပင် တစ်ဖက်လူ ကိုယ့်ရှိန်တွန့်အောင် အကြမ်းတမ်းဆုံး တိုက်
ကွက်ကို ထုတ်သည်။

ဓားရိပ်တို့ဖြင့် ခြိမ်းခြောက်လွှမ်းမိုးသည်။ ပြင်းထန်သော
ဓားချက်ကြောင့် ကြွက်စုတ်မျက်နှာနှင့်လူ နောက်တွန့်လိမ့်မည်ဟု
အထင်ရှိသည်။ သို့သော် သူ့တွက်ကိန်း လွဲချော်သွားသည်။

ကြွက်စုတ်မျက်နှာနှင့်လူသည် တွန့်ထစ်တုံ့ဆိုင်းခြင်း မရှိ။
သံကလောင်ဆူးချွန်ကို အကွက်ကျကျလှုပ်ယမ်းတိုက်ခိုက်ကာ ဓားရိပ်
များကြားသို့ တိုးဝင်သည်။ ပြင်းထန်လျင်မြန်စွာပင် ထိုးဖောက်သည်။

လူဝကြီး မဟန်နိုင်။ သိုင်းပညာအထက်မြက်ဆုံးလူကိုမှ သူ
ရှုးမိလေခြင်းဟု နားလည်၏။ သူ့နောင်တက နောက်ကျသွားသည်။
သံကလောင်ဆူးချွန်က သူ့တိုက်ကွက်များကို ချေဖျက်ပြီးဖြစ်နေ၏။
နောက်ဆုတ်၍မရတော့။ ရှောင်လွှဲ၍ မဖြစ်တော့။

ကိုးရိုးကားရား ဖြစ်ကာ ဟန်ချက်ပျက်သည်။ ထိုစဉ်မှာပင်
ကြွက်စုတ်မျက်နှာနှင့် လူ၏သံကလောင်ဆူးချွန်က သေကွင်း

သေကွက်ဆီသို့ ဝါးလုံးထိုး တိုးဝင်လာ၏။

"နောင်ကြီး ကြောင်ပစန်း ... သူ့ကို မသေစေနဲ့"

အလယ်မှ ခန့်ညားထွားကျိုင်းသော လူကြီးက အော်ဟစ်

သတိပေးသည်။ အချိန်မမီတော့။

'ဗွပ်'

ကြောင်ပစန်းဆိုသော ကြွက်စုတ်မျက်နှာနှင့် လူကြီး၏ သံ

ကလောင်ဆူးချွန်က လူဝကြီး၏လည်မျိုကို ထိုးဖောက်သွားပြီ ဖြစ်၏

ကြောင်ပစန်းဆိုသူက ဘာမျှမတတ်နိုင်တော့ဟန် ပခုံးတွ

ပြလျက် သံကလောင်ဆူးချွန်ကို လူဝကြီး၏အကျီစဖြင့် သွေးသုတ်ပြီ

ခါးကြားထဲတွင် ထည့်သွင်းသိမ်းဆည်းသည်။

"နောင်ကြီး ယီချန်းလီက အချိန်မီမှ ပြောမထားဘဲကိုးဗျ

ကျုပ်အကြောင်းလည်း ခင်ဗျားအသိသားနဲ့"

ကြောင်ပစန်းက သွေးအေးအေးပင် ပြောသည်။ လူတစ်

ယောက်၏အသက်ကို သတ်ဖြတ်ခဲ့မိခြင်းအတွက် စိတ်လှုပ်ရှား

စိုးစိမ့်မျှမဖြစ်။ ယီချန်းလီဆိုသော လူထွားကြီး စိတ်ပျက်စွာ ခေါင်းခါ

ယမ်း၏။

"ခင်ဗျားရဲ့ သံကလောင်လက်နက်ဟာ ဆွဲထုတ်ပြီးရင် တစ်

ချက်တည်းနဲ့ အသက်ခြွေတတ်တယ်ဆိုတာ ကျုပ်သိထားဖို့ ကောင်



တယ်၊ ခင်ဗျားကို ကြိုတင်သတိမပေးမိတာ ကျုပ်အမှားပဲ"

"နောင်ကြီး ကြောင်ပစန်းက လက်မရွံ့ သတ်ဖြတ်တတ်

ပေမယ့် ဒီမျက်နှာဖုံးစွပ်လူဝကြီးကတော့ ဆယ်ခါပြန် သေထိုက်တဲ့

ကောင်ပါဗျာ၊ လူခြောက်ယောက်ရဲ့ အသက်ကို တစ်ချက်မတွန့်ဘဲ

ဓာစ်ပြိုင်တည်း သတ်ဖြတ်လာခဲ့ပြီးပြီဆိုတော့ ဒီကောင့်အတွက်

ထိုက်သင့်တဲ့ အပြစ်ဒဏ်က သေခြင်းတရားကလွဲပြီး ဘာမှ မရှိပါဘူး"

ညာဘက်မှ လခြမ်းဓားကွေးကိုင်ထားသူက ဝင်ပြောသည်။

ယီချန်းလီဆိုသော လူကြီး သက်ပြင်းတစ်ချက်ချသည်။

"နောင်ကြီးရှောင်ရွှံးပြောတာတော့ မှန်ပါတယ်၊ ဒါပေမဲ့

ကျုပ် သူ့ကို ဘာကြောင့် အပြစ်မဲ့တဲ့ စားသောက်ဆိုင်အလုပ်သမား

ခြောက်ယောက်ကို သတ်ဖြတ်သွားခဲ့ရတာလဲဆိုတာ စုံစမ်းစစ်ဆေး

ကြည့်ချင်တယ်၊ ဘယ်သူ့စေခိုင်းချက်ကြောင့် သိုင်းသမားတွေလည်း

မဟုတ်၊ ရန်ငြိုးရန်စ မရှိတဲ့သူတွေကို သတ်ဖြတ်ရတာလဲဆိုတာ မေး

ကြည့်ချင်တယ်၊ အခု သူသေသွားတော့ ခက်ကုန်ပြီပေါ့"

"အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရပါဘူးဗျာ၊ သူ သေ

သွားပေမယ့် အဖြေက တစ်နေ့နေ့ကျရင် ပေါ်ပေါက်လာရမှာပါ"

ကြောင်ပစန်းက သူ့အမှားအတွက် ဖြေပြောပြောသည်။

ယီချန်းလီ စိတ်ပျက်လက်ပျက် ခေါင်းခါယမ်းလိုက်သည်။

"အဖြေပေါ်ဖို့က လမ်းစပျောက်သွားပြီ၊ သဲလွန်စက ဒီကောင့်ဆီမှာပဲ ရှိနေတာ မဟုတ်လား။ သူကလွဲလို့ ဘယ်သူသိနိုင်ဦးမှာလဲ"

"ကျွန်တော် ပြောပြနိုင်တယ်"

တစ်စုံတစ်ယောက်၏ အခိုင်အမာ ပြောလိုက်သံက ဗိုဗိုသသကြီး ထွက်ပေါ်လာသည်။ ယီချန်းလီ၊ ရှောင်ရှုံးနှင့် ကြောင်ပစန်းတို့ သုံးယောက်စလုံး အသံထွက်ပေါ်ရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ရွှေဓားရှင် ကျန်းထင်ဟုန်ပင်တည်း။ ကျန်းထင်ဟုန်သည် ကျန်းရန်၏ဓားချက် တိတိကျကျထိမှန်သော်လည်း အသက်မသေသေး။ သူတူးထားသည့် တွင်းနှုတ်ခမ်းတွင် လဲလျောင်းလျက် ရှိ၏။

ယီချန်းလီတို့သုံးယောက် ကျန်းထင်ဟုန်အနီးသို့ လျှောက်လာခဲ့ကြသည်။ ကျန်းထင်ဟုန်သည် လဲကျနေရာမှ ကြိုးစားကာ ထထိုင်သည်။ ယီချန်းလီက မျက်မှောင်ကြုတ်လျက် ကြည့်ပြီးလျှင်...

"မင်းက ဘာသိထားလို့ ပြောနိုင်ရတာလဲ"

"ဆရာကြီးတို့ ဟာသ်ာမယ်ကို သိထားကြတယ်မဟုတ်လား"

ဟာသ်ာမယ်ဆိုသော အမည်စကားကြောင့် ယီချန်းလီတို့ အားလုံး စိတ်ဝင်တစားဖြစ်သွားကြ၏။ လှုပ်လှုပ်ရှားရှား အထိတ်တလန့်အမူအရာက မျက်နှာအသီးသီးတွင် ထင်ပေါ်သည်။



ဟာသ်ာမယ်၊ ဟာသ်ာနန်းတော်တို့သည် သိုင်းလောကသားတိုင်းအတွက် စိတ်ဝင်စားစရာကောင်းသော ပဟေဠိပုစ္ဆာတစ်ခုလိုဖြစ်နေသည် မဟုတ်ပါလား။

"အခု ကို့ ဒီမှာဖြစ်ပျက်နေတဲ့ကိစ္စတွေက ဟာသ်ာမယ်နဲ့ ပတ်သက်နေလို့လား"

ယီချန်းလီက သံသယအမေး မေးသည်။ ကျန်းထင်ဟုန်အသက်တစ်လုတ်ကို အားပါးတရ ရှိုက်သွင်းသည်။

"ပတ်သက်တယ်, မပတ်သက်ဘူးဆိုတာ ကျွန်တော့်စကားဆုံးရင် ဆရာကြီးတို့ သိလာကြမှာပါ"

ကျန်းထင်ဟုန်က စကားအစချီကာ ဖြစ်ပျက်ခဲ့သမျှ ကိစ္စတို့ကို ပြောပြလိုက်တော့သည်။

❋

"ရဲယင်စန်းနဲ့ ဟူဖေးလီတို့ နှစ်ယောက်ကို အဆိပ်ခတ် လုပ်ကြံတဲ့လူဟာ တကယ့်ကို ပိရိသေချာပါတယ်၊ ကျွန်တော် ယွင်နန်တောင်ခြေမှာ ရှိနေတဲ့အကြောင်း ကျွန်တော့်ရန်ပြိုးရန်ဘက်ကြီး ငွေ

ဓားရှင် ကျန်းရန်ကို သတင်းပေးခဲ့တယ်၊ ကျန်းရန်နဲ့အတူ ကြေးစားဓားသမားတစ်ယောက်ကလည်း ပါလာပါသေးတယ်၊ သစ္စာကိုယ်တော်လေးပါးတည်းသာ သိထားတဲ့ ယွင်နန်တောင်ခြေက ဟသ်ာကျောက်နီ အမိန့်ပေးဆင့်ဆိုစာကို အပြင်လူ ဘယ်သူသိနိုင်မှာလဲ၊ ကျန်းရန်နဲ့ ဒီကြေးစားဓားသမားတို့ ရောက်လာတာဟာ တိုက်ဆိုင်မှုလို့ ဆိုနိုင်မလား ...၊

အကောက်ကြံတာကတော့ တကယ့်ကို အကွက်စေ့တာပါပဲ၊ ရဲယင်စန်းနဲ့ ဟူဖေးလီတို့ကို အဆိပ်ခတ်သတ်မယ်၊ ကျွန်တော့်ကိုတော့ ကြေးစားဓားသမားနဲ့ ကျန်းရန်တို့ နှစ်ယောက်ပေါင်းပြီး သတ်ဖြတ်မယ်၊ ပြီးတော့ ကျန်းရန်ကိုလည်း လက်စတုံး နှုတ်ပိတ်ပစ်ဖို့ ကြေးစားဓားသမားကို မှာထားခဲ့တယ်၊ ဒါမှလည်း သဲလွန်စ ရှာမရမှာကိုး၊ သစ္စာကိုယ်တော်သုံးပါး သေဆုံးသွားပြီဆိုရင် ဟသ်ာဒေဝီအတွက် ရွေးချယ်စရာ ကြင်ဖက်တော်က တစ်ယောက်တည်း ရှိတော့မှာပေါ့၊ အဖြေကတော့ ရှင်းပါတယ် ... လုပ်ကြံတဲ့လူဟာ ဘယ်သူဖြစ်မယ်ဆိုတာ ဆရာကြီးတို့ တွေးဆကြည့်လို့ သိနိုင်ပါပြီ"

ကျန်းထင်ဟုန်က သူ့စကားကို အဆုံးသတ်သည်။ လုပ်ကြံသူက တရားခံ မည်သူဖြစ်ကြောင်း နှုတ်မှထုတ်ဖော်မပြောသော်လည်း သူ၏စွပ်စွဲတင်ပြချက်က ရှင်းလင်းနေသည်။ အကျိုးအကြောင်း ဆီလျော်နေသည်။



ထိုသူသုံးယောက်မှာ သာမန်အညတရများ မဟုတ်ကြ။ ယွင်နန်နယ်၏သမာဓိသိုင်းသမားကြီးများ ဖြစ်ကြ၏။ ယွင်နန်နယ်တွင်သာမက ... သိုင်းလောက၏ပြဿနာများ၊ မတရားမှုများကို ကိုင်တွယ်ဖြေရှင်းပေးတတ်သည့် တွေးခေါ်မြော်မြင် ဉာဏ်ပြည့်ဝသူများ ဖြစ်၏။

ကျန်းထင်ဟုန်၏စကားဆုံးသည်နှင့် သူတို့၏အကြည့်များက တိမ်နဂါးလီကျင်းဆွေထံသို့ ဖျတ်ခနဲ ရောက်ရှိသွားကြလေတော့သည်။ သာမန်အကြည့်မျိုး မဟုတ်။

တရားခံတစ်ယောက်ကို ကြည့်သောအကြည့်။ မင်း ပြေးလို့လွတ်ပါဦးမလားကွာ ဆိုသောအကြည့်။ ဘယ်လိုကြည့်ကြည့်ကြ ... လီကျင်းဆွေက မတုန်လှုပ်။ တည်ငြိမ်အေးချမ်းစွာပင် ရပ်လျက်ရှိ၏။

ပြဿနာအရပ်ရပ်သည် သူနှင့် မပတ်သက်သလို၊ သူမြင်တွေ့သိရှိခြင်း မဟုတ်သလို ငြိမ်းချမ်းနေ၏။

ယီချန်းလီသည် မြေတွင်းထဲတွင် အဆိပ်မိကာ သေဆုံးနေသော ရဲယင်စန်းနှင့် ဟူဖေးလီတို့ကိုလည်းကောင်း၊ မျက်နှာဖုံးစွပ်လူဝကြီး ဓားချက်အောက်တွင် အသက်ပျောက်ခဲ့ရသော ကျန်းရန်၏

အလောင်းကိုလည်းကောင်း အသေအချာပင် စစ်ဆေးကြည့်ရှုသည်။

ကျန်းရန်၏အလောင်းဘေးမှ ငွေဓားကို ကောက်ယူပြီး လက်တွင်ဆသသည်။ အနေ့ာင့်မှအဖျားအထိ စိမ်ပြေနပြေ ကြည့်ရှုသည်။

"အင်း ... ငွေဓားရှင် ကျန်းရန်ဟာ လူငယ်ဓားသိုင်းပညာရှင်တွေထဲမှာ ပထမတန်းစား ဓားသိုင်းသမား တစ်ယောက်ပဲ၊ သူ့ရဲ့ 'သက်တန့်တိမ်ဖောက် မြစ်ရေသောက်' ဓားသိုင်းကွက်ဟာ ပြိုင်ဘက်ကင်းတယ်၊ သူ့ဓားချက်တွေကလည်း တိကျမှန်ကန်တယ်၊ ပစ်မှတ်ကို တစ်ချက်ကြည့်ပြီး မျက်စိမှိတ် ဆယ်ပတ်လောက်လှည့်ပြီး ထိုးစိုက်ရင်တောင် စပါးလုံးကာစ်ထောက် မလွဲဘူးလို့ အဆိုရှိတယ်"

"ဆရာကြီးတို့ ပြောတာ မှန်ပါတယ်၊ ကျန်းရန်ဟာ ပစ်မှတ်ကို တစ်ချက်မလွဲအောင် လက်ဆတိကျမှန်ကန်ပြီး ၁ွက်လက် ဖျတ်လတ်ပါတယ်၊ သူ့သမိုင်းကြောင်းမှာ ရန်သူကို သေသွင်း သေကွက်လွဲချော်အောင် တိုက်ခိုက်မိတယ်ဆိုတာ တစ်ခါမျှ မရှိခဲ့ပါဘူး"

"အေး ... အဲဒီလောက် တိကျသေချာတဲ့ လူတစ်ယောက်က ဓားတစ်ချက် အပိုင်ထိုးသွင်းလိုက်တာတောင် မင်းကျတော့ ဘာကြောင့် လွဲချော်သွားရသလဲ၊ ဘာကြောင့် အသက်မသေရတာလဲ"

ယီချန်းလီသည် တောင်ကြားလမ်းထဲသို့ ရောက်စမှာပင်



ကျန်းရန်က ကျန်းထင်ဟုန်၏ ဘယ်ဘက်ရင်အုံ တည့်တည့်သို့ ဓားတစ်ချက် တိတိကျကျ ထိုးစိုက်ချလိုက်သည်ကို အသေအချာ မြင်တွေ့လိုက်ရသောကြောင့် မေးလိုက်ခြင်း ဖြစ်၏။

ကျန်းထင်ဟုန်က အေးဆေးတည်ငြိမ်စွာပင် ...

"ကျန်းရန်ရဲ့ ဓားချက်က လွဲချော်မသွားပါဘူး"

"လွဲမသွားရင် မင်းလည်း အသက်မရှင်နိုင်တော့ဘူး၊ အခုတော့ ဘာကြောင့် အသက်မသေဘဲ အကောင်းပကတိအတိုင်း ရှိနေရတာလဲ"

ကျန်းထင်ဟုန် နှုတ်မှမဖြေ။ သူ့ကိုယ်ပေါ်တွင် အထပ်ထပ်ဝတ်ဆင်ထားသော အင်္ကျီများကို ချွတ်သည်။ အောက်ခံအင်္ကျီ၏ ဘယ်ဘက်ရင်အုံတည့်တည့်တွင်ရှိသော လျှို့ဝှက်အိတ်ကပ်ကလေး တစ်ခုအတွင်းသို့ လက်နှိုက်သည်။

အနီရောင်ဖဲစဖြင့် အထပ်ထပ် ရစ်ပတ်ထားသော အထုပ်ကလေးတစ်ခု ထွက်လာ၏။ ဖဲစတို့မှာ အလယ်တည့်တည့်မှ စုတ်ပြဲဖွာထွက်နေ၏။

ဖဲစကလေးကို ဖြည်လိုက်သောအခါ မတ်ထုခန့်ထူပြီး ကျပ်ပြားဝိုင်းသာသာရှိသော ကျောက်စိမ်းပြားကလေးတစ်ခု ထွက်လာ၏။

အကောင်းပကတိအတိုင်းတော့မဟုတ်။ အစိတ်စိတ်အမြွာမြွာ ကွဲကြေလျက်ရှိ၏။ ကျန်းရန်၏ဓားချက်ကို ထိုကျောက်စိမ်းပြားကလေးက ကာကွယ်ခံဆောင်သွားခြင်းပင်တည်း။

ကျောက်စိမ်းပြားကလေး ခံနေသောကြောင့် ကျန်းထင်ဟုန်၏နှလုံးသားနေရာတစ်ဝိုက်တွင်ကား ဓားချက်အရှိန်ကြောင့် စက်ဝိုင်းသဏ္ဍာန် ညိုမည်းနေသည်ကို ယီချန်လီတို့ တွေ့လိုက်ကြရလေသည်။

"ဒီကျောက်စိမ်းပြားကလေးဟာ ကျွန်တော့်ချစ်သူ ချီယင်နဲ့ ကျွန်တော်တို့ရဲ့ ချစ်သက်သေ သစ္စာနဲ့ အထိမ်းအမှတ် ကျောက်စိမ်းပြားကလေးပါ။ ကျွန်တော့်ချစ်သူကို ချစ်လွန်းလို့ ကျွန်တော့်နှလုံးသားနဲ့ အနီးဆုံးနေရာမှာ ထားခဲ့တာပါ။ အခုတော့ ဒီပစ္စည်းကလေးက ကျွန်တော့်အသက်ကို ကယ်တင်ပေးခဲ့သလို ဖြစ်သွားရပါပြီ၊ ဒါပေမဲ့ ကျွန်တော်တို့ ချစ်သက်သေ သစ္စာနဲ့ အထိမ်းအမှတ် ပစ္စည်းကလေးမို့ ကျွန်တော် သေရသလောက်ကို နှမြောဝမ်းနည်းလှပါတယ်"

ကျန်းထင်ဟုန်က ရှင်းပြပြီးလျှင် ကျောက်စိမ်းပြား အကွဲအကြေကလေးကို လက်ဝါးပေါ်တွင် နှမြောတသစွာ ငေးစိုက်ကြည့်နေ၏။

အမှန်တကယ်ပင် စိတ်ထိခိုက် ဝမ်းနည်းနေပုံရ၏။ မျက်နှာအသွင်က ညှိုးမှိုင်းကာ မျက်ရည်ကြည်ကလေးများပင် ရစ်ဝိုင်းလာသည်။ ယီချန်းလီ သဘောပေါက်နားလည်သွားသလို သက်ပြင်း တစ်ချက် ချ၏။



"သူငယ်လေး ... မင်းကို ငါ မသိပေမယ့် မင်းကိုင်ထားတဲ့ ရွှေဓားကိုတော့ ငါကောင်းကောင်း သိနေတယ်"

"ဟုတ်ကဲ့ ... ဒီဓားက ကျွန်တော့်ဖေဖေရဲ့ မျိုးစဉ်ထိန်းဓားပါ၊ ကျွန်တော်တို့အတွက် အမြတ်တနိုး တလေးတစား ထားရတဲ့ ပစ္စည်းပါ"

"ဒါဆိုရင် မင်းဟာ ရွှေဓားရှင် ကျန်းထင်ဟုန်ပေါ့"

"ဟုတ်ပါတယ် ခင်ဗျာ ... ဆရာကြီးတို့ကကော ဘယ်သူတွေလဲဆိုတာ သိပါရစေ"

"ငါကတော့ ယွင်နန်နယ်က ကျားနက်ဂိုဏ်းခွဲမှူး ယီချန်းလီပဲ၊ ဒီလူက ငါ့မိတ်ဆွေ ကျားငါးကောင် ကြောင်ပစန်း၊ ဒီတစ်ယောက်ကတော့ လခြမ်းဓားကွေး ရှောင်ရှုံးပဲ"

"ဟာ ... ဝမ်းသာလိုက်တာ ခင်ဗျာ၊ အခု ပြဿနာအရှုပ်အရှင်းဖြစ်နေတဲ့အချိန်မှာ ဆရာကြီးတို့လို သိုင်းလောကမှာ ထင်ရှားပြီး သမာဓိရှိတဲ့ သိုင်းသမားကြီးတွေ အမှတ်မထင် ရောက်လာကြတာ ကံကောင်းတာပါပဲ"

ကျန်းထင်ဟုန်က ဝမ်းသာအားရပြောဆိုကာ သိုင်းလောက

ဆိုးစံအတိုင်း ဂါရဝပြုသည်။ သိုင်းလောကတွင် ကျားနက်ဂိုဏ်းမှာ အရှိန်အဝါကြီးသည်။

အဖြူရောင် လမ်းမှန်ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့်ပြင် ဂိုဏ်းသားများ စည်းကမ်းကောင်းမွန်ခြင်း၊ သိုင်းပညာထူးချွန် ထက်မြက်ခြင်းတို့ကြောင့် သိုင်းလောကသားတိုင်း လေးစားကြသည်။

ယီချန်းလီသည် ယွင်နန်နယ်ဂိုဏ်းခွဲမှူးတစ်ယောက် ဖြစ်သော်လည်း ကျားနက်ဂိုဏ်းချုပ်ကြီးနှင့် ပခုံးချင်းယှဉ် နာမည်သတင်း ကျော်စောသူ ဖြစ်၏။

ကျားငါးကောင် ကြောင်ပစန်းနှင့် လခြမ်းဓားကွေး ရှောင်ရွှီးတို့သည်လည်း သူ့အဆင့်နှင့်သူ အထိုက်အလျောက် နာမည်ထင်ရှားသူများ ဖြစ်ကြ၏။

ထိုသို့သောပုဂ္ဂိုလ်များ ရှိနေခြင်းသည် ပြဿနာ အရှုပ်အထွေးကို တစ်နည်းတစ်ဖုံ ဖြေရှင်းစီစဉ်ပေးနိုင်သည် မဟုတ်ပါလား။ တကယ်တော့ ယီချန်းလီတို့သုံးယောက်သည် ဤယွင်နန်းတောင်ခြေသို့ ရည်ရွယ်ချက်ဖြင့် ရောက်ရှိလာကြခြင်း မဟုတ်ပေ။

အအေးပိုသဖြင့် စောစောစီးစီး အချမ်းပြေအရက်သောက်ချင်သောကြောင့် သူတို့သောက်နေကျစားသောက်ဆိုင်ကလေးသို့ ထွက်လာကြသည်။



ထိုစားသောက်ဆိုင်သို့ ရောက်သည့်အချိန်တွင် သူတို့ကြိုက်နှစ်သက်သော နှစ်တစ်ရာယူနန်အရက်က မရှိတော့။ အရက်ကရားအိုးကြီး နှစ်အိုးအပြည့် စားသောက်ဖွယ်ဟင်းလျာတို့ဖြင့် ယွင်နန်တောင်ခြေသို့ ပို့ပေးရကြောင်း စားသောက်ဆိုင်ပိုင်ရှင်၏ ပြောစကားအရ သိရှိခဲ့ကြသည်။

သူတို့သုံးယောက်သည် ယွင်နန်နယ်တစ်ဝိုက်တွင် ကျွမ်းကျင်နံ့စပ်ကြသူများ ဖြစ်၏။ လူသူမရှိ နှင်းများ တသောသောကျသော တောင်ခြေတွင် စောစောစီးစီး စားသောက်ပွဲ ကျင်းပကြမည်ဆိုသဖြင့် အလွန်ပင် စိတ်ဝင်စားသွား၏။

ထူးခြားချက် တစ်စုံတစ်ရာ တွေ့ကောင်းတွေ့နိုင်သည်ဟု ထင်မှတ်ကာ ထွက်လာခဲ့ကြခြင်း ဖြစ်၏။ ထိုသို့လာခဲ့ကြရာ လမ်းခရီးတွင် စားသောက်ဆိုင် အလုပ်သမားကလေးခြောက်ယောက် ဓားအဏ်ရာကိုယ်စီဖြင့် သေဆုံးနေသည်ကို တွေ့ခဲ့ကြ၏။

ဓားချက်ကလည်း ပိုင်နိုင်သည်။ ချက်ကောင်းကို တစ်ချက်တည်းခုတ်ပိုင်းကာ သတ်ဖြတ်ခဲ့ကြ၏။ နဂိုကတည်းကမှ စိတ်ဝင်စားမှုရှိနေသည့်အထဲ ထူးခြားသောအဖြစ်အပျက်ကို တွေ့ရသောအခါ စူးစမ်းလိုမှုကို ထိန်းချုပ်မရတော့။

ပြဿနာက အဖြေကို ဖော်ထုတ်လိုစိတ် တားမရတော့။

ထို့ကြောင့် ယွင်နန်တောင်ခြေသို့ အမြန်ဆုံးလိုက်လာခဲ့ရာမှ ကြေးစားဓားသမားနှင့် အရင်ဆုံး တွေ့ဆုံပြီး ကျားငါးကောင် ကြောင်ပစန်းက အပြစ်ပေး သတ်ဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

❖

ကျန်းထင်ဟုန်၏ ရှင်းလင်းပြချက်များကြောင့် ပြဿနာအားလုံး၏ အဓိကလက်သည်တရားခံမှာ လီကျင်းဆွေ ဖြစ်ကြောင်း ထင်ရှားနေချေပြီ။

အဖြစ်အပျက်ကွင်းဆက်များက သူ့အတွက် ဖြေရှင်းနိုင်စရာ ထွက်ပေါက်မရှိတော့။ ယီချန်းလီတို့၏ အကြည့်များက ရှုံ့ရှာမုန်းတီးစက်ဆုပ်စွာ သူ့ကိုယ်ပေါ်သို့ စူးဝင်ရောက်ရှိနေလေပြီ။

သို့သော် လီကျင်းဆွေက အေးစက်စက် တည်တည်ငြိမ်ငြိမ်ပင် ရှိနေ၏။ အမူအရာတစ်ချက်မပျက် ဟုန်လှုပ်ထိတ်လန့်မှု စိုးစဉ်မျှမဖြစ်။

ယီချန်းလီသည် လီကျင်းဆွေကို စူးစိုက်ကြည့်ကာ တွေးတောစဉ်းစားနေ၏။ ကြောင်ပစန်းကမူ အရာရာကို စိတ်တိုင်းမကျ



ဟန်ဖြင့် အလောင်းကောင်များကို လိုက်လံကြည့်ရှု၏။

ကြေးစားဓားသမား လူဝကြီးနှင့် ကျန်းရန်တို့၏ကိုယ်ပေါ်သို့ စမ်းသပ်ရှာဖွေသည်။ ကြေးစား ဓားသမား၏ အင်္ကျီအိတ်များထဲသို့ နှိုက်လိုက်သောအခါတွင်ကား ပစ္စည်းတစ်စုံတစ်ခုကို တွေ့ရှိရ၏။

"ဟာ ... ဒီမှာ .... ဒီမှာ ကြည့်စမ်းပါဦး"

ကြောင်ပစန်း တအံ့တဩပင် ရေရွတ်ပြီး လက်ထဲမှ ပစ္စည်းကလေးကို ယီချန်းလီတို့မြင်အောင် မြှောက်ပြသည်။ ကျောက်နီပြားကလေးတစ်ပြားနှင့် ရွှေအပြားကလေးတစ်ချပ်ကို ပိုးကြိုးဖြင့် တွဲဆက်ထားသောပစ္စည်းကလေးပင်တည်း။

ကြောင်ပစန်းသည် ထိုကျောက်နီရွှေပြားကလေးကို ယီချန်းလီတို့အနီးသို့ ယူဆောင်လာသည်။ အနီးသို့ရောက်လျှင် ရွှေပြားကလေးကို အသေအချာကြည့်၏။

တိမ်တိုက်များအကြားတွင် ပျံသန်းနေဟန် နဂါးရုပ်ကလေးတစ်ရုပ်ကို ထွင်းထုထား၏။ ထိုနဂါးရုပ်၏ တစ်ဖက်မျက်နှာစာတွင်ကား 'မိုးပျံနဂါး' ဆိုသော စာတန်းကို ရေးထိုးထား၏။

မိုးပျံနဂါးဂိုဏ်း၏အဖွဲ့ဝင်သင်္ကေတ အထိမ်းအမှတ်ပစ္စည်းတစ်ခုပင်တည်း။ အခြေအနေက ပို၍ရှုပ်ထွေးသွားပြီ။ အပြစ်အားလုံးအတွက် စုပုံတာဝန်ကျနေသော ...

လီကျင်းချွေအဖို့ ဘူးလေးရာ ဖရုံဆင့်ချေပြီ။ လီကျင်းချွေသည် မိုးပျံနဂါးဂိုဏ်းချုပ်ကြီး၏ တစ်ဦးတည်းသောသားဖြစ်၏၊ တိမ်နဂါးဟူသော ဘွဲ့အမည်ဖြင့် ကျော်ကြားသော [illegible] တစ်ပါးလည်း ဖြစ်၏။

ယခု ကြေးစားဓားသမား၏ကိုယ်ပေါ်မှ မိုးပျံနဂါး ဂိုဏ်း၏ အထိမ်းအမှတ်ပစ္စည်း ရှာတွေ့သဖြင့် သံသယများက ပိုမို ခိုင်မာကြီးမားခဲ့ရချေပြီ။ ယီချန်းလီတို့သုံးယောက် တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။ ပေါ့ပေါ့တန်တန် ကြည့်ခြင်းမဟုတ်။ ဘယ်လိုလုပ်ကြမလဲဆိုသော တစ်ယောက်ကိုတစ်ယောက် မျှော်လင့်အားကိုးသောအကြည့်မျိုး။

ယီချန်းလီ စိတ်ရှုပ်ထွေးမည်ဆိုလည်း စိတ်ရှုပ်ထွေးလောက်သည်။ ယွင်နန်တောင်ခြေ၏ လုပ်ကြံသတ်ဖြတ်မှုက အပေါ်ယံအားဖြင့်ကြည့်လျှင် ဘာမျှမဖြစ်လောက်။

စားပွဲထိုးခြောက်ယောက် သေဆုံးရခြင်းက ပြဿနာ မကြီးထွားနိုင်။ ကျန်းရှန် လုပ်ကြံခံရခြင်းကလည်း ရန်ငြိုးရန်စများ ဆက်နွယ်မှုကြောင့်ဟု ဖြေနိုင်သည်။

ရဲယင်စန်းနှင့် ဟူဖေးလီတို့နှစ်ယောက် လုပ်ကြံအဆိပ်ခတ်ခံရခြင်းကမူ တကယ့်မီးခဲကြီးပင်တည်း။ ရဲယင်စန်းသည် သစ္စာ



ကိုယ်တော်တစ်ပါးဖြစ်သလို နှင်းဖြူရဲတိုက်၏ သခင်ကလေး ဖြစ်၏။

နှင်းဖြူရဲတိုက်သည် သိုင်းလောကၣ် အရှိန်အဝါရှိသလို အင်အားတောင့်တင်းသည်။ ထို့အတူ ဟူဖေးလီမှာ သံယပ်တောင်ဂိုဏ်းချုပ်ကြီး၏တစ်ဦးတည်းသောသားဖြစ်၏။

သံယပ်တောင်ဂိုဏ်းသည်လည်း လမ်းမှန်သိုင်းဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်နှင့်အညီ သိုင်းလောကၣ် ဩဇာတိက္ကမကြီးသည်။ တပည့်တပန်း ပေါများသည်။

သို့အတွက် ရဲယင်စန်းနှင့် ဟူဖေးလီတို့ လုပ်ကြံခံရခြင်းသည် သိုင်းလောကၣ် ကြီးစွာသောဂယက်ရိုက်ခတ်မှု ဖြစ်မည်မလွဲ။ ပတ်သက်သော သိုင်းအဖွဲ့များက ကျေနပ်ကြမည်မဟုတ်။

လက်တုံ့ပြန်ခြင်း၊ ကလဲ့စားချေခြင်းတို့ဖြင့် သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပေါ်လာနိုင်သည်။ မဆုံးနိုင်သော သွေးကြွေးသံသရာတို့သည်လည်း လည်ပတ်လာနိုင်သည်။

ထို့ကြောင့် ဤကိစ္စကို သိမ်သိမ်မွေ့မွေ့ အမှန်ကန်ဆုံး၊ အရားနည်းလမ်းအကျဆုံး ဖြေရှင်းကိုင်တွယ်နိုင်မှ ဖြစ်ပေမည်။ သက်ဆိုင်သော ဂိုဏ်းအဖွဲ့အစည်းများ၏ ကျေနပ်မှုရရှိအောင် ဆောင်ရွက်ပေးမှ သင့်တော်ပေလိမ့်မည်။

အတိမ်းအစောင်း အမှားအယွင်း စိုးစဉ်းမျှ အဖြစ်မခံနိုင်။

တိကျမှန်ကန်သောတရားခံကို ဖော်ထုတ်ရပေမည်။ ခိုင်လုံသော သက်သေအထောက်အထားတို့ ပြနိုင်ရပေမည်။

သံသယစိတ်မှန်းဖြင့် ပရမ်းပတာ ဆုံးဖြတ်ချက် တစ်ကွက်မှားလျှင် ကြီးမားသော ဆိုးရွားသည့်အကျိုးဆက်တို့ တရစပ် မနားတမ်း ထွက်ပေါ်လာနိုင်သည်။

ထို့ကြောင့် လက်ရှိအနေအထားအရ လက်သည် တရားခံဟု လီကျင်းဆွေကို သတ်မှတ်မရသော်လည်း ယီချန်းလီသည် တစ်ထစ်ချ စွပ်စွဲမှု မပြုသေး။

သံသယသားကောင်အဖြစ်သာ သတ်မှတ်နိုင်သေးသည်။ လီကျင်းဆွေ၏ရှင်းပြခြင်းကို နားထောင်ရဦးမည်။ သို့မဟုတ် ဝန်ခံထွက်ဆိုမှုကို ကြားနာရပေဦးမည်။ ထို့ကြောင့် ယီချန်းလီက သိမ်မွေ့တည်ကြည်သော အမူအရာဖြင့် ...

"ကဲ တူမောင် လီကျင်းဆွေ ... အဖြစ်အပျက်အားလုံးနဲ့ သက်သေခံပစ္စည်းတွေကတော့ တူမောင့်ကို လုပ်ကြံသူတစ်ယောက်အဖြစ် ဖော်ပြနေကြပြီ၊ တူမောင့်ဘက်က ဘာတွေများ ပြောချင်သေးလဲ"

လီကျင်းဆွေ တည်တည်ငြိမ်ငြိမ်ပင် ရှိသေး၏။ ယီချန်းလီက သိမ်မွေ့စွာ ပြောဆိုလာသော်လည်း အကြည့်မျက်လုံးများကမူ မင်း



ငြင်းလို့ မရတော့ပါဘူးကွာ၊ ဝန်ခံလိုက်ပါတော့ဆိုသော တရားခံတစ်ယောက်အပေါ် အပ်ကျမပ်ကျ သတ်မှတ်ပြောဆိုသည့် အကြည့်မျိုး ဖြစ်နေသည်။

ယီချန်းလီသာမက ... ကြောင်ပစန်းနှင့် ရှောင်ရှုံးတို့၏ အကြည့်များကလည်း ထို့နှယ်ပင် ဖြစ်၏။ လီကျင်းဆွေသည် ထိုသူသုံးယောက်နှင့်အတူ ကျန်းထင်ဟုန်ကိုပါ တစ်ချက်ဝေ့ကြည့်သည်။

ပြတ်ပြတ်သားသား တင်းမာခြင်းမဟုတ်သော်လည်း သူတစ်ချက်မှားလျှင် ထိုလေးယောက်၏လက်ထဲတွင် ကားခနဲ ကျသွားနိုင်သည်ဟု နားလည်သည်။

ပြဿနာကို ဖန်တီးသူသည် မိမိမဟုတ်။ လုပ်ကြံဖို့ နေနေသာသာ ... စိတ်နှင့်ပင် ပြစ်မှားခြင်းမရှိ။ သို့သော် ဖန်တီးလာသော အကြောင်းတရားများက သူ့အတွက် ရှန်းမရ ဖယ်မရ။

တကယ်ကျူးလွန်ခြင်းမဟုတ်သော အပြစ်တစ်ခုအတွက် အချောင်သက်သက် တရားခံအဖြစ်မခံနိုင်။ မိမိ အသက်သေရသည်က အကြောင်းမဟုတ်။

ခေါင်းငုံ့ခံလိုက်သည်နှင့် အပြစ်ကျူးလွန် ဖန်တီးသူသည် ဝမ်းသာပီတိ ဖြစ်ချေတော့မည်။ ပိရိသေသပ်စွာ စီစဉ်ထားသဖြင့် ကျော့ကွင်းက သူ့ကိုယ်ပေါ်တွင် အထပ်ထပ်ရစ်ပတ်နေသည်။ အမှန်

တရားက လုံးဝပျက်သုဉ်း ကွယ်ပျောက်သွားတော့မည်။

မိမိမှာ အပြစ်မရှိဘဲ ခံလိုက်ရကြောင်းကို လုပ်ကြံသူမှတစ်ပါး မည်သူမျှ သိရှိနိုင်မည်မဟုတ်။ အမှန်တရားလမ်းကြောင်းပေါ်တွင် သစ္စာဘက်တော်သားအဖြစ် လျှောက်လှမ်းခဲ့သော မိမိ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကြေပျက်ရပေတော့မည်။

မိမိ၏ဖခင်ကြီးနှင့် မိုးပျံနဂါးဂိုဏ်းအဖွဲ့၏ ဂုဏ်ဒြပ်လည်း ညှိုးနွမ်းမှေးမှိန်သွားရပေတော့မည်။ ထိုအဖြစ်အပျက်မျိုး အဖြစ်ခံလေမည်လား။

လီကျင်းဆွေ ... မင်း ဘာလုပ်မလဲ၊ မင်းက ဘာလုပ်ဖို့ ဆုံးဖြတ်မလဲ။ လီကျင်းဆွေခေါင်းထဲတွင် ထိုမေးခွန်းတို့က စောစီးစွာကပင် ကြိုတင်ဖြစ်ပေါ်ခဲ့ပြီးပြီ အကျိုးဆက်အကြောင်းဆက်ကိုလည်း တွေးတောစဉ်းစားခဲ့ပြီးပြီ။

ယီချန်းလီက အမေးစကားကိုဆိုသောအခါတွင်ကား လီကျင်းဆွေ ပိုင်နိုင်တိကျသော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ပြီး ဖြစ်နေ၏။ ထို့ကြောင့် ပထမဦးစွာ သူ့ကိုယ်ပေါ်တွင် ဝတ်ရုံထားသော သားမွေးဝတ်ရုံအဖြူကြီးကို ချွတ်လိုက်သည်။

"ဒီသားမွေး ဝတ်ရုံကြီးက ကျွန်တော့်အဘိုးရဲ့ လက်ဆောင်ပစ္စည်းတစ်ခုပါ၊ ကျွန်တော် အသက်နှစ်ဆယ်ပြည့်တုန်းက ကျွန်တော့် မွေးနေ့အထိမ်းအမှတ်အဖြစ် ပေးခဲ့တာပါ၊ ဘိုးဘွားအမွေကို ကျွန်တော့်လက်ထဲမှာ အပျက်စီးမခံနိုင်ဘူး"



လီကျင်းဆွေက သားမွေးဝတ်ရုံဖြူကြီးကို ကြောင်ပစန်းထံသို့ လှမ်းပေးရင်း ပြောဆိုသည်။ သူ့အသွင်က အဖြစ်မှန်သမျှကို ဝန်ခံပြီး လက်လျှော့တော့မည့်အသွင် ရှိသည်။

ကြောင်ပစန်း ကျေကျေ နပ်နပ်ပင် သားမွေးဝတ်ရုံဖြူကြီးကို ဘယ်ဘက်လက်ဖြင့် လှမ်းယူ သည်။ လီကျင်းဆွေက အလေးအနက် အမူအရာဖြင့် ...

"ဆရာကြီးက ကျွန်တော့်သားမွေး ဝတ်ရုံကြီးကို မိုးပျံနဂါးဂိုဏ်းဌာနချုပ် စခန်းအရောက် ပို့ပေးစေချင်ပါတယ်"

"စိတ်ချ စိတ်ချ ... မင်းမှာတဲ့အတိုင်း ငါ အရောက်ပို့ပေးမယ်"

ကြောင်ပစန်းက ကတိပေးစကားဆိုလျှင် လီကျင်းဆွေ စိတ်ချလက်ချဖြစ်သွားဟန် ခေါင်းညိတ်သည်။ တစ်ဆက်တည်းပင် ခါးတစ်ဖက်တစ်ချက်စီတွင် ထိုးစိုက်ထားသော ဓားနှစ်လက်ကို ဓားအိမ်နှင့် အတူထုတ်သည်။

ဓားတိုတစ်လက်၏ဓားအိမ်တွင် ကျောက်နီများဖြင့် စီခြယ်ပြီး ကျန်ဓားတိုတစ်လက်၏ဓားအိမ်နှင့် လက်ကိုင်ရိုးတို့တွင် စိန်နှင့်

သလင်းကျောက်တို့ မြှုပ်နှံစီခြယ်ထားသည်။ ထိုဓားနှစ်လက်ကို ယီချန်းလီထံသို့ ကမ်းပေး၏။ ယီချန်းလီ ဘယ်ညာနှစ်ဖက်ဖြင့် လှမ်းယူသည်။

"ဒီဓားနှစ်လက်က သွေးနီနဲ့ စိန်ခြယ် ဓားမြတ်နှစ်လက်ပါ၊ ကျွန်တော့်ဖေဖေ တောင်ပင်လယ်ဂိုဏ်းထဲက မိစ္ဆာနက် ဟေးဆွေရင်ကို နှိမ်နင်းအနိုင်ရလို့ တောင်ပင်လယ်ဂိုဏ်းချုပ်ကြီးက လက်ဆောင်ပေးခဲ့တာပါ၊ ကျွန်တော့်ဖေဖေက ကျွန်တော့်ကို ချစ်မြတ်နိုးလို့ ပြန်ပြီး လက်ဆောင်ပေးခဲ့တာပါ၊ ဆရာကြီးကပဲ ဂရုတစိုက်စောင့်ရှောက်ပေးစေလိုပါတယ်၊ တကယ်လို့ ဆရာကြီးအနေနဲ့ တာဝန်ကြီးမယ်ဆိုရင်တော့ ချန်းချိန်ဂိုဏ်းချုပ်ကြီးဆီမှာ သွားရောက်အပ်နှံထားစေလိုပါတယ်"

"မင်းပြောတဲ့အတိုင်း ဖြစ်ရပါစေမယ်"

လီကျင်းဆွေသည် ပြောပြီးသည်နှင့် ခါးပိုက်ထောင်ထဲမှ ပစ္စည်းတစ်ခုကို ထုတ်ယူသည်။ ကတ္တီပါအနက်ဖြင့် ပြုလုပ်ထားသော ကြိုးရှုံ့အိတ်ကလေးတစ်ခု ဖြစ်၏။

ထိုအိတ်ကလေးကို လခြမ်းကွေး ဓားပိုင်ရှင် ရှောင်ရှုံးကို အပ်နှံသည်။ ရှောင်ရှုံးက ထိုကြိုးရှုံ့အိတ်က လေးကို လက်ခံယူပြီးလျှင်

"ဒါတွေက ဘာတွေလဲ … ကျုပ် ဘယ်သူ့ဆီ ပို့ပေးရမှာလဲ"



"ဒါတွေက ကျွန်တော်ပိုင်တဲ့ ရွှေဒင်္ဂါးတွေနဲ့ ငွေကြေးတွေပါ၊ အခုတော့ ပိုင်ရှင်မဲ့ ဖြစ်တော့မှာမို့ ဆရာကြီးကို အပ်နှံရတာပါ"

"ကောင်းပြီ … မင်း ဘာမှ နောက်ဆံတင်းမနေနဲ့၊ ဒီပစ္စည်းတွေနဲ့ မင်းအတွက် ကုသိုလ်ကောင်းမှုတွေ ငါ အများကြီး လုပ်ပေးပါ့မယ်"

လီကျင်းဆွေပုံသဏ္ဌာန်က လောကကြီးနှင့် စွန့်ခွာခါနီး လူတစ်ယောက် နောက်ဆုံးအနေနှင့် မှာကြားခြင်းပြုနေသည့်အလား ရှိသည်။

သေဆုံးတော့မည့်လူ၏ နောက်ဆုံးမှာကြားချက်ကို အကြင်နာတရားရှိသော လူများအနေနှင့် ငြင်းပယ်ရိုးထုံးစံမရှိ။ ထို့ကြောင့် သေမည့်သူ နောက်ဆံမတင်းဘဲ အသေဖြောင့်စေနိုင်ရန် ကတိပေးလိုက်ကြခြင်းဖြစ်၏။

လီကျင်းဆွေသည် သူမှာစရာရှိသည်တို့ကို မှာကြားခဲ့ပြီမို့ စိတ်ကျေနပ်ဟန် မျက်နှာအရောင်လက်သွား၏။

"အားလုံးတော့ စိတ်အေးသွားရပါပြီ၊ နောက်ဆုံးအနေနဲ့ ဒီမြင်းကြီးပဲ ကျန်တော့တယ်"

ပြောပြောဆိုဆို လီကျင်းဆွေသည် မြင်းညိုကြီးအနီးသို့ ချဉ်းကပ်သည်။ မြင်းညိုကြီး၏ ပါးစပ်မေးရိုးကို လက်ဝါးဖြင့် ပွတ်သပ်

ပြီးလျှင် ...

"ကဲ ညိုကြီးရေ ...မင်းလည်း သွားပေတော့"

မြင်းညိုကြီးတင်ပါးကို ဝုန်းခနဲရိုက်၏။ မြင်းညိုကြီးမှာ တောင်ကြားလမ်းကလေးအတိုင်း ပြေးထွက်သွားတော့သည်။ မြင်းညိုကြီး ပြေးထွက်သွားတော့မှ လီကျင်းဆွေသည် ယီချန်းလီတို့ သုံးယောက်ဘက်သို့ မျက်နှာလှည့်သည်။ လီကျင်းဆွေက တည်ငြိမ်သော အမူအရာဖြင့် ...

"ကဲ ... ကျွန်တော် လုပ်စရာရှိတာတွေလည်း လုပ်ပြီးပြီ၊ ဆရာကြီးတို့ကို ပြောစရာတစ်ခုပဲ ရှိတယ်"

"ဘာပြောမလို့လဲ"

"ဆရာကြီးတို့ သုံးယောက်ဟာ အသက်ကြီးသလောက် စဉ်းစားဆင်ခြင်ဉာဏ်မရှိတဲ့ မြည်းလိုလူတွေချည်းပဲ"

စကားဆုံးသည်နှင့် လီကျင်းဆွေသည် တောင်ကြားလမ်းကလေးဆီသို့ ရိပ်ခနဲ ခုန်လွှားပြေးထွက်သွားတော့သည်။ မထင်မှတ်သော လျှပ်တစ်ပြက်လှုပ်ရှားမှု၊ ပြေးလွှားနှုန်းက မြန်သည်။

တိမ်န ဂါးဘွဲ့ရထားလောက်အောင်ပင် ကိုယ်ဖော့ပညာက ထက်မြက်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် လီကျင်းဆွေ၏ကိုယ်ရိပ်က ယီချန်းလီတို့နှင့် ကိုက်နှစ်ဆယ်ကျော်အကွာသို့ ရောက်ရှိသွားပြီ



ဖြစ်သည်။

စောစောက သူ့ရှေ့မှ ပြေးထွက်သွားသည် မြင်းညိုကြီးနှင့်မှ ကိုက်ငါးဆယ်လောက်သာ ကွာတော့သည်။ လီကျင်းဆွေ နောက်သို့ လှည့်မကြည့်။ ပြေးနှုန်းကို မြှင့်တင်သည်၊ အတွင်းအားအကုန်ထုတ်ကာ တိမ်နဂါးကိုယ်ဖော့ပညာ အကုန်ထုတ်သည်။

သူ့ကိုယ်ရိပ်က နဂါးငွေ့တန်းပမာ တလူလူလွင့်၏။ ယီချန်းလီတို့သုံးယောက်မှာ အပြစ်ဝန်ခံတော့မလိုလို "ပေးစရာရှိတာတွေပေး၊ မှာစရာရှိတာတွေ မှာပြီးမှ ရုတ်တရက် ပြောင်းလဲသွားသော လီကျင်းဆွေ၏အပြုအမူကို ငေးမောမှင်တက်နေမိသည်။

ဟန့်တားရကောင်းမှန်းမသိ။ နောက်မှ လိုက်လံဖမ်းဆီးရကောင်းမှန်းမသိ။ သက်မဲ့ကျောက်ရုပ်ကြီးများလို ငိုင်တွေနေမိကြသည်။ သူတို့ သတိဝင်လာသောအချိန်တွင်ကား လီကျင်းဆွေသည် သူ၏မြင်းညိုကြီးကိုမီကာ ကျောပေါ်သို့ ခုန်တက်ရောက်ရှိသွားပြီဖြစ်၏။

"ဟေ့ ဟေ့ ... နေဦးလေ နေဦး ... မပြေးနဲ့"

ယီချန်းလီ သတိဝင်ကာ အော်ဟစ်ဟန့်တားလိုက်သော်လည်း အချိန်မမီတော့။ လီကျင်းဆွေသည် မြင်းညိုကြီးကို ခွာစုံချကာ ဒုန်းစိုင်းပြေးထွက်သွားခဲ့ပြီ ဖြစ်၏။

ဤသို့ဖြင့် လီကျင်းဆွေသည် ယွင်နန်တောင်ခြေမှ လုပ်ကြံမှု တရားခံအဖြစ် မခံနိုင်သဖြင့် သေပြေး ရှင်ပြေး ပြေးထွက်သွားရခြင်း ပင် ဖြစ်ပေတော့သည်။



## အခန်း (၄)

ချင်းတူးမြို့ကလေးသည် အတော်အသင့် စည်ကားသော မြို့ကလေးတစ်မြို့ ဖြစ်၏။ ကုန်းလမ်း၊ ရေလမ်းနှစ်ခုစလုံး ဆုံရာ မြို့ကလေးဖြစ်သဖြင့် အချက်အချာကျသည်။ လူနေထူထပ်သလို ဒေသထွက်ကုန်စည်လည်း ပေါများသည်။ လမ်းမကြီးတစ်လျှောက် တွင် စားသောက်ဆိုင်တို့က အစီအရီ ခင်းကျင်းထားကြသည်။

လီကျင်းဆွေသည် ချင်းတူးမြို့ကလေးအတွင်းသို့ ဝင် ရောက်လာခဲ့သည်။ ယခုအချိန်တွင် သူ့အခြေအနေက တရားခံပြေး တစ်ယောက်လို ဖြစ်နေသည်။

ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လို့လည်း မဖြစ်တော့။ ဖြေရှင်းနိုင် စရာ သဲလွန်စလည်း တစ်ခုမျှမရှိသေး။ ခြေဦးတည့်ရာ အစီအစဉ်မရှိ ပြေးလွှားလာရင်းမှ ချင်တူးမြို့ကလေးသို့ ရောက်ရှိလာခြင်း ဖြစ်၏။

အချိန်က နေမွန်းတည့်ချိန်လောက်ရှိပြီ။ ဆောင်းကာလမို့ နေအရှိန်က မပြင်း။ သို့သော် ချင်တူးမြို့ကလေး၏ အဓိကလမ်းမကြီး

များပေါ်တွင်ကား လူသွားလူလာ နည်းပါးနေပြီဖြစ်၏။ အခြားအရပ်မှ ခရီးသွားဧည့်သည်များလောက်သာ ရှိပေသည်။

နေ့လယ်ခင်းသို့ရောက်လာပြီမို့ စားသောက်ဆိုင်များတွင် စားသောက်နေသူတို့က စည်စည်ကားကားရှိသည်။ လမ်းဘေးဆိုင်ကလေးများမှ အကြော်အလှော်နံ့ ဟင်းလျာနံ့များက လမ်းမထက်ဆီသို့ ပျံ့လွင့်သည်။

လီကျင်းဆွေသည် မနေ့မနက်ကတည်းက ဝမ်းဗိုက်ထဲတွင် အစားအသောက်ဟူ၍ လုံးဝမရှိ။ ပြေးလွှားခြင်းကသာ အချိန်ကုန်ခဲ့ရသဖြင့် အလွန်ပင် ဆာလောင်နေပေပြီ။

စားသောက်ဆိုင်တို့မှ ဟင်းနံ့ကျွေးနံ့တို့က သူ့နှာခေါင်းကို လာရောက် ကလူကျီစယ်သောအခါ အူထဲက တကြုတ်ကြုတ်မြည်လာသည်။

ဆာလောင်မွတ်သိပ်ခြင်း၏အရသာကို အပြည့်အဝ ခံစားလာရသည်။ စားသောက်ဆိုင်များကို တွေ့နေရသော်လည်း ဆိုင်အတွင်းသို့ သူ မဝင်ရဲ။

စိုးရိမ်ကြောက်လန့်စိတ် တစ်စုံတစ်ရာကြောင့်မဟုတ်။ သူ့တွင် စားသောက်ဆိုင်ထဲသို့ ဝင်နိုင်လောက်အောင် ငွေကြေးတစ်ပြားတစ်ချပ်မျှ ပါမလာသောကြောင့် ဖြစ်၏။



သူ့တွင် ရှိရှိသမျှသော ရွှေစင်ဒင်္ဂါးနှင့် ငွေကြေးများအားလုံး လခြမ်းဓားကွေး သိုင်းသမားကြီး ရှောင်ရှုံးထံသို့ အပ်နှံခဲ့ပြီးပြီ။ နေရာဒေသကလည်း ကိုယ့်အရပ်ကိုယ့်ဒေသမဟုတ်။ ကိုယ့်ကိုသိကျွမ်းသူ တစ်ဦးတစ်ယောက်မျှမရှိ။

ယခင်က ဝင့်ထည့်ပြောင်လွင်သလောက် ယခု သူ့အဝတ်အစားတို့ကလည်း ညစ်ပတ်ပေရေနေကြသည်။ မည်သည့်စားပွဲထိုးတစ်ယောက်ကမျှ သူ့ကို စားသောက်နိုင်သည်ဟု မှတ်ယူဆကာ ခေါ်ယူကြိုဆိုခြင်း မပြု။

လီကျင်းဆွေသည် ဆာလောင်မှုကို ကြိတ်မှိတ်မျိုသိပ်ထားလိုက်ရ၏။ စားသောက်ဆိုင်များဘက်သို့ လှည့်မကြည့်မိအောင် သတိထားကာလျှောက်ရ၏။

လှည့်ကြည့်မိလျှင် ဝမ်းဗိုက်ထဲမှ ပိုးကောင်ကလေးများ သောင်းကျန်းကာ ဆာလောင်မှုဒဏ်ကို ပိုမိုခံစားရမည်ဖြစ်သောကြောင့်ပင်။ သူ ထိုသို့လျှောက်လာစဉ် လမ်းကွေ့ကလေးတစ်ခုသို့ အရောက်တွင် ...

"ဟီ ... ဟီ"

မြင်းဟီသံတစ်သံကို ရုတ်တရက် ကြားလိုက်ရ၏။ ထိုမြင်းဟီသံက သူ့နားထဲတွင် ယဉ်ပါးနေသည်။ စိတ်ထဲ၌ 'စနိုးစနောင့် ဖြစ်

လာသဖြင့် မြင်းဟီသံကြားရာသို့ ဖျတ်ခနဲ ကြည့်လိုက်သည်။

သူ့စိတ်ထဲတွင် လှုပ်ရှားသွား၏။ စားသောက်ဆိုင်တစ်ဆိုင်၏ဘေး မြင်းထားရာနေရာတွင် ချည်နှောင်ထားသော သူ၏မြင်းညိုကြီးကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ထိုမြင်းညိုကြီးမှာ ဂူထဲတွင် သူ အကြောပိတ်ခံနေရသော အချိန်က အကျည်းတန်မလေး ယူငင်သွားခဲ့ခြင်းဖြစ်၏။ ထိုမြင်းညိုကြီးကိုတွေ့ရလျှင် အကျည်းတန်မလေးသည်လည်း ဤအနီးအနားတစ်ဝိုက်တွင် ရှိနိုင်မည်ကို လီကျင်းဆွေ ဆက်စပ်တွေးမိသည်။

"လီကျင်းဆွေ"

အကျည်းတန်မလေး၏ ခေါ်ငင်သံ ထွက်ပေါ်လာသည်။ လီကျင်းဆွေ လှည့်ကြည့်လိုက်လျှင် စားသောက်ဆိုင် အပေါက်ဝတွင် ရပ်လျက် မိမိကို လက်ယပ်ခေါ်နေသော အကျည်းတန်မလေးအား တွေ့ရ၏။

လီကျင်းဆွေ တွေရပ်နေ၏။ ဗိုက်ထဲ ဆာလောင်နေသည်က အမှန်။ အိတ်ထဲတွင် ငွေစဟူ၍ တစ်ပြားတစ်ချပ်မျှ မရှိ။ မိန်းကလေးတစ်ယောက် ကျွေးမွေးသည့် အစားအသောက်ကို စားရမှာလည်း ဝန်လေးသည်။

ထို့ကြောင့် သွားသင့်,မသွားသင့် ချိန်ဆနေခြင်း ဖြစ်၏။



အကျည်းတန်မလေး တွေငိုင်ရပ်နေသော လီကျင်းဆွေကို ကြည့်ပြီး စိတ်မရှည်တော့ဟန်တူသည်။

"လီကျင်းဆွေ ... လာလေ ... ဘာငိုင်နေတာလဲ"

လီကျင်းဆွေကို ခပ်မာမာကလေး ခေါ်သည်။ လီကျင်းဆွေ မနေသာတော့။ အရုပ်ဆိုးသလောက် စိတ်ထားထူးခြားဆန်းကြယ်ပြီး အသိရခက်သည့် မိန်းမပျိုကလေးကို သူဖြို့သည်။

ဘာကြောင့်မှန်းမသိ ... ထိုမိန်းကလေးတွင် သူ့စိတ်ကို အုပ်စိုးချုပ်ကိုင်နိုင်သော စွမ်းအင်များရှိနေသည်ဟု သူ့စိတ်ထဲ ခံစားရသည်။ ထို့ကြောင့် မိန်းမပျိုကလေးနှင့်အတူ စားသောက်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။

စားသောက်ဆိုင်ကလေးက ကြီးကြီးမားမား မဟုတ်သော်လည်း ဆိုင်အ ပြင်အဆင်က အတော်ကလေး သပ်ရပ်သန့်ရှင်းသည်။ ဆိုင်ထဲတွင် စားသောက်နေသူဟူ၍ များများစားစားမရှိ။ စားပွဲဝိုင်းနှစ်ဝိုင်း သုံးဝိုင်းလောက်သာ ရှိသည်။

စားသောက်သူများအသွင်အပြင်ကလည်း သိုင်းလောကသားများ ပုံစံမရှိ။ ရိုးရိုးအရပ်သားများ ဖြစ်ပုံရသည်။ သို့အတွက် လီကျင်းဆွေအဖို့ အသက်ရှူချောင်ကာ လွတ်လပ်သည်။

အကျည်းတန်မလေးသည် ခေါက်ဆွဲပြုတ်ကြော်များ၊

ပေါက်စီများ၊ ဂျုံမုန့်လုံးများနှင့် ဟင်းလျာတို့ကို မှာကြားသည်။ ဗိုက်ဆာနေသောကြောင့်လား မသိ … ဟင်းလျာ၏ရနံ့က မွှေးကြိုင်သင်းပျံ့လွန်းသည်။ ပြင်ဆင်ထားသည်တို့က စားချင့်စဖွယ် ရှိသည်။

လီကျင်းဆွေ ဟန်မဆောင်နိုင်တော့ …

ခေါက်ဆွဲပြုတ်ကြော် တစ်ပန်းကန်လုံး စားသည်။ ပေါက်စီများကိုလည်း တစ်လုံးပြီးတစ်လုံး စားသည်။ ဂျုံမုန့်လုံးနှင့် ဘဲပေါင်း၊ ဝက်သားပေါင်းတို့ကို အဆာသွတ်ကာ ပလုပ်ပလောင်း အားပါးတရ စားသည်။

အကျည်းတန်မလေးမှာ တို့ကနန်း ဆိတ်ကနန်းသာ စားနေပြီး လီကျင်းဆွေ အားပါးတရ စားနေသည်တို့ကို ကျေနပ်ပီတိဖြစ်စွာ တစိမ့်စိမ့်ကြည့်နေသည်။

စားပွဲပေါ်တွင် ရှိသမျှသောအစားအသောက်တို့ ပြောင်တလင်းခါသလောက်နီးနီးရှိသည့်အခါမှ လီကျင်းဆွေ စားသောက်ခြင်းကို လက်စသတ်သည်။ နှုတ်ခမ်းပါးနားကို လက်သုတ်ပဝါဖြင့် အကျအနသုတ်ပြီးလျှင် …"မင်းကို ကျုပ် တစ်ခုမေးစရာရှိတယ်"

"ဘာမေးမလို့လဲ"

အကျည်းတန်မလေးက အစားအသောက် ဆက်မစားတော့ဘဲ ရပ်တန့်ကာ လီကျင်းဆွေကို ငေးကြည့်ရင်းပြောသည်။ လီကျင်း



ဆွေက မျက်မှောင်ကြီးတစ်ချက် ကြုတ်လိုက်ပြီးလျှင် …

"မင်းနဲ့ကျုပ်နဲ့က တစ်လမ်းစီ သွားခဲ့တာ၊ မင်း မြောက်ဘက်ကိုထွက်တော့ ကျုပ်က တောင်ဘက်ကို ထွက်လာခဲ့တာ၊ ဘာကြောင့် ယွင်နန်တောင်ခြေရဲ့ တောင်ဘက်မှာရှိတဲ့ ဒီချင်တူးမြို့ကလေးကို မင်း ရောက်လာရတာလဲ"

"အိုး … ဒါကတော့ မြောက်ဘက်ကိုသွားရင်း စိတ်ကူးရလို့ တောင်ဘက်ကို ပြန်လှည့်လာခဲ့ရာက ဒီမြို့ကို ရောက်လာခဲ့တာပဲ၊ ဘာဆန်းတာမှတ်လို့"

"မင်း ကျုပ်ကို နောက်ယောင်ခံလိုက်နေတာ မဟုတ်လား"

"အောင်မယ် … ဘာကိစ္စ ကျွန်မက ရှင့်ကို နောက်ယောင်ခံလိုက်ရမှာလဲ"

"ဒါဖြင့် မင်း ဘာဖြစ်လို့ ဒီချင်တူးမြို့ကို ရောက်လာခဲ့ရတာလဲ"

"ခစ် ခစ် ခစ် … ရယ်ဖို့ ကောင်းလိုက်တာ၊ ကျွန်မက ချင်တူးမြို့သူရှင့်၊ ကိုယ့်မြို့ကိုယ့်ရွာ ကိုယ်ပြန်လာတာ ရှင့်ခွင့်ပြုချက် ယူရဦးမှာလား"

လီကျင်းဆွေ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ တစ်ဆက်တည်းမှာပင် တစ်စုံတစ်ရာကို သတိရလာ၏။ ကျန်းထင်ဟုန်သည်

လည်း ချင်တူးမြို့သားတစ်ယောက်ဖြစ်သည် မဟုတ်ပါလား။

"မင်းက ချင်တူးမြို့သူဆိုရင် ရွှေဓားရှင် ကျန်းထင်ဟုန်ကို သိလား"

"ဘာကြောင့် မေးရတာလဲ"

"အလှမယ်လေး ချီယွင်ဆိုတာကော သိသလား"

လီကျင်းဆွေ အကျည်းတန်မလေး၏အမေးစကားကို မဖြေဘဲ အမေးသာ ပြန်ထုတ်သည်။ ချီယွင်ဆိုသူမှာ ကျန်းထန်ဟုန်၏ ချစ်သူဖြစ်၏။

သူတို့နှစ်ယောက်၏ သစ္စာနှံထားသည့် ကျောက်စိမ်းပြား ကလေးကြောင့် ကျန်းထင်ဟုန်သည် ကျန်းရန်၏ဓားချက်အောက်မှ လွတ်မြောက်ခဲ့ရသည်ကို သူသိထား၏။

ထို့ကြောင့် စိတ်ဝင်တစား မေးမြန်းလိုက်ခြင်းဖြစ်၏။ အကျည်းတန်မလေး မျက်နှာတင်းမာသွား၏။

"ရှင်မေးတာ သိပ်များသွားပြီ"

"များတယ်သာ ပြောတယ် ... မင်းက ကျုပ်မေးတာ တစ်ခုမှ မဖြေသေးဘူးလေ"

"ဘယ်ဖြေပါ့မလဲ ... ရှင်မေးနေတာက ဖြေရမယ့်မေးခွန်းတွေမှ မဟုတ်ဘဲ၊ မေးသင့်တဲ့မေးခွန်းကိုတော့ မမေးဘဲနဲ့"



"ဘာမေးရမှာလဲ"

"ကျွန်မကျွေးတဲ့ အစားအသောက်တွေတော့ စားပြီးတော့ ကျွန်မနာမည် ဘယ်သူလဲ, ဘာညာလောက်တော့ အနည်းဆုံး မေးဖို့ သင့်တာပေါ့"

အကျည်းတန်မလေးက မျက်စောင်းချိကာ မူနွဲ့နွဲ့ဆိုသည်။ အလှဆုံး မျက်လုံးမျက်တောင်များက လီကျင်းဆွေ၏ရင်ကို လှုပ်ခတ်စေသည်။

အကျည်းတန်မလေးအပေါ်တွင်လည်း ကရုဏာသက်သွားမိသည်။ ဤမိန်းကလေးသည် အရုပ်ဆိုးသလောက် စိတ်သဘောထားက ခန့်မှန်းရခက်သည်။

စိတ်ကောင်းစေတနာကောင်းရှိကာ ဖြူစင်သန့်ရှင်းသည်ဟု တော့ လီကျင်းဆွေ နားလည်သဘောပေါက်သည်။ ဆန့်ကျင်ဘက် လိင်တို့သည် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားတတ်သည့် သဘောမျိုး ရှိကြသည်။

ယွင်နန်တောင်ခြေ ဂူကြီးထဲတွင် တစ်ညတာအတူတူ ဒုက္ခတွေ့ကြုံနေထိုင်ခဲ့ရသော်လည်း အကျည်းတန်မလေး၏အမည်ကိုပင် သူ မမေးမိ။ မိန်းကလေးက ထုတ်ဖော်ပြောမှသာ သတိရတော့ သည်။

"သြော် ... ဟုတ်သားပဲ၊ ကျုပ် သတိလွတ် မေ့လျော့သွားမိတာပါ။ ကဲ ... မင်း ဘယ်သူကုံး ... ပြောစမ်းပါဦး"

"ဟွန်း ... သူများပြောမှ လိုက်မေးတာ မုန်းဖို့သိပ်ကောင်းတာပဲ"

"မုန်းတော့ မမုန်းလိုက်ပါနဲ့ကွာ၊ မင်းကျေးဇူးတွေ ကျုပ်အပေါ်မှာ ရှိတယ်၊ ပြီးတော့ ဒီနယ်က မင်းနယ်ဆိုတော့ မင်းဆီက အကူအညီတွေ အများကြီး တောင်းရဦးမယ်လေ၊ မင်းက မုန်းလိုက်ရင် ကျုပ်ဒုက္ခရောက်သွားမှာပေါ့"

"သြော် ... ရှင့်အကျိုးစီးပွားအတွက်ကြောင့် ကျွန်မမုန်းတာကို ကြောက်တာပေါ့ ... ဟုတ်လား"

လီကျင်းဆွေက အကျည်းတန်မလေး စိတ်လက်ပေါ့ပါးသက်သာပါစေဟူသောရည်ရွယ်ချက်ဖြင့် ခပ်မြူးမြူး ခပ်ရွှင်ရွှင်လေး ပြောလိုက်သည်ကို အကျည်းတန်မလေး အမိပ္ပာယ်ကောက်လွဲသွား၏။

မိမိအပေါ်တွင် ယီချန်းလီတို့ ထင်ယောင်ထင်မှားဖြစ်အောင် အသက်ကယ်တင်ခဲ့သည့် ကျေးဇူးရှိသယို ယခုတစ်ဖန် ကျွေးမွေးထားသည့် ကျွေးကျေးဇူးကလည်း ရှိနေပြန်သည်။

အကျည်းတန်မလေး စိတ်ဆိုးအမျက်ပွားမည်ကို လီကျင်းဆွေ အလွန်ပင် ကြောက်ရွံ့သည်။ ဤမိန်းကလေးအပေါ် ဘာကြောင့် သူ့စိတ်များက ညွတ်ချင်,ကျို့ချင်နေရသည်ကို လီကျင်းဆွေ နားမလည်နိုင်ပါချေ။



အကျည်းတန်မလေး၏ အမိပ္ပာယ်ကောက်လွဲကာ စိတ်ဆိုးမည့်ဟန်ကလေး ဖြစ်ပေါ်လာသဖြင့် လီကျင်းဆွေ ထိတ်ထိတ်ပျာပျာ ဖြစ်မိ၏။

"ဟာ ... မဟုတ် ...မဟုတ်ပါဘူး၊ ကျုပ် ... ကျုပ် မင်းမုန်းမှာကို တကယ်ကြောက်တာပါ၊ မင်းဆီက နောက်ထပ် အကူအညီ ရယူဖို့လည်း မမျှော်လင့်ပါဘူး"

အကျည်းတန်မလေး၏မျက်နှာ သည်တော့မှ ဝင်းလက်တောက်ပလာ၏။

"ဒါဆို ပြီးရော ... သူ့ကို မိန်မိန် ဘာအကူအညီပေးရဦးမှာလဲ ... ပြော"

"မင်းနာမည်က မိန်မိန်တဲ့လား"

အကျည်းတန်မလေး ပြုံးကာ ခေါင်းညိတ်သည်။ အပြုံးကလည်း သူမတစ်ကိုယ်လုံးတွင် အလှဆုံးဖြစ်နေ၏။ အပြုံးလှသူတို့သည် စိတ်သဘောထား ကောင်းမွန်မြင့်မြတ်ကြသည်ဟု လီကျင်းဆွေ ကြားဖူးသည်။

မိန်မိန်ဆိုသော အကျည်းတန်မလေးသည်လည်း စိတ်ထားကောင်းမွန်မြင့်မြတ်သူကလေးဖြစ်လိမ့်မည်ဟု လီကျင်းဆွေ တွက်ဆမိသည်။

မိမိက နှင်းတောထဲမှ တစ်ကြိမ်တစ်ခါ ကယ်တင်လာခဲ့သော်လည်း မိန်မိန်ကမူ သူ့မြင်းညိုကြီးကိုစီး၊ သူ့သားမွေးဝတ်ရုံဖြူကြီးကိုဝတ်ဆင်လျက် သူ့အဖြစ်ဟန်ဆောင်ကာ ယီချန်းလီနှင့်ရှောင်ရှုံးတို့ကို မျက်လှည့်ပြသွားခဲ့သည်။

ဥပါယ်တံမျဉ်ဖြင့် သူ့အသက်ကို ကယ်တင်ခဲ့သည်။ ယခုသူ ဆာလောင်မွတ်သိပ်နေချိန်တွင် စားကောင်းသောက်ဖွယ်တို့ကို ရက်ရက်ရောရောကျွေးမွေးသည်။

နောက်ထပ် ဘာအကူအညီပေးရဦးမလဲဆိုသော စကားတို့ကိုပင် ပြောဆိုလာသဖြင့် လီကျင်းဆွေသည် မိန်မိန့်ကို စေတနာမေတ္တာရှင်မလေးတစ်ယောက်အဖြစ် သတ်မှတ်လိုက်တော့သည်။

“အမိက,ကတော့ ဒီရက်ပိုင်းအတွင်း ကျုပ်ရဲ့စားရေးသောက်ရေးပဲ၊ ကျုပ်မှာ ခြားတစ်ပြားမှ မရှိဘူးဆိုတာ မင်းသိပါတယ် ဒီချင်တူးမြို့ကလေးမှာ ကျုပ်က ဘယ်သူ့ကိုမှ အသိအကျွမ်းရှိတာမဟုတ်ဘူး၊ မင်းကိုပဲ အားကိုးရလိမ့်မယ်”

“ရပါတယ် ... ဒီလောက်က ပြဿနာ မရှိပါဘူး၊ နောက်



ကော ဘာလိုသေးသလဲ” .

“လိုအပ်တာတော့ မရှိပါဘူး ... သိချင်တာပဲ ရှိတယ်”

“ဘာသိချင်တာလဲ”

“စောစောက မေးတဲ့မေးခွန်းလေ ... အလှမယ်လေး ချီယင်ကို မင်း သိသလား”

မိန်မိန်မျက်နှာ အနည်းငယ် ညှိုးနွမ်းသွား၏။

“အင်း ... သိတယ်ဆိုပါတော့”

အသံကလည်း အသက်မပါ။ လေးလေးပင်ပင်။ လီကျင်းဆွေ၏အမေးစကားကြောင့် သူ့စိတ်ထဲတွင် တစ်စုံတစ်ရာ ခံစားလိုက်ရကြောင်း ထင်ရှား၏။ လီကျင်းဆွေမှာ ထိုအချက်ကို ကောင်းစွာအကဲခတ်လိုက်မိသည်။

“ကျုပ် သူ့ကို တွေ့ချင်တယ် ... သူ ဘယ်မှာရှိတယ်ဆိုတာမင်း ပြောပြနိုင်မလား”

မိန်မိန်၏မျက်နှာ အမူအရာက သိသိသာသာပင် ပျက်လာ၏။ အလှမယ်ကလေး ချီယင်ဆိုသူမှာ မိန်းမကောင်းတစ်ယောက်မဟုတ်။ မိန်းမပျက်ကလေးတစ်ယောက်ဟုလည်း မဆိုနိုင်။

သူမ၏အလှအပနှင့် ယောကျ်ားတို့၏စိတ်နှလုံးကို ညှို့ယူပြီးအသက်မွေးဝမ်းကျောင်းပြုနေရသူကလေးပင်။ ထိုမိန်းမချော

ကလေးနှင့် တွေ့ဆုံချင်ပါသည်ဟု လီကျင်းဆွေက တောင်းဆိုလာသောအခါ မိန်မိန်မှာ စိတ်ထဲတွင် တစ်မျိုးတစ်မည်ကလေး ခံစားလိုက်ရ၏။ နှုတ်ခမ်းကလေးကို ကိုက်ကာ ...

"သူက ဖမ်းလို့မိတာမဟုတ်ဘူး။ ရှင် သူ့ကို တွေ့အောင်ရှာနိုင်လိမ့်မယ် မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"ဒါတော့ မသိဘူး ... ရှင် သူ့ကို ရှာလို့တွေ့မှာမဟုတ်ဘူးဆို တာကိုတော့ ကျွန်မ အတပ်ပြောရဲတယ်"

"ဟူး ... ချီယင့်ကို တွေ့ဖို့မလွယ်ဘူးဆိုတော့ ကျူပ် မင်းကို ထပ်မေးစရာ မလိုတော့ပါဘူးလေ"

မိန်မိန် ကျိတ်ပြုံးပြုံး၏။ လီကျင်းဆွေကို လှောင်သလိုမျိုး ကြည့်ကာ ...

"ဒီလောက်လည်း စိတ်ဓာတ်ကျမနေပါနဲ့လေ၊ ရှင် ရှာလို့ မတွေ့နိုင်ပေမယ့် ချီယင့်ကို ရှာတွေ့နိုင်တဲ့လူ ရှိပါသေးတယ်"

လီကျင်းဆွေ မခါင်းမော့လာ၏။ မိန်မိန့်ကို အားကိုးတကြီး ကြည့်သည်။ သူ့မျက်လုံးအရောင်တို့က မျှော်လင့်ချက်တို့ဖြင့် ဖိတ်ဖိတ်တောက်၏။

"ဘယ်သူလဲ ... ပြောစမ်းပါဦး မိန်မိန်၊ ချီယင့်ကို တွေ့



အောင်ရှာနိုင်တဲ့လူက ဘယ်သူတဲ့လဲ"

မိန်မိန်၏ ပြုံးယောင်သန်းနေသော မျက်နှာကလေးက တည်ကြည်လေးနက်သည်။

"ရှင် အရက်သောက်တတ်သလား"

အမေးတခြား အဖြေတခြား ဖြစ်နေသဖြင့် လီကျင်းဆွေ အံ့အားတသင့်ဖြစ်သည်။ ထို့ပြင် ဤမေးခွန်းသည် သူ့အတွက် လိပ်ပြာမလုံစရာကောင်းသော မေးခွန်းလည်း ဖြစ်၏။

ရဲယင်စန်းနှင့်အတူ ဟူဖေးလီတို့နှစ်ယောက်သည် ယွင်နန်တောင်ခြေတွင် အရက်ထဲ အဆိပ်ခတ်ခံရကာ အသက်သေဆုံးခဲ့ရသည်။ ထိုစဉ်က သူသည် ဟူဖေးလီက အတင်းအဓမ္မ အရက်တိုက်သည်ကိုပင် မသောက်ဟု ငြင်းဆန်ခဲ့သည်။

အရက်ကြိုက်တတ်သူတစ်ယောက်က မြည်းစရာ ဟင်းလျာကောင်းကောင်း၊ အရက်သောက်ဖော်ကောင်းကောင်း ကြုံတွေ့ရလျက် ငြင်းဆန်ခဲ့သည်မှာ အရက်ထဲတွင် အဆိပ်ခတ်ထားကြောင်း ကြိုတင်သိထားသောကြောင့် သို့မဟုတ် ကိုယ်တိုင်ကပင် အဆိပ်ခတ်ထားသောကြောင့်ဟု သံသဝင် ယူဆစရာရှိနေသည်။

မိန်မိန်၏အမေးစကားနှင့် ဆင်ဆင်တူသော မေးခွန်းမျိုး ကျန်းထင်ဟုန်က မေးခဲ့ဖူးသည်။ မေးရုံသာမက စွပ်စွဲစကားပင် ဆိုခဲ့

သေး၏။ ယခု မဆီမဆိုင်မေးခွန်းကို မိန်မိန်က မေးလာခဲ့ချေပြီ။ အလစ်အငိုက်ဖမ်းကာ မေး လာသလိုမျိုး ဖြစ်နေသဖြင့် လီကျင်းဆွေ အံ့အားသင့်သွားရခြင်းဖြစ်၏။ ချက်ချင်းပင် သူ့တည်ငြိမ်မှုကို ပြန်လည်ကာ အမိအရ ဖမ်းဆုပ်ယူသည်။

"ချိုယင့်ကို တွေ့ရဖို့နဲ့ အရက်သောက်တတ်တာ,မသောက်တတ်တာ သက်ဆိုင်နေလို့လား"

"ဆိုင်တယ်,မဆိုင်ဘူးဆိုတာ နောက်တော့ သိလာရမှာပေါ့၊ ကျွန်မ မေးတာကိုသာ ဖြေစမ်းပါလေ"

လီကျင်းဆွေ စဉ်းစားခြင်းပင် မပြု။

"သောက်တတ်ပါတယ်"

"ဘယ်လောက်အထိ သောက်နိုင်သလဲ"

"အတိအကျတော့ မပြောနိုင်ဘူး၊ တစ်ခါတုန်းကတော့ စားသောက်ဆိုင်တစ်ဆိုင်မှာ သုံးရက်တိတိ မထတမ်း သောက်ခဲ့ဖူးတယ်၊ ဆိုင်မှာရှိတဲ့အရက်တွေ ကုန်မှပဲ ကျုပ် ဆိုင်ထဲက ထွက်လာခဲ့မိတော့တယ်"

"ဟုတ်ပြီ ... ဒါဆိုရင် ကျွန်မ သူ့ဆီကို ခေါ်သွားလို့ရပြီ"

"ဘယ်သူ့ဆီလဲ"

"ချိုယင့်ကို တွေ့အောင်ရှာပေးနိုင်တဲ့သူဆီလေ"



"အဲဒီလူက အရက်သမားကြီးလား"

"ဆိုပါတော့ ... တစ်နေကုန် အရက်ခွက်ကို လက်နဲ့မပြတ်ကိုင်ထားရမှ ကျေနပ်တဲ့သူပဲ၊ သူက သူနဲ့အတူ အရက်သောက်ဖို့ အမြဲတမ်း အဖော်လိုနေတာ"

"အရက်မသောက်ခဲ့ရင် ချိုယင့်ကို တွေ့လို့ မရဘူးလား"

"မရဘူး"

"မင်းဥစ္စာက အဆန်းပါလား"

"ဘာမှမဆန်းပါဘူး၊ လူတစ်ယောက်နဲ့ ပေါင်းသင်းဆက်ဆံချင်ရင် အဲဒီလူ ကြိုက်တတ်တာကို လိုက်လျောမှ သူနဲ့ အကျွမ်းတဝင်ဖြစ်မှာပေါ့၊ ရင်းနှီးကျွမ်းဝင်မှုလည်း ဖြစ်မှာပေါ့၊ ဒီတော့မှ ကိုယ်လိုချင်တဲ့အကူအညီ ရနိုင်မှာပေါ့"

လီကျင်းဆွေမှာ မိန်မိန်ကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိ၏။ မိန်မိန်ပြောသည့် စကားက ဆီလျော်မှန်ကန်နေသည် မဟုတ်ပါလား။

မိန်မိန်ကို ချီးကျူးရင်းမှ အရက်သမား လူထူးလူဆန်းကြီးမှာ မည်သူဖြစ်မည်ဆိုသည်ကို သူ တွေးတောစဉ်းစားနေမိ၏။ ကြာကြာ မစဉ်းစားလိုက်ရ။ သူ့အတွေးထဲတွင် လူတစ်ယောက်ကို ဖျတ်ခနဲ သိမြင်လိုက်ရ၏။

"မင်းပြောတာ သိုင်းလောကမှာ နာမည်သတင်းကြီးတဲ့ ယစ်ထုပ်ကြီး ဝူချင်တိတ် မဟုတ်လား"

"ရှင် တော်သားပဲ ... ဝူချင်တိတ်ကလွဲရင် ဒီလောက် အရက်ကြိုက်တဲ့သူ ဘယ်သူ ရှိဦးမှာလဲ"

သတင်းစုံ ယစ်ထုပ်ကြီး ဝူချင်တိတ်သည် သိုင်းလောက၏ နံပါတ်တစ် သိုင်းဂိုဏ်းကြီးဖြစ်သော လမ်းတေလေဂိုဏ်း၏ ဂိုဏ်းဆရာကြီးတစ်ယောက် ဖြစ်သည်။

လမ်းတေလေဂိုဏ်း၏ ဦးစီးနာယက ဂိုဏ်းဆရာကြီးငါးဦး အနက် နံပါတ်သုံးအဆင့်ရှိ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်ပေသည်။ သိုင်းလောကသတင်းမှန်သမျှ အပ်ကျသည်ကအစ သိရှိပြီး အရက်ကို စဉ်ဆက်မပြတ် သောက်နိုင်စွမ်းရှိသူလည်း ဖြစ်၏။ အစားလည်း ကြူး၏။

စားကောင်းသောက်ဖွယ်များကို တစ်ဦးတည်း ရွေးချယ် စားသောက်တတ်သည်။ လမ်းတေလေဂိုဏ်း၏အကြီးအမှူးတစ်ယောက်ဖြစ်သောကြောင့်လည်း သိုင်းပညာအရာတွင် ထူးချွန်ထက်မြက်လှပေသည်။

ထို့ပြင် ဝူချင်တိတ်တွင် ထူးခြားသောအချက်တစ်ချက် ရှိနေသေးသည်။ ဝူချင်တိတ်၏ အရက်ကြိုက်တတ်သည့်သတင်း၊ စားကောင်းသောက်ဖွယ် နှစ်ခြိုက်သည့်သတင်း၊ သိုင်းလောကတွင် အပ်ကျသည်အထိ သိသည်ဆိုသော ဂုဏ်ထူးဝိသေသတို့ရှိသော်လည်း သူ့ကိုမူ တွေ့ဖူးသူ အလွန်ရှား၏။



တော်ရုံတန်ရုံလူကိုလည်း တွေ့ဆုံခြင်းမပြု။ ဟိတ်ဟန်ကြီးမားသောကြောင့် မဟုတ်။ သူ့အရိပ်ကို ဖမ်းရခက်သောကြောင့် ဖြစ်၏။

မိန်မိန်က ဝူချင်တိတ်သာလျှင် ချီယင်ရှိသည့်အရပ်ကို သိသည်ဟု ဆိုလာသဖြင့် လီကျင်းဆွေမှာ အံ့အားတသင့် ဖြစ်သွားသည်။ ဝူချင်တိတ်ကို တွေ့အောင်ရှာဖို့ဆိုသည်မှာ ချီယင်အား တွေ့အောင်ရှာဖို့ထက် ခက်ခဲသောကြောင့်ပင်တည်း။

"မင်း ကျုပ်ကို သက်သက်လှောင်ပြောင်ကျီစယ်နေတာလား၊ ဝူချင်တိတ်ကို တွေ့ဖို့ဆိုတာ လေကိုဖမ်းရသလို ခက်ခဲတာပဲ"

"ဘာမှခက်ခဲစရာ မရှိဘူး ... ဒို့ပြင်လူတွေအတွက် လေကို ဖမ်းရသလို ဖြစ်ကောင်းဖြစ်ပေမယ့် ကျွန်မအတွက်ကတော့ လွယ်လွယ်ကလေးပဲ"

လီကျင်းဆွေမှာ အကျည်းတန်မလေးမိန်မိန်အား အလွန်ပင် စိတ်ဝင်စားလာသည်။ လျှို့ဝှက်သိုသိပ်သောမိန်းကလေးတစ်ယောက် အဖြစ် မြင်လာသည်။

"သူ ဘယ်မှာရှိတယ်ဆိုတာ မင်းသိလို့လား"

"ရှင်ဟာ တော်တော်သံသယကြီးမားတဲ့ လူတစ်ယောက်ပဲ၊ ရှင် ချိုယင့်ကို တွေ့ချင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ဘာမှမမေးနဲ့၊ သတင်းစုံယစ်ထုပ်ကြီး ဝူချင်တိတ်ဆီကို သွားတွေ့ကြမယ်၊ ကျွန်မနောက်သာ လိုက်ခဲ့"

ပြောပြောဆိုဆိုပင် မိန်မိန်က စားပွဲထိုးကိုခေါ်ကာ ကျသင့်ငွေ ပေးချေသည်။ ထို့နောက် လီကျင်းဆွေနှင့်အတူ စားသောက်ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။

✿

မိန်မိန်သည် လမ်းမကြီးအတိုင်း လျှောက်ပြီး လမ်းသွယ်ကလေးတစ်ခုအတွင်းသို့ ဝင်သည်။ ထိုလမ်းသွယ်ကလေးတွင် စားသောက်ဆိုင်တစ်ဆိုင် ရှိသည်။

စားသောက်ဆိုင်မှာ ဆိုင်ဟု ခေါ်ဆိုရုံလောက်သာ ရှိသည်။ အပြင်အဆင် မရှိ။ ဆယ်ပေခန့်သာ ကျယ်ဝန်းသည်။ အထဲတွင်



စားသောက်သူတစ်ယောက်မျှ မတွေ့ရ။

ခင်းကျင်းထားသည့် စားပွဲခုံများကလည်း ညစ်ပတ်ကာ ဖုန်ထု တက်နေသည်။ အမိုးမျက်နှာကြက် နံရံတို့တွင်လည်း ကျပ်ခိုးများ၊ ပင့်ကူအိမ်များအဖြစ် ရှုပ်ထွေးပွေလီနေသည်။

အလင်းရောင်လုံလုံလောက်လောက် မရသဖြင့် မှောင်မှောင်မှိုင်းမှိုင်း။ လေဝင်လေထွက်ကလည်းမကောင်းသဖြင့် အနံ့အသက်က စူးစူးဝါးဝါး၊ အောက်သိုးသိုး။

ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသော အဘိုးကြီးတစ်ယောက်မှာ စားပွဲခုံနောက်ဘက်တွင် အရောင်းအဝယ်မကောင်းသဖြင့် အိပ်ငိုက်နေ၏။

လီကျင်းဆွေသည် ဆိုင်ထဲသို့ဝင်မိသည်နှင့် နှာခေါင်းရှုံ့လိုက်မိသည်။ မိန်မိန့်ကိုလည်း သံသယအကြည့်ဖြင့်ကြည့်လိုက်မိ၏။ ဝူချင်တိတ်သည် အစားကောင်း စားကာ အရက်ကို အထူးနှစ်မြို့က်တတ်သလို အသန့်အပြန့်လည်း အလွန်ကြိုက်နှစ်သက်သည်ဟု သူကြားဖူးသည်။

ဤသို့ အသန့်အပြန့် ကြိုက်နှစ်သက်သူတစ်ယောက်က သာမန်လူပင် နှာခေါင်းရှုံ့ချင်လောက်အောင် ညစ်ပတ်စုတ်ပြတ်နေသည့် စားသောက်ဆိုင်တွင် ရှိနေမည်ဆိုသည်ကို လီကျင်းဆွေ မယုံ

ကြည်နိုင်။

ထို့ကြောင့် မိန်မိန့်အား မသကာ်သလို ကြည့်လိုက်မိခြင်း ဖြစ်၏။ မိန်မိန်သည် လီကျင်းဆွေ၏အကြည့်ကို မြင်သည်။ နားလည်သည်။ သို့သော် ဂရုမစိုက်ဟန်ဖြင့် ဆိုင်ရှင်အဘိုးကြီးအနီးသို့ လျှောက်သွားသည်။

အိပ်ငိုက်နေသောအဘိုးကြီးမှာ မိန်မိန့်ကိုတွေ့ရလျှင် မျာပျာသလဲဖြစ်၏။ တုံ့ထုံ့ထိုင်းထိုင်းအမူအရာ မရှိတော့။ သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်နှင့် အဆင့်မြင့်သိုင်းသမားကြီးတစ်ယောက်ပုံစံမျိုး ဖြစ်လာ၏။

လီကျင်းဆွေမှာ ထိုအဘိုးကြီးအပေါ် သံသယဝင်မိပြန်သည်။ မိန်မိန်သည် ဆိုင်ရှင်အဘိုးကြီးအား တီးတိုးစကားဆိုသည်။ အဘိုးကြီး၏အမူအရာနှင့် ဆက်ဆံပုံက မိန်မိန်အား တလေးတစားရှိ၏။

ဦးညွတ်ကာပြောဆိုနေပုံမှာ လူကြီးက လူငယ်နှင့် ဆက်ဆံနေပုံမျိုးမဟုတ်။ အစေအပါးတစ်ယောက်က သခင်မလေးတစ်ယောက်ကို အရိုအသေပြုနေပုံမျိုး ဖြစ်နေသည်။

"ဆရာကြီး နောက်ဘက်ကအခန်းမှာ ရှိပါတယ် သခင်မလေး။ ကျွန်တော်မျိုးနောက်က လိုက်ခဲ့ပါ"



အဘိုးကြီးက ပြောဆိုကာ ရှေ့မှ ဦးဆောင်လျှောက်သည်။ လီကျင်းဆွေ အကြီးအကျယ် အံ့ဩသွားမိ၏။ ထိန်းချုပ်၍ပင် မရ။ အဘိုးကြီးက အကျည်းတန်မလေးမိန်မိန်ကို သခင်မလေးဟု သုံးနှုန်းခေါ်ဝေါ်လိုက်သည်ကို သူနားနှင့် ဆတ်ဆတ်ကြားခဲ့မိသည် မဟုတ်ပါလား။

လီကျင်းဆွေ၏ အံ့ဩသွားသည့်အမူအရာကို မြင်ရသဖြင့် မိန်မိန် နှစ်လိုစဖွယ် ပြုံးလိုက်၏။

"ရှင် အံ့ဩနေပြီလား ... ဘာမှ အံ့ဩမနေနဲ့၊ ဒီအဘိုးကြီးက ကျွန်မတို့ဂေဟာမှာ တခါးစောင့် လုပ်ခဲ့ဖူးတယ်၊ ဒါကြောင့် ကျွန်မကို သခင်မလေးလို့ နှုတ်ကျိုးနေတာ"

လီကျင်းဆွေ ဘာမှမပြောသာ။ အဘိုးကြီးသည် ဆိုင်အတွင်းခန်းဘက်သို့ ဝင်သည်။ အတွင်းခန်း၏ နောက်ဘက်တွင် မြေကွက်လပ်ကလေးတစ်ခုကို တွေ့ရသည်။

ထိုအဆောင်ကား စား သောက်ဆိုင်ခန်းနှင့် တခြားဖြစ်၏။ ပင့်ကူမျှင်တစ်မျှင်၊ အမှိုက်တစ်စ၊ ဖုန်တစ်မှုန်ကိုမျှ မတွေ့ရ။ ပန်းကန်ခွက်ယောက်၊ စားပွဲခုံ ထိုင်ခုံတို့က သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်နှင့် အစီအစဉ်တကျ ရှိသည်။

လေဝင်လေထွက်ကောင်းကာ အလင်းရောင်လည်း လုံ

လောက်စွာ ရှိသည်။ ဆိုင်ရှင်အဘိုးကြီးသည် လီကျင်းဆွေနှင့် မိန်မိန် တို့နှစ်ယောက်အား အဆောင်ဝတွင်ထားခဲ့ပြီးလျှင် စားသောက်ဆိုင်ဆီသို့ နောက်ကြောင်းပြန်လှည့်သည်။

အဆောင်ထဲတွင် အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးကြီးတစ်ယောက် ရှိနေသည်။ အဘိုးကြီး၏အရပ်အမောင်းက ဖုပုပျပ်ပျပ်။ ခန္ဓာကိုယ်ကမူ တုတ်တုတ်ခိုင်ခိုင် ရှိသည်။ ဝလွန်းခြင်း မရှိ။

အဆီနှင့်အသားပိုများ မရှိဘဲ ကျစ်ကျစ်လျစ်လျစ် သန်သန်မာမာရှိ၏။ ထိုအဘိုးကြီးသည် အပေါက်ဝကိုကျောပေးကာ မီးဖိုတွင် အသားတစ်တုံးကို အကျအန တံစို့ထိုးကာ မီးကင်နေသည်။

အသားကင်နံ့က မွှေးကြိုင်သင်းပျံ့နေသည်။ လတ်လတ်ဆတ်ဆတ်နှင့် ဆားပြားသင်းကာ အလွန်ပင် စားကောင်းမည့် ရနံ့မျိုးဖြစ်၏။

လီကျင်းဆွေသည် ထိုအဘိုးကြီးကို အကဲခတ်ကြည့်၏။ အဘိုးကြီး၏ကိုယ်ပေါ်တွင် အစုတ်အပြဲတို့ကို ချုပ်လုပ်ဖာထေးထားသော အဖာတစ်ရာဝတ်စုံကြီးကို ဝတ်ဆင်ထား၏။ ဝတ်စုံက စုတ်ပြတ်နေသော်လည်း ညစ်ပေခြင်းမရှိ။ အသေအချာ လျှော်ဖွပ်ထားသဖြင့် သန့်စင်နေသည်။

"ဝူချင်တီတ်ဆိုတာ ဒီအဘိုးကြီးလား"



လီကျင်းဆွေက လေသံတိုးတိုးဖြင့်မေးသည်။ မိန်မိန် နှုတ်မှ မဖြေ။ အသာပင် ခေါင်းညိတ်ပြ၏။ မီးဖိုတွင် အသားကင်နေသော အဘိုးကြီးမှာ အလွန်ပင် နားပါးလှ၏။ လီကျင်းဆွေတို့ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။

သူကင်နေသော အသားတုံးမှာလည်း အကျက်ညီဟန် တူသည်။ မီးဖိုပေါ်မှ ဖယ်ရှားပြီး မိန်မိန့်ကို ပြုံးပြ၏။

"ဟော ... မိန်မိန်ပါလား"

ဝူချင်တီတ်အပြုံးက လှင်သည်။ မိန်မိန့်ကို တရင်းတနှီး ရှိပုံ ရ၏။ မိန်မိန်ကလည်း ပြန်လည် ပြုံးပြသည်။

"ဘဘက ကျွန်မကို မှတ်မိသားပဲ"

"ညည်းကိုမှ မမှတ်မိရင် ငါက ဘယ်သူ့ကို မှတ်မိရဦးမှာလဲ၊ ထိုစမ်းပါဦး ... ငါ့ဆီကို ဘာကိစ္စနဲ့ ရောက်လာရပြန်တာလဲ"

"ဘဘအတွက် အဖော်ကောင်းတစ်ယောက် ခေါ်လာပေးတာပါ"

"ဟဲ ဟဲ ... ဒီလိုဆိုတော့လည်း ငါ့တူမကြီးက အလိုက်သိတတ်သားပဲ၊ ငါကလည်း အရက်သောက်ဖို့ အမြဲတမ်း ဖော်လိုနေတာ၊ ဒါနဲ့သူက တော်တော်ကော သောက်နိုင်လို့လား"

ဝူချင်တီတ်က လီကျင်းဆွေကို အကဲခတ်ကြည့်ကာ မေး

သည်။ မိန်မိန်က နံဘေးမှကြည့်ရင်း ...

"သောက်နိုင်တယ်လို့ ပြောတာပဲ"

"ညည်းကိုယ်တိုင်သိတာ မဟုတ်ဘူးလား"

"ဟင့်အင်း ... သူပြောလို့သိတာ"

"သူ့စကား ညည်းယုံသလား"

"ကျွန်မက အရက်မှ မသောက်တတ်တာ၊ သူပြောတာ ဟုတ်၊မဟုတ် ဘဘကိုယ်တိုင် စမ်းသပ်ကြည့်ပါလား"

"အေးလေ ... ဘာပဲဖြစ်ဖြစ် စမ်းကြည့်လို့လည်း မမှားပါဘူး။ လောလောဆယ် ငါ့အတွက် အရက်သောက်ဖော် ရတာပေါ့"

ဝူချင်တိတ်က အသင့်ခင်းကျင်းထားသော အရက်စားပွဲတွင် ထိုင်ကာ လီကျင်းဆွေအား ဖိတ်ခေါ်သည်။ လီကျင်းဆွေနှင့် ဝူချင်တိတ်ကို မိန်မိန်က မိတ်ဆက်ပေးသည်။ ထို့နောက် အရက်ဝိုင်းတွင် ထိုင်လိုက်ကြသည်။

ထိုင်မိသည်နှင့် ဝူချင်တိတ်က အရင်ဆုံး ခွက်ထဲတွင် အရက်အပြည့်ထည့်ကာ ကျိုက်ခနဲ မော့ချသည်။ ခွက်တစ်ခွက်တည်းမှာပင် အရက်ထပ်ငှဲပြီး လီကျင်းဆွေကိုပေးသည်။

လီကျင်းဆွေ အားနာမနေနိုင်ဘဲ မော့ချလိုက်သည်။ အရက်က ချိုပြီးပြင်းနေ၏။ အသားကင်မှာလည်း အပေါ့အငန် ဆားပြားသင့်



ကာ အရသာရှိလှ၏။

အရက်သုံးခွက်တိတိ လှည့်သောက်ပြီးလျှင် လီကျင်းဆွေသည် အရက်ခွက်ကို သတိထားကြည့်မိသည်။ အရက်ခွက်က သာမန်ကြွေခွက်မျိုး၊ ဖန်ခွက်မျိုးမဟုတ်။ ကျောက်စိမ်းဖြင့်ပြုလုပ်ထားသော ခွက်တစ်ခွက်ဖြစ်၏။ အသစ်စက်စက်တော့ မဟုတ်။

သက်တမ်းကြာမြင့်ကာ အသုံးပြုဖန်များသဖြင့် ကွဲရာအက်ရာတို့ ထင်နေ၏။ ထိုအက်ကွဲကြောင်းတို့ကို အရက်ယိုဖိတ်ခြင်း မရှိစေရန် ကျကျနန ဖာထေးထား၏။

ပွဲ့လျက်လို မည်းညစ်ညစ်အရောင်မဟုတ်။ မည်သို့သော ကော်မျိုးဖြင့် ဖာထေးထားသည်မသိ။ မူရင်း ကျောက်စိမ်းအရောင်အတိုင်း ရှိ၏။

ဂရုတစိုက်ကြည့်မှသာလျှင် ဖာထားရာတို့ကို တွေ့မြင်နိုင်သည်။ ဝူချင်တိတ်သည် အရက်ခွက်ကို အတော်ကလေး တန်ဖိုးထားမြတ်နိုးပုံရသည်။

"အရက်ခွက်က တကယ့်ကို အဖိုးထိုက်တန်တဲ့ခွက်ပဲ၊ ဒီလိုခွက်မျိုးနဲ့ ဘဘ တစ်ယောက်တည်းပဲ သောက်နိုင်မယ်ထင်တယ်"

လီကျင်းဆွေသည် အရက်သုံးခွက် ဝင်ပြီးပြီမို့ မျိုသိပ်မထားနိုင်ဘဲ အရက်ခွက်ကို ချီးကျူးစကား ဆိုသည်။ ဝူချင်တိတ် အလွန်ပင်

သဘောကျသွား၏။

"ဟား ဟား ဟား ... မင်း တော်တော် မျက်စိအမြင် စူးရှတာပဲ၊ ဟုတ်တယ် ... ဒီအရက်ခွက်မျိုးနဲ့ ငါတစ်ယောက်ပဲ သောက်နိုင်သေးတယ်၊ ဒီခွက်က နယ်နယ်ရရခွက် မဟုတ်ဘူး၊ ကျောက်စိမ်းအမြုတေနဲ့ လုပ်ထားတာ၊ ကမ္ဘာပေါ်မှာ ဒီခွက်မျိုး နှစ်ခွက်ပဲ ရှိသေးတယ်၊ တစ်ခွက်က ငါ အခုသောက်တဲ့ခွက်၊ နောက်တစ်ခုက ..."

ဝူချင်တိတ် စကားဆုံးအောင် မပြော။ အရက်တစ်ခွက်ကို ထပ်ငှဲ့ကာ မော့သောက်သည်။ လီကျင်းဆွေကိုလည်း ခွက်လှည့်ပေး၏။ လီကျင်းဆွေ လှမ်းယူကာ မသောက်သေး။

ဝူချင်တိတ်၏စကားအဆက်ကို စောင့်နားထောင်သည်။ သို့သော် ဝူချင်တိတ် စကားဆက်မလာခဲ့။ မိန့်မိန့်၏ အဓိပ္ပာယ်ပါသော အကြည့်တစ်ချက်ကြောင့် ပေါ့ပါးပျော်ရွှင်နေသော အမူအရာက ရုတ်ခြည်းပင် တည်ငြိမ်လေးနက်ခြင်းသို့ ပြောင်းလဲသည်။

"နေစမ်းပါဦး ... မင်းတို့ အခု ငါ့ဆီကိုလာကြတာ အရက်သောက်ဖို့ သက်သက်ပဲလား"

မိန့်မိန့် စကားပင်မပြော။ ဟင်းလျာအမြည်းများကိုသာ တဖြောက်ဖြောက် ကောက်ဝါးနေသည်။ လီကျင်းဆွေမှာ ဝူချင်တိတ်၏စကားလမ်းကြောင်းပြောင်းလဲမှုအတွက် စိတ်ထဲတွင် မချင့်မရဲ



ဖြစ်သည်။ ကိုင်ထားသောအရက်ခွက်ကို ဆတ်ခနဲ ကောက်မော့လိုက်ပြီးလျှင် ...

"အရက်လည်း သောက်ရင်း ဘာဘဆီက အကူအညီတစ်ခု တောင်းရင်း ဆိုပါတော့"

"ဘာအကူအညီများလဲ"

"ချီယင်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ကျွန်တော် တွေ့ချင်လို့ပါ"

"ဟော် ... အလှမယ်ချီယင်ကို တွေ့ချင်လို့ ... ဟုတ်လား၊ မင်းဘေးနားမှာ မိန့်မိန့်တစ်ယောက်လုံး ရှိနေတာ ချီယင်ကို ဘာကြောင့် တွေ့ချင်ရတာလဲ၊ မင်း တော်တော်အသုံးမကျတဲ့ ကောင်ပဲ"

ဝူချင်တိတ်သည် လီကျင်းဆွေနှင့် မိန့်မိန့်တို့နှစ်ယောက်ကို ချစ်သူများဟု ထင်မှတ်သွားပုံရ၏။ ထို့ကြောင့် ယောကျ်ားတိုင်းအား အလှဖြင့် မြူဆွယ်တတ်သော အလှမယ်ချီယင်နှင့် တွေ့ချင်သည်ဟု မိန့်မိန့်ရှေ့တွင် မဆင်မခြင် ပြောလာသည့် လီကျင်းဆွေအား ရှုတ်ချအပြစ်တင်လိုက်ခြင်း ဖြစ်၏။ မိန့်မိန့်က မျက်လွှာကလေးချကာ ...

"ချီယင်က ချောလည်း ချောတယ်၊ စကားအပြောအဆိုလည်း ယဉ်ကျေးသိမ်မွေ့တယ် မဟုတ်လား"

"နေစမ်းပါဦး ... ဒါတွေကို ညည်းက ဘယ်လိုလုပ်သိသလဲ"

"သိတာပေါ့ ... ချိုယင်ဟာ ကျန်းထင်ဟုန်ရဲ့ချစ်သူပဲ၊ ရွှေဓားရှင် ကျန်းထင်ဟုန် ချစ်မြတ်နိုးသဘောကျတဲ့ မိန်းကလေး၊ ၁ ကျွန်ုပ်မလို အရုပ်ဆိုး အကျည်းတန်မှာတော့ မဟုတ်ဘူး"

"ဩော် ... ချိုယင်က သူတစ်ပါးရဲ့ချစ်သူကိုး ... ဟဲ ဟဲ ဟဲ ... ဒါကြောင့် ညည်းက ချိုယင်နဲ့လီကျင်းဆွေကို တွေ့ပေးဖို့ သဘောတူနေတာကိုး"

ဝူချင်တိတ် အမိပွာယ်ပါပါ ရယ်မောလျက် မိန်မိန့်ကို ကြည့်သည်။ မိန်မိန် မဲ့ရွဲ့ကာ မျက်စောင်းထိုး၏။ သူမ၏မျက်လုံးနှင့် နှုတ်ခမ်းတို့တွင် အပြုံးရိပ်များ အဖုံးအကွယ်မဲ့စွာ ထင်ပေါ်နေသည်ကို ဝူချင်တိတ် တွေ့လိုက်ရ၏။ မသိဟန်ဆောင်ကာ လီကျင်းဆွေဘက်သို့ ပြန်လှည့်၏။

"အင်း ... မင်းက တွေ့လိုနေမှတော့ ရှာပေးရတာပေါ့ကွယ်၊ ဒါပေမဲ့ မင်းနဲ့ငါ အပေးအယူတစ်ခု လုပ်ကြရလိမ့်မယ်"

"ဘယ်လို အပေးအယူမျိုးလဲ ဘာဘ"

"ငါနဲ့အတူတူ အဖော်ပြုပြီး အရက်သောက်ရလိမ့်မယ်"

"ဘယ်လောက်ကြာကြာ သောက်ရမှာလဲ"

"သုံးရက်၊ သုံးရက်အတွင်းမှာ မင်းသိချင်တဲ့အကြောင်းတွေ သိရအောင် ငါ စုံစမ်းပေးမယ်၊ ဘယ့်နှယ်လဲ ... သဘောတူရဲ့လား"



"ကောင်းပါပြီ ... ကျွန်ုပ်တော် သဘောတူပါတယ်"

လီကျင်းဆွေက သဘောတူလက်ခံလိုက်သဖြင့် ဝူချင်တိတ်သည် အရက်သောက်ပွဲကြီးကို အသေအချာပင် ပြင်ဆင်တော့သည်။ လီကျင်းဆွေမှာ ယွင်နန်တောင်ခြေ၏ လုပ်ကြံမှုကြီးကြောင့် အလွန်ပင် စိတ်ရှုပ်ထွေးနေသည်။

သူ လုပ်ကြံခြင်းမပြုရပါဘဲနှင့် အခြေအနေအကြောင်းကြောင်းတို့က သူ့သာလျှင် တရားခံကြီးတစ်ယောက်အဖြစ် တွန်းပို့နေသည်။ အပြစ်အလုံးစုံ ပုံကျနေသည်။

ဤပြဿနာများကို သူ ဖြေရှင်းချင်သည်။ သို့သော် ဘယ်ကစ ဘယ်လိုလုပ်ရမည် သူ မသိ။ သူ့နောက်တွင်လည်း အန္တရာယ်များက လိုက်နေသည်။

အမိကတရားခံကို ဖော်ထုတ်နိုင်ရန် အရေးကြီးသလို အပြစ်မရှိဘဲ လုပ်ကြံသူအဖြစ် အပြစ်ပေးခံရမှာကိုလည်း သူစိုးရိမ်သည်။

လက်တွေ့အခြေအနေတွင် ဘာတစ်ခုမျှ သူမလုပ်ဆောင်နိုင်သေး။ သစ္စာကိုယ်တော်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရွှေဓားရှင်ကျန်းထင်ဟုန်၏ချစ်သူ ချိုယင်ကိုပင် တွေ့အောင်မရှာနိုင်သေး။

မိမိ၏အနာဂတ်က ဝေဝေဝါးဝါး။ ဘာကိုမျှ မိမိရရ ဆုပ်ကိုင်

နိုင်ခြင်းမရှိ။ သို့အတွက် သူ စိတ်ညစ်သည်။ ဂူချင်တိတ်က အရက်သောက်ဖော်ညှိသောအခါ သူသည် စိတ်ညစ်ပြေပျောက်စေရန် အရက်ကို ဖိသောက်ပစ်လိုက်သည်။

သူတို့ အရက်သောက်စဉ် တစ်လျှောက်လုံး မိန်မိန်သည် အနီးတွင် အမြည်းစားရင်း စောင့်ကြည့်နေခဲ့၏။ ဘယ်ကိုမျှ ထွက်မသွား။

လီကျင်းဆွေသည် တစ်ရက်က နှစ်ရက် အရက်ချည်း ဆက်သောက်သောအခါ အမူးလွန်လာသည်။ သတိက တစ်ချက် တစ်ချက် ကင်းလွတ်သွား၏။ ထိန်းချုပ်နိုင်မှုတို့ ကင်းပျောက်သွားသည်။

လက်ရှိအခြေအနေတွင် သူ့အတွက် အမှီအခို အထောက်အပံ့အဖြစ် မိန်မိန်ကို သတ်မှတ်မိသည်။ မိမိအပေါ်ထားရှိသည့် မိန်မိန်၏မေတ္တာစေတနာတို့ကို နားလည်လာ၏။

ထိုနှင့်အမျှ မျက်လုံးထဲတွင် မိန်မိန်၏အကျည်းတန်မျက်နှာကလေးက ချောမောလှပ၏။ ကရုဏာတရား မေတ္တာတရားတို့ အလင်းရောင်ကြောင့် အကျည်းတန်သလောက် ချစ်စရာကောင်းပါလားဟု မြင်ယောင်လာ၏။

ထိုအသိ ထိုအမြင်တို့နှင့် ဆက်နွယ်လျက် လီကျင်းဆွေ၏ နှလုံးသား အချစ်တို့ကို ခံစားလာ၏။ အရက်ရှိန်တက်လာသောအခါ



ခံစားချက်တို့ ကို မမျိုသိပ်နိုင်တော့။

ထိန်းချုပ်နိုင်မှုစွမ်းအားတို့ မရှိတော့။ အနီးတွင်ရှိနေသော မိန်မိန်အား နှုတ်ဟာပွင့်အန်မိတော့သည်။ သည့်နောက် ဘာတွေဆက်ဖြစ်သည်မသိ။ လီကျင်းဆွေမှာ အရက်အမူးလွန်ကာ သတိလစ် အိပ်မောကျသွားတော့သည်။

❋ ❋ ❋

## အခန်း (၅)

လီကျင်းဆွေ ဘယ်လောက်အထိ အိပ်မောကျသွားသည် မသိ။ အရက်ကိုလည်း ဘယ်လောက်အထိသောက်ခဲ့သည် မပြောတတ်။ သူ့ခေါင်းထဲတွင် တဆစ်ဆစ် ကိုက်ခဲနေ၏။ သူ့အာရုံများက အရက်ရှိန်မပြေသေးဘဲ ရီဝေဝေ ယစ်တစ်တစ်။

"မိန်မိန့်ကို တို့ချစ်တယ်"

မိန်မိန့်အား စိတ်မထိန်းနိုင်ဘဲ ချစ်ရေးဆိုခဲ့မိသည်ကို သူ အရင်ဆုံး ပြန်လည်သတိရသည်။ မိမိ သတိလက်လွှတ်ဖြစ်ကာ ခံစားချက် မထိန်းချုပ်နိုင်ဘဲ ပြောမိပြီကို လီကျင်းဆွေ အားနာမိ၏။

မိန်မိန့်ကို တောင်းပန်သင့်လျှင် တောင်းပန်ရမည်ဟု ဆင်ခြင်မိ၏။ မှိတ်ထားသောမျက်လုံးကို ဆတ်ခနဲ ဖွင့်သည်။ မိန်မိန် ဘယ်လိုများ ဖြစ်နေမည်လဲဟု ရှာသည်။

မိန်မိန့်ကို မတွေ့။ မိန်မိန်သာ မဟုတ်၊ သတင်းစုံ ယစ်ထုပ်ကြီး ဝူချင်တိတ်ကိုလည်း မတွေ့ရ။ လီကျင်းဆွေ သူ့ကိုယ်သူ သတိ



ထားမိသည်။ ဝူချင်တိတ်တို့နှင့်အတူ အရက်သောက်ခဲ့သော အခန်း မဟုတ်။

သူ အရက်မူးလွန်ကာ လဲလျောင်းအိပ်စက်ခဲ့သည့် ကြမ်းပြင် မဟုတ်။ သူ့ကျောပြင်အောက်တွင် နူးညံ့အိစက်သည့် အထိအတွေ့ကို ခံစားရသည်။ ခုတင်တစ်လုံး၊ မွေ့ရာတစ်ခုထက်တွင် လဲလျောင်းနေခြင်းဖြစ်ကြောင်း သတိပြုမိ၏။ မွှေးကြိုင်သင်းပျံ့သောရနံ့ကို ရှူရှိုက်မိ၏။

"ငါ ဘယ်ကိုရောက်နေတာလဲ"

လီကျင်းဆွေ ကိုယ့်ကိုယ်ကိုယ် အံ့အားတသင့်ဖြစ်ကာ ခုတင်ထက်မှ ဆတ်ခနဲ ထထိုင်ရင်း အခန်းတစ်ခုလုံးကို ထိတ်လန့်တကြား ကြည့်သည်။

သည်တော့မှ သူ့ခုတင်ခြေရင်းရှိ ထိုင်ခုံလေးတစ်ခုံတွင် ထိုင်နေသည့် အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။ ပိုးတဝါးဖြစ်နေသော မျက်လုံးအစုံကို ပွတ်သပ်ကာ အသေအချာကြည့်သည်။

မိန်မိန် မဟုတ်။ ထိုအမျိုးသမီး၏ရုပ်ရည်က အလွန်ပင် ချောမောပြေပြစ်လှသည်။ ပြစ်မျိုးမဲ့မထင်ဟု ဆိုလောက်သည်။ အမျိုးသမီးသည် သူမ၏ရှေ့တွင်ရှိသော မှန်ပိုင်းကြီးတစ်ချပ်ရှေ့တွင် မျက်နှာချင်းဆိုင် ထိုင်နေသည်။

မျက်နှာပေါ်သို့ နံ့သာမှုန့်များ တို့ဖတ်ကလေးဖြင့် အသာ ရိုက်တင်နေသည်။ မှန်ပိုင်းကြီး၏ဘေးတွင် ကြွေပန်းအိုးကလေး တစ်လုံးရှိ၏။

ပန်းအိုးထဲတွင်ကား ဂန္ဓမာပန်းဖြူဖြူကလေးများ အစီအရီ ထိုးစိုက်ထား၏။ ပန်းပွင့်ကလေးများက ထိုအမျိုးသမီးလိုပင် လှပ လန်းဆန်းနေသည်။

လီကျင်းဆွေ ခုတင်ပေါ်တွင် ထထိုင်လိုက်သည်ကို ထိုအမျိုးသမီး မှန်ထဲတွင် အရိပ်မြင်လိုက်ဟန်တူသည်။ လီကျင်းဆွေဘက်သို့ လှည့်လာ၏။

"အားပါး ... ချောလှ, လှလှချည်လား"

အမျိုးသမီး၏ ကိုယ်ပေါ်တွင် အဝါရောင် ဖဲဝတ်စုံကို ဝတ် ဆင်ထားသည်။ ဝတ်စုံက ချပ်ချပ်ရပ်ရပ် တစ်ထပ်တည်း ဝတ်ဆင် ထားသဖြင့် သူမ၏ကိုယ်ခန္ဓာအချိုးအဆက်များက လှပပေါ်လွင် သည်။

အသားအရေက ဝါဝင်းနုညက်ကာ ရွှေဝါရောင်ဝတ်စုံ ဝတ် ဆင်ထားသဖြင့် ရွှေမင်းသမီးကလေးဟုပင် ဆိုလောက်သည်။

"ဟော ... အစ်ကို နိုးလာပြီကိုး"

အမျိုးသမီး၏ ရုပ်ရည်က ချောမောသလောက် အသံကမူ



သာယာခြင်းမရှိ။ အောတော အက်တက်နိုင်သည်။ အသံဖျက် ပြော ဆိုခြင်းမဟုတ်ကြောင်း လီကျင်းဆွေ အတတ်သိသည်။ အမျိုးသမီးကို ဧဝေဇဝါကြည့်ကာ ...

"ကျုပ် ... ကျုပ် ဘယ်ကိုရောက်နေတာလဲ"

"အစ်ကိုက တိမ်နဂါး လီကျင်းဆွေ မဟုတ်လား"

အမျိုးသမီးက လီကျင်းဆွေ၏ အမေးစကားကို မဖြေ။ သူ မေးလိုရာကိုသာ မေးသည်။ လီကျင်းဆွေ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ် ... ကျုပ် လီကျင်းဆွေပါပဲ"

"ဒါဆို အစ်ကို လွန်ခဲ့တဲ့လေးရက်လောက်က ယွင်နန်တောင် ခြေကို ရောက်ခဲ့သေးသလား"

"ရောက်ခဲ့ပါတယ်"

"ယွင်နန်တောင်ခြေမှာ ရွှေဓားရှင် ကျန်းထင်ဟုန်ကိုကော တွေ့ခဲ့မိပါသလား"

လီကျင်းဆွေ မျက်မှောင်ကြုတ်လိုက်၏။

"မင်းက ရွှေဓားရှင် ကျန်းထင်ဟုန်ကို သိလို့လား"

"ကျွန်မက အစ်ကိုတွေ့ချင်နေတဲ့ ချီယင်ပါပဲ"

အမျိုးသမီးလေးက ရွှေဓားရှင်ကျန်းထင်ဟုန်၏ချစ်သူ ချီ ယင် ဖြစ်နေလေသည်။ လီကျင်းဆွေ၏အံ့ဩစိတ်က မပြေနိုင်တော့။

"ကျူပ်က ဒီနေရာကို ဘယ်လိုလုပ်ပြီး ရောက်နေရတာလဲ"

"အစ်ကို့ကို ဝူချင်တိတ်ဆိုတဲ့ အဘိုးကြီးတစ်ယောက်က လာပို့သွားတာပါ၊ အစ်ကိုက အစ်ကိုကျန်းထင်ဟုန်အကြောင်း ပြောပြနိုင်တယ်လို့လည်း ကျွန်မကို ပြောပြသွားခဲ့တယ်"

လီကျင်းဆွေ ပြုံး၏။ မိန်မိန်နှင့် ဝူချင်တိတ်တို့နှစ်ယောက် သူတို့ကတိစကားအတိုင်း အတိအကျ လုပ်ပေးနိုင်သားပဲဟုလည်း တွေးလိုက်မိ၏။

"ဒီအိမ်က မင်းရဲ့အိမ်လား"

"ကျွန်မအိမ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မက ဒီမှာပဲ နေပါတယ်"

"ဒါဖြင့် ဘယ်သူ့အိမ်လဲ"

"အစ်ကိုကျန်းထင်ဟုန် ဝယ်ထားတဲ့အိမ်ပါ၊ ဒီအိမ်မှာ ကျွန်မနဲ့ အစ်ကိုကျန်းထင်ဟုန်တို့ ဆုံတတ်ကြတယ်လေ"

"ဪ ... မင်းနဲ့ ကျန်းထင်ဟုန်တို့က ဘယ်လိုတွေ့ခဲ့ကြတာလဲ"

လီကျင်းဆွေ၏ အမေးစကားကြောင့် အလှမယ်လေးချိုယင် မျက်နှာညှိုးနွမ်းသွား၏။ အတိတ်ကို ပြန်လည်သတိရပုံပေါ်၏။

"သိပ်တော့ မကြာသေးပါဘူး ... အစ်ကိုကျန်းထင်ဟုန်နဲ့



မတွေ့ခင်တုန်းက ကျွန်မဘဝက ကြမ်းတမ်းလှပါတယ်၊ အများအမြင်မှာ မိန်းမကောင်းတစ်ယောက်လို့ မသတ်မှတ်နိုင်တဲ့ အခြေအနေပါ၊ အစ်ကိုကျန်းထင်ဟုန်က ကျွန်မရဲ့ဘဝဆိုးကိုကယ်တင်ခဲ့တယ်၊ ကျွန်မကိုလည်း လက်ထပ်ယူဖို့ဆုံးဖြတ်ပြီး အိမ်ကလေးကို ဝယ်ပေးထားခဲ့တယ်၊ အခု ... အခု သူ ... သူ မရှိဘူးဆိုတော့ ဒီအိမ်မှာ ကျွန်မတစ်ယောက်တည်းပေါ့ အစ်ကိုရယ်"

ချိုယင်သည် စကားပြောရင်းမှ ဆို့နစ်ကြေကွဲလာဟန် တူသည်။ လွမ်းမောဆွေးမြည့်လာပုံရသည်။ စကားသံကလေးက တုန်ယင်နေ၏။ နဂိုကမှ အက်တက်တက်အသံမှာ ပို၍ အက်ကွဲတုန်လှိုက်နေသည်။

မျက်တောင်ကော့ကြီးများကို တဖျပ်ဖျပ်ခတ်လိုက်လျှင် မျက်ရည်ကြည်ကလေးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။ လီကျင်းဆွေသည် ကျန်းထင်ဟုန်နှင့် ချိုယင်တို့၏ ချစ်မေတ္တာအတိမ်အနက်ကို ခန့်မှန်းသိရှိလာသည်။

ကျန်းထင်ဟုန်တစ်ယောက် ဟင်္သာမယ်၏ကျောက်နီပြားအမိန့်စာကိုပင် လွန်ဆန်ကာ အချစ်ကိုအရှုံးမခံဘဲ အသက်စွန့်လွှတ်ရန် မြေတွင်းတူးဖော်ထားပုံ ပြန်မြင်ယောင်၏။

လွမ်းမှိုင်းငေးရီနေသည့် အသွင်ကို ပြန်တွေးမိ၏။ ချစ်သူ

ချင်း ကွေကွင်းရသည် ဝေဒနာကို သူမ ခံစားဖူးသော်လည်း အချစ်ကြီး သူများကို မခံစားစေချင်။ စာနာစိတ်ဖြင့် ရင်ထဲမကောင်း၊ စကား မဆိုနိုင်။ ချီယင်ကသာ စကားဆက်သည်။

“အစ်ကိုကျန်းထင်ဟုန်ဟာ တကယ်တမ်း တစ်ဖွတ်ထိုးစိတ် ရှိပေမယ့် ကျွန်မကိုတော့ နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်းကို ချစ်တတ်ပါတယ်၊ စိတ်ကောင်းစေတနာကောင်းနဲ့ ပြည့်ဝပြီး သူ့ကြောင့် သု တစ်ပါး ထိခိုက်နစ်နာမှာကို သေမလောက်ကြောက်တတ်တဲ့ သူ တော်ကောင်းကြီးပါ။ ကျွန်မကိုလည်း ဘဝဆိုးကြီးထဲက ကယ်တင် လာခဲ့ပြီး အထင်သေးစိတ် လုံးဝမရှိဘူး၊ အစစအရာရာ အလိုလိုက် တယ်”

လီကျင်းဆွေမှာ ကျန်းထင်ဟုန်၏ အချစ်ကြီးမားကာ သစ္စာ ထားရှိပုံကို လေးစားချီးကျူးသည်။ ချီယင်မှာ ကိုယ့်ချစ်သူအကြောင်း ဂုဏ်ယူကာ ပြောဆိုနေရသဖြင့် မောရမှန်းမသိ။

“ကျွန်မဟာ အစ်ကိုကျန်းထင်ဟုန်နဲ့ဆုံစည်းခဲ့ရတာ တကယ့် ကို ကံကောင်းပါတယ်ရှင်၊ ကျွန်မ့ဘဝက ဘယ်လိုမှ မမျှော်လင့်နိုင်တဲ့ ဘဝကို ရောက်ခဲ့ရတယ်၊ ကျွန်မ ဘယ်လိုမှမတမ်းတနိုင်တဲ့ မေတ္တာ တရားကို ရရှိခဲ့တယ်၊ သူ .... သူ ... ယွင်နန်တောင်ကို မသွားခင် ကျွန်မကို အသေအချာ မှာသွားတယ် ... သူ ယွင်နန်တောင်ခြေမှာ



အလွန်ဆုံးကြာရင် နှစ်ရက်ပဲတဲ့၊ ဒီချင်တူးမြို့ကို လေးရက်အတွင်း ပြန်လာခဲ့မယ်တဲ့၊ ဒီနေ့ဆိုရင် လေးရက်တောင် ကျော်သွားပြီ၊ ကျွန်မ အထင်တော့ သူ ... သူ ...”

ချီယင်မှာ စကားကို ဆုံးအောင်ပင် ဆက်မပြောနိုင်ဘဲ အင့် ခနဲ တစ်ချက်ရှိုက်လိုက်မိသည်။ မျက်ရည်များကလည်း သွန်ချသလို တရဟော စီးကျလာ၏။ လီကျင်းဆွေက ကြားဖြတ်ကာ ...

“မင်းစိတ်ထဲ ဘယ်လိုထင်နေလို့လဲ”

“အစ်ကိုကျန်းထင်ဟုန်ဟာ ကတိတည်တယ်၊ စကားတစ် ခွန်းကို လေးလေးနက်နက် ပြောတတ်တယ်၊ ပြောတဲ့အတိုင်းလည်း တိတိကျကျ မှန်မှန်ကန်ကန် လုပ်တတ်တယ်၊ အခု ပြောတဲ့အတိုင်း ရောက်မလာခဲ့ဘူးဆိုတော့ သူ ဒီလောကကြီးမှာ ရှိတော့မယ်မထင် ဘူး။ သူမရှိတော့တဲ့နောက် ကျွန်မဘဝဟာလည်း ဘာမှ အဓိပ္ပာယ် ရှိတော့မယ် မထင်ဘူး၊ ကျွန်မ တစ်ယောက်တည်း ဆက်ပြီး အသက် ရှင်နေလို့ကော ဘာထူးခြားတော့မှာလဲ ရှင်ရယ်”

“အို ... ဒီလိုတော့ ကိုယ့်အတွေးနဲ့ကိုယ် မဆုံးဖြတ်သင့်ပါ ဘူး။ ကျန်းထင်ဟုန် မသေနိုင်သေးပါဘူး”

“သူမသေဘူးဆိုရင် ဘာဖြစ်လို့ သူကတိအတိုင်း ကျွန်မဆီ ကို ပြန်မလာနိုင်ရတာလဲ”

လီကျင်းဆွေ မဖြေနိုင်။ ကျန်းထင်ဟုန် အဘယ်ကြောင့် ရောက်မလာသည်ကို သူမသိ။ ကျန်းရန်၏ခေါင်းချက်က ကျန်းထင်ဟုန်၏အသက်ကို နှုတ်ယူမသွားနိုင်သော်လည်း အတွင်းဒဏ်ရာကမူ သေးမည်မဟုတ်။

ထိုဒဏ်ရာကို ကျိတ်ပြီး ဆေးဝါးကုသနေခြင်းကြောင့်များ လား။ ဟသ်ာမယ်နှင့်တွေ့ပြီး ဟသ်ာမယ်နန်းတော်သို့ပင် လိုက်ပါသွားခဲ့လေပြီလား။

သို့တည်းမဟုတ် လုပ်ကြံသူများနှင့် တွေ့ဆုံကာ အသက်ပျောက်သွားရလေပြီလား။ မေးခွန်းများစွာက လီကျင်းဆွေ ခေါင်းထဲသို့ တိုးဝင်သည်။

သို့သော် အဖြေကိုကား ရှာမတွေ့။ အဖြေမရှိသူအတွက် ချိုယင်၏အမေးစကားကို မည်သို့မျှ မတုံ့ပြန်နိုင်။ တွေငိုင်ကာသာ ကြည့်နေမိတော့သည်။

"ကျွန်မထင်တာ မလွဲနိုင်တော့ပါဘူးရှင်၊ ကျွန်မကို ဖြေသိမ့်ဖို့ မကြိုးစားပါနဲ့တော့၊ အစ်ကိုကျန်းထင်ဟုန်သာ အသက်ရှင်လျက်ရှိနေမယ်ဆိုရင် သူ ကျွန်မဆီကို သူ့ကတိအတိုင်း မလွဲမသွေ ရောက်လာရမှာပါ"

လီကျင်းဆွေ ဘာမျှ မတတ်နိုင်။



"ဘာပဲဖြစ်ဖြစ်ပေါ့လေ ... မင်းရဲ့ ရှုပ်ထွေးနေတဲ့စိတ်တွေကို ထိန်းချုပ်ထားစေချင်တယ်၊ အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာနေတာလည်း ဖြစ်နိုင်ပါတယ်၊ သုံးလေးရက်လောက်တော့ ထပ်ပြီး စောင့်ကြည့်လိုက်ပါဦး၊ ဒီရက်ပိုင်းမှာ ကျန်းထင်ဟုန်နဲ့ပတ်သက်လို့ သတင်းထူးရမယ်ဆိုရင် ချက်ချင်းလာပြီး ပြောပြပါ့မယ်"

နောက်ဆုံးတွင် ချိုယင်အား နှစ်သိမ့်ဖျောင်းဖျစကားဆိုကာ အိမ်ကလေးထဲမှ ထွက်လာခဲ့တော့သည်။ လီကျင်းဆွေ အိမ်အပြင်သို့ ရောက်လျှင် အမှောင်က ကြီးစိုးစပြုလာပြီ။

သူသည် ကျန်းထင်ဟုန်၏ချစ်သူနှင့် တွေ့ချင်ခဲ့သည်။ ယွင်နန်တောင်ခြေ၏ လုပ်ကြံမှုကို စုံစမ်းရန်အတွက် သူလက်လှမ်းမီသမျှ အချက်တစ်ချက်သည် ချိုယင်နှင့်ကျန်းထင်ဟုန် အမှန်တကယ်သစ္စာနှံထားသော ချစ်သူများ ဟုတ်မဟုတ် သိလိုခြင်းဖြစ်၏။

ကျန်းထင်ဟုန်သည် ဟသ်ာဒေဝီနှင့် အမှန်တကယ် လက်ဆက်လိုစိတ် ရှိမရှိ စုံစမ်းလိုခြင်း ဖြစ်၏။ သူ့အနေနှင့် ကျန်းထင်ဟုန်ကို ယွင်နန်တောင်ခြေလုပ်ကြံမှုအတွက် သံသယရှိသောကြောင့်မဟုတ်။

သံသယဝင်လောက်အောင်လည်း အကြောင်း ပြချက် မရှိ။ သူ့အတွေးအခေါ်နှင့် လိုက်မမီ။ စဉ်းစားမိသလောက် ဟာကွက်မရှိအောင် စုံစမ်းနေခြင်း ဖြစ်၏။

ယခုသော်ကား ကျန်းထင်ဟုန်နှင့် ချီယင်တို့နှစ်ယောက်၏ မေတ္တာတရားနက်ရှိုင်းမှုကို သိရှိရပြီး သံယောဇဉ်ကြီးမားကာ တစ်ယောက်သေလျှင် တစ်ယောက်လိုက်သေမည့် ကြေကွဲဖွယ်အဖြစ်ကိုပင် တွေ့ရှိခဲ့ရပြီ။ ကိုယ်ချင်းစာနာ စိတ်မကောင်းလည်း ဖြစ်ခဲ့ရသည်။

သို့သော် လီကျင်းဆွေ၏စိတ်ထဲတွင် ဘဝင်မကျနိုင်သေး။ ချီယင်၏အိမ်ဂေဟာကလေးထဲတွင် ထူးခြားမှုတစ်ခုခုရှိသည်ဟု သူ စဉ်းစားမိ၏။

တစ်ခုခုလိုနေသလိုလို တစ်ခုခု ပိုနေသလိုလို ထင်နေမိ၏။ ဘယ်အရာပို၍ ဘယ်အရာလိုနေသည်ကိုကား ခွဲခွဲခြားခြား တွေး၍မရ။ ထိုအတွေးနှင့်ပင် သူသည် လမ်းကျဉ်းကလေးတစ်ခုအတွင်းသို့ ဝင်လာခဲ့မိသည်။

သူ့ခေါင်းထဲတွင် အတွေးတို့က တောင်စဉ်ရေမရ။ ယွင်နန်တောင်ခြေလုပ်ကြံမှုသို့ ရောက်သည်။ ချီယင်တို့ ချစ်ခြင်းမေတ္တာတရားကိုလည်း စဉ်းစားဆင်ခြင်မိသည်။

နောက်ဆုံးတွင်ကား မိန်မိန်ဝင်ရောက်လာသည်။ အကျည်းတန်မလေး မိန်မိန်၏စိတ်အလှကို သူမြင်ယောင်လာသည်။ မိန်မိန်ဘယ်ရောက်နေပြီလဲ။ မိန်မိန်ကို ပြန်တွေ့မှ တွေ့နိုင်ပါဦးမလား။

မိန်မိန့်အကြောင်း တွေးမိသောအခါ သူ့ဘဝ အနာဂတ်



ဝိုးတဝါးဖြစ်နေပုံကို ပြန်သတိရသည်။ သည်တော့ စိုးရိမ်မိသည်။ ထို့ကြောင့် မိန့်မိန့်အကြောင်းကို သူ့ခေါင်းထဲမှ ဖယ်ထုတ်သည်။

ဖယ်ထုတ်ခါမှ ပို၍ဖွဲဖွဲလမ်းလမ်းချစ်နေမိပါပြီလားဟု သိလာရတော့၏။ သူအတွေးလွန်ကာ လျှောက်လှမ်းလာစဉ် မျက်နှာချင်းဆိုင်လမ်းကလေးဆီမှ အမျိုးသမီးနှစ်ယောက် လျှောက်လာကြသည်ကိုတွေ့ရ၏။

တစ်ယောက်မှာ အသက်သုံးဆယ်ခန့် မိန်းမတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်မှာ အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းမပျိုလေးတစ်ယောက်ဖြစ်၏။

မိန်းမကြီးမှာ အိမ်ရှင်မတစ်ယောက် ဖြစ်ဟန်တူသည်။ မိန်းကလေးမှာမူ အိမ်ဖော်ကလေးတစ်ယောက် ဖြစ်ပုံရ၏။ ထိုအမျိုးသမီးနှစ်ယောက်သည် စကားတပြောပြောလျှောက်လာကြရာ လီကျင်းဆွေမှာ တမင်နားစိုက်ထောင်ခြင်းမဟုတ်ဘဲ သူတို့ပြောသမျှစကားတို့ကို မကြားချင်ဘဲ ကြားလာရ၏။

“မမကလည်း ပန်းကလေး တစ်စည်းနှစ်စည်းလောက် ပန်ဖို့ ဝယ်ပါဆိုတာ မဝယ်ဘူး။ ပန်းတွေက လှလည်းလှ, လန်းဆန်းလည်း လန်းဆန်းနဲ့” ,

အိမ်ဖော်မိန်းကလေး၏ မကျေနပ်သံကို အရင်ဆုံးကြားရ

၏။ အိမ်ရှင်မဖြစ်ဟန်တူသူက စိတ်ရှုပ်သောလေသံဖြင့် ...

"မဝယ်ချင်ပါဘူးဟယ် ... ပန်းအိုးထိုးချင်စိတ်လည်း မရှိပါဘူး။ ပန်လည်း မပန်ချင်ပါဘူး၊ ဘယ်အလှအပတွေမှလည်း စိတ်မဝင်စားတော့ပါဘူး"

"မမကလည်း ဒီလောက်ဖောင်မှ အဖြစ်သည်းနေလိုက်တာ၊ အစ်ကိုကြီး သုံးလေးရက်လောက် အိမ်ပြန်မလာတာနဲ့ ပန်းအိုးမလဲနိုင်, ပန်းမပန်နိုင်အောင် ဖြစ်နေရသလား"

ထိုစကားသံက လီကျင်းချွေ၏ မြူမှောင်ဖုံးလွှမ်းနေသော အသိဉာဏ်အတွေးကို ရှင်းလင်းကင်းစင်သွားစေ၏။ တွေးမရသော အလိုမကျမှုကို ကွက်ခနဲ ကွင်းကွင်းကွက်ကွက် မြင်လိုက်ရ၏။

ချီယင်၏အိမ်တွင် လိုအပ်ချက်နှင့် မလိုအပ်ဘဲ အပိုဖြစ်နေမှုတို့ကို စဉ်းစားရရှိခဲ့လေပြီ။ ထိုအဖြေက ဘာမှမဟုတ်။ ယခု သူနှင့်တွေ့ခဲ့ရသော အိမ်ရှင်မ,ဖြစ်ဟန်တူသူ အမျိုးသမီးသည် သာမန်အရပ်သူတစ်ယောက်၊ ငွေကြေးအတန်အသင့်လောက် ချမ်းသာသူတစ်ယောက် ဖြစ်၏။

ထိုသို့သော အိမ်ရှင်မတစ်ယောက်သည်ပင်လျှင် အိမ်ဖော်တစ်ယောက်ကို ထားရှိနိုင်၏။ ထားရှိသေး၏။ ရွှေဓားရှင် ကျန်းထင်ဟုန်သည် သာမန်လူတစ်ယောက်မဟုတ်။



သိုင်းဂိုဏ်းတစ်ဂိုဏ်း၏ မျိုးဆက်ရင်သွေး ဖြစ်သည်။ ငွေကြေးအရှိန်အဝါ မြင့်သည်။ ဤမျှ အဆင့်အတန်းရှိသူတစ်ယောက်က သူချစ်သူ ချီယင်၏အိမ်ဂေဟာတွင် အဘယ်ကြောင့် အိမ်ဖော်အစေအပါးတစ်ယောက်တလေကိုမျှ မထားရှိရလေသနည်း။

ထိုအချက်သည် ချီယင်နှင့် တွေ့ဆုံခဲ့ရသည့် အိမ်ကလေးတွင် လိုအပ်နေသောအချက်တစ်ချက် ဖြစ်၏။ တစ်ဖန် သာမန်အိမ်ရှင်မလေးတစ်ယောက်သည် ခင်ပွန်းသည်လင်ယောကျ်ား သုံးလေးရက် အိမ်ပြန်မလာသည့်အတွက် အညှိုးညှိုးအငယ်ငယ်ဖြင့် ပန်းအိုးပင် မထိုးနိုင်။

စိတ်ကြေကွဲရှုပ်ထွေးကာ အလှအပ မပြင်ဆင်နိုင်။ ကျန်းထင်ဟုန်ကို အသည်းနှင့်အောင် ချစ်လှပါသည်၊ ကျန်းထင်ဟုန်မရှိလျှင် မိမိဘဝသည် မပြည့်စုံပါ၊ အသက်ရှင်လျက်နေ၍ အကြောင်းမထူးတော့ပါ ဆိုလာသော ချီယင်ကား ထိုသို့မဟုတ်ခဲ့။

မှန်တင်ခုံရှေ့တွင် အလှအပခြယ်မှုန်းပြီး မှန်တင်ခုံနံဘေး စားပွဲပန်းအိုးထဲတွင် ဂန္ဓမာပန်းများက ကြွားကြွားဝင့်ဝင့် လန်းလန်းဆန်းဆန်း။ ထိုအချက်ကား ချီယင်၏အိမ်တွင် မရှိသင့်မရှိအပ်သည့် ပစ္စည်း ... အပိုပစ္စည်းပင်တည်း။

အဘယ်ကြောင့် မြင်တွေ့ချက်နှင့် နှုတ်ထွက်စကားတို့ ကွဲလွဲ

ချွတ်ချော်နေရလေသနည်း။ ချီယင်အပေါ်တွင် လီကျင်းဆွေ သံသယဝင်ခဲ့ချေပြီ။ ရှုပ်ထွေးနေသောအခြေအနေတွင် တုံ့ဆိုင်းနှောင့်နှေး၍ မရ။

တစ်ကွက်နောက်ကျလျှင် သဲလွန်စ တစ်ချက်တည်း ပျောက်သွားနိုင်ချေသည်။ ချီယင်၏အိမ်သို့ တစ်ခေါက်ပြန်၍ စုံစမ်းရမည်။ သဲလွန်စရလျှင် အမြန်ဆုံး အစနင်းကာ အဖြေရှာရမည်။

မိမိ၏ဝေဝါးပိတ်ဆီးနေသော အနာဂတ်ခရီးလမ်းနှင့် သံသယကန့်လန့်ကာကြီးများကို ဖယ်ရှားပစ်နိုင်ကောင်း ဖယ်ရှားပစ်နိုင်လိမ့်မည်ဟု လီကျင်းဆွေထင်မှတ်သည်။

ထို့ကြောင့် ချက်ချင်းပင် ခြေလှမ်းကို နောက်သို့ပြန်ဆုတ်သည်။ လီကျင်းဆွေပြန်ရောက်လာချိန်တွင် အတော်ကလေး မှောင်နေပြီ ဖြစ်၏။

ချီယင်၏အိမ်တံခါးသည်လည်း ပိတ်ဆီးထားပြီးဖြစ်၏။ သည့်အတွက် ဘာမျှအခက်အခဲမရှိ။ လီကျင်းဆွေလို အဆင့်မြင့်သိုင်းသမားတစ်ယောက်အနေနှင့် ဤဝင်းတံခါးလောက်ကို အလွယ်တကူခုန်လွှားဝင်ရောက်နိုင်သည်။

သို့သော် လီကျင်းဆွေသည် အမှောင်နယ်သိုင်းလောကသားမဟုတ်။ ဖြောင့်မတ်တည်ကြည်ကာ အမှန်တရားကိုလက်ကိုင်ထား



သည့် သစ္စာကိုယ်တော်လေးတစ်ပါး ဖြစ်၏။

အမှောင်နယ်မှ ဒုစရိုက်သမားများ၊ လမ်းလွဲဂိုဏ်းမှ သိုင်းသမားများကဲ့သို့ ခိုးကြောင်ခိုးဝှက်အလုပ်ကို မလုပ်တတ်။ ချီယင်အပေါ် သံသယဝင်နေပြီဖြစ်သော်လည်း လျှို့လျှို့ဝှက်ဝှက်နှင့် လှုပ်ရှားလုပ်ဆောင်ရမည်ကို စိတ်မသန့်။ လိပ်ပြာမလုံ။

အပြစ်ရှိသူများသာ လုပ်လေ့လုပ်ထရှိသည့်ကိစ္စဟု ယူဆသည်။ ထို့ကြောင့် ပြောင်ပြောင်တင်းတင်းပင် တံခါးခေါက်လျက် ဝင်ရောက်တွေ့ဆုံရန် ဆုံး ဖြတ်သည်။

လီကျင်းဆွေ အိမ်တံခါးခေါက်မည့်အချိန်တွင် ...

"ဟား ဟား ဟား'

ရယ်မောသံတစ်သံ ခပ်အုပ်အုပ်ထွက်ပေါ်လာသည်။ တံခါးခေါက်တော့မည့် လီကျင်းဆွေ၏လက်အစုံ တွန့်သွား၏။ အုံ့အားသင့်ကာ ပါးစပ်အဟောင်းသားလည်း ဖြစ်သွား၏။

လီကျင်းဆွေကြားလိုက်ရသော ရယ်မောသံက ယောကျ်ားတစ်ယောက် ရယ်မောသံ။ ချီယင်၏အိမ်ခန်းအတွင်းမှ ထွက်ပေါ်လာသော အသံ။

ထိုအသံက ဘာကြောင့် ထွက်ပေါ်လာရလေသနည်း။ အခန်းထဲတွင် ဘယ်သူ ရောက်ရှိနေသလဲ။ ချီယင့်အပေါ် သံသယဝင်

ခြင်းထက် စိုးရိမ်ပူပန်မှုတို့ ဖြစ်လာသည်။

ချိုယင်တစ်ယောက် ကံကြမ္မာဆိုးနှင့် ကြုံတော့မည်လားဟု တွေးပူသည်။ ကြေးစားစားသမားတချို့သည် မသတ်ဖြတ်ခင် သတ်ဖြတ်ရမည့်သူ ထိတ်လန့်တုန်လှုပ်ခြင်းကြီးမားလေအောင် ဟားတိုက်ရယ်မောတတ်သည့်အလေ့အထ ရှိတတ်ကြကြောင်း လီကျင်းဆွေ ကြားဖူးနားဝ ရှိသည်။

ရယ်မောလိုက်သူသည် ချိုယင်အား လုပ်ကြံသတ်ဖြတ်ရန် ရောက်ရှိလာသည့် လူသတ်သမားများ ဖြစ်နေလေသလား။ လီကျင်းဆွေ ထိတ်ခနဲဖြစ်၏။

အိမ်တံခါးမကြီး ပိတ်ဆို့ထားသော်လည်း ပြတင်းတံခါးတို့ ပွင့်ဟကာ အလင်းရောင်များပြန့်ထွက်နေသည်ကို လီကျင်းဆွေ တွေ့ရသည်။ ပြတင်းတံခါးနှင့် မလှမ်းမကမ်းတွင် ထင်းရှူးပင်ကြီးတစ်ပင် ရှိနေသည်။

လီကျင်းဆွေ တုံ့ဆိုင်းမနေတော့။ ထင်းရှူးပင်ကြီးဆီသို့ ပြေးလွှားသွားသည်။ အနီးသို့ရောက်လျှင် အပေါ်သို့ ရိပ်ခနဲ ခုန်လွှားတက်လိုက်တော့သည်။

သူတစ်ပါး၏ အိမ်ခန်းကို ချောင်းမြောင်းကြည့်ရှုခြင်းသည် ကောင်းမွန်သောအလုပ်တစ်ခုကား မဟုတ်။ လမ်းမှန်သိုင်းသမား



များ လုပ်လေ့လုပ်ထလည်း မရှိ။ သို့သော် အခြေအနေက အကျဉ်းအကျပ်အခြေအနေ။

ချိုယင်၏အသက်ကို ကယ်တင်နိုင်ရန် ဤနည်းလမ်းမှအပ ဘာမျှမရှိ။ ထို့ကြောင့် အလင်းရောင်ထွက်ပြူနေသော အိမ်ခန်းတံခါး ပြတင်းပေါက်မှ အတွင်းသို့ လှမ်းကြည့်လိုက်သည်။

လီကျင်းဆွေတွေ့လိုက်ရသောမြင်ကွင်းကား ချိုယင်သည် ပြတင်းပေါက်ကိုမျက်နှာချင်းဆိုင်လျက် ခုတင်ထက်တွင်ထိုင်နေသည်။

ယောကျ်ားတစ်ယောက်က ပြတင်းကိုကျောပေးလျက် ချိုယင်နှင့် မျက်နှာချင်းဆိုင် ထိုင်နေသည်။ မျက်နှာကိုမတွေ့ရသဖြင့် ဘယ်သူဘယ်ဝါဆိုတာ မသိရ။

လီကျင်းဆွေ အသေအချာပင် စူးစိုက်ကြည့်သည်။ လူရုပ်မသဲကွဲ။ လီကျင်းဆွေစိတ်ထဲတွင် ဇဝေဇဝါဖြစ်နေစဉ် ချိုယင်သည် ယောကျ်ားဖြစ်သူရင်ခွင်ထဲသို့ ခေါင်းထိုးကာ မျက်နှာအပ်လိုက်သည်။

ယောကျ်ားပျိုကလည်း အလိုက်သင့်ပင်သိုင်းဖက်ထားလိုက်သည်။ လီကျင်းဆွေ စိုးရိမ်ခဲ့သမျှတို့ အချည်းနှီးဖြစ်ရပြီ။ ချိုယင်၏အခန်းထဲသို့ ရောက်ရှိနေသူမှာ ကြေးစားစားသမားတစ်ယောက် မဟုတ်။ မနုဿမုဆိုးတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

လီကျင်းဆွေစိတ်ထဲ ထောင်းခနဲ ဒေါသထွက်၏။ ချိုယင်

တစ်ယောက် သစ္စာဖောက်ခဲ့လေပြီတကား။ ကျန်းထင်ဟုန်၏မျက်ကွယ်တွင် တစ်ပါးသောယောကျာ်းနှင့် ပျော်ပါးနေခဲ့ချေပြီ။

ချီယင်၏ နှုတ်သာတင် အလှုပြင်နေသည့်အကြောင်းရင်းကို လီကျင်းဆွေ သိလိုက်ပြီ။ ချီယင်အပေါ် အချစ်ကြီးချစ်ကာ သစ္စာနံ့ထားသည့် ကျန်းထင်ဟုန်အတွက် ရင်နင့်မိသည်။

ကျန်းရှန်၏ ဓားချက်ကြောင့်ကွဲကြေသွားရသည့် ကျောက်စိမ်းပြားကလေးကို နှမြောတသစွာ ငေးကြည့်နေခဲ့မိသည့် ကျန်းထင်ဟုန်၏အဖြစ်ကို လီကျင်းဆွေ ပြန်လည်မြင်ယောင်သည်။

သစ္စာမထားသည့် မေတ္တာသမားအတုအယောင်ကို လီကျင်းဆွေ မုန်းသည်။ မျက်ကွယ်ရာတွင် တွယ်တာမှုအသစ်ရှာသူကို လီကျင်းဆွေ ရွံရှာမုန်းတီးသည်။

ချီယင်ကို ဖောက်ပြန်နေသူဖြစ်ကြောင်း လက်ဆုပ်လက်ကိုင် အမိအရဖမ်းရမည်။ အချစ်ကြီးချစ်ရှာသော ကျန်းထင်ဟုန်အပေါ် သစ္စာမပျက်ရန် ဖျောင်းဖျပြောဆိုရမည်။ ရှုတ်ချပြစ်တင်ရမည်။ လီကျင်းဆွေ ဆက်မကြည့်လိုတော့။

ထင်းရှူးပင်ကြီးပေါ်မှ ရိပ်ခနဲ ခုန်ဆင်းသည်။ အိမ်တံခါးဆီသို့ အလျင်အမြန်လျှောက်သွားပြီး တံခါးမကြီးကို လက်သီးဖြင့်ထုသည်။



'ဒုန်း .. ဒုန်း .. ဒုန်း'

စိတ်အလိုမကျမှုကြောင့် ထုလိုက်သည့်တံခါးသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ အထဲမှ ရုတ်တရက် တုံ့ပြန်မှုမရှိ။ အတန်ကြာမှ ချီယင်၏အက်တက်တက်စကားသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

"ကျုပ်ပါ"

"ကျုပ်ဆိုတာ မသိဘူး၊ နာမည်မေးတာ နာမည်ပြောမှပေါ့"

ချီယင် ခပ်ဆတ်ဆတ်ခပ်မာမာ ပြောလိုက်သံနှင့်အတူ တံခါးမကြီးက ကျီခနဲ ပွင့်သည်။ လီကျင်းဆွေကိုမြင်ရလျှင် တအံ့တသြအမူအရာ ဖြစ်၏။

"ဟင် ... အစ်ကို လီကျင်းဆွေပါလား"

လီကျင်းဆွေ ဘာမှမပြော။ ချီယင်ကိုသာ စူးစိုက်ကြည့်နေ၏။ အလှမယ်ကလေး တစ်ယောက်ပါလားဟု သူမှတ်ချက်ချခဲ့သော ချီယင်၏မျက်နှာပေါ်တွင် မည်သည့်အလှအပကိုမျှ သူမတွေ့တော့။

မိန်မိန်ထက် အဆပေါင်းများစွာ အကျည်းတန်သူတစ်ယောက်အဖြစ်သာ မြင်မိတော့သည်။ ချီယင်သည် ခပ်တည်တည် စူးစမ်းကြည့်နေသော လီကျင်းဆွေကို ပြုံးပြလိုက်၏။ ထိုအပြုံးက

မချိပြီး၊ မကျေနပ်ပြီးဖြစ်ကြောင်း လီကျင်းဆွေသိသည်။ ချိုယင် တံခါးမကြီးကို ဖွင့်ပေးလိုက်ကာ ...

"အစ်ကိုလီကျင်းဆွေ ... နောက်တစ်ခေါက် ပြန်လာလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ ဘာလဲ ... ကျွန်မတစ်ယောက်တည်း ပျင်းနေမှာစိုးလို့ အဖော်ပြုရအောင် လာခဲ့တာလား"

မျက်လုံးကလေး ထောင့်ကပ်လျက် ညုတုတုမေးသည်။ အသံက ခရာသံလို၊ နှဲ့သလိုရှိကာ ညို့သလိုလို၊ မြူဆွယ်နေသလိုလို လုပ်လာသဖြင့် ဒေါသထွက်မိသည်။

"အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ မင်းလိုလူက ပျင်းရမလား ... မင်းမှာ အဖော်ရှိနေတာပဲ"

ခြောင်ဖွင့်ပြောကာ အိပ်ခန်းဘက်သို့ မေးငေါ့ပြသည်။ ချိုယင် ကွက်ခနဲ မျက်နှာပျက်၏။

"အို ... ရှင်ဘာတွေ ပြောနေတာလဲ"

"ကျုပ် ဘာပြောရမလဲ ... မင်းမှာ **အဖော်ရှိနေတာကို** ပြောတာပေါ့"

"အစ်ကို အထင်လွဲနေပြီ"

"အထင်လွဲတယ်ဆိုရင် ငါ့ကို မင်းအိပ်ခန်းထဲ ခေါ်သွားရဲ့လား"



"ကဲ ... အစ်ကို သံသယရှင်းသွားအောင် ကျွန်မနောက်က လိုက်ခဲ့"

ပြောပြောဆိုဆိုပင် အိမ်ခန်းထဲသို့ လှစ်ခနဲ ဝင်သည်။ လီကျင်းဆွေသည် တုံ့ဆိုင်းမနေတော့။ ဖြစ်ချင်ရာဖြစ်တော့ဟု သဘောဖြင့် အိမ်ခန်းထဲသို့ ရဲရဲတင်းတင်းပင် ဝင်လိုက်သည်။

အိပ်ခန်းထဲသို့ရောက်လျှင် လီကျင်းဆွေ တအံ့တသြဖြစ်မိ၏။ အိပ်ခန်းထဲတွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိပါချေတကား။

"အစ်ကို့အမြင်ပဲ မဟုတ်လား ... ခဏလောက် ထိုင်ပါဦးလား"

ချိုယင်၏ အသံက တည်ငြိမ်လာသည်။ စောစောကလို လှုပ်ခတ်ခြင်း မရှိတော့။ လီကျင်းဆွေ မကျေနပ်။ သူ့မျက်စိနှင့် တပ်အပ်မြင်ခဲ့ပါလျက် အခန်းထဲတွင် နောက်ထပ်ယောကျ်ားတစ်ယောက် အဘယ်ကြောင့် ရှိမနေရပါလေသနည်း။

ချိုယင်က ထိုင်ခိုင်းသော်လည်း လီကျင်းဆွေက မထိုင်။ အခန်းထဲကို မျက်လုံးစူးစိုက် အကဲခတ်သည်။

ဟော ... တွေ့ပြီ။

အိပ်ခန်းထောင့်တွင် ခန်းဆီးတစ်ခု။ ထို ခန်းဆီး၏အောက်တွင် ဖုံးဖိခြင်းမပြုနိုင်သော ခြေထောက်ကလေး တစ်စုံ။ မိမိမျက်စိ

နှင့် တပ်အပ်တွေ့ခဲ့သော ချိုယင်၏ချစ်သူအသစ်သည် ဤခန်းဆီး နောက်ကွယ်တွင် ပုန်းအောင်းနေသည်မှာ သေချာပေပြီ။

သို့သော် လီကျင်းဆွေ မသိဟန်ဆောင်နေလိုက်၏။ ချိုယင်ကို အသာအကဲခတ်ကြည့်လျက် ...

"ဟိုလူ ဘယ်ကိုရောက်သွားသလဲ"

"ဘယ်သူ့ကို ပြောနေတာလဲ၊ ကျွန်မ ဘာမှ နားမလည်ဘူး"

"မင်းအခန်းထဲမှာ စောစောက ယောကျ်ားတစ်ယောက် ရှိနေခဲ့တယ် မဟုတ်လား"

"အို ...ကြံကြီးစည်ရာ ...ဒီအခန်းထဲကို ရှင်နဲ့ အစ်ကိုကျန်းထင်ဟုန်ကလွဲလို့ တခြား ဘယ်ယောကျ်ားမှ မရောက်ခဲ့ဖူးသေးဘူး"

ချိုယင်က အကြောက်အကန်ပင် ငြင်းသည်။ လီကျင်းဆွေ စိတ်မရှည်တော့။ လက်ပူးလက်ကြပ်မိပါလျက် မုန်လာဥလုပ်လာသည်ကို သူ ခံပြင်းသည်။ ချိုယင်ကို ဘာမျှပြောမနေတော့။

လက်တွေ့ပြမှ ဖြစ်တော့မည်မို့ ခန်းဆီးရှိရာသို့ ရိပ်ခနဲ ခုန်ဝင်သည်။ တစ်ဆက်တည်းပင် ခန်းဆီးကန့်လန့်ကာအား ဆတ်ခနဲ ဆွဲဖယ်လိုက်တော့သည်။

❖ ❖ ❖



## အခန်း (၆)

ညပန်းချီကား ဝိပြင်ထင်ရှားလာပြီ။ ကောင်းကင်ယံတွင် ဆန်းစလကလေးက မှုန်ရီဝါးဝါးသာ သာနေသည်။ နှင်းဓာပဝါ သိုင်းထားသဖြင့် ကြယ်ပြောင်များပင် မလင်းလက်နိုင်။

ညလေပြည် တစ်ချက်တစ်ချက် သုတ်ခတ်လာတတ်သဖြင့် ချမ်းစိမ့်စိမ့်ရှိ၏။ လီကျင်းဆွေ ခေါင်းငုံ့ကာ တစ်လှမ်းချင်းလျှောက်နေသည်။ ချိုယင့်အိမ်မှ ထွက်လာကတည်းက သူ့ကိုယ်သူ မကျေနပ်။

နမော်နမဲ့နိုင်ရပါမည်လားဟု မိမိကိုယ်မိမိ အပြစ်တင်၍ မဆုံး။ အသေးအမွှားကိစ္စလေးကိုပင် သဲကွဲပီပြင်အောင် မဆောင်ရွက်နိုင်သဖြင့် ယွင်နန်စောင်ခြေလုပ်ကြံမှုကို ဖော်ထုတ်နိုင်ရန် လမ်းစ မရှိ။

ဘဲဥအစရှာမရသလို ဘာကစလို့ ဘာတွေလုပ်ရမည်ကို မသိ။ သူ့အတွေးများက ယောက်ယက်ခတ်နေသည်။ သူ့စိတ်အစဉ်က နောက်ကျိရှုပ်ထွေးနေသည်။ လောလောဆယ်မှာပင် သူ့အခြေအနေ

က လမ်းပေါ်တွင် လမ်းပျောက်နေသူ တစ်ယောက်။

ဘယ်ကိုသွားရမလဲ၊ ဘာလုပ်ရမလဲ။ အရာအားလုံးသည် သူ့တွင် စီစဉ်တကျမရှိ။ ညမြူမှောင်လို ဝိုးတဝါး။ အနာဂတ်ခရီးက မပီမပြင်။ သံသယလှောင်အိမ်ထဲတွင် မလူးနိုင်မလွန့်နိုင်ဘဲ အရှုံးပေးလိုက်ရလေမည်လား။

လီကျင်းဆွေ စိတ်စာတ်ကျကာ လျှောက်လှမ်းနေသော်လည်း ပတ်ဝန်းကျင်အာရုံစူးစိုက်မှုက မပျက်။ သူ့နောက်ဘက်မှ ခြေသံတဖျပ်ဖျပ်ကို ကြားရသည်။ ထိုခြေသံကို သူ သတိထားမိသည်မှာ ကြာပြီ။

သူ့နောက်သို့ နောက်ယောင်ခံလိုက်နေသော ခြေသံ။ အစပထမတုန်းက ရိုးရိုးသာမန် ခရီးသွားတစ်ယောက်ဟုသာ ထင်မှတ်ခဲ့သည်။ အချိန်ကြာလာသည်နှင့်အမျှ ထိုခြေသံသည် မိမိနောက်သို့လိုက်နေသော ခြေသံဖြစ်ကြောင်း သဲကွဲထင်ရှားလာသည်။

လီကျင်းဆွေ ခြေလှမ်းကို နှေးလိုက်၏။ ခြေသံက သူနှင့် တဖြည်းဖြည်း နီးကပ်လာသည်။ ထို့နောက် သူ့ကိုမီလာသည်။ လီကျင်းဆွေလှည့်မကြည့်။သို့သော် ထိုခြေသံကို သူကောင်းစွာသိသည်။

"ချီယင်နဲ့ တွေ့ခဲ့ပြီးပြီလား"

ခြေသံရှင်က မေးသည်။ လီကျင်းဆွေ ခေါင်းညိတ်ပြသည်။



ခြေသံရှင်က မိန်မိန်ပင်တည်း။ မိန်မိန် ပြုံးလိုက်၏။

"ဘယ့်နှယ်လဲ ... ချီယင်က ချောရဲ့လား"

"အင်း ... ချောပါတယ်"

"အို ... ဘယ်လိုဖြစ်နေရတာလဲ၊ မိန်းမချောလေးနဲ့လည်း တွေ့ခဲ့ရသေးတယ် ... မျက်နှာကြီးကလည်း မှုန်တေတေနဲ့"

"ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်လို့၊ ကိုယ့်မျက်နှာကိုယ် ဓားနဲ့လှီးပစ်ချင်လောက်အောင် ရှက်လို့"

"ဟင် ... ဘာတွေကြောင့်များ ရှက်ရ၊ ဒေါသထွက်နေရတာလဲ"

လီကျင်းဆွေ ချီယင်၏အိမ်ဂေဟာတွင် ဖြစ်ပျက်သမျှအကြောင်းစုံတို့ကို အစမှအဆုံး ပြန်လည်ပြောပြသည်။ သူ့စကားဆုံးသည်နှင့် မိန်မိန် မျက်မှောင်ကလေး ကြုတ်ကာ ...

"ရှင်က ခန်းဆီးကို ဆွဲလှန်ပစ်လိုက်တယ်ဆိုတော့ ခန်းဆီးနောက်မှာ ရှင်တွေ့ခဲ့ရတာ ဘယ်သူလဲ"

"ကျန်းထင်ဟုန်"

"ဟင် ... ချီယင်ရဲ့ချစ်သူ ရွှေဓားရှင် ကျန်းထင်ဟုန်လား"

"ဟုတ်တယ် ... ကျုပ် ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး၊ ကျန်းထင်ဟုန်ဟာ သူ့ချစ်သူ ချီယင်ဆီကို အချိန်မရွေး ပြန်လာနိုင်

တယ်ဆိုတာ မတွေးမိခဲ့ဘူး၊ ဒါ ကျူပ်အမှားပဲ၊ ဒါကြောင့် ရှက်ရှက်နဲ့ ပြန်ထွက်ခဲ့ရတာ'

"အင်း … ဟုတ်တာပေါ့၊ ကျွန်မ ကိုယ်ချင်းစာပါတယ်၊ ရှင် တော်တော်စိတ်ပျက်နေမိမှာပဲ"

လီကျင်းဆွေ ဘာမျှပြန်မပြော။ မိန်မိန်၏ အကြင်နာ ကရုဏာထားသည့်လေသံဖြင့် ဖေးမပြောဆိုလာသည်ကို တသိမ့်သိမ့် ခံစားနေမိသည်။ မိန်မိန်ကိုလည်း လေးစားမြတ်နိုးမိတော့သည်။

"ကျွန်မ နားမလည်နိုင်တာ တစ်ခုရှိတယ်"

"ဘာကို နားမလည်နိုင်တာလဲ"

"ကျန်းထင်ဟုန်ဟာ ရှင်လာတာကို သိလျက်နဲ့ ဘာကြောင့် လူမြင်မခံဝံ့ဘဲ ခန်းဆီးနောက်မှာ ဝင်ပုန်းနေရတာလဲ"

"နားမလည်နိုင်စရာ မရှိပါဘူးလေ၊ သူနဲ့ ချီယင်က လူသိရှင်ကြား ကြေငြာပြီး လက်ထပ်ပေါင်းသင်းနေတာမှ မဟုတ်ဘဲ … ပေါ်ပေါ်ထင်ထင် လူတွေ့ခံလို့ ဘယ်ဖြစ်ပါ့မလဲ"

မိန်မိန် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံး၏။

"အင်း … ရှင်က လူတစ်ဖက်သားအပေါ်မှာ ညှာညှာတာတာ စဉ်းစားပေးတတ်သားပဲ၊ ကျွန်မ အစတုန်းက ရှင့်ကို ထင်မြင်ယူဆထားခဲ့တာတွေ မှားပြီပေါ့"



လီကျင်းဆွေက တအုံ့တသြ အမူအရာဖြင့် …

"ဟင် … မင်းက ကျူပ်ကို ဘယ်လိုများ ယူဆထားလို့လဲ"

"ဘယ်လိုထင်ရမလဲ … ရှင့်ကို ဘဝင်မြင့်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့ လူတစ်ယောက်လို့ ထင်ခဲ့မိတယ်လေ"

မိန်မိန်က ပွင့်ပွင့်လင်းလင်းပင် ပြောသည်။ လီကျင်းဆွေ ဇက်ကလေး ပုသွား၏။ စကားမပြောနိုင်။ မိန်မိန်ကသာ တွေးတွေးဆဆ အမူအရာဖြင့် …

"ကျန်းထင်ဟုန်က ရှင်ကိုတွေ့တော့ ဘာပြောသေးသလဲ"

"သူက ဘာမှမပြောလို့ ကျူပ်မျက်နှာပူပူနဲ့ ထွက်လာခဲ့တာပေါ့"

"ရှင်ကကော ဘာတွေပြောခဲ့သေးသလဲ"

"အို … ပြောဖို့နေနေသာသာ ကိုယ့်မျက်နှာတောင် ကိုယ် ဘယ်လိုထားမှန်းမသိ ဖြစ်နေတာ၊ ဘာစကား ပြောနိုင်မှာလဲ … ကြောင်အမ်းအမ်းကြီးပေါ့"

"ကျန်းထင်ဟုန်က ရှင့်ကို ယီချန်းလီတို့လက်ထဲအပ်ဖို့ မကြိုးစားဘူးလား"

"ဟင့်အင်း … ဘာမှမလုပ်ဘူး"

"ယွင်နန်တောင်ခြေမှာ ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး

လည်း ဘာမှမမေးဘူးလား"

"အဲဒါလည်း ဘာတစ်ခွန်းမှ မမေးဘူး"

လီကျင်းဆွေ ဖြေပြီးခါမှ စိတ်ထဲ ထင့်ခနဲ ဖြစ်သည်။ တစ်စုံတစ်ရာကို ဖျတ်ခနဲ တွေးမိသည်။ မိန်မိန့်ကို ထိတ်လန့်အံ့သြဟန်ဖြင့်

"နေစမ်းပါဦး ... မင်းက ဒီအကြောင်းတွေ ဘယ်လိုလုပ်သိတာလဲ"

"အရက်မူးသမားတစ်ယောက်က ပြောလို့သိတာပါ"

"ဟင် ... ဘယ်အရက်မူးသမားလဲ"

"ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်ပါလား"

လီကျင်းဆွေ မျက်မှောင်ကြုတ်ကာ စဉ်းစားတ်န်ပြုသည်။ တစ်ခဏကြာမှ သတိရဟန်ဖြင့် ...

"ကျုပ် ... ကျုပ် အရက်မူးပြီး သတိလစ်သွားတုန်းက ပြောလိုက်တာ ထင်တယ်"

"ဒီအတိုင်းဆိုတော့လည်း ရှင်က မှက်ဉာဏ်ကောင်းသားပဲ"

"အင်း ... ကျုပ် ... ကျုပ် အရက်မူးတုန်းက သတိလွတ်ပြီး နောက်ထပ်ဘာစကားတွေ ဆက်ပြောမိသေးသလဲ"

လီကျင်းဆွေ သူ့ကိုယ်သူ သိသည်။ မိန်မိန်ကို သူ ဘာစကားတွေ ပြောဆိုခဲ့သည်ကို ကိုယ့်ဘာသာသိသည်။ တမင်ပင် မျက်နှာ



ပြောင်တိုက် မေးလိုက်ခြင်းဖြစ်၏။ မိန်မိန် ရှက်စနိုး ခေါင်းငုံ့သွား၏။

"ကိုယ့်ဘာသာကိုယ် ဘာတွေပြောတယ်ဆိုတာ မသိဘူးလား"

မိန်မိန်၏ပါးနှစ်ဖက် ရှက်သွေးတက်ကာ ရဲတွတ်နေ၏။ အသံကလည်း အနည်းငယ် တုန်ယင်လှုပ်ခတ်နေသည်။ လီကျင်းဆွေ ကိုယ့်စကားနှင့်ကိုယ် ဘာမျှ ဆက်မပြောရဲ။

နှစ်ယောက်သားမှာ နှုတ်ဆိတ်လျက်ပင် လမ်းဆက်လျှောက်လာကြ၏။ အတန်ကြာမှ မိန်မိန်က လေသံထိန်းလျက် ...

"ဒီလိုဆို ဟသ်ာဒေဝီအတွက် ကြင်ဖက်ရွေးချယ်စရာ မရှိတော့ဘူးပေါ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"သစ္စာကိုယ်တော်လေးပါးရှိတဲ့အထဲမှာ နှစ်ပါးက အဆိပ်မိလို့ သေသွားပြီ၊ ရှင်ကလည်း လူသတ်တရားခံတစ်ယောက်လို ရှောင်တိမ်းပြေးလွှားနေရတယ်၊ ဟသ်ာဒေဝီအတွက် ကြင်ဖက်ရွေးစရာ တစ်ယောက်ပဲ ရှိတော့တယ် ... ကျန်းထင်ဟုန်ပဲပေါ့"

"ဟုတ်တယ် ... ဒါပေမဲ့ ဟသ်ာဒေဝီဟာ ဖူးစာရှင် ရှာလို့ရမှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့ ပြောရတာလဲ"

"ကျန်းထင်ဟုန်ဟာ ချီယင်ကလွဲရင် ဘယ်သူ့ကိုမှ မြတ်မြတ်နိုးနိုး လက်ထပ်ယူမှာမဟုတ်ဘူး၊ တကယ်လို့ ဟာသ်ာမယ်က သဘောကျပြီး သားမက်အဖြစ် ရွေးမယ်ဆိုရင်တောင်မှ သူက သူ့ကိုယ်သူ သတ်သေဖို့ ပြင်ဆင်ထားပြီးပြီ"

"ဒါဆို ကျန်းထင်ဟုန်ဟာ ယွင်နန်တောင်ခြေက လူသတ်မှုကို လုပ်တဲ့သူ မဟုတ်တော့ဘူးပေါ့"

"မင်းက သူ့ကို တရားခံ လုပ်ကြံတဲ့သူ ထင်နေလို့လား၊ မဖြစ်နိုင်ပါဘူး ... သူ မဟုတ်နိုင်ပါဘူး"

"အပ်ချမပ်ချတော့ မစွပ်စွဲရသေးပါဘူး၊ ဖြစ်များဖြစ်နိုင်မလားဆိုတာ စဉ်းစားမိတာပါ၊ ရှင်ပြောသလို ကျန်းထင်ဟုန်က တရားခံ မဖြစ်နိုင်ဘူး၊ ရှင်ကလည်း တရားခံမဟုတ်ဘူးဆိုတော့ လုပ်ကြံတဲ့သူဟာ ဘယ်သူဖြစ်နိုင်မလဲ"

လီကျင်းဆွေ စဉ်းစားဟန်ပြုကာ ...

"ဝံပုလွေဂိုဏ်းကများ ဖြစ်နေမလားပဲ"

"ဝံပုလွေဂိုဏ်းက ... ဟုတ်လား၊ ကျွန်မ တစ်ခါမှ မကြားဖူးပါလား"

"ဘယ်ကြားဖူးမလဲ ... သူတို့က အမှောင်နယ်ထဲက ဒုစရိုက်သိုင်းသမားတွေပဲ"



"အဲဒီ ဒုစရိုက်သိုင်းသမားတွေက ဘာကြောင့် သစ္စာကိုယ်တော်တွေကို လုပ်ကြံချင်ရတာလဲ"

"သိုင်းလောကမှာ အရှုပ်အထွေးဖြစ်အောင်လို့ပေါ့"

မိန်မိန်မှာ နားမလည်နိုင်ဟန်ဖြင့် မျက်လုံးကလေးဝိုင်းသွား၏။ လီကျင်းဆွေ ပြုံးလိုက်မိ၏။

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က ဝံပုလွေဂိုဏ်းဟာ အင်မတန် အင်အားကောင်းခဲ့တာပေါ့၊ တရုတ်ပြည်တစ်ပြည်လုံးမှာ ဝံပုလွေဂိုဏ်းဟော့ဆိုရင် ဖိမ့်ဖိမ့်တုန် ကြောက်ရွံ့ကြရတယ်၊ ဝံပုလွေဂိုဏ်းနဲ့ ပြဿနာဖြစ်ရမှာကို လက်ရှောင်တတ်ကြတယ်၊ ဒါပေမဲ့ တစ်နေ့ကျတော့ အဖြူရောင်သိုင်းဂိုဏ်းတွေက သမာဓိသိုင်းသမားကြီးတွေ စုပေါင်းပြီး ဝံပုလွေဂိုဏ်းကို ဖြိုဖျက်တိုက်ခိုက်တယ်၊ အဲဒီနောက်မှာ ဝံပုလွေဂိုဏ်းကြီး ပြိုကွဲသွားတယ်၊ ဒါပေမဲ့ လုံးဝ ချုပ်ငြိမ်းသွားတာတော့ မဟုတ်ဘူး၊ ခေါင်းဆောင်ပိုင်းက တချို့ဂိုဏ်းသားတွေ ကျန်ရစ်နေခဲ့ကြသေးတယ် ...၊

ကျုပ်တို့ကို ဘာကြောင့်လုပ်ကြံချင်ကြသလဲဆိုတော့ ကျုပ်တို့ သစ္စာကိုယ်တော်လေးပါးရဲ့ နောက်ခံအင်အား အရှိန်အဝါတွေကတောင့်တင်းကြတယ်၊ ဒီလိုလုပ်ကြံမှုကြောင့် တစ်ဖက်နဲ့တစ်ဖက် သံသယတွေကြီးထွားပြီး အထင်လွဲတိုက်ခိုက်မှုတွေ ဖြစ်လာမယ်၊ ရန်

စောင်အမျက်သိုရင် အဖြူရောင်ဂိုဏ်းသားအင်အားစုတွေ စည်းလုံးမှုမရှိဘဲ ပြိုကွဲမယ်၊ အဲဒီကျတော့မှ ဝံပုလွေဂိုဏ်းက အသစ်ပြန်ပြီး ခေါင်းထောင်လာမယ်၊ ဒါကြောင့် လုပ်ကြံကြတာလို့ ကျုပ်ယူဆတာပဲ"

"အင်း ... ရှင်ပြောတာ ဖြစ်တော့ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ရှင်တို့ သစ္စာကိုယ်တော်လေးပါး ယွင်နန်တောင်ခြေကိုသွားတာဟာ ဝံပုလွေဂိုဏ်းက ဘယ်လိုလုပ်ပြီး သိနိုင်ရတာလဲ"

"ဟုတ်တယ် ... မင်းပြောမှပဲ ဒီအချက်ကို သတိထားမိတယ်"

"ယွင်နန်တောင်ခြေကိစ္စဟာ လျှို့ဝှက်ကိစ္စတစ်ခုပဲ၊ ဟာသ်ာနန်းတော်ရဲ့ အမိန့်စာချုပ်ကို ရှင်တို့လေးယောက်ပဲ တိတ်တဆိတ်ရထားကြတာ၊ သိုင်းလောကရဲ့ သတင်းစုံယစ်ထုပ်ကြီး ဝူချင်တိတ်တောင် သိနိုင်မှာမဟုတ်ဘူး၊ အဲဒါ စဉ်းစားစရာမကောင်းဘူးလား"

လီကျင်းဆွေ ငိုင်တွေသွား၏။ တစ်ခဏကြာမှ တစ်စုံတစ်ရာကို တွေးတောမိဟန် မျက်လုံးအရောင် တောက်ပလာ၏။

"ဟုတ်ပြီ ... ကျုပ် သတိရပြီ"

"ဘာကို သတိရတာလဲ"

"ကျုပ် ချီယင်နဲ့တွေ့တော့ သူက ကျုပ်ကို ယွင်နန်တော်ခြေ



ကို ရောက်ခဲ့သလား၊ ကျန်းထင်ဟုန်နဲ့ တွေ့ခဲ့သလားလို့ မေးတယ်၊ ဟာသ်ာဒေဝီရဲ့ ကြင်ဖက်တော်ရွေးချယ်တဲ့အကြောင်း ချီယင်သိနေလိမ့်မယ်၊ ကျန်းထင်ဟုန်က သူ့အပေါ်မှာ အချစ်ကြီး ချစ်နေလေတော့ သူချစ်သူနဲ့ ကွဲကွာရမယ့်ကံကြမ္မာဆိုးကို ပြောပြမှာမလွဲဘူး၊ ချီယင်က နေတစ်ဆင့် သတင်းပေါက်ကြားသွားတာ ဖြစ်နိုင်တယ်"

"ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာပေါ့၊ မိန်းမဆိုတာ နှုတ်လုံတတ်ကြတာ မဟုတ်ဘူး၊ လျှို့ဝှက်အပ်တဲ့ကိစ္စဖြစ်နေဦးတော့ ... စိတ်ထဲက မခံစားနိုင်ရင် ပွင့်အန်ပေါက်ကွဲတတ်ကြတာ၊ ဟုတ်ပါတယ် ... သူပဲဖြစ်မှာပါ၊ သူ့ကို သွားမေးရင် အကြောင်းစုံ သိနိုင်လိမ့်မယ်"

ပြောရင်းမှ လီကျင်းဆွေ ခြေလှမ်း တုံ့ခနဲ ရပ်သည်။ သူတို့ ရောက်နေသောနေရာမှာ လမ်းကျဉ်းလမ်းတိုကလေးတစ်ခု ဖြစ်၏။ အမှောင်ရိပ်က ဖုံးလွှမ်းထားပြီး ဘေးနှစ်ဖက်တွင် မြင့်မားသည့်အုတ်နံရံကြီးများက ဝန်းရံကာဆီးထားသည်။

လီကျင်းဆွေ ခြေလှမ်း တုံ့ရပ်လိုက်သဖြင့် မိန်မိန်က နားမလည်နိုင်ဟန်ကြည့်ကာ ...

"ရှင်က ချီယင်ဆီ သွားမေးဦးမလို့လား"

"ဟုတ်တယ် ... အခုချက်ချင်း သွားမေးမှ ဖြစ်မယ်၊ နောက်

ကျနေရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်တယ်"

"သွားချင်လည်း သွားလေ၊ ဒါပေမဲ့ စောစောကလို ရှင်သူတို့ကို အနှောင့်အယှက်ပေးသလိုလည်း ဖြစ်နေဦးမယ်"

လီကျင်းဆွေ တစ်ခဏမျှ စဉ်းစားဟန်ပြုသည်။ ချစ်သူနှစ်ယောက်၏သာယာသောအချိန်ကလေးကို သူတစ်ခါ အနှောင့်အယှက်ပေးခဲ့ပြီးပြီ။ အရှက်ရခဲ့ပြီးပြီ။

ယခု ထပ်ခါထပ်၍ သူတို့၏သာယာပျော်မြူးဖွယ်အချိန်ကလေးအား ကိုယ့်ပယောဂကြောင့် ထပ်မံ မပျက်စီး မကုန်ဆုံးစေချင်။ ဘာလုပ်ရမည် သူမသိ။

အကူအညီ အကြံဉာဏ် တောင်းခံသည့်အနေနှင့် မိန်မိန့်ကို လှမ်းကြည့်သည်။ မိန်မိန်၏မျက်လုံးများက လမ်းကြားထိပ်ကလေးကို တစူးတစိုက် ငေးကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် လီကျင်းဆွေပါ လှမ်းကြည့်လိုက်သောအခါတွင်ကား ...

လီကျင်းဆွေနှင့် မိန်မိန်တို့နှစ်ယောက် ရောက်ရှိနေကြ



သော လမ်းကျဉ်းကလေး၏ တစ်ဖက် တစ်ချက်တွင် လူတစ်စု ဝိတ်ဆို့ကာ ရပ်နေကြသည်။ အားလုံးပေါင်း ခုနစ်ယောက်။

ထိုသူများ၏ ကိုယ်ပေါ်တွင် ဝတ်စုံနက်များ ဝတ်ဆင်လျက် မျက်လုံးပေါက်သာ ချန်လှပ်ပြီး မျက်နှာဖုံးစွပ်ထားကြ၏။ ရှေ့နောက်ညှပ်ကာ ဝိတ်ဆို့ထားခြင်းသည် ကောင်းသောအနေအထားတစ်ခု မဟုတ်။

မျက်နှာဖုံးစွပ်ထားကြသဖြင့်လည်း မိမိတို့အား အပြတ်ရှင်းလင်း လုပ်ကြံတော့မည်ဖြစ်ကြောင်း ထင်ရှားသည်။ လီကျင်းဆွေ အခြေအနေကို အကဲခတ်သည်။

သူတို့၏မျက်နှာချင်းဆိုင်ရှေ့တည့်တည့်တွင် လူလေးယောက် ရှိနေသည်။ နောက်ဘက်တွင်ကား သုံးယောက်ညှပ်လျက်။

ထိုသူများသည် လီကျင်းဆွေနှင့် မိန်မိန်အား အပြတ်ရှင်းလင်းနိုင်မည်ဟု အပိုင်တွက်ဆထားဟန် ရှေ့သို့ တဖြည်းဖြည်းချင်း တိုးလျှောက်လာ၏။

လီကျင်းဆွေသည် မိန်မိန့်ကို စိုးရိမ်သွားမိသည်။ ဤအကျည်းတန်မလေးကို သိုင်းပညာတတ်ကျွမ်းခြင်းမရှိဟု သူ ယူဆထားခဲ့သည် မဟုတ်ပါလား။

"မိန်မိန် ... မင်း ဘာမှစိုးရိမ်မနေနဲ့၊ ဒီကိစ္စဟာ ကျုပ်နဲ့

အမိက ပတ်သက်နေတယ်၊ ကျုပ်နဲ့ဆိုင်တဲ့ ပြဿနာမို့ မင်းကို အန္တရာယ်မပြုဖို့ ကျုပ် ကာကွယ်ပြောဆိုပေးပါ့မယ်"

မိန်မိန်က မျက်မှောင်ကလေးကြုတ်လျက် ...

"သူတို့က ကျွန်မကို အန္တရာယ်မပြုဘဲ လွှတ်ပေးပတဲ့လား"

"ဘာလို့ မလွှတ်ရမှာလဲ၊ မင်းက ဘာမှ ပြဿနာမရှိတဲ့လူပဲ၊ ကျုပ် ရှင်းပြမယ် ... ကျုပ်နဲ့ဆိုင်တဲ့ကိစ္စ ကျုပ်တစ်ယောက်တည်းနဲ့ပဲ ရှင်းရမှာပေါ့"

မိန်မိန် လှောင်ပြုံးပြုံး၏။

"သူတို့က ရှင်တစ်ယောက်တည်းကို ရည်ရွယ်ပြီး ရောက်လာတာ ထင်လို့လား"

"ကျုပ်က ပြဿနာနဲ့လူပဲ၊ ကျုပ်မဟုတ်လို့ ဘယ်သူရှိဦးမှာလဲ"

"ရှင်ထင်သလို မဟုတ်ဘူး"

"ဘာကြောင့် မဟုတ်ရမှာလဲ၊ ကျုပ်က သံသယတရားခံ တစ်ယောက် ဖြစ်နေတာပဲ"

"အဲဒါကြောင့် ပြောတာပေါ့၊ ရှင့်လို တရားခံတစ်ယောက်၊ တိမ်းရှောင်ထွက်ပြေးနေတဲ့ လူတစ်ယောက်ကို တွေ့ဆုံအပြစ်ပေးဖို့ အခုလို ကိုယ့်မျက်နှာ လူမြင်မခံဝံ့ဘဲ မျက်နှာဖုံးတွေဘာတွေ စွပ်ထား



ဖို့ လိုပါ့မလား"

လီကျင်းဆွေ သဘောပေါက်သွား၏။ မိမိကို ရည်ရွယ်ပြီး လာတာမဟုတ်လျှင် မိန်မိန့်ကို ရည်ရွယ်ပြီးလာတာသာ ဖြစ်ရပေမည်။ သို့အတွက် မိန်မိန့်အပေါ် စိုးရိမ်စိတ်မချနိုင်သည့် အမူအရာ ချက်ချင်းပေါ်ထွက်လာတော့သည်။

မိန်မိန်က ဂရုမစိုက်သည့်လေသံဖြင့် ...

"ရှင် စိတ်ပူမနေပါနဲ့၊ ရှင့်ကို ပြဿနာမရှာဖို့ ကျွန်မ တောင်းပန်ပေးပါ့မယ်"

"မင်းက ကျုပ်ကို သတ္တိမရှိတဲ့ကောင်၊ ပြဿနာတွေ့ရင် ခေါင်းရှောင်သွားမယ့်လူလို့ ထင်နေလို့လား"

"အို ... ဒီလိုသဘောမျိုး မဟုတ်ပါဘူး၊ ကျွန်မက စေတနာနဲ့ပြောတာပါ၊ ကျွန်မအတွက်ကြောင့် ရှင်သေသွားရင် ယွင်နန်တောင်ခြေလုပ်ကြံမှုတရားခံကို ဘယ်လိုလုပ်ဖော်ထုတ်ရမလဲ၊ သံသယတရားခံအဖြစ်က မလွတ်ကင်းသေးဘဲ ရှင် ဘယ်လိုလုပ်အသေဖြောင့်နိုင်မှာလဲ"

"ဘာပဲဖြစ်ဖြစ် မိန်မိန့်ကို အန္တရာယ်တောထဲမှာ ထားခဲ့ပြီးတော့ ထွက်မသွားနိုင်ဘူး"

"အလို ... ရှင်နဲ့ကျွန်မက သိကြတာ ရက်ပိုင်းပဲ ရှိသေးတယ်၊

ဘာကြောင့် ကျွန်မအတွက် အသက်စွန့်ချင်နေရတာလဲ"

"မိန်းမသားတစ်ယောက် ဒုက္ခရောက်နေတာကိုတွေ့လျက်နဲ့ ရှောင်ထွက်သွားတဲ့လူလောက် ယောကျ်ားမပီသ ညံ့ဖျင်းတဲ့သူ ရှိပါဦးမလား"

"ခစ် ခစ် ခစ်"

မိန့်မိန် သဘောကျစွာ ရယ်မောၡ၏။ သူတို့နှစ်ယောက် ပြောဆိုနေကြသည်မှာ အန္တရာယ်များ ဝန်းရံထားသည်ဟုပင် ထင်မှတ်စရာ မရှိ။ အေးဆေးတည်ငြိမ်မှု ရှိနေသည်။

မိန့်မိန်၏ လှပသောမျက်ဝန်းကလေးမှာ လီကျင်းခွေ၏ စကားကို ကြားရသဖြင့် ပို၍ အရောင်တောက်ပလာသည်။ လီကျင်းခွေအား ကြည့်သည့်အကြည့်က အားကိုးတွယ်တာသောအကြည့်၊ မြတ်နိုးခုံမင်သောအကြည့်ဖြစ်ကြောင်း သူမကိုယ်တိုင် သူမ,သိသည်။

ထိုအချိန်တွင် မျက်နှာဖုံးစွပ်လူများ၏ ဝန်းရံမှုက စည်းဝိုင်းကျုံ့လာသည်။ ရှေ့နောက် ငါးပေခန့်သာ ကွာတော့သည်။ ထိုသူများ၏လက်ထဲတွင်လည်း လက်နက်များကို အသင့်ကိုင်ဆောင်ထားကြသည်။ မကြာခင်မှာပင် ပြင်းထန်ကြမ်းတမ်းသော တိုက်ပွဲတစ်ပွဲ ဆင်နွှဲတော့မည့်အနေအထား ရှိ၏။

ပုံစံအသွင်အပြင်ကြည့်ရုံနှင့် သိုင်းပညာအဆင့်နိမ့်သူများ



မဟုတ်ကြောင်းသိသာသည်။ မိန့်မိန်သည် ကျားရဲမလေးတစ်ကောင်အလား ထိုသူများကို စူးစိုက်ကြည့်သည်။

"ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ဝန်းရံထားကြတာလဲ"

မိန့်မိန်၏ မာထန်ထန် ငေါက်ငမ်းပြောဆိုသံကို ဝတ်စုံနက်များ ဂရုမစိုက်။ တစ်ခွန်းတစ်ပါဒမျှ ပြန်မဖြေ။ ဝန်းရံမြဲ ဝန်းရံကာ အသင့်ပြင်ဆင်ထား၏။ မိန့်မိန် စိတ်မရှည်။

"ရှင်တို့ မေးနေတာ မကြားဘူးလား၊ ကျွန်မကို ရန်ရှာချင်လို့လား၊ ဒါမှမဟုတ် သူ့ကို ရန်ရှာချင်လို့လား"

"မင်းက ဘယ်သူ့ကို ပြဿနာရှာမယ် ထင်နေလို့လဲ"

မျက်နှာချင်းဆိုင်မှ အရပ်အမောင်းကောင်းကောင်းလူက အမေးစကားကို တုံ့ပြန်သည်။ မိန့်မိန် ကိုယ်ကလေးတွန့်ကာ လှောင်ရယ် ရယ်သည်။

"ရှင်တို့ သူ့ကို ပြဿနာရှာမယ်ဆိုရင်တော့ ကျွန်မက အနေသာကြီးပဲ၊ အဲ ... ကျွန်မကို ပြဿနာရှာမယ်ဆိုရင်တော့ ဒီလူက ရှင်တို့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး"

"ဟား ဟား ဟား ... မင်းကို ပြဿနာရှာရင် သူက အကာအကွယ်ပေးမယ်ပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... ဒီအတိုင်းပဲ"

လီကျင်းဆွေ ခက်ထန်တည်ငြိမ်စွာ ဝင်ပြောသည်။ ခေါင်းဆောင် ဖြစ်ဟန်တူသူ အားပါးတရ ရယ်မောဏ်။

"ဟား ဟား ဟား ... ဒီလောက်မောက်မာချင်တဲ့အကောင် အကြောင်းပြရသေးတာပေါ့"

ပြောပြောဆိုဆိုပင် ဓားရှည်ကို ဝှေ့ယမ်းကာ တိုက်ခိုက်လာတော့သည်။ ခေါင်းဆောင်ဖြစ်သူက စတင်လှုပ်ရှားလာသည်နှင့် ကျန်လူများသည်လည်း လက်နက်ကိုယ်စီ ဝှေ့ယမ်းကာ တိုက်ခိုက်လာတော့သည်။

လီကျင်းဆွေမှာ လက်နက်ဟူ၍ အပ်တစ်ချောင်းပင်မရှိ။ သူ့ အဓိကထား တိုက်ခိုက်လေ့ရှိသော သွေးနီနှင့် စိန်ကြယ်ဓားတို့ နှစ်လက်ကလည်း ယီချန်းလီထံတွင် အပ်နှံထားခဲ့ပြီးဖြစ်၏။

ရန်သူက ခုနစ်ယောက်။ မိမိလက်ထဲ ၌လည်း အပ်တိုတစ်ချောင်းပင် မရှိ။ ရန်သူများက လက်နက်ကိုယ်စီနှင့်။ အခြေအနေက အကွာကြီးကွာ၊ အခြားနားကြီး ခြားနား၏။

တိုးဝင်လာသော လက်နက်ရိပ်တို့ကို လှပစွာ ရှောင်တိမ်းသည်။ လက်နှစ်ဖက်၊ ခြေထောက်နှစ်ဖက် စကြာရဟတ်လို လှုပ်ရှားပြီး ကာကွယ်သည်။

ထိုအထဲတွင် 'ကြောင်ပျံခြေလိမ်ကွက်' က အဆင့်မြင့် သိုင်း



ပညာရှင်များ၏ တိုက်ကွက်မှန်သမျှကို စိတ်လွတ်ကိုယ်လွတ် ရှောင်တိမ်းနိုင်စွမ်း ရှိသည်။

လီကျင်းဆွေ ကြောင်ပျံခြေလိမ်ကွက်ကို အကွက်ကျကျ နင်းသည်။ တိုက်ကွက်မှန်သမျှ ရှောင်သည်။ ရှောင်တိမ်းရာတွင်လည်း သူတစ်ယောက်တည်း မဟုတ်။ မိန်မိန့်ကိုတွဲခေါ်ကာ အကာအကွယ်ပေး ရှောင်တိမ်းနေရသည်လည်း ဖြစ်၏။

ထိုသို့ 'လှပစွာရှောင်တိမ်းနေနိုင်သဖြင့် မျက်နှာဖုံးစွပ် လူခုနစ်ယောက်တို့ ဒေါသထွက်လာကြ၏။ အရှိန်တိုးမြှင့်ကာ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း တိုက်ခိုက်လာကြပြန်သည်။

လက်နက်ရိပ်များက လီကျင်းဆွေနှင့်မိန်မိန်တို့၏ကိုယ်ပေါ်သို့ ဖုံးအုပ်လွှမ်းခြုံလာသည်။ လီကျင်းဆွေနှင့် မိန်မိန်တို့နှစ်ယောက်မှာ ကကွက်တစ်ခု ခင်းကျင်းနေသလို တည်ငြိမ်စွာပင် ရှောင်တိမ်း၏။

လီကျင်းဆွေမှာ သိုင်းသမားတစ်ယောက်၊ တိုက်ပွဲအတွေ့အကြုံ ပြည့်ဝသူတစ်ယောက်ဖြစ်သည်မို့ အကြောက်အလန့်မရှိ။ ထို့အတူ မိန်မိန်မှာ လီကျင်းဆွေအတူတူတွဲကာ အန္တရာယ်များ ရင်ဆိုင်နေရသည်ကို ပျော်စရာတစ်ခုလို ထင်မှတ်နေပုံရ၏။

ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း စိုးစဉ်းမျှ မရှိ။

"လီကျင်းဆွေ"

မိန်မိန်က ရှောင်တိမ်းနေရင်းမှ အသံပြုသည်။ လီကျင်းဆွေသည် ကြောင်ပျံခြေလိမ်ကွက်မှ တတိယအကွက်ကို အသုံးပြုကာ ရှောင်တိမ်းရင်း ...

"ဘာလဲ မိန်မိန်"

လီကျင်းဆွေအား မိန်မိန်သည် ပြန်လည်စကားပြောဆိုရန် နှုတ်ရေးပြင်သည်။ သူမ၏ မျက်ဝန်းနှုတ်ခမ်းတို့က လျှို့ဝှက်ချက်တစ်ခုကို ထုတ်ဖော်ပြောဆိုမည့် အသွင်ရှိသည်။

ထိုအချိန်မှာပင် မျက်နှာဖုံးစွပ်တစ်ယောက်၏ဓားရှည်က လီကျင်းဆွေ၏ နောက်ကျောဘက်ဆီမှ ပန်းကုံးလည်ပြတ် ခုတ်ချလိုက်တော့၏။

'ဒိုး'

ဓားချက်က ကြောက်စရာကောင်းသည်။ မိန်မိန် မျက်လုံးကလေး ပိုင်းသွား၏။ လီကျင်းဆွေကို ပြောမည့်စကား မပြောဖြစ်တော့။ သတိပေးရန် ပြင်သည်။ သို့သော် ထိုစဉ်မှာပင် လီကျင်းဆွေ၏ခြေပျံတစ်ချက်က လှစ်ခနဲ လှုပ်ရှားလာ၏။

'ဖြောင်း'

ခြေကန်ချက်က မှန်သည်၊ မြန်သည်၊ ပြင်းထန်သည်။ ဓားသမား ဓားကိုင်လက်ကို တိတိကျကျ ထိမှန်သည်။ ဓားသမားမှာ



ခုတ် ချက်ထုတ်ဖို့ မပြောနှင့် ... လက်ထဲမှ ဓားသည်ပင် မြောက်တက်လွင့်စဉ်သွားသည်။

လီကျင်းဆွေ၏လှုပ်ရှားရှောင်တိမ်းမှု ထက်မြက်လှသလို တိုက်ကွက်ထုတ်ရာတွင်လည်း တစ်ကွက်ဆို ဆိုသလောက် တိကျပြင်းထန်သဖြင့် မျက်နှာဖုံးစွပ်များ ဖြိုသွားကြ၏။ အနည်းငယ် ရှိန်မိကြသည်။

လီကျင်းဆွေနှင့်မိန်မိန်တို့နှစ်ယောက် အနားယူခွင့် ရသွားသည်။ ထိုအချိန်မှာပင် အရည်လဲ့စိုရွှန်းနေသော မိန်မိန်၏ မျက်လုံးကလေးက ရုတ်တရက် ပြူးကျယ်ဝိုင်းစက်သွားသည်။

နှုတ်ခမ်းအစုံက စက်ဝိုင်းသဏ္ဍာန်ဝိုင်းစက်သွား၏။ မျက်နှာတွင်လည်း ကြောက်ရွံ့ထိတ်လန့်ဟန်မျိုး ပေါ်ထွက်လာ၏။ ရုတ်ခြည်းပြောင်းလဲသွားသော မိန်မိန်၏အမူအရာကြောင့် လီကျင်းဆွေ တအံ့တဩ ဖြစ်၏။ မျက်လုံးအကြည့်ရောက်ရာဘက် သူ ဆတ်ခနဲ ကြည့်သည်။ လမ်းကျဉ်းကလေးထဲသို့ လူတစ်ယောက်ဝင်လာသည်ကို လှမ်းတွေ့လိုက်ရ၏။

လမ်းကျဉ်းကလေးထဲသို့ ဝင်ရောက်လာသူမှာ အမျိုးသမီးငယ်တစ်ယောက် ဖြစ်၏။ ရုပ်ရည်ချောမောလှပသည်။ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားများကမူ ပြောင်လက်တောက်ပမှု မရှိ။

ဖျင်အင်္ကျီကို ခပ်ညစ်ညစ် ခပ်နွမ်းနွမ်း ဝတ်ဆင်ထားသည်။ ဘယ်ဘက်လက်တံတောင်ဆစ်တွင် ခြင်းတောင်းတစ်တောင်း ချိတ်ဆွဲထား၏။

ခြင်းထဲတွင် ဂန္ဓာမာပန်းများ၊ နှင်းဆီပန်းများ၊ စံပယ်ပန်းများ တောင်းတစ်တောင်းအပြည့် ထည့်ထားသည်။ ပန်းသည်မလေးတစ်ယောက်ပင်တည်း။

ပန်းသည်မလေးသည် လမ်းထဲသို့ ဖြည်းညင်းစွာ လျှောက်လှမ်းဝင်ရောက်သည်။ ထိုပန်းသည်မလေးကို တွေ့မြင်လိုက်ရုံနှင့် မိန်မိန်တစ်ယောက် အဘယ်ကြောင့် မျက်နှာပျက် ကြောက်ရွံ့သွားသည် မသိ။ လီကျင်းဆွေအား နားမလည်နိုင်သည့်အကြည့်ဖြင့်ကြည့်ကာ

"မိန်မိန် ဘယ်လိုဖြစ်တာလဲ ... ဘာကြောင့် မျက်နှာပျက်သွားရတာလဲ"

မိန်မိန်၏လက်မောင်းအိုးကလေးကို ဆုပ်ကိုင်၍မေးသည်။



"ကျွန်မ ... ကျွန်မ ... ကျွန်မ သွားတော့မယ်"

မိန်မိန် ကမန်းကတန်းပင် ရှန်းထွက်ကာ ဝန်းရံထားသော မျက်နှာဖုံးစွပ်များအကြားမှ ထိုးဖောက်ထွက်သည်။ လျှပ်ရှားမှုက မြန်သည်။ မယုံကြည်နိုင်လောက်အောင် သွက်လက်သည်။

မျက်နှာဖုံးစွပ်များ အံ့အားသင့် ငေးကြောင်ကြည့်နေမိကြ၏။ လီကျင်းဆွေပင် မဟန့်တားနိုင်ဘဲ မှင်တက်နေမိ၏။ ပန်းသည်မလေးကမူ လမ်းကျဉ်းကလေးထဲတွင် ဘာဖြစ်နေသည်ကို မသိ။ ဂရုမစိုက်။ ရှေ့သို့သာ ဣန္ဒြေမပျက် ဆက်လျှောက်သွားသည်။

မိန်မိန်သည် လီကျင်းဆွေအား အဘယ်ကြောင့် ရန်သူများအကြားတွင် မျက်နှာလွှဲခဲ့ပစ် ထားရစ်ခဲ့ရလေသနည်း။ ပန်းသည်မလေးသည်ကော ဘယ်သူ ဖြစ်လေသနည်း။

**လီကျင်းဆွေ စဉ်းစား၍ မရ။ ဘာတစ်ခုမျှ နားမလည်။** သူ ဆက်စပ်စဉ်းစား၍ မရခင်မှာပင် မျက်နှာဖုံးစွပ်တို့က လှုပ်ရှားလာကြပြန်သည်။ ဓားရိပ်များက တလက်လက်ဖြာသည်။ ဓားလေတိုးသံက တဟူးဟူး ထသည်။

အကြမ်းဆုံး အရမ်းဆုံး တိုက်ကွက်တို့ကို ထုတ်ဖော်ချပြီး လီကျင်းဆွေကို အပြတ်ရှင်းနိုင်အောင် ကြိုးစားလာခဲ့ပြီ။ လီကျင်းဆွေမှာ မိန်မိန်မရှိတော့သဖြင့် နောက်ဆံတင်းစရာ မလိုတော့။ ကြောင်ပျံ

ခြေလိမ်ကွက်ကို ပြောင်ပြောင်မြောက်မြောက်ဖော်ကာ ရှောင်တိမ်းသည်။

စောစောက ရှောင်တိမ်းခြင်းသာ ပြုခဲ့သော်လည်း ယခုအခါတွင် ရှောင်တိမ်းသလို ခုခံသည်။ ခုခံသလို တိုက်စစ်လည်း ဆင်သည်။

သူ၏ လက်ဝါး၊ လက်သီး၊ တံတောင်၊ ဒူးဆစ်၊ ခြေဖျားတို့က ဇယ်ဆက်သလို တရစပ် မရပ်မနား လှုပ်ရှားသွား၏။ အရှောင်အတိမ်း၊ အငဲ့အယိမ်း၊ အထိုးအခုတ်၊ အပင့်အကော်၊ အခတ်အတွက်တို့က အကွက်ကျကျ ထုတ်ဖော်သည်။

သူ့ကိုယ်ပေါ်သို့ အငမ်းမရထိုးသွင်းချေဖျက်မည့် လက်နက်ရိပ်တို့အကြားတွင် စနစ်တကျ လှလှပပ ခုန်ပျံတိုက်ခိုက်သည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ လီကျင်းဆွေ အောက်စည်းသို့ ရောက်သည်။ လက်နက်မဲ့နှင့် လက်နက်ရှိ၊ တစ်ယောက်နှင့် ခုနစ်ယောက် တိုက်ခိုက်ရသဖြင့် အခွင့်အလမ်းမသာ။

ရန်သူများ၏ သိုင်းပညာအဆင့်ကလည်း မြင့်မားလှသည်။ လီကျင်းဆွေမှာ ကြောင်ပျံခြေလိမ်ကွက်နှင့်အတူ သူ၏ လက်နက်မဲ့ထူးချွန်တိုက်ကွက်ဖြစ်သော 'မိစ္ဆာအသည်းခြွေလက်ဝါး' တိုက်ကွက်ကို ထုတ်ဖော်တိုက်ခိုက်သည်။

'ဝုန်း'



ထိုလက်ဝါးတိုက်ကွက် ထုတ်ဖော်လာသည်နှင့် ရန်သူတစ်ယောက် ရင်ဝကို ထိမှန်ခံရကာ တုံးခနဲ လဲကျသည်။ လီကျင်းဆွေ၏ ပြောင်မြောက်သော 'မိစ္ဆာအသည်းခြွေ' လက်ဝါးကြောင့် ရန်သူများ နောက်သို့ ရှဲသည်။

အရမ်း ဝင်ရောက်တိုက်ခိုက်ခြင်း မပြုကြ။ ဓားရှည်များကို ဝှေ့ယမ်းကာ ပူးပေါင်းတိုက်ကွက်ခင်းသည်။ သိုင်းလောကတွင် ထင်ရှားသော 'ဆင္ဍဂံမှန်ကူ ဓားဇဗ္ဗူ' တိုက်ကွက်ဖြစ်၏။

ဆင္ဍဂံမှန်ကူ ဓားဇဗ္ဗူတိုက်ကွက်သည် လျှို့ဝှက်သိုင်းပညာတော့ မဟုတ်။ ဂိုဏ်းတစ်ဂိုဏ်း သိုင်းအဖွဲ့တစ်ဖွဲ့၏ မူပိုင်ပညာရပ်တစ်ခု မဟုတ်။ သိုင်းလောကသားတိုင်း၊ အဖွဲ့အစည်းတိုင်း စုပေါင်းတိုက်ခိုက်ရာတွင် အသုံးပြုလေ့ရှိသော အများပိုင်တိုက်ကွက်တစ်ခုဖြစ်၏။

သိုင်းဂိုဏ်းတိုင်း အခြေခံတတ်ကျွမ်းကြသော တိုက်ကွက်ဖြစ်၏။ သို့သော် ဆင္ဍဂံမှန်ကူဓားဇဗ္ဗူတိုက်ကွက်သည် အနည်းဆုံး လူခြောက်ယောက် တွဲဖက်တိုက်ခိုက်ရသည်။ ခြောက်ယောက်၊ ဆယ့်နှစ်ယောက် အဆတိုးတိုက်ခိုက်နိုင်သလို အကွက်လုံခြုံကာ ဓေ့စပ်သေချာသည်။

တိုက်စစ်ကို အဓိကထားနိုင်သလို ခံစစ်မှာ လုံခြုံခိုင်မာ

သည်။ အများသုံး တိုက်ကွက်တစ်ခုဖြစ်သော်လည်း တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်ပုံ၊ တိုက်ကွက်အပြောင်းအလဲတို့က မတူကြ။

တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို မူကွဲသည်။ အခြေခံသဘောတရားလောက်သာ တူညီမှု ရှိ၏။ ထက်မြက်ပြောင်မြောက်မှုချင်းက ကွာခြားသည်။

ယခု မျက်နှာဖုံးစွပ်များ ထုတ်ဖော်လာသည့် ဆင္ဒဂံမုန်ကူဓားဗျူဟ်တိုက်ကွက်က အခြားအခြားသောဂိုဏ်းများနှင့် မတူ၊ မူကွဲသလို လျှို့ဝှက်ရှုပ်ထွေးသည်။

ထပ်ဆင့်အပြောင်းအလဲများ ထူထပ်သလောက် ဆွယ်ယောင်ပြတိုက်ကွက်တို့ကလည်း များပြားသည်။ အစစ်အမှန်တိုက်ကွက်ကို ခန့်မှန်း၍ မရ။

လီကျင်းဆွေမှာ တိုက်စစ်ကို အားမပြုနိုင်။ ခံစစ်ကိုပင် ထုတ်ဖော်ခြင်း မပြုနိုင်။ ကြောင်ပျံခြေလိမ်ကွက်ဖြင့်သာ အလူးအလဲရှောင်တိမ်းရသည်။ ထိုခြေကွက်ကို အသုံးပြုကာ ထိုးဖောက်ရှောင်တိမ်းရန် ကြိုး စားသော်လည်း မရ။

ဓားရိပ်တို့က ခန္ဓာကိုယ်ပေါ်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလာသည်။ လီကျင်းဆွေ အကျဉ်းအကျပ် ကျလာသည်။



အသက်ရှူမှားလုမတတ်ပင် အခက်တွေ့လာသည်။ ကြာရှည်ဆက်သွားလျှင် အရှုံးကြီးရှုံးပေတော့မည်။ ရန်သူ့ဓားချက်အောက်တွင် အသက်ပျောက်ရပေမည်။ ထိုစဉ်မှာပင် တိုက်ပွဲစည်းဝိုင်းအတွင်းသို့ လူရိပ်တစ်ရိပ် ခုန်ပျံဝင်ရောက်လာ၏။

"လီကျင်းဆွေကို သတ်ချင်ရင် ကျုပ်ကို နိုင်အောင်တိုက်ကြ"

အော်ဟစ်ကြိမ်းမောင်းသလို တိုက်ကွက်တွေကို ရောက်ရောက်ချင်း စတင်သည်။ ဓားရှည်ကို ပေါ့ပါးသွက်လက်စွာ ဝှေ့ယမ်းတိုက်ခိုက်သည်။ ထိုသူ၏ဓားရေးက ထက်မြက်လှသည်။

လီကျင်းဆွေအပေါ်တွင် လွှမ်းမိုးကာ ဖိစီးလာသော မျက်နှာဖုံးစွပ်တို့၏ ဓားစက်ဝိုင်းတို့ ပြိုပျက်သည်။ ဆင္ဒဂံမုန်ကူဓားဗျူဟ်လည်း အစည်းပြေကာ ဖရိုဖရဲဖြစ်သည်။ စုပေါင်းတိုက်ကွက်အဖြစ် ထုတ်ဖော်၍ မဖြစ်တော့။

လီကျင်းဆွေမှာ အဆင့်မြင့် ဓားသမားတစ်ဦးက ဝင်ရောက်အကူအညီပေးလာသဖြင့် အသက်ရှူချောင်လာသည်။ မိစ္ဆာသည်းခြေ လက်ဝါးတိုက်ကွက်ကို အပီဆုံး ထုတ်ဖော် တိုက်ခိုက်လာနိုင်သည်။

အဆင့်မြင့်လူငယ်သိုင်းပညာရှင်နှစ်ယောက်တို့ ပူးပေါင်းတိုက်ခိုက်လာသောအခါ မျက်နှာဖုံးစွပ်တို့ တောင့်မခံနိုင်ကြ။ အလဲလဲ

အပြိုင်ပြိုင် ဖြစ်ကုန်သည်။ အကွဲကွဲအပြားပြား ဖြစ်ကုန်သည်။

နောက်ဆုံးတွင် ကျန်ရှိနေသော ရှုသုံးယောက်သည်ပင် ကိုယ့်အသက်ကိုယ်လုကာ တစ်ဟုန်ထိုး နောက်လှည့်ထွက်ပြေးသွားကြလေတော့သည်။

လီကျင်းဆွေမှာ မိမိအခက်အခဲ အကျပ်အတည်းတွေ့စဉ် [illegible]ရောက် အကူအညီပေးသော လူငယ်ကို အလွန်ပင် ကျေးဇူးတင်မိသည်။

လူငယ်ဘက်သို့လှည့်ကာ ကျေးဇူးတင်စကားဆိုရန် ပြင်လိုက်သောအခါတွင်ကား လီကျင်းဆွေမှာ အကြီးအကျယ်ပင် အံ့အားသင့်သွားမိ၏။

ထိုလူငယ်သည် သူ မည်သို့မျှ မျှော်လင့်မထား[illegible]သောသူ၊ အိပ်မက်ထဲတွင် ယောင်လို့ပင် မတွေးမိသောသူ။

ထိုလူငယ်ကား ကျန်းထင်ဟုန် ဖြစ်နေလေသတည်း ...။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၀၇၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၁၂၆၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း။ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
ဝင်းကြွယ်

# ဟင်္သာဒေဝီ၏ဖူးစာရှင်

(ဒုတိယပိုင်း)

# အခန်း (၇)

ချိုယင်၏အိမ် ဧည့်ခန်းဆောင်ကလေးက တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်မရှိ။ ခင်မင်ရင်းနှီးမှု၊ လေးစားချစ်ကြည်မှုတို့နှင့် ပြည့်လျှမ်းနေသည်။

စားပွဲခုံကလေးတစ်ခုံထက်တွင် ကြော်လှော်ချက်ပြုတ်ထားသော ဟင်းလျာခွက် သုံးလေးခွက်က အရန်သင့်။ ဟင်းလျာခွက်တို့အလယ်တွင် ကြွေရည်တကောင်းဖြင့်ထည့်ထားသော အရက်များက အပြည့်။

စားပွဲခုံကလေးတွင် လူငယ်နှစ်ယောက်က မျက်နှာချင်းဆိုင်လျက် ထိုင်နေသည်။ သူတို့၏ရှေ့တွင် အရက်ခွက်ကလေးများ ကိုယ်စီရှိကြ၏။ သူတို့နှင့် ခပ်လှမ်းလှမ်းတွင် မိန်းမပျိုလေးတစ်ယောက် ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်နေသည်။

ကမန်းကတန်း ကြော်လှော်ချက်ပြုတ်ပေးရသောကြောင့် ဖြစ်ဟန်တူသည်။ မိန်းမပျိုကလေး၏ မှုန်နံ့သာခြယ်သထားသော မျက်နှာတွင် ချွေးဥကလေးများ စို့နေ၏။

သူမ၏အပြုံးကမူ ချိုမြကြည်လင်လှ၏။ ထိုမိန်းမပျိုကလေးကား ချီယင်ဖြစ်၏။

စားပွဲခုံတွင် မျက်နှာချင်းဆိုင်ထိုင်နေသော လူငယ်နှစ်ယောက်မှာ ရွှေစားရှင်ကျန်းထင်ဟုန်နှင့် တိမ်နဂါးလီကျင်းဆွေတို့ပင်တည်း။

ကျန်းထင်ဟုန်သည် လီကျင်းဆွေအား အန္တရာယ်အတွင်းမှ ကူညီစောင့်ရှောက်ပြီးလျှင် ချီယင်၏အိမ်ဂေဟာသို့ ခေါ်ဆောင်လာခဲ့သည်။ အိမ်သို့အရောက်တွင် နှစ်ယောက်သား စားသောက်စကားပြောဆိုနိုင်ရန် ချီယင်အား စီစဉ်စေသည်။

အိမ်တွင် အရက်အသင့်မရှိသဖြင့် သူကိုယ်တိုင်ပင် သွားရောက်ဝယ်ယူပေးပြီး အစားအသောက်ဟင်းလျာတို့ကို ကိုယ်တိုင်ပင် အလျင်အမြန် ချက်ပြုတ်ကြော်လှော်ပေးခဲ့ရသည်။

"ခင်ဗျားကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ၊ ကျုပ်ကို အခုလိုလာပြီး ကူညီကယ်တင်ပေးလိမ့်မယ်လို့ လုံးဝ မျှော်လင့်မထားခဲ့ပါဘူး"

လီကျင်းဆွေက ကျန်းထင်ဟုန် ငှဲ့ပေးသော အရက်တစ်ခွက်ကို လှမ်းယူကာ ကောက်မော့ပြီး ကျေးဇူးစကားဆိုသည်။ ကျန်းထင်ဟုန် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်၏။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တို့ဟာ အဖြူရောင် သိုင်းလောကသားတွေပဲ၊ ဖြောင့်မတ်မှန်ကန်လို့ သစ္စာကိုယ်တော်လို့ ဘွဲ့နာမည် သတ်မှတ်ပေးထားကြတာပဲ၊ လူတစ်ယောက် ဒုက္ခတွေ့လာကြတဲ့အခါ အကူအညီပေးရမှာ ကျုပ်တို့ သစ္စာကိုယ်တော်တွေရဲ့ အဓိကတာဝန်ကြီးတစ်ရပ် မဟုတ်လား"



"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ ... ခင်ဗျားကျေးဇူးတွေကို ကျုပ်ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်ပါဘူး"

ကျန်းထင်ဟုန်က ပြုံးနေ၏။ အရက်ကိုသာ စိမ်ပြေနပြေသောက်ပြီး အမဲသားကြော်တစ်တုံးကို တကြွပ်ကြွပ်ဝါးသည်။

လီကျင်းဆွေမှာ ကျန်းထင်ဟုန်က မိမိအား လူသတ်တရားခံ၊ ယွင်နန်တောင်ခြေလုပ်ကြံမှုကို ဖန်တီးသူဟု ယီချန်းလီတို့ရှေ့တွင် ဖွင့်ချပြောဆိုခဲ့သည်။ ယီချန်းလီတို့ မရောက်လာခင်တွင် မိမိနှင့် တိုက်ခိုက်ရန်ပင် ဟန်ပြင်ခဲ့သေးသည်။

ယခု အဘယ်ကြောင့် မိမိတို့ ကယ်တင်ရလေသနည်း။

လုပ်ကြံသူတရားခံမှာ မိမိမဟုတ်ကြောင်း သိရှိသွားသောကြောင့်ပေလားဟု စိတ်ထဲ နားမလည်နိုင်အောင် ဖြစ်မိ၏။

သို့သော် သူ့စိတ်ထဲတွင် ဖြစ်ပေါ်လာမှုတို့ကို မျိုသိပ်ချုပ်တည်းထားလိုက်၏။

ကျန်းထင်ဟုန်နှင့်သာ အာလာပသလ္လာပစကားဆိုသည်။

သူတို့နှစ်ယောက်ကို ချီယင်က လိုလေသေးမရှိအောင် ပြုစုဖြည့်

ဆည်းပေးသည်။ ကျန်းထင်ဟုန်သည် ချီယင်ကို အသက်နှင့်အမျှ ချစ်မြတ်နိုးသလို ချီယင်ကလည်း သူ့နည်းတူ မေတ္တာထားပုံရသည်။

အနီးတွင် ထိုင်လျက် ကယုကယင် ချစ်တုံ့တင်နေကြပုံကို ကြည့်ပြီး လီကျင်းဆွေရင်ထဲ ကြည်နူးချမ်းမြေ့ရသည်။ ကြည်နူးချမ်းမြေ့ခြင်းနှင့်အတူ အားကျခြင်းတို့က ဝင်ရောက်လာ၏။

တစ်ဆက်တည်းပင် မိန်မိန်ကို မြင်ယောင်လာသည်။

မိမိသည် မိန်မိန်ကို နှစ်နှစ်ကာကာ ချစ်မြတ်နိုးနေမိပြီလား။ ကြည်နူးချမ်းမြေ့ဖွယ်ကောင်းသောအချစ်သည် မိန်မိန်ထံတွင် လက်ခံရရှိနိုင်လေမည်လား။

လီကျင်းဆွေမှာ စိတ်ဆာလောင်တမ်းတခြင်းကို ခံစားလာရ၏။ အချစ်သွေးတို့ ကြွလာ၏။ သို့နှင့်အမျှ အရက်ကို အဆက်မပြတ် ဖိသောက်သည်။

ကျန်းထင်ဟုန်ကလည်း မိမိတို့နှစ်ယောက်၏ ရင်းနှီးခင်မင်မှု အထိမ်းအမှတ်အဖြစ် အားပါးတရပင် သောက်သည်။ တစ်ခါတစ်ရံမှ သောက်လေ့သောက်ထရှိသည်ဆိုသော ကျန်းထင်ဟုန်မှာ အရက်ကို အတော်သောက်နိုင်သူတစ်ယောက်ဖြစ်ကြောင်း လီကျင်းဆွေ သတိပြုမိသည်။

သောက်သည်နှင့်အမျှ နှစ်ယောက်စလုံး ရေချိန်ကိုက်လာကြ၏။ မူးယစ်ရီဝေလာကြ၏။



လီကျင်းဆွေသည် အရက်မူးခြင်းအမှားကို ကောင်းစွာသိရှိခံစားခဲ့ရပြီးလေပြီ။ မကြာမြင့်သေးမီကပင် အရက်အလွန်အကျွံသောက်မိသဖြင့် စောင့်ထိန်းရမည့်စကားများ နှုတ်လွန်ပြောဆိုမိသည်ကို မမေ့နိုင်သေး။

ထို့ကြောင့် အရက်ကို အဆက်မပြတ်သောက်နေသော်လည်း အလွန်အကျွံမဖြစ်အောင် ထိန်းချုပ်သည်။ သတိလွတ် မသွားအောင် စောင့်စည်းသည်။

ကျန်းထင်ဟုန်ကား ထိုသို့မဟုတ်။ အရက်မူးလာသည်နှင့် သတိလွတ်ချင်လာသည်။ လီကျင်းဆွေကို စကားသိပ်မပြောသော်လည်း ချီယင်အား တတွတ်တွတ်ပင် စကားဆိုလာ၏။ သူ့အသံများက နှုတ်လေးအာလေး ဖြစ်လာ၏။

အရက်မူးသူတို့၏ထုံးစံအတိုင်း အရက်မသောက်သည့် ချစ်သူအား ထိကပါးရိကပါး လုပ်လာ၏။ ချီယင်၏ပခုံးကို သိုင်းဖက်သည်။ မေးဖျားကလေးကို လက်ဖြင့် အသာဆွဲမော့စေသည်။

"ညီမ"

"ရှင် ... အစ်ကို"

"အစ်ကို့ကို ချစ်တယ် မဟုတ်လား"

"မေးနေရသေးလား အစ်ကိုရယ်'

"မေးရမယ် မေးရမယ် ... ညီမပါးစပ်က ဖွင့်ပြောတာကို

အစ်ကို နားနဲ့ကြားချင်တယ်"

လီကျင်းဆွေ ရင်ခုန်လာ၏။ ကျန်းထင်ဟုန်နှင့် ချီယင်တို့ နှစ်ယောက်၏ ချစ်ခွန်းတုံ့တင်နေကြသံကို ကြားထဲက နားရှက်လာ၏။

ကယုကယင် ချစ်ကျီစယ်နေကြသည်ကို မကြည့်ဝံ့အောင် ဖြစ်လာ၏။ ထို့ကြောင့် တစ်ဖက်သို့ မျက်နှာလွှဲနေလိုက်၏။ မမြင်နိုင်အောင် မျက်နှာလွှဲနေသော်လည်း အကြားအာရုံက ကြားနေရ၏။

"အို ... အစ်ကိုကလည်း ဘာမှန်းလဲ မသိဘူး၊ ငြိမ်ငြိမ်လေး နေစမ်းပါ။ ဟိုကိုင်ဒီကိုင်နဲ့ ... ညီမ မနေတတ်တော့ဘူး"

"ဒါတွေ အသာထားစမ်းပါ ... အစ်ကိုမေးတာကိုသာ အရင်ဆုံး ဖြေပါဦး"

"ချစ်ပါတယ် အစ်ကိုရယ် ... အစ်ကို့ကို ချစ်လွန်းလို့ အစ်ကို အလိုကျ လိုက်လျောနေရတာပေါ့"

"အစ်ကို့ကိုချစ်ရင် အရက်သုံးခွက်တိတိ သောက်ရမယ်"

"အစ်ကိုကလည်း ညီမမှ အရက်မသောက်တတ်တာ၊ သုံးခွက်ကြီးတောင် သောက်ရမယ်ဆိုတော့ ညီမ တအားမူးသွားမှာပေါ့"

"မမူးပါဘူးကွယ်၊ မူးတော့လည်း ဘာဖြစ်တုံး ... အစ်ကို ရှိနေတာပဲ၊ ပျော်ပျော်ပါးပါးပေါ့ ... မဟုတ်ဘူးလား"

"မသောက်ပါရစေနဲ့ အစ်ကိုရယ် ... ညီမ ခေါင်းကိုက်မှာ



ကြောက်လို့ပါ"

"ဟင့်အင်း ဟင့်အင်း ... မရဘူး၊ အစ်ကို့ကိုချစ်ရင် သောက်ရမယ်"

"အစ်ကိုက တော်တော်ပြောရခက်တာပဲ၊ အစ်ကိုမူးနေပြီ ထင်တယ်၊ အေးအေးဆေးဆေး နေပါ အစ်ကိုရယ်၊ ညီမ မသောက်ချင်ဘူး"

"မသောက်လို့ မရဘူး၊ ညီမ မသောက်ရင် အစ်ကိုသတ်ပစ်မှာ"

"ခစ် ခစ် ခစ် ... အစ်ကိုက ညီမကို သတ်ရက်လို့လား"

"အစ်ကိုခိုင်းတဲ့အတိုင်း မလုပ်ဘူးဆိုရင်တော့ သတ်မှာပဲ"

"အစ်ကိုသတ်ရင် ညီမ ဆယ်ခါပြန်တောင် သေရဲတယ်"

"တကယ် သေရဲလို့လား"

"အစ်ကို မယုံရင် သတ်လိုက်ပါလား"

"ကောင်းပြီ ... တကယ်သေရဲရင် သေကြည့်စမ်း"

ကျန်းထင်ဟုန် လျှပ်တစ်ပြက်ပင် ချီယင်၏ လည်မျိုကို ဖမ်းညှစ်သည်။ ချီယင် မရုန်း။ အသာပင် ငြိမ်နေ၏။ ကျန်းထင်ဟုန် သူ့ကို သတ်ရက်လိမ့်မည် မထင်။ သတ်လိမ့်မည်ဟုလည်း မယုံကြည်။

ချီ ယင်ကဲ့သို့ပင် လီကျင်းဆွေလည်း မယုံကြည်။ ချစ်သူချင်း ကျီစယ်နေကြခြင်းသာဖြစ်မည်ဟု နားလည်ထားသည်။

ထို့ကြောင့် မျက်နှာလွှဲထားရာမှ လှည့်၍ပင်မကြည့်။ ချိုယင်၏အသက်ရှူသံပြင်းပြင်းကို ကြားရသည်။ တရှုးရှုး လည်ချောင်းအစ်သံ ထွက်ပေါ်လာပြန်သည်။ လီကျင်းဆွေစိတ်ထဲ သံသယဖြစ်လာ၏။

ကျန်းထင်ဟုန်တစ်ယောက် အသိစိတ်ကင်းလွတ်ကာ မဟုတ်တရုတ်တွေ လုပ်နေလေမလားဟု စိုးရိမ်လာ၏။ ထို့ကြောင့် မျက်နှာလွှဲထားရာမှ ကြည့်လိုက်မိသည်။

"ဟင် ... ခင်ဗျား ... ခင်ဗျား ..."

လီကျင်းဆွေစကားကို ဆုံးအောင်မပြောနိုင်။ အံ့အားသင့်ခြင်းက သူ့နှုတ်ကို တွန့်ထပ်စေသည်။

မြင်ရသည့်မြင်ကွင်းက စိတ်မသက်သာစရာ။ ကျန်းထင်ဟုန်၏ လည်ပင်းညှစ်မှုကြောင့် ချိုယင်မှာ အသက်ရှူကျပ်ကာ မျက်ဖြူလန်လာသည်။ ချောမောလှပသော မျက်နှာကလေးမှာ အကြည့်ရဆိုးစွာပင် လျှာတစ်လစ်ထွက်လာ၏။

ထို့နောက် ကျန်းထင်ဟုန်လက်ထဲမှ ပျော့ခွေကာ လဲကျသွားတော့သည်။ ချိုယင်တစ်ယောက် အသက်ပျောက်ခဲ့လေပြီလား။ အချစ်ကြီးသူ၏ ရက်စက်မှုကို ခံရလေပြီလား။

"ဟဲ ဟဲ ဟဲ ... ခင်ဗျား အံ့ဩနေပြီလား လီကျင်းဆွေ"

ကျန်းထင်ဟုန်လေသံက စောစောကနှင့် လုံးဝမတူတော့။



လျှာလေးအာလေးခြင်း မရှိတော့။ အရက်မူးသမားတစ်ယောက်နှင့် လုံးဝမတူ။ လီကျင်းဆွေ အံ့ဩမှုက အထွဋ်အထိပ်သို့ရောက်သည်။

"ခင်ဗျား ... ခင်ဗျား သူ့ကို သတ်ပစ်လိုက်ပြီလား"

"ဟုတ်တယ်"

"ဟင် ... သူဟာ ခင်ဗျားချစ်သူပဲ၊ သူနဲ့ကွေကွင်းရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့တောင် ခင်ဗျား ဆုံးဖြတ်ထားပြီးသား မဟုတ်လား"

"ဟား ဟား ဟား"

ကျန်းထင်ဟုန်၏ရယ်မောသံကြီးက ခန်းဆောင်ကလေးအတွင်း၌ တုန်ခါသွား၏။ လီကျင်းဆွေမှာ ကျန်းထင်ဟုန်တစ်ယောက် ရူးများရူးသွပ်သွားလေပြီလားဟု ထင်မှတ်လိုက်၏။ စကားမဆိုနိုင်ဖြစ်ကာ ငေးကြည့်နေမိသည်။

ကျန်းထင်ဟုန်၏ အမူအရာက ချက်ချင်းပင် တည်ငြိမ်လေးနက်လာသည်။ လီကျင်းဆွေကို စူးစူးရဲရဲ ကြည့်ကာ ...

"ကျုပ် သူ့ကို ချစ်တယ်လို့ ခင်ဗျားထင်နေသလား"

"ဟင် ... ဒါဆို ဘာဖြစ်လို့ ယွင်နန်တောင်ခြေမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကျင်းတူးထားရတာလဲ၊ သူ့အပေါ် ခင်ဗျား ချစ်မြတ်နိုးလွန်းလို့ ဒီလိုလုပ်တာ မဟုတ်ဘူးလား"

"ဟဲ ဟဲ ဟဲ ... ကျုပ်ရင်ထဲမှာ အချစ်ဆိုတာ မရှိဘူး၊ ဘယ်သူ့ကိုမှလည်း ကျုပ်ကိုယ်ကျုပ်လောက် မချစ်နိုင်ဘူး၊ ဘယ်သူ့ကိုမှလည်း ကျုပ်ကိုယ်ကျုပ်လောက် တန်ဖိုးမထားနိုင်ဘူး"

"ခင်ဗျား ချိုယင့်ကို လိမ်ညာခဲ့တာပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ် သူ့ကို ချစ်ဟန်ဆောင်ပြီး အသုံးချခဲ့တာပဲ"

"ဘယ်လို အသုံးချတာလဲ ... ကျုပ် နားမရှင်းဘူး"

"စိတ်ချ ... ဒီနေ့ ခင်ဗျား နားရှင်းသွားအောင် ကျုပ် အကုန်လုံး ပြောပြသွားခဲ့မယ်၊ တကယ်တော့ ချိုယင်ဟာ အချစ်ကြီးတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ၊ အချစ်ကြီးလို့လည်း သူ့ခမျာ ဘာမှန်းညာမှန်းမသိရဘဲ အသက်သေသွားခဲ့ရတာပေါ့"

ကျန်းထင်ဟုန် စကားကို ခဏရပ်ကာ လီကျင်းဆွေအား ကြည့်သည်။ လီကျင်းဆွေ ဘာမျှ ပြန်မပြောဘဲ အာရုံတစိုက် ကြည့်နေလိုက်၏။

ကျန်းထင်ဟုန်က သူ့စကားကို ပြန်ဆက်၏။



"ဒီလို အချစ်ကြီးတတ်တဲ့မိန်းကလေးမှလည်း ကျုပ်လုပ်ငန်း အစီအစဉ်မှာ အသုံးချနိုင်တော့မှာပေါ့၊ ကျုပ်က သူ့ကို အသက်ပေး ချစ်သလို သူကလည်း ကျုပ်ကို အသက်ပေးချစ်သွားတာပေါ့၊ ကျုပ် ဟာ ချိုယင်ကို အဆုံးရှုံးမခံနိုင်လို့ ဟင်္သာဒေဝီကို လက်မဆက်လို ဘူးဆိုတာ တမင်သက်သက် ဟန်ဆောင်ခဲ့တာပဲ"

"ဒါနဲ့ ခင်ဗျားရင်ထဲမှာ အချစ်ဆိုတာ မရှိဘူးဆို၊ ခင်ဗျား လောက် ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးဆို"

"ဟုတ်တယ်လေ ... ကိုယ့်ကိုယ်ကိုယ်လောက် ဘယ်သူ့ကို မှ မချစ်နိုင်ဘူး၊ ဟင်္သာဒေဝီကို လက်ဆက်ချင်တယ်ဆိုတာ သူ့ကို ချစ်လို့ မဟုတ်ဘူး ... ဟင်္သာနန်းတော်ရဲ့ အရှင်သခင် ဖြစ်ချင်လို့၊ ဟင်္သာမယ်ရဲ့ သိုင်းပညာတွေ ရချင်လို့ပဲ၊ ဟင်္သာနန်းတော်ဟာ သိုင်း လောကမှာရှိတဲ့ သစ္စာကိုယ်တော်လေးပါးကို ဟင်္သာဒေဝီနဲ့ လက် ဆက်ဖို့ ရွေးချယ်မယ်ဆိုတဲ့သတင်း ကျုပ်က ခင်ဗျားတို့ထက် အရင်ပို စောပြီး ကြားသိခဲ့ရတယ်၊ ဒါကြောင့် ကျုပ်အကြံအစည်အတွက် ချိုယင့်ကို ရှာပြီး အချစ်ဇာတ်လမ်းတစ်လမ်း ဖန်တီးခဲ့ရတာပဲ"

ကျန်းထင်ဟုန် အေးဆေးစွာပင် အရက်ကရားထဲမှ အရက် တစ်ခွက်ကို ငှဲ့ထည့်သည်။ လီကျင်းဆွေက အသာပင် စောင့်ကြည့်၏။ ကျန်းထင်ဟုန်သည် ကရားထဲမှ အရက်ခွက်ထဲ ငှဲ့ထည့်သော်လည်း သောက်ခြင်းမရှိ။ စကားကိုသာ ဆက်ပြောသည်။

"သစ္စာကိုယ်တော်လေးပါးထဲက တစ်ယောက်ကိုသာ ရွေးချယ်မယ်ဆိုတော့ ကျုပ်အဖို့ မရေရာ မသေချာဘူး၊ ဒါကြောင့် ကျန်တဲ့ သစ္စာကိုယ်တော်သုံးပါးကို အပြတ်ရှင်းဖို့ စီစဉ်ရတယ်၊ အစီအစဉ်ပီရိသေချာဖို့အတွက် ချိုယင်ဟာ အဓိက အသုံးချခံခဲ့ရတယ်၊ ချိုယင်ကို ချစ်ဟန်ဆောင်တယ်၊ သူ့ဘဝကို ကယ်တင်ပြီး သူနဲ့အတူတူ နေနိုင်အောင် လုပ်ပြခဲ့တယ်၊ သူ့အလိုကျ လိုက်လျောဖြည့်ဆည်းပေးခဲ့တယ်၊ အများအမြင်မှာတော့ ကျုပ်တို့နှစ်ယောက်ကို သေတစ်ပန်သက်တစ်ဆုံး သစ္စာနှံ့ချစ်သူစုံတွဲအဖြစ် ယုံကြည်ထင်မှတ်သွားကြတယ်၊ ဒီတော့မှ ကျုပ်အစီအစဉ်ကို ဆက်ပြီးစတော့တာပဲ"

"ရဲယင်စန်းနဲ့ ဟူဖေးလီတို့နှစ်ယောက်ကို အဆိပ်ခတ်ခဲ့တာခင်ဗျားပဲပေါ့ ... ဟုတ်လား"

"ဟုတ်တယ်၊ ရဲယင်စန်းဟာ ခင်ဗျားနဲ့အတူ ယွင်နန်တောင်ခြေမှာ စားပွဲသောက်ပွဲကျင်းပမယ်ဆိုတာ သိသိချင်း စားသောက်ဆိုင်က စားပွဲထိုးတွေနဲ့ ကပ်ပေါင်းတယ်၊ ရဲယင်စန်းမှာတဲ့ အရက်အိုးထဲကို အဆိပ်တွေထည့်ခပ်ပေးခဲ့ရတယ်၊ တစ်ချိန်တည်းမှာပဲ ကြေးစားဓားသမားတစ်ယောက်ကို ငှားရမ်းပြီး အလုပ်သမားတွေနဲ့ ကျန်းရန်ကို အပြတ်ရှင်းဖို့ တာဝန်ပေးခဲ့ရတယ်၊ ကျန်းရန် ယွင်နန်တောင်ခြေကို ရောက်လာခဲ့ရတာလည်း ဘယ်သူ့စနက်မှ မဟုတ်ဘူး၊ ကျုပ်ကိုယ်တိုင် သတင်းပေး လှုံ့ဆော်လိုက်တာပဲ ...၊



ဒါလောက်နဲ့ ကိစ္စမပြီးနိုင်သေးဘူး၊ ကျုပ်ဟာ ဒီကိစ္စအတွက် အပြစ်ကင်းစင်တဲ့ လူတစ်ယောက်ဖြစ်အောင် မျက်မြင်သက်သေ ရှိဖို့လိုတယ်၊ ဒါကြောင့် ယွင်နန်နယ်ရဲ့ ထင်ရှားတဲ့ သမာဓိသိုင်းသမားကြီးနှစ်ယောက် ယွင်နန်တောင်ခြေကို အချိန်ကိုက်ရောက်လာနိုင်အောင် ကျားငါးကောင်ကြောင်ပစန်းကို လက်ဝါးရိုက် စည်းရုံးရတယ်၊

ဒါကြောင့်လည်း ယီချန်းလီတို့က ကျုပ်ကို ကျန်းရန်က တိုက်ခိုက်သတ်ဖြတ်တာ မြင်ရပြီး လုပ်ကြံမှုအားလုံးရဲ့ အပြစ်တွေ ကျုပ်အပေါ်မှာ သံသယကင်းတော့မှာပေါ့၊ ကြေးစားဓားသမားကို တစ်ချက်တည်းနဲ့ နှုတ်ပိတ်ပစ်လိုက်ဖို့ကိုလည်း ကြောင်ပစန်းကိုပဲ တာဝန်ပေးလိုက်ရတယ် ...၊

ကျန်းရန်နဲ့ ကျုပ်ဟာ ရန်သူတော်ကြီးတွေ ဖြစ်နေပေမယ့် သိုင်းမျိုးဆက်ချင်းက အတူတူပဲ၊ ရွှေဓားရှင်နဲ့ ငွေဓားရှင် ကွဲပြားသွားတာပဲ ရှိတယ်၊ ဓားကွက်အယူအဆ, သဘောတရားတွေက အတူတူပဲ၊ ကျန်းရန်ရဲ့ဓားချက်က ဘယ်လိုနေရာကို အဓိကထားပြီး သတ်ကွက်ထုတ်တယ်ဆိုတာ ကျုပ် ကြိုတင်သိထားတယ် ...၊

ဒါကြောင့်ပဲ ကျောက်စိမ်းပြားကလေးကို နှလုံးသားနဲ့ တည့်တည့်နေရာမှာ အစကတည်းက ထည့်သွင်းစည်းနှောင်ထားခဲ့တယ်၊ ကျန်းရန်ကို ကျုပ်ရဲ့ဓားသမားက ရှင်းပစ်လိုက်ပြီး ကြေးစားဓားသမားကို ကြောင်ပစန်းက ရှင်းပစ်လိုက်တော့ ကျုပ်ရဲ့

လုပ်ကြံမှုက ဘယ်လိုမှ သဲလွန်စ အထောက်အထား ကျန်ရစ် မနေတော့ဘူးပေါ့"

လီကျင်းဆွေမှာ ဤမျှ အကြံပက်စက်ကောက်ကျစ်လှသည့် ကျန်းထင်ဟုန်အား စိစိညက်ညက်ကြေအောင်ပင် ထသတ်ပစ်လိုက် ချင်သည်။

သူ့စကားများကို နားထောင်ရင်း နားထောင်ရင်း ဒေါသများ က တဖွားဖွားတလိပ်လိပ်ထွက်ပေါ်လာရသည်။ သို့သော် အကြောင်း စုံကို သိရှိနိုင်ရန်အတွက် ဒေါသချုပ်ထိန်း နှုတ်ဆိတ်ကာ နားထောင် နေမိ၏။

"ကျုပ်အတွက် ပိုပြီးကံကောင်းသွားတာက ခင်ဗျားဟာ ယွင်နန်တောင်ခြေမှာ အရက်မသောက်ခဲ့တာဘဲ၊ ပထမတုန်းကတော့ သုံးယောက်စလုံး အပြတ်ရှင်းဖို့ စီစဉ်တာမှာ ခင်ဗျား မသေနိုင်လို့ ဒေါသထွက်ရသေးတယ်၊ ကျုပ်ကိုယ်တိုင် ကိုယ်ထိလက်ရောက် သတ် ဖြတ်ချင်စိတ်ကို ပေါ်လာရသေးတယ်၊ ဒါပေမဲ့ ယီချန်းလီတို့က ခင်ဗျားကို လုပ်ကြံသူတရားခံအဖြစ် မြင်လာတော့ ကျုပ်အတွက် အကွက်ကောင်းဆိုက်ပြီဆိုတာ သိလိုက်ရတယ်၊ ရှိသမျှအပြစ်အားလုံး ခင်ဗျားအပေါ်မှာ စုပုံကျသွားရင် ကျုပ်က သံသယရှင်းရှင်းနဲ့ ကွင်းလုံး ကျွတ်လွတ်တော့မှာကိုး၊ ဒါကြောင့်လည်း ခင်ဗျားကို လိုက်မီလာပြီး သတ်ပစ်ဖို့ကြိုးစားတဲ့ ကြောင်ပစန်းကို ကျုပ်ကိုယ်တိုင် နှုတ်ပိတ်



သတ်ဖြတ်ခဲ့တယ်"

ကျန်းထင်ဟုန် ရှင်းပြမှပင် လီကျင်းဆွေမှာ အဖြစ်အပျက် အလုံးစုံကို ရှင်းရှင်းလင်းလင်း သိမြင်တော့သည်။ ဤသည်နှင့်အမျှ ဒေါသစိတ်ကလည်း ပိုကဲလာ၏။

မိမိတစ်ယောက် ကောင်းစားရေးအတွက် လူများစွာကို စတေးကာ ရက်စက်ယုတ်မာလှသည့် ကျန်းထင်ဟုန်ကို ရွံမုန်းမိ၏။ သို့သော် ဒေါသကိုချုပ်တည်းကာ တည်ငြိမ်မှု ရှိနေသေးသည်။

"ကြောင်ပစန်းလို ထိပ်သီးအကျော်အမော်ကြီးတစ်ယောက် ကို ခင်ဗျားက ဘယ်လိုလုပ်ပြီး တစ်ချက်တည်းနဲ့ အသေသတ်လိုက် နိုင်တာလဲ"

"ဟဲ ဟဲ ဟဲ ... ရိုးရိုးသားသားသာဆိုရင် ကြောင်ပစန်းလို သိုင်းအကျော်အမော်ကြီးကို တစ်ချက်တည်းနဲ့ သတ်နိုင်ဖို့ နေနေသာ သာ ... ကျုပ်သာ သူ့ဓားချက်အောက်မှာ တစ်ချက်တည်းနဲ့ အသက် ပျောက်မှာ ကျိန်းသေတယ်၊ ဘာကြောင့်သတ်နိုင်သလဲဆိုတော့ အ လစ်အငိုက်ဖမ်းပြီး လုပ်ကြံရတာပေါ့၊ ကျုပ်နဲ့သူက ကြုံရာပါတွေဆို တော့ သူ့ကို ကျုပ် ဒီလိုလုပ်လိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ကျုပ်ကို ယုံ ကြည်ပြီး ဘာမှကာကွယ်မှု ပြုမထားခဲ့ဘူး၊ အဲဒီတော့မှ ရုတ်တရက် ကျုပ်က ဓားနဲ့ဝင်ပိုင်းခဲ့တာပဲ၊ ဓားချက်ကိုလည်း ကျုပ်တို့ မျိုး ဆက်ဟန်နဲ့ မတူအောင် နေရာလွှဲပြီး လည်မျိုကို ပိုင်းဖြတ်ပစ်ခဲ့တယ်၊

ဟဲ ဟဲ ဟဲ ... အခုတော့ သစ္စာကိုယ်တော်နှစ်ပါးလည်း သေသွားကြပြီ၊ ခင်ဗျားကလည်း လုပ်ကြံသူတရားခံတစ်ယောက်အဖြစ် အလိုလိုရောက်နေခဲ့ရပြီ၊ ဒီတော့ ဟသ်ာဒေဝီအတွက် ကြင်ဖက်တော်ရွေးဖို့ ကျုပ်တစ်ယောက်ပဲ ရှိတော့တာပေါ့"

"ခင်ဗျား တော်တော်အကြံပက်စက်ယုတ်မာတဲ့ သူပဲ၊ မိန်းမသားတစ်ယောက်ရဲ့ အချစ်ကို ခုတုံးလုပ်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ပစ်တယ်၊ အပြစ်မရှိတဲ့သူတွေကိုလည်း မဆီမဆိုင် သတ်ဖြတ်ခဲ့တယ်၊ ဟသ်ာဒေဝီကို ရဖို့နဲ့ ဟသ်ာနန်းတော်ရဲ့ အရှင်သခင်ဖြစ်ဖို့က ဒီလောက်တောင်ပဲ တန်ဖိုးကြီးမားနေသလား"

"ခင်ဗျားက ဒီလောက်ပဲ မြင်တာကိုး၊ ဟသ်ာနန်းတော်ရဲ့ အရှင်သခင်တစ်ယောက်ဖြစ်ဖို့က တန်ဖိုးမကြီးမားလှပါဘူး၊ သိုင်းလောကကြီးတစ်ခုလုံးရဲ့ အရှင်သခင်ဖြစ်ဖို့ကတော့ ဒီလောက်ကလေး ပေးဆပ်စတေးရုံနဲ့ မလုံလောက်နိုင်သေးဘူး"

"ဟင် ... ခင်ဗျား ဘယ်လိုပြောလိုက်တာလဲ ... သိုင်းလောကကြီး တစ်ခုလုံးရဲ့ အရှင်သခင် ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်ကို လေပွေမိုးကြိုးဓား ဂိုဏ်းချုပ်ကြီး ကျန်းရှောက်ဟုန်ရဲ့ သာမန်မျိုးဆက်တစ်ယောက် ထင်နေလို့လား"

"ကျန်းရှောက်ဟုန်ရဲ့ မျိုးဆက်မဟုတ်လို့ ခင်ဗျားက ... ဘာလဲ"



"ဟား ဟား ဟား ... ကျန်းရှောက်ဟုန်ရဲ့မျိုးဆက် ကျန်းထင်ဟုန်ဆိုတာ ကျုပ်နဲ့ ခွဲမရအောင်တူတဲ့ လူတစ်ယောက်ပဲ၊ တစ်နေ့တော့ သူနဲ့ကျုပ် အမှတ်မထင် ဆုံမိခဲ့ကြတယ်၊ ဆုံခဲ့တဲ့နေရာကလည်း လူသူမနီးတဲ့ တောကြီးမျက်မည်းကြီးမှာ၊ အဲဒီတုန်းက ကျုပ်ရဲ့သိုင်းပညာဟာ သာမန်အဆင့်လောက်ပဲ ရှိသေးတယ်၊ ဒါပေမဲ့ တောလိုက်မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေရတော့ တောကျွမ်းတယ်၊ အဆိပ်နဲ့ပတ်သက်လို့ နိုင်နင်းတယ် ...၊

ကျန်းထင်ဟုန်ကို တွေ့တဲ့အချိန်မှာ သူဟာ မျက်စိလည်လမ်းမှားနေတဲ့ အချိန်ပဲ၊ တောကြီးမျက်မည်းထဲမှာ နှစ်ရက်လောက် တဝဲလည်လည်ဖြစ်နေတုန်း ကျုပ်နဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တိုးရတာပဲ၊ ကျုပ်ဆင်ထား တဲ့ ကျားထောင်ချောက်သံညှပ်ကြီး မိပြီး ဖြုတ်မရ ပြုမရနဲ့ အခက်ကြုံနေရတဲ့အချိန်ပေါ့ ...၊

သူ့ကိုတွေ့တော့ ကျုပ်မျက်နှာ၊ ကျုပ်ကိုယ်ပွားတစ်ခုကို တွေ့လိုက်ရသလိုပဲ၊ အကြီးအကျယ် အံ့ဩသွားတယ်၊ သနားကရုဏာသက်တာနဲ့ပဲ ထောင်ချောက်ထဲက ကယ်ထုတ်ခဲ့တယ်၊ ကျုပ်ရဲ့ တစ်ကိုယ်တော်နေတဲ့ အိမ်ကလေးကို ခေါ်သွားပြီး ဆေးဝါးထည့်ပြုစုပေးတယ်၊ သူလည်း ကျုပ်ကိုတွေ့တော့ သိပ်အံ့ဩသွားတယ်၊

တစ်ယောက်နဲ့တစ်ယောက် ခင်မင်စိတ်တွေဖြစ်ပြီး ကျုပ်ကို သူ့ အကြောင်းတွေ ပြောပြတယ်၊ ပြီးတော့ သူ့နေရာမှာ ကျုပ်ကို

တစ်လလောက် သွားနေပြီး ကျေးဇူးဆပ်ဖို့ ပြောတယ်၊ ပထမတော့ ကျုပ် ငြင်းပါသေးတယ်၊ သူက အတင်းတိုက်တွန်းတော့ သူခိုင်းတဲ့ အတိုင်း သွားခဲ့တယ် ...၊

သူ့အသိုက်အဝန်းအားလုံးက ကျုပ်ကို သူလို့ပဲ ထင်မှတ်ခဲ့ကြတယ်၊ ကျန်းထင်ဟုန်ပြောပြထားလို့ ကျုပ်အတွက် ဆက်ဆံတဲ့ နေရာမှာ ဘာမှ အခက်အခဲမရှိဘူး၊ ရောက်စတော့ ကျုပ် တောထဲ တောင်ထဲလောက် မပျော်ဘူး၊ ဆယ့်ငါးရက်လောက်ကြာတော့ ကျုပ် ပျော်ပိုက်လာတယ် ...၊

တောထဲတောင်ထဲမှာ သားကောင်တွေနဲ့ အသက်လုပြီး စားသောက်ခဲ့ရာက မတောင့်မတ မကြောင့်မကြနဲ့ အေးအေးချမ်းချမ်းနေရတာကို သဘောကျလာတယ်၊ တပ်မက်ခုံမင်လာတယ်၊ ဒါပေမဲ့ ကျုပ်အတွက် ဒီစည်းစိမ်ခံစားရမှာက တစ်လတည်း ရှိတာကိုး၊ တစ်သက်လုံး ဖက်တွယ်နေလို့ ရမှမရနိုင်တော့ဘဲ၊

ကျန်းထင်ဟုန်နေရာကို ယူတာလာတော့ ကျုပ် ကျန်းထင်ဟုန်အဖြစ်နဲ့ တစ်သက်လုံး တည်မြဲအောင် အကြံထုတ်ရတယ်၊ သတ်မှတ်ထားတဲ့ တစ်လမပြည့်ခင် အရက်နှစ်ဆယ်လောက်မှာပဲ ကျုပ် ကျန်းထင်ဟုန်ရှိတဲ့ တောထဲကို ပြန်လာခဲ့တယ်၊ တစ်လမပြည့်ခင် ပြန်လာလို့ ကျန်းထင်ဟုန်ဟာ အကြီးအကျယ် အံ့သြသွားတယ်၊ ကျုပ်ကလည်း တောထဲတောင်ထဲမှာ နေရတာလောက် မပျော်ပိုက်



ဘူး၊ အခြွေအရံ အသိုက်အဝန်းတွေနဲ့ ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေရတာ ပျင်းလို့ပြန်လာခဲ့တာလို့ လိမ်ပြီးပြောခဲ့တယ်၊

ကျန်းထင်ဟုန်ဟာ ကျုပ်ကို တော်တော်ကလေး ကရုဏာ သက်သွားတယ်၊ သစ္စာရှိတယ်, ရိုးသားဝသယ်ဆိုပြီး ဆယ်ရက်အတွင်းမှာ သူတို့မျိုးဆက်အကြောင်းတွေနဲ့အတူ သိုင်းပညာကို သင်ပေးတယ်၊ တောထဲတောင်ထဲမှာဆိုတော့ ကျုပ်လည်း နေ့ရောညပါ ကြိုးစားလေ့ကျင့်ခဲ့တယ်၊ သူ့နေရာမှာနေရင် သူတတ်ကျွမ်းတဲ့ပညာတွေ အစုံတတ်မြောက်ရမှာပေါ့၊ ဆယ်ရက်ပြည့်ကဲ့ညမှာတော့ သူက ကျုပ်ကို သိုင်းလောကအကြောင်းတွေ ပြောပြတယ်၊ သူ့ရဲ့မျိုးဆက် သိုင်းကျမ်းစာအုပ်ကို ထုတ်ပြတယ်၊ ကျုပ်က အကြံနဲ့လူ မဟုတ်လား၊ ဒီသိုင်းကျမ်းစာအုပ်ကိုလည်းတွေ့ရော ကျုပ်ရဲ့လောဘစိတ်တွေကို ချုပ်တည်းလို့ မရတော့ဘူး၊ နောက်နေ့မနက်ဆို ကျန်းထင်ဟုန် ပြန်ရတော့မယ်ဆိုတဲ့ အထိမ်းအမှတ်နဲ့ အရက်သောက်ကြတယ်၊ အဆိပ်ကျွမ်းကျင်နေတဲ့ ကျုပ်ဟာ မသိမသာဘဲ အရက်ခွက်ထဲကို အဆိပ်ခတ်လိုက်တယ် ...၊

ကျန်းထင်ဟုန်သေသွားတော့ ကျုပ် သူ့အိမ်ဂေဟာကို ပြန်လာတယ်၊ ရက်ပေါင်းနှစ်ဆယ်လောက်အထိ အတွေ့ရှိခဲ့ဖူးတော့ ကျုပ်အတွက် ဘာမှ စိမ်းမနေတော့ဘူး၊ အရာရာဟာ အံဝင်ခွင်ကျနဲ့ အဆင်ပြေနေတယ်၊ ဘယ်သူကမှလည်း ကျုပ်ကို ကျန်းထင်ဟုန်

မဟုတ်ဘူးလို့ သံသယမဝင်ကြဘူး၊ ကျုပ်ကတော့ တိတ်တိတ်ကျိတ်ပြီး လေပွေမိုးကြိုးဓားသိုင်းကို လေ့ကျင့်ရတယ်၊ ဟာကွက်တွေ မဖြစ်ရအောင် ကျန်းထင်ဟုန်ရဲ့ အကျင့်စရိုက်အတိုင်း နေခဲ့ရတယ်၊ နောက်ဆုံးတော့ ကျုပ်ဟာ ကျန်းထင်ဟုန်အဖြစ် သူ့ဆွေမျိုးသားချင်းကအစ သင်္ကာမကင်းမဖြစ်အောင် နေလာနိုင်ခဲ့တယ်၊ ကျန်းထင်ဟုန်အဖြစ်ကို လုံးလုံးကြီး ရောက်ခဲ့ရတော့တယ်"

"ခင်ဗျားက ကျန်းထင်ဟုန်မဟုတ်ဘူးဆိုတော့ ဘယ်သူလဲ"

"ကျောက်လူဝုန်း ... အရင်တုန်းက ဝံပုလွေဂိုဏ်းရဲ့ ခေါင်းဆောင်ငယ် ကျောက်လွေဘာရဲ့သား ကျောက်လူဝုန်းပဲ"

"သြော် ... ခင်ဗျားက ဝံပုလွေဂိုဏ်းရဲ့ အဆက်အနွယ်ကိုး"

"အဆက်အနွယ်မဟုတ်ဘူး၊ အခုလက်ရှိမှာ ဝံပုလွေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဟာ ကျုပ်ပဲ"

"ဟင်"

လီကျင်းဆွေ အကြီးအကျယ်ပင် အံ့အားသင့်သွားရလေတော့သည်။

❀



လီကျင်းဆွေ တွက်ကိန်းမလွဲ။

ယွင်နန်တောင်ခြေ လုပ်ကြံမှုကို ဝံပုလွေဂိုဏ်းမှ စီစဉ်ခြင်းဖြစ်မည်ဟု မိန်မိန်အား ပြောဆိုခဲ့ဖူးသည်။ ယခု သူထင်သလိုပင် ဝံပုလွေဂိုဏ်း၏လုပ်ကြံမှု ဖြစ်နေခဲ့ချေပြီ။ သေးသေးမွှားမွှားလုပ်ကြံမှုတစ်ခု မဟုတ်။

သိုင်းလောကကြီးတစ်ခုလုံး အကြီးမားဆုံးဒုက္ခများပေးမည့် အကွက်ကျကျလုပ်ကြံမှုကြီးတစ်ခု ဖြစ်ပေတော့သည်။

ကျန်းထင်ဟုန်အယောင်ဆောင် ကျောက်လူဝုန်း၏ ကောက်ကျစ်ယုတ်မာမှုကို လီကျင်းဆွေ အကြီးအကျယ်ပင် ဒေါသထွက်သည်။ ဝုန်းခနဲ ခုန်ထကာ သတ်ဖြတ်ပစ်လိုစိတ်များ ဖြစ်ပေါ်လာ၏။

သို့သော် တစ်ရှူးထိုး မဆင်မခြင် လုပ်၍မရ။ စိတ်လိုက်မာန်ပါလုပ်မိလျှင် အမှားများသာလျှင် တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်ပေသည်။

လောလောဆယ်တွင်ပင် သူသည် သံသယတရားခံတစ်ယောက်ဘဝမှ မလွတ်ကင်းသေး။

ကျောက်လူဝုန်းကို သတ်ဖြတ်ပစ်လိုက်မည်ဆိုလျှင် အခြေအနေက ပို၍ ရှုပ်ထွေးသွားတော့မည်။

ကျောက်လူဝုန်း၏ အပေါ်ယံပုံသဏ္ဌာန်က ကျောက်လူဝုန်း မဟုတ် ... ကျန်းထင်ဟုန်သာလျှင် ဖြစ်ချေသည်။

ဤအကြောင်းများကို ရှင်းပြတော့ကော မည်သူက လက်ခံယုံကြည်ပါမည်နည်း။ မိမိသာလျှင် အရူးတစ်ယောက်ဘဝသို့ ရောက်ရှိသွားနိုင်သည်။

'သိုင်းလောက၏ သမာဓိသိုင်းသမားကြီးများ ရှေ့မှောက်တွင် ကျန်းထင်ဟုန်အမည်ခံ ကျောက်လူဝုန်းက ဝန်ခံမှသာလျှင် အဖြစ်မှန်ပေါ်တော့မည်။

ကျောက်လူဝုန်းဝန်ခံအောင် မည်သို့ပြုလုပ်ရမည်ကို လီကျင်းဆွေ စဉ်းစား၏။ အဖြေမရ။ မိမိတစ်ယောက်တည်းသာ သိရှိသည့်ကိစ္စကို သက်သေအထောက်အထားမခိုင်လုံဘဲ ပြောဆိုလျှင် မည်သူမျှ အယုံအကြည်ရှိမည်မဟုတ်။

လီကျင်းဆွေမှာ ဒေါသပေါက်ကွဲလိုက် သတိချွန်းဖြင့် အုပ်လိုက်ဖြင့် အတော်ကလေး စိတ်အကျဉ်းအကျပ်ကျနေ၏။ သို့သော် စိတ်ခေတ်ခိုင်မာသူပီပီ စိတ်ခံစားမှုကို မျက်နှာပေါ်တွင် ပေါ်လွင်မှု မရှိခဲ့။

"ခင်ဗျားက ဘာကြောင့် ကျုပ်ကို ဒီအကြောင်းတွေ ရှင်းပြနေရတာလဲ"

လီကျင်းဆွေ စိတ်ထဲမရှင်းနိုင်သဖြင့် မေးခွန်းထုတ်သည်။ ကျောက်လူဝုန်း ပြုံး၏။ ထိုစဉ်မှာပင် ခပ်ဝေးဝေးဆီမှ ချိုးကူသံ သုံးချက်က ရုတ်တရက် ပေါ်ထွက်လာသည်။



ကျောက်လူဝုန်း ခေါင်းဆတ်ညိတ်လျက် ငုံ့ထားသောအရက်ခွက်ကို ကောက်မော့ချလိုက်သည်။

"ဘာကြောင့်ရှင်းပြရသလဲဆိုတော့ ခင်ဗျားစိတ်ထဲမှာ အခံရခက်အောင်လို့၊ ကိုယ်မကျူးလွန်ဘဲ ပြစ်မှုတစ်ခုကို ဘယ်သူ ပြစ်မှုကျူးလွန်တယ်ဆိုတာ မသိဘဲ ဇဝေဇဝါနဲ့ အပြစ်ကျ အသတ်မခံစေချင်လို့ပဲ ... ဟဲ ဟဲ ဟဲ ... လုပ်ကြံတဲ့တရားခံကို သိလျက်နဲ့ ထုတ်ပြောလို့ကလည်း မရ၊ ထုတ်ပြောလိုက်ရင်လည်း ဘယ်သူမှ မယုံကြည်ဘဲ သွေးရူးသွေးတန်းပြောနေတာလို့ လူတွေကစွပ်စွဲ၊ အဲဒီအချိန်ကျမှ ခင်ဗျားစိတ်ထဲက ကျလိကျလိနဲ့ မခံချင်အောင်ဖြစ်၊ ဒေါသထွက်တော့ တွေ့ကရာတွေ လျှောက်လုပ်၊ အမှားတွေထပ်ပြီးဖြစ် ... ဟီး ဟီး ဟီး ... အဲဒီတော့ ပြစ်မှုသံသရာထဲက ခင်ဗျားမရုန်းထွက်နိုင် ... ဘယ်လောက်ကောင်းသလဲ၊ ခင်ဗျား အဲဒီလို စိတ်ဝေဒနာခံစားရအောင်လို့ တမင် ကျုပ်ရဲ့ဝံပုလွေဂိုဏ်းသားတွေနဲ့ အပိုင်းနိုင်းပြီး ဟန်ဆောင်ဝင်ကူခဲ့တယ်၊ ဒါမှ ခင်ဗျားကို အိမ်ထဲထပ်ဖိတ်ခေါ်ပြီး ရှင်းပြလို့ရတော့မှာပေါ့ ... ဟား ဟား ဟား"

လီကျင်းဆွေ ဒေါသတို့ပေါက်ကွဲပြီး ထိန်းချုပ်နိုင်စွမ်း မရှိတော့။

'ဝုန်း'

လီကျင်းဆွေ မတ်တတ်ထရပ်လိုက်သည်နှင့် တစ်ပြိုင်နက်

ကျန်းထင်ဟုန်အယောင်ဆောင် ကျောက်လူဝှန်း၏ခန္ဓာကိုယ်မှာ ကြမ်းပြင်ပေါ်သို့ ပျော့ခွေလဲကျသွားတော့သည်။ လီကျင်းဆွေ အကြီးအကျယ်ပင် အံ့အားသင့်သွား၏။

ကျောက်လူဝှန်း အဘယ်ကြောင့် လဲပြိုကျသွားရလေသနည်း။ လီကျင်းဆွေ သံသယဝင်ကာ အသေအချာ စစ်ဆေးကြည့်ရှုသည်။

ကျောက်လူဝှန်း၏အသားအရေများ ပြာနှမ်းကာ ပါးစပ်မှ အမြှုပ်များ ထွက်လာသည်ကို တွေ့ရ၏။ ကိုယ့်ကိုယ်ကိုယ် အဆိပ်ခတ် သောက်သွားကြောင်း သိလိုက်ရ၏။

သူကိုယ်တိုင် ကျူးလွန်ခဲ့သည့်ပြစ်မှုများကို ထုတ်ဖော်ပြောဆိုပြီး အဘယ်ကြောင့် ကျောက်လူဝှန်း အဆိပ်သောက်ကာ သေရလေသနည်း။

လီကျင်းဆွေ စဉ်းစားမရ။ သံသယစိတ်က ကြီးထွားလာခဲ့ပြီ။ ဤအခန်းထဲတွင် ဆက်နေ၍မဖြစ်တော့။ အန္တရာယ်အသွယ်သွယ် ဝန်းရံလာခဲ့ပြီကို သူ နားလည်၏။

ကိုယ်လှည့်ကာ အခန်းပြင်သို့ထွက်ရန် ဟန်ပြင်သည်။ သို့သော် လီကျင်းဆွေနောက်ကျသွားခဲ့လေပြီတကား။ လူရိပ်လေးရိပ်က အခန်းထဲသို့ ခုန်ပျံဝင်ရောက်လာခဲ့လေသည်။ လီကျင်းဆွေ၏ ထွက်ပေါက်မှန်သမျှကို ပိတ်ဆို့ထားလိုက်ကြ၏။



ထိုလူလေးယောက်ကို သူ အမှတ်မထင် ကြည့်လိုက်၏။ ယီချန်းလီ၊ ရောင်ရှူးနှင့် အခြားအမည်မသိသူ နှစ်ယောက်တို့ပင်တည်း။ လီကျင်းဆွေ မလှုပ်သာတော့။

ထိပ်သီးသိုင်းပညာရှင်ကြီးလေးယောက်၏ ပိတ်ဆို့ဝန်းရံတားမှုကို သူ မည်ကဲ့သို့ ထိုးဖောက်ထွက်နိုင်ပါမည်နည်း။ ထိုလူလေးယောက်တို့က ဝင်ရောက်လာသည့်တိုင် စကားတစ်ခွန်း မဆို။ လီကျင်းဆွေကလည်း ဘာမျှမပြောဘဲ အခြေအနေကို စောင့်ကြည့်သည်။

အဝတ်အစား တောက်တောက်ပြောင်ပြောင်နှင့် သားသားနားနားဝတ်ဆင်ထားသည့် လူကြီးတစ်ယောက်က အခန်းထဲသို့ လျှောက်ဝင်လာပြီး လဲကျနေသောကျောက်လူဝှန်းကို စစ်ဆေးကြည့်ရှုသည်။

ဘေးတွင် လွတ်ကျနေသည့် အရက်ခွက်ကို နမ်းရှုပ်ကြည့်သည်။ ထို့နောက် အရက်ကရားကို နမ်းကြည့်ပြန်သည်။ ပြီးမှ နောက်ပြန်ဆုတ်လာ၏။

"အရက်ကရားထဲမှာတော့ အဆိပ်မရှိဘူး"

ထိုလူကြီးက ပိုင်နိုင်သောလေသံဖြင့် မှတ်ချက်ချသည်။ ယီချန်းလီက မျက်မှောင်ကြီးကြုတ်ကာ ...

"ဒါဖြင့် အဆိပ်က ဘယ်မှာရှိတာလဲ"

"အရက်ခွက်ထဲမှာ ရှိတာ၊ သူသောက်သွားတဲ့ နောက်ဆုံး အရက်ခွက်ထဲမှာ ရှိနေတာ"

"အဆိပ်က ဘာအဆိပ်မျိုးလဲ"

"ဒေါင်းအမောက် ကျောက်သွေးအဆိပ် ဖြစ်လိမ့်မယ် ထင်တယ်"

"နောင်ကြီးက သေချာလှချည်လား ... ဘာကြောင့် ဒီလို ပြောရတာလဲ"

"အရက်ခွက်က အဆိပ်နံ့ရပြီး ကရားက ဘာအနံ့မှ မရဘူး၊ ဒေါင်းအမောက်ကျောက်သွေးအဆိပ်က အရောင်မရှိပေမယ့် အနံ့တော့ နည်းနည်းရှိတယ်၊ ဟင်းလျာတွေမှာခတ်ရင် သိသာနိုင်တယ်၊ အရက်ထဲမှာခတ်ရင်တော့ သောက်တဲ့လူအတွက် ဘယ်လိုမှ အနံ့မရနိုင်သလို အရသာကလည်း ထူးကဲမှုမရှိတတ်ဘူး၊ အရက်နံ့က အဆိပ်နံ့ကို ဖုံးလွှမ်းသွားနိုင်တယ်၊ ပြီးတော့လည်း အဲဒီအဆိပ်က အရက်နဲ့သောက်မှ ပိုပြီး ထိရောက်ပြင်းထန်နိုင်တယ်"

"ဘယ်လောက်ကြာမှ အာနိသင် ပြသလဲ"

"ဗိုက်ထဲရောက်ပြီး မကြာခင်မှာ အစွမ်းပြတော့တာပဲ၊ အလွန်ဆုံးကြာရင် ခြေလှမ်းဆယ်လှမ်းပဲ လှမ်းနိုင်မယ်၊ ဒါကြောင့် ဒေါင်းအမောက်ကျောက်သွေးအဆိပ်ကို ခြေဆယ်လှမ်း ဝိညာဉ်နှုတ် အဆိပ်လို့လည်း ခေါ်တတ်ကြသေးတယ်၊ ဒီအဆိပ်တွေကြောင့် သူ



နောက်ဆုံးသောက်တဲ့ အရက်ခွက်ထဲမှာ အဆိပ်ခတ်ထားခဲ့တာလို့ ကျုပ်ပြောနိုင်တာပေါ့"

"သူ့အဆိပ်ကို ဖြေလို့ရဦးမလား ... စမ်းကြည့်စမ်းပါဦး"

"ဒီအဆိပ်က ချက်ချင်းအစွမ်းပြတတ်ပေမယ့် ရုတ်တရက်တော့ မသေနိုင်ပါဘူး၊ တစ်နာရီအတွင်း အဆိပ်ဖြေပေးနိုင်ရင် အသက်ရှင်နိုင်ပါသေးတယ်"

"ဒါဖြင့် မြန်မြန်ကလေး ဖြေဆေးတိုက်လိုက်ပါ၊ ဒါမှ အချိန်မီ သူ့အသက်ကို ကယ်တင်နိုင်မှာပေါ့"

ယီချန်းလီက စိုးရိမ်လောကြီးစွာ တိုက်တွန်းသည်။ သားသားနားနား ဝတ်ဆင်ထားသောလူကြီးက ခေါင်းကို ခါယမ်းလိုက်၏။

"မရဘူး ... ကျုပ်က အဆိပ်အမျိုးအစားကိုသာ ခွဲခြား နားလည်တာ ... အဆိပ်ဖြေဖို့တော့ မတတ်နိုင်ဘူး၊ အဆိပ်ဖြေဆေးလည်း မရှိဘူး၊ အဆိပ်ကို နိုင်နင်းတာကတော့ ဒီက ဆရာကြီးထန်ပဲ"

ပြောင်ပြောင်လက်လက် ဝတ်ဆင်ထားသူက တစ်ဖက်တွင် ရပ်နေသော လူတစ်ယောက်ကို လက်ညှိုးထိုးပြ၏။

ထိုသူ၏အသက်က ငါးဆယ်ကျော် ခြောက်ဆယ်ဝန်းကျင်ခန့် ရှိမည်။ အရပ်ပုပုပျပ်ပျပ်၊ ဝမ်းလွန်းသည်မှာ ရာဝင်အိုးကြီးတစ်လုံး လိမ့်လာသလို ထင်မှတ်ရသည်။

ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အဝတ်အစားတို့က

ကြောင်ကြောင်ကျားကျားနှင့် ကိုးရိုးကားရားနိုင်လှသည်။ ဝတ်စားဆင်ယင်ပုံကို ကြည့်ရုံနှင့် ဆရာကြီးထန်ဆိုသူ၏ စိတ်ဓာတ်က ထူးခြားဆန်းကြယ်မှုရှိမည်ဖြစ်ကြောင်း သိသာနိုင် သည်။

ယီချန်းလီတို့ ရောက်လာကြောင်း အချက်ပြမှ သူသောက်မည့်အရက်ခွက်ထဲတွင် ကိုယ်တိုင်အဆိပ်ခတ်ကာ သတ်သေသည်။ ဆရာကြီးထန်ဆိုသူက ဝင့်ထည်စွာပြုံးကာ အိတ်တွင်းမှ ပုလင်းလေး တစ်လုံး ထုတ်ယူသည်။ ပုလင်းကလေးထဲမှ အမည်းရောင်ဆေးလုံး တစ်လုံးကို ထုတ် လျက် ...

"ဒီဆေးလုံးဟာ ဒေါင်းအမောက်ကျောက်သွေးအဆိပ်ကို နိုင်တဲ့ အဆိပ်ဖြေဆေးပဲ၊ ဒီဆေးသောက်ပြီးတာနဲ့ သူ့တစ်ကိုယ်လုံးမှာရှိတဲ့ အဆိပ်တွေအားလုံး ပြေသွားမယ်"

ဆရာကြီးထန်က ဆေးလုံးကို ကျောက်လူဝုန်းအား တိုက်ကျွေးသည်။ လီကျင်းဆွေမှာ ယခုမှပင် ကျောက်လူဝုန်းတစ်ယောက် အဘယ်ကြောင့် ကိုယ့်ကိုယ်ကိုယ် အဆိပ်ခတ်သတ်သေကြောင်း နားလည် သဘောပေါက်မိတော့သည်။



ကျောက်လူဝုန်းကား တကယ်ပင် အကွက်ဈေးပိုင်နိုင်လှချေသည်။ လီကျင်းဆွေအား သူဖန်တီးကျူးလွန်ခဲ့သည့် ကိစ္စများကို တစ်လုံးမကျန် ဖွင့်အန်ခဲ့သည်။ မဖွင့်အန်ခင် ချီယင်ကို တမင် စိတ်ကွက်ငြိုငြင်ဟန်ပြုကာ နှုတ်ပိတ်သတ်ဖြတ်သည်။

သူ့လူများကို လီကျင်းဆွေတစ်ယောက် ချီယင်၏ဂေဟာသို့ ရောက်ရှိလာပြီး မိမိနှင့် ချီယင်တို့နှစ်ယောက်အား လုပ်ကြံနေကြောင်း ယီချန်းလီထံ သွားရောက်အကြောင်းကြားခိုင်းသည်။ ယီချန်းလီတို့နှင့် အတူ အဆိပ်ပညာတွင် တစ်ဖက်ကမ်းခပ်တတ်ကျွမ်းသော ဆရာကြီးထန် ပါလာမည်ဖြစ်ကြောင်း သူ နားလည်သိရှိထား၏။ ထို့ကြောင့် ရဲရဲတင်းတင်းပင် အရက်ခွက်ထဲ အဆိပ်ထည့်ကာ သောက်ပစ်လိုက်ခြင်း ဖြစ်၏။

အခြေအနေက ရှင်းနေသည်။ ကျောက်လူဝုန်း၏ လုပ်ကြံဖန်တီးမှုကို လီကျင်းဆွေ ပီပီပြင်ပြင်ကြီးသိသည်။ သို့သော် ကျန်းထင်ဟုန်သည် အစစ်အမှန် မဟုတ်။ ကျောက်လူဝုန်းသာ ဖြစ်ပါသည်ဟု သူ ရှင်းပြပြောဆိုပါက မည်သူက အယုံအကြ[illegible]ရှိလေမည်နည်း။

ယွင်နန်တောင်ခြေမှ ပြဿနာအားလုံးကို အကွက်ကျကျ ဖန်တီးလုပ်ကြံသူမှာ ကျောက်လူဝုန်းသာ ဖြစ်ပါသည်ဟု သူတင်ပြလို့ကော ဘယ်သူ လက်ခံပါမည်နည်း။

သူ့တွင် သက်သေမရှိ။ အထောက်အထား မရှိ။ ရှင်းရှင်း

ကြီးသီပါလျက် ပြဿနာကွင်းဆက်ကြီးများက သူ့ကိုယ်ပေါ်တွင် ရစ်ပတ်ချည်နှောင်လာသည်။

သူ့ရှင်းပြချက်ကို မည်သူမျှ လက်ခံမည်မဟုတ်သည့်ပြင် ယွင်နန်တောင်ခြေလုပ်ကြံမှုသာမက ယခုနောက်ဆုံး ချီယင်နှင့် ကျန်းထင်ဟုန်တို့နှစ်ယောက်ကိုပါ လက်စသိမ်းသတ်ဖြတ်ခြင်းပြုသူအဖြစ် ယိုးစွပ်သတ်မှတ်ဦးမည် မလွဲ။ ဟသ်ာဒေဝီ၏ ကြင်ယာအဖြစ် လက်ခံရောက်ရှိလိုသောကြောင့် သစ္စာကိုယ်တော်သုံးပါးအား လုပ်ကြံသတ်ဖြတ်ခြင်းဖြစ်ကြောင်း အခိုင်အမာ သတ်မှတ်မည် မလွဲ။

သတ်မှတ်လောက်အောင်လည်း အမျိုးမျိုးသောအကြောင်းကွင်းဆက်တို့က သူ့အပေါ်တွင် တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ရစ်ပြီးတစ်ရစ် တိုး၍တိုး၍ ချည်နှောင်လာခဲ့ပြီ မဟုတ်ပါလား။

လီကျင်းဆွေ အဖြစ်မှန်ကို ဘယ်လိုရှင်းပြမလဲ။

ပြဿနာကို ဘယ်လိုရင်ဆိုင်ရမလဲ။

သူ့တွင် အများလက်ခံနိုင်လောက်သည့် သက်သေသက္ခာယ မရှိ၊ ရှင်းပြနိုင်စွမ်းမရှိ။ ပြောသမျှစကားသည် ပြဿနာရှောင်တိမ်းလိုသဖြင့် သွေးရူးသွေးတန်း လျှောက်ပြောနေခြင်းဖြစ်သည်ဟုသာ ယူဆကြပေမည်။

သူ့လည်ပင်းကို ကြိုးကွင်းစွပ်နိုင်ရန် အားထုတ်ကြပေမည်။ သို့အတွက် လီကျင်းဆွေသည် ယီချန်းလီတို့ပြောမည့် စကားကိုသာ



နားစွင့်နေ၏။

"ကဲ လီကျင်းဆွေ ... မင်း ဘာတွေ ငြင်းချက်ထုတ်ချင်သေးသလဲ"

ယီချန်းလီက အခွင့်အလမ်းပေးသည့်အနေဖြင့် ပြောသည်။ သို့သော် သူ့လေသံကမူ ငြင်းလို့လည်း မရတော့ဘူးဆိုသည့် ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင်မာမာ ရှိသည်။ လီကျင်းဆွေ ဘာမျှမပြော။ ပြောလျှင်လည်း လေကုန်ရုံသာ ရှိတော့မည်မို့ အကျိုးမဖြစ်ထွန်းဘဲ သူ ဘာတစ်ခုမျှ မလုပ်ချင်။ ထို့ကြောင့် နှုတ်ဆိတ်ကာ ငြိမ်ကြည့်နေခြင်းဖြစ်၏။

"အဖြေက ပေါ်နေပြီ၊ မင်းဟာ ကျန်းထင်ဟုန်ကို အဆိပ်ခတ်သတ်တယ်၊ လက်စတုံးနှုတ်ပိတ်တဲ့အနေနဲ့ ချီယင်ကို လည်ပင်းညှစ်သတ်ခဲ့တယ်၊ ဒီအချက်တွေကို ထောက်ထားကြည့်ရင် ယွင်နန်တောင်ခြေမှာ ရဲယင်စန်းနဲ့ ဟူဖေးလီတို့နှစ်ယောက်ကို လုပ်ကြံတာဟာလည်း မင်းလက်ချက်ပဲဆိုတာ ထင်ရှားနေတယ်၊ မင်း ဘာပြောချင်သေးသလဲ"

ယီချန်းလီက ဆက်ပြောသည်။ လီကျင်းဆွေက တည်ငြိမ်အေးဆေးသော အမူအရာဖြင့် ....

"ဘာမှမပြောချင်ဘူး"

"ဘာမှမပြောချင်ဘူးဆိုတော့ မင်းအပြစ်ကို မင်း ဝန်ခံတာ

ပဲပေါ့ ဟုတ်လား"

"ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး"

"ဩော် ... တို့မျက်စိနဲ့ တပ်အပ်မြင်တာတောင် မင်းက မှန်လာဥ လုပ်ချင်သေးသလား၊ ဟော့ကောင် လီကျင်းဆွေ ... ဒီဆရာကြီးနှစ်ယောက်ကို မင်းက ဘယ်သူတွေထင်နေသလဲ၊ ဒီကနောင်ကြီး မာဟူကျစ်ဟာ ဟောဒီ ချင်တူးမြို့ဝန်မင်းလည်း ဖြစ်တယ်၊ သိန်းငှက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးလည်း ဖြစ်တယ်၊ ဆရာကြီးထန်တောက်ယွင်က ထိတ်ထိတ်ကြဲ သမာဓိသိုင်းသမားကြီး, ထန်မျိုးနွယ်ရဲ့ ခေါင်းဆောင်တစ်ယောက်ပဲ၊ မင်းက ထပ်ပြီး ငြင်းချင်သေးလို့လား"

သိန်းငှက်ဂိုဏ်းချုပ်ကြီး မာဟူကျစ်နှင့် ထန်မျိုးနွယ်စု ခေါင်းဆောင် ထန်တောက်ယွင်တို့၏ အမည်နာမများကို လီကျင်းဆွေ ကြားဖူးသည်။ ဂုဏ်သတင်း အရှိန်အဝါကိုလည်း သိရှိနားလည်သည်။ တည်ကြည်ဖြောင့်မတ်ပြီး အမှန်တရားနှင့်ပတ်သက်လာလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မျက်နှာသာမပေးတတ်ကြောင်း ကျော်ကြားသည်။ ထိုသူများရှေ့တွင် လီကျင်းဆွေ ဘယ်လိုဖြေရှင်းလေမည်နည်း။

ထိုအချိန်တွင် ကျောက်လူဝုန်းမှာ အဆိပ်ပြေပြီး သတိပြန်ရလာပြီ ဖြစ်၏။ ကျောက်လူဝုန်း၏အမူအရာက ပိရိလှ၏။ လီကျင်းဆွေကို ကြောက်ရွံ့ထိတ်လန့်ဟန်ပင် လုပ်ပြနေ၏။ လီကျင်းဆွေမှာ



သူ့ပုံစံကိုကြည့်ပြီး ဒေါသထွက်လာ၏။ အရေခွံဆုတ်ပစ်ချင်လောက်အောင် စိတ်တို၏။

သို့သော် စိတ်အလိုအတိုင်း လီကျင်းဆွေ မလှုပ်ရှားနိုင်၊ မလှုပ်ရှားဝံ့။ သူ့အပေါ်တွင် ယီချန်းလီကို့ ယုံကြည်ထင်မှတ်နေသည့် သံသယက ပို၍ကြီးထွားလာနိုင်သည်။ ကွယ်ရာကွယ်ထောင့်တွင် လုပ်ကြံမှုမအောင်မြင်သဖြင့် လူရှေ့သူရှေ့တွင် ထင်ထင်ပေါ်ပေါ် သတ်ဖြတ်နှုတ်ပိတ်ရန် ကြိုးစားသည်ဟု ယုံကြည်သွားပေလိမ့်မည်။

သည့်အပြင် သူလှုပ်ရှားချင်တိုင်း လှုပ်ရှားခွင့်ပေးမည် မဟုတ်။ သိုင်းလောကတွင် နာမည်တစ်လုံးနှင့်နေကြသော ဤထိတ်ထိတ်ကြဲပုဂ္ဂိုလ်ကြီးများရှေ့တွင် သူထင်သလို လုပ်ကိုင်နိုင်မည် မဟုတ်။ တစ်ချက်လှုပ်လိုက်သည်နှင့် ဒုက္ခတွေ့သွားနိုင်ပေသည်။

ထို့ကြောင့် လီကျင်းဆွေ စိတ်ကိုချုပ်တည်းကာ ငြိမ်နေလိုက်၏။ သူ၏ ငြိမ်ဆိတ်နေခြင်းကို ယီချန်းလီက ဝန်ခံသည်ဟု သဘောပေါက်သွားပုံ ရသည်။

"ကဲ လီကျင်းဆွေ ... မင်း အေးအေးဆေးဆေးသာ အဖမ်းခံပေတော့၊ နောင်ကြီး မာဟူကျစ်က ထိုက်သင့်သလို အပြစ်ပေး စီရင်လိမ့်မယ်၊ ဒီလိုမှမဟုတ်ဘဲ ဆက်ပြီး ငြင်းဆန်နေဦးမယ်ဆိုရင်တော့"

ယီချန်းလီ စကားကိုဆက်မပြောဘဲ အဓိပ္ပာယ်ပါပါဖြင့် လီကျင်းဆွေကို ကြည့်သည်။ လီကျင်းဆွေ ဘာမျှမပြော။ ထိုစဉ်မှာပင်

ကြည်လင်ချိုမြသော အသံကလေးတစ်သံက ခပ်လှမ်းလှမ်းဆီမှ ထွက်ပေါ်လာသည်။

"စံပယ်ပန်းတွေ၊ ဂန္ဓမာပန်းတွေ၊ နှင်းဆီပန်းတွေရမယ်နော်၊ မြဲထွက်ပန်းကလေးတွေ မွှေးမွှေးကြိုင်ကြိုင် လန်းလန်းဆန်းဆန်းကလေးတွေ ရမယ်နော်"

ပန်းသည်မလေးတစ်ယောက်၏ ဈေးအော်သံပင်တည်း။ ထိုအသံကို ကြားရသည်နှင့် လီကျင်းဆွေမှအပ အခန်းထဲရှိ လူအားလုံးမှာ အံ့ဩထိတ်လန့်ဟန် မျက်မှောင်ကြီးများ ကြုတ်သွားကြတော့သည်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။

"လန်းလန်းဆန်းဆန်း ပန်းကလေးတွေနော်၊ ဘုရားတင်တင်၊ စားပွဲမှာထိုးထိုး၊ ပန်းမျိုးစုံတယ် ... ဝယ်ကြဦးမလား"

အသံက တဖြည်းဖြည်း နီးကပ်ရာမှ နောက်ဆုံးတွင် လှုရိပ်တစ်ရိပ်က လျင်မြန်သောအဟုန်ဖြင့် အခန်းတွင်းသို့ ရောက်ရှိလာတော့သည်။

ပန်းသည်မလေးပင်တည်း ...။

ပန်းသည်မလေး၏ ဦးခေါင်းထက်တွင် ဝါးခမောက်ကြီးတစ်ခုကို ခပ်ငိုက်ငိုက် ဆောင်းထား၏။ ခမောက်နှုတ်ခမ်းရိပ်က ဖုံးအုပ်နေသဖြင့် ပန်းသည်မလေး၏မျက်နှာကို မမြင်ရ။



ကိုယ်လုံးကိုယ်ပေါက်က သွယ်သွယ်လျလျနှင့် အတော်ကလေး ပြေပြစ်လှပသည်။ အနီရောင်ရဲရဲဝတ်စုံကို ဝတ်ဆင်ထားသဖြင့် ဖြူဖွေးသောအသားအရေက စိုပြည်ပေါ်လွင်သည်။ လက်ထဲတွင် ပန်းခြင်းကလေးတစ်ခြင်းကို ချိတ်ဆွဲထားသည်။ ညာလက်တွင်မူ စံပယ်ကုံးများကို စုတွဲကာ ကြိုးထိပ်ဖျားကလေးများ ရစ်ပတ်လျက် ကိုင်ဆောင်ထားသည်။

ပန်းသည်မလေး အခန်းထဲသို့ ဝင်ရောက်လာသဖြင့် အားလုံးမှာ ကျောက်ရုပ်များလို အသံမထွက်ကြ။ ငြိမ်သက်တိတ်ဆိတ်နေကြ၏။ အံ့ဩတုန်လှုပ်ဟန် ဖြစ်ပေါ်နေကြသည်။ ပန်းရနံ့များကမူ တသင်းသင်း တကြိုင်ကြိုင် ဖြစ်နေတော့ သည်။

"စံပယ်ပန်းကုံးတစ်ကုံးလောက် ဝယ်ပါလားရှင်"

ပန်းသည်မလေးက စံပယ်ပန်းကုံးများကို ကိုင်မြှောက်ရင်း ယီချင်းလီထံသို့ ထိုးပေးသည်။ လီကျင်းဆွေမှာ မျက်နှာဖုံးစွပ်များနှင့် ရင်ဆိုင်တိုက်ခိုက်နေရစဉ်က ဤပန်းသည်မလေးကို တွေ့မြင်ပြီး မိန်မိန်တစ်ယောက် ကြောက်လန့်ကာ ထွက်ပြေးသွားခဲ့သည်ကို သတိရ မြင်ယောင်လာ၏။

ဤပန်းသည်မလေးသည် အဘယ်ကြောင့် ယခုအချိန်တွင် ဤအခန်းထဲသို့ မပြောမဆို ဝင်ရောက်ကာ အတင်းအဓမ္မ ပန်းလာရောင်းရလေသနည်းဟု လီကျင်းဆွေစိတ်ထဲ သံသယဝင်သည်။

ယီချန်းလီမှာ ပန်းသည်မလေးက ပန်းရောင်းခြင်း ခံနေရသဖြင့် အကြီးအကျယ်ပင် အကြည့်ရဆိုးလောက်အောင် ထိတ်လန့်အမူအရာပျက်သည်။ ရုတ်ခြည်းပင် ဘုန်းခနဲ လဲကျသေဆုံးသွားရတော့မည့် လူတစ်ယောက်အလား မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်။ ထိုအဖြစ်အပျက်ကိုကြည့်ပြီး လီကျင်းဆွေ ဘာမျှနားမလည်နိုင်ပြန်။

"လုပ်ပါရှင် ... ပန်းကလေးတွေက မွှေးလည်းမွှေး, လတ်လည်းလတ်ဆတ်ပါတယ် ... တစ်ကုံးလောက် ဝယ်ပါဦး"

ပန်းသည်မလေးက ပန်းကုံးကို ယီချန်းလီ၏ မျက်နှာရှေ့သို့ ထိုးကာ အတင်းရောင်းနေပြန်သည်။ ယီချန်းလီ ဟန်ဆောင်ထိန်းချုပ်မနေနိုင်တော့။ မျက်နှာပျက်ပျက်ဖြင့် လက်နှစ်ဖက် တကားကားလုပ်လျက် အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။

✿

ယီချန်းလီ ထွက်ပြေးသွားလျှင် ပန်းသည်မလေးက ဆက်လက်၍ ရောင်ရမ်း၊ မာဟူကျစ်၊ ထန်တောက်ယွင်နှင့် ကျန်းထင်ဟုန် (ကျောက်လူဝှန်း) တို့ကို ဆက်လက် ရောင်းချပြန်သည်။



ထိုသူလေးယောက်သည်လည်း အကြီးအကျယ်ပင် မျက်နှာပျက်သည်။ ထိန်း ချုပ်မရအောင် တုန်လှုပ်ချောက်ချားသည်။

ယီချန်းလီကဲ့သို့ပင် အခန်းထဲမှ ခေါင်းတခါခါ လည်တခါခါဖြင့် အလူးအလဲ ပြေးထွက်သွားတော့သည်။

"ဟင် .. ပန်းကလေးတွေက ဒီလောက်လန်းလန်းဆန်းဆန်း မွှေးမွှေးကြိုင်ကြိုင်ကလေးတွေကို ဝယ်မယ့်သူ တစ်ယောက်မှတောင် မရှိကြပါလား"

အခန်းထဲတွင် လီကျင်းဆွေနှင့် ပန်းသည်မလေးနှစ်ယောက်သာ ကျန်ရစ်တော့သည်။ သည်တော့မှ ပန်းသည်မလေးက စိတ်ပျက်လက်ပျက် ညည်းညူလိုက်မိခြင်း ဖြစ်ပေသည်။ လီကျင်းဆွေသည် ပန်းသည်မလေးကို အလိုလိုပင် ကရုဏာသက်သွားမိသည်။

"ဘယ်သူမှ မဝယ်ရင်လည်း ကျုပ်ဝယ်ပါ့မယ်ဗျာ၊ ကျုပ်ကို ရောင်းပါ"

"အို ... ရှင် မဝယ်နိုင်ပါဘူး၊ ရှင် ဝယ်မယ်ဆိုလည်း ကျွန်မ ရောင်းမှာ မဟုတ်ဘူးရှင့်"

အရောင်းအဝယ် မကောင်းသဖြင့် ညည်းညူနေသော ပန်းသည်မကလေးမှာ လီကျင်းဆွေက ဝယ်မည်ဆိုပြန်သောအခါ တူးတူး ခါးခါးပင် ငြင်းဆိုပြန်သည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသည်ကို လီကျင်းဆွေ နားမလည်နိုင်ပြန်။

"စောစောကတော့ အတင်းလိုက်ရောင်းနေပြီး အခုကျမှ ဘာဖြစ်လို့ မရောင်းနိုင်ရတော့တာလဲ"

"ဒီပန်းတွေက ဈေးကြီးတယ်ရှင့်၊ ရှင်ဝယ်နိုင်မှာ မဟုတ်လို့ မရောင်းနိုင်ရတော့တာပဲ"

"ဘယ်လောက်တောင် ဈေးကြီးနေလို့လဲ"

"ပန်းတစ်ပွင့်ကို အသက်တစ်ချောင်း"

"ဗျာ"

"ဗျာမနေနဲ့၊ ကျွန်မက ရှင့်အသက်ကို မသတ်ချင်သေးဘူး၊ ဒါကြောင့်မို့လို့ ရှင့်ကို ကျွန်မ ပန်းမရောင်းနိုင်တာ"

ပန်းသည်မကလေးသည် စကားဆုံးလျှင်ဆုံးချင်း ချာခနဲ လှည့်ကာ အပြင်ဘက်သို့ ပြေးထွက်သွားသည်။ လျှပ်ရှားမှုက မြန်သည်၊ ပေါ့ပါးသည်။

လီကျင်းဆွေမှာ ဤပန်းသည်မလေးသည် သာမန် ရိုးရိုး ဈေးသည်တစ်ယောက် မဟုတ်နိုင်ကြောင်း နားလည်သည်။ ထူးခြားမှုတစ်ခုရှိရမည်ဟု တွေးမိသည်။ ထို့ကြောင့် အခန်းထဲတွင် ချန်ရစ်မနေဘဲ ပန်းသည်မလေးနောက်သို့ အတင်းပြေးလိုက်သည်။

ပန်းသည်မလေးမှာ အလွန်ပင် ကိုယ်ဖော့ပညာကောင်းလှသည်။ ရှေ့မှ ရိပ်ခနဲ ပြေးလွှားနေသည်မှာ လီကျင်းဆွေ လိုက်မမီနိုင်ပေ။ ပေငါးဆယ်ကျော်ခန့် အမြဲတမ်း ကွာခြားနေ၏။



နှစ်ယောက်သား ပြေးလွှားကြသည်မှာ ချင်တူးမြို့အပြင်သို့ ရောက်လာ၏။

သန်းခေါင်ယံကျော်ပြီမို့ အမှောင်ထုက သိပ်လည်းလာ၏။ မြူနှင်းတို့ကလည်း တဝေ့ဝေ့ တဝဲဝဲ။ ညလေပြည်က တစ်ချက်တစ်ချက် တိုက်ခတ်လာတတ်ပြန်ရာ ချမ်းစိမ့်စိမ့်ရှိသည်။

လီကျင်းဆွေသည် ပန်းသည်မလေးကို မမီနိုင်သဖြင့် စိတ်မရှည်တော့။ သူ၏ အထက်မြက်ဆုံးဖြစ်သည့် တိမ်နဂါးကိုယ်ဖော့ပညာကို အဆင့်ကုန်ထုတ်သုံးကာ လိုက်သည်။ ပြေးနှုန်းက မြန်လာ၏။ နားထဲတွင် လေတိုးသံ တဟူးဟူးထကာ ကိုယ်ရိပ်မှာ နဂါးငွေ့တန်းလို လျှောခနဲပြေးထွက်သည်။

သို့သော် သူ့ကိုယ်ဖော့ပညာ ဘယ်လောက်ကောင်းကောင်း ... ပန်းသည်မလေးကိုကား မမီ။ ပေငါးဆယ်ခန့် ကွာမြဲကွာနေသည်။ လီကျင်းဆွေ စိတ်ဓာတ်ကျလာ၏။ ပြေးရှိန်ကို လျှော့သည်။ ပန်းသည်မလေးသည် ပုံမှန်အတိုင်း မပြေး။ အရှိန်လျှော့၏။ လီကျင်းဆွေနှင့် ပေငါးဆယ်ခန့်အကွာ၌ ထိန်းထားမြဲထိန်းထား၏။

လီကျင်းဆွေသည် ဝိုးတဝါး အလင်းရောင်အောက်တွင် သူ့ရှေ့မှ ပန်းသည်မလေးကို ကြည့်သည်။ ကိုယ်လုံးကိုယ်ပေါက်နှင့် လှုပ်ရှားမှုဟန်ပန်က သူ့မျက်လုံးထဲတွင် ပုံရိပ်ထင် စွဲမြဲလာ၏။ ခေါင်းထဲတွင် အတွေးတစ်ချက် ဖျတ်ခနဲ လက်သည်။

"ဟိတ် ... ရှေ့က အတင်းပြေးမနေနဲ့တော့၊ မင်း ဘယ်သူလဲ ဆိုတာ ကျုပ်သိပြီ"

လီကျင်းဆွေ အော်ဟစ် ဟန့်တားသည်။ ပန်းသည်မလေး ခြေလှမ်းတုံ့ရပ်သည်။ ရယ်သံလွင်လွင်ပြုလျက် လီကျင်းဆွေ ဘက်သို့ လှည့်သည်။

"အခုမှ သိတာပဲလား ... ကျွန်မ ဘယ်သူဆိုတာ ရှင် အစက တည်းက သိဖို့ကောင်းတယ်"

ပြောပြောဆိုဆိုပင် ခေါင်းပေါ်တွင်ဆောင်းထားသော ခမောက်ကြီးကို မျက်နှာပေါ်အောင် နောက်သို့ လှန်တင်လိုက်သည်။ အကျည်းတန် အရုပ်ဆိုးလွန်းသော မျက်နှာကလေးက လရောင်တွင် ထင်းခနဲ ပေါ်လွင်လာ၏။

မိန်မိန်ပင်တည်း ...။

မိန်မိန်သည် မျက်နှာဖုံးစွပ်လူများနှင့် ရင်ဆိုင်နေချိန်တွင် ပန်းသည်မလေးကို ရုတ်တရက်တွေ့မြင်ပြီး ကြောက်လန့်တကြား ထွက်ပြေးသွားခဲ့သည်။ အခု ... အဘယ်ကြောင့် ပန်းသည်မလေး အယောင်ဆောင်ခဲ့ရလေသနည်း။

ယီချန်းလီတို့လို ထိတ်ထိတ်ကြဲသိုင်းပညာရှင်ကြီးများက ပန်းသည်မလေး ပန်းရောင်းသည်ကို မဝယ်ရဲဘဲ အဘယ်ကြောင့် ကြောက်လန့်တကြား ထွက်ပြေးသွားရလေသနည်း။



မိန်မိန့်အနီးသို့ ရောက်လာကာ ...

"မင်း ပန်းသည်မလေးလို ဟန်ဆောင်လာလိမ့်မယ်လို့ ကျုပ် တကယ်ပဲ မထင်မိခဲ့ဘူး။ ဒါနဲ့ ပန်းသည်မလေးကော ဘယ် ရောက်သွားပြီလဲ"

"ရှိပါတယ် ... ရှင် နောက်တော့ သိရမှာပေါ့"

"အဲဒီပန်းသည်မလေးက ဘယ်သူလဲ၊ မင်း စောစောက ပန်း ရောင်းလိုက်တာနဲ့ ယီချန်းလီတို့လူစုဟာ ဘာကြောင့် ကြောက်လန့် တကြား ထွက်ပြေးသွားရတာလဲ"

"ခစ် ခစ် ခစ် ... ရှင် တော်တော်ဗဟုသုတနည်းတာပဲ၊ အဲဒီ ပန်းသည်မလေးကို ရိုးရိုးပန်းသည်တစ်ယောက် အောက်မေ့လို့လား"

"ရိုးရိုးပန်းသည် မဟုတ်ရင် ဘာလဲ ... သူ ပန်းလည်ရောင်း နေတာ ကျုပ် တစ်ခါတွေ့ခဲ့ဖူးသားပဲ"

"ဒါကြောင့် ပြောတာပေါ့။ ရှင်ဟာ ဗဟုသုတနည်းတယ်လို့၊ သိုင်းလောကမှာ ဝိညာဉ်ခြွေ ပန်းဒေဝီဆိုတာ ရှင်မကြားဖူးဘူးလား"

"ဟင့်အင်း ... မကြားဖူးဘူး၊ ကျုပ် ညံ့လို့ပဲဖြစ်မှာပေါ့"

"ရှင်မကြားဖူးတာ သိပ်တော့မဆန်းပါဘူး၊ ဝိညာဉ်ခြွေ ပန်း ဒေဝီ ပေါ်ပေါက်လာတာ သိပ်မှ မကြာသေးဘဲ၊ လပိုင်းလောက်ရှိ သေးတာ၊ ပြီးတော့ သူက ဒီချင်တူးနယ်တစ်ပိုက်လောက်တင် ကျက် စားတယ်ဆိုတော့ သိုင်းလောကထဲမှာ သတင်းမပြန့်သေးဘူး၊

ပန်းဒေဝီရဲ့သိုင်းပညာဟာ ဘယ်လောက်အထိ အဆင့်မြင့်တယ်ဆိုတာ ခန့်မှန်းလို့ မရဘူး ...၊

သူကလည်း သိုင်းလောကမှာ မဟုတ်မမှန်တာ လုပ်တဲ့သူတွေကိုသာ ပန်းရောင်းပြီး ဝိညာဉ်ခြွေတတ်တယ်၊ သူ့ဆီက ကိုယ့်သဘောနဲ့ကိုယ် ပန်းဝယ်တဲ့လူကို ဘာမှ ဒုက္ခမပေးတတ်ဘူး၊ အဲ ... သူ ပန်းဝယ်ပါဦးလို့ လိုက်ရောင်းခံရတဲ့လူက ပန်းဝယ်မိပြီဆိုရင် အဲဒီလူ အသက်ပျောက်ပြီသာ မှတ်ပေတော့၊ ဒါကြောင့်မို့လို့ ကျွန်မက ပန်းဒေဝီဟန်ဆောင်ပြီး ပန်းလိုက်ရောင်းတော့ ယီချန်းလီတို့က ပန်းဒေဝီအစစ်လို့ထင်ပြီး ကြောက်လန့်တကြား အမြီးတန်းနေအောင် ထွက်ပြေးသွားကြတာ"

လီကျင်းဆွေ မျက်မှောင်ကြုတ်လိုက်မိ၏။ လူတစ်ယောက်နေရာတွင် လူတစ်ယောက်က အစားထိုးဟန်ဆောင်သည်မှာ မလွယ်ကူ။ သဏ္ဍာန်လုပ် သရုပ်နှင့်တူရပေမည်။

ထိတ်ထိတ်ကြဲ သိုင်းပညာရှင်ကြီးများပင် ထိတ်လန့်ရသော ပန်းဒေဝီအဖြစ် ဟန်ဆောင်သည့် မိန်မိန်သည် ယီချန်းလီတို့ယုံကြည်လောက်အောင် လုပ်ဆောင်နိုင်မှ ဖြစ်ပေမည်။ ပန်းဒေဝီကို မမီသည့်တိုင် ပန်းဒေဝီလောက် သိုင်းပညာထက်မြက်နေမှ ဖြစ်ပေမည်။

မိမိက သိုင်းပညာမတတ်ကျွမ်း၊ ရိုးရိုး သာမန်အရပ်သူလေးတစ်ယောက်ဟု ထင်မှတ်နေသည့် မိန်မိန်သည် မိမိထက်ပင် သိုင်း



ပညာထူးချွန်ထက်မြက်နေသည်ကို တွေ့ရသဖြင့် အံ့ဩခြင်း ဖြစ်မိသည်။ အကျိုးအကြောင်းမေးမြန်းကြည့်ရန် စိတ်ကူးသော်လည်း မိန်မိန်၏ ထူးခြားသောစိတ်သဘောထားကြောင့် မမေးမိ။

သို့သော် မိန်မိန့်အပေါ်တွင် လီကျင်းဆွေနားလည်ထားချက် တစ်ခုရှိသည်။ မိမိအား အကူအညီပေးနေခြင်း ဖြစ်၏။ အခက်အခဲ အကျဉ်းအကျပ်ကျနေစဉ် မည်ကဲ့သို့သိရှိကာ လာရောက်ကယ်တင်သွားခဲ့သည်ကို လီကျင်းဆွေ နားမလည်။

မိမိနှင့်ပတ်သက်၍ မိန်မိန်တစ်ယောက် ဘယ်လောက်အထိ သိရထားသည်ကိုမသိ။

သို့သော် မိမိကို နားလည်ယုံကြည်မှုရှိသူတစ်ယောက်အဖြစ်ကား လီကျင်းဆွေ သိမြင်သတ်မှတ်သည်။

"ကျုပ်ကို အခုလိုကယ်တင်လာခဲ့တာ ကျေးဇူးတင်ပါတယ်"

လီကျင်းဆွေ သိလိုသည်ကို ဘာမျှမပြောဘဲ မဖြစ်မနေပြောရမည့် ကျေးဇူးစကားသာ ဆိုသည်။ မိန်မိန် ပြုံးလိုက်၏။

"ရှင် တကယ်ပဲ ကျေးဇူးတင်သလား"

"ကျုပ် အပိုစကား မပြောတတ်ဘူး"

"ကျွန်မကို ကျေးဇူးတင်တယ်ဆိုရင် ရှင် ကျွန်မ,ခိုင်းတာ တစ်ခု လုပ်ပေးနိုင်မလား"

"ဘာလုပ်ပေးရမလဲ"

"လုပ်ပေးနိုင်တယ်,မလုပ်ပေးနိုင်ဘူးဆိုတာသာ အရင်ဆုံးပြောစမ်းပါဦး"

"လုပ်ပေးနိုင်တယ်၊ ကျေးဇူးဆပ်တာတော့ မဟုတ်ဘူး၊ မင်းအတွက်ဆိုရင် ဘာမဆို လုပ်ပေးဖို့ အသင့်ပဲ"

လီကျင်းဆွေ စူးစူးရဲရဲကြည့်ကာ ပြောသည်။ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲပြောလိုက်သော စကားဖြစ်သဖြင့် လေးနက်သည်။

မိန်မိန်သည် လီကျင်းဆွေ၏အကြည့်စူးစူးကို မခံနိုင်သဖြင့် ကမန်းကတန်းပင် မျက်လွှာချလိုက်ရ၏။ ရင်ထဲတွင် တဒိန်းဒိန်း လှုပ်ခုန်သွားခဲ့ရသည်ကို မည်သူမျှ သိနိုင်မည်မဟုတ်ပါပေ။

❁ ❁ ❁



## အခန်း (၈)

လီကျင်းဆွေသည် မိန်မိန် ဦးဆောင်ခေါ်ငင်ရာနောက်သို့ လိုက်ပါလာခဲ့သည်။ ညအမှောင်ထဲတွင် မိန်မိန်၏ခြေလှမ်းတို့က တည်ငြိမ်သွက်လက်သည်။ လီကျင်းဆွေမှာ နောက်မှလိုက်ပါလာရင်း မိန်မိန့်ကို နားလည်ရခက်သောမိန်းကလေးတစ်ယောက်အဖြစ် မြင်ယောင်နား လည်မိသည်။

မြို့ပြင်ဆီမှ ဆင်ခြေဖုံးရပ်ကွက်တစ်ခုသို့ ဝင်သည်။ ဆင်ခြေဖုံးရပ်ကွက်ဟုဆိုသော်လည်း ဆင်းရဲသား လက်လုပ်လက်စားများနေထိုင်ရာ အရပ်တစ်ခုမဟုတ်။ လူကုံထံအသိုက်အဝန်းတို့ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ် အနားယူနေထိုင်ရာ ရပ်ကွက်ကြီးတစ်ခုဖြစ်သည်။

ခြံကြီးဝင်းကြီးများက ကျယ်လွင့်ကာ မီးအလင်းရောင်တို့ဖြင့် သာသာယာယာ စိုပြည်လှသည်။ ဝင်းတံခါးကြီးများတွင် စောင့်ဆိုင်းနေကြသည့် အစောင့်တဲအိမ်ကလေးများက ခပ်မြင့်မြင့်တွင် ရှိနေကြသည်။ ရပ်ကွက်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသလောက်

မီးအလင်းရောင်တို့ကမူ လမ်းမထက်ဆီသို့ပင် ပြန့်ထွက်ဖြန့်ကြက်လာတတ်သည်။

မိန်မိန်သည် လမ်းမကြီးအတိုင်း ဦးဆောင်ကာလျှောက်သည်။ တစ်နေရာသို့အရောက်တွင် လမ်းသွယ်ကလေးတစ်ခုအတွင်းသို့ ချိုးဝင်သည်။ ထိုလမ်းသွယ်ကလေးသို့ ရောက်သည့်အခါတွင်ကား အခြေအနေက လုံးလုံးလျားလျားကြီး ပြောင်းလဲသွားသည်။ မြင်ကွင်းက စောစောကနှင့်မတူတော့။ အိမ်ခြေစိပ်လာသည်။ အိမ်များကလည်း သပ်ရပ်ကောင်းမွန်သော အိမ်များမဟုတ်။ စုတ်စုတ်ချာချာများသာ ဖြစ်ကြ၏။

ထိုအိမ်ကလေးများထဲတွင် ထူးထူးခြားခြားအိမ်ကြီးတစ်ဆောင်က ရှိနေသည်။ နန်းဆန်ဆန်ဆောက်လုပ်ထားသော အိမ်အိုကြီးတစ်လုံး ဖြစ်၏။ အထပ်နှစ်ထပ်ရှိသော်လည်း မီးအလင်းရောင်က အပေါ်ထပ်တွင် မရှိ။ အောက်ထပ်တွင်သာ မှိန်မှိန်ဖျော့ဖျော့ အလင်းရောင် တွေ့ရသည်။ အိမ်ခြံဝင်းတံခါးဟူ၍ မရှိ။ အုတ်ဘောင်ကြီးနှစ်ခုသာလျှင် ထီးထီးမားမား ရှိနေသည်။ ဝင်းနံရံများကလည်း ယိုင်နဲ့ပြိုပျက်ကာ အကျည်းတန်လှ၏။ မြင်ရုံနှင့်ပင် ချောက်ချားစရာကောင်းသော အိမ်ကြီးတစ်ဆောင်ပင်တည်း။

မိန်မိန်သည် ထိုအိမ်ကြီးထဲသို့ အကြောက်အလန့်မရှိလျှောက်ဝင်သည်။ လီကျင်းဆွေကလည်း သူ့ကတိစကားအတိုင်း



နောက်မှလိုက်၏။ အိမ်ဝင်းတံခါး ပွင့်နေသလို အိမ်ကြီး၏ အဝင်အထွက်တံခါးကလည်း ပိတ်ထားခြင်းမရှိ။ ဇွေရုံသာ ဇေ့ထားသည်။

မိန်မိန် အသာကလေး တွန်းဖွင့်ဝင်သည်။ တံခါးဖွင့်လိုက်သည်နှင့် အထဲမှအလင်းရောင်က အပြင်သို့ ပြန့်ထွက်လာ၏။ ကညင်ဆီမီးတိုင်ကလေးတစ်တိုင်ကို နံရံတစ်ခုတွင် ချိတ်ဆွဲထားသဖြင့် အခန်းထဲတွင် လင်းလင်းကျင်းကျင်း ရှိနေသည်။ အိမ်ထဲမှ အပြင်အဆင်ကား အပြင်မှတွေ့ခဲ့ရသည်နှင့် တခြားစီ။ ဖုန်တစ်မှုန်၊ ပင့်ကူတစ်မျှင် မတွေ့ရ။ ပရိဘောဂများဖြင့် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် ရှိသည်။ လူသူဟူ၍ တစ်ယောက်တလေမျှ မတွေ့ရ။

လီကျင်းဆွေ တအံ့တဩဖြစ်နေမိ၏။ သို့သော် မိန်မိန့်နောက်မှ တစ်ဖဝါးမခွာ လိုက်သည်။ မိန်မိန်သည် ဧည့်ခန်းဆောင်ကြီးကိုကျော်ဖြတ်ကာ အခန်းတစ်ခုအတွင်းသို့ ဝင်သည်။ ထိုအခန်းတွင်လည်း ကညင်ဆီမီးတိုင်တစ်တိုင် ထွန်းညှိထားသည်ကို တွေ့ရ၏။

မီးတိုင်အောက်တွင်ကား ကျောက်ခုတင်ကလေး တစ်လုံး။ ကျောက်ခုတင်ပေါ်တွင် လူတစ်ယောက်လဲလျောင်းနေ၏။ ထိုသူ၏ကိုယ်ပေါ်၌ ပိတ်ဖြူစတစ်စလွှမ်း ခြုံထားသည်။ ပိတ်ဖြူစမှာ လုံလောက်သော အရှည်အလျားမရှိ။ လွှမ်းခြုံခံထားရသူ၏ အောက်ပိုင်းခြေထောက်နေရာတွင် အနည်းငယ် လစ်ဟာနေသည်။

ပိတ်ဖြူလွှမ်းထားသဖြင့် လဲလျောင်းနေသူမှာ မည်သူမည်ဝါဖြစ်သည်ကို မသိရ။ သို့သော် လွတ်နေသော ခြေထောက်များက ကြေးညှော်ကင်းစင်ကာ ဖွေးသန့်နေသည်။ မွေးညင်းစိမ်းကလေးများက တလက်လက်ပြေးနေသည်။ ခြေချောင်းကလေးများ သွယ်ညွတ်ကာ ခြေသည်းကလေးများက သန့်ရှင်းညီညာသည်။ ထိုခြေထောက်ကို ကြည့်ရုံနှင့်ပင် လဲလျောင်းနေသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်ရမည်ကို နားလည်သည်။ လီကျင်းဆွေ ကျိတ်၍ သက်ပြင်းချသည်။

"ဒါ ဘယ်သူလဲ"

မိန်မိန့်ကို စူးစိုက်ကြည့်ကာမေးသည်။ မိန်မိန်က တည်ငြိမ်စွာပင် ...

"ပန်းသည်မလေး ပန်းဒေဝီပေါ့"

"သူက ဘယ်လိုဖြစ်ပြီး ဒီမှာ လဲလျောင်းနေရတာလဲ ... အသက်မှ ရှိသေးရဲ့လား"

"ကြည့်ရတာကတော့ အသက်မရှိတဲ့ပုံစံပဲ"

"သူ့ကို မင်း သတ်ပစ်လိုက်တာလား"

"ရှင်က ဘယ်လိုထင်လို့လဲ"

"မင်းကိုယ်ပေါ်မှာ သူ့အဝတ်အစားတွေ ဝတ်ထားတာပဲ၊ ပြီးတော့ သူ့လိုဟန်ဆောင်ပြီး ကျုပ်ဆီကို ရောက်လာခဲ့တာ မဟုတ်လား။ ဒီတော့ သူ့ကို မင်းမသတ်လို့ ဘယ်သူသတ်မလဲ"



"ဟုတ်တယ် ... သူဟာ ရုပ်လှသလောက် ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ဘဝင်မြင့်လွန်းတယ်၊ ကျွန်မထက် သိုင်းပညာ အစစအရာရာ သာလွန်တယ်ဆိုပြီး ကျွန်မကို အထင်အမြင်သေးခဲ့တယ်၊ ဒါကြောင့် ကျွန်မ သူ့ကိုမြင်တော့ ကြောက်လန့်ဟန်ဆောင်ပြီး ထွက်ပြေးခဲ့တယ်၊ ဒါကို သူက အဟုတ်မှတ်ပြီး ကျွန်မနောက်ကို အတင်းပြေးလိုက်တယ်၊ ကျွန်မကိုလည်း အထင်သေးစိတ်နဲ့ ခြိမ်းခြောက်တိုက်ခိုက်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ သူသတိလစ်တဲ့အချိန်မှာ ကျွန်မက အမှတ်မထင် တိုက်ခိုက်လိုက်လို့ အခုတော့ သေတဲ့အတိုင်း ဖြစ်နေပြီ"

လီကျင်းဆွေ မျက်မှောင်ကြုတ်လိုက်၏။

"သေတဲ့အတိုင်းဖြစ်နေပြီဆိုတော့ သူမသေသေးဘူးပေါ့ ... ဟုတ်လား"

"သေတယ်,မသေဘူးဆိုတာ ကျွန်မကို မေးမနေနဲ့၊ ရှင့်ရှေ့မှာ လူကိုယ်တိုင်ရှိနေတာပဲ၊ ကိုယ်တိုင်ကြည့်ရင် အဖြေရမှာပေါ့"

"ဟင့်အင်း ... ကျုပ် မကြည့်နိုင်ဘူး၊ မိန်းကလေးတစ်ယောက်ကို ကျုပ် ချောင်းမြောင်းမကြည့်တတ်ဘူး"

"အို ... ရှင့်ကို သူ အသက်သေ,မသေ ကြည့်ခိုင်းတာပဲ၊ ရှင်က ဘယ်လိုအတွေးပေါက်သွားရတာလဲ၊ ဘာကြောင့် ချောင်းမြောင်းကြည့်တယ် ပြောရတာလဲ"

“ဘာထူးသလဲ ... သတိမရှိတော့တဲ့ မိန်းကလေးတစ်ယောက်ရဲ့မျက်နှာကို လှစ်ဟကြည့်တယ်ဆိုတာ ယောကျ်ားကောင်းတစ်ယောက်လုပ်ရမယ့် အလုပ်မဟုတ်ဘူး။ သူ အသက်သေ,မသေဆိုတာ သိချင်ပေမယ့် ဖုံးကွယ်ထားတဲ့ကိုယ်ခန္ဓာကိုတော့ ကျုပ် လှစ်မကြည့်နိုင်ဘူး”

“ခစ် ခစ် ခစ် ... ရှင် ဒီလိုမလုပ်ရဲတာ ရှင့်ရဲ့ စိတ်ယုတ်စိတ်မာတွေကို မထိန်းချုပ်နိုင်လို့ မဟုတ်လား”

လီကျင်းဆွေ ထောင်းခနဲ ဒေါသဖြစ်၏။

“မင်း ကျုပ်ကို ဘာကောင်ထင်နေလို့လဲ၊ စိတ်ယုတ်စိတ်မာ ရှိတယ်,မရှိဘူးဆိုတာ မင်းသိပါတယ်၊ အေး ... ဒါပေမဲ့ ကျုပ် တစ်ခုပြောလိုက်မယ် ... လူဆိုတာ ပုထုဇဉ်လူသားတစ်ယောက်ပဲ ရှိသေးတယ်၊ တပ်မက်မှု, စွဲလမ်းမှုတွေကို ဘယ်လိုမှ မဖြေဖျောက်နိုင်သေးဘူး၊ ဒါကြောင့် ဘယ်လောက် စိတ်မြင့်မြတ်တဲ့လူဖြစ်ဖြစ်, ဘယ်လောက်သတိရှိတဲ့လူဖြစ်ဖြစ် အမြဲတမ်း စိတ်ကောင်းစိတ်မြတ်မွေးနိုင်မယ်လို့ မပြောနိုင်ဘူး၊ စိတ်ယုတ်စိတ်ညံ့ ဘယ်တော့မှ မဖြစ်နိုင်ဘူးလည်း မပြောနိုင်ဘူး”

“အဟင်း ဟင်း ဟင်း ... ရှင်ပြောခဲ့တဲ့စကားတွေက ကျွန်မမေးတာနဲ့ ဘာဆိုင်လို့လဲ”

“သိပ်ဆိုင်တာပေါ့ ... ကျုပ်မျက်လုံးက ဒီလောက်အထိ



အကြည့်မတိမ်ဘူး၊ မင်းဟာ ဒီအမျိုးသမီးရဲ့အဝတ်အစားတွေကို ယူဝတ်လာခဲ့တယ်၊ ဒါကြောင့် သူ့ကိုယ်ပေါ်မှာ ဘာအဝတ်အစားမှ ရှိမှာမဟုတ်ဘူး၊ ကျုပ်က သူ အသက်သေ,မသေသိချင်လို့ ပိတ်စကို လှန်လိုက်ရင် ဘာတွေဖြစ်ကုန်မလဲ၊ မိန်းကလေးတစ်ယောက်ရဲ့ လျှို့ဝှက်အပ်တဲ့ ကိုယ်တွင်းအလှတွေကို ကျုပ်မြင်ရလိမ့်မယ်၊ ဖုံးကွယ်ထားတဲ့အလှအပတွေကို တွေ့လိုက်ရင် ဆန့်ကျင်ဘက်လူသားတစ်ယောက်အနေနဲ့ စိတ်လှုပ်ရှားမိမှာ အမှန်ပဲ၊ အဲဒီနောက် ဘာတွေ ဖြစ်လာမလဲ၊ မကောင်းတဲ့ စိတ်ယုတ်စိတ်ညံ့တွေ ဝင်ရောက်လာမယ်၊ စိတ်နဲ့မှားယွင်းဖောက်ပြန်လာလိမ့်မယ်၊ ဒါကြောင့် သူ့ကိုယ်ပေါ်မှာ ဖုံးထားတဲ့ ပိတ်ဖြူစကို ကျုပ် လှပ်မကြည့်နိုင်ဘူးလို့ ပြောတာပေါ့”

“ဒီလိုဆိုတော့လည်း ရှင်က အတော်သားပဲ”

မိန်မိန်က ပြောပြောဆိုဆိုပင် လဲလျောင်းနေသူ၏ ကိုယ်ပေါ်မှ ပိတ်ဖြူစကို လှစ်ဟသည်။ လီကျင်းဆွေ မကြည့်။ မျက်နှာလွှဲထားလိုက်၏။ မိန်မိန်သည် လီကျင်းဆွေတစ်ယောက် ဣန္ဒြေကြီးကာ ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းလွန်းနေသည်ကို ကြည့်ပြီး အသံကလေးထွက်အောင်ပင် ရယ်လိုက်မိ၏။

“မျက်နှာကြီး လွှဲမနေစမ်းပါနဲ့၊ ကျွန်မက သူ့မျက်နှာကို ရှင်မြင်ရအောင် လှစ်ပြတာပါ၊ ဒီမှာ သေသေချာချာ ကြည့်ထား”

လီကျင်းဆွေ မနေသာတော့။ ခေါင်းလှည့်ကြည့်လိုက်သည်။

လဲလျှောင်းနေသူ၏မျက်နှာကို မြင်တွေ့လိုက်ရလျှင် မျက်လုံးဝိုင်းသွား၏။

ပန်းသည်မလေး ပန်းဒေဝီမှာ အလွန်ဆုံးရှိပါမှ အသက်ဆယ့်ကိုး၊ နှစ်ဆယ်ဝန်းကျင်သာ ရှိမည်။ ချောမောလှပလွန်းသည်မှာ ကြွေရုပ်ကလေး တစ်ရုပ်လိုပင်။ မျက်တောင်ရှည်ကြီးများက ကော့ပျံနေသည်။ မျက်ခုံးက လေးကိုင်းပုံသဏ္ဍာန် ကွေးကွေးကလေး၊ နှာတံပေါ်က နှာသီးဖျားက လုံးလုံးဝန်းဝန်း၊ နှုတ်ခမ်းအစုံ သန္တာရောင်လဲ့ကာ ဖူးဖူးကြွနေသည်။

ဤမျှချောမောလှပသော မိန်းကလေးတစ်ယောက်က ထိတ်ထိတ်ကြဲသိုင်းသမားကြီးများပင် ကြောက်လန့်တုန်လှုပ်ရသော ပန်းဒေဝီဖြစ်နေသည်မှာ ယုံနိုင်စရာပင် မရှိ။ ထိုမိန်းကလေး ချောမောလှပသည်မှာ မှန်၏။ ယောကျ်ားပျိုတစ်ယောက်ကို စွဲလမ်းမူးမိုက်သွားလောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်မှာ မည်သို့မျှ ငြင်းပယ်၍ မရနိုင်။

သို့သော် လီကျင်းဆွေမှာ ထိုပန်းဒေဝီကို မြင်တွေ့ရခြင်းဖြင့် စိတ်ထဲတွင် မည်သို့မျှမခံစားရ။ သာမန် မိန်းမချော မိန်းမလှလေး တစ်ယောက်ကို တွေ့ရရုံလောက်သာ ခံစားရသည်။ ကြည့်သည်ဆိုရုံ ကြည့်ပြီး မျက်နှာလွှဲလိုက်၏။

"ဘယ့်နှယ်လဲ ... သူသေပြီလား၊ အသက်ရှိသေးသလား"



မိန်မိန်က မေးသည်။ လီကျင်းဆွေ တည်ငြိမ်စွာပင် လှည့်မကြည့်ဘဲ ...

"ဒီလောက်ကြည့်ရုံနဲ့ ဘယ်ပြောနိုင်ပါ့မလဲ"

"ဒါဆို တစ်ခါလောက် ထပ်ကြည့်လိုက်ပါဦးလား"

"ဟင့်အင်း ... ကျုပ် ကြည့်စရာမလိုပါဘူး၊ မင်း ကြည့်ပြီး အသက်ရှိသေးတယ်,မရှိဘူးပြောလို့ ရတာပဲ"

"ကျွန်မ မပြောဘဲနေရင်ကော ရှင်မသိဘူးလား"

"ဘယ်သိနိုင်ပါ့မလဲ"

"ပန်းဒေဝီ မချောဘူးလား၊ ပန်းကလေးလို မနုရွဘူးလား"

"အင်း ... မင်းပြောသလို ချောလည်းချော, နုလည်း နုပါတယ်၊ ဒါပေမဲ့ သူချောတာလှတာနဲ့ အသက်ရှိတာ,မရှိတာ ဘာဆိုင်လို့လဲ"

"ရှင်ဟာ တော်တော် နားဝေးတဲ့သူပဲ၊ လည်မလိုလိုနဲ့ တော်တော် အ,တဲ့လူပဲ၊ ဒီလောက်ချော ဒီလောက်လှတဲ့ မိန်းကလေး တစ်ယောက်ကို ကျွန်မက သတ်ရက်ပါ့မလား"

"မိန်းကလေးတွေရဲ့ စိတ်ဓာတ်က ခန့်မှန်းရခက်တယ်၊ အထူးသဖြင့် မင်း စိတ်သဘောထားက တခြားမိန်းကလေးတွေနဲ့ မတူတော့ ကျုပ် ဘယ်လိုခန့်မှန်းရမလဲဆိုတာတောင် မသိတော့ဘူး"

"ကျွန်မက တခြားမိန်းကလေးတွေနဲ့ မတူတာ ဘယ်လိုမတူ

တာလဲ"

"မတူဘူးဆိုတာဘဲ ကျုပ် နားလည်တယ်၊ ဘယ်လိုမတူတာလဲဆိုတာတော့ ကျုပ်လည်း ခွဲခြားမပြောတတ်ဘူး"

"ရှင်ဟာ ယောက်ျားတွေထဲက ယောက်ျားတစ်ယောက်ပဲ၊ ရှင့်စိတ်သဘောထားကလည်း သူများနဲ့မတူဘူး"

"ဘယ်လို မတူတာလဲ"

"မတူတာဘဲ သိတယ် ... ဘယ်လိုမတူတာလဲဆိုတာတော့ ကျွန်မလည်း မပြောတတ်ဘူး"

မိန်မိန်က တမင် သူပြောသလို လိုက်ပြောသဖြင့် လီကျင်းဆွေ ရယ်မောလိုက်မိသည်။

❁

ပန်းဒေဝီ အသက်မသေသေးဘဲ သွေးကြောပိတ်ခံထားရခြင်းဖြစ်ကြောင်း လီကျင်းဆွေ နားလည်သွား၏။ မိန်မိန်လည်း ပန်းဒေဝီ၏မျက်နှာကလေးကို ပိတ်ဖြူစဖြင့် ပြန်လည်ဖုံးလွှမ်းထားလိုက်၏။ လီကျင်းဆွေကို အသာငြိမ်ကာ ငေးကြည့်နေ၏။

လီကျင်းဆွေ သက်ပြင်းတစ်ချက်ချသည်ကို ကြည့်ပြီး ...



"ရှင် ဘယ်လိုကြောင့် သက်ပြင်းတချချ ဖြစ်နေရတာလဲ"

"ဪ ... ကျုပ်ကိုယ်ကျုပ် ဉာဏ်မမီဘဲ ထုံထိုင်းလွန်းတာကို တွေးမိလို့ပါ၊ မင်းလုပ်နေတာတွေကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

မိန်မိန် ချစ်စဖွယ် ကြည်ကြည်လင်လင်ကလေး ပြုံး၏။

"ဘာတွေများ နားမလည်နိုင်စရာ ဖြစ်နေလို့လဲ"

"ကျုပ်မေးတာကို မင်းဖြေမလား"

"အင်း ... ဖြေသင့်တာဆိုရင် ဖြေရတာပေါ့"

"ဒီပန်းသည်မလေး ပန်းဒေဝီနဲ့ ကျုပ်က ဘယ်လိုများ ပတ်သက်နေလို့လဲ"

"အခုလောလောဆယ်တော့ ဘယ်လိုမှ မပတ်သက်သေးဘူး"

"ဒါဖြင့် ကျုပ်ကို ဘာဖြစ်လို့ သူရှိတဲ့နေရာ ခေါ်လာရတာလဲ"

"အခု မပတ်သက်ပေမယ့် နောက်တော့ ပတ်သက်လာလိမ့်မယ်၊ ဒါကြောင့် ခေါ်လာတာပေါ့"

လီကျင်းဆွေ ခေါင်းရှုပ်သွား၏။ စိတ်မကြည်လင်သော မျက်နှာထားဖြင့် ...

"မင်းကို မေးခါမှ ပိုရှုပ်ပြီး ဘာကိုမှ မသိနိုင်တော့ဘူး"

"ကျွန်မလည်း ဒီလောက်ပဲ ပြောနိုင်တယ်၊ နောက်တော့ ရှင် နားလည်သဘောပေါက်လာလိမ့်မယ်"

"မင်း ဘာရည်ရွယ်ချက်တွေနဲ့ ဘာတွေလုပ်နေတာလဲ"

"ကျွန်မ,လုပ်တာ မဟုတ်ဘူး၊ ရှင့်ကို အင်မတန် သဘောကျနေတဲ့ လူတစ်ယောက်က စီစဉ်တာကို ကျွန်မက လိုက်လုပ်ပေးနေရတာ"

"နေစမ်းပါဦး ... ကျုပ်ကို ဘယ်သူက အင်မတန်သဘောကျနေရတာလဲ"

"သတင်းစုံယစ်ထုပ်ကြီး ဥချင်တိတ်ပေါ့"

"ဒီအဘိုးကြီးက ဘာသဘောနဲ့ ဘာတွေလုပ်နေရတာလဲ ဗျာ"

မိန်မိန်၏မျက်နှာကလေး တည်ငြိမ်လေးနက်လာသည်။

"ဘာသဘောနဲ့ လုပ်နေတယ်ဆိုတာ ကျွန်မကိုမမေးနဲ့၊ အခု အချိန်မှာ ဘာမှမည်မည်ရရ မပြောနိုင်သေးဘူး၊ ဒါပေမဲ့ ရှင် သိထားဖို့က အဘိုးကြီးဥချင်တိတ် လုပ်နေတာဟာ ရှင့်အတွက်ကော သိုင်းလောကတစ်ခုလုံးအတွက်ပါ ကောင်းဖို့ဆိုတာပဲ၊ ဒါကိုတော့ ရှင့်စိတ်ထဲမှာ စွဲစွဲမြဲမြဲ ယုံကြည်ထားပါ"

"ကျုပ်နားလည်သင့်သလောက်တော့ နားလည်ပါတယ်၊ အဘိုးကြီး ဥချင်တိတ်ကိုလည်း ကျုပ်ယုံကြည်ပါတယ်"



"ယုံကြည်တယ်ဆိုရင် ဘာမှ ထပ်မေးမနေနဲ့တော့၊ အခု ကျွန်မနောက်ကို ခဏလိုက်ခဲ့ဦး"

လီကျင်းဆွေ တအံ့တသြဟန်ဖြင့် ...

"ဘယ်ကို လိုက်ခဲ့ရမှာလဲ"

"ထပ်မေးမနေနဲ့လေ ... လိုက်မှာသာ လိုက်ခဲ့စမ်းပါ"

လီကျင်းဆွေ ငြိမ်သွားရ၏။ မိန်မိန်ခေါ်ရာနောက်သို့သာ လိုက်ပါလာခဲ့ရသည်။

မိန်မိန်သည် ပန်းဒေဝီလဲလျောင်းနေရာ အခန်းထဲမှ ထွက်ကာ အခြားအခန်းတစ်ခန်းသို့ ဝင်သည်။ ထိုအခန်းထဲတွင်လည်း ကညင်ဆီမီးတိုင်တစ်တိုင် ထွန်းညှိထားပြီး ကျောက်ခုတင်တစ်လုံးပေါ်တွင် လူတစ်ယောက်လဲလျောင်းနေသည်ကို တွေ့ရ၏။

ထိုသူမှာ အသက်လေးဆယ်နီးပါးခန့် ယောကျ်ားကြီးတစ်ယောက် ဖြစ်၏။ နှုတ်ခမ်းမွေးတို့ ထူထပ်စွာပေါက်ရောက်နေပြီး ရိုးသားအေးချမ်းသောသူတစ်ယောက်မှန်း သိသာသည်။ ဝတ်ထားသည့် အဝတ်အစားက သာမန်လူလတ်တန်းစားတစ်ယောက်၏ အဆင့်အတိုင်းရှိပြီး သိုင်းသမားတစ်ယောက် မဖြစ်နိုင်ကြောင်း ထင်ရှားသည်။ ထိုသူသည်လည်း သွေးကြောကွက် အပိတ်ခံထားရဟန် တူသည်။ သတိမေ့မြောကာ လဲလျောင်းနေ၏။

မိန်မိန်က ထိုသူကို လက်ညှိုးသန်ပြကာ ...

"သူ့နာမည်က ကြူစိုက်စိန်လို့ ခေါ်တယ်၊ ချင်တွင်းမြို့နဲ့ မိုင်ငါးဆယ်လောက်ဝေးတဲ့ စုကျေးရွာကလေးမှာ ကုန်စုံဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားတယ်၊ ရိုးရိုးသားသား အေးအေးဆေးဆေးနဲ့ နေတဲ့လူတစ်ယောက်ပဲ၊ သူ့ဆိုင်မှာ သူ့လိုပဲ ရိုးသားတဲ့ အလုပ်သမားကလေး တစ်ယောက် ငှားထားတယ်"

သတိမေ့မြောလဲလျောင်းနေသော ကြူစိုက်စိန်ဆိုသူ အကြောင်းကို ရှင်းပြနေသဖြင့် လီကျင်းဆွေ မျက်မှောင်ကြုတ်ကာ နားထောင်နေရ၏။

မိန်မိန်က ဂရုမစိုက်ဘဲ ဆက်ပြောပြန်သည်။

"ကြူစိုက်စိန်ရဲ့အသက်က လေးဆယ်ကျော်ပြီ၊ အင်း … တိတိကျကျပြောရရင်တော့ လေးဆယ့်နှစ်နှစ်ရှိပြီ၊ သူ့အသက် နှစ်ဆယ့်နှစ်နှစ်မှာ အိမ်ထောင်ကျခဲ့တယ်၊ သူ့ဇနီးနာမည်က ကျင်းဖေ့ဖေ့တဲ့၊ စိတ်တိုတတ်သလို အဖျားအနာ ထူတယ်၊ အိပ်ရာထဲ အမြဲလိုလို လဲလျောင်းနေရတဲ့သူတစ်ယောက်မို့လို့ သားသမီးတစ်ယောက်မှ မထွန်းကားဘူး၊ လူကသာ ရောဂါသည် … စိတ်ဓာတ်ကတော့ ကြမ်းကြုတ်တယ်၊ ဒေါသကြီးတယ်၊ ကြူစိုက်စိန်ကတော့ သူ့အပေါ် စိတ်ရှည်လက်ရှည်နဲ့ သည်းခံပြီး ပြုစုပေးတတ်တယ်"

"ဒါတွေ ကျုပ်ကို ဘာလို့ပြောနေရတာလဲ … စကားက လိုရင်းမရောက်တော့ဘူး"



"ကြူစိုက်စိန်အကြောင်း ရှင် ကောင်းကောင်းသိထားသင့်လို့ ရှင်းပြနေရတာပေါ့"

"သူနဲ့ကျုပ်က ဘာတွေ ပတ်သက်နေလို့တုံး … ဘာကြောင့် သူ့အကြောင်း သိထားရမှာလဲ"

"ဘာကြောင့်လဲဆိုတော့ ရှင်ဟာ ကြူစိုက်စိန်ပဲ၊ လီကျင်းဆွေဆိုတဲ့နာမည် ပျောက်ပြီး ကြူစိုက်စိန်ရဲ့ဘဝကို ရောက်ရတော့မှာ၊ ဒါကြောင့် ရှင် ဒီအကြောင်းကိုတော့ ရှင်းရှင်းလင်းလင်း သိထားသင့်တယ်"

"ဘာ … ကျုပ်က ကြူစိုက်စိန် ဖြစ်ရမယ် … ဟုတ်လား"

"ဟုတ်တယ်၊ ရှင်ဘဝတာ ကြူစိုက်စိန်နေရာကို ခဏ အစားထိုး ဝင်နေရလိမ့်မယ်"

"ဟာ … မဟုတ်တာ၊ သူ့ရုပ်နဲ့ကျုပ်နဲ့က တခြားစီပဲ၊ လူချင်းမှ မတူတာ … ဘယ်လိုလုပ် အစားထိုးဝင်နိုင်မှာလဲ"

"ဒါက အရေးမကြီးပါဘူး … မတူတာကို တူအောင်လုပ်လိုက်လို့ ရပါတယ်"

"ဟုတ်တော့ ဟုတ်ပါပြီ … ကျုပ်က ရုပ်ပြောင်းရုပ်လွှဲပညာကို တတ်တာမဟုတ်ဘူး"

"ရှင် မတတ်ရင်လည်း တတ်တဲ့လူတစ်ယောက်က ပြုပြင်ပြောင်းလဲပေးပါလိမ့်မယ် … ဒီအတွက် စိတ်မပူပါနဲ့"

လီကျင်းဆွေ ပခုံးတစ်ချက် တွန့်လိုက်၏။ မိန်မိန့်ကို သက်ာမကင်းဟန်ဖြင့် ကြည့်ကာ ...

"ကျုပ်က သူ့နေရာမှာ အစားထိုး ဝင်ရမယ်ဆိုတော့ သူ့ကို မင်းက သတ်ပစ်လိုက်မှာလား၊ အပြစ်မရှိတဲ့လူတစ်ယောက်ကို ကိုယ်ကျိုးအတွက် သတ်ဖြတ်ပစ်မယ့်အလုပ်ကိုတော့ ကျုပ် ဘယ်တော့မှ မလုပ်ဘူး"

"ရှင် ဘာမှ စိုးရိမ်နေစရာ မလိုပါဘူး၊ ကျွန်မတို့ကလည်း လူသတ်တဲ့အလုပ်ကို သိပ်မုန်းတာ၊ သူ့ကို အသက်အန္တရာယ်မပေးဘဲ လုံခြုံတဲ့နေရာမှာ အေးအေးဆေးဆေး ထားမှာပါ၊ အကျိုးအကြောင်း ရှင်းပြပြီး နောက်ပိုင်း ကျွန်မတို့အလုပ်တွေ ပြီးသွားရင် သူ့ကို သူ့နေရာသူ ပြန်ထားမှာပါ"

"ဒါဆိုရင်တော့ ကိစ္စမရှိပါဘူး၊ နေစမ်းပါဦး ... ဂူချင်တိတ်က ကျုပ်ကို ဘာဖြစ်လို့ အခုလိုပုံစံ ပြောင်းဖို့ စီစဉ်ရတာလဲ"

"ရှင်းပါတယ် ... ဘာဘဂူချင်တိတ်ကော၊ ကျွန်မပါ ရှင်ဟာ ယွင်နန်တောင်ခြေက အဖြစ်အပျက်ကို လုပ်ကြံတဲ့သူမဟုတ်ဘူး ဆိုတာ ယုံကြည်ထားကြလို့ပဲ"

"ဘာကြောင့် ယုံကြည်ရတာလဲ၊ အခြေအနေတွေက ကျုပ်ကျူးလွန်တယ်လို့ တစ်ထစ်ချစွပ်စွဲနိုင်အောင် ဖြစ်ပျက်နေတာပဲ၊ လုပ်ကြံသူအစစ်အမှန်ကို မင်းတို့ သိထားကြလို့လား"



လီကျင်းဆွေက စူးစမ်းသလိုကြည့်ကာ စကားတောက်သည်။ မိန်မိန် သရော်ပြုံး ပြုံး၏။

"လုပ်ကြံတဲ့သူက ဘယ်သူဘယ်ဝါဆိုတာတော့ အတိအကျ မပြောနိုင်သေးပါဘူး ... စိတ်ထဲ ခန့်မှန်းမိရုံလောက်ပဲ ရှိပါသေးတယ်၊ ရှင့်ကို လုပ်ကြံတဲ့သူ မဖြစ်နိုင်ဘူးလို့ ယုံကြည်ရတာကတော့ ရှင့်စိတ်ဓာတ်ကို နားလည်ခဲ့မိလို့ပဲ"

"ဘယ်လိုနားလည်တာလဲ"

"ရန်သူလိုက်လို့ သေပြေးရှင်ပြေး ပြေးနေရတဲ့သူ တစ်ယောက်ဟာ ကျွန်မလို ဘာတစ်ခုမှ ဆွဲဆောင်မှုမရှိဘဲ အကျည်းတန် အရုပ်ဆိုးလွန်းတဲ့ မိန်းကလေးတစ်ယောက်ကို ဖြစ်ချင်ရာဖြစ်ဆိုပြီး ကယ်တင်ခဲ့ပါ့မလား"

"မင်းကို ကယ်တင်လိုက်မိတဲ့ အကျိုးဆက်က ကျုပ်အပေါ်မှာ အများကြီး အထောက်အကူပြုနေပါရော့လား"

"ကျွန်မတို့က ရှင့်ကို ယုံကြည်သလို ရှင်ကလည်း ကျွန်မတို့အပေါ်မှာ ယုံကြည်စေချင်တယ်၊ ကျွန်မတို့စီစဉ်တဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ပေးစေချင်တယ်၊ အဖြစ်မှန်တွေ မပေါ်ပေါက်ခင်မှာတော့ ရှင့်အနေနဲ့ ကြုံစိုက်စိန်ဘဝနဲ့ပဲ သည်းခံနေလိုက်ပါ၊ တစ်နေ့ကျရင် အမှန်တရားဟာ ပေါ်ပေါက်လာမှာ မလွဲပါဘူး"

လီကျင်းဆွေ စိတ်ထဲ မျိုသိပ်မထားနိုင်တော့။ လုပ်ကြံသူ

တရားခံအစစ်သည် ကျန်းထင်ဟုန်အမည်ခံ ကျောက်လူဝုန်း ဖြစ် ကြောင်း ရှင်းပြပြောဆိုချင်သည်။ မိမိအပေါ် ယုံကြည်နေသူအား ဖွင့်ဟပြောလိုက်လျှင် အထောက်အကူများ ရနိုင်လေမလားဟု စဉ်း စားသည်။

သို့သော် မိန်မိန်၏စိတ်ဓာတ်ကို သူ ကောင်းစွာသိသည်။ မိမိက အမှန်တရားပြောလိုက်ခြင်းဖြစ်သော်လည်း မိမိအပေါ် ယုံ ကြည်နေချိန်တွင် အခြားသူတစ်ယောက်အား အခွင့်ကောင်းယူကာ အပြစ်ပုံချ စွပ်စွဲနေသည်ဟု ထင်မှတ်သွားမှာစိုးရိမ်မိသည်။ ထို့ကြောင့် လည်ဝသို့ရောက်ရှိလာသော စကားလုံးတို့ကို အတင်းပြန်မျိုချလိုက် ၏။ စကားသံ မတုန်ယင်မလှုပ်ခတ်အောင် ကြိုးစားထိန်းချုပ်ကာ

"ကောင်းပြီလေ ... မင်းကြိုက်သလိုသာ စီစဉ်ပါတော့"

"ရှင့်ကို အခုလို အသွင်ပြောင်း အယောင်ဆောင်ခိုင်းတာ ဘယ်သူကမှ သိကြမှာမဟုတ်ဘူး။ ဂူကျားရွာသူရွာသားတွေကလည် ရိုးရိုးအအနဲ့ အေးအေးဆေးဆေးနေတတ်ကြတယ်၊ ကြူစိုက်စိန်ရဲ အလုပ်သမား ချူတိတ်ဖြောင်ဆိုရင် နုံနုံအအနဲ့ သိပ်ကိုရိုးတယ်၊ တ နေ့လုံးနေလို့ စကားတစ်ခွန်းမပြောဘဲ အေးအေးဆေးဆေး နေတ တယ်၊ တစ်ခါတစ်ခါ အရက်ခိုးသောက်တတ်တာကလွဲလို့ ဘာတစ်ခု အပြစ်ပြောစရာ မလိုဘူး"

"ဒါဆိုရင် ကျုပ်က ကြူစိုက်စိန်အဖြစ် ဟန်ဆောင်တာ



သူ မသိနိုင်ဘူးပေါ့"

"ဟုတ်တယ် ... ဘယ်နည်းနဲ့မှ သိနိုင်မှာမဟုတ်ဘူး၊ တစ် ခုတော့ ရှိတာပေါ့ ... ရှင့်အနေနဲ့ အနေအထိုင် အပြောအဆို ပိရိ သိုသိပ်ဖို့တော့ လိုတယ်၊ ကြူစိုက်စိန်ရဲ့ အကျင့်စရိုက် အပြုအမူတွေ ကို ကျွန်မ နောက်တော့မှ အသေးစိတ်ပြောပြမယ်၊ ဒါတွေသိထား ရင် ရှင့်အဖို့ အခက်အခဲ မရှိပါဘူး"

"ဆိုင်အလုပ်သမား ချူတိတ်ဖြောင်က မသိနိုင်တာ ထားပါ တော့ ... နောက်တစ်ယောက်ကိုတော့ ဘယ်လိုမှ ဟန်ဆောင်လိမ် ညာလို့ ရမှာမဟုတ်ဘူး"

"ဘယ်သူ့ကို ပြောတာလဲ"

"ဘယ်သူ ရှိဦးမှာလဲ ... ကြူစိုက်စိန်ရဲ့မိန်းမ ကျင်းဖေ့ဖေ့ ပေါ့"

"ဩော် ... သူ့ကိုပြောတာလား ... အဟင်း ဟင်း ... သူ့ အတွက် ရှင် ဘာမှစိုးရိမ်နေစရာ မလိုပါဘူး"

"ဟာ ... ဒီလောက် အရေးကြီးပြီး လက်ပွန်းတတီးနေရမယ့် လူတစ်ယောက်ကို ဘာကြောင့် မစိုးရိမ်ရမှာလဲ"

"ရှင် မစဉ်းစားမိဘဲကိုး၊ ကျင်းဖေ့ဖေ့ဟာ အိပ်ရာထဲက မထ နိုင်တဲ့ ရောဂါသည်လေ၊ ရှင့်ကို ဘယ်လို ဒုက္ခပေးနိုင်မှာလဲ၊ ပြီးတော့ ကျင်းဖေ့ဖေ့ဟာ အစစ်အမှန် မဟုတ်ဘူး၊ ရှင့်လိုပဲ အယောင်ဆောင်

ထားတဲ့ လူတစ်ယောက်"

"ဘယ်သူလဲ ... ဘယ်သူက အယောင်ဆောင်မှာလဲ၊ မင်းလား"

လီကျင်းဆွေ ပြောလိုက်ပြီးခါမှ သူ့စကား လွန်သွားကြောင်း သတိထားလိုက်မိသည်။ အရုပ်ဆိုးမလေး မိန်မိန်မှာ သူ့စကားကြောင့် ရှက်သွေးတက်ကာ ပါးပြင်နှစ်ဖက်တွင် ပန်းသွေး ရောင် လွှမ်းသွား၏။ စိတ်ထဲတွင် လှုပ်ခတ်မိသည်ကို အလျင်အမြန်ပင် ထိန်းချုပ်လိုက်ရ၏။

"ကျွန်မက ဒီပြဿနာတွေနဲ့ ပတ်သက်တဲ့သူမှ မဟုတ်တာ ... ဘာလို့ ဟန်ဆောင်ရမှာလဲ၊ ပတ်သက်တဲ့လူတစ်ယောက်ကသာ ဟန်ဆောင်မှာ"

"ဒါဖြင့် အဲဒီလူက ဘယ်သူလဲ"

"ပန်းသည်မလေး ပန်းဒေဝီ"

"ဟင် ... ပန်းသည်မလေးက ကျုပ်ရဲ့ ဟို ... ဟို ... ကြူစိုက်စိန်ရဲ့ ဇနီးသည်အဖြစ် ဟန်ဆောင်မှာလား"

"ဟုတ်တယ် ... ဒါပေမဲ့ သူကတော့ ဒီလို ဟန်ဆောင်ထားတယ်ဆိုတာ သိမှာမဟုတ်ဘူး"

"ဟာ ... မင်းတို့ဇာတ်တွေက ရှုပ်သထက် ရှုပ်လာပြီ၊ ပန်းဒေဝီဆိုတာက ဘယ်သူမို့လို့လဲ"



မိန်မိန် မျက်မှောင်ကလေးကြုတ်ကာ လီကျင်းဆွေအား စူးငိုက်ကြည့်နေသည်။ ဤမေးခွန်းအတွက် အဖြေပေးသင့်၊မပေးသင့် စဉ်းစားတွေးတောနေပုံ ရလေသည်။

လီကျင်းဆွေသည် မိန်မိန်အား မျက်တောင်မခတ်တမ်း ငေးကြည့်နေ၏။ ရုပ်မလှသော်လည်း ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကာ စိတ်ထားဖြူစင်သည့် မိန်မိန့်အပေါ်တွင် သူအထင်ကြီးမိသည်။ လေးစားမြတ်နိုးမိသည်။ သို့သော် လျှို့ဝှက်သိုသိပ်လွန်းသည်ကိုမူ သူ သဘောမတွေ့။

"မင်းတို့ဟာက သိပ်ကို လျှို့ဝှက်လွန်းနေပြီ၊ ဒီလောက်တောင် လျှို့ဝှက်ပြီး ကျုပ်က သိသင့်သလောက်ကိုတောင်မှ မသိရဘူးဆိုရင် ဘယ်ကောင်းတော့မလဲ၊ စိတ်ထဲမှာ စနိုးစနောင့်နဲ့ လုပ်ရကိုင်ရတာလည်း အဆင်ပြေမှာ မဟုတ်တော့ဘူး၊ ဘာပဲဖြစ်ဖြစ် ကျင်းဖေ့ဖေ့အဖြစ် ဟန်ဆောင်မယ့် ပန်းဒေဝီအကြောင်းကိုတော့ ကျုပ် နည်းနည်းပါးပါး သိထားသင့်တယ်"

မိန်မိန်က သက်မကလေး ချ၏။

"အင်း ... ရှင်ပြောတာ မှန်ပါတယ်လေ၊ ကျွန်မတို့ကလည်း လျှို့ဝှက်သင့်တဲ့ကိစ္စတွေမို့ လျှို့ဝှက်ထားရတာပါ၊ ဇာတ်ရည်လည် သွားရင် အကြောင်းစုံသိသွားရမှာပါ၊ ရှင့်ကိုမပြောပြဘဲ လုံးလုံးကွယ် ဝှက်ထားရင်တော့ ကျွန်မတို့ မတရားရာကျလိမ့်မယ်၊ ဒီတော့ ပန်း ဒေဝီရဲ့နာမည်ကို လိန်လိန်လို့ပဲ မှတ်ထားလိုက်ပါ"

"လိန်လိန်ဆိုတာ သူ့ရဲ့ နာမည်ရင်းလား၊ နာမည်ဝှက်တစ်ခု ပဲ ဖြစ်မယ်လို့ ကျုပ်ထင်တယ်"

"ဟုတ်ပါတယ် ... လိန်လိန်မှာ တခြားနာမည်တွေ ရှိနေပေ မယ့် ဒီချင်တူးမြို့တစ်မြို့လုံးကတော့ သူ့ကို ပန်းသည်မလေးလိန်လိန် လို့ပဲ ခေါ်ကြတယ်"

"ဟုတ်ပြီ ... သူ့နာမည်ကို လိန်လိန်လို့ ကျုပ် နားလည် ထားလိုက်ပါ့မယ်၊ ဒါပေမဲ့ နောက်ထပ် သူနဲ့ပတ်သက်လို့ ကျုပ် သိ သင့်သလောက် သိထားချင်သေးတယ်"

"ဟင်း ဟင်း ... ရှင် လိန်လိန့်ကို တော်တော် စိတ်ဝင်စားနေ ပြီ ထင်တယ်၊ ဟုတ်ပါတယ်လေ ... လိန်လိန်ကလည်း ယောကျ်ား လေးတွေ စိတ်ဝင်စားလောက်အောင် ချောနေလှနေတာကိုး"

မိန်မိန်၏စကားသံက မနာလိုဝန်တိုဟန် ပါနေသည်။ မိန်း မသားတို့သည် ယောကျ်ားပျိုတစ်ယောက်အပေါ် စွဲလမ်းခင်တွယ် စိတ် ဝင်ရောက်လာလျှင် ထိုယောကျ်ားပျိုက တခြားသူတစ်ယောက်



အပေါ် စိတ်ဝင်စားမှုရှိမည်ကို မလိုတတ်။ သဝန်တိုတတ်ကြ၏။ အချစ်နှိယာမတစ်ခုပင်တည်း။

လီကျင်းဆွေမှာ မိန်းကလေးများနှင့် အကျွမ်းတဝင်နေထိုင် တတ်သူ မဟုတ်၊ ရောရောယှက်ယှက် ပတ်သက်တတ်သူ မဟုတ်။ သို့အတွက် မိန်းမပျိုကလေးများ၏ စိတ်အထာကို သူနားမလည်။ မိန်မိန်တစ်ယောက် အဘယ်ကြောင့် ဤစကားမျိုး ဆိုရသည်ကို သူ မသိ။ ဘဝက်မကောင်းသဖြင့် ရုပ်သွင်ပြင် မလှမပဖြစ်နေရသည့် မိန်မိန့်အပေါ် သနားကရုဏာသက်မိသည်။ ထို့ပြင် မိမိအား စော် ကားသည်ဟုပင် ထင်မြင်လိုက်မိ၏။

"မင်းက ကျုပ်ကို စိတ်ဖောက်ပြန်လွယ်တဲ့ ယောကျ်ား တစ် ယောက်လို့ ထင်နေလို့လား၊ သူ့ဘာသာသူ ဘယ်လောက်ပဲချောနေ လှနေပါစေ ... ကျုပ်စိတ်ထဲမှာ တိမ်းညွတ်ဖောက်ပြန်ချင်တဲ့ စိတ် ယုတ်မာ မရှိဘူး၊ ရုပ်လှတာထက် စိတ်လှတာကို ကျုပ် ပိုပြီး မြတ်နိုး တန်ဖိုးထားတယ်ဆိုတာ မင်း သိထားစမ်းပါ"

"ဝမ်းသာပါတယ်ရှင်၊ ဒါဖြင့် ဘာလို့ လိန်လိန့်ကို စိတ်ဝင် စား သူ့အကြောင်းတွေ မေးနေရတာလဲ"

"စိတ်ဝင်စားတယ်ဆိုတာ မှန်ပါတယ်၊ လော်လီဖောက်ပြန် တဲ့အတွေးနဲ့ စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ သူနဲ့ ကျုပ်က အနီးကပ် နေရမှာ၊ ဟန်ဆောင်ဇာတ်လမ်းတစ်ခုကို ဖန်တီးယူရမှာ၊ သူ့အ

ကြောင်းမှ နည်းနည်းပါးပါးသိမထားရင် ကျုပ် ဘယ်လိုကာကွယ်မလဲ၊ အမှားအယွင်းမဖြစ်အောင် ဘယ်လိုထိန်းချုပ်မလဲ"

"ကောင်းပြီ ... ကျွန်မပြောပြမယ်၊ လိန်လိန်ဟာ ဒီနှစ်မှာ အသက်ဆယ့်ကိုးနှစ် တင်းတင်းပြည့်မယ်၊ သန့်ရှင်းစင်ကြယ်တဲ့ အပျိုစင် ကလေးတစ်ယောက်၊ ယောကျ်ားသန်နဲ့ ရင်နှီးခင်မင်မှုမရှိသလို အဖိုဆိုရင် ယင်ဖိုတောင် မသန်းရသေးတဲ့ ခြောက်ပြစ်ကင်းသဲလဲစင် မိန်းကလေးတစ်ယောက်ပဲ"

"လိန်လိန့်အသက်က တကယ့်ကို ဆယ့်ကိုးနှစ်ပဲ ရှိသေးလား"

လီကျင်းဆွေ တအံ့တသြဟန်ဖြင့် မေးသည်။ မိန်မိန် ပြုံးလိုက်၏။

"ဟုတ်တယ် ... ဆယ့်ကိုးနှစ်မှ တစ်ရက်တောင် မစွန်းသေးဘူး၊ ဘာလဲ ... ရှင်က လိန်လိန့်ကို ဒီထက်မက အသက်ကြီးပြီထင်နေလို့လား"

"မဟုတ်ပါဘူး ... သူ အသက်သိပ်မကြီးသေးဘူးဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ သံသယဖြစ်စရာတစ်ခုရှိလို့ မေးလိုက်မိတာပါ"

"ဘာတွေများ သံသယဝင်နေတာလဲ"

"ဩော် ... လိန်လိန့်ကို ယီချန်းလီတို့လို ထိပ်သီးသိုင်းသမား



ကြီးတွေကတောင် ထိတ်လန့်တုန်လှုပ်ရတယ်ဆိုတော့ သူရဲ့ သိုင်းပညာဟာ တော်တော့်ကို အဆင့်မြင့်ထက်မြက်နေလိမ့်မယ်၊ အသက်ဆယ့်ကိုးနှစ်လောက်သာ ရှိသေးတဲ့ မိန်းကလေးတစ်ယောက်မှာ ထိတ်ထိတ်ကြဲ သိုင်းအကျော်အမော်ကြီးတွေ ကြောက်လန့်လောက်အောင် သိုင်းပညာထက်မြက်နေတယ်ဆိုတာ အတော်ကလေးမလွယ်တဲ့ အလုပ်ပဲ"

"ရှင်က သိုင်းပညာအတိမ်အနက်ကို အသက်အရွယ်နဲ့ ပိုင်းခြားဆန်းစစ်မလို့လား"

"ဘာပဲဖြစ်ဖြစ် အသက်ငယ်တဲ့လူထက် အသက်ပိုကြီးတဲ့လူက သိုင်းပညာအရာ သာလွန်ထက်မြက်တာကို ကျုပ် အများကြီးကြုံတွေ့သိမြင်ခဲ့ရတယ်"

မိန်မိန် ခိုးခိုးခစ်ခစ်ကလေး ရယ်မောလိုက်၏။

"ရှင့်အတွေးတွေက ကလေးတွေး တွေးသလို ဖြစ်နေပြီ၊ သိုင်းပညာဆိုတာ အသက်အပိုင်းအခြားနဲ့ ပုံသေကားကျ တွက်ချက်လို့ ဘယ်ရပ့်ါမလဲ ... နည်းစနစ်ကျနမှု၊ အဆင့်မြင့် ထက်မြက်တဲ့ နည်းပညာရရှိမှု၊ လက်တွေ့လေ့ကျင့်ထိတွေ့မှု၊ ကြိုးစားအားထုတ်မှုအပေါ်မှာ အများကြီးမူတည်နေတာပဲ၊ စနစ်ကွာရင် ကွာသလောက်၊ နည်းဥပဒေကွဲရင် ကွဲသလောက်, လေ့ကျင့်ထိတွေ့မှု အပိုင်းအခြားကွာရင် ကွာသလောက် အရည်အသွေးဟာလည်း ပြောင်းလဲသွား

တတ်တယ် မဟုတ်လား"

"အင်း ... ဒီလိုတော့လည်း ဟုတ်ပါတယ်၊ အသက်ငယ်ငယ် ရွယ်ရွယ်ကလေးနဲ့ ဒီလောက်အထိ အဆင့်လွန် ထက်မြက်နေတာကို ကျုပ် အံ့ဩမိတာတော့ အမှန်ပဲ"

"ဘာမှ အံ့ဩမနေနဲ့၊ လိန်လိန့် သိုင်းပညာ အဆင့်မြင့် ထက်မြက်နေတာ အကြောင်းမဲ့မဟုတ်ဘူး ... သူ့မှာ မြင့်မားထက်မြက်တဲ့ သိုင်းပညာနည်းစနစ်ကောင်းတွေ ရှိတယ်၊ သိုင်းလောကသားတွေ ဦးညွှတ်လေးစားလောက်တဲ့ သိုင်းပညာရှင်ကြီးတစ်ယောက်ရဲ့ တပည့်ရင်းလည်း ဖြစ်နေတယ်၊ ဒီ့အပြင် သူ အသက်ငါးနှစ်အရွယ် လောက်ကတည်းက သိုင်းပညာကို တစ်ရက်မပြတ် သင်ယူလေ့ကျင့်ခဲ့တယ်၊ ဒါကြောင့် သူ့သိုင်းပညာတွေက အဆင့်မြင့် ထက်မြက်လွန်းနေတာပဲ"

လီကျင်းဆွေ စဉ်းစားဟန်ပြုသည်။ သိုင်းလောက၏ နံပါတ် တစ်စာရင်းဝင် သိုင်းထိပ်ခေါင်များ၊ သိုင်းထိပ်တင်များအကြောင်း တွေးသည်။ နာမည်များ ဖော်ကြည့်သည်။ အဖြေမရ။

"လိန်လိန့်ကို သိုင်းပညာသင်ပေးတဲ့ ဆရာက ဘယ်သူလဲ"

"ကျွန်မ ရှင့်ကို သိသင့်သိထိုက်သလောက်ပဲ ပြောပြနိုင်မယ်၊ လိန်လိန့်ဆရာအကြောင်း ရှင်နဲ့မဆိုင်လို့ မပြောနိုင်ဘူး။ ရှင်နဲ့ ဆိုင်တဲ့ လိန်လိန့်အကြောင်း အကြမ်းဖျင်းသိရင် တော်လောက်ပြီပေါ့"

"ကောင်းပါပြီဗျာ ... သိခွင့်မရှိရင်လည်း ကျုပ်မမေးတော့



ပါဘူး"

လီကျင်းဆွေ တမင် ပါးစပ်ပိတ်ထားလိုက်၏။ လီကျင်းဆွေ ၏ ကလေးဆန်ဆန်အမူအရာကြောင့် မိန်မိန် စိတ်ထဲက ကျိတ်၍ ပြုံးမိသည်။ မျက်နှာအမူအရာကမူ တည်ကြည်လေးနက်ဆဲပင် ရှိ၏။

"လိန်လိန်ဟာ စိတ်ဆတ်တယ်၊ သိုင်းပညာ ထက်မြက်သ လောက် ရုပ်ရည်ကလည်း ချောမောလှပတော့ မာန်မာနကြီးတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ အထင်ကြီးစိတ် လွန်ကဲတယ်၊ တကယ် လို့ သူဟာ ကုန်စုံဆိုင်ရှင် ကြူစိုက်စိန်ရဲ့ ဇနီးသည် ကျင်ဖေ့ဖေ့အဖြစ် ပြောင်းလဲသွားတာကို သိရင် အကြီးအကျယ် ဒေါသထွက်မှာပဲ၊ ဒေါသ ထွက်လွန်းလို့ ရူးကောင်ရူးသွားမလား မပြောတတ်ဘူး"

ပိတ်ထားသော လီကျင်းဆွေ၏ နှုတ်ခမ်းတို့ အလိုလို ပွင့်ဟ လာ၏။

"ဟာ ... အဲဒါဆိုရင် ဒုက္ခပဲ၊ သူက သိုင်းပညာ ဒီလောက် တောင် ထက်မြက်လွန်းနေတော့ ဒေါသထွက်ပြီး ကျုပ်ကို ရန်မူလာ မှာပဲ၊ ကျုပ်ပညာ အဆင့်အတန်းလောက်နဲ့ သူ့ကို ရင်ဆိုင်ခုခံနိုင်မှာ မဟုတ်ဘူး၊ ကျုပ် ဘယ်လိုလုပ်ရမှာလဲ ... မင်းတို့အစီအစဉ်ကို လက် ခံလိုက်လျှောရမှာ ကြောက်တောင်လာပြီ"

"ဒီအတွက် ရှင် ဘာမှ စိုးရိမ်စိတ်ပူမနေနဲ့၊ လိန်လိန်က ရှင့်ကို ဘယ်လိုမှ အန္တရာယ်ပေးမှာ မဟုတ်ပါဘူး"

"ဘာကြောင့် အန္တရာယ်မပေးနိုင်ရမှာလဲ၊ မင်းပဲ လိန်လိန်ဟာ ဒေါသကြီးတယ်၊ မာန်မာနကြီးတယ် ပြောခဲ့ပြီးတော့ သူမသိဘဲ သူ့မလုပ်ချင်တဲ့ ကျင်းဖေ့ဖေ့အဖြစ် အသွင်ပြောင်းထားတာခံရတော့ အနီးစပ်ဆုံးဖြစ်တဲ့ ကျူပ်ကို ရမ်းကားတော့မှာပေ့ါ၊ ရှိသမျှဒေါသတွေ ကျူပ်အပေါ်မှာ စုပုံပေါက်ကွဲတော့မှာပေ့ါ၊ အဲဒီအချိန်ကျရင် ကျူပ်က သူ့ကို အဖြစ်မှန်တွေ ဖွင့်ပြောပြလိုက်ရမှာလား"

"ရှင်က တော်တော် စိုးရိမ်လွန်တာကိုး၊ အချိန်မကျမချင်း ရှင် ဘယ်တော့မှ သူ့ကိုကော ဘယ်သူ့ကိုပဲဖြစ်ဖြစ် အကြောင်းရင်းမှန်တွေ ဖွင့်မပြောရဘူး၊ လိန်လိန်က ရှင့်ကို အန္တရာယ်မပေးနိုင်ဘူးဆိုတာက လိန်လိန်ဟာ ကျင်းဖေ့ဖေ့ဘဝ ပြောင်းသွားတာနဲ့ ခုတင်ပေါ်မှာ လဲလျောင်းပြီး တကယ့်လူမမာကြီးတစ်ယောက်လို အိပ်ရာထက်ကတောင် အနိုင်နိုင်ထရတဲ့အဖြစ်မျိုး ရောက်သွားမှာမို့လို့ပဲ"

"ဟ … ရုပ်ပြောင်းရုပ်လွှဲလုပ်ပေးတဲ့လူက ဒီလောက်အထိတောင် စွမ်းသလား၊ လူကောင်းတစ်ယောက်ကို ရောဂါသည်ဖြစ်အောင် သိုင်းပညာမတတ်တော့လောက်အောင် ထိန်းချုပ်ပြုပြင်နိုင်သလား"

"စွမ်းတယ်,မစွမ်းဘူးဆိုတာ ရှင် မကြာခင်သိရမှာပါ"

"အဲဒီ ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာက ဘယ်သူလဲဆိုတာတော့ မင်းပြောပြနိုင်လိမ့်မယ် ထင်ပါတယ်"



"ပြောပြနိုင်ပါတယ် … အဲဒီလူကတော့ ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးပဲ"

"ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးကိုး"

လီကျင်းဆွေ တအံ့တဩပင် ရေရွတ်လိုက်မိတော့သည်။

သိုင်းလောကတွင် လက်ဝါးဘွဲ့ရထားသော သိုင်းပညာရှင်ကြီး သုံးယောက်ရှိသည်။ ထိုသူများမှာ အဆုတ်ကြေ လေပွေလက်ဝါး၊ စောရလက်ရှောင် ကြောင်လက်ဝါး၊ ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးတို့ ဖြစ်ကြ၏။

ထိုသူသုံးယောက်ကို လူကိုယ်တိုင် မမြင်ဖူးသော်လည်း အမည်နာမများကိုမူ လီကျင်းဆွေ ကောင်းစွာကြားဖူးထားသည်။ အဆုတ်ကြေလေပွေသိုင်းသမားသည် လက်ဝါးသိုင်းပညာတွင် တစ်ဖက်ကမ်းခပ်သည်။ ရန်သူ၏ကိုယ်ပေါ်တွင် သူ့လက်ဝါး တစ်ချက်ရိုက်မိလျှင် လှည့်ကြည့်စရာပင် မလို။ တုံးခနဲ လဲကျသေဆုံးသည်ချည်းဖြစ်၏။ သေဆုံးသူတိုင်း၏ရင်ကို ခွဲကြည့်လိုက်မည်ဆိုပါက အဆုတ်ကြေ အသည်းကြေကာ သေဆုံးသွားရခြင်းဖြစ်ကြောင်း သိရှိနိုင်မည်

ဖြစ်၏။ ထို့ကြောင့် အဆုတ်ကြေလေပွေလက်ဝါးအဖြစ် သိုင်းလောကတွင် ထင်ရှားကျော်ကြားသည်။

သို့သော် လေပွေလက်ဝါးသည် မကောင်းမှုမှန်သမျှ အကုန်လုပ်သည်။ ဒုစရိုက်မျိုးစုံကို ကျူးလွန်သည်။ ဝံပုလွေဂိုဏ်းမပြိုကွဲခင်က ဂိုဏ်းခွဲမှူးအဆင့် တာဝန်ယူကာ ဝံပုလွေဂိုဏ်းကို သိုင်းလောကသားများ ဖိမ့်ဖိမ့်တုန် ကြောက်ရွံ့အောင် စွမ်းဆောင်နိုင်ခဲ့သည်။ သမာဓိသိုင်းသမားကြီးများ စုစည်းကာ ဝံပုလွေဂိုဏ်းအား ဖြိုခွဲလိုက်သည့်အချိန်တွင် အဆုတ်ကြေလေပွေလက်ဝါးသည်လည်း အဆင့်မြင့်သိုင်းပညာရှင်နှစ်ယောက်၏ ဝန်းရံတိုက်ခိုက်မှုခံရကာ အသက်ပျောက်ခဲ့ရသည်။

အဆုတ်ကြေလေပွေ လက်ဝါး အသက်သေဆုံးသွားသော်လည်း ဖိမ့်ဖိမ့်တုန်ကျော်ကြားခဲ့သည့် သူ့အမည်ကမူ သိုင်းလောကတွင် ထင်ကျန်ဆဲပင် ရှိ၏။

နောက် လက်ဝါးတစ်စုံဖြစ်သော စောရလက်ရှောင် ကြောင်လက်ဝါးမှာ ထိတ်ထိတ်ကြဲသူခိုးကြီးတစ်ယောက် ဖြစ်၏။ မည်မျှခက်ခဲသော၊ လျှို့ဝှက်သောတံခါးကြီးများ ဖြစ်နေပါစေ ... ကြောင်လက်ဝါး ဖွင့်၍မပွင့်သော တံခါးဟူ၍ မရှိ။ မည်မျှလုံခြုံသောနေရာတွင် သိုဝှက်ထားပါစေ ... ကြောင်လက်ဝါး မခိုးယူနိုင်သော ပစ္စည်းဥစ္စာဟူ၍ မရှိ။



မည်မျှလျှင်ကာ အစွမ်းထက်မြက်သည်ဆိုပါမူ ... တကယ့်သိုင်းပညာရှင် အကျော်အမော်တို့၏ ကိုယ်ပေါ်မှပစ္စည်းများကိုပင်ကာယကံရှင်မသိအောင် ခါးပိုက်နှိုက်ခိုးယူနိုင်စွမ်း ရှိပေသည်။

သို့သော် စောရလက်ရှောင် ကြောင်လက်ဝါးသည် သိုင်းပညာအရာတွင် ထူးချွတ်ထက်မြက်မှု အရှိန်အဝါမကြီး။ သာမန်အဆင့်သာသာလောက်ပင် ရှိသည်။ လေပွေလက်ဝါးလို မကောင်းမှုဒုစရိုက်ကို မလုပ်။ သူခိုးကြီးတစ်ယောက်ဖြစ်သည့်တိုင် မတရားမှုကိုလက်ရှောင်သည်။ သူ ခိုးယူသည့်ပစ္စည်းများကလည်း သူတစ်ပါးထိခိုက်နစ်နာစေမည့်ပစ္စည်းမျိုး မဟုတ်။ ငွေကြေးဥစ္စာများ မဟုတ်။ မတရားသိမ်းပိုက်ထားသော ပစ္စည်းဥစ္စာများကို ကာယကံရှင်တို့ကိုယ်စား ကြားမှ ခိုးယူပေးတတ်ခြင်း ဖြစ်သည်။ အဖြူရောင်သိုင်းဂိုဏ်း၏ သမာဓိသိုင်းသမားကြီးတစ်ယောက်အဖြစ် ထင်ရှားသည်။

ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးသည်ကား လူ တစ်ယောက်ကို အခြားလူတစ်ယောက်အသွင် ရောက်ရှိအောင် ပြောင်းလဲပြုပြင်ဖန်တီးပေးနိုင်စွမ်းရှိသည်။ ရုပ်ပြောင်းရုပ်လွှဲလုပ်ရာတွင် ပိရိသေသပ်သည်။ စနစ်ကျသည်။ မျက်စိအကြည့် မည်မျှရှုးရှသူတစ်ယောက်ဖြစ်နေပါစေ ... ရုပ်ပြောင်းဘုရင် ပန်းလက်ဝါး ရုပ်ဖျက်ပြုပြင်ထားသူကို ရုပ်ပြောင်းလဲထားမှန်း မသိနိုင်။ တကယ့်ပကတိ လူအသစ်တစ်ယောက်အသွင် ဖန်တီးနိုင်စွမ်းသည်။

လူတစ်ယောက်ကို အခြားသူတစ်ယောက်နှင့် ခွဲမရအောင် တစ်ထေရာတည်း တူညီစွာ ပြုပြင်ပေးနိုင်၏။ ပန်းလက်ဝါး၏ ထူးခြားသောအရည်အချင်းတစ်ရပ်ကား လက်နှိပ်အကြောကိုင်ပညာတွင် သူမတူအောင် ထက်မြက်ကျွမ်းကျင်ခြင်းပင်တည်း။

ကိုယ်ခန္ဓာတွင်း ရှိသော အကြောပေါင်းစုံကို နားလည်သည်။ မည်သည့်အကြောကို နှိပ်နယ်ပေးလိုက်လျှင် မည်သို့ဖြစ်မည်ကိုသိ၏။ မေ့ကြော၊ ဆွံ့အကြော၊ ထုံကျဉ်ကြော၊ သေကွင်းသေကွက် အကြောတို့အပြင် လူတစ်ယောက်၏ နုပျိုနေသောရုပ်သွင်အား ရုတ်ခြည်းပင် အိုမင်းရင့်ရော်သွားအောင် အကြောနှိပ်ခြင်းဖြင့် ဖန်တီးပေးနိုင်သည်။

ပန်းလက်ဝါး၏လုပ်ရပ်နှင့် ဇာစ်မြစ်ကို တိတိကျကျသိနိုင်သူ အလွန်ရှားသည်။ အဖြူရောင်ဂိုဏ်းသားလား၊ အနက်ရောင်ဂိုဏ်းသားလား မခွဲခြားနိုင်။ သူ့လုပ်ရပ်တို့က ဂိုဏ်းနှစ်ဂိုဏ်းကြားတွင် ရှိနေတတ်သည်။ ထို့ပြင် သူ၏ပင်ကိုမူလရုပ်ရည်ကို တွေ့ဖူးသူကလည်း မရှိသလောက်ရှားသည်။

တစ်ခါတစ်ခါ အဘွားအိုတစ်ယောက်လို ဖြစ်နေတတ်ပြီး တစ်ခါတစ်ရံတွင် လုလင်ပျိုကလေးတစ်ယောက်အသွင် ဖြစ်နေတတ်သည်။ အသက်ကြီးရင့်ပြီး အဘိုးအိုတစ်ယောက်ဖြစ်သည်ဆိုသော သတ်မှတ်ပြောဆိုသော စကားများကိုကား လီကျင်းဆွေ ကြားဖူးပေ



သည်။

ရုပ်ပြောင်းလဲခြင်းပညာတွင် တုလွှတ်ကင်းသော ပန်းလက်ဝါးကိုယ်တိုင် ရုပ်ပြောင်းလဲပေးမည်ဖို့ လီကျင်းဆွေ စိတ်မချနိုင်စရာ မရှိ။ သို့သော် တစ်ခုသာ ခက်နေ၏။ ပန်းလက်ဝါးသည် လူတစ်ယောက်၏ရုပ်လက္ခဏာကိုသာ ပြုပြင်ပြောင်းလဲပေးနိုင်မည်။ စိတ်အခြေအနေကိုကား မည်သို့မျှ ပြောင်းလဲဖန်တီးနိုင်မည်မဟုတ်ပါပေ။

"လိန်လိန်ကို ကျင်းဖေ့ဖေ့နဲ့တူအောင် တစ်သဝေမတိမ်း ပြောင်းလဲပေးနိုင်တာကတော့ ဟုတ်ပါပြီ၊ သူ့စိတ်ကို ပြောင်းလဲလို့ ရတာမဟုတ်တော့ သူကိုယ်သူ ကျင်းဖေ့ဖေ့ မဟုတ်ပါဘူးလို့ အတင်းငြင်းဆန် သောင်းကျန်းနေရင် ဘယ်လိုလုပ်မလဲ"

"သူ့ဘာသာသူ ဘယ်လောက်ပဲငြင်းငြင်း ... ရှင်ကတော့ သူ့ကို ကျင်းဖေ့ဖေ့လို့သာ ဇွတ်အတင်း ပြောနေရမှာပဲ၊ လုံးဝအလျှော့ မပေးဘဲ ရှင့်ဇနီး ကျင်းဖေ့ဖေ့လို့ မရမက ပြောဆိုသတ်မှတ်နေရမှာ ပဲ"

"အင်း ... လွယ်မယောင်ယောင်နဲ့ ကော်တော်အခက်အခဲ တွေ့နိုင်တဲ့ကိစ္စပဲ၊ ဒါနဲ့ နေစမ်းပါဦး ... မင်းနဲ့ လိန်လိန်က ဘယ်လို ရန်ကြေးရန်ငြိုးတွေ ရှိနေလို့ သူ့ကို အဘွားအိုကြီးတစ်ယောက်၊ ရောဂါသည်ကြီးတစ်ယောက်လို ရုပ်ပြောင်းပေးလိုက်ချင်ရတာလဲ"

"ဘာရန်ငြိုးမှ မရှိပါဘူး။ ရန်ငြိုးရှိရင်လည်း လူတစ်ယောက်

ကို သတ်ဖြတ်ပစ်လိုက်တာထက် ဆိုးရွားတဲ့ဘဝမျိုးရောက်အောင် ကျွန်မ မရက်စက်တတ်ပါဘူး၊ ဒီလိုဖန်တီးရတာကလည်း ရှင့်အတွက်ကော သူ့အတွက်ပါ အကျိုးရှိမှာမို့လို့ပါ၊ ဒီလိုလုပ်မှသာ ယွင်နန်တောင်ခြေမှာ ဖြစ်ပျက်ခဲ့တဲ့ လုပ်ကြံမှုကြီးကို ဖော်ထုတ်နိုင်မှာ၊ ရှင့်ကို လုပ်ကြံသူလူသတ်သမားမဟုတ်ဘူးလို့ ကျွန်မတို့ယုံကြည်သလို ကျွန်မတို့ကိုလည်း ရှင်က လုံးဝယုံကြည်စိတ်ချပြီး ကျွန်မ,စီစဉ်တဲ့အတိုင်း တစ်သဝေမတိမ်း ကူညီပေးစေချင်တယ်”

“ကျုပ် နားလည်သဘောပေါက်ပါပြီ၊ ဒီအချိန်မှာ ကျုပ်ဘယ်လောက်ပဲ မှန်ကန်အောင် လုပ်ခဲ့ လုပ်ခဲ့ ... အကောင်းမြင်ကြမှာမဟုတ်ပါဘူး၊ ဒီပြဿနာကြီး ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း ပေါ်ပေါက်ဖို့ဆိုတာ ကျုပ်တစ်ယောက်တည်းအစွမ်းနဲ့ လုပ်လို့လည်း ရမှာမဟုတ်ဘူး၊ ဒီအချိန်မှာ ကျုပ်အဖေကိုယ်တိုင်ကတောင် ကျုပ်ကို အကူအညီပေးမှာ မဟုတ်ဘူး၊ တရားခံတစ်ယောက်အဖြစ် သတ်မှတ်ချင် သတ်မှတ်နေမှာ၊ ဒီတော့ မင်းတို့စီစဉ်တဲ့အတိုင်း လိုက်လုပ်ပေးရုံကလွဲလို့ ကျုပ်မှာ အခြားနည်းလမ်း မရှိနိုင်တော့ဘူး၊ စိတ်ချပါ ... ကျုပ် အစွမ်းကုန် လိုက်လျောဆောင်ရွက်ပါ့မယ်”

“ကဲ ... ဒါဖြင့် ကျွန်မတို့ သွားကြစို့”

“ဘယ်ကို သွားရဦးမှာလဲ”

“ဘဘဂူချင်တိတ်ဆီကိုလေ”



“ဟင် ... သူ့ဆီ ဘာသွားလုပ်ရမှာလဲ”

“မေးနေရသေးသလား၊ သူ့ဆီသွားရင် ဘာလုပ်ရမှာလဲ ... အတူတူ အရက်သောက်ကြဖို့ပဲ ရှိတော့တာပေါ့”

လီကျင်းဆွေ ဘာမျှ မပြောတော့။ ထိပ်သီးအရက်သမားကြီးနှင့် တွေ့ဆုံကာ အရက်အတူတူ သောက်ရပေဦးတော့မည်။

❋ ❋ ❋

## အခန်း (၉)

လီကျင်းဆွေသည် မိန်မိန်ခေါ်ဆောင်ရာ နောက်သို့ လိုက်
ပါလာခဲ့သည်။ မိန်မိန်က အခြားတစ်နေရာသို့ သွားခြင်းမဟုတ်။ ကြ
စိုက်စိန်လဲလျောင်းနေရာအခန်းထဲမှ အခြားအခန်းထဲသို့ ဝင်သွား
ခြင်းသာ ဖြစ်ပေသည်။

အိမ်ဂေဟာကြီးက အပြင်ပန်းမှကြည့်လျှင် မကြီးမားသ
ယောင် ထင်ရသော်လည်း အထဲတွင်မူ အဆောင်ဆောင် အခန်းခန်း
တော်တော်များပြားသည်။ လူတစ်ယောက်မျှ မရှိဘူးဟု ထင်ရသော
အိမ်အိုကြီးမှာ သိုင်းလောကတွင် ထင်ရှားသော သက်ရှိလူသားတို
စုဝေးရောက်ရှိနေသဖြင့် လီကျင်းဆွေပင် အံ့သြသွားမိသည်။

မိန်မိန်သည် စင်္ကြံလမ်းကလေးအတိုင်း လျှောက်ပြီးလျှ
ခန်းဆောင်တစ်ခုထဲသို့ ဝင်သည်။ ခန်းဆောင်ကြီးက အတော်ကလေး
ကျယ်ဝန်းသည်။ ဆယ့်ငါးပေခန့်ကျယ်ပြီး အလျားပေနှစ်ဆယ်ခန်
ရှည်သည်။

အခန်း၏ညာဘက်ထောင့်တွင် သတင်းစုံ ယစ်ထုပ်ကြီး



ချင်တိတ်က အသင့်ထိုင်စောင့်နေသည်။ သူ့ရှေ့တွင် စားပွဲခုံပုကလေး
တစ်လုံး ရှိနေ၏။ စားပွဲခုံကလေးပေါ်တွင်ကား ကျောက်စိမ်းအရက်
က်နှင့် အမြည်းဟင်းလျာတို့ အပြည့်ရှိနေသည်။ စားပွဲခုံ၏ ဘယ်ညာ
စ်ဖက်တွင်ကား အရက်ကရားနှစ်အိုးစီက ဝန်းရံထားကြသည်။

အခန်း၏ ဘယ်ဘက်ထောင့်တွင်မူ အဘိုးအိုတစ်ယောက်
ရှိနေသည်။ အဘိုးအိုသည် ဝူချင်တိတ်နှင့် အတူမထိုင်။ မြက်ဖျာက
လေးတစ်ချပ်ပေါ်တွင် ကျကျနန တင်ပျဉ်ခွေထိုင်သည်။ သူ့ဘယ်
ဘက်လက်တွင် မှန်စီရွှေချထားသော သေတ္တာငယ်ကလေးတစ်လုံး
ကို ကိုင်ဆောင်ထားသည်။

အခန်း၏အလယ်တွင် ကျောက်ခုတင်ကလေးတစ်လုံး
ရှိနေ၏။ ကျောက်ခုတင်ကလေးပေါ်တွင် မည်သူတစ်ဦးတစ်ယောက်
မျှ ရှိမနေ။ အခင်းအကျင်းမဲ့ကာ ဟာလာဟင်းလင်း ဖြစ်နေ၏။

"ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးဆိုတာ အဲဒီအဘိုးကြီးပဲပေါ့"

မိန်မိန်က အခန်းထဲသို့လျှောက်ဝင်ရင်း လီကျင်းဆွေအား
တိုးတိုးလေသံဖြင့် ကပ်ပြောသည်။ ရုပ်ပြောင်းဘုရင် ပန်းလက်ဝါးမှာ
သူတို့နှစ်ယောက် လျှောက်ဝင်လာသည်ကို လှည့်၍ပင်မကြည့်။ ဂရု
စိုက်ဟန် စိုးစဉ်းမျှ မပြ။ သူ့အနီးတွင် စဥ္စအင်တုံကလေးတစ်လုံးရှိ၏။
ငွေအစ်ပိုင်းသေးသေးများကလည်း ပတ်ပတ်လည်တွင် အစီအရီ ချ
ထားသည်။ အင်တုံထဲတွင် အငွေ့တထောင်းထောင်းထနေသော ရေ

နွေးတို့ ထည့်ထားသည်။ ပန်းလက်ဝါးအဘိုးအိုသည် အင်တုံထဲမှ ရေနွေးတို့ကို လက်ဖြင့် နှစ်လိုက်ထုတ်ကြည့်လိုက်နှင့် အပူအအေး စိတ်တိုင်းကျရရှိနိုင်ရန် စမ်းသပ်နေပုံရသည်။

မိန်မိန်နှင့် လီကျင်းဆွေကို အရေးမျှပင် မစိုက်။ လီကျင်းဆွေသည် ဝူချင်တိတ်ရှိရာသို့ တန်းတန်းမတ်မတ်သွားကာ စားပွဲတွင်ထိုင်သည်။ မိန်မိန်မှာမူ ပန်းလက်ဝါးအဘိုးအိုအနီးတွင် ကျန်ရစ်နေခဲ့သည်။ ပန်းလက်ဝါးအဘိုးအိုကို ဘာစကားမျှမဆိုဘဲ အဘိုးအိုလှုပ်ရှားလုပ်ကိုင်သမျှကို စိမ်ပြေနပြေ ထိုင်ကြည့်နေသည်။

"လီကျင်းဆွေ ... မင်းလည်း တော်တော်သောက်နိုင်တဲ့ လူငယ်တစ်ယောက်ပဲ၊ တစ်ခါတွဲသောက်လိုက်ရုံနဲ့ မင်းဟာ ငါနဲ့လက်ကျညီတဲ့လူတစ်ယောက်ဆိုတာ ငါ သတ်မှတ်လိုက်တယ်၊ ကဲ ... စလိုက်ကြရအောင်၊ ငါ အရက်လေးကရားတောင် ယူထားတယ်၊ တစ်ယောက် နှစ်ကရားစီ မျှသောက်ကြတာပေါ့"

ဝူချင်တိတ်က စကားစကာ ကျောက်စိမ်းခွက်ထဲသို့ အရက်အပြည့် ငှဲ့ထည့်သည်။ လီကျင်းဆွေထံသို့ အသာကမ်းပေး၏။ ငြင်းဆန်၍ ရမည်မဟုတ်ကြောင်း သိထားသဖြင့် လီကျင်းဆွေ လှမ်းယူကာ တစ်ကျိုက်တည်း ကောက်မော့ချသည်။

"အမြည်းလည်း စားစမ်းပါဦးကွ၊ ငါကိုယ်တိုင် ချက်ပြုတ်ကြော်လှော်ထားတာတွေပါ၊ ဟော ကြောင်ကင်ကို အားပါးတရ စားစမ်းကွာ ... ဒီနယ်မှာ ဒီအသားမျိုးဟာ အတော်ရှားတာ၊ မင်း ကံကောင်းလို့ စားရတယ်သာ မှတ်ပေတော့"

လီကျင်းဆွေ ဘာမျှမပြော။ သီတံ တံစို့မှ ဖြုတ်ထားသော နီနီရဲရဲ ကားရားကြီးနှင့် စားချင်စဖွယ်မွှေးကြိုင်နေသော ကြောင်ကင်၏ ပေါင်တစ်ခြမ်းကို ဆွဲဖဲ့ကာ အားပါးတရကိုက်ဝါးနေလိုက်၏။ သူ့မျက်လုံးများက အရက်သောက်စားနေသော်လည်း ပန်းလက်ဝါးအဘိုးအို၏လှုပ်ရှားမှုကို မလွှတ်တမ်း ကြည့်ရှုအကဲခတ်နေလေသည်။

ပန်းလက်ဝါးအဘိုးအိုသည် ရေအင်တုံထဲမှ ရေနွေးအပူအအေး စိတ်တိုင်းကျသွားဟန် တူသည်။ သူ့လက်ဝါးနှစ်ဖက်ကို ရေနွေးအင်တုံထဲ၌ အကျအနပင် ထည့်စိမ်လိုက်သည်။ သူ့ရုပ်ရည်သွင်ပြင်က အသက်အရွယ် အိုမင်းရင့်ရော်နေပြီဖြစ်သော်လည်း ကိုင်တွယ်လှုပ်ရှားပုံများကမူ ပျို့ရွယ်နုပျိုသော လုလင်ပျိုလေးတစ်ယောက်အလား မြန်ဆန် သွက်လက်လှသည်။

ဝိရိသေချာစွာ ဖျတ်လတ်တိကျလှသည်။ စိတ်ကို တည်ငြိမ်အောင်ထားနေပုံမှာ ဝါရင့်သမားတော်ကြီးတစ်ယောက်က အရေးတကြီးလူနာတစ်ယောက်အား ကြည့်ရှုကုသတော့မည့်အတိုင်း ရှိသည်။ အသက်ကယ်ကုသမှုမဝင်ခင် တည်ငြိမ်လေးနက်စွာ ပြင်ဆင်နေသလိုမျိုး ရှိသည်။ မိန်မိန်အား ဖျတ်ခနဲ တစ်ချက်သာ ကြည့် သည်။ စကားမဆို။

လီကျင်းဆွေသည် ဂူချင်တိတ်ကမ်းပေးသော အရက်ခွက်တို့ကို တစ်ခွက်ပြီးတစ်ခွက် သောက်သည်။ အမြည်းပန်းကန်ထဲမှ တောကြောင်ကင်၊ ဒရယ်သားကြော်၊ ငါးချိုချဉ်ပေါင်းတို့ကိုလည်း အားပါးတရ စားသောက်သည်။ မျက်စိအကြည့်ကမူ ပန်းလက်ဝါးအဘိုးအို၏ လှုပ်ရှားမှုတို့ကို တစ်ချက်ကလေး အာရုံမပျက်။

ပန်းလက်ဝါးအဘိုးအိုသည် စဥ့်အင်တုံထဲတွင် လက်ဝါးနှစ်ဖက်ကို ကျေနပ်လောက်အောင် ထည့်နှစ်ဆေးကြောပြီးလျှင် သန့်ရှင်းဖြူဖွေးသော အဝတ်ခြောက်တစ်ခုဖြင့် လက်ကို အကျအန သုတ်သည်။ ထို့နောက် မှန်စီရွှေချထားသော သေတ္တာကလေးမှ လခြမ်း ပုံသဏ္ဌာန် ခပ်ကွေးကွေးဓားကလေးတစ်ချောင်းကို ထုတ်ယူသည်။ လက်သည်းများကို စိတ်ရှည်လက်ရှည်ပင် လှီးဖြတ်နေပြန်သည်။

လီကျင်းဆွေမှာ ဂူချင်တိတ်ကမ်းပေးသော အရက်ခွက်တို့ကို တစ်ခွက်ပြီးတစ်ခွက် မနားတမ်း သောက်နေရသဖြင့် အမူးရှိန်တက်လာသည်။ ခေါင်းထဲတွင် ရီတီတီ ဝေတေတေဖြစ်လာ၏။ လုံးဝအမူးလွန်သွားခြင်းမျိုးကား မရှိသေး။

ပန်းလက်ဝါးအဘိုးအိုသည် လက်သည်းများ လှီးဖြတ်ပြီးသည်နှင့် ငွေအစ်များကို ဖွင့်ကာ ဆေးမြစ်ဆေးရည်တို့ ရောစပ်သည်။ ဆေးများက အရောင်မျိုးစုံသည်။ အချို့က အမှုန့်၊ အချို့က ပျစ်ချွဲချွဲ၊



စေးထန်းထန်းအရည်များ ဖြစ်ကြသည်။

ပန်းလက်ဝါးအဘိုးအို၏ လှုပ်ရှားမှုများက တိကျသည်။ မြန်ဆန်သွက်လက်သည်။ သူ့အစီအစဥ်နှင့်သူ ဇယ်ဆက်သလို တစ်ခုပြီး တစ်ခု အဆက်မပြတ် လုပ်ကိုင်နေသည်။ စကားတစ်ခွန်းမျှ မဆို။

လီကျင်းဆွေမှာ ဂူချင်တိတ်တိုက်သမျှအရက်တို့ကို သောက်ခဲ့ပေရာ မူးယစ်ရီဝေလာ၏။ သတိကား မလစ်သေး။ မျက်စိမဖွင့်နိုင်လောက်အောင် မူးလာသော်လည်း တစ်စုံတစ်ယောက်က သူ့နောက်ကျောမှ မ,ချီကာ ကျောက်ခုတင်ကလေးပေါ်သို့ တင်သည်ကိုမူ သတိထားမိသည်။

ပန်းလက်ဝါးအဘိုးအိုက သူ့မျက်နှာပေါ်သို့ တစ်စုံတစ်ခု တင်သည်ကို သိသည်။ ရုပ်ပြောင်း ရုပ်လွှဲလုပ်ရာတွင် အသုံးပြုသည့် ဓား၊ ကတ်ကြေး၊ သားရေပြားများ ကိုင်တွယ်သံကို ကြားရသည်။ ထို့နောက် လီကျင်းဆွေ ဘာမျှ မသိတော့။ သတိလွတ်သွားသည်။ မေ့မြော အိပ်ပျော်သွားလေတော့သည်။

အချိန်မည်မျှကြာအောင် အိပ်မောကျသွားသည် မသိ။ အိပ်

ရာမှ နိုးသောအခါတွင်ကား စုချင်တိတ်နှင့် အရက်အတူသောက်နေရာ မဟုတ်တော့။ အိမ်ကလေးတစ်ဆောင်ထဲသို့ ရောက်နေကြောင်း သတိထားမိသည်။

အိမ်ကလေးမှာ သာမန်ပျဉ်ထောင်အိမ် ပုလေးတစ်လုံးဖြစ်သည်။ သပ်ရပ်မှုမရှိ၊ ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် ပြင်ပြင်ဆင်ဆင်လည်းမရှိ၊ အိမ်နှင့်ပင် မတူ။ ဇရပ်တစ်ဆောင်အလား ထင်မှတ်ရ၏။ လီကျင်းဆွေ လဲလျောင်းနေရာမှ မတ်တတ်ထကာ အိမ်အတွင်းဘက်သို့ လှေ့လာသည်။

အခန်း၏ အလယ်လောက်တွင် သစ်သားခုတင်တစ်လုံးရှိသည်။ ခုတင်ပေါ်တွင် အမျိုး သမီးတစ်ယောက် လဲလျောင်းနေ၏။ ရုပ်သွင်ပြင်ကြည့်ရုံနှင့် ရောဂါသည်တစ်ယောက်ဖြစ်ကြောင်း သိသာနိုင်သည်။ အမျိုးသမီး လဲလျောင်းရာခုတင်နှင့် မလှမ်းမကမ်းတွင် အလှပြင်မှန်တင်ခုံတစ်ခု ရှိ၏။

မှန်တင်ခုံမှာ ရောဂါသည်အမျိုးသမီး အသုံးပြုခြင်းမရှိသောကြောင့် ဖုန်မှုန့်တို့က ထုတက်နေ၏။ လူရုပ်ကိုပင် ပီပီပြင်ပြင် မမြင်ရတော့။ လီကျင်းဆွေ မှန်တင်ခုံအနီးသို့ လျှောက်သည်။ မှန်ပြင်တွင် တင်နေသော ဖုန်မှုန့်တို့ကို အဝတ်စုတ်တစ်ခုဖြင့် ပွတ်တိုက်သန့်ရှင်းသည်။ ပြီးလျှင် သူ့ရုပ်ကို မှန်ထဲတွင်ကြည့်သည်။

ဘယ်လိုမှ မမှတ်မိနိုင်သော လူတစ်ယောက်ဖြစ်နေ၏။



ငယ်နုသော၊ ယောကျ်ားပီသကာ ခန့်ချောချောသော လီကျင်းဆွေ မဟုတ်တော့။ သာမန် အရပ်သား လူရိုးလူအေးကြီး ကြုံ့စိုက်စိန် အသွင်သို့ လုံးဝပြောင်းလဲနေပြီ ဖြစ်၏။ ပန်းလက်ဝါးအဘိုးအို၏ ထူးချွန်ထက်မြက်သော ရုပ်ပြောင်းရုပ်လွှဲပညာကို လီကျင်းဆွေ အလွန်ပင် လေးစားမိတော့သည်။

အရက်မူးပြေကာ သတိရလာကတည်းက ဤအိပ်ခန်းလေးအတွင်းသို့ မိမိ ဘာကြောင့်ရောက်လာရသည်ကို လီကျင်းဆွေ နားလည်သည်။ သို့သော် မည်သို့မျှ မယုံကြည်မထင်မှတ်နိုင်လောက်အောင် အပြောင်းလဲကြီး ပြောင်းလဲသွားသည့် သူ့ရုပ်ကိုကြည့်ပြီး စိတ်လှုပ်ရှားအံ့အားသင့်ခြင်းကား ဖြစ်မိပေသေးသည်။

"ငါ တစ်သက်လုံး ဒီရုပ်ဒီရည်နဲ့ နေသွားရရင် ငါ့အဖေတောင် မှတ်မိနိုင်မှာ မဟုတ်တော့ဘူး၊ ပန်းလက်ဝါးအဘိုးကြီးဟာ တကယ့်ကိုပဲ တော်လှချည်လား'

လီကျင်းဆွေ စိတ်ထဲမှရေရွတ်ကာ ခုတင်ပေါ်က အမျိုးသမီးကို ကြည့်သည်။ တကယ့် လူမမာရုပ်ပေါက်နေ၏။ ဖူးဖူးကြွနေသော အလှပိုင်ရှင် ပန်းသည်မလေးအသွင်နှင့် လုံးဝပြောင်းလဲ ခြားနားသွားသည်။

လက်ချောင်းကလေးများက မွဲခြောက်ခြောက် ပိန် လှီလှီ။ တီကောင်များပြေးနေသလို အကြောတို့က အပြိုင်းပြိုင်းထနေသည်။

ရှိရင်းစွဲအသက်ထက် သုံးလေးပြန်လောက် ကြီးရင့်သွားသည့်အလား အိုစာလှသည်။ ရင်ဘတ်အထိ စောင်ပါးကလေးကို လွှမ်းထားပြီး အသက်ရှူသံပြင်းပြင်းက မှန်မှန်ကြီး ထွက်ပေါ်နေ၏။

လီကျင်းဆွေမှာ အကြီးအကျယ် အော်ဂလီဆန်စရာကောင်းလောက်အောင် ရုပ်ရည်သွင်ပြင် ပြောင်းလဲသွားသည့် ပန်းသည်မလေးကိုကြည့်ပြီး ကိုယ်ချင်းစာနာ ကရုဏာသက်မိ၏။ ပန်းပုထုထားသလို ကြွကြွရွရွလေးလှနေသော ပန်းဒေဝီသာ ဤပုံစံမြင်ရလျှင် ဘယ်လောက်ချောက်ချားကြောက်လန့်သွားလိမ့်မည်နည်းဟု တွေးမိ၏။

လီကျင်းဆွေ သူ့ကိုယ်သူ ကြူစိုက်စိန်အဖြစ် လက်ခံသလို ပန်းဒေဝီကိုလည်း သူ့ဇနီးသည် ကျင်းဖေ့ဖေ့အဖြစ် အကြွင်းမဲ့ယုံကြည်ခဲ့ရချေပြီ။ ပန်းလက်ဝါးအဘိုးအို၏ ပြောင်မြောက်ထက်မြက်လှသော အရည်အချင်းကို လက်ဖျားခါ ချီးကျူးမိချေပြီ။

သို့သော် သူ့ပတ်ဝန်းကျင်သည် ကျင်းဖေ့ဖေ့တစ်ယောက်တည်း မဟုတ်။ ကုန်စုံဆိုင်သည် ကြူစိုက်စိန်၏ အဓိက ထမင်းအိုးဖြစ်သည်။ ကုန်စုံဆိုင်အလုပ်သမားကလေး ချူတိတ်ဖြောင်နှင့် ပတ်သက်ဆက်ဆံရပေဦးမည်။

ချူတိတ်ဖြောင်သည် မိမိတို့ဇာတ်လမ်းထဲမှ အစိမ်းသက်သက်လူတစ်ယောက် ဖြစ်သည်။



ဘဝမှန်အတိုင်းရှိနေသူ ရိုးရိုးသားသားလူတစ်ယောက်ဖြစ်သည်။ သူနှင့်ပတ်သက်ပြီး လေ့လာသိရှိထားဖို့လိုသည်။ ဘာပဲဖြစ်ဖြစ် မိမိဘက်မှ ကြိုတင်လေ့လာသိရှိထားခြင်းသည် အရာရာကိုကာကွယ်မှုပြုနိုင်မည်ဖြစ်ကြောင်း လီကျင်းဆွေသဘောပေါက်သည်။

အိမ်ကလေး၏တံခါးတစ်ချပ်ကိုဖွင့်ကာ ခန်းဆီးကလေးအားလှစ်ဟလိုက်လျှင် ကုန်စုံဆိုင်ကို တွေ့ရ၏။ ကုန်စုံဆိုင်က ကြီးကြီးမားမား မဟုတ်။ တောအရပ် ဆင်ခြေဖုံးများတွင် ရှိလေ့ရှိထဖြစ်သောကုန်စုံဆိုင်မည်ကာမတ္တကလေးပင် ဖြစ်၏။

ပစ္စည်းအမယ်တော့ စုံသည်။ များများစားစား မဟုတ်သော်လည်း တိုလီထွာလီကလေးများကို သူ့နေရာနှင့်သူ တွေ့ရသည်။ ပစ္စည်းပစ္စယများကို ကြည့်ခြင်းဖြင့် ကုန်စုံဆိုင်သက်တမ်း ကြာမြင့်ပြီဖြစ်ကြောင်း သိနိုင်သည်။

ဆိုင်ရှေ့ လမ်းကလေးမှာ ဆယ်ပေခန့်ကျယ်၏။ အမှိုက်သရိုက် လုံးဝမရှိ၍ ပြောင်ပြောင်သန့်သန့်ကလေး ရှိ၏။ ချူတိတ်ဖြောင် သန့်ရှင်းရေးလုပ် လှည်းကျင်းထားဟန် တူသည်။

ဤအချက်တစ်ချက် ကြည့်ရုံနှင့်ပင် ချူတိတ်ဖြောင်သည် သန့်သန့်ပြန့်ပြန့်နေတတ်သူ၊ သပ်သပ်ရပ်ရပ် ကြိုက်နှစ်သက်သူတစ်ယောက်အဖြစ် လီကျင်းဆွေသတ်မှတ်မိသည်။

ချူတိတ်ဖြောင်သည် သူ့အလုပ်ရှင် ကြူစိုက်စိန်ကို

တွေ့ရသော်လည်း ပျာပျာသလဲ မရှိ။ အရှိအသေပြုခြင်း မရှိ။ ဘာသိဘာသာပင် ရှိသည်။

ဆိုင်၏ရှေ့ ခွေးခြေပုကလေးတွင် ကုပ်ကုပ်ရုပ်ရုပ်ကလေး ထိုင်နေသည်။ ကြူစိုက်စိန်ကို လှည့်၍မျှပင် မကြည့်။ အေးအေးဆေး ဆေးနေကာ စကားနည်းသူတစ်ယောက် ဖြစ်ပုံရသည်။

ချူတီတ်ဖြောင် စကားနည်းခြင်းအတွက် လီကျင်းဆွေ စိတ်ထဲမှ ကျိတ်၍ ကျေးဇူးတင်မိသေးသည်။ သူသာ စပ်စပ်စုစုနှင့် စကားကိုဗလစ်ဆန်အောင် ပြောတတ်လျှင် မိမိ၏အယောင်ဆောင်မှု ပေါ်လွင်သိသာသွားမည်ဖြစ်ကြောင်း လီကျင်းဆွေ နားလည်သည်။

ဝူကျားရွာမှာ အတော်ကလေး ချောင်ကျဟန်တူသည်။ စည်ပင်ဖွံ့ဖြိုးမှု သိပ်မရှိသဖြင့် သိုင်းလောကသားများ အရောက် အပေါက်နည်းပုံရသည်။ ဇာတ်မြှုပ်နေလိုသူအတွက် မိန်မိန်တို့ နေရာ အရွေးတော်ကြောင်း လီကျင်းဆွေ စိတ်ထဲမှ ကျိတ်၍ချီးကျူးလိုက်မိ သည်။ ထိုစဉ် ဈေးဝယ်မိန်းမတစ်ယောက် ဆိုင်ထဲသို့ ဝင်လာသည်။

ချူတီတ်ဖြောင်က ဆီးကြိုကာ ဈေးကြိုသည်။ ချူတီတ် ဖြောင်၏အခေါ်အဝေါ်ကြောင့် ထိုမိန်းမနာမည်ကို ရှုဖိန်းဖြစ်ကြောင်း လီကျင်းဆွေသိလိုက်ရ၏။ ရှုဖိန်း ဈေးဝယ်နေစဉ်မှာပင် အိမ်ခန်းထဲမှ ညည်းညူအော်ဟစ်သံက ထွက်ပေါ်လာသည်။

လီကျင်းဆွေ ဆတ်ခနဲ လှုပ်ရှား၏။ အိမ်ခန်းထဲမှ ပန်းဒေဝီ



လိန်လိန် သတိရလာပြီဖြစ်ကြောင်း သူသိလိုက်ရသောကြောင့်ပင်။

"ကြူစိုက်စိန် ... ရှင့်မှာလည်း ဒီရောဂါသည်မိန်းမ ကျင်း ဖေ့ဖေ့နဲ့ တစ်ဒုက္ခပဲနော်"

လီကျင်းဆွေအား ရှုဖိန်းက ကြူစိုက်စိန်အမှတ်နှင့် ပြော လိုက်ခြင်း ဖြစ်၏။ ပထမဆင့် အနေနှင့် ဘေးသူစိမ်း လူတစ်ယောက် က မိမိကို ကြူစိုက်စိန်အဖြစ် လက်ခံသွားပြီဖြစ်ကြောင်း သိရှိကာ လီကျင်းဆွေ ပြုံးလိုက်မိသည်။ သူ့အပြုံးက သူ့အဓိပ္ပာယ်နှင့်သူ ပြုံး လိုက်ခြင်း ဖြစ်၏။ သို့သော် ရှုဖိန်းစိတ်ထဲတွင်ကား ရောဂါသည် မိန်းမ အတွက် မချိပြုံးပြုံးလိုက်ခြင်းဖြစ်မည်ဟု ထင်မှတ်လိုက်မိတော့သည်။

* * *

လိန်လိန်သည် သတိရကာ ခုတင်ပေါ်မှ လူးလဲထရန် ကြိုး စား၏။ မရ။ အင်အားပြတ်လတ်နေသူတစ်ယောက်ပမာ မည်သို့ ကြိုးစားထထ လှုပ်၍မရ။ ခါးမတ်၍မရ။

ထိုအချိန်တွင် လီကျင်းဆွေ မှာ အိမ်ခန်းထဲသို့ ပြန်ဝင်လာပြီ ဖြစ်၏။ လီကျင်းဆွေကိုတွေ့လျှင် လိန်လိန်သည် အံ့ဩထိတ်လန့်သည့် အမူအရာ ဖြစ်ပေါ်၏။

"ရှင် ... ရှင် ဘယ်သူလဲ၊ ကျွန်မ ... ကျွန်မ ဘယ်လိုလုပ်ပြီး ဒီကိုရောက်နေရတာလဲ"

"ကျင်းဖေ့ဖေ့ ... နင်ဘယ်လိုဖြစ်နေတာလဲ၊ ဒီအိမ်ဟာ နင့်အိမ်ပဲ၊ ငါက နင့်ယောကျ်ားပဲ၊ ဘာလို့ အထူးအဆန်းလုပ်ပြီး မေးနေရသေးတာလဲ၊ ကြည့်ရတာ နင့်ရောဂါ ပိုလာပြီနဲ့တူတယ်၊ ကိုယ့်ယောကျ်ားနဲ့ကိုယ့်အိမ်ကိုတောင် မမှတ်မိနိုင်ဘူးဆိုတာ တရားမလွန်လွန်းဘူးလား"

လီကျင်းဆွေသည် မိန်မိန်မှာလိုက်သည့်အတိုင်း ဖွတ်ကြိတ်မိုက်အောင့်အည်းကာပြောချလိုက်သည်။ သူ့စကားကြောင့် လိန်လိန်မှာ အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်သည်။ လီကျင်းဆွေကို နားမလည်နိုင်သော မျက်လုံးတို့ဖြင့် ကြည့်သည်။

"ရှင် ...ရှင် ဘာပြောတာလဲဟင် ... ဘာတွေ ပြောနေတာလဲ"

"ဒီမိန်းမ တယ်ခက်ပါလား၊ နင်နဲ့ငါ ပေါင်းလာတာ ဆယ်ငါးနှစ်ပဲ ကျော်လာပြီ ... မနေ့တစ်နေ့ကမှ ရတဲ့လူတွေမှတ်လို့လား၊ ကိုယ့်လင်ကိုတောင် စော်ကားသလေး ဘာလေးနဲ့၊ ဒါကြောင့် နင့်လင်ကို စော်ကားလို့ အိပ်ရာက မထနိုင်အောင် ဖြစ်နေတာ"

"ရှင် ... ရှင် ... ပြောလေကဲလေပါလား ... ကဲဟယ်"

လိန်လိန် ဒေါသတကြီးဖြစ်ကာ အနီးတွင်တွေ့ရသော



ပန်းကန်လုံးတစ်လုံးနှင့် ပစ်ပေါက်သည်။ လီကျင်းဆွေ တုန်တုန်လှုပ်လှုပ် ဖြင့် ရှောင်တိမ်းသည်။

'ချလွမ်'

လိန်လိန် အကြီးအကျယ်အံ့သြသည်။ မိမိအခြေအနေကို ကြည့်ပြီး နားလည်သဘောပေါက်သွား၏။ မိမိ၏သိုင်းပညာ မည်သို့မျှ အသုံးချ၍မရကြောင်း၊ မိမိ၏ နပျိုဖျတ်လတ်မှုများအားလုံး ရောဂါသည်လူမမာတစ်ယောက်အဖြစ် အကြောကိုင်ပြောင်းလဲလိုက်ခြင်း ခံရပြီဖြစ်ကြောင်း သိရှိသွား၏။

စိတ်ထဲတွင် အလွန်ပင် ထိတ်လန့်သည်။ ရူးသွပ်သွားမတတ်ချောက်ချားသည်။ မိမိ၏ခြေများ လက်များကို ငုံ့ကြည့်သည်။ ပိန်လှီမွဲခြောက်ခြောက်လက်ချောင်းများ၊ လက်ချောင်းပေါ်တွင် တွန့်ကလေးများ ပြေးနေသလို အကြောများ ပေါ်နေသည်။ ရှိသမျှ အင်အားတို့ ဖျစ်ညှစ်စုစည်းကာ အိပ်ရာထက်မှ ထသည်။

မှန်တင်ခုံရှိရာသို့ လျှောက်သည်။ အားအင်ပြတ်လတ်နေသူ တစ်ယောက်ပမာ ခြေလှမ်းတို့က ခယိုးခယိုင် ယိမ်းယိမ်း ထိုးထိုး။ လီကျင်းဆွေ ကြည့်မနေနိုင်။ အနားသို့လျှောက်သွားကာ ကြင်ကြင်နာနာ ဖေးမသည်။ မှန်တင်ခုံတွင် အသေအချာ ထိုင်ခိုင်းသည်။

"ဟင်"

လိန်လိန်၏ အာမေဍိတ်သံက အိမ်ခန်းတစ်ခုလုံး ပဲ့တင်

ထပ်ချွဲသွား၏။ မှန်ထဲတွင် မြင်တွေ့ရသော သူ့ရုပ်ကိုကြည့်ပြီး မထိန်
နိုင်လောက်အောင် အံ့ဩသည်။ ဝမ်းနည်းယူကြုံးမရ ဖြစ်သည်။

နောက်ဆုံးတွင်ကား လိန်လိန်မှာ စိတ်ဝေဒနာ မည်သို့မျှ
မခံစားနိုင်တော့ဘဲ သတိလစ်မေ့မြောသွားတော့သည်။ လီကျင်းဆွေ
သည် သတိလစ်မေ့မြောနေသော လိန်လိန့်ကိုပွေ့ချီကာ ခုတင်ထက်
တွင် ပြန်လည်လဲလျောင်းစေသည်။ လိန်လိန့်အပေါ်တွင်လည်း
များစွာပင် ကရုဏာသက်သွားမိသည်။

သို့သော် မိမိသည်လည်း ဘာမျှမတတ်နိုင်။ မိမိတို့ကောင်း
ဖို့အတွက် မိန်မိန်က စီစဉ်ဖန်တီးပေးနေခြင်းဖြစ်ကြောင်း နားလည်
၏။ တစ်ချိန်ချိန်တွင် မိမိတို့နှစ်ယောက် မူလရုပ်သွင်ပြန်ရောက်ကာ
အနှောင်အဖွဲ့ပြဿနာတို့မှ ကင်းလွတ်ခွင့်ရလိမ့်မည်ဟု လီကျင်းဆွေ
ယုံကြည်ထားသည်။

လိန်လိန့်အပေါ် ကရုဏာသက်ရုံမှတစ်ပါး ဘာမျှမတတ်
နိုင်ချေ။ ညနေစောင်းသောအခါ သူမ ပြန်လည်၍ သတိရလာသည်
လီကျင်းဆွေအား ဘာမျှမမေးတော့။

ပက်လက်လေးလဲလျောင်းနေရာမှ အိမ်အမိုးမျက်နှာကြက်
တို့ကို ငေးစိုက်ကြည့်နေသည်။ သူမ၏ပုံစံက အရာရာကို လက်လျှော့
လိုက်သလိုလို၊ တစ်စုံတစ်ရာကို စောင့်မျှော်နေသလိုလို ရှိ၏။

လီကျင်းဆွေလည်း ဘာမျှအနှောင့်အယှက်မပေးဘဲ



သူ့အတွေးနှင့်သူ လွှတ်ပေးထားသည်။ သူကိုယ်တိုင်ကလည်း အနီးရှိ
ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ကာ ငြိမ်တွေးနေ၏။

ညနေ အတော်စောင်းလာလျှင် ညနေစာ စားကြသည်။
လီကျင်းဆွေအတွက် အသားဟင်းတစ်ပွဲ၊ ထမင်းတစ်ဇလုံ ရှိပြီး
သူမမှာမူ ရောဂါသည်တစ်ယောက်ဖြစ်သဖြင့် ဆန်ပြုတ်တစ်ခွက်သာ
သောက်နိုင်သည်။ စားသောက်ပြီးလျှင် ကုန်စုံဆိုင်ကို ပိတ်လိုက်ပြီ
ဖြစ်၏။ သည်တော့မှ သူမ စကားစလာပြန်သည်။

"ဒီမယ် ... ဒီမယ် ... ရှင် ကျွန်မကို ဘာတွေ ဘယ်လိုဖြစ်နေ
ယ်ဆိုတာ နားလည်အောင် ရှင်းပြစမ်းပါ"

"ဟ ... ဘာရှင်းပြရမှာလဲ ... နင် တော်တော်ရူပ်တဲ့ မိန်းမ
"

"အနည်းဆုံး ရှင်က ဘယ်သူ၊ ကျွန်မက ဘယ်သူဆိုတာ
လောက်တော့ သိသင့်တာပေါ့"

"ဟ ... ပြဿနာပါလား ... ဒီမိန်းမနှယ်၊ ငါ့နာမည်
ကျိုက်စိန်၊ နင့်နာမည် ကျင်းဖေ့ဖေ့"

"ကျွန်မတို့က လင်မယားတွေလား"

"တယ် ... ဒီမိန်းမ အဆန်းလုပ်ပြီး မေးနေပြန်ပြီ၊ လင်
မယားပေါ့ဟ၊ နင်နဲ့ငါနဲ့ ပေါင်းသင်းလာတာ ဆယ့်ငါးနှစ်ကျော်ပြီ၊
ငါနဲ့ရကတည်းက ဒီကျေးရွာကလေးမှာ နေခဲ့ကြတာပဲ၊ ငါက

ကုန်းနံ့ဆိုင်ကလေးဖွင့်ပြီး နင့်ကို ရှာကြံကျွေးတယ်၊ နင်က ငါနဲ့နေရတာ ဆင်းရဲတယ်, ပင်ပန်းတယ်လို့ အမြဲတမ်းထင်နေတယ်၊ ငါ့ကို အလို မကျသလို နင့်ကိုယ်နင်လည်း စိတ်တိုင်းမကျဘူး၊ ဒါကြောင့် နင်ဟာ တစ်ခါတစ်ခါ နင့်ကိုယ်နင် ကျင်းဖေ့ဖေ့လို့တောင် မသတ်မှတ်ချင်ဘဲ တခြားလူတစ်ယောက်လို့ ယူဆနေတယ်၊ အင်း ... စိတ်ကို နင်ထိန်း စမ်းပါဟာ၊ ငါတို့က မချမ်းသာပေမယ့် မဆင်းရဲပါဘူး၊ အထိုက်အ လျောက်တော့ စားနိုင်သောက်နိုင်ပါသေးတယ်"

လီကျင်းဆွေပြောသမျှကို လိန်လိန် ဂရုတစိုက် နားထော သည်။ လီကျင်းဆွေ စကားဆုံးမှ မကျေနပ်သံဖြင့် ...

"ဒီမယ် ... ရှင် ဘာတွေပြောနေ ပြောနေ ... ကျွန်မ နာ မလည်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ ရှင့်ကိုယ်ရှင် ကြူစိုက်စိန်လို့ ပြောပြော, ဘယ်လိုနာမည်ပဲ သတ်မှတ် သတ်မှတ် ... ကျွန်မ မပ ဘူး၊ ရှင် ဘယ်သူဘယ်ဝါဆိုတာ ကျွန်မ,မသိပေမယ့် ရှင်နဲ့ တခြ ကြီးရာပါ လူတစ်စုဟာ ကျွန်မကို မကောင်းကြံတယ်ဆိုတာကတော ကျွန်မ နားလည်တယ်"

"ဟာ ... ဒီမိန်းမ မဟုတ်ကဟုတ်ကတွေ ပြောနေပြန်ပြ နင့်ကို ငါက ဘာကိစ္စနဲ့ မကောင်းကြံရမှာလဲ"

"ဘာကိစ္စနဲ့ မကောင်းကြံစည်တယ်ဆိုတာ ရှင်ကိုယ်တို အသိဆုံးနေမှာပေါ့၊ ရှင်က ကျွန်မကို ဘယ်သူ အောက်မေ့နေလို့လဲ



"ဟ ... ဘယ်သူ အောက်မေ့ရမှာလဲ၊ ငါ့မိန်းမ ကျင်းဖေ့ ဖေ့က လွဲလို့ နင်က ဘယ်သူဖြစ်ရဦးမှာလဲ"

"ဟွန်း ... အတည်ပေါက်နဲ့ လာဟောက်မနေနဲ့၊ ကျွန်မ ကျင်းဖေ့ဖေ့ မဟုတ်ဘူး၊ ရှင့်မိန်းမလည်း မဟုတ်ဘူး"

"ကဲ ... ဒါဖြင့် မချောက ဘယ်သူလဲ"

"ကျွန်မ ဘယ်သူဆိုတာ ရှင် သေသေချာချာသိသွားရင် လန့်ဖျားဖျားပြီး သေသွားနိုင်တယ်"

"သေတော့ မသေပါရစေနဲ့ကွာ၊ မင်းရောဂါလည်း ပျောက် အောင် ကြိုးစားကုပါဦး၊ စကားဆက်ပြောမနေနဲ့၊ မင်းနဲ့ငါ ပြဿနာ ပိုပြီး တက်လာလိမ့်မယ်၊ ဒီတော့ စောစောစီးစီးအိပ်ကြတာ ကောင်း ပါလိမ့်မယ်"

လီကျင်းဆွေစကားကြောင့် သူမရင်ထဲ ထိတ်ခနဲ ဖြစ်သွား ၏။ အိမ်ခန်းထဲတွင် ခုတင်တစ်လုံးတည်း။ အိပ်ရမည့်သူက နှစ် ယောက်။ တကယ်တမ်း အိပ်မည်ဆိုလျှင် ခုတင်ပေါ်တွင် နှစ်ယောက် အတူတူအိပ်စက်မှ ရပေမည်။

အကယ်၍ ကြူစိုက်စိန်အမည်ခံ လီကျင်းဆွေက တစ်စုံ တစ်ခု ပြုလုပ်ပါပြီတဲ့ ... သူမ ဘာတတ်နိုင်ပါမည်နည်း။ လက်ရှိ အခြေအနေတွင် မိမိသည် ပန်းလက်ဝါးအဘိုးအိုး၏ ရုပ်ပြောင်း ရုပ်လွှဲပြုပြင်ပေးမှုကြောင့် နာတာရှည်ရောဂါသည်တစ်ယောက်လို

ဖြစ်နေသည်။ သိုင်းပညာမတတ်ကျွမ်းသော ရိုးရိုးသာမန် လူတစ်ယောက်အလား ဖြစ်နေသည်။

တစ်ဖန် မိမိနှင့်ဤလူက လင်မယားအသွင်သဏ္ဌာန်ဖြင့် နေရသူတွေ။ အဖြစ်အပျက် အနေအထားအားလုံးက လီကျင်းဆွေ အား အတူတူအိပ်စက်ရန် နှိုးဆွပေးနေ၏။ ထို့ပြင် သူမ၏ စင်းလုံး ချောအလှကို လီကျင်းဆွေ မြင်တွေ့ထားပြီး ဖြစ်၏။

သူမ၏သိုင်းပညာ မည်မျှ ထက်မြက်သည်ဖြစ်စေ ယခုအခါ တွင် မိမိလက်ခုပ်ထဲမှရေဘဝမျိုး ရောက်နေ၏။ မိမိသာ မကောင်း ကြံစည်လိုက်လျှင် သူမသည် မိမိ၏ ငြင်းမရသောဇနီးသည် အစစ် အမှန်အဖြစ် ရောက်ရှိသွားနိုင်ပေသည်။

သို့သော် သူမ တစ်ခဏလေးသာ ရင်ထိတ်လိုက်ရ၏။ လီ ကျင်းဆွေသည် သူ့စိတ်ဆင်ရိုင်းကို ချုန်းဖြင့်အုပ်နိုင်ခဲ့၏။ ခုတင် ပေါ်တွင် အတူတူ အိပ်စက်ခြင်းမပြု။ သူမကို ခုတင်ထက်တွင်သိပ်ပြီး သူကိုယ်တိုင်ကမူ ကြမ်းပြင်ပေါ်တွင်ပင် အိပ်စက်လိုက်တော့သည်။

ဤတစ်ညတည်းသာ မဟုတ်။ နောက်ညနောက်ညများ တွင်လည်း လီကျင်းဆွေနှင့် သူမတို့နှစ်ယောက်မှာ အိပ်ခန်းတစ်ခန်း တည်းတွင် အတူနေကြသော်လည်း ဟန်ဆောင်လင်မယားအဖြစ် သာ တစ်ယောက်နှင့်တစ်ယောက် ခွာခွာတန်းတန်း အိပ်စက်ခဲ့ကြလေ သည်။



သူမ၏ စိုးရိမ်ပူပန်စိတ်တို့လည်း ပျောက်သွားခဲ့ရပေသည်။

နေ့ရက်တို့က တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ လီကျင်း ဆွေနှင့် သူမတို့၏ ဆက်ဆံရေးကမူ မပြောင်းလဲသေး။ ခပ်တန်း တန်း ခပ်မာမာပင် ဆက်ဆံနေကြသေးသည်။

သူမကမူ လီကျင်း ဆွေကို သိပ်ဆူဆူပူပူမလုပ်တော့။ လီကျင်းဆွေ၏ စောင့်ထိန်းမှု၊ စည်းကမ်းရှိမှုတို့ကြောင့် လီကျင်းဆွေ အပေါ် လေးစားယုံကြည်စိတ် အနည်ထိုင်လာသည်။

မည်သို့ပင်ဖြစ်စေ အစပိုင်းရက်များလောက် ဆက်ဆံရ သည်မှာ အဖုအထစ်မရှိကော့။ ဤသို့ ဟန်ဆောင်ဇာတ်လမ်းကလေး အေးအေးဆေးဆေးနှင့် ပြီးဆုံးသွားပါစေဟု လီကျင်းဆွေ ဆုတောင်း မိသည်။

သို့သော် သူ ဆုတောင်းမပြည့်ခဲ့။ အေးချမ်းချောင်ကျသော ကျေးရွာကလေးတွင် မအေးချမ်းနိုင်သော အကြောင်းအရာတို့ ဖြစ် ပေါ်လာ၏။ ပြဿနာလှိုင်းရိပ်ကလေးများ ဆင်လာသည်။

မသင်္ကာစရာကောင်းသည့်လူတစ်ယောက်ကို တွေ့ကြ

သတိထားလိုက်မိခြင်းပင်တည်း။ ထိုသူသည် အသက်လေးဆယ်ကျော်ခန့် ရှိသည်။ သာမန်အရပ်သားတစ်ယောက်အသွင် ဖျင်ကြမ်းအင်္ကျီတို့ကို ဝတ်ဆင်ထားသော်လည်း ခန္ဓာကိုယ်အချိုးအဆစ် တည်ဆောက်ပုံတို့က သာမန်လူတစ်ယောက်နှင့်မတူ။

လက်ဝါးအစုံက ရိုးရိုးလူတစ်ယောက်ထက် ကြီးမားနေခြင်း၊ အရိုးအဆစ်တို့ ကြီးမားသန်မာခြင်းတို့က သိုင်းလောကသားတစ်ယောက်၊ သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားသည်။

ထိုသူကို ပထမတစ်ရက် နှစ်ရက်တွင် လီကျင်းဆွေ သတိမပြုမိသေး။ နှစ်ရက်သုံးရက်ကျော် လာသောအခါတွင်ကား ကောင်းစွာဂရုပြုလာမိသည်။ ထိုသူသည် ကုန်စုံဆိုင်သို့ အမြဲတမ်း မိုးချုပ်ခါနီးမှ ရောက်လာတတ်သည်။ ရောက်လာတိုင်း သူဝယ်ယူသည့်ကုန်ပစ္စည်းက တစ်သမတ်တည်းပုံသေ။

ဤသို့ ပုံသေကုန်စည်ဝယ်ယူခြင်းအတွက် သံသယမရှိသင့်ဟု ဆိုကောင်းဆိုနိုင်ပေမည်။ ထိုသူ ဝယ်ယူသည့်ကုန်ပစ္စည်းများက အိမ်ထောင်တစ်ခုအတွက် အမြဲတစေလိုအပ်သော ပစ္စည်းများမဟုတ်။ တစ်ခါဝယ်ထားပြီးလျှင် တစ်လကိုးသီတင်း သုံးစွဲ၍ရသော ပစ္စည်းမျိုး။

ထိုသူ ညနေတိုင်း လာရောက်ဝယ်ယူသည့်ပစ္စည်းမှာ ဆားနှစ်ပိဿာနှင့် ကြက်ဥအလုံးနှစ်ဆယ်။ အိမ်ထောင်တစ်စုသည်



ကြက်ဥကို နေ့တိုင်းစားသောက်မည်မဟုတ်။ အခြား မုန့်ပဲသရေစာလုပ်သည်ဟု ယူဆမည်ဆိုက ယူဆနိုင်စရာ ရှိသည်။

ဆင်ခြေပေးမည်ဆိုက ပေးနိုင်သည်။ ကြက်ဥက ပြဿနာမဟုတ်။ ပြဿနာက ဆားနှစ်ပိဿာ မည်သည့်အိမ်ထောင်စုမျှ တစ်နေ့လျှင် ဆားနှစ်ပိဿာ မကုန်။ ဆားအများဆုံး အသုံးပြုရသည့် ငါးခြောက်ငါးခြမ်းပြုလုပ်ရန်အတွက် ဆားများဝယ်ယူရသည်ဆိုရအောင်လည်း ဤစုကျားရွာကလေးသည် မြစ်ဆိပ်ကမ်းနားမြို့တစ်ခုမဟုတ်။ မြစ်ချောင်းများနှင့် မနီး။ လွင်ပြင်ထီးထီး ရွာတစ်ရွာ ဖြစ်၏။

ရေထွက်ငါး ရှားပါးသောဒေသလည်း ဖြစ်၏။ ထို့အတွက် ထိုသူ ဆားနှစ်ပိဿာဝယ်ယူခြင်းမှာ စဉ်းစားစရာ ကောင်းနေသည်။ အသုံးမတွဲ့ဘဲ မည်သူမျှ ငွေကုန်ခံကာ နေ့စဉ် ဆားနှစ်ပိဿာ ဝယ်ယူမည်မဟုတ်။ မည်သည့်နေရာမှာ မည်သို့ သုံးစွဲလေသနည်း။

ထိုအချက်က စဉ်းစားစရာ ကောင်းနေသည်။ မေးခွန်းထုတ်စရာ ဖြစ်နေသည်။ ထို့ပြင် ထိုလူသည် လူစိမ်းတစ်ယောက် ဖြစ်ကာ သိုင်းသမားတစ်ယောက်ဖြစ်နေခြင်းက လီကျင်းဆွေအတွက် စိတ်မလုံနိုင်အောင် ဖြစ်သည်။ သို့လော သို့လော တွေးတောစရာ ဖြစ်လာ၏။

သူသည် မိမိနှင့် လိန်လိန်တို့နှစ်ယောက်၏ အခြေအနေကို စောင့်ကြည့်ရန် မိန်မိန်နှင့် ဂူချင်တိတ်က စေလွှတ်ထားခြင်းများ ပေလား။ ဒါလည်းမဖြစ်နိုင်။

သူတို့ စေလွှတ်ထားသူဆိုလျှင် ဤသို့ ပြုလုပ်မည်မဟုတ်။ မိမိနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ပေသည်။ မိမိအား အကျိုးအကြောင်း ဖွင့်ဟရှင်းပြနိုင်ပေသည်။ သို့မဟုတ်လျှင် ကျောက်လူဝုန်း၏ ဝံပုလွေဂိုဏ်းမှပေလား။ မိမိတို့ကို ရုပ်ဖျက်ကာ ကိုယ်ယောင်ဖျောက် ဓာတ်မြုပ်နေသည်ကို သတင်းကြား၍ လာရောက်စုံစမ်းခြင်းပေလော။

ဤသို့လည်း မဖြစ်နိုင်။ မိမိတို့အား လာရောက်စုံစမ်းမည်ဆိုပါက လျှို့ဝှက်တိတ်တဆိတ် အခြေအနေစောင့်ဆိုင်းကြည့်ရှုနေပေလိမ့်မည်။ လူတိုင်း သံသယဝင်စရာကောင်းသည့် ပစ္စည်းများကို လာဝယ်ရလောက်အောင်လည်း အတွေးအခေါ် အစီအစဉ် ညံ့ဖျင်းကြလိမ့်မည် မထင်။

ဒါဆို ဘယ်သူလဲ၊ ဘာကြောင့် ဒီလောက် ထူးခြားတဲ့ကိစ္စတွေကို လုပ်နေရတာလဲ။ လီကျင်းဆွေ ခေါင်းထဲမှ အတွေးတို့ ဝဲလည်ကုန်သည်။ အဖြေကို မည်သို့မျှ စဉ်းစား၍မရ။ ရေနစ်နေသူသည် ကောက်ရိုးတစ်မျှင်ဖြစ်စေ အားကိုးတကြီး ဖမ်းဆုပ်ထားတတ်ကြသည်။

လီကျင်းဆွေသည်လည်း မိမိ စဉ်းစားမရသည့် လူထူးလူဆန်းအကြောင်းကို လိန်လိန်အား ဖွင့်ပြောပြမိသည်။ အကြံဉာဏ်တောင်းမိသည်။ သို့သော် သိုင်းသမားတစ်ယောက်က အခြားသိုင်းသမားတစ်ယောက်ကို မေးပုံမျိုးတော့မဟုတ်။



အိမ်ထောင်ရှင် လင်ယောကျ်ားက မိမိတွေးမရသည့် အကြောင်းအရာကို ဇနီးသည်အား တိုင်ပင်နှီးနှောသလိုမျိုး ပြောဆိုနေခြင်းသာ ဖြစ်၏။ နေ့စဉ် ကြက်ဥအလုံးနှစ်ဆယ်နှင့် ဆားနှစ်ပိဿာဝယ်နေသော ထူးခြားသည့် ဈေးဝယ်သမားအကြောင်းကို လိန်လိန် စိတ်ဝင်တစားပင် နားထောင်သည်။ အကြံဉာဏ်ပေးနိုင်အောင် အတတ်နိုင်ဆုံး ကူညီစဉ်းစားပေးသည်။

"ဒီမယ် ... ရှင်ပြောတဲ့လူက တကယ့်ယောကျ်ားစစ်စစ်တစ်ယောက်ပဲလား"

လီကျင်းဆွေအား ကြူစိုက်စိန်ဟု မခေါ်။ ဒီမယ်ဆိုသော နာမ်စားကိုသာ သုံးနှုန်းသည်။ လီကျင်းဆွေ နားထဲတွင် ခိုးလိုးခုလုဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် လိန်လိန်၏ 'ဒီမယ်' ဆိုသော အခေါ်အဝေါ်ကလေးကိုပင် သဘောကျလာ၏။ လိန်လိန် စိတ်ဝင်တစားမေးသည်ကို လီကျင်းဆွေ မျက်မှောင်ကြီးကြုတ်၏။

"နင် ဘာလို့ ဒီလိုမေးရတာတုံး ... ဈေးလာဝယ်တဲ့သူက တကယ့်ယောကျ်ားကြီးစစ်စစ် တစ်ယောက်ပါဟ"

"မိန်းမတစ်ယောက်ယောက်က ယောကျ်ားလို ရုပ်ဖျက်လာတာကော မဖြစ်နိုင်ဘူးလား"

လီကျင်းဆွေ၏ ကြုတ်နေသောမျက်မှောင်ကြီးသည် ပို၍တွန့်သွား၏။ ရုပ်ပြောင်းရုပ်လွှဲအတတ်ပညာကို သူ အထင်မသေးရဲ။

လက်တွေ့ပင် မိမိနှင့် သူမတို့နှစ်ယောက်၏ရုပ်သွင်က ယခင်ကနှင့်မတူဘဲ ဖြစ်နေသည် မဟုတ်ပါလား။ အဆိုးဆုံးကား သူမပင်တည်း။ အကောင်းပကတိရှိနေသည့် သူမက နာတာရှည်ရောဂါသည်အဖြစ် ရောက်ရှိနေပြီ မဟုတ်ပါလား။

သို့အတွက် မိန်းမတစ်ယောက်မှ ယောကျ်ားတစ်ယောက်အသွင်သို့လည်းကောင်း၊ ယောကျ်ားတစ်ယောက်မှ မိန်းမတစ်ယောက်အသွင်သို့လည်းကောင်း ရုပ်ပြောင်းရုပ်လွဲလုပ်ရာတွင် ဘာမျှအခက်အခဲမတွေ့နိုင်ကြောင်း လီကျင်းဆွေ လက်ခံသည်။

သို့သော် ယခု သူတွေ့ရသည့် ထူးခြားသော ဈေးဝယ်သူသည် မိန်းမတစ်ယောက် ရုပ်ဖျက်ထားခြင်းကား မဖြစ်နိုင်။ အရပ်အမောင်းမြင့်မားသည်။ ကိုယ်ခန္ဓာက ထွားကျိုင်းသည်။ မိန်းမတစ်ယောက်၏ ခန္ဓာကိုယ်မျိုး၊ အရပ်အမောင်းမျိုး မဟုတ်။

“မဖြစ်နိုင်ပါဘူးဟာ ... ယောကျ်ားမှ ယောကျ်ားအစစ်ပါ၊ အရပ်မြင့်မြင့် ထွားထွားကျိုင်းကျိုင်းနဲ့ မိန်းမတစ်ယောက်ရဲ့ အဆက်အပေါက်မျိုး မဟုတ်နိုင်ပါဘူး၊ ဒါနဲ့ နေစမ်းပါဦး ... နင်က ဘာကိစ္စဒီလောက်မေးနေရတာလဲ၊ သူ ယောကျ်ားမဟုတ်ဘဲ မိန်းမဖြစ်နေတော့ကော နင့်အတွက် ဘာထူးမှာမို့လို့လဲ”

“ထူးတယ်ရှင့် ထူးတယ်၊ တကယ်လို့ အဲဒီလူဟာ ယောကျ်ားဟန်ဆောင်ထားတဲ့ မိန်းမတစ်ယောက်ဖြစ်နေမယ်ဆိုရင် ကျွန်မကို



လာပြီး ကယ်တင်တဲ့လူ ဖြစ်နိုင်တယ်”

“ဩော် ... နင်က ကယ်တင်ရှင်မျှော်နေတာလား၊ နင့်ကို ငါယူထားတာ ဆယ့်ငါးနှစ်ကျော်ပြီ၊ နင့်အပေါ် မကောင်းတာ တစ်ခုမှ မလုပ်ခဲ့ဖူးဘူး၊ အနေအစား ဆင်းရဲတာကလွဲလို့ နင့်ကို ငါ စိတ်တိုင်းကျထားပေးခဲ့တယ် မဟုတ်လား၊ ရှာကြံကျွေးမွေးခဲ့တယ် မဟုတ်လား၊ ဒါလောက်ကောင်းတဲ့ လင်ယောကျ်ားတစ်ယောက်ကို ရှေ့တွင်ထားပြီး ကယ်တင်ရှင်ကို မျှော်နေရသေးလား”

“သွားစမ်းပါ ... အပိုတွေ လျှောက်ပြောမနေစမ်းပါနဲ့”

လိန်လိန်က မျက်စောင်းကလေးချီကာ ပြောသည်။ လီကျင်းဆွေ တစ်ဖက်သို့လှည့်ကာ ပြုံးလိုက်၏။ တစ်ယောက်နှင့် တစ်ယောက်ကား နားလည်မှုကလေးများ ရှိလာချေပြီ။

❋

နေ့ရက်တို့ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားကြ၏။ တစ်ပတ်တိတိ ကြာမြင့်ခဲ့ပြီ။ ထူးခြားသောဈေးဝယ်သူက နေ့စဉ်ပင် ကြက်ဥအလုံးနှစ်ဆယ်နှင့် ဆားနှစ်ပိဿာကို လာရောက်ဝယ်ယူမြဲ။

လိန်လိန်ကလည်း ထိုသူအား ယောကျ်ားတစ်ယောက်

အသွင် ဟန်ဆောင်ထားသော မိန်းမတစ်ယောက်ဟုတ်,မဟုတ် မေးမြန်းနေဆဲ။ လီကျင်းဆွေ လည်း ဂရုတစိုက် အကဲခတ်ကြည့်ဆဲ။

အကဲခတ်ကြည့်ရင်းမှ မနေနိုင် မထိုင်နိုင် ဈေးဝယ်သူအား ရှုဖိန်းကို စုံစမ်းခိုင်းမိ၏။ ရှုဖိန်းကလည်း မိန်းမပီသသည်။ စပ်စပ်စုစု ရှိသည်။ လီကျင်းဆွေ စုံစမ်းခိုင်းဖို့ စကားမဟလိုက်ရသေး။ နောက် တစ်နေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက် သတင်းယူလာသည်။

"ကြူစိုက်စိန် ... ရှင်သိချင်နေတဲ့လူ ဘယ်မှာနေတယ်ဆို တာ ကျွန်မ စုံစမ်းလို့ရခဲ့ပြီရှင့်"

ရှုဖိန်း အားတက်သရော ပြောလာသည်။ လီကျင်းဆွေ စိတ်ဝင်စားသွား၏။ သို့သော် သူ နှုတ်ဟချိန်မရလိုက်။

"အဲဒီလူက ဘယ်မှာနေတာလဲ"

တစ်နေကုန်တစ်နေခန်းနေလို့မှ စကားတစ်ခွန်း ထွက်မလာ ခဲ့သော လူရိုးလူအေး ချူတိတ်ဖြောင်က ကောက်ကာငင်ကာ မေးလာ ခဲ့သည်။ ချူတိတ်ဖြောင်ပင် စပ်စပ်စုစုလုပ်လာသည်မို့ လီကျင်းဆွေ တအံ့တသြဖြစ်မိ၏။ မိမိသာမက ... ချူတိတ်ဖြောင်လည်း ထူးဆန်း သောဈေးဝယ်သူအပေါ် စိတ်ဝင်စားနေလေပြီလားဟု သံသယဝင် သည်။

"အဲဒီလူက ရွာထဲက ဟို ရွာသူကြီး ရှိတို့အိမ်မှာ နေတာပဲ"

ရွာသူကြီး ရှိသည် စုကျားရွာတွင် ပေါက်ရောက်နှံ့စပ်သူ



တစ်ယောက် ဖြစ်သည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းသည်။ စု ကျားရွာသားတိုင်းအပေါ်တွင် ဩဇာသက်ရောက်မှု ရှိသည်။ ရွာထဲ တွင်နေသော်လည်း ဝင်းနှင့်ခြံနှင့် အိမ်ကြီးရခိုင်နှင့် အကျအန နေထိုင် သည်။ သူလိုလူတစ်ယောက်အဖို့ ဧည့်သည်မရှား။

ထူးခြားသော ဈေးဝယ်သူ အိမ်တွင်နေထိုင်သည်ဆိုခြင်းက စိတ်ဝင်စားဖို့ကောင်းသည်။ ရှုဖိန်းသည် ရွာသူကြီးရှိအိမ်ထဲသို့ ထိုသူဝင်သွားပုံ၊ သူက အကြောင်းမရှိ လိုက်ပါသွားပုံ၊ အိမ်ထဲရောက် သော်လည်း ထိုသူ၏အရိပ်အယောင်ကိုမျှ မတွေ့ရှိခဲ့ရပုံတို့ကို စီကာ ပတ်ကုံး ပြောပြသည်။ သူ့ စကားဆုံးလျှင် ချူတိတ်ဖြောင်က ...

"ရှုဖိန်း ... ခင်ဗျား ဒီနေ့တော့ ဘာမှ မဝယ်တော့ဘူးလား"

"ဟင့်အင်း ... မဝယ်တော့ပါဘူး၊ အိမ်မှာ အပြည့်အစုံ ရှိနေ ပြီလေ"

"အင်း ... ဒါဆိုရင် ဘာလို့ ဒီမှာ လာအချိန်ဖြုန်းနေတာလဲ၊ ကိုယ့်အိမ်မှာ ကိုယ်နေရင် အိမ်ရဲ့ဝေယျာဝစ္စလေး လုပ်နိုင်တာပေါ့"

ချူတိတ်ဖြောင်စကားက ပြတ်ပြတ်သားသားပင်။ ရှုဖိန်း အား နှင်ထုတ်ခြင်း ဖြစ်၏။ ရှုဖိန်း ရုတ်တရက် ကြောင်အမ်းအမ်း ကလေး ဖြစ်သည်။ ထို့နောက် မိမိကို နှင်ထုတ်နေပါကလားဟု နား လည်သဘောပေါက်ကာ ချူတိတ်ဖြောင်အား မျက်စောင်းထိုးကြည့် သည်။ ပြီးလျှင် ခြေဆောင့်ကာ ထွက်သွားတော့သည်။

"မိန်းမတွေ တော်တော်စပ်စပ်စုစုနိုင်လွန်းတယ်၊ ကိုယ့်အလုပ်မဟုတ်ဘဲ လေကုန်ခံလို့ အလကားဟာတွေ"

ချူတိတ်ဖြောင် ရှုဖိန်းထွက်သွားလျှင် ရှုတ်ချသည်။ လီကျင်းဆွေမှာ ချူတိတ်ဖြောင်ကို နားမလည်နိုင်စွာ ကြည့်လိုက်သည်။ ချူတိတ်ဖြောင် ဂရုမစိုက်။ သူထိုင်နေကျ ခွေးခြေပုကလေးတွင် မှုန်ကုပ်ကုပ်ဖြင့် ထိုင်နေသည်။ လီကျင်းဆွေကို စကားမဆို။ သူ့မျက်လုံးအကြည့်တို့က ရှေ့တူရူသို့သာ ကြည့်နေ၏။ တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေသယောင်ယောင်။

လီကျင်းဆွေမှာ ချူတိတ်ဖြောင်၏အပြောအဆို အမူအရာတို့ကိုကြည့်ပြီး စိတ်ထဲတွင် သိပ်မသင်္ကာချင်။ ယခင်ရက်များက အကြောင်းမဟုတ်သော်လည်း ချူတိတ်ဖြောင်၏အသွင်က ယခုရက်ပိုင်းအတွင်း ထူးခြားသလို ရှိနေ၏။

သူ၏ရိုးသားအေးဆေးခြင်းသည် သဘာဝအတိုင်း ရှိနေခြင်းလား၊ တမင်ဟန်ဆောင်ဖုံးကွယ်ကာ ရိုးသားချင်ဟန်ဆောင်နေရတာလား ... လီကျင်းဆွေစိတ်ထဲတွင် သင်္ကာရန့် မကင်းချင်။

သူ့ခေါင်းထဲတွင် လူထူးလူဆန်း ဈေးဝယ်သူအကြောင်းသာမကတော့ ... ချူတိတ်ဖြောင်နှင့် ပတ်သက်၍လည်း သံသယဝင်သတိပြုစရာဖြစ်လာ၏။ ထို့ကြောင့် လီကျင်းဆွေ ထိုညက တော်တော်နှင့်အိပ်မပျော်။



စဉ်းစား အဖြေရှာမရတိုင်း တလူးလူး တလိမ့်လိမ့်။ သူ တလူးလူးတလိမ့်လိမ့် ဖြစ်နေ သည်ကို သူမက ကောင်းစွာသိသည်။

"ဒီမယ် ... ရှင် မအိပ်သေးဘူးလား"

သူမက ခုတင်ထက်တွင်လဲလျောင်းနေရာမှ အသံပြုသည်။ လီကျင်းဆွေက လဲလျောင်းနေရင်းမှ ...

"အေး ... ဟုတ်တယ်၊ အိပ်လို့ မရနိုင်သေးဘူး"

"ရှင် အိပ်လို့မရတာ ဟိုလူ့အကြောင်း စဉ်းစားနေလို့ မဟုတ်လား"

"ဘယ်သူ့အကြောင်းလဲ"

လီကျင်းဆွေ ထူးဆန်းသော ဈေးဝယ်သူတစ်ယောက်အကြောင်းသာ စဉ်းစားနေသည် မဟုတ်။ ချူတိတ်ဖြောင်အကြောင်းပါ စဉ်းစားနေသည်မို့ သူမအား လေသံဖြင့် ကွဲပြားအောင် မေးလိုက်ခြင်း ဖြစ်၏။ သူမက အလိုမကျဟန်ဖြင့် ...

"ဘယ်သူ့အကြောင်းရမှာလဲ ... နေ့တိုင်း ဆားနှစ်ပိဿာနဲ့ ကြက်ဥအလုံးနှစ်ဆယ် ဝယ်တဲ့လူပေါ့၊ ဒီလူဟာ ရိုးမှရိုးသားရဲ့လား မသိဘူး၊ လူဆိုးဂိုဏ်း တစ်ဂိုဏ်းဂိုဏ်းက ဖြစ်မယ်"

"သူ့ဘာသာသူ လူဆိုးဂိုဏ်းကဖြစ်ဖြစ် လူမိုက်ဂိုဏ်းက ဖြစ်ဖြစ် တို့နဲ့မဆိုင်ပါဘူး"

"ဘာလို့ မဆိုင်ရမှာလဲ။ ရှင့် ကုန်စုံဆိုင်ကို လုယက်,ဓားပြ

တိုက်ချင်လို့ နေ့တိုင်းဈေးလာဝယ်ပြီး ရှင့်ကို စုံစမ်းအကဲခတ်နေတာ မဖြစ်နိုင်ဘူးလား"

"ပေါက်ပေါက်ရှာရှာကွာ၊ ငါ့ဆိုင် သေးသေးကွေးကွေးလေးက ဘယ်လောက်တန်ဖိုးရှိမှာမို့လို့လဲ၊ လုယက် ဓားပြတိုက်ချင်ရင် ငါ့ဆိုင်ကို တိုက်နေစရာ မလိုပါဘူး ... ဒီပြင့်သူဌေးအိမ်တွေ အများကြီးပဲ"

"ရှင် စကားကို အကုန်မပြောစမ်းပါနဲ့၊ ရှင့်ဆိုင်သေးသေးစုတ်စုတ်ကလေးထဲမှာ အဖိုးတန်တာ မရှိပေမယ့် ရှင့်အိမ်ထဲမှာ ရှိနေရင်ကော"

"မဟုတ်မဟတ်တွေ ပြောမနေစမ်းပါနဲ့၊ ဆိုင်ထဲမှာတောင် အဖိုးတန်တာ မရှိတာ အိမ်ထဲမှာဆို နင်တစ်ယောက်ပဲ ရှိတယ်"

"ဟုတ်တယ်၊ ဒီတစ်ခါတော့ ရှင့်အတွေးအခေါ် ကောင်းသွားပြီ၊ သူတို့ လုယူနိုင်ဖို့ တန်ဖိုးရှိတာ ကျွန်မတစ်ယောက်ပဲရှိတယ်"

"နင် အရူးထနေပြန်ပြီ၊ နင်လို အဘွားအိုတစ်ယောက်, နာတာရှည်ရောဂါသည်တစ်ယောက်ကို ကောင်းကောင်းကန်းကန်း တန်ဖိုးထားပြီး ဘယ်သူက လာလုမှာလဲ ... ကြံကြီးစည်ရာတွေ လျှောက်တွေးမနေစမ်းနဲ့"

"ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ ရှင် သေသေချာချာ မသိလို့ ဒီစကား ပြောနေရတာပါ၊ ဘာပဲဖြစ်ဖြစ်ပေါ့ရှင် ... ရှင် ကျွန်မ



ပြောတာကို ယုံစမ်းပါ ... အဲဒီလူတွေဟာ ဝံပုလွေဂိုဏ်းသားဖြစ်နေရင်တော့ ကျွန်မကို လာလုဖို့ ကြံစည်နေတာပဲ"

သူမက သက်ပြင်းကလေးချကာ ညည်းညည်းညူညူလေး ရေရွတ်သည်။ ဝံပုလွေဂိုဏ်းဆိုသောစကားကြောင့် လီကျင်းဆွေ ရင်ထဲ ထိတ်ခနဲ တုန်သွား၏။ သူမက သနားစဖွယ် ဆက်ပြောပြန်သည်။

"ဝံပုလွေဂိုဏ်းလက်ထဲ ရောက်သွားရင် ကျွန်မတော့ ဒုက္ခလှလှကြီး တွေ့မှာပဲ"

"နင် အရင်တုန်းကပြောတော့ အဲဒီလူက နင့်ကို လာကယ်တာဆို၊ အခု ဘယ်လိုကနေဘယ်လို ဝံပုလွေဂိုဏ်းတွေ ဘာတွေ ဖြစ်ကုန်ရတာလဲ"

"အဲဒီလူက မိန်းကလေးဆိုရင် ကျွန်မကို လာကယ်တဲ့သူ အစစ်အမှန်ပဲ၊ ဒီလူဟာ မိန်းကလေးမဖြစ်နိုင်ဘူး၊ ယောကျ်ားလေးတစ်ယောက် အမှန်ဖြစ်တယ်လို့ ရှင်က ပြောခဲ့တာပဲ၊ ဒီတော့ ကျွန်မကို ကယ်မယ့်သူမဟုတ်ဘဲ ဒုက္ခပေးမယ့်သူ ဖြစ်ရတော့မှာပေါ့"

လီကျင်းဆွေ ဘာမျှမပြောနိုင်။ အိမ်မျက်နှာကြက်ကို မော့ကြည့်ကာ အတွေးလွန်နေ၏။ သူမကလည်း စကားဆက်မပြောဘဲ အိမ်ခန်းကလေးထဲတွင် သူတို့နှစ်ယောက်မှာ အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြ၏။ အတန်ကြာမှ သူမထံမှ သက်ပြင်းချသံနှင့်အတူ...

"အင်း ... တကယ်တော့ ရှင်ဟာ ဆိုးဆိုးရွားရွား လူ

တစ်ယောက် မဟုတ်ပါဘူး၊ ကျွန်မအပေါ်မှာ ကြင်ကြင်နာနာ ဂရုတစိုက် ရှိပါတယ်၊ ဒီတော့ ကျွန်မကို ကူညီတဲ့အနေနဲ့ အဲဒီလူ အကြောင်း စုံစမ်းပေးပါလားရှင်"

"အင်း ... သူရှိတဲ့နေရာကို ငါသတင်းတော့ ရထားပြီးပါပြီ၊ ဒါပေမဲ့ သွားရမှာက ခပ်လန့်လန့်ပဲ၊ သူတို့က ငါ့ကို ဝိုင်းရိုက်လွှတ် လိုက်ကြရင် ဘယ့်နှယ်လုပ်မလဲ"

"အူကြောင်ကြောင်လုပ်မနေစမ်းပါနဲ့၊ ရှင်က ကျွန်မကို နုံနုံအအ လူတစ်ယောက်လို့ ထင်နေလို့လား၊ ရှင်ဟာ သိုင်းလောက သားတစ်ယောက်ဆိုတာ ကျွန်မသိတယ်၊ ကုန်စုံဆိုင်ရှင်တစ်ယောက် အဖြစ် သက်သက်ဟန်ဆောင်ထားတယ်ဆိုတာလည်း ကျွန်မသိ တယ်၊ နောက် ကျွန်မကို အဲဒီလိုအပိုစကားတွေ လျှောက်မပြောပါနဲ့"

လီကျင်းဆွေ ငြိမ်သွား၏။ မြွေမြွေချင်း ခြေမြင်တတ်ကြ သည် မဟုတ်ပါလား။ သိုင်းသမားတစ်ယောက်ကို သာမန်လူ တစ် ယောက်က မသိနိုင်သော်လည်း သိုင်းပညာတတ်သူအချင်းချင်းကမူ ကောင်းစွာ နားလည်ခွဲခြားသိနိုင်သည်။

လီကျင်းဆွေနှင့် သူမတို့နှစ်ယောက်မှာ ရက်ပိုင်းသာမက လပိုင်းအထိ နီးနီးကပ်ကပ် အတူနေထိုင်လာခဲ့သဖြင့် တစ်ယောက်နှင့် တစ်ယောက် အကဲခတ်သိနိုင်သည်မှာ မဆန်းတော့။

"ဒီမှာ ... ကျွန်မပြောတာ ကြားရဲ့လား"



သူမက စိတ်မရှည်နိုင်ဘဲ မေးသည်။ လီကျင်းဆွေ ဘာမျှ တုံ့ပြန်။ သူမက ဒေါသသံဖြင့် ...

"ဘယ်လိုလဲ ... ရှင် ကျွန်မ,ပြောတာ လုပ်ပေးမယ် မဟုတ် ား"

"အဓိပ္ပာယ်မရှိတာတွေကွာ"

"အဓိပ္ပာယ်ရှိလို့ ပြောနေတာရှင့်၊ ကျွန်မခိုင်းတာ လုပ်မပေး းဆိုရင်တော့ ကျွန်မအဆိုး မဆိုနဲ့"

"အံမယ် ... နင်ကများ ဘာလုပ်ချင်လို့တုံး"

သူမ၏အခြေအနေက ခရမ်းသီးပိန် ဓားတုံးဘဝမျိုးမို့ လီ ျင်းဆွေ ခပ်မာမာ ခပ်ဆတ်ဆတ် ပြောလိုက်ခြင်းဖြစ်၏။ သူမှာ လို သူမကလည်း လေသံမာမာဖြင့် ...

"ကျွန်မ ရှင့်ကိုတော့ ဒုက္ခမပေးနိုင်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် ဒုက္ခပေးနိုင်တာ၊ ရှင် စုံစမ်းမပေးဘူးဆိုရင် ဒီကနေ့ကစပြီး ရှင် ူးတာ ဘာတစ်ခုမှ မစားတော့ဘူး ... လုံးဝ အငတ်ခံနေလိုက် ာမယ်"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်း သေသွားပါဦး "

"မသေစေချင်ရင် ကျွန်မခိုင်းတာ လုပ်ပေါ့"

"ကောင်းပါပြီဗျာ ... မနက်ဖြန် မနက်လင်းတာနဲ့ ငါ သွား

စုံစမ်းပေးပါ့မယ်"

"အို ... မနက်ထိ မစောင့်နိုင်ဘူး၊ အခြေအနေနဲ့ အချိန်အခါက ပြောလို့ရတာမဟုတ်ဘူး၊ အပြောင်းအလဲတွေ ဖြစ်ကုန်ရင် ဘယ်လိုလုပ်မလဲ ... အခုချက်ချင်းပဲ သွားစုံစမ်းပေး"

လီကျင်းဆွေ ဘာမျှ မငြင်းနိုင်တော့။ သူမအလိုကျ လိုက်လျောကာ ထူးခြားသော ဈေးဝယ်သူအား စုံစမ်းပေးရန်မှတစ်ပါး အခြားမရှိတော့ပါချေ။



## အခန်း (၁၀)

ညအမှောင်က ထူထပ်သိပ်သည်းနေ၏။ သန်းခေါင်ယံသို့ တိုင်နေပြီမို့ စုကျားရွာတစ်ရွာလုံး အိပ်မောကျနေပြီဖြစ်၏။ ရွာလယ်လမ်းမမှ လမ်းသွယ်တို့တွင် လူရိပ်လူယောင်တို့ကို မတွေ့ရ။

သိုင်းလောကသားများ ကျင်လည်ကျက်စားရာအရပ် မဟုတ်သဖြင့် ညပျော်လူများ မရှိ။ ရိုးသားသော တောသူတောင်သားများဖြစ်သည်မို့ စောစောအိပ်ရာဝင်ကြပြီဖြစ်၏။

သို့သော် စုကျားရွာကလေးထဲတွင် ယနေ့ညအချိန်မတော်၌ လူရိပ်တစ်ရိပ်က ပေ့ါပေ့ါပါးပါး သွက်လက်စွာ လှုပ်ရှားနေသည်။

ထိုလူ၏ကိုယ်ပေါ်တွင် ဝတ်စုံအနက် ဝတ်ဆင်ထား၏။ မျက်နှာတွင် မျက်လုံးနှစ်လုံးသာဖော်ပြီး ပဝါတစ်ထည် စည်းနှောင်ထားသည်။

ရွာဖျားလမ်းသွယ်ကလေးမှ ရွာလယ်လမ်းမသို့ တက်သည်။ တစ်ရိပ်အိမ်ရိပ်တို့ကို မျက်ကွယ်ပြုကာ ရွာလယ်လမ်းသို့ ဝင်သည်။

ထိုသူ၏လှုပ်ရှားမှုက မြန်ဆန်သည်။ ကိုယ်ဖော့ပညာသုံးကာ

ခုန်ပျံပြေးလွှားဖြင့် လှစ်ခနဲလှစ်ခနဲ။

သစ်ရိပ်အိမ်ရိပ်တို့က နောက်ဘက်တွင် ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်၏။ သိပ်မကြာလိုက်၊ ကြီးမားကျယ်ဝန်းသော ခြံကြီးတစ်ခုသို့ ရောက်လာသည်။ ခြံဝန်းကြီးကား စုကျားရွာသူကြီးရှိ၏အိမ်ဂေဟာပင် တည်း။

စုကျားရွာမှာ ကြီးမားခမ်းနားခြင်းမရှိသော်လည်း ရွာသူကြီးရှိကမူ တခမ်းတနား နေထိုင်သည်။ ခြံနှင့် ဝန်းနှင့် အိမ်ကြီးရခိုင်နှင့် ဖြစ်၏။ အိမ်ခြံကြီးမားသဖြင့် ခြံစောင့်လည်းထားသည်။

သူခိုးသူဝှက်ရန် စိုးရိမ်စရာမရှိ။ တစ်ခါမျှ ပစ္စည်းပျောက်ဆုံးခြင်း၊ သူခိုး အခိုးခံရခြင်း၊ ဓားပြအတိုက် ခံရခြင်းမရှိသဖြင့် အစောင့်များမှာ စိတ်ချလက်ချပင် နေတတ်သည်။

သက်သောင့်သက်သာ အိပ်စက်အနားယူတတ်ကြသည်။ လူရိပ်ရောက်ရှိလာသောအချိန်တွင် အစောင့်တို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်ဖြစ်၏။ ရွာသူကြီးရှိ၏။ အိမ်ခြံဝင်းခြံစည်းရိုးက နှစ်ပေခန့် မြင့်မားသည်။

သို့သော် ထိုလူရိပ်သည် ဝင်းနံရံကို ပေါ့ပါးစွာ ဖြတ်ကျော်လိုက်နိုင်၏။ ရွာသူကြီးရှိ၏ဂေဟာမှာ ကျေးတောရွာမှ တရုတ်အိမ်ကြီးလိုပင် အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ဆောက်လုပ်ထားသည်။



ရှေ့ပိုင်းတွင် ဧည့်ခန်းဆောင်၊ လသာဆောင်တို့ရှိပြီး နောက်ဘက်တွင် အိပ်ခန်းဆောင်နှင့် မီးဖိုဆောင်၊ ထမင်းစားဆောင်တို့ ရှိသည်။

ထိုလူရိပ်သည် အိမ်ပတ်ပတ်လည်ကို လှည့်လည်ကြည့်ရှုသည်။ မီးဖိုဆောင် တိုလီမိုလီပစ္စည်းများ ထည့်သွင်းသိုလှောင်ထားသော ဂိုဒေါင်သဖွယ် အခန်းတို့ကို ဝင်ကြည့်သည်။

စိတ်တိုင်းကျ ရှာဖွေကြည့်ရှုသော်လည်း ဘာတစ်ခုမျှ သံသယဖြစ်စရာ၊ မသင်္ကာစရာ မတွေ့ရ။ အိမ်ထဲသို့ ရှာဖွေကြည့်ရှုရန် ခြေလှမ်းပြင်သည်။ နောက်မှ ဘာစိတ်ကူးရသွားသည် မသိ။

အိမ်ထဲသို့ မဝင်။ ခြံဝင်းအခြေအနေကို အကဲခတ်ပြန်သည်။

ရေတွင်းတစ်လုံး၊ ကျွန်းပင်ကြီးနှစ်ပင်၊ သစ်တိုပင် တစ်ပင်၊ ပန်းခြံသေးသေးလေးတစ်ခု၊ ဒါက လွဲလို့ ဘာမျှမထူးခြား။ဝတ်စုံနက် စိတ်ပျက်သွားဟန်တူသည်။ ရွာသူကြီးရှိ အိမ်ခြံဝင်းထဲမှ ထွက်သည်။

ထို့နောက် ရွာလယ်လမ်းမအတိုင်း ပြန်ပြေးကာ ရွာအစွန် နားရောက်သည်။ သူ့ခြေလှမ်းတို့က ကြူစိုက်စိန်၏ ကုန်စုံဆိုင်ကလေးရှိရာသို့ ဦးတည်နေ၏။ ထိုဝတ်စုံနက်လူရိပ်ကား လီကျင်းဆွေပင် တည်း။

သူသည် လိန်လိန်၏ခိုင်းစေချက်အရ ညလူတစ်ယောက်အသွင် ဝတ်စုံနက်ကို ဝတ်ဆင်ရသည်။

ညအမှောင်တွင် မည်သို့မျက်ကွယ်ယူမည်၊ ကိုယ်ယောင်ဖျက်ရမည်ကို လိနိလိနိသင်ကြားပေးသည့်အတိုင်း လိုက်နာရသည်။

ထို့နောက် ရွာသူကြီးရှိအိမ်တွင် ထူးဆန်းသော ဈေးဝယ်သူ၏သတင်းစုံစမ်းရန် ထွက်ခဲ့ခြင်းဖြစ်၏။

ရွာသူကြီးရှိ အိမ်ဂေဟာသို့ရောက်လျှင် ထူးခြားချက် ဘာမျှမတွေ့ရ။ မည်သည့်အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် ပြန်လှည့်လာရခြင်းဖြစ်သည်။

သူပြန်အလာကို လိနိလိနိက အိပ်စက်ခြင်းပင် မပြုနိုင်ဘဲ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေ၏။

“ဘယ့်နှယ်လဲ ... ဘာတွေတွေ့ခဲ့ရသလဲ”

လီကျင်းဆွေ ရောက်လျှင်ရောက်ချင်း လိနိလိနိကအားတက်သရော မေးမြန်းသည်။ လီကျင်းဆွေ ခေါင်းခါယမ်းပြ၏။

“ဟင့်အင်း...ဘာမှမတွေ့ရပါဘူး၊ ဘယ်နေရာမှာ သွားပုန်းနေသလဲ မသိပါဘူး”

ညည်းညူသောလေသံဖြင့် အစပြုကာ သူမည်သို့ လှုပ်ရှားပုံ၊ ရွာသူကြီးရှိ၏ အိမ်တွင် သူကိုယ်တိုင် မြင်တွေ့ခဲ့ရပုံတို့ကို လီကျင်းဆွေ ပြန်ပြောပြသည်။

စကားဆုံးလျှင် လိနိလိနိ စိတ်ပျက်ခေါင်းခါယမ်းလိုက်တော့သည်။



“ရှင့်ကို ကျွန်မ အထင်ကြီးခဲ့မိတာ မှားတာပဲ၊ ရှင်ဟာ သိုင်းသမားတစ်ယောက် ဖြစ်ပေမယ့် သိုင်းလောက အတွေ့အကြုံ တော်တော်နည်းတာပါပဲလား ... သတင်းစုံစမ်းထောက်လှမ်းရင် ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်မသိဘဲကိုး”

“ဟ ... ဘာလုပ်စရာလိုလဲ၊ သူဒီအိမ်မှာ ရှိနေတယ်ဆိုတဲ့သတင်းကြားရတယ် ... ငါသွားရှာတယ် ... မတွေ့ဘူး၊ တစ်နေရာကိုပြောင်းသွား,ရွှေ့သွားလို့ ဖြစ်ချင်ဖြစ်မှာပေါ့”

“ရှင်က စုံစမ်းကြည့်ရမယ့် နေရာတွေကိုမှ မစုံစမ်းဘဲ”

လီကျင်းဆွေ အငေါ်တူးစွာဖြင့် ...

“ကဲ ညဏ်ကြီးရှင်ရယ် ... ဘယ်နေရာကို စုံစမ်းရမယ် ဆိုတာပြောစမ်းပါဦး ”

“ရှင် မီးဖိုချောင်ထဲ ဝင်ကြည့်ခဲ့သေးလား”

“ရှင် တော်တော် နုံတဲ့ အတဲ့သူပဲ၊ ပုန်းအောင်းနေတယ်ဆိုမှဘယ်သူက ပေါ်ပေါ်ထင်ထင် နေမှာတုံး၊ လူတွေ နေလေ့နေထရှိတဲ့အရပ်တွေမှာ နေမှာတုံး”

“အေးလေ ... အဲဒီဘက်ကို ငါရောက်ခဲ့တာပဲ၊ ဘာ လူရိပ်လူယောင်မှ မတွေ့ရဘူး”

လိနိလိနိ နှာခေါင်းရှုံ့၏။ လီကျင်းဆွေကိုလည်း အထင်သေးသောမျက်လုံးအကြည့်ဖြင့် ကြည့်သည်။

"မီးဖိုထဲမှာ လတ်တလော မီးမွေးထားသလားဆိုတာ ရှင် ကြည့်သေးသလား"

"ဟင့်အင်း ... မကြည့်ခဲ့မိဘူး"

"ရေတွင်းထဲမှာကော ရေရှိ မရှိ ကြည့်ခဲ့သေးသလား"

"ဘယ်ကြည့်မိမလဲ ... ရေတွင်းထဲ ဘယ်သူက ဝင်နေမှာမို့ တုံး"

"တော်တော်ခက်တဲ့လူပဲ၊ မီးမဖို မီးမမွေးထားတဲ့ မီးဖိုချောင် ရယ်၊ ရေမရှိတဲ့ရေတွင်းရယ်ဆိုတာ လူပုန်းအောင်းလို့ သိပ်ကောင်း တဲ့နေရာတွေပေါ့၊ အဲဒီမှာ လျှို့ဝှက်မြေအောက်ခန်းတွေ၊ လိုဏ်ဂူတွေ ရှိတတ်တယ်၊ ဒါကြောင့် ရှိသင့် ရှိထိုက်တဲ့နေရာမှာ ရှိသင့်တဲ့ပစ္စည်း ရှိမနေရင် အဲဒါ လျှို့ဝှက်ချက်ပဲ"

"အင်း ... မင်းက အိပ်ရာထဲမှာသာ လဲနေတာ၊ အတွေး အခေါ်ကျတော့လည်း ကောင်းပေသားပဲကိုး"

"အခု ရှင့်ကို ကျွန်မ သင်ပေးလိုက်လို့ တတ်သွားပြီ မဟုတ် လား"

"အေး ... ဘယ်လိုလျှို့ဝှက်ချက်တွေကို ထောက်လှမ်းရတယ် ဆိုတာ သိသွားပြီ"

"သိသွားရင် ဒီလိုလုပ်မနေနဲ့၊ အခုချက်ချင်းပဲ ကျွန်မ သင်ပေး ထားတဲ့ပညာတွေကို အသုံးချပြီး သွားစုံစမ်းလိုက်ပါဦး"



"ကောင်းပါပြီ မရွှေချောရယ်"

သည့်နှယ်ဖြင့် လီကျင်းဆွေသည် ရွာသူကြီး ရှီ၏ အိမ်ဂေဟာသို့ ဒုတိယအကြိမ်မြောက် ခြေဆန့်ခဲ့ရပြန်လေတော့သည်။

❋

သည်တစ်ကြိမ်တွင်ကား လီကျင်းဆွေ စေ့စပ်သေချာသွားပြီ။ ရွာသူကြီး ရှီအိမ်သို့ ရောက်ရောက်ချင်း မီးဖိုချောင်သို့ အရင်ဆုံးဝင် သည်။ မီးဖိုထဲမှပြာများကို လက်ဖြင့်စမ်းကြည့်သည်။

မည်သည့် ထူးခြားချက် လျှို့ဝှက်ချက်မျှ မတွေ့ရ။ ပြာများက မပူတော့သော်လည်း ခပ်နွေးနွေး ခပ်ထန့်ထန့်ကလေး ရှိနေသည်ကို သတိပြုမိသည်။

သို့ဆိုလျှင် မီးဖိုချောင်သည် အမှန်တကယ် ချက်ပြုတ်စား သောက်သည့် မီးဖိုဖြစ်ရပေမည်။ လျှို့ဝှက်လိုဏ်ဂူများ၊ မြေအောက် ခန်းများ မရှိနိုင်ပေ။ ဒုတိယအချက်ဖြစ်သော ရေတွင်းဆီသို့ လျှောက် လာသည်။

ရေဟူ၍ စိုးစိမျှမရှိ။ ရောင်ပြန်ဟပ်သောအလင်းကို မတွေ့ရ။ ဟုတ်ပြီ။ ဒီရေတွင်းဟာ လျှို့ဝှက်မြေအောက်အခန်းအဖြစ် ဖွဲ့စည်း ထားသောနေရာဖြစ်ရမည်။

ထူးဆန်းသော ဈေးဝယ်သူ ဤရေတွင်းထဲတွင် ပုန်းအောင်းနေနိုင်သည်။ လီကျင်းဆွေ သူ့အတွေးနှင့်သူ မှတ်ချက်ချသည်။ ရေတွင်းထဲသို့ ဆင်းရန်ပြင်သည်။

သူ့လို ကိုယ်ဖော့ပညာထူးချွန်သူတစ်ယောက်အတွက် ရေတွင်းထဲသို့ ဆင်းသက်ရန် ဘာမျှအခက်အခဲမရှိ။

အိမ်မြောင်တစ်ကောင်အလား ရေတွင်းထဲသို့ စောက်ထိုးဆင်းနိုင်သည်။ အခက်အခဲရှိသည်မှာ ရေတွင်းအထဲမှလူရှိနေလျှင် အမှတ်မထင် ရုတ်တရက် တုံ့ပြန်တိုက်ခိုက်လာမည်ပင် စိုးရိမ်ရသည်။

မိမိက အလင်းထဲမှ အမှောင်ထဲသို့ တိုးဝင်ရမည့်အခြေအနေ။ ပတ်ဝန်းကျင်သဘာဝကိုလည်း မကျွမ်း၊ ရေတွင်း၏အနေအထား လျှို့ဝှက်ချက်တို့ကို ဘာမျှမသိ။

မျက်နှာချင်းဆိုင် ရင်ဆိုင်တိုက်ခိုက်ရလျှင် အကြောင်းမဟုတ်။ ခိုးကြောင်ခိုးဝှက် လုပ်ကြလာလျှင် အခက်။ လုပ်ကြံမည့်, မလုပ်ကြံဘူးဆိုတာကလည်း မရေရာလှ။

လီကျင်းဆွေ ရေတွင်းထဲသို့ ရုတ်တရက် မဆင်းဝံ့။ ဆင်းသင့်, မဆင်းသင့် ချီတုံချတုံ စဉ်းစားတွေဝေနေ၏။ ထိုအချိန်တွင် ရေတွင်းအောက်ဘက်ဆီမှ စကားသံတစ်သံက ရုတ်တရက် ထွက်ပေါ်လာခဲ့လာတော့သည်။



"ကြူစိုက်စိန် ... ခင်ဗျားရောက်လာခဲ့ပြီကိုး"

လီကျင်းဆွေ ဆတ်ခနဲ တုန်သွားသည်။ ဒိတ်ခနဲ ရင်ခုန်သည်။ ရေတွင်းထဲတွင် အမှန်တကယ် လူရှိနေခဲ့ပြီ။ ပုန်းအောင်းနေခဲ့ပြီ။ မိမိကမတွေ့မြင်သော်လည်း မိမိရောက်လာသည်ကို တွေ့မြင်သိရှိသွားခဲ့ချေပြီ။

အသံက ခပ်အုပ်အုပ် ခပ်တိုးတိုးဖြစ်သော်လည်း မိမိ၏ ကုန်စုံဆိုင်တွင် နေ့စဉ်ဈေးလာဝယ်နေသော လူထူးကြီး၏အသံဖြစ်ကြောင်း လီကျင်းဆွေ ကောင်းစွာသိသည်။

ဘာလုပ်ရမည်မသိ။ ပြန်လှည့် ရမလား၊ အောက်သို့ဆင်းပြီး စုံစမ်းသင့်သလား။

"ရေတွင်းနှုတ်ခမ်းမှာရပ်ပြီး ဘာတွေစဉ်းစားနေတာလဲ၊ အောက်ကိုဆင်းလာခဲ့စမ်းပါဗျ ... ရင်းရင်းနှီးနှီးပေါ့"

ရေတွင်းအောက်တွင်ရှိနေသူမှာ ရန်သူ,မိတ်ဆွေ မကွဲပြားနိုင်သေး။ သို့သော် ဖိတ်ခေါ်လာသည့်စကားသံက ရန်လိုခြင်းမရှိ။ လိုက်လှဲဖော်ရွေမှုအပြည့်ပါသည်။

လီကျင်းဆွေ စဉ်းစားမနေတော့။ ဖြစ်လာမည့်ပြဿနာ နောက်မှကြည့်ရှင်းမည်ဟူသော အတွေးဆုံးဖြတ်ချက်နှင့်အတူ အိမ်မြောင်သဏ္ဍာန် ကုပ်တွယ်ကာ အောက်သို့ဆင်းလာခဲ့တော့သည်။

ရေတွင်းအောက်ခြေတွင် ရေမရှိ။ အောက်ခြေနှင့် လူတစ်ရပ်မရှိတရှိနေရာတွင် ဘေးသို့စောင်းကာ ဖောက်လုပ်ထားသော ဥမင်လမ်းလွဲလေးတစ်ခုရှိသည်။

လမ်းလွဲ လေးအတိုင်း ခြေလှမ်းငါးလှမ်းလောက် ဝင်မိလျှင် ဆယ်ပေပတ်လည် ခန့်ကျယ်ပြီး လူတစ်ယောက်မတ်တတ်ရပ်ရန် မလွတ်တလွတ်အမြင့် ရှိသည့် မြေအောက်လိုဏ်ဂူကို တွေ့ရသည်။

လီကျင်းဆွေ အပေါက်ဝမှ ရပ်ကြည့်၏။ မီးတိုင်တစ်တိုင် ထွန်းညှိထားသဖြင့် အလင်းရောင် လုံလုံလောက်လောက်ရသည်။ လူနှစ်ယောက်ကို တွေ့ရ၏။

တစ်ယောက်မှာ သူ့ကုန်စုံဆိုင်တွင် နို့စွရူဝဆားနှင့် ကြက်ဥလာဝယ်နေကျလူဖြစ်သည်။ ကျန်တစ်ယောက်မှာမူ ထူးခြားသည်။ တစ်ချိန်သောကာလက အရုပ်အမောင်းကောင်းကောင်း ထွားထွားကျိုင်းကျိုင်း သန်သန်မာမာ ရှိပုံရ၏။

ယခုမူကား ပိန်လှီခြောက်သွေ့သည်။ လူရုပ်မပီတော့လောက်အောင် မွဲခြောက်ခြောက်။ တချို့နေရာရှိ အသားအရေတို့က မီးလောင်ကျွမ်းသည့်အလား အရေခွံများ အက်ကွဲကာကွာကျနေသည့်နေရာက ကွာကျနေသည်။

အနာဖေးတတ်လျက် သန်ရည်များ ထွက်သည့်နေရာ ထွက်နေသည်။ အနာမှ ညှီစို့စို့အနံ့က အခန်းထဲတွင် လွှမ်းနေသည်။



ထိုသူသည် ခုတင်ကဲ့သို့ပြုလုပ်ထားသော စင်ကလေးတစ်ခုပေါ်တွင် လဲလျောင်းနေသည်။ သူ့ရှေ့တွင် ဆားပုံကြီးက မြင့်မောက်စွာ ရှိ၏။

ထိုသူသည် လှဲအိပ်နေရင်းမှ ဆားပုံကို လက်နှင့် ဆုပ်ကာ အားပါးတရ စားသောက်သည်။ ဆားတစ်ဆုပ်စားပြီးတိုင်း ရေတကောင်းထဲမှ ရေများကို တဂွပ်ဂွပ် မော့သောက်သည်။

တစ်ခါတစ်ခါတွင် ကြက်ဥအစိမ်းကို အလုံးလိုက်ဖောက်သောက်သည်။ အဘယ်ကြောင့် ဤမျှငန်သည့်ဆားများကို ထမင်းစားသလို အားပါးတရ စားသောက်နေကြောင်းကို လီကျင်းဆွေ မတွေးတတ်။

ထိုဆား စားသူ၏နံဘေး ထိုင်ခုံပုကလေးတစ်လုံးတွင် ဆားလာဝယ်သည့် အဝယ်တော်က ထိုင်နေသည်။ သူ့ရှေ့တွင် အရက်ကရား တစ်ကရားရှိပြီး ခွက်ထဲသို့ငှဲ့ကာ တကျိုက်ကျိုက် မော့သောက်သည်။

လီကျင်းဆွေအား နေရာပေးလိုက်ပြီးလျှင် ...

"ဟဲ ဟဲ ဟဲ ... တစ်နေ့နေ့မှာ ခင်ဗျား ကျုပ်ဆီကို ရောက်လာလိမ့်မယ်လို့ ကျုပ်ထင်ထားတာ ... အခုတော့ မှန်သွားပြီ"

"ကျုပ်ရောက်လာလိမ့်မယ်လို့ ခင်ဗျားက ဘာကြောင့်အတတ်ပြောနိုင်ရတာလဲ"

လီကျင်းဆွေ ထိုင်ခုံတစ်လုံးတွင်ဝင်ထိုင်ရင်း နားမလည်နိုင်ဟန်ဖြင့် မေးသည်။ ထိုသူက အရက်တစ်ခွက်ကို ထပ်ငှဲ့ထည့်ကာ တစ်ငုံသောက်လိုက်ပြီးမှ ...

"ဟား ဟား ဟား ... သိပ်ပြောနိုင်တာပေါ့၊ တကယ်လို့ ကျုပ်သာ ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက် ဖြစ်မယ်ဆိုရင် နေ့တိုင်း နေ့တိုင်း ဆားနှစ်ပိသာနဲ့ ကြက်ဉအလုံးနှစ်ဆယ် လာဝယ်တဲ့လူကို အံ့ဩမိမှာပဲ၊ အဲဒီလူအကြောင်းလည်း သိချင်မှာ အမှန်ပဲ"

ထိုသူက စကားကိုဖြတ်ပြီး လက်ကျန်အရက်ခွက်အား တစ်ကျိုက်တည်း အပြတ်ရှင်းသည်။ ထို့နောက် လီကျင်းဆွေကို ကြည့်ကာ ခနဲ့ပြုံး ပြုံးသည်။

"ဟင်း ဟင်း ဟင်း ... တကယ့်ကုန်စုံဆိုင်ရှင်တစ်ယောက်ဆိုရင်တော့ အံ့ဩတာနဲ့ သိချင်စိတ်ဖြစ်တာပဲ ရှိမယ်၊ သူတစ်ပါးကိစ္စကိုတော့ လိုက်ပြီးစွက်ဖက်မှာ မဟုတ်ဘူး၊ ချောင်းမြောင်းစုံစမ်းမှာ မဟုတ်ဘူး"

ဆားဝယ်သူက စကားဖြတ်ကာ လီကျင်းဆွေအား အဓိပ္ပာယ်ပါပါကြည့်၏။ လီကျင်းဆွေ စိတ်ထဲထင့်ခနဲဖြစ်၏။

"ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ"

ဆားဝယ်သူအား ပွင့်ပွင့်လင်းလင်းပင် ဖွင့်မေးပစ်လိုက်သည်။ ထိုသူကလည်း ပြောင်ပြောင်တင်းတင်းပင် ...



"ရှင်းပါတယ် ... ခင်ဗျားဟာ ကုန်စုံဆိုင်ရှင်အစစ် မဟုတ်ဘူးလို့ ပြောလိုက်တာပဲ"

"ဘာကြောင့် ဒီလို စွပ်စွဲရတာလဲ"

"စွပ်စွဲတာ မဟုတ်ဘူး ... မှန်တဲ့အတိုင်း ပြောနေတာ၊ ခင်ဗျားက ကျုပ်တို့အကြောင်းကို စပ်စပ်စုစုနဲ့ လိုက်စုံစမ်းသလို ကျုပ်တို့ကလည်း ခင်ဗျားအကြောင်းကို စုံစမ်းရတာပေါ့၊ ကုန်စုံဆိုင်ပိုင်ရှင် ကြူးစိုက်စိန်အကြောင်း ကျုပ်တို့ ကောင်းကောင်းသိတယ်၊ ဒီလူဟာ ရိုးရိုးအေးအေး နေတတ်တယ်၊ သူတစ်ပါးကိစ္စကိုလည်း ဝင်ပြီး မစပ်စု မစွက်ဖက်တတ်ဘူး"

လီကျင်းဆွေ ခနဲ့ပြုံးပြုံး၏။

"ဒီလောက်ကလေး ကွဲပြားတာနဲ့ ကျုပ်ကို ကြူးစိုက်စိန် မဟုတ်ဘူးလို့ ခွဲခြားသတ်မှတ်တာတော့ အံ့ပါရဲ့ဗျာ"

"အံ့မနေနဲ့ဦးလေ ... တစ်ခုချင်း ဆက်ရှင်းပြပေါ့မယ်၊ ကျုပ်တို့ကလည်း မခိုင်လုံ၊မတိကျဘဲနဲ့ မပြောတတ်ပါဘူး"

"လုပ်စမ်းပါဦးဗျာ ... နားထောင်ကြည့်ရတာပေါ့"

ဆားစားသူသည် စကားတစ်ခွန်းမျှ ဝင်မပြောသေး။ ဆားကိုသာ တစ်ဆုပ်ပြီးတစ်ဆုပ်စားသည်။ ရေကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်သည်။

လီကျင်းဆွေရောက်လာခါစက တွေ့ရသော နှစ်ပိသာခန့်

ဆားပုံကြီးမှာ တစ်ဝက်ကျိုးသွားပြီ။ ကြက်ဥလည်း ဆယ်လုံးခန့် သောက်ပြီးနေပြီ။ ဆားဝယ်သူသည် လီကျင်းဆွေကို ပြုံးကာ ကြည့်သည်။

သူ့အကြည့်က မင်း ငယ်ပါသေးတယ်၊ နုပါသေးတယ်ဆို သော အကြည့်မျိုး၊ အပြုံးမျိုးဖြစ်၏။ ကျေနပ်လောက်အောင် ပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်ပြီးမှ ...

"ခင်ဗျားဟာ ကြူစိုက်စိန်နဲ့ တစ်ထေရာတည်းတူအောင် လုပ်နိုင်ပေမယ့် အကျင့်စရိုက်ချင်းက တစ်ပုံစံတည်း မဟုတ်လေတော့ သေသေချာချာ ခွဲခြားကြည့်တဲ့သူအတွက် ကွင်းကွင်းကွက်ကွက် ထင်ထင်ရှားရှား တွေ့မြင်လာတာပေါ့၊ ပထမအချက် ခင်ဗျားရဲ့လက်သည်းတွေက သိပ်သန့်ရှင်းတယ်၊ ချေးညှော်မရှိဘဲ အမြဲတမ်း တိတိရိရိ လှီးဖြတ်ထားတာကို တွေ့ရတယ်၊ နောက်တစ်ချက်က ခင်ဗျားခေါင်းဟာ အမြဲတမ်းဆီထည့်ပြီး ကျကျနန ဖြီးသင်ထားတာတွေ့ရတယ်၊ သျှောင်ကိုလည်း ဆံပင်မွေးတစ်မျှင် အပြင်မထွက်အောင် ကျစ်လျစ်သိမ်းထုတ်တတ်တယ်၊ အဝတ်အစားကိုလည်း သန့်သန့်ပြန့်ပြန့် သေသေသပ်သပ် ဝတ်တတ်တယ်၊ ကြူစိုက်စိန်က ဒီလိုမဟုတ်ဘူး၊ သူ့ကိုယ်သူ သ,မနေတတ်ဘူး၊ ဖိုသီဖတ်သီ မဟုတ်ရင်တောင်မှ ဖြစ်သလို ဝတ်စားဆင်ယင်တတ်တယ်၊ ဒီအချက် ကွာပြီဆိုကတည်းက ခင်ဗျားဟာ ကြူစိုက်စိန်မဟုတ်နိုင်တော့ဘူးဆိုတာ သိလာတယ်"



လီကျင်းဆွေ မျက်လုံးပြူးသွားရသည်။ ကြူစိုက်စိန်ကို သူ သရုပ်ခွဲမကြည့်ဖူးသော်လည်း ဆားဝယ်သူ၏စကားတို့က ဖြစ်နိုင်ခြေ ရှိသည်။ ယထာဘူတကျသည်။

လူတို့ သတိမထားမိသည့် အသေးအမွှားကိစ္စကလေးများသည် တစ်ခါ တစ်ခါ ကြီးမားနက်ရှိုင်းသော ပြဿနာကြီးများအဖြစ် ဖန်တီးရောက်ရှိလာတတ်သည် မဟုတ်ပါလား။

လီကျင်းဆွေ မငြင်းနိုင်။ ငြင်းဆိုရန် စကားလုံးရှာမရ။ ဆားဝယ်သူကသာ တည်ငြိမ်စွာပင် ဆက်ပြောလာသည်။

"ခင်ဗျားရဲ့ အနေအထိုင် အကျင့်စရိုက် ဒီလောက်သန့်သန့်ပြန့်ပြန့် သပ်သပ်ရပ်ရပ်ကြိုက်နေလေတော့ သာမန်လူတစ်ယောက် မဖြစ်နိုင်ဘူး၊ ကုန်စုံဆိုင်ပိုင်ရှင်အဆင့်လောက်သာရှိတဲ့ လူတစ်ယောက်မဖြစ်နိုင်ဘူးဆိုတာ စဉ်းစားမိတယ်၊ ဒါဖြင့် ခင်ဗျားဟာ ဘာကြောင့် ကြူစိုက်စိန် အယောင်ဆောင်ရတာလဲ၊ ဘာမှအမိပွာယ် မရှိတဲ့လူတစ်ယောက်နေရာမှာ အစားထိုးဝင်ရောက်နေရတာလဲဆိုတာ စဉ်းစားကြည့်မိတယ်၊ လွယ်လွယ်စဉ်းစားလို့တော့ မရဘူးပေါ့ဗျာ

... တော်တော့်ကလေး အချိန်ယူပြီး တွေးတောဆင်ခြင်ကြည့်မှ အဖြေမှန်ကို မှန်းဆလာနိုင်တယ်"

ဆားဝယ်သူ၏ အပိုင်အနိုင်ပြောချလိုက်သောစကားကြောင့် လီကျင်းဆွေရင်ထဲတွင် ထိတ်သွား၏။ အကြီးအကျယ် စိုးရိမ်ပူ၏။

ဒီလူတွေ ဘယ်သူတွေလဲ၊ ငါ့အကြောင်းကို ဘယ်လောက်များသိထားလေပြီလဲ၊ ဘာကြောင့် ရေတွင်းထဲခေါ်ပြီး ငါ့ကို ဒီအကြောင်းတွေ ရှင်းပြနေရတာလဲ၊ လုပ်ကြံမလို့လား၊ ဘယ်လိုရည်ရွယ်ချက်တွေများ ထားရှိနေလေသလဲ ...။

လီကျင်းဆွေရင်ထဲ သံသယဝင်လာ၏။ အန္တရာယ်တစ်စုံတစ်ခု တွေ့ကြုံလျှင် ရင်ဆိုင်နိုင် ရန်အတွက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုများ ပြုထား၏။ စောဒကတက်ခြင်း၊ စကားဆိုခြင်း မရှိ။ ဆားဝယ်သူ ဆက်ပြောမည့်စကားတို့ကိုသာ နားစွင့်ထောင်သည်။

"ခင်ဗျားနဲ့ ပတ်သက်လို့ ကျုပ်တို့ အချက်နှစ်ချက် တွေးတောမှန်းဆမိခဲ့တယ်၊ ခင်ဗျားကို အလို ဗိုဗိုရိရိ ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးနိုင်တာဟာ ပန်းလက်ဝါးအဘိုးကြီး ဝမ်ဟာန်နင်က လွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ ပန်းလက်ဝါးဆိုတဲ့အဘိုးကြီးက လူတစ်မျိုး၊ ပေါင်းရသိပ်ခက်တယ်၊ သူနဲ့ အရင်းနှီးဆုံး၊ အခင်မင်ဆုံးပုဂ္ဂိုလ်က သတင်းစုံ ယစ်ထုတ်ကြီး ဂူချင်တိတ်ပဲ၊ ဂူချင်တိတ်ကလွဲလို့ ဝမ်ဟာန်နင်ရဲ့အကူအညီကို ဘယ်သူမှမရယူနိုင်ဘူး၊ ဒီတော့ ... ခင်ဗျားဟာ သူတို့



နှစ်ယောက်နဲ့ ပတ်သက်နေတဲ့လူတစ်ယောက် ဖြစ်ရမယ်ဆိုတာ တွေးမိ တယ်"

လီကျင်းဆွေ မျက်မှောင်ကြုတ်၏။ ဆားဝယ်သူသည် အရက်ကို အတော်ကလေး ကြိုက်နှစ်သက်ဟန်တူသည်။ ကရားထဲမှ အရက်ကို ခွက်ထဲငှဲ့ကာ တစ်ကျိုက်သောက်ပြန်သည်။

သူ့အတွက် အမြည်းမလို။ ရေမလို။ အရက်ကို ရေလိုသောက်တတ်သူတစ်ဦးပင်တည်း။ အရက် ဤမျှသောက်ထားသော်လည်း မူးဟန်မတူ။ အာလေးလျှာလေး မဖြစ်။ ကြည်ကြည်မပျက်ပင် စကားဆိုနိုင်၏။

"နောက်တစ်ချက်ကတော့ ခင်ဗျားဟာ အဆင့်မြင့်မြင့် အသိုက်အဝန်းထဲက လူတစ်ယောက်ဖြစ်ရမယ်၊ ကြီးမားတဲ့ပြဿနာ အကြောင်းအချက်, ဒါမှမဟုတ် အန္တရာယ်တစ်ခုခုကြောင့် ကိုယ်ယောင်ဖျောက် ဖာတ်မြှုပ်နေကာဖြစ်ရမယ်လို့ ကျုပ်တို့တွေးမိတယ်၊ တကယ်တော့ ခင်ဗျား ကျုပ်တို့အကြောင်း သိသွားလို့လည်း ကိစ္စမရှိပါဘူး၊ ဒါကြောင့် ခင်ဗျားဆိုင်မှာ သံသယဝင်မယ်ဆိုတာ သိလျက်နဲ့ ဘယ်ဆိုင်ကိုမှ မပြောင်းဘဲ ဆားနဲ့ကြက်ဥတွေ ဝယ်ဝယ်နေတာပဲ၊ ခင်ဗျား ကျုပ်တို့ဆီလာပြီး စုံစမ်းမေးမြန်းရင်လည်း အကြောင်းစုံကို အမှန်အတိုင်း ဖွင့်ပြောပြဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ ကဲ ... ခင်ဗျား ကျုပ်တို့ကို ဘာမေးချင်သလဲ ... မေးပေတော့"

"ခင်ဗျားလေသံက တစ်မျိုးပါလား၊ ကျုပ်ကို သိချင်တာတွေ ပြောပြပြီးတာနဲ့ နှုတ်ပိတ်ပစ်လိုက်မယ်လို့ စိတ်ကူးထားသလား"

လီကျင်းဆွေအမေးစကားကြောင့် ဆားဝယ်သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဟာ ... ဒီလိုသဘောမျိုး သက်ရောက်သွားရင် ကျုပ် ... တောင်းပန်ပါတယ်၊ ကျုပ် ဒီသဘောမျိုးနဲ့ ပြောတာ မဟုတ်ပါဘူး၊ ကျုပ်က ရိုးရိုးသားသား ဘဝတူ ပုန်းအောင်းနေကြသူချင်းမို့ ခင်မင်ရင်းနှီးအောင် ပြောလိုက်တာပါ၊ ပြီးတော့ ခင်ဗျားက ဂူချင်တိတ်နဲ့ ပတ်သက်နေတဲ့သူပဲ၊ ဘယ်လိုလုပ်ပြီး ကျုပ်တို့ ထိပါးဝံ့ပါ့မလဲဗျာ"

"မသိဘူးလေဗျာ ... ခင်ဗျားစကားက သိချင်တာရှိရင် မေးထား၊ နောက်မှ မသိလိုက်ရဘဲနေမယ်ဆိုတဲ့သဘောမျိုး သက်ရောက်နေလို့ပါ"

"ဟား ဟား ဟား ... ခင်ဗျားက အမိပ္ပာယ်လွဲကောက်နေတာကိုး၊ အဲ ... နောက်တစ်ချက်ရှိသေးတယ် ... ခင်ဗျားဟာ ကျုပ်တို့ တွေးဆသတ်မှတ်ထားတဲ့ လူတစ်ယောက်ဖြစ်နေရင် ခင်ဗျားကို နှုတ်ပိတ်ဖို့နေနေသာသာ ခင်ဗျားလက်ချက်နဲ့တောင် ကျုပ်တို့ အလူးအလဲခံသွားရမှာ သေချာနေတယ်"

"ခင်ဗျားတို့က ကျုပ်ကို ဘယ်သူလို့ တွေးဆသတ်မှတ်ထားကြလို့လဲ"



"မိုးပျံနဂါးဂိုဏ်းချုပ်ကြီးရဲ့သား တိမ်ပျံနဂါး လီကျင်းဆွေလေ"

"ဘာ ... လီကျင်းဆွေ ... ဟုတ်လား"

လီကျင်းဆွေ ထခုန်မိမတတ်ပင် ဖြစ်သွား၏။ အထိတ်တလန့် အော်ဟစ်လိုက်သံက ရေတွင်းပျက်ကြီးတစ်ခုလုံး ပဲ့တင်ထပ်လုမတတ် ကျယ်လောင်သွား၏။ စိတ်ထဲတွင်လည်း အကြီးအကျယ်ပင် အံ့အားသင့်သည်။

မိမိတို့ ပိပိရိရိရှိလှပြီဟု ထင်မှတ်ထားသောကိစ္စများ အလွဲလွဲအချော်ချော်တွေ ဖြစ်နေကြပြီလားဟုလည်း စိုးရိမ်ပူပန်မိသည်။ ပျက်ပြားသွားသောအမူအရာကိုပင် ဟန်ဆောင်ခြင်း မပြုနိုင်။

သူ့ အမူအရာပျက်ကာ လှုပ်လှုပ်ရှားရှားဖြစ်သလောက် ဆားဝယ်သူမှာမူ တည်ငြိမ်နေ၏။

"ခင်ဗျားဟာ တိမ်နဂါးလီကျင်းဆွေကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး"

"သေချာလှချည်လား"

"သေချာရမယ်လေ၊ ခင်ဗျားကသာ ဘာမှမသိတယ် ... အခုအချိန်မှာ သိုင်းလောကကြီးတစ်ခုလုံး လှုပ်လှုပ်ရွရွဖြစ်နေကြပြီ၊ ယွင်နန်တောင်ခြေအဖြစ်အပျက်နဲ့ပတ်သက်ပြီး သိုင်းလောကသား အားလုံးက လီကျင်းဆွေကို လိုက်ရှာနေကြပြီ၊ သစ္စာကိုယ်တော်သုံးပါးရဲ့ မိသားစုတွေနဲ့ ထင်ရှားတဲ့ အဖြူရောင်သိုင်းဂိုဏ်းကြီး ရှစ်ဂိုဏ်းက

လီကျင်းဆွေကို ဖမ်းပေးနိုင်ရင် ဆုငွေပေးမယ်လို့ ကြေညာချက်ထုတ်ပြန်ထားတယ်၊ လက်ရွေးစင်သိုင်းသမားအကျော်အမော်ငါးဆယ်ကလည်း လီကျင်းဆွေကို မြေလှန်ရှာဖွေနေကြတယ်၊ သတင်းနဲ့ လိုက်ခံနေကြတယ်"

လီကျင်းဆွေစိတ်ထဲ အတော်ကလေး တုန်လှုပ်မိသည်။ သူဇာတ်မြုပ်ခိုအောင်းနေသည့် နှစ်လခန့်အတွင်း သိုင်းလောကဥ္စ ဤမျှဖြစ်ပျက်ပြောင်းလဲသွားလိမ့်မည်ဟု သူမထင်ခဲ့။

သူ့အပေါ်တွင် လုပ်ကြံသူတာရားခံအဖြစ် သံသယဝင်ယိုးစွပ်ကြမည်ဟု နားလည်သော်လည်း ဤမျှ အပြင်းအထန် တနာတကြည်း ဖြစ်လိမ့်မည်ဟု မထင်ခဲ့။

မိန်မိန်နှင့်ဝူချင်တိတ်တို့နှစ်ယောက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကို အထူးကျေးဇူးတင်မိသည်။ ဝူချင်တိတ်နှင့် မိန်မိန်တို့သာ မရှိခဲ့လျှင် သူ့ဘဝကို မတွေးရဲ။

ဘယ်လိုဖြစ်၍ ဘာတွေဖြစ်ကုန်ပြီကို မမှန်းဆလို့။ တစ်ခုတော့ သူပြောရဲသည်။ ယခုအချိန်ထိ သူ့အသက်နှင့် ခန္ဓာကိုယ် တည်မြဲမှုရှိရန် မကျိန်းသေခြင်းပင်တည်း။

ဆားဝယ်သူက စကားဆက်သည်။

"သိုင်းလောကတစ်ခုလုံး ဒီလောက်အထိ လှုပ်လှုပ်ရှားရှား အုန်းအုန်းကျွက်ကျွက်ဖြစ်နေတဲ့အချိန်မှာ, လီကျင်းဆွေကို အသေရရ



အရှင်ရရ လိုက်ရှာနေကြတဲ့အချိန်မှာ လမ်းတေလေဂိုဏ်းကြီးကတော့ ရေငုံနှုတ်ပိတ်ပြီး ငြိမ်သက်နေတယ်၊ "စီခနဲဆိုရင် ရှေ့ဆုံးကရောက်တတ်တဲ့ လမ်းတေလေဂိုဏ်းသားတွေ ခြေငြိမ်နေကြတယ်၊ ဒါတွေကို ဆက်စပ်တွေးတောလိုက်တော့ အဖြေတစ်ခု ထွက်လာတယ်၊ အဲဒါကတော့ လမ်းတေလေဂိုဏ်းရဲ့ ဦးစီးနာယကကြီး ဝူချင်တိတ်နဲ့ လီကျင်းဆွေဟာ အချိတ်အဆက်ရှိနေရမယ်၊ ပတ်သက်မှုရှိနေရမယ်ဆိုတာပဲ၊ အားလုံးကို ခြုံငုံသုံးသပ်လိုက်ဆိုရင် လီကျင်းဆွေဟာ ဘယ်ကို ဇာတ်မြုပ်ရှောင်တိမ်းနေမလဲ၊ ကြုံကိုက်စိန်လို မထင်မရှား ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက်အဖြစ် ရုပ်ဖျက်ပြီး ကိုယ်ယောင်ဖျောက်နေမယ်ဆိုတာ ခန့်မှန်းမိလို့ ကွင်းဆက်တစ်ခုပြီးတစ်ခု ပေါ်လာတာပေါ့"

ဆားဝယ်သူသည် စကားဆုံးသည်နှင့် လီကျင်းဆွေအား မျက်ခုံးပင့် မေးဝင့်ကြည့်သည်။ ကျုပ်ပြောတာ မှန်တယ်မဟုတ်ဘူးလား ... ဟူသောသဘောမျိုး။ လီကျင်းဆွေက ဂရုမစိုက်ဟန် ခေါင်းမော့ရင်ကော့လိုက်သည်။ ဆားဝယ်သူကို စူးစူးရဲရဲကြည့်လျက် ...

"ခင်ဗျား ဒီလောက်တောင် တိတိကျကျ ပိုင်ပိုင်နိုင်နိုင် ဖြစ်နေတာ ကျုပ်ကို အချိန်ကုန်,လေကုန်ခံပြီး ရှင်းပြနေစရာ မလိုပါဘူး"

"ကျုပ်ရှင်းပြနေတာကို ခင်ဗျားက ဘယ်လိုထင်လို့တုံး"

"ဘယ်လိုထင်ရမှာလဲ ... ခင်ဗျားတို့ ကျုပ်ကိုဖမ်းပြီး ဆုငွေထုတ်ချင်လို့မဟုတ်လား"

"ဟား ဟား ဟား ... ခင်ဗျားမှားသွားပြန်ပြီ"

"ဘာမှားတာလဲ ... အခုချိန်မှာ ကျုပ်ကိုယ်ဟာ ငွေတုံးကြီး တစ်တုံးဖြစ်နေပြီလို့ ခင်ဗျားပြောထားခဲ့တယ်မဟုတ်လား။ ဒီလောက်များတဲ့ငွေတွေကို ခင်ဗျားမလိုချင်ဘူးလား"

"မင်းက တို့ကို ငွေမက်တဲ့လူလို့ ထင်နေလို့လား"

ဆားကို အားရပါးရစားနေသူက ဝင်ပြောသည်။ ဆားပုံကြီးမှာ သုံးချိုးနှစ်ချိုးခန့် ကုန်သွားသလို ကြက်ဥသည်လည်း ဆယ့်ငါးလုံးခန့် ကုန်သွားပြီးဖြစ်၏။ သူ၏ သွေးဆုတ်ဖြူရော်နေသော မျက်နှာမှာ သွေးရောင် အနည်းငယ်ပြန်သန်းလာသည်။

စကားတစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်နေရာမှ တစ်ခွန်းဆိုဆိုသလောက် အင်နှင့်အားနှင့် ပြောသည်။ လီကျင်းဆွေ ဘာမျှမပြော။ ထိုသူ ဘာဆက်ပြောလာမည်ကိုသာ ငြိမ်နားထောင်နေမိသည်။

"မင်းသိထားဖို့က တို့ဟာ လူကောင်းတွေတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ယုတ်မာတဲ့စိတ်ဓာတ် ဘယ်တော့မှမမွေးဘူး၊ ကိုယ်ကျိုးစီးပွားအတွက် လူတစ်ယောက်ကို ဒုက္ခပေးရောင်းမစားဘူး၊ မင်းဟာ သိုင်းလောကသားတွေစွပ်စွဲယူဆကြသလို လုပ်ကြံတဲ့လူတစ်ယောက်၊ အပြစ်ကျူးလွန်တဲ့လူတစ်ယောက်မဟုတ်ဘူးဆိုတာ ငါတို့ ယုံကြည်ထားတယ်၊ ပြီးတော့ ခုနက ငါ့ရဲ့သွေးသောက်ညီတော်ပြောသလို



မင်းနဲ့ငါတို့ဟာ ဘဝတူတွေပဲ၊ မင်းကို ဆုငွေထုတ်ကြေငြာထားသလို ငါ့ခေါင်းအတွက် ထုတ်ထားတဲ့ဆုငွေကလည်း မနည်းဘူး၊ ကိုယ်လိုအချင်းချင်းကို ကိုယ်ချင်းစာတယ်၊ တကယ်လို့ မင်းကိုဖမ်းပြီး ဆုငွေထုတ်ယူနိုင်တဲ့အခြေအနေ ရှိနေရင်တောင်မှ ဖမ်းမှာမဟုတ်ဘူးဆိုတာ မင်းယုံကြည်ထားပါ"

ဆားစားသူက အလေးအနက်ပင်ပြောသည်။ သူ့အသွင်က ပိန်လှီချည့်နဲ့နေသော်လည်း စကားပြောရာတွင် မာန်ပါသည်။

ကိုယ့်စကားအတွက်ကိုယ် ယုံကြည်မှုအပြည့်ရှိသည်။ ပြောလျှင် ပြောသည့်အတိုင်းလုပ်ပြီး တစ်ချိန်တစ်ခါက ဩဇာအာဏာအရှိန်အဝါရှိမည့် ပုံစံမျိုးဖြစ်သည်။

လူကောင်းတွေတော့ မဟုတ်ဘူးဟုဆိုသော်လည်း ပရမ်းပတာလူဆိုးများမဟုတ်ဘဲ သစ္စာတရားစောင့်သိသော လူဆိုးများဖြစ်လိမ့်မည်ဟု လီကျင်းဆွေ အကဲခတ်သဘောပေါက်မိသည်။

"ကျုပ်က အပြစ်မရှိတဲ့လူတစ်ယောက်၊ အထင်လွဲခံနေရတဲ့လူတစ်ယောက်လို့ ခင်ဗျားတို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

"ဝူချင်တိတ်အကြောင်းကို မင်းထက်နောကျေအောင် သိထားလို့ပဲ၊ ဝူချင်တိတ်ဆိုတဲ့လူဟာ သာမန်လူတစ်ယောက် မဟုတ်ဘူး၊ အရက်ကို အမြဲမပြတ်သောက်နေပေမယ့် အမှန်တရား၊သစ္စာတရားနဲ့ ပတ်သက်လာရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ဘူး၊ မှန်တဲ့ဘက်က

ရပ်တည်တတ်တယ်၊ တကယ်လို့ မင်း အထင်လွဲခံရတဲ့ လူတစ်ယောက်မဟုတ်ဘဲ အမှန်တကယ် အပြစ်ရှိတဲ့လူတစ်ယောက်ဆိုရင် သူ မင်းကို ကူညီမတဲ့လား ... သူကိုယ်တိုင် ထိုက်တန်တဲ့အပြစ်တွေ ပေးလိုက်တော့မှာပေါ့"

"ဒီအကြောင်းတွေ ပြောနေတာကတော့ ဟုတ်ပါပြီ ... ခင်ဗျားကဘယ်သူလဲ"

"ငါလည်း မင်းလိုအထင်လွဲခံနေရတဲ့ လူတစ်ယောက်ပဲ၊ ငါ့ကိုလည်း မင်းလို ဆုငွေထုတ်ထားကြတယ်လေ"

ထိုသူက စကားအဆုံးတွင် ရယ်မောခြင်းပြု၏။ ရယ်သည်ဆိုသော်လည်း ရယ်ခြင်းမမည်။ မချိတင်ကဲအသံ၊ နာကြည်းဟန်တို့ အပြည့်ပါဝင်နေသည်။ လီကျင်းဆွေပင်လျှင် ထိုသူကိုကြည့်ပြီး စိတ်မကောင်းဖြစ်မိ၏။

မည်သို့အထင်လွဲခြင်းခံနေရကြောင်း သိလိုသော်လည်း နှုတ်စောင့်စည်းနေလိုက်၏။

ထိုသူ၏ စကားတစ်ခွန်း၊ နှစ်ခွန်း နားထောင်ရုံနှင့် အမှန်များပြောဆိုခြင်းဖြစ်လိမ့်မည်ဟု ယုံကြည်သွား၏။

"ငါလို ရာဇဝင်လူဆိုးတစ်ယောက်က ပြောတဲ့စကားကို မင်းနားမှာ ကိုးလိုးကန့်လန့်ကြီး ဖြစ်နေကောင်းဖြစ်နေလိမ့်မယ်၊ ငါကလည်း စကားကို အခြေအမြစ်မရှိဘဲ အလွတ်မဲ့ မပြောတတ်ဘူး၊



အမှန်တရားဆိုတာ အောင်မြင်မှုရမှာပဲ၊ တစ်နေ့နေ့ကျရင် မှန်တဲ့အတိုင်း ဖြစ်ပေါ်လာမှာပဲဆိုတာ လောကရဲ့သစ္စာတရားပဲ၊ ဒါပေမဲ့ အမှန်တရားဘက်က အင်အားနည်းနေတဲ့အချိန်မှာ မဟုတ်မမှန်တာတွေက အနိုင်ယူနေမှာပဲ၊ အမှန်တရားလည်း တိမ်မြုပ်ပျောက်ကွယ်နေမှာပဲ၊ ဒါ့ကြောင့် ငါ့ကိုယ်ငါ အထင်လွဲခံနေရတဲ့ လူတစ်ယောက်လို့ ဘယ်လောက်ပဲပြောနေပြောနေ မင်း ယုံချင်မှ ယုံလိမ့်မယ်၊ ငါ့အဖြစ်အပျက်တွေကို မင်းကိုပြောပြဖို့လည်း မကြိုးစားဘူး"

"ကျုပ်ယုံကြည်ပါတယ်၊ အထူးသဖြင့် ခင်ဗျားတို့ ကျုပ်ကိုရောင်းမစားဘူး၊ ကျုပ်နစ်နာအောင် မလုပ်ဘူးဆိုတာ ကျုပ် ယုံကြည်တယ်"

"ငါတို့ကလည်း မင်းကို ယုံကြည်ပါတယ်ကွာ"

ဆားဝယ်သူက ပြောပြောဆိုပင် လီကျင်းဆွေ၏ ညာလက်ကို လှမ်းပြီးဆုပ်ကိုင်သည်။ ထိုသူ၏လက်ဝါးမှာ ကြီးမားသလောက် ကြမ်းထော်နေသည်။

စိတ်ကြမ်းလူကြမ်းသမားတစ်ယောက်ဖြစ် ကြောင်း သိသာနိုင်သည်။ လီကျင်းဆွေမှာ ထိုသူ၏လှိုက်လှိုက်လှဲလှဲ ဆုပ်ကိုင်ခြင်း ခံလိုက်ရလျှင် ရင်ထဲအလိုလိုပင် ကြည်နူးအားရစိတ် ဖြစ်ပေါ်လာ၏။ ထိုစိတ်ကြောင့်ပင် ဆားစားသူ၏လက်ကို အားစိုက်ညှစ်လိုက်မိ၏။

"တို့တစ်တွေ သိက္ခမ်းရင်းနှီးကြတာ သိပ်နောက်ကျသွားပြီ ကွာ၊ အခုဆိုရင် ငါဟာ မင်းတွေ့တဲ့အတိုင်းပဲ ... အတွင်းဒဏ်ပြင်းပြင်း ထန်ထန်ရထားတယ်၊ မင်းအတွက် ဘယ်လိုမှ အကူအညီမပေးနိုင် တော့ဘူး၊ မင်းကို ငါတို့ရဲ့မိတ်ဆွေကောင်းတစ်ယောက်အဖြစ် အသိ အမှတ်ပြုချင်ပေမယ့် မဖြစ်နိုင်တော့ဘူး၊ အကူအညီမပေးနိုင်ဘဲ မိတ်ဆွေကောင်းအဖြစ်ခံယူရမှာ ငါ့စိတ်ထဲ မသန့်သလိုပဲ"

ဆားစားသူက စိတ်ထဲတွင်ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း လှိုက်လှိုက်လှဲလှဲပင်ပြောသည်။ ထိုစကားကြောင့် လီကျင်းဆွေထဲ ဝမ်းသာသလိုလို ဝမ်းနည်းသလိုလို ဟာတာတာကြီးဖြစ်မိ၏။

"ဘာလို့ နောက်ကျရမှာလဲဗျာ၊ အခုလည်း မိတ်ဆွေကောင်း အဖြစ် သတ်မှတ်ပေါင်းသင်းလို့ ရနိုင်ပါတယ်၊ မိတ်ဆွေစစ်, မိတ် ဆွေမှန်ဆိုတာ ကိုယ်ကအကူအညီရမှ ပေါင်းလို့ဖြစ်တာ မဟုတ်ပါ ဘူး၊ ကိုယ်က အကူအညီမပေးနိုင်လို့ မပေါင်းရဘူးလို့လည်း မသတ် မှတ်နိုင်ပါဘူး၊ ကျုပ်က လူတစ်ယောက်ကို ကိုယ့်အကျိုးအတွက် အမြတ်ထုတ်ပြီးပေါင်းတတ်တဲ့ တိုက်ဆိုင်မယ်ဆိုရင် အဲဒီလူဟာ ဘယ် လိုလူမျိုးပဲဖြစ်ဖြစ် ကျုပ်ကျေကျေနပ်နပ်နဲ့ မိတ်ဆွေအဖြစ် ဆက်ဆံ ပေါင်းသင်းတတ်တယ်၊ ခင်ဗျားတို့စိတ်ဓာတ်ကို ကျုပ်သဘောကျ တယ်၊ကျုပ်အနေနဲ့ မိတ်ဆွေကောင်းအဖြစ် သတ်မှတ်ပေါင်းသင်းလို့ ရမယ်လို့ ယူဆတယ်"



လီကျင်းဆွေစကားကြောင့် ဆားစားသူမျက်နှာကလေး နွမ်း နိုင်းနေရာမှ ကြည်လင်ဝင်းပလာသည်။ လီကျင်းဆွေအား ယုံကြည် ခင်မင်မှု အပြည့်ရှိဟန်လည်း ပေါ်လွင်လာ၏။

"ကောင်းပြီ ... မင်း ဘယ်သူပဲဖြစ်နေဖြစ်နေ, တို့ယူဆထား သလို လီကျင်းဆွေ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ... မင်းကို ငါတို့ရဲ့ မိတ်ဆွေကောင်း တစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက် ပြီ"

ဆားစားသူလေးသံက သိသိသာသာပင် တုန်ယင်လာ၏။ စိတ်လှုပ်ရှားလွန်းသောကြောင့် မျက်ရည်ကလေးများ ရစ်ဝဲလာသည်။ ယခုမှ တွေ့ဆုံကြသူများပင်ဖြစ်သော်လည်း တစ်ယောက်၏ စိတ် သဘောထားကို တစ်ယောက်က ယုံကြည်နားလည်သောကြောင့် မိတ်ဆွေကောင်းများအဖြစ် အသိအမှတ်ပြုလိုက်ကြချေပြီ။

တစ်ယောက်ကိုတစ်ယောက် သွေးသောက်ညီနောင် မဖွဲ့ သော်လည်း အသက်ပေးကာကွယ်ရန် သတ်မှတ်ဆုံးဖြတ်လိုက်ချေ ပြီ။ လီကျင်းဆွေ ကြာကြာဆက်မနေ။ ထိုသူများ၏အမည်နာမကိုပင် မမေးဘဲ ရေတွင်းထဲမှာ ပြန်လည်ထွက်ခွာလာတော့သည်။

❋ ❋ ❋

## အခန်း (၁၁)

အမှောင်က ပို၍ရင့်ကျက်လာသည်။ ညလေပြည်တို့ တိုက်ခတ်နေသဖြင့် အေးစိမ့်စိမ့်ရှိလှ၏။ လီကျင်းဆွေသည် အမှောင်ထုကိုအားပြုလျက် ကုန်စုံဆိုင်ကလေးဆီသို့ ပြန်လာသည်။ စောင့်ဆိုင်းနေသော လိန်လိန့်ကို သူတွေ့ကြုံဖြစ်ပျက်ခဲ့သည်တို့အား ပြန်လည်ပြောပြသည်။

လိန်လိန်သည် လီကျင်းဆွေ၏ရိုးသားမှု၊ စောင့်ထိန်းနိုင်မှု၊ သစ္စာရှိမှုတို့ကို သိရှိနားလည်ထားပြီးဖြစ်၏။ ထိုအတွက် လီကျင်းဆွေအပေါ် ခင်မင်ရင်နှီးမှု ရှိနေပြီဖြစ်၏။

သံယောဇဉ်အနည်းငယ် တွယ်မိနေပြီဖြစ်၏။ လီကျင်းဆွေက ရေတွင်းထဲမှာ လူနှစ်ယောက်နှင့် မိတ်ဆွေဖွဲ့လာခဲ့ပြီဆိုသောစကားကို ကြားရလျှင် ဘဝင်မကျနိုင်အောင် ဖြစ်သွား၏။

"ဒီမယ် ... ရှင်က ဘာဖြစ်လို့ အဲဒီလူတွေနဲ့ မိတ်ဆွေဖွဲ့လိုက်ရတာလဲ၊ ဘယ်လိုလူစားမျိုးတွေဆိုတာ အကျိုးအကြောင်းမသိဘဲ မိတ်ဆွေဖွဲ့ခဲ့တာ အမှားမဖြစ်နိုင်ဘူးလို့ ပြောနိုင်သလား"



"ဟာ ... မဖြစ်နိုင်ပါဘူးကွာ၊ ဘာပဲပြောပြော ငါကတော့ သူတို့ကို မိတ်ဆွေကောင်းတွေအဖြစ် ဆက်ပြီး အသိအမှတ်ပြုသွားရမှာပဲ"

လီကျင်းဆွေက ဇွတ်အတင်းကြီးပင် ပြောသည်။ လိန်လိန်မျက်မှောင်ကြုတ်သွား၏။

"ရှင်က ရိုးသလောက် အ,သလောက် တစ်ဇွတ်ထိုး တဇောက်ကန်း သိပ်လုပ်ချင်တာပဲ၊ ဘာကြောင့် ရှင်က သူတို့ကို ဒီလောက်အထိ ခင်မင်သံယောဇဉ် ရှိချင်နေရတာလဲ"

"ဘာကြောင့်မှမဟုတ်ဘူး၊ သူတို့နဲ့ငါဟာ ဘဝတူတွေဖြစ်နေကြတယ်၊ ပြီးတော့ ... ငါ့ရင်ထဲမှာ သူတို့ဟာသစ္စာစောင့်သိတဲ့လူတွေ၊ မိတ်ဆွေ အပေါင်းအသင်းအတွက် အသက်စွန့်ပုံတဲ့သူတွေလို့ ယုံကြည်ထင်မြင်နေလို့ပဲ"

လီကျင်းဆွေ ... သူ့အမြင်၊ သူ့ယူဆချက်တို့ကို ပြောပြသည်။

လိန်လိန်က သူ့ကိုကရုဏာသက်သောအကြည့်ဖြင့် ကြည့်သည်။

သက်ပြင်းလေးကြီးတစ်ချက်ကိုချကာ ...

"အင်း ... ရှင်က ယုံကြည်လွယ်သလောက် လူတစ်ယောက်အပေါ်မှာ သံသယကြီးကြီးမားမား မထားတတ်ဘဲကိုး"

"သံသယရှိတဲ့နေရာမှာတော့ ရှိရမှာပေါ့၊ ငါ့စိတ်ထဲမှာ သူတို့

ကို သံသယရှိစရာကောင်းတဲ့လူတွေမဟုတ်ဘူးလို့ သဘောထ
တယ်"

"ကျွန်မကတော့ ရှင့်လို သဘောမထားနိုင်ပါဘူး၊ နေစမ်း
ဦး ... ကျွန်မ ရှင့်ကိုတစ်ခုမေးကြည့်ချင်သေးတယ်၊ ရှင့်သူငယ်ချင်း
ဘာကြောင့် ဆားတွေ အငမ်းမရ စားရတာလဲ၊ အဲဒါကို ရှင်သိရဲ့လာ

လီကျင်းဆွေ ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း ငါမသိဘူး"

"ရှင်မသိပေမယ့် ကျွန်မကတော့ ကောင်းကောင်း သိ
တယ်"

"သိရင်လည်း ဘာကြောင့် ဒီလောက်ဆားတွေ စားနေရတ
ဆိုတာကို ပြောစမ်းပါဦး"

"အဲဒီလူဟာ မီးသင့်ကျားလက်ဝါးရိုက်ချက်အမိခံရပြီး အတွ
ဒဏ်ပြင်းထန်နေလို့ပဲ"

"မီးသင့်ကျားလက်ဝါး ... ဟုတ်လား"

"ဟုတ်တယ် ... မီးသင့်ကျားလက်ဝါးရိုက်ချက် ကော
ကောင်းအမိခံရလို့ပဲ"

လီကျင်းဆွေ အံ့အားသင့်သွား၏။ သူသည် သိုင်းလောကတ
ကျင်လည်လှုပ်ရှားခဲ့သည့်သက်တမ်းက မသေးတော့၊ လေးငါးနှစ်
ရှိပေပြီ။



သိုင်းလောကသားများက သစ္စာကိုယ်တော်တစ်ပါးအဖြစ်
ထူးတပ် သတ်မှတ်ခြင်းခံရသလို မိုးပျံနဂါးဂိုဏ်းချုပ်ကြီး၏ တစ်သီး
ည်းသော သားတစ်ယောက်ဖြစ်သည်မို့ သိုင်းလောက အတွေ့
ကြုံ၊ ဗဟုသုတအရာတွင် ခေါင်းပါးခြင်းမရှိ။ အတော်အတန်ပင်
သိအမြင်ကျယ်ကာ နှံ့စပ်မှုရှိသည်။

သို့သော် ယခု လိန်လိန်ပြောလာသော မီးသင့်လက်ဝါး သိုင်း
ညာကိုကား ကြားဖူးခြင်းမရှိ။ မည်သို့သော သိုင်းပညာမျိုးဖြစ်သည်
ို မှန်းဆတွေးတောခြင်းပင် မပြုနိုင်။

သူ့မသိနိုင်သော ပညာရပ်အကြောင်းကို လိန်လိန်က ဒက်ခနဲ
တိအကျပြောဆိုနိုင်စွမ်းရှိနေသဖြင့် သူမ၏သိုင်းပညာနှင့် နှံ့စပ်
မြင်မှုစွမ်းရည်ကို လေးစားချီးကျူးနေမိတော့သည်။

"မီးသင့်ကျားလက်ဝါးရိုက်ချက် ထိထိမိမိ အရိုက်ခံလိုက်ရတဲ့
ဟာ တစ်လအတွင်းမှာ အရေခွံတွေ ကွဲအက်ပြီး အငန်ဓာတ်
တင့်တလာလိမ့်မယ်၊ ဆားကို အလွန်အမင်းစားချင်လာလိမ့်မယ်၊
းများများစားလေ ရေငတ်လေလေပဲ၊ ကြာလာတာနဲ့အမျှ ဆား
စ်ဆုပ် ရေတစ်မှုတ်ဆိုသလို ဖြစ်လာရော၊ နောက်ဆုံး ဒဏ်ရာက
င်းသထက် ပြင်းလာပြီး အသက်ပါသေသွားနိုင်တာပါပဲ၊ သေတဲ့
ါကျတော့လဲ ရိုးရိုးသေရတာ မဟုတ်ဘူး၊ တစ်ကိုယ်လုံးမှာရှိတဲ့
ရေခွံတွေဟာ တွန့်လိန်ခြောက်သွေ့ပြီး မီးအလောင်ခံရသလို

အလွှာလိုက် ကွာကျကုန်တာပဲ"

"အင်း ... ဒီသိုင်းပညာဟာ ကြောက်စရာကောင်းလှချည်လာ ဒီလောက်ရက်စက် ကြမ်းကြုတ်တဲ့ပညာဟာ အောက်လမ်းဂိုဏ် ပညာရပ်မျိုးပဲ ဖြစ်လိမ့်မယ်"

"ဒီလိုသတ်မှတ်ရင်တော့ ရတာပေါ့၊ ဒါပေမဲ့ အဲဒီသိုင်းပညာက် တတ်ကျွမ်းထားတဲ့ လူတွေကတော့ အနက်ရောင်ဂိုဏ်းက သိုင် သမားကြီးတွေ မဟုတ်ဘူး၊ ရှင့်မိတ်ဆွေ ကြက်ဥတွေ သောက် သောက်နေတယ်ဆိုတော့ ရေချည်းပဲသောက်ရတာထက်စာရင် နည်းနည်းတော်သေးတာပေါ့၊ ဒါပေမဲ့ သိပ်အကြောင်းမထူးတော့ ပါဘူး၊ အလွန်ဆုံးခံရင် နောက်ထပ်တစ်လလောက်ပဲ အသက်ရှင်နိုင် တော့မယ်၊ ဆေးကောင်းဝါးကောင်း တွေ့ရင်တော့လည်း တစ်မျိုးပေ့ လေ"

"အဲဒီ ... ဒီလက်ဝါးရိုက်ချက် အတွင်းဒဏ်ကို ကုနိုင်မယ့် ဆေး ကောင်းဝါးကောင်းကကော ရှိနိုင်သေးလို့လား"

"ဒါတွေ ထားစမ်းပါဦး၊ ရှင့်မိတ်ဆွေကို ကျွန်မတောင် စိတ် ဝင်စားလာပြီ၊ အဲဒီလူရဲ့ပုံပန်းသဏ္ဌာန်ကို ပြောစမ်းပါဦး"

"သူ့ပုံသဏ္ဌာန် ပြောရမှာတောင် ခပ်ခက်ခက်ပဲ၊ ဘာကြောင့် လဲဆိုတော့ သူ့ရုပ်ရည်က နဂိုရုပ်ရည်မဟုတ်တော့ဘူး၊ တစ်ကိုယ်လုံး ပိန်လှီပြီး အရိုးပေါ်အရေတင် ပုံပျက်ပန်းပျက်ဖြစ်နေပြီ၊ အရင်တုန်းက



အခြေအနေကို ခန့်မှန်းပြီး ပြောရမယ်ဆိုရင်တော့ အရပ်က ထောင်ထောင်မောင်းမောင်း၊ ပခုံးနဲ့ လက်ပြင်တွေကျယ်တယ်၊ ခြေ ဆစ်လက်ဆစ်တွေကြီးတယ်၊ အထူးသဖြင့် သူ့လက်ဝါးတွေက ကြီး မားသလောက် ကြမ်းတမ်းတယ်၊ စကားပြောရင် ဩဇာသံပါတယ်၊ အတွင်းအား တော်တော်ကလေး ကောင်းမွန် နက်ရှိုင်းတယ်၊ သူနဲ့ငါ လက်ဝါးချင်း ဖျစ်ညှစ်မိတော့ သူ့အတွင်းအား အခြေအနေကို ငါ ခန့်မှန်းနိုင်တယ်၊ တစ်ချိန်တစ်ခါက ဂိုဏ်းတစ်ဂိုဏ်း နယ်တစ်နယ်ရဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ခဲ့ပုံရတယ်"

"မျက်နှာပုံသဏ္ဌာန်ကကော"

"ကြမ်းတမ်းခက်ထန်မလိုနဲ့ ညင်သာသိမ်မွေ့တယ်၊ နှုတ်ခမ်း ပါးပါး မျက်လုံးအကြည့်စူးရှ၊ နှာတံကျကျနဲ့ မေးရိုးကားကားရှိတယ်"

လီကျင်းခွေပြောသမျှကို လိန်လိန်က ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။ ထို့နောက် မျက်တောင် တဖျပ်ဖျပ်ခတ်ကာ

"အင်း ... ရှင်က ပြည့်ပြည့်စုံစုံ ပြောတတ်သားပဲ၊ ဒီလိုဆိုတော့ လည်း ရှင်ဟာ ခပ်ညံ့ညံ့လူတစ်ယောက် မဟုတ်ပြန်ဘူး။ ဒါနဲ့ မီးသင့် ကျားလက်ဝါးသိုင်းပညာကို တတ်ကျွမ်းတဲ့သူ ဘယ်နှယောက်ရှိမယ် ထင်သလဲ"

"ဘယ်သိမလဲ၊ ဒီသိုင်းပညာတောင်မှ အခုမှ ကြားဖူးတာ၊ ဘယ်ဂိုဏ်းက ပညာဖြစ်ပြီး ဘယ်နှယောက်တတ်တယ်ဆိုတာ ငါ

ဘယ်ပြောနိုင်ပါ့မလဲ"

"ဟုတ်သားပဲ၊ ရှင် မသိနိုင်ဘူးဆိုတာ ကျွန်မ မေ့သွားတယ်၊ မီးသင့်ကျားလက်ဝါးသိုင်းပညာဟာ ကျားနက်ဂိုဏ်းရဲ့ အဓိက ထက်မြက်ထူးချွန်တဲ့ ပညာရပ်ပဲ၊ ဒီသိုင်းပညာကို ကျားနက်ဂိုဏ်းရဲ့ အရေးပါအရာရောက်တဲ့ တာဝန်ကြီးပုဂ္ဂိုလ်တွေပဲ သင်ကြားတတ်မြောက်ခွင့်ရတယ်၊ ကျွန်မသိသလောက်ဆိုရင် ကျားနက်ဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းခွဲမှူးနှစ်ယောက်ပဲ တတ်ကျွမ်းတယ်၊ အဲ ... အခုဆိုရင်တော့ ကျားနက်ဂိုဏ်းချုပ်ကြီးကလည်း ဝံပုလွေဖြူခွင်တုန်းက သေဆုံးသွားပြီ၊ ဒီတော့ အဲဒီသိုင်းပညာကို တတ်ကျွမ်းတဲ့သူဟာ ကျားနက်ဂိုဏ်းရဲ့ ဂိုဏ်းခွဲမှူးတစ်ယောက်ပဲ တတ်ကျွမ်းတာရှိတော့တယ် အဲဒီဂိုဏ်ခွဲမှူးကတော့ ယီချန်းလီပဲ"

"ဟင်း"

လီကျင်းဆွေ မျက်လုံးဝိုင်းစက် အံ့အားသင့်သွားရလေတော့သည်။

❖

လီကျင်းဆွေ အံ့အားသင့်မည်ဆိုလည်း အံ့အားသင့်လောက်



ပေသည်။ ယီချန်းလီသည် မိမိအား ယွင်နန်တောင်ခြေမှ သစ္စာကိုယ်တော်နှစ်ပါးနှင့် စားသောက်ဆိုင်စားပွဲထိုးများအား လုပ်ကြံသူ တရားခံအဖြစ် သံသယဝင်နေသည်။ သဲကြီးမဲကြီး လိုက်လံရှာဖွေနေသည်။

မိမိနှင့် သိကျွမ်းရင်းနှီးကာ မိတ်ဆွေဖွဲ့မိသောသူတို့သည် ယီချန်းလီနှင့် တစ်နည်းတစ်ဖုံ ပတ်သက်နေသောကြောင့်ပင်တည်း။

လိန်လိန်သည် လက်ကလေးကို ပါးစပ်ဖြင့်ကိုက်ကာ စဉ်းစားဟန်ပြုသည်။

ပြီးမှ လီကျင်းဆွေအား ငုံ့ကြည့်ကာ ...

"ဒီမယ် ဂိုဏ်းခွဲမှူးကြီး ယီလျန်းလီကို ပခုံးချင်းယှဉ်ရင် ပေါင်တန်း တိုက်ခိုက်နိုင်မယ့် သိုင်းသမား ဘယ်နှစ်ယောက် ရှိမယ်လို့ ထင်သလဲ"

"မင်းတော်တော်ခက်ပါလား၊ ငါမသိနိုင်တဲ့ မေးခွန်းတွေချည်းပဲ ဗလာချည် မေးနေတော့ ငါဘာဖြေရမှာလဲ၊ ဒီလောက်များတဲ့ သိုင်းပညာရှင်ကြီးတွေ အမည်ကို ငါ ဘယ်လိုလုပ် အကုန်အစင် သိနိုင်ပါ့မလဲ"

"ဟွန်း ... ရှင် တော်တော်တုံးတဲ့လူပဲ၊ ယီချန်းလီက အဖြူရောင်ဂိုဏ်းသားရှင့်၊ သူနဲ့ တိုက်ခိုက်ဖို့ဆိုတာ အနက်ရောင်ဂိုဏ်းသားပဲ ရှိမှာပေါ့၊ အဲဒီအနက်ရောင်ဂိုဏ်းသားထဲက သူနဲ့လက်ရည်တူ အဆင့်

ရှိတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲလို့ ရှင့်ကိုမေးနေတာ"

လီကျင်းဆွေ ခေါင်းခါယမ်းပြန်၏။

"ရှင်တော်တော် ဗဟုသုတမဲ့တဲ့လူပါလား၊ ယီချန်းလီကို ပခုံးချင်းယှဉ်တိုက်နိုင်တဲ့ အနက်ရောင်ဂိုဏ်းသားဟာ လက်ငါးချောင်းပြည့်အောင်တောင် မရှိဘူး၊ အဲဒီအထဲက မာလုထုံဆိုတဲ့ လူသတ်လုယှက် ဓားပြတိုက်နေတဲ့ လူတစ်ယောက်ရဲ့နာမည်ကိုကော ရှင် ကြားဖူးသလား"

"ကြားဖူးတာပေါ့၊ သိုင်းလောကမှာ ဟိုးလေးတကြော်ကြော် ဖြစ်နေတဲ့ လူတစ်ယောက်ကို ဘာလို့မသိရမှာလဲ"

လီကျင်းဆွေ အလျင်အမြန်ပင် မာန်ဝင့်စွာ ပြောသည်။ မာလုထုံဆိုသူ နာမည်သတင်းကောင်းစွာ ကြားထားဖူးသည်။ မာလုထုံသည် ဟိုပေနယ်တစ်ပိုက်တွင် ကျော်ကြားသည့် ဓားပြဂိုဏ်းတစ်ဂိုဏ်းဖွဲ့စည်းတည်ထောင်ထားသည်။ ဆိုးခိုးတိုက်ခိုက်မှုဖြင့် သတင်းကြီးသည်။

လူသတ်သည့်နေရာတွင် တစ်ချက်ကလေးမျှ လက်မတွန့်။ ရက်စက်သည့်နေရာတွင် လက်ကုန်သူဖြစ်၏။ ဟိုပေမြို့စား ဆွေမျိုးတစ်စုအား ရက်စက်စွာသတ်ဖြတ်ခြင်းဖြင့် သတင်းကြီးသည်။

ထို့ပြင် မာလုထုံ၏လက်ဝါးသိုင်းကလည်း နှယ်နှယ်ရရမဟုတ်။



ကျောက်တုံးကို စိစိညက်ညက်ကြေအောင် ရိုက်ခွဲနိုင်သော သံမဏိလက်ဝါး မာလုထုံအား ရှင်းလင်းသုတ်သင်ရန် အဖြူရောင်သိုင်းဂိုဏ်းသားတွေအချို့ ဟိုပေနယ်သို့ လိုက်သွားသည်။

မာလုထုံအား မရှင်းလင်းသည့်အပြင် သူ၏သံမဏိလက်ဝါး ရိုက်ချက်သင့်ကာ ကျဆုံးခဲ့ရသူတို့ မနည်းပေ။ နောင်တွင် မာလုထုံအား သုတ်သင်ရှင်းလင်းလိုသူများ လက်ရှောင်သွားကြသည်။

ဤအကြောင်းများကို သိုင်းလောကသားတိုင်း ကြားသိဖူးပြီဖြစ်၏။

ထိုကြောင့် လီကျင်းဆွေ ရဲရဲဝံ့ဝံ့ပြောနိုင်ခြင်း ဖြစ်ပေသည်။

"ရှင်သိတယ်ဆိုရင် ရှင့်မိတ်ဆွေဟာ သံမဏိလက်ဝါး မာလုထုံ ဖြစ်လိမ့်မယ်"

"ဟာ ... ဟုတ်ပါ့မလား"

"ဘာလို့မဟုတ်နိုင်ရမှာလဲ၊ ရှင်ပြောတဲ့ပုံပန်းသဏ္ဌာန်နဲ့လူဟာ မာလုထုံကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး၊ သူလိုလူမျိုးကိုယှဉ်နိုင်တဲ့ လူကလည်း ယီချန်းလီတစ်ယောက်ပဲ ရှိတယ်၊ ယီချန်းလီရဲ့ မီးသင့်ကျားလက်ဝါးဒဏ် အထိခံရတာရယ်၊ အနက်ရောင်သိုင်းဂိုဏ်းက လူဆိုတာရယ် ဆက်စပ်တွေးတော်လိုက်ရင် မာလုထုံမှ မာလုထုံ အစစ်ပဲ"

လီကျင်းဆွေ ငိုင်တွေသွား၏။ သူနှင့် မိတ်ဆွေဖွဲ့ခဲ့သော

ဆားစားသူ၏ရုပ်သွင်ကို ပြန်တွေးသည်။ စကားသံများကို ပြန်လည်သတိရသည်။

"ငါလည်း မင်းကို အထင်လွဲခံနေရတဲ့ လူတစ်ယောက်ပဲ၊ ငါ့ကိုလည်း မင်းလို ဆုငွေထုတ်ထားကြတယ်"

ဆိုသောစကားတို့က သူ့အား မာလုထုံဖြစ်နိုင်ကြောင်း သက်သေအထောက်အထားတစ်ခုလိုဖြစ်နေသည်။ သို့သော် လီကျင်းဆွေစိတ်ထဲတွင် ထိုသူကို အပြစ်မရှိသူတစ်ယောက်ဟု ထင်မြင်သည်။ ထို့ကြောင့် သက်ပြင်းတစ်ချက်ချကာ ...

"ဘာပဲဖြစ်ဖြစ်လေ၊ သူဟာ မာလုထုံဖြစ်နေဦးတော့ သူ့ကိုငါ အပြစ်ရှိတဲ့လူတစ်ယောက်၊ ရက်စက်ယုတ်မာတဲ လူတစ်ယောက်လို့ ထင်တယ်၊ အထင်လွဲခံနေရတဲ့ လူတစ်ယောက်ဖြစ်လိမ်မယ်"

"ယီချန်းလီလို အဖြူရောင်ဂိုဏ်းသား သမာဓိသိုင်းသမားကြီး တစ်ယောက်က အဆိုအကောင်း အမှားအမှန် ခွဲခြားမသိဘဲ ရှိနိုင်ပါ့မလား။ အထင်လွဲတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား၊ ရှင် တော်တော်အတွေးချော်တာပဲ"

"ဟား ဟား ဟား"

လီကျင်းဆွေ အားပါးတရ ရယ်မောပစ်လိုက်၏။ သူ့ရယ်သံက အခန်းကလေးထဲ ပဲ့တင်ထပ်မျှ ကျယ်လောင်သည်။ လိန်လိန်က နားမလည်နိုင်ဟန်ဖြင့် မျက်စောင်းတစ်ချက် ထိုးသည်။



"ရှင် ... ဘာရယ်တာလဲ"

"ဟား ဟား ဟား ... နင်ပြောတာက ရယ်စရာကောင်းနေတာကိုး၊ အဖြူရောင်ဂိုဏ်းသား သမာဓိသိုင်းသမားဆိုတာလည်း လူပါပဲကွာ၊ လူဆိုတာ အမှားမရှိတဲ့လူ ဘယ်သူမှ မရှိနိုင်ပါဘူး၊ ဆုံးဖြတ်ချက် မမှားဘူးဆိုတဲ့လူတစ်ယောက်မှ မရှိဘူး၊ မင်းပြောတဲ့ အဖြူရောင်ဂိုဏ်းသား သမာဓိသိုင်းသမားကြီးက အမြဲတမ်း အမှားကင်းနေလို့လား၊ ဟား ဟား ဟား ... လောကကြီးမှာ တစ်ခါတစ်ရံ ပြောင်းပြန်တရားတွေ ကြီးစိုးတတ်တယ်ဆိုတာ မင်းသိလား"

"ဘာလဲ ပြောင်းပြန်တရား၊ ရှင့်ဟာက အဆန်းပါလား"

"ပြောင်းပြန်တရားဆိုတာ အမှန်ကိုအမှား၊ အမှားကိုအမှန်၊ လူကောင်းကို လူဆိုး၊ လူဆိုးကို လူကောင်း၊ သူခိုးကို သူတော်စင်၊ သူတော်စင်ကို သူခိုး ထင်တတ်ကြတဲတရားပေါ့ကွ၊ ယီချန်းလီက လူဆိုးလူမိုက်လို့ ထင်နေတာ မာလုထုံ တစ်ယောက်တည်း မဟုတ်ဘူး၊ သူ့လို အလားတူလူတွေ အများကြီး ရှိနေသေးတယ်"

"ဒီလိုဆိုတော့လည်း ရှင်က စကားပြောကောင်းတဲ့လူ တစ်ယောက် ဖြစ်သွားပြန်ရော၊ တော်ပါတယ် ... ရှင်ဟာ တကယ့်ကို မိတ်ဆွေကောင်းပီသတဲ့လူပဲ၊ ကိုယ့်မိတ်ဆွေက ဘာကြီးဖြစ်နေ ဖြစ်နေ၊ မိတ်ဆွေဘက်က မရမကရပ်တည်နေတော့တာပဲ၊ ဒါပေမဲ့ စိတ်မကောင်းစရာတစ်ခုက ရှင်တို့ဟာ မိတ်ဆွေကောင်းတွေအဖြစ်

ကြာကြာမဆက်ဆံနိုင်တော့တာပဲ၊ ဘာကြောင့်လဲဆိုတော့ သူဟာ မကြာခင် သေရတော့မယ့်လူ ဖြစ်နေပြီကိုး"

လီကျင်းဆွေ တွန့်ခနဲဖြစ်သွား၏၊ နောက်မှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ...

"အိုး ... ဘာလို့ သေရမှာတုန်း၊ အဲဒီအတွင်းဒဏ်ကို ကုသပျောက်ကင်းနိုင်တဲ့ အစွမ်းထက်တဲ့ဆေး ရှိနေတာပဲ"

"ရှင့်ကို ဘယ်သူပြောလဲ"

"ဟ ... နင်ပဲ ပြောခဲ့တာပဲ၊ မီးသင့်ကျားလက်ဝါးဒဏ်ရာကို ကုသပျောက်ကင်းနိုင်တဲ့ ဆေးကောင်းဝါးကောင်း ရှိတယ်ဆိုတာလေ"

"ဩော် ... ရှင်က အဲဒီဆေးကို လိုချင်လို့လား"

"ငါ့မိတ်ဆွေအတွက်ပဲ၊ ဘယ်လောက်ခက်ခက်ခဲခဲ ဆေးရှိတဲ့နေရာကိုသိရရင် ရအောင်ယူပေးနိုင်အောင် ငါကြိုးစားမယ်"

"ဟင်း ဟင်း ... နေရာသိရင်လည်း ရအောင်ယူပေးနိုင်မှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ ... ငရဲပြည်သွားပြီး ယမမင်းကြီးဆီမှာ ယူပေးရမှာမို့လို့လား"

"ဟုတ်တယ်၊ သိုင်းလောကမှာတော့ အဲဒီနေရာကို ငရဲပြည်လို့ သတ်မှတ်နိုင်တယ်၊ အဲဒ်နေရာက အရှင်သခင်ကိုလည်း ယမမင်း



အဖြစ် တင်စားနိုင်တယ်"

"ဘယ်နေရာလဲ"

"ဟင်္သာနန်းတော်၊ ဟင်္သာနန်းတော်က ဟင်္သာမယ်ဆီမှာပဲ အဲဒီဒဏ်ရာကို ပျောက်ကင်းအောင် ကုသနိုင်တဲ့ ဆေးစွမ်းကောင်း ရှိတယ်"

လီကျင်းဆွေ နှုတ်ပိတ်သွားသည်။ ဘာမှ ဆက်မပြောနိုင်တော့။

လိန်လိန် ပြောသလိုပင် သိုင်းလောကတွင် ဟင်္သာနန်းတော်သည် ငရဲပြည်အလားရှိနေပြီး ဟင်္သာမယ်မှာ ယမမင်းသဖွယ် ဖြစ်နေသည် မဟုတ်ပါလား။

လီကျင်းဆွေ ငြိမ်သက်သွားသည်ကိုကြည့်ပြီး လျောင်ရယ်ကလေး ရယ်သည်။

"ဘယ့်နှယ်လဲ ... မိတ်ဆွေကောင်းအတွက် ဘာမဆို လုပ်ပေးရဲတဲ့လူကြီး အခုတော့ ကြောက်လို့ ငြိမ်သွားပြီ မဟုတ်လား"

"နင်က ငါ့ကို လူကြောက်တစ်ယောက် အောက်မေ့လို့ လား၊ ဟင်္သာနန်းတော်ကိုသွားဖို့ ဘယ်လောက်ခက်ခက် ဟင်္သာမယ်ဆီက ဒဏ်ကြေးဆေး တောင်းယူဖို့ ဘယ်လောက်မလွယ်ကူပစေ ငါ စွန့်စားရဲတယ်၊ ငါ့အခက်အခဲနဲ့ ငါ ကတိမတည် မျက်နှာပျက်ရမှာ ကြောက်လို့ ငြိမ်နေတယ်ဆိုတာ သိထားစမ်းပါ"

"ခစ် ခစ် ခစ် ... သတ္တိကတော့ မခေပါလား၊ ကျွန်မသာ ဟသ်ာမယ်ရဲ့သမီး ဟသ်ာဒေဝီဖြစ်ခဲ့ရင် ရှင့်သတ္တိကို ချီးကျူးလေးစားတဲ့အနေနဲ့ ရှင့်မိတ်ဆွေကို ကူညီကယ်တင်ဖို့ ဆေးလုံးထုတ်ပေးလိုက်ပါရဲ့၊ အင်း... အခုတော့ ကျွန်မက ကုန်စုံဆိုင်ပိုင်ရှင်တစ်ယောက်ရဲ့ မိန်းမ ဖြစ်နေရတယ်၊ သူတစ်ပါးကို ကုသပေးဖို့နေနေသာသာ ကိုယ့်ရောဂါကိုတောင်မှ ကိုယ်ပျောက်အောင် မကုသနိုင်တဲ့ဘဝ ဖြစ်နေရ တာကိုး"

လိန်လိန်၏ပဟေဠိဆန်သောစကားကြောင့် လီကျင်းဆွေ ငိုင်တွေသွားရပြန်သည်။ သူမသည် မာလုထုံ၏အတွင်းဒဏ်ကို ကုသပေးနိုင်လေသလားဟူသော အတွေးဝင်၏။

အကယ်၍ ကုသပေးနိုင်သည်ဆိုပါက ရိုးရိုးတန်းတန်း ကုသပေးမည်တော့မဟုတ်။ တောင်းဆိုမှုများ ပြုလုပ်လာလိမ့်မည်။ တောင်းဆိုမည့်အချက်ကလည်း ရှည်ရှည်ဝေးဝေးမဟုတ်။

သူမအား လီကျင်းဆွေတို့ လုပ်ကြံဖန်တီးထားသည့်အဖြစ်သနစ်စုံကို ဖွင့်ဟပြောပြရမည်။ သူမ၏နာတာရှည်ရောဂါသည်ဘဝမှ မူလရုပ်သွင်သို့ ပြန်လည်ပြောင်းလဲပေးရမည် ဖြစ်၏။

ထိုအချက်များကို လီကျင်းဆွေ မလိုက်လျောနိုင်။ အဖြစ်အပျက် အစုံအလင်ကို ပြောပြရန်လည်း သူ့အနေနှင့် အကုန်အစင် သိထားသည်မဟုတ်။



မူလရုပ်သွင်ကို ပြန်လည်ပြောင်းလဲပေးရန်အတွက်ကား လုံးလုံးမဖြစ်နိုင်။ ရုပ်ပြောင်းရုပ်လွှဲပညာကို သူ မတတ်။

ပန်းလက်ဝါးဝမ်ဟန်နင်၏ သူမတူအောင် ထူးခြားလှသော အကြောပိတ်, အကြောကိုင်ပညာကိုလည်း သူ မကျွမ်းကျင်။ သာမန်ထိုင်းလောကသားများအသုံးပြုလေ့ရှိသည့် အကြောပိတ်အကြောဖွင့်ပညာလောက်သာ နားလည်သည်။

သို့အတွက် သူမအား နာတာရှည်ရောဂါသည်ဘဝမှ အကောင်းပကတိသို့ရောက်အောင် မပြောင်းလဲ မဖန်တီးနိုင်။

အချက်နှစ်ချက်စလုံးကို လုပ်ပေးနိုင်သည်ထားဦး သူ့အနေနှင့် လုပ်ပေးပိုင်ခွင့်မရှိ။ ဆုံးဖြတ်ပိုင်ခွင့်မရှိ။

ဤကိစ္စများကို ဦးဆောင်စီစဉ်သူမှာ ဝူချင်တိတ်နှင့် မိန်မိန်တို့နှစ်ယောက်သာ ဖြစ်သည်။

သူတို့ကိုကျော်၍ လီကျင်းဆွေ ဘာမျှမလုပ်နိုင်။ မိမိအပေါ်တွင် ဝူချင်တိတ်နှင့်မိန်မိန်က ယုံကြည်သလို သူတို့နှစ်ယောက်အပေါ်တွင်လည်း မိမိယုံကြည်မှု ရှိရပေမည်။

သူတို့တွင် မည်သို့သောထူးခြားသည့်အစီအစဉ်များ ရှိနေသည်ကို လီကျင်းဆွေမသိ။

ထို့ကြောင့် မိန်မိန်တို့အား သစ္စာဖောက်သလို အလုပ်မျိုး သူမလုပ်လိုပေ။

ဘာပဲဖြစ်ဖြစ် မိတ်ဆွေကောင်းအတွက် စွန့်စားလိုမည်ဆို သော တစ်ဖွတ်ထိုးအတွေးကို ချက်ချင်းပင် ဖျောက်ဖျက်ဖယ်ရှားပစ် လိုက်သည်။

"ဒီမှာ ရှင် ဘာတွေတွေးနေတာလဲ၊ ကိုယ်မလုပ်နိုင်တဲ့ကိစ္စ အတွက် ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့ရှင်၊ သွားရ‌ ‌လာရတာလည်း ပင်ပန်းလှပါပြီ၊ အေးအေးဆေးဆေး အိပ်ပျော်အောင်သာ အိပ်လိုက် စမ်းပါတော့"

လီနံ့လီနံ့က နားလည်သဘောပေါက်ဟန်ဖြင့် သတိပေး စကားဆိုသည်။ ထို့နောက် သူမကိုယ်တိုင်ပင် ခုတင်ပေါ်တွင် ပက်လက်လှဲကာ ငြိမ်သက်နေလိုက်တော့သည်။

လီနံ့လီနံ့တစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချေပြီ။ သူမသည် သိုင်းသမားတစ်ယောက်နှင့် မတူတော့။

ရိုးရိုးအရပ်သူတစ်ယောက်လိုဖြစ်သည့်ပြင် နာတာရှည်ရောဂါ သည်တစ်ယောက် အသွင်ဖြစ်နေသည်မို့ စိတ်သွားတိုင်း ကိုယ်မပါ နိုင်။ အိပ်ချိန်နှင့် စားချိန်ကို ဂရုစိုက်နေရ၏။ အအိပ်ပျက် မခံနိုင်။



ယနေ့ည လီကျင်းဆွေ၏ စုံစမ်းထောက်လှမ်းမှု သတင်းများ ကို စောင့်ဆိုင်းနားထောင်ခြင်း၊ စကားအချေအတင် ပြောဆိုရခြင်း တို့ကြောင့် အိပ်ချိန်ပင် အတော်နောက်ကျခဲ့သည်။

ထို့ကြောင့် ခေါင်းချလိုက်သည်နှင့် ခဏအကြာမှာပင် နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ခြင်း ဖြစ်ပေသည်။ လီနံ့လီနံ့တစ်ယောက် အိပ်ပျော်နေပြီဖြစ်သော်လည်း လီကျင်းဆွေကား မအိပ်စက်နိုင်။

အတွေးကွန်ယက်ထဲတွင် ဝဲလည်လှန်ထိုးနေသည်။ မာလုထုံ ၏ရောဂါဝေဒနာကို တွေးပြီး စိတ်မကောင်း။

အချိန်က သန်းခေါင်ကျော်ကာ အရုဏ်တက်ပင် ရောက်တော့ မည်။ ခဏတစ်ဖြုတ် ဆက်အိပ်နေလို့လည်း သူ့အတွက်က အကြောင်းမထူး။ ဆားစားသူနှင့်ပတ်သက်၍ စိတ်ထဲတွင် နိုးလိုး ခုလုဖြစ်နေမိသည်။

ထို့ကြောင့် ကြမ်းပြင်ပေါ် တွင် လှဲအိပ်နေရာမှ အသာထ သည်။ တံခါးကို အသံမမြည်အောင်ဖွင့်ပြီး အပြင်သို့ ထွက်ခဲ့တော့ သည်။

အပြင်ဘက်တွင် လရောင်ကလေးပင် ပျို့ချင်ချင် ဖြစ်လာ သည်။ ကောင်းကင်ထက်၌ တိမ်ပြာသို့ အရောင်ဖျော့လာကြသည်။

မနက်ဦးလေပြည်က တသုန်သုန်တိုက်ခတ်နေသဖြင့် စိတ်ကို

ကြည်လင်လန်းဆန်းစေနိုင်သည်။

သို့သော် လီကျင်းဆွေစိတ်တို့က မလန်းဆန်းနိုင်။ တစ်စုံတစ်ယောက်သော အမှောင့်ပယောဂကြီး ဖိစီးနေသလို စိတ်ထဲတွင် လေးလံနေ၏။ ခြေလှမ်းကို သွက်သွက်လှမ်းသည်။

အရဏ်တက်လျှင် ရွာထဲမှလူများ သွားသွားလာလာ လှုပ်လှုပ်ရှားရှား ရှိမည်စိုးသဖြင့် ဂရုတစိုက်ပင် ပုန်းလျှိုးကွယ်လျှိုး သွားလာရ၏။

လီကျင်းဆွေ ရေတွင်းထဲသို့ရောက်သောအခါ ဆားဝယ်ယူသောက်နေသော အရက်ကရားမှာ တစ်ဝက်မျှမကျန်တော့အောင် တက်တက်ပြောင်နေပြီဖြစ်၏။

ဆားစားသူ၏ ဆားပုံကြီးမှာလည်း လုံးဝကုန်ခန်းသွားချေပြီ။

ဆားဝယ်သူလည်း လီကျင်းဆွေ နောက်တစ်ခါ ထပ်ရောက်လာသည်ကို တွေ့ရလျှင် တအံ့တသြဖြစ်သွား၏။

"ဟင် ... ခင်ဗျားပြန်လာပြီလား ... ဘာကိစ္စရှိသေးလို့လဲ"

လီကျင်းဆွေက အေးအေးချမ်းချမ်းပင် ထိုင့်ခုံတွင်ဝင်ထိုင်က

"အေးဗျာ ... ကျုပ်စိတ်ထဲမှာ သိချင်တာကလေးတွေ မရှင်းလင်းနိုင်တာလေးတွေရှိလို့ ပြန်လာခဲ့ရတာပါ"

"မင်းသိချင်တာ ငါနားလည်ပါတယ်ကွယ်၊ ငါ ဘယ်သူလဲဆိုတာ မင်းမေးချင်လို့ မဟုတ်လား"



ဆားစားသူက ဒက်ခနဲဝင်ပြောသည်။ လီကျင်းဆွေကလည်း ခပ်ရှင်းရှင်း ခပ်ပြတ်ပြတ်ပင် ...

"ဟုတ်တယ် ... ခင်ဗျားက သံမဏိလက်ဝါး မာလုံထိုလား"

"အေး ... ငါ မာလုထိုပဲ"

"ခင်ဗျားရထားတဲ့ဒဏ်ရာက ဘာဒဏ်ရာလဲ၊ ကုလို့ကော မရနိုင်ဘူးလား"

မာလုထို မျက်မှောင်ကြီးကြုတ်၏။

"မင်းက ဘာကြောင့် ငါ့ဒဏ်ရာအကြောင်းကို အလေးအနက်ထားပြီး မေးနေရတာလဲ"

"ခင်ဗျားက ကျုပ်ရဲ့မိတ်ဆွေတစ်ယောက် ဖြစ်သွားပြီပဲ"

"ခင်ဗျား ခံစားနေရတဲ့ဝေဒနာကို မကြည့်ရက်လို့ အကူအညီပေးနိုင်ရင် ပေးရအောင်မေးနေတာပါ"

"ဟား ဟား ဟား ... ငါလို လူသတ်၊ ဓားပြတိုက်၊ လူဆိုးလူမိုက်ကြီးတစ်ယောက်ကို မင်းက မိတ်ဆွေအဖြစ် လက်ခံဦးမလို့လား။ အခု မင်း ငါ့အကြောင်း သိတန်သလောက် သိသွားပြီပဲ၊ မင်း ငါ့ကို မိတ်ဆွေအဖြစ် ပေါင်းသင်းဖို့ စိတ်ကုန်မသွားဘူးလား"

"ကျုပ် အစောကြီးကတည်းက ပြောခဲ့ပြီးပြီပဲ၊ ခင်ဗျား ဘယ်သူပဲဖြစ်ဖြစ် ခင်ဗျားနဲ့ကျုပ်ဟာ မိတ်ဆွေဖြစ်ကြပြီလို့၊ ခင်ဗျားဟာ တစ်ချိန်က ဓားပြကြီးတစ်ယောက် ဖြစ်ခဲ့ရုံနဲ့ ကျုပ်တို့ မိတ်ဆွေ

ဖြစ် သတ်မှတ်တာ ပျက်မသွားနိုင်ပါဘူး"

"ဟား ဟား ဟား ... ကြိုက်သွားပြီပေါ့၊ မင်းစိတ်ဓာတ်ကို ငါကြိုက်သွားပြီ၊ မင်းကို ချီးကျူးမိသလို ငါ့ကိုယ်ငါလည်း ချီးကျူးတယ်၊ ငါ့တစ်သက်တာမှာ အမှားအယွင်းတွေကို အတော်များများ လုပ်ခဲ့မိပေမယ့် မိတ်ဆွေအပေါင်းအသင်း ရွေးချယ်တဲ့နေရာမှာတော့ ဘယ်တော့မှ မမှားခဲ့ဘူး၊ အခုနောက်ဆုံးမှာတောင် မင်းဟာ ငါ့ရဲ့ မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်ဖြစ်နေပြီ ... ဟား ဟား ဟား"

မာလုတုံ့ သဘောကျပီတီဖြစ်ကာ အားပါးတရပင် ရယ်မောသည်။ ရယ်မောခြင်းက တော်တော်နှင့် အဆုံးမသတ်နိုင်။

သူ့ရယ်သံမဆုံးခင်မှာပင် ဆားဝယ်သူက ကြားဖြတ်၍ ...

"ကျုပ်အစ်ကိုကြီးမာရဲ့ ဒဏ်ရာက မီးသင့်ကျားလက်ဝါး ရိုက်ချက်မိပြီး အတွင်းဒဏ်ဖြစ်ခဲ့တာပဲ၊ အဲဒီအတွင်းဒဏ် ကုသနိုင်တဲ့ ဆေးက တစ်မျိုးတည်းပဲ ရှိတယ်"

"ဘာဆေးလဲ၊ ဘယ်မှာရနိုင်မလဲ"

"ခင်ဗျားသိလို့လည်း ဘာမှ ထူးမှာမဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ အနေနဲ့ အဲဒီဆေးကို ဘယ်လိုနည်းနဲ့မှ ရအောင်ယူနိုင်မှာ မဟုတ်ဘူး၊ ခိုးယူလို့ရရ၊ လုယူလို့ရရ နောက်ဆုံး ဘယ်လိုနည်းနဲ့ရရဗျာ၊ အဲဒီဆေးသာ ရနိုင်မယ်ဆိုရင် ကျုပ်အစောကြီးကတည်းက ရအောင်ရှာယူပေးတာ ကြာလှပါပြီ"



"ခင်ဗျားပြောသလောက် ခက်ခဲနေရအောင် ဒီဆေးက ဘာမို့လို့လဲ၊ ဘယ်မှာရှိနေလို့လဲ၊ ကျုပ်သိအောင်သာ ပြောပြစမ်းပါဗျာ"

လီကျင်းဆွေ မရမကမေးသည်။ ဆားဝယ်သူက သက်ပြင်းတစ်ချက်ချကာ ...

"ကျုပ်မပြောရဲဘူးဗျာ၊ အဲဒီနေရာကို ကျုပ်တို့လို အညတရ သိုင်းသမားကလေးတွေ ပါးစပ်က ထုတ်ပြောမိရင် အခက်ကြီးကြုံပြီး ပြဿနာတွေ တသီကြီးတက်လာတယ်"

"ဘာလဲ ... ဟင်္သာနန်းတော်လား"

လီကျင်းဆွေမှာ ထိုဒဏ်ရာအကြောင်းကို လိန်လိန် ပြောပြသဖြင့် သိထားပြီးဖြစ်သည်။ သို့သော် သေချာအောင် နောက်ထပ် အခြားနည်းလမ်းမရှိ သိရအောင် တစ်ခါပြန်လာပြီး မေးခြင်းလည်း ဖြစ်၏။ လီကျင်းဆွေက မကြောက်မရွံ့ပြောချလိုက်ပြီးသောအခါ ဆားဝယ်သူ မျက်လုံးအဝိုင်းသားဖြစ်သွား၏။ မာလုထုံက တည်ငြိမ်စွာပင် ...

"ဟုတ်တယ် ... ငါရထားတဲ့ ဒဏ်ရာက ဟင်္သာနန်းတော်ရဲ့ ဟင်္သာမယ်တော်ဆီမှာရှိနေတဲ့ နှစ်တစ်ရာဟင်္သာသွေး ဖူလင်ဆေးလုံးနဲ့ကမှ ပျောက်ကင်းနိုင်တယ်"

"တခြားဆေးနဲ့ မရဘူးလား၊ မီးသင့်ကျားလက်ဝါးရှင်ဆီမှာကော ဒဏ်ကြေဖြေဆေးမရှိဘူးလား"

"သူ့ဆီမှာရှိလည်း မင်း တောင်းလို့ရမှာ မဟုတ်ပါဘူး။ မီးသင့်ကျားလက်ဝါးရှင်က မင်းနောက်ကိုလိုက်နေတဲ့ ယီချန်းလီ ဖြစ်နေတာကိုး။ ပြီးတော့ ... သူ့ဆီမှာလည်း ဒဏ်ကြေဖြေဆေး ဖော်စပ်ထားရှိပေမယ့် မီးသင့်ကျားလက်ဝါးဒဏ်ကြေဖြေဆေးကတော့ သီးသီးသန့်သန့် ဒီနေ့အထိ မရှိသေးဘူး"

"ဒါဆို ဟင်္သာမယ်တော်ဆီက နှစ်သက်ရာ ဟင်္သာသွေးဆေးကျတော့ကော ဘယ်လိုစွမ်းလို့လဲ"

"နှစ်တစ်ရာ ဟင်္သာသွေး ဖူလင်ဆေးက နှစ်တစ်ရာအသက်ရှိတဲ့ ဟင်္သာဖိုမရဲ့သွေးနဲ့ နှစ်တစ်ရာသက်တမ်းကြာတဲ့ ဖူလင်ဆေးမြစ်ကိုရောနှောပြီး ဆေးဝါးပညာနဲ့ ဖော်စပ်ထားတာ၊ သူ့အာနိသင်အဆိပ်ပေါင်းစုံနဲ့ ဘယ်လိုအတွင်းဒဏ်ဖြစ်ဖြစ် ပျောက်ကင်းသက်သာနိုင်တယ်၊ အလွယ်ဆုံးနဲ့ အရှင်းဆုံးပြောရရင်တော့ နောက်ဆုံးအသက်ကယ်ဆေးတစ်မျိုးပေါ့ကွာ၊ ငါ့အခြေအနေက အဲဒီအသက်ဆေးနဲ့ ကုမှရမှာ၊ ဒါကြောင့် ဟင်္သာမယ်ရဲ့နှစ်တစ်ရာ ဟင်္သာသွေးဖူလင်ဆေးတစ်မျိုးတည်းနဲ့သာ ကုသလို့ ရမယ်ပြောတာပေါ့"

လီကျင်းဆွေ ငိုင်သွား၏။ မာလုထုံ၏ဒဏ်ရာအတွက် ပျောက်ကင်းသက်သာစေရန် ကုသဖို့ နည်းလမ်းမမြင်တော့။

သူ့သဘောနှင့် သူရှိနေသည့်အချိန်၊ အန္တရာယ်များကင်းရှင်းကာ သံသယတရားခံတစ်ယောက် မဟုတ်သည့်အချိန်



ဆိုလျှင် ဟင်္သာနန်းတော်အား သူကိုယ်တိုင် သွားရောက်လိုက်ချင်သည်။

ဟင်္သာမယ်ထံမှ ဒဏ်ကြေဆေးကို မရရအောင် ကြိုးစားတောင်းယူလိုက်ချင်သည်။ ယခုသော်ကား အခြေအနေမပေး။ စိတ်တိုင်းကျ မလှုပ်ရှားနိုင်။ အကြောင်းကြောင်းတို့က သူ့ကို ဟန့်တားထိန်းချုပ်ထားသည် မဟုတ်ပါလား။

သို့သော် သူ့အသိအတွေးထဲတွင် သံသယတစ်ချက်ဝင်သည်။ လိန်လိန်သည် သူမကိုယ်သူမ ဟင်္သာမယ်၏သမီး ဟင်္သာဒေဝီဖြစ်ခဲ့လျှင်တော့ ဒဏ်ကြေးပေးလိုက်မည်ဟု ပြောခဲ့လေသည်။

သူမသည် ဟင်္သာနန်းတော်နှင့်ပတ်သက်မှု ရှိနေလေသလား။ လိန်လိန်နှင့် ဆက်သွယ်၍ မိန်မိန်ကိုပါ လီကျင်းဆွေ သတိရသည်။ မိန်မိန်သည်လည်း ဟင်္သာနန်းတော်နှင့် မည်သို့ သက်ဆိုင်မှုရှိလေသနည်း။ သံသယအတွေး တို့ဝင်သော်လည်း အဖြေကမထွက်။

"လီကျင်းဆွေ ... ဘယ်နှယ်လဲ ငါ့ကို အကူအညီပေးဖို့ မင်းစဉ်းစားနေသလား"

မာလုထုံက တွေငိုင်နေသော လီကျင်းဆွေကို ကြည့်ရင်းမေးသည်။

လီကျင်းဆွေ ခေါင်းမော့လိုက်၏။

"ဟုတ်တယ် ... ခင်ဗျားကိုကူညီဖို့ ကျုပ်စဉ်းစားနေတာပဲ၊

အခုတော့ နည်းလမ်းမရသေးဘူး၊ တစ်နေ့နေ့ကျရင် နည်းလမ်းရလာလိမ့်မယ်၊ ခင်ဗျားဒဏ်ရာကို ဘယ်လောက်အထိ တောင့်ခံနိုင်ဦးမလဲ"

"အလွန်ဆုံး ငါခံနိုင်ရင် ဆယ်ရက်ပေါ့ကွာ၊ ဒါတွေ မေးမနေပါနဲ့၊ မင်းစိတ်ဓာတ်ကို ငါယုံကြည်ပါတယ်၊ မဖြစ်နိုင်တဲ့ကိစ္စကို မစဉ်းစားဘဲ ခေါင်းထဲက ထုတ်ပစ်လိုက်စမ်းပါ"

"မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူးဗျာ၊ မဖြစ်သေးတာဘဲရှိတယ်"

"အေးပါကွာ ... မင်းပြောတာ ဟုတ်ပါတယ်၊ မင်း ငါ့အပေါ်ဒီလောက်စေတနာထားတာကိုပဲ ကျေးဇူးတင်လှပါပြီ၊ ငါ့တစ်သက်မှာ လူတစ်ယောက်ကို စွဲစွဲလမ်းလမ်း နှစ်နှစ်ကာကာ ချစ်ခဲ့တယ်၊ မင်းကိုတော့ ငါ တစ်ခဏလေး ပေါင်းသင်းရုံနဲ့ ခင်မင်သွားပြီ၊ မင်း ငါ့ကို ကူညီမယ်ချည်းပြောနေတော့ မင်းကိုလည်း ငါ တစ်ခုကူညီရလိမ့်မယ်"

လီကျင်းဆွေ ကြောင်တောင်ဖြစ်သွား၏။

"ဘာကူညီမှာလဲဗျာ ... ကျုပ်မှ အကူအညီ မလိုသေးပါဘူး"

"အခုမလိုပေမယ့် တစ်ချိန်ချိန်မှာလိုရင် လိုအပ်လိမ့်မယ်၊ အဲဒီတစ်ချိန်အတွက် အခုကတည်းက ငါက ကူညီပေးမှာ"

"ဘာအကူအညီလဲ"

"မင်းဟာ လူတွေရဲ့ အထင်လွဲတာကို ခံနေရတယ်၊ ဒီအတွက် အထင်လွဲတာတွေ မပြေမချင်း ပြဿနာ တစ်နေ့မဟုတ် တစ်နေ့



ပေါ်မှာပဲ၊ မင်းအသက်က ငယ်သေးတော့ ငါ့လိုမဟုတ်ဘူး၊ သိုင်းလောကထဲမှာ အများကြီး ကျင်လည်ရဦးမယ်၊ ဒါကြောင့် ... မင်းကို ငါ့ရဲ့ ကိုယ်ပိုင်သိုင်းကွက်တစ်ကွက်သင်ပေးမယ်"

လီကျင်းဆွေ အံ့အားသင့်သွားရလေတော့သည်။

## အခန်း (၁၂)

သိုင်းလောကရှိ သိုင်းသမားကြီးတိုင်းသည် မိမိတို့၏သိုင်းပညာကို တန်ဖိုးထားတတ်ကြသည်။ မိမိတို့ကိုယ်တိုင် အပတ်တကုတ်တီထွင်ထားသည့် သိုင်းပညာကို မိမိတို့မျိုးဆက်များ၊ လက်ရင်းတပည့်များမှလွဲ၍ အခြားသူ တစ်ဦးတစ်ယောက်ကို သင်ပေးခြင်းမရှိကြ။ အတတ်နိုင်ဆုံး သိုသိပ်လျှို့ဝှက်ထားတတ်ကြသည်။

ယခုမူ မာလုထုံက သိုင်းတစ်ကွက်သင်ကြားမည်ဆိုသောအခါ လီကျင်းဆွေ အမှန်တကယ်ပင် အံ့သြသွားရလေတော့သည်။ မာလုထုံသည် နာမည်ကြီး၊ ဓားပြတစ်ယောက်ဖြစ်သလို သိုင်းပညာတွင်လည်း ထက်မြက်လှသည်။

သူသင်ပြပေးမည်ဆိုသော သိုင်းတစ်ကွက်သည် နှယ်နှယ်ရရ မဖြစ်နိုင်။ အဆင့်မြင့် ထက်မြက်လှမည် ဖြစ်ကြောင်း လီကျင်းဆွေ နားလည်သည်။

သို့သော် မိမိဘာမှလုပ်မပေးရသေးဘဲ တန်ဖိုး ကြီးမြင့်သည့် တန်ပြန်ကူညီမှုကို မယူလိုပေ။



"ကျုပ်က ခင်ဗျားကို ဘာတစ်ခုမှ လုပ်ပေးရသေးတာမဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျုပ်သိတာကလည်း တစ်ရက်တောင် မပြည့်သေးဘူး၊ ခင်ဗျားရဲ့ ကိုယ်ပိုင်သိုင်းကွက်တစ်ကွက်ဟာ ထက်မြက်သလောက် တန်ဖိုးကြီးမားမှာ အမှန်ပဲ၊ ဒါကြောင့် လက်မခံပါရစေနဲ့"

"မင်း လက်မခံလို့မရဘူး၊ ငါက ဆုံးဖြတ်ပြီးတဲ့ကိစ္စတစ်ခုကို နောက်ဆုတ်ပြုပြင်တတ်တာ မဟုတ်ဘူး၊ မင်းကို ကြည့်ရတာ ဉာဏ်ကောင်းမယ့်ပုံပဲ၊ ငါ့သိုင်းကွက်တစ်ကွက်ကို အခုတစ်ထိုင်တည်း တတ်သွားမှာပါ၊ ကဲ ... လေ့ကျင့်ဖို့စတော့"

လီကျင်းဆွေ ငြင်းဆန်ရန် ကြိုးစားသေးသည်။ မရ။ မာလုထုံက အတင်းအကျပ်ပင် သင်ပေးနေသဖြင့် လက်ခံလိုက်ရသည်။ မာလုထုံ၏ သိုင်းတစ်ကွက်မှ 'မြွေပါမြွေမျို' သိုင်းကွက် ဖြစ်၏။

သိုင်းတစ်ကွက်ဟုဆိုသော်လည်း အပြောင်းအလဲများသည်။ ဆင့်ပွားကွက်တို့ ရှုပ်ထွေးသည်။ အသေအချာတွက်မည်ဆိုလျှင် တိုက်ကွက် နှစ်ဆယ့်ခုနစ်ကွက်တိတိ ရှိသည်။ လက်ချောင်း၊ လက်ဝါး၊ လက်သီးတို့ ကို အလျဉ်းသင့်သလို တွဲစပ်အသုံးပြုတိုက်ခိုက်ရသည်။

လျင်မြန်မှုနှင့် တိုက်စစ်ကို အဓိက အားပြုသည်။ လီကျင်းဆွေ ဂရုတစိုက်ပင် သင်ယူ သည်။ မာလုထုံက ဒဏ်ရာရလျက်ကပင် တစ်ခေါက် ကစားပြသည်။ ကိုယ်ပိုင်သိုင်းကွက်ဖြစ်သည်မို့ ဒဏ်ရာရနေသည့်တိုင် တိကျသည်။ မြန်ဆန်သည်။

အားပါက ကြောက်စရာကောင်းသည်။ လီကျင်းဆွေ အသေအချာမှတ်ကာ ပြန်ကစားပြသည်။ မာလုထုံက ဘေးမှ ထောက်ပြပြုပြင်ပေးသည်။ သုံးခေါက်တိတိ ကစားပြီးလျှင် လီကျင်းဆွေမှာ အမှားအယွင်းမရှိအောင် နားလည်တတ်ကျွမ်းသွားသည်။

ကစားရင်းမှ သူ၏ကြောင်ပျံခြေလိမ်ကွက်နှင့် ရောနှောအသုံးပြုလျှင် ပိုမိုထက်မြက်ကောင်းမွန်သော သိုင်းကွက်တစ်ကွက်ဖြစ်ကြောင်း တွေ့မြင်သိရှိသည်။ လီကျင်းဆွေ၏ တတ်လွယ်သိလွယ်မှုကိုကြည့်ပြီး မာလုထုံ ကျေနပ်ပီတိဖြစ်သွား၏။

"ငါထင်တဲ့အတိုင်းပဲ မင်း တော်တော်မှတ်ဉာဏ် ကောင်းတယ်၊ ဒီသိုင်းကွက်ဟာ ကိုယ့်ထက် သိုင်းပညာအခြေခံမြင့်မားတဲ့လူနဲ့ တိုက်ခိုက်ရင် ပိုပြီးအစွမ်းထက်တယ်၊ ထိထိရောက်ရောက် တိုက်ခိုက်နိုင်တယ်၊ မင်းအတွက် တစ်နေ့မှာ အသုံးဝင်လိမ့်မယ်"

"ကျေးဇူးတင်ပါတယ်"

လီကျင်းဆွေ လေးလေးစားစားပင် ပြောဆိုဂါရဝပြုသည်။ မာလုထုံက သူ့သဘောနှင့်သူ သင်ကြားပေးသည်ဆိုသော်လည်း သူ့ဆရာအဖြစ် သတ်မှတ်ထားလိုက်သည်။

ပညာတစ်ရပ်တစ်ခုကို သင်ကြားပေးလျှင် ဆရာအဖြစ် သတ်မှတ်ထိုက်သည်မဟုတ်ပါလော။ တကယ်တမ်းဆိုရလျှင် အတွင်းအားအခြေခံသာ ထည့်မတွက်ပါက သိုင်းပညာချင်းယှဉ်လျှင် လီကျင်းဆွေ



ကပင် မာလုထုံထက် အနည်းငယ် သာလွန်းကောင်း သာလွန်နိုင်ပေသေးသည်။

မျိုးဆက်ဂိုဏ်းပညာ တွင် မာလုထုံထက် လီကျင်းဆွေတို့မိုးပျံနဂါးဂိုဏ်းမှပညာက ပို၍ အစွမ်းထက်လှပေသည်။ သို့သော် မာလုထုံ၏=မြေပါမြွေမျိုး+ သိုင်းကွက်သည်လည်း သိုင်းလောကတွင် အဆင့်မြင့်မြင့် ရပ်တည်နိုင်ကြောင်း လီကျင်းဆွေ သဘောပေါက်သည်။

သို့အတွက် မာလုထုံအပေါ် လီကျင်းဆွေ ကျေးဇူးတင်မိခြင်းဖြစ်၏။ သူ့အနေနှင့် မာလုထုံအပေါ် တုံ့ပြန်ကျေးဇူးပြုရမည်ဟု အခိုင်အမာသန္နိဋ္ဌာန်ချသည်။ မာလုထုံ၏ အတွင်းဒဏ် သက်သာပျောက်ကင်းစေရန် နည်းလမ်းရှာကြံရမည်ဟု ဆုံးဖြတ်သည်။

သူတွေးတောစဉ်းစားနေစဉ်ပင် လေးနက် တည်ကြည်သော စကားသံတစ်သံက ရေတွင်းနှုတ်ခမ်းဝဆီမှ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

"မာလုထုံ နဲ့ မော်လူအင်း ... မင်းတို့ကို ဝိုင်းထားပြီးပြီ၊ ပြေးလို့မလွတ်နိုင်တော့ဘူး၊ အေးအေးဆေးဆေး အဖမ်းခံကြပါ"

အတွင်းအားဖုတ်ကာ အော်ဟစ်လိုက်သောအသံမို့ ရေတွင်းထဲတွင် လိုဏ်သံပါ ပဲ့တင်ထပ် တုန်ခါသွားသည်။ အသံကိုကြားလိုက်သည်နှင့် အသံရှင်ကို လီကျင်းဆွေ ကောင်းစွာသိသည်။

လခြမ်းကွေး ဓားသမား ရောင်ရှုံး၏အသံ ဖြစ်ပေသည်။ ရောင်ရှုံးရှိလျှင် သူ၏တွဲဘက်ဖြစ်သော ယီချန်းလီသည်လည်း ရှိရမည်မလွဲ။ ဝိုင်းထားပြီဆိုကတည်းက ရောင်ရှုံးတို့နှစ်ယောက်တည်း မဖြစ်နိုင်။

တပည့်တပန်းများ၊ သက်ဆိုင်ရာပုဂ္ဂိုလ်များ ပါလာကောင်း ပါလာနိုင်ပေသည်။ အခြေအနေက မာလုထုံအတွက် မကောင်း။ ရေတွင်းထဲမှ လွတ်ကင်းအောင် မည်သို့မျှ ရုန်းကန်နိုင်စွမ်း ရှိမည် မဟုတ်တော့။ လှောင်အိမ်ထဲမှ ကြွက်များသဖွယ်ဖြစ်နေလေပြီ။

လီကျင်းဆွေ အထိတ်တလန့်ဖြစ်ကာ မာလုထုံအား ကြည့်သည်။ မာလုထုံက အံ့ဩစရာကောင်းလောက်အောင် တည်ငြိမ်လျက် ရှိနေလေသည်တကား။

"ဟား ဟား ဟား ... ခင်ဗျားတို့ အနံ့ခံကောင်းလှချည်လား၊ ဟုတ်တယ် ... ကျုပ်တို့ ဒီရေတွင်းထဲမှာ ရှိနေကြတယ်"

မာလုထုံက ရယ်မောလျက် အသံပြုသည်။ ထို့နောက် လက်ကျန်ကြက်ဥနှစ်လုံးကို ဖောက်သောက်ကာ ရေတာကောင်းထဲမှရေကို လည်း မော့သောက်ပြန်သည်။

သူ့အသံပြုချက်ကြောင့် ရေတွင်းအပေါ်ဘက်ဆီမှ တစ်ခဏမျှ တိတ်ဆိတ်သွားသည်။ အတန်ကြာမှ တည်ငြိမ်အေးဆေးသော စကားသံတစ်သံက ရုတ်တရက်ပေါ်ထွက်လာသည်။ ယီချန်းလီ၏



အသံပင်တည်း။

"မာလုထုံ ... မင်းတို့ ခုခံဖို့ မကြိုးစားနဲ့တော့၊ အေးအေး ဆေးဆေး လက်နှစ်ဖက်ချပြီး အဖမ်းခံရင် မင်းရဲ့ညီတော်မောင်ကို အသက်ချမ်းသာခွင့်ပေးလိုက်မယ်"

ညီတော်မောင် မော်လူအင်းဆိုသူမှာ ဆားလာဝယ် ခေါင်းခြင်း ဖြစ်၏။ ယီချန်းလီ၏ စကားအဆုံးတွင် မော်လူအင်းက ခက်ထန်စွာ ဖြင့် ...

"ယီချန်းလီ ... ခင်ဗျား ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ကို လာ ပြီးသွေးခွဲမနေနဲ့၊ ခင်ဗျားပြောတိုင်း လုပ်ရမှာလား၊ ကျုပ်တို့နှစ် ယောက် ဘယ်တော့မှ လက်တွဲမဖြုတ်ဘူး၊ သေရင် အတူတူသေမယ်၊ ရှင်လည်း အတူတူရှင်ကြမယ်၊ ခင်ဗျားသတ္တိရှိရင် ရေတွင်းထဲကို ဆင်း လာပြီး ကျုပ်တို့ကို အရဖမ်းကြ"

မော်လူအင်းကား တကယ်ပင် သွေးသောက်ညီနောင်စိတ် ရှိ သူတည်း။ သူ၏ ရဲရဲတောက်ပြောဆိုသံကြောင့် ရေတွင်းဝမှ စကားသံ တိတ်သွားသည်။ မော်လူအင်း၏စကားကလည်း ထိရောက်လှပေ သည်။

အညှံမခံစိတ်ဖြင့် ပြောလိုက်သလို ယီချန်းလီတို့အား စိန်ခေါ် လိုက်ခြင်းလည်းမည်သည်။ ရေတွင်းထဲနေသူထံသို့ မည်သူက အမိုက် ခံ ဆင်းဝံ့မည်နည်း။

ဒေါသစိတ်ကြောင့် ဇွတ်အတင်း ဆင်းလာခဲ့လျှင်လည်း ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်သွားမည်မဟုတ်ပါလား။ ထို့ကြောင့် အပေါ်မှလူများ တိတ်ဆိတ်ငြိမ်သက်သွားကြခြင်း ဖြစ်ပေသည်။

"အပေါ်ကတော့ ငြိမ်သွားကြပြီ ... တစ်ခုခုအကြံထုတ်နေသလား မသိဘူး"

လီကျင်းဆွေက တိတ်ဆိတ်ငြိမ်သက်နေခြင်းကို မှတ်ချက်ချသည်။ မာလုထုံက ခေါင်းဆတ်ညိတ်ပြ၏။ တီးတိုးလေသံဖြင့် ...

"မင်းပြောတာမှန်တယ် ... သူတို့ ဘယ်နည်းနဲ့မှ အောက်ကို ဆင်းလာရဲကြမှာ မဟုတ်ဘူး၊ ငါတို့ ဒီအထဲက မြေလှိုဏ်းပြီး ထွက်မပြေးနိုင်မှန်းလည်း သိထားကြမှာ အမှန်ပဲ၊ ဒီတော့ ... အပေါ်က ဝိုင်းပြီး စောင့်နေကြလိမ့်မယ်၊ ဒါပေမဲ့ စိတ်ရှည်ရှည်နဲ့ အကြာကြီးလည်း နိုင်းထားကြမှာ မဟုတ်ဘူး၊ အခု ဘယ်လိုလုပ်ကြမယ်ဆိုတာ စဉ်းစားနေကြမှာပဲ၊ ကဲ ... မင်းတို့ကို ငါ တစ်ခုမေးမယ် ... မင်းတို့သာ အဲဒီနေရာမှာ သူတို့လိုနေကြရင် ငါတို့ထွက်လာအောင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော့်သဘောအရဆိုရင်တော့ ရေတွင်းထဲကို ရေတွေလောင်းချမှာပဲ"

မော်လူအင်းက သူ့အကြံဉာဏ် ထင်မြင်ချက်ပေးသည်။ လီကျင်းဆွေက ခေါင်းခါယမ်းကာ ...

"မဖြစ်နိုင်ဘူး၊ ရေတွင်းတစ်ခုလုံး ရေပြည့်ဖို့ဆိုတာ လွယ်တာ



မဟုတ်ဘူး၊ ဒီလောက်များတဲ့ ရေတွေကို တစ်ပြိုင်တည်း သယ်ဖို့ဆိုတာ မလွယ်ဘူး"

"ဟုတ်တယ် ... မင်းပြောတာမှန်တယ်၊ ရေနဲ့တော့ လောင်းချမှာ မဟုတ်ဘူး၊ လုပ်နိုင်တာ နှစ်နည်းပဲရှိတယ်"

"ဘယ်လိုနည်းလဲ"

"ပထမနည်းက မီးခိုးနဲ့ အသက်ရှူကျပ်အောင် မှိုင်းတိုက်မယ့်နည်း၊ ဒုတိယနည်းကတော့ လောင်စာတွေချပြီး မီးလောင်တိုက်သွင်းတဲ့နည်းပဲ"

"မီးခိုးမှိုင်းတိုက်တာတော့ ဖြစ်ချင်ဖြစ်နိုင်မယ်၊ မီးရှို့ပြီး မီးလောင်တိုက်သွင်းတာတော့ မလုပ်နိုင်ပါဘူး၊ ဒီလူတွေက အဖြူရောင်ဂိုဏ်းက သမာဓိသိုင်းသမားကြီးတွေပဲ"

လီကျင်းဆွေစကားကြောင့် မာလုထုံ ခနဲ့ပြုံးပြုံးသည်။

"အဖြူရောင်ဂိုဏ်းက သမာဓိသိုင်းသမားကြီးတွေမို့လို့ အောက်လမ်းနည်းနဲ့ ရက်ရက်စက်စက်မလုပ်ဘူးလို့ မင်းထင်နေလား၊ ဒီမှာ လီကျင်းဆွေ ... သမာဓိသမားကြီးတွေ ကောက်ကျစ်ယုတ်မာရင် လူဆိုးလူမိုက်တွေထက် ပိုဆိုးတယ်ကွ၊ သူတို့မှာ အကြောင်းပြချက်ကောင်းတွေကလည်း အမြဲတမ်းရှိနေတတ်တယ်၊ မင်းစဉ်းစားကြည့်လေ ... သူတို့က ငါတို့ကို တကယ့်ထိတ်ထိတ်ကြဲ ကမ်းကုန်အောင်ဆိုးသွမ်းနေတဲ့ လူရမ်းကားကြီးတွေလို့ သတ်မှတ်ထားကြ

တယ်ကွ"

လီကျင်းဆွေ ဘာမျှမပြောနိုင်။ သိုင်းလောက၏ သစ္စာကိုယ် တော်ဟု သတ်မှတ်ခံရသော ကျန်းထန်းဟုန်အမည်ခံ ကျောက်လူဝှန်း ၏ သူမတူအောင် ယုတ်မာရက်စက်ခြင်းကို သူကိုယ်တိုင် ကြုံတွေ့ သိမြင်ထားခဲ့ပြီ မဟုတ်ပါလား။

ကျောက်လူဝှန်းသာမက ယီချန်းလီပင်လျှင် ကုရာနတ္ထိ ဆေး မရှိသော မီးသင့်ကျားလက်ဝါးဖြင့် မာလုထုံအား ရိုက်နှက်ဒဏ်သင့် စေခဲ့ပြီးပြီ မဟုတ်ပါလား။

လီကျင်းဆွေ ငိုင်တွေစဉ် မာလုထုံ သူ့လက်မောင်းကို လှုပ် လှဲ့စွာ ဖျစ်ညှစ်ကာ ...

"လီကျင်းဆွေ ... မင်းဟာ ငါ့ရဲ့ မိတ်ဆွေကောင်းစစ်စစ် တစ် ယောက်လို့ သတ်မှတ်ယုံကြည်တယ်၊ ငါ့ညီတော်တစ်ယောက်လို သ ဘောထားတဲ့အနေနဲ့ စကားတစ်ခွန်း ပြောမယ် ... ငါ့စကားကို မင်း နားထောင်ပါ"

"ဘာကို နားထောင်ရမှာလဲ"

"ယီချန်းလီတို့ မယုတ်မာဘူးလို့ မပြောနိုင်ဘူး၊ ဝါကယ်လို့ လောင်စာတွေချပြီး မီးလောင်တိုက်သွင်းမယ်ဆိုရင် ငါတို့ ရေတွင် အပြင်ဘက်ကို တစ်ရှိန်ထိုး ထိုးဖောက်ထွက်ကြမယ်"

"ဟာ ... ဘာလို့ မီးလောင်တိုက်သွင်းတဲ့အချိန်အထိ စော



နေရမှာလဲ၊ အဲဒီအချိန်ကျမှဆိုရင် အခြေအနေဆိုးသွားမှာပေါ့၊ အခု ချက်ချင်း အပြင်ထွက်ပြီး တိုက်ခိုက်ကြရင် မကောင်းဘူးလား"

"ငါပြောတဲ့စကားဆုံးအောင် နားမထောင်ဘဲ မင်းက ဖြတ် ပြောတာကိုးကွ၊ အခုအချိန်မှာ ရုတ်တရက် ထိုးဖောက်တိုက်ခိုက်ရင် အခြေအနေရှုပ်ထွေးတော့ တို့ဘက်က တစ်ပန်းရှုံးတယ်၊ မီးရှို့ပြီး မှဆိုရင် သူတို့ကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်နေတဲ့အချိန် လောင်စာတွေ သယ်ထည့် မီးရှို့ဖို့ပြင်ဆင်နေချိန်ဆိုတော့ အလုပ်တွေ ရှုပ်၊ အခြေအနေတွေ ရှုပ်ထွေးနေလိမ့်မယ်၊ အဲဒါဆိုရင် အခြေအနေ က တစ်ပန်းသာတယ်၊ အပြင်ကိုမထွက်ဘဲ မနေနိုင်လို့ ထွက်ရတယ် လို့ သတ်မှတ်ကြလိမ့်မယ်၊ အဲဒီလို ထိုးဖောက်ထွက်တဲ့အခါမှာလည်း မင်းမပါဘူး။ ငါနဲ့ ညီတော်မော်လူအင်းတို့ပဲ ထွက်ကြမယ်၊ ယီချန်းလီ တို့က ဒီရေတွင်းပျက်ထဲမှာ တို့နှစ်ယောက်ပဲရှိတယ်လို့ သိထားတာ၊ မင်းရှိနေမှန်း သိတာမဟုတ်ဘူး၊ တို့ထွက်ပြီး အခြေအနေငြိမ်သွားလို့ ယီချန်းလီတို့ ရေတွင်းဘေးက ထွက်သွားတော့မှ မင်း အေးအေး ဆေးဆေး ပြန်ထွက်သွားဖို့ ပြောတာ"

"ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ ခင်ဗျားတို့ကို ကျုပ်က ပစ်စလက်ခတ်ပြုရာ ရောက်သွားမှာပေါ့"

"ဘာမှစောဒက တက်မနေနဲ့တော့ကွာ၊ ငါပြောတဲ့နည်းက အကောင်းဆုံးပဲ၊ မင်းနဲ့ငါဟာ နောက်ထပ်ပြန်ပြီး တွေ့နိုင်ကြလိမ့်

မယ်လို့ ငါမထင်တော့ဘူး၊ ဒီနေ့ဟာ ထာဝရခွဲခွာခြင်းအဖြစ်နဲ့ ခွဲခွာကြရမှာပဲ၊ ငါတို့က သေလူတွေပါကွာ၊ မင်း ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့၊ အေး ... နောက်တစ်ခု သတိပေးရဦးမယ် ... မင်းဟာ ငါ့ရဲ့မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ပေမယ့် ငါ အထပ်ထပ် သတိပေးခဲ့ပါရစေ၊ မင်းဘဝတိုးတက်မယ်, အေးချမ်းသာယာမယ်ဆိုရင် ငါ သေပျော်ပါပြီ"

မာလုထုံစကားများက မိတ်ဆွေကောင်းတစ်ယောက် သေခါနီး မှာကြားသွားသော သေတမ်းစာစကားကဲ့သို့ ဖြစ်နေသည်။ ရန်သူများကိုလည်း သေသေကျေကျေ အစွမ်းကုန်တိုက်ခိုက်သွားရန် ဆုံးဖြတ်ချက်ချထားကြောင်း ထင်ရှားသည်။ ထိုစဉ်မှာပင် ...

'ရှမ်း'

မော်လူအင်း ဓားရှည်ကို ဓားအိမ်တွင်းမှ ဒေါသတကြီး ဆွဲထုတ်သည်။ နေရောင်က ရေတွင်းထဲသို့ ဝင်ရောက်လာပြီမို့ ဓားသွားအလင်းက ပြက်ခနဲ လက်သည်။

"တောက် ... ခွေးမသား သစ္စာဖောက် ... ဒီကောင့်ကို ကျုပ်တော်ကိုယ်တိုင် သတ်မယ်"

မော်လူအင်းက အဆက်အစပ်မရှိ ရေရွတ်ကြိမ်းဝါးသည်။ မာလုထုံ မျက်မှောင်ကြုတ်ကာ ...

"ညီလေးမော် ... မင်းက ဒေါသကြီးလှချည်လား၊ ဘယ်သစ္စာ



ဖောက်ကိုများ သတ်မလို့ ကြုံးဝါးနေရတာလဲ"

"ဘယ်သူရမလဲ အစ်ကိုကြီးရာ ... ဒီရွာသူကြီး ရှိကျန်းပြင်ကို ပြောတာပေါ့၊ ဒီကောင်သစ္စာဖောက် သတင်းပေးလို့ ယီချန်းလီတို့ နေရာအတိအကျသိပြီး လိုက်လာနိုင်တာပဲ"

"သြော် ... မင်းက ရှိကျန်းပြင်ကို ပြောနေတာကိုး၊ သူနဲ့ငါတို့ ခင်မင်ရင်းနှီးတုန်းက သူ့အဆင့်က ဘာလဲ၊ ရွာသူကြီး မဟုတ်သေးဘူးလေ၊ ရိုးရိုးအရပ်သားတစ်ယောက်ပဲ၊ အခု သူက ရွာသူကြီးဖြစ်သွားပြီ၊ သူ့မှာ တာဝန်ဝတ္တရားတွေ ရှိလာပြီ၊ နောက်ပြီး သူ့ကို သစ္စာဖောက်ရယ်လို့ သတ်မှတ်လို့မရဘူးလေကွာ၊ တို့အကြောင်းကို မသိခင်က သူက တို့ကို ဒီရေတွင်းပျက်ကြီးထဲမှာ ပုန်းအောင်းဖို့ နေရာပေးထားခဲ့တယ်၊ အခု တို့ကို တရားခံပြေးတွေလို့ မြင်လာတော့ သူ့အလုပ်ကို သူလုပ်တာပါ ... ဒါ မဆန်းပါဘူး၊ လူ့လောကမှာ သစ္စာဖောက်ဆိုတာ ရှိတာတ်စမြဲပဲ၊ ဘာမှ အာဃာတထားမနေနဲ့ ... သူ့ကို လွှတ်ပေးထားလိုက်စမ်းပါ"

"မဟုတ်ပါဘူး အစ်ကိုကြီးရာ ... ဒီလောက်တောင် အရှိန်အဝါနဲ့ အာဏာမဲ့မောတဲ့ကောင်၊ မိတ်ဆွေအပေါင်းအသင်းပေါ်ရောင်းစားတဲ့ကောင်ကို နုပ်နုပ်စဉ်းပစ်ချင်တယ်"

မော်လူအင်း ဓားကို တဝင့်ဝင့်ဖြင့် အခဲမကျေစွာ ပြောပြန်သည်။ မာလုထုံမျက်နှာ တင်းမာခက်ထန်လာ၏။

"လူအင်း ... မင်း လူသိပ်သတ်ချင်နေသလား၊ သတ်ချင်ရင် ငါ့ကိုသာ သတ်လိုက်ပါလား"

"ဟာ ... အစ်ကိုကြီးကလည်း ကျွန်တော်က အစ်ကိုကြီးကို ဘာလို့သတ်ရမှာလဲ"

"သတ်သင့်တာပေါ့ကွာ၊ မင်း ဒေါသဖြစ်နေတာ ဒီရေတွင်းထဲမှာ ပိတ်မိနေလို့၊ အကျဉ်းအကျပ်၊ အခက်အခဲတွေ့နေလို့ မဟုတ်လား၊ ဒါတွေဟာ ငါ့ကြောင့်ဖြစ်ရတာကွ၊ ငါမရှိရင် မင်းအတွက် လွတ်မြောက်သွားမှာပါ၊ ဘာမှလဲ အခက်အခဲ ရှိတော့မှာ မဟုတ်ဘူးလေ"

မာလုထုံစကားကြောင့် မော်လူအင်း လှုပ်လှုပ်ရှားရှားဖြစ်သည်။ တဆဆလုပ်နေသော ဓားရှည်ကို အောက်စိုက်ချသည်။

"ဒီလိုတော့မပြောပါနဲ့ အစ်ကိုကြီး ... အစ်ကိုကြီးဟာ ကျွန်တော့်ကျေးဇူးရှင်တစ်ယောက်၊ သွေးသောက်အစ်ကိုတော် တစ်ယောက်ပါ၊ အစ်ကိုကြီးကြောင့် ကျွန်တော် နစ်နာဆုံးရှုံးတာ ဘာမှမရှိပါဘူး၊ အစ်ကိုကြီးကြောင့်သာ ကျွန်တော့် မိဘဆွေမျိုးတွေကိုသတ်၊ ကျွန်တော့်မိန်းမကို လူမဆန်ဘဲ ရက်ရက်စက်စက် စော်ကားခဲ့တဲ့ လူယုတ်မာတွေကို လက်တုံ့ပြန်ကလဲ့စားချေနိုင်ခဲ့တာပါ၊ အစ်ကိုကြီးကျေးဇူးတွေ ကျွန်တော့်အပေါ်မှာ ဆပ်လို့မကုန်နိုင်ပါဘူး၊ တစ်သက်လုံး လက်တွဲပြီးမှ ကျွန်တော် အခုမှ အလွတ်ရုန်းရင် ခွေးဖြစ်သွားမှာပေါ့၊ အသေခံစရာရှိရင် ကျွန်တော်ပဲ ရှေ့က အသေခံသွားမှာပါ"



မာလုထုံ စကားဆုံးသည့်နှင့် လိုဏ်ဂူထဲမှ ပြေးထွက်သည်။ မာန်သွင်းအော်ဟစ်လျက် ရေတွင်းဝဆီသို့ ခုန်ပျံတက်သည်။

"ငါလာပြီဟေ့ ... ဆုငွေလိုချင်တဲ့လူတွေ ငါ့အစ်ကိုကြီး ခေါင်းတော့မရဘူး ... ငါ့ခေါင်းကို အရင်ရအောင် ဖြတ်ကြ"

ခုန်တက်ရင်းမှ ပါးစပ်ကလည်း ဒေါသတကြီးအော်ဟစ်သည်။ သူ့လှုပ်ရှားမှုက သွေးသောက်အစ်ကိုတော်အတွက် ရှေ့မှ အသက်ပေးကာကွယ်ရန် ကြိုးစားလိုက်ခြင်းပင်တည်း။ မော်လူအင်း စတင်လှုပ်ရှားသည်နှင့် မာလုထုံ ပျာပျာသလဲဖြစ်သွားသည်။

"လူအင်း ... ခဏနေဦး ... တခေါက်ကန်း မလုပ်နဲ့ သေစရာရှိရင် ငါရှေ့က အရင်ဆုံးသေမယ်"

စကားသံနှင့်အတူ မာလုထုံ ပြေးထွက်သည်။ ရေတွင်းဝဆီသို့ ကိုယ်ဖော့ကာ သိမ်းငှက်ကြီးတစ်ကောင်အလား နောက်မှ ခုန်ပျံတက်သွားလေတော့သည်။

ရေတွင်းဝဆီသို့ မာလုထုံက နောက်မှ လိုက်တက်သွားသော်လည်း ကိုယ်ဖော့ပညာကောင်းခြင်း၊ အတွင်းအားနက်ရှိုင်းခြင်းတို့ကြောင့် မော်လူအင်းထက် အရင်စောရောက်သည်။

အပေါ်သို့တက်ရောက်သည်နှင့် ရေတွင်းဝမှ လူများမှာ အံ့အားသင့်သွားကြသည်။ ချက်ချင်းပင် တိုက်ခိုက်မှု စတင်သည်။ စတင်တိုက်ခိုက်သည်နှင့် ပွဲကြမ်းသည်။

အသေအလဲ အကြိတ်အနယ် ယှဉ်ပြိုင်သည်။ အော်ဟစ်မာန်သွင်းသံများ၊ လက်နက်ချင်းထိခတ်သံများ သောသောညံသည်။ ရေတွင်းထဲတွင်ရှိနေသည့် လီကျင်းဆွေပင် ကျယ်လောင်စွာကြားနေရ၏။

မော်လူအင်းနှင့် မာလုထုံတို့နှစ်ယောက်ကား တစ်ယောက်ကိုတစ်ယောက် မိတ်ဆွေသူငယ်ချင်းကောင်းပီသစွာ အသက်ပေးတိုက်ခိုက်နေကြချေပြီ။

ရေတွင်းထဲတွင် လီကျင်းဆွေတစ်ယောက်တည်းသာ ကျန်ရစ်၏။ အပေါ်မှ တိုက်ခိုက် သံများကြောင့် သူ့စိတ်တို့ လှုပ်ရှားလာသည်။ နှလုံးသွေးများ ဆူပွက်လာသည်။

မာလုထုံ စီစဉ်သွားသည့်အတိုင်းဆိုလျှင် ရေတွင်းထဲတွင် သူစောင့်နေရမည်။ အပေါ်မှအခြေအနေ အေးချမ်းကာ လူအားလုံးပြန်သွားမှ အပေါ်သို့တက်လာပြီး ကိုယ်အိမ်ကိုယ် အေးအေးဆေးဆေး ပြန်သွားရုံဖြစ်၏။

လီကျင်းဆွေ သည်အတိုင်း ပြုလုပ်သင့်သလား။ တစ်ကိုယ်ကောင်းဆန်စွာ ရေတွင်းထဲတွင် နေရလေမည်လား။ မဖြစ်နိုင်။

မော်လူအင်းနှင့် မာလုထုံတို့နှစ်ယောက်သည် ကိုယ့်အသက်ကိုယ် ပဓာနမထားဘဲ မိတ်ဆွေအပေါင်းအသင်းအတွက် လက်တွဲတိုက်ပွဲဝင်နေကြပြီ။



လောကတွင် သူ့အသက်တစ်ချောင်းသည် တန်ဖိုးကြီးမြင့်ကြောင်း လီကျင်းဆွေသိသည်။ လူတိုင်းလူတိုင်း ကိုယ့်အသက်ကိုယ်တန်ဖိုးထားနေ့မြောခင်တွယ်ကြကြောင်း နားလည်သည်။

သို့သော် အသက်တစ်ချောင်း၏တန်ဖိုးသည် အသက်ရှင်နေစဉ်ကာလ၌သာ တည်ရှိ၏။ အသက်ရှင်လျက် တန်ဖိုးမဲ့စွာ နေထိုင်သူသည် တန်ဖိုးရှိသောအသက်တစ်ချောင်းကို ပိုင်ဆိုင်ထားသော်လည်း အချည်းနှီးသာရှိချေမည်။

အသက်ထက်တန်ဖိုးကြီးမြင့်သော အရာဝတ္ထုနှင့် လုပ်ရပ်စိတ်ဓာတ်များ လောကတွင် အထုအထည်နှင့်ရှိသည်ကို လီကျင်းဆွေသိသည်။

"ဘာလုပ်ရမလဲ"

ယီချန်းလီတို့သည် ရေတွင်းထဲတွင် မော်လူအင်းနှင့် မာလုထုံတို့နှစ်ယောက်တည်းသာရှိကြောင်း သိထားကြ၏။ မိမိသာ နောက်မှရုတ်တရက်တက်သွားလျှင် ယီချန်းလီတို့အုပ်စု အခက်တွေ့ အငိုက်မိသွားကြမည်မှာ မလွဲပေ။

ထိုအချိန်တွင် အခွင့်ကောင်းယူကာ ထိုးဖောက်ထွက်ပျှင် အောင်မြင်နိုင်သည်။ ထိုအတွေးရသည်နှင့် လီကျင်းဆွေ ဆုံးဖြတ်ချက်ယတိပြတ်ချသည်။ လိုဏ်ဂူသွယ်ကလေးမှ ပြေးထွက်သည်။

ရေတွင်းအပေါ်ဆီသို့ ကိုယ်ဖော့ပညာသုံးကာ လွှားခနဲ

ခုန်ပျံတက်သွားလေတော့သည်။ ရေတွင်းပေါ်သို့ရောက်သည်နှင့် စူးရှသောနေရောင်ကို အရင်ဆုံးခံစားရသည်။

နေရောင်တွင် ဓားအလင်းတန်းတစ်ခုက ဝင်းခနဲပြက်လက်သည်။ ရန်သူတစ်ယောက်က လီကျင်းဆွေအား ဓားရှည်ဖြင့် ဆီး၍ ခုတ်ပိုင်းချလိုက်ခြင်းတည်း။

'ရွမ်း'

လီကျင်းဆွေ ခေါင်းငုံ့ ကိုယ်တိမ်းကာ အလျင်အမြန်ရှောင်သည်။ တစ်ဆက်တည်းပင် ကျွံဝင်လာသောရန်သူ၏ လက်ကောက်ဝတ်ကို ဆတ်ခနဲ ဖမ်းဆုပ်လိမ်ချိုးကာ လက်ဝါးစောင်းဖြင့် ခုတ်ဖြတ်ချသည်။

'ဂျွတ်'

"အား"

အလစ်ဝင်အပိုင်ခုတ်ချလာသော ရန်သူတစ်ယောက် ရှင်းသွားခဲ့ပြီ။ သွင်သွင်ကျိုးသွားသော လက်မောင်းကိုကိုင်လျက် အဝေးသို့ ပြေးထွက်သွားလေပြီ။ လီကျင်းဆွေအနီးတွင် ရင်ဆိုင်သူမရှိတော့။

ချက်ချင်းပင် တိုက်ပွဲအခြေအနေကို မျက်စိကစား အကဲခတ်ကြည့်သည်။ မာလုထုံသည် ရန်သူသုံးယောကို လက်နက်မဲ့ ရင်ဆိုင်နေရ၏။

ဓားကိုင်ရန်သူသုံးယောက်နှင့် ရင်ဆိုင်နေရသော်လည်း



ထိတ်လန့်ဗျာများခြင်း မရှိ။ အတွင်းဒဏ်ရာရထားသူတစ်ယောက်နှင့်ပင် မတူ ... ပေါ့ပါးသွက်လက်ဖျတ်လတ်စွာ တိုက်ခိုက်နေသည်။

မော်လူအင်းမှာ ရန်သူနှစ်ယောက်နှင့် သဲကြီးမဲကြီး တိုက်ခိုက်လျက်ရှိ၏။ သူ့အခြေအနေကလည်း အောက်စည်းသို့မရောက်။ ထိုသူနှစ်ယောက်ကို လီကျင်းဆွေ စိတ်ချသွားသည်။

သို့သော် ယီချန်းလီနှင့် ရှောင်ရှုံးတို့နှစ်ယောက် တိုက်ပွဲမဝင်ကြသေး။ တိုက်ပွဲကွင်းပြင်၏ ဆယ့်ငါးပေခန့်အကွာတွင် ကျွန်းပင်ကြီးတစ်ပင်အောက်၌ လက်ပိုက်ကာ အခြေအနေ စောင့်ကြည့်နေသည်။

သူတို့၏တပည့်တပန်းများ အခြေအနေမလှမှ တိုက်ပွဲဝင်မည့်သဘော။ မော်လူအင်းနှင့် မာလုထုံတို့ လက်ပန်းကျမှ အလွယ်တကူအနိုင်ယူတိုက်ခိုက်မည့်သဘော ရှိနေသည်။

သူတို့နှစ်ယောက်သည် မထင်မှတ်ဘဲ ရုတ်တရက် ခုန်ထွက်လာသော လီကျင်းဆွေကို တအံ့တသြကြည့်နေကြသည်။ သူတို့စိတ်ထဲတွင် ကျေးတောသား ရိုးရိုးအအကြီးတစ်ယောက် တိုက်ပွဲစည်းဝိုင်းထဲသို့ ဘာကြောင့် ရောက်ရှိလာရလေသနည်းဟု တွေးတောသံသယရှိနေပုံရ၏။

လီကျင်းဆွေ၏ပုံစံက သူတို့အတွက် မှတ်မိနိုင်စရာအကြောင်းမရှိ။

ပန်းလက်ဝါး ဝမ်ဟာန်နင်၏ရုပ်ပြောင်းရုပ်လွဲပညာကြောင့် လုံးလုံးလျားလျား အသွင်ပြောင်းနေပြီ မဟုတ်ပါလား။

သည်အချိန်သည် အချိန်ကောင်း အခါကောင်း တစ်ခုပင်။ ယီချန်းလီတို့ အုံ့အားသင့်နေကြစဉ် အခွင့်ကောင်းယူကာ အလစ်ဖမ်း တိုက်ခိုက်လျှင် သူ့အတွက် တစ်ပန်းသာသည်။

အနိုင်မတိုက်ခိုက်နိုင်သော်မှ အချိန်ဆွဲတိုက်ခိုက်ကာ မာလုထုံ တို့တိုက်ပွဲသို့ မဝင်ရောက်နိုင်အောင် ဟန့်တားထားနိုင်သည်။ ယီချန်း လီနှင့်ရှောင်ရှုံးသာ ဝင်မကူလျှင် မာလုထုံနှင့် မော်လူအင်းတို့ မကြာ ခင် အနိုင်ရမည်။ ထို့နောက် ကိုယ်လွတ်ရုန်း ထွက်ပြေးနိုင်ကြမည်။

မိမိကဏ္ဍက နောက်မှကြည့်ရှင်းမည်။ ထိုအတွေးများက လီကျင်းဆွေခေါင်းထဲတွင် လျှပ်တစ်ပြက် ရုတ်ခြည်း တွေးတောလိုက် ခြင်း ဖြစ်၏။ ထိုအတွေးဝင်သည်နှင့် ဆုံးဖြတ်ချက်ချပြီး ဖြစ်နေသည်။

ရုပ်နေရာမှ ရုတ်ခြည်းပင် တိမ်နဂါးကိုယ်ဖော့ပညာသုံးလျက် ပြေးဝင်ခုန်ပျံသည်။ အရှိန်က မြန်သည်။ လှုပ်ရှားမှုက သွက်လက် သည်။

ယီချန်းလီတို့နှစ်ယောက်မှာ ရိုးရိုးအအ ကျေးတောသားကြီး တစ်ယောက် တိုက်ပွဲစည်းဝိုင်းအတွင်းသို့ မဆီမဆိုင်ရောက်ရှိခြင်း အတွက် အံ့အားသင့်နေစဉ် ထပ်မံ၍ လေအလျင်ကဲ့သို့ ပြေးလွှား ဝင်ရောက်သောအခါ ထိတ်လန့်တုန်လှုပ်သွားကြသည်။



ယီချန်းလီမှာ သတိကောင်းသူဖြစ်၏။ အံ့အားသင့် ထိတ်လန့် မှုကို အမြန်ဆုံး ထိန်းချုပ်နိုင်သည်။

လီကျင်းဆွေ ခုန်ဝင်လာသည်ကိုတွေ့ရလျှင် မဆိုင်းမတွပင် ကိုယ်ဟန်လှုပ်ကာ သိုင်းကွက်ခင်းသည်။ သူခင်းလိုက်သော သိုင်း ကွက်က မီးသင့်ကျား လက်ဝါးတိုက်ကွက်ပင်တည်း။

မာလုထုံသည် တစ်ဖက်မှတိုက်ခိုက်နေသော်လည်း လီချန်းယီ ထံသို့ နားမျက်စိမပြတ် ပို့ထား၏။ အသစ်ဝင်တိုက်လာမည် စိုးရိမ် ကာ မပြတ်တမ်း ဂရုစိုက်သည်။

လီကျင်းဆွေ အမှတ်မထင် ဝင်တိုက်ခြင်း၊ ယီချန်းလီက မီးသင့် ကျားလက်ဝါးတိုက်ကွက် ခင်းလိုက်ခြင်းတို့ကို ကောင်းစွာတွေ့မြင် သည်။ ယီချန်းလီ တိုက်ကွက်ခင်းသည်နှင့် အကြီးအကျယ် သူထိတ် လန့်သွား၏။

"ဟော့ ... မလှုပ်နဲ့"

အထိတ်တလန့်အော်ဟစ်ကာ ရန်သူသုံးယောက်ကို နောက် ဆုတ်စေလျက် လီကျင်းဆွေထံသို့ ခုန်ဝင်သည်။ လီကျင်းဆွေ၏ ကိုယ် ဖော့ပညာ ထူးချွန်ထက်မြက်သည်ကား မှန်၏။

သို့သော် မာလုထုံ၏ကိုယ်ဟန်လှုပ်ရှားမှုက သူ့ထက် လျင်မြန် သွက်လက်သည်။ ရိပ်ခနဲ ခုန်ဝင်လာမှုက လီကျင်းဆွေနှင့် တစ်ထပ် တည်း။

ထိုသို့ ခုန်ဝင်လာသော်လည်း ယီချန်းလီတို့ နှစ်ယောက်အား လီကျင်းဆွေနှင့် အတူပူး ပေါင်းကာ ဝင်ရောက်တိုက်ခိုက်ခြင်း မဟုတ်။

လီကျင်းဆွေအား ကြားမှဖြတ်ကာ ဟန့်တားဖယ်ရှားလိုက်ခြင်း ဖြစ်၏။ သူသည် ယီချန်းလီနှင့် အထူးတိုက်ခိုက်ဖူးသည်။

ယီချန်းလီ၏မီးသင့်ကျားလက်ဝါးအစွမ်း မည်မျှပြင်းထန်ထက်မြက်သည်ကို အထူးနားလည်သဘောပေါက်သည်။

မဆင်မခြင် တစောက်ကန်းဝင်လုပ်ခြင်းဖြင့် သူ၏မိတ်ဆွေကောင်း လီကျင်းဆွေကို မထိစေချင်။ အကျိုးမဲ့ အချည်းနှီး အသက်မဆုံးရှုံးစေချင်။

ထို့ကြောင့်ပင် ဝင်ရောက်ဟန့်တား အကာအကွယ်ပေး ဖယ်ရှားလိုက်ခြင်းဖြစ်၏။

မာလုထုံက လီကျင်းဆွေအား ဖယ်ထုတ်လိုက်လျှင် ယီချန်းလီက အမှတ်တမဲ့ လျှန့်ဖျပ်ကာ ခင်ကျင်းထားသော မီးသင့်ကျားလက်ဝါးတိုက်ကွက်ကို ရုပ်သိမ်းသည်။

မာလုထုံကိုလည်း စူးစိုက်ကြည့်ကာ လီကျင်းဆွေအားလက်ညှိုးညွှန်လျက် ...

"ဒီလူက ဘယ်သူလဲ"

"ကျုပ်မိတ်ဆွေပါ"

"ဟား ဟား ဟား ... မင်းလိုလူမျိုးမှာ အသက်စွန့်ကာကွယ်



ပေးမယ့်မိတ်ဆွေ ရှိလို့လား"

"ကျုပ်မှာ ရန်သူတွေများလို့ မိတ်ဆွေမရှိနိုင်ဘူး ခင်ဗျား ထင်နေသလား၊ ကျုပ်ရထားတဲ့ မိတ်ဆွေကောင်းမျိုးက ခင်ဗျားမှာတောင် ရှိမှာမဟုတ်ဘူး"

မာလုထုံ၏ ပြင်းထန်ပြတ်သားလှသော စကားကြောင့် ယီချန်းလီ နှာတင်းသွားတော့သည်။ အခြေအနေက တဒင်္ဂ အေးချမ်းငြိမ်သက်သွားသည်ဟု ဆိုရမည်။

ယီချန်းလီနှင့် ရှောင်ရှုံးထံသို့ လီကျင်းဆွေနှင့် မာလုထုံတို့ နှစ်ယောက် ဝင်လိုက်သဖြင့် မာလုထုံနှင့် တိုက်ခိုက်နေခဲ့သော လူသုံးယောက် ယီချန်းလီတို့နံဘေး၌ ဝန်းရံလာကြသည်။

မော်လူအင်းနှင့် တိုက်ခိုက်နေသော လူနှစ်ယောက်မှာ အသီးသီး အရှိန်တန့်ကာ မာလုထုံအား အခြေအနေစောင့်ဆိုင်းကာ စောင့်ကြည့်နေသည်။

ထို့ကြောင့် တိုက်ခိုက်မှုက ရုတ်တရက် ရပ်ဆိုင်းသွားသည်။ ယီချန်းလီသည် မာလုထုံ ခနဲ့လိုက်သောစကားကြောင့် ရင်ထဲတွင် မခံချိမခံသာဖြစ်သည်။ လီကျင်းဆွေအား အေးစက်သော အကြည့်ဖြင့် ကြည့်ကာ ...

"ဟေ့လူ ... ခင်ဗျား မာလုထုံရဲ့မိတ်ဆွေဆိုတာ တကယ်လား"

"ဟုတ်တယ်"

ကို နာကြည်းနေလည်း အပိုပဲ၊ မင်း ဘာမှထပ်မပြောနဲ့တော့"

မော်လူအင်း နှုတ်ဆိတ်သွား၏။ မာလုထုံ၏ကျေးဇူးက သူ့အပေါ်တွင် အများကြီးရှိသည်။ မာလုထုံကို ချစ်ကြောက်ရိုသေသဖြင့် ငြိမ်နေလိုက်ရသော်လည်း စိတ်ထဲတွင်မူ မခံချင်။ ဖွင့်ဟပြောလိုက်ချင်သည်။

ဖွင့်ပြောလောက်အောင်လည်း သူ့တွင် အကျိုးအကြောင်းများက ရှိနေသည်။ ဟိုပေနယ်တွင် ရှိစဉ်က ဟိုပေမြို့စားမိသားစုသည် ရာထူးဂုဏ်သိမ်အရှိန်အဝါဖြင့် မောက်မာမော်ကြွားခဲ့သည်။ ထင်ရာစိုင်းခဲ့သည်။

သူ့မိသားစုတစ်စုလုံးကို အကြောင်းမဲ့သက်သက် ရမယ်ရှာပြီး လုပ်ကြံသတ်ဖြတ်ခဲ့သည်။ သူ့ဇနီးနှင့်သူ့ညီမများကို ခြေတော်နှင့် ဖျက်ဆီးခဲ့သည်။ ဖျက်ဆီး၍ အားရသောအခါ နှုတ်ပိတ်ခဲ့ပြန်သည်။

သူတစ်ယောက်သာ ကိုယ်လွတ်ရုန်းထွက်ပြေးလာသဖြင့် အသက်ချမ်းသာခွင့်ရရှိသည်။ သူထွက်ပြေးတိမ်းရှောင်နေစဉ်တွင် မာလုထုံနှင့် တွေ့သည်။

သူ့ဘဝရင်နာစရာအကြောင်းများကို မာလုထုံအား ပြောပြအကူအညီတောင်းသည်။ မာလုထုံက သူ့ကို သွေးသောက်ညီနောင်အဖြစ် အသိအမှတ်ပြုသည်။ သိုင်းပညာအခြေခံ ပြည့်စုံအောင် လမ်းညွှန်သင်ကြားပြသသည်။



ထို့နောက် ဟိုပေမြို့ စားမိသားစုတစ်စုလုံးကို မိုက်ဖောက်သိမ်းပေးလိုက်တော့သည်။ ဟိုပေမြို့စားမိသားစုတစ်စုလုံး၏ မိုက်ဖောက်သိမ်းပေးခဲ့သည့်အတွက် သိုင်းလောကတွင် အကြီးအကျယ်တုန်ခါလှုပ်ရှားသွားသည်။

အဖြူရောင် သိုင်းလောကသားများအဖြစ် အမည်ခံကာ နောက်ကွယ်တွင် ဆိုးရွားယုတ်မာသော ဟိုပေမြို့စားမိသားစု၏ လုပ်ရပ်ကို မသိမမြင်ကြ။

မခံချင်စိတ်ဖြင့် ကြားမှဝင်ရောက် ကလဲ့စားချေပေးသော မာလုထုံကိုသာ တကယ့်လူဆိုးဓားပြကြီးအဖြစ် သတ်မှတ်ကြသည်။

မရမနေ လိုက်လံနှိမ်နှင်းသူတို့ကို အကျိုးအကြောင်းမရှင်းပြတတ်သော မာလုထုံက ဒေါသဖြင့် ပြန်လည်တုံ့ပြန်တိုက်ခိုက်သောအခါ အခြေအနေက ပို၍ရှုပ်ထွေးလာသည်။

မာလုထုံအပေါ် သံသယပိုမိုကြီးထွားလာသည်။ ရာဇဝင်လူဆိုးကြီးအဖြစ် သတ်မှတ်လာကြသည်။ အကျိုးအကြောင်း ဖောစ်ဖောစ်မြစ်မြစ် မလေ့လာမစုံစမ်းဘဲ သမာဓိကြွေးကြော်ကာ၊ အစွမ်းပြချင်သူများမှန်းတီးကာ အမြစ်လှန်လိုစိတ်က မော်လူအင်းရင်ထဲတွင် တဖွားဖွားဖြစ်ပေါ်၏။

သို့သော် ဘာမှမတတ်သာတော့ဘဲ ငြိမ်နေလိုက်ရ၏။ မော်လူအင်း နှုတ်ဆိတ်ငြိမ်သက်သွားလျှင် ယီချန်းလီက တစ်စုံတစ်ရာ

လီကျင်းဆွေက ခေါင်းမာနေရာပြန်ရာ ယီချန်းလီ စိတ်မရှည်တော့။

"ဒီမှာ ဟေ့လူ ... ကျုပ်တို့နဲ့ မာလုထုံ အပေးအယူလုပ်ပြီးပြီ၊ ခင်ဗျားထွက်မသွားလို့ မရတော့ဘူး၊ ကျုပ် စိတ်မရှည်ရင် ခင်ဗျားတို့အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ စေတနာနဲ့ ပြောနေတာကို ကောင်းကောင်းလက်ခံပါ၊ ကျုပ် လက်လွန်ခြေလွန်မဖြစ်ချင်ဘူး"

"လက်လွန်ခြေလွန်ဖြစ်စရာ မလိုပါဘူး၊ ကျုပ်ကလည်း ခင်ဗျားနဲ့ အေးအေးချမ်းချမ်း အပေးအယူတစ်ခု လုပ်ချင်ပါတယ် ..."

ယီချန်းလီ မျက်မှောင်ကြုတ်၏။

"ဘာအပေးအယူလဲ ... ခင်ဗျားမှာ ဘာအပေးအယူလုပ်စရာ ရှိလို့လဲ"

"ဟား ဟား ဟား ... တော်တော်အပြောကောင်းတဲ့လူပဲ၊ မာလုထုံလိုလူတစ်ယောက်ရဲ့အသက်နဲ့ လဲလှယ်ထိုက်တန်တဲ့လူ မရှိဘူး၊ သူ့လောက်အပြစ်ကြီးတဲ့လူလည်း မရှိတော့ဘူး၊ သူ့အသက်တစ်ချောင်းဟာ ဘယ်လောက်တန်ဖိုးရှိနေတယ်ဆိုတာ ခင်ဗျားသိရဲ့လား"

လခြမ်းဓားကွေးရှောင်ရှုံးက လှောင်ပြောင်ရယ်မောကာ ဝင်ရောက်ပြောဆိုသည်။ လီကျင်းဆွေ ပိုင်နိုင်သောလေသံဖြင့် ...

"ကျုပ်သိပါတယ်၊ သူတို့နှစ်ယောက်ရဲ့အသက်နဲ့ တန်ဖိုးအတူတူထားပြီး လဲလှယ်နိုင်တဲ့လူတစ်ယောက်တော့ ရှိတယ်"



"တယ်ဟုတ်ပါလား ... ဘယ်သူလဲ"

"သစ္စာကိုယ်တော်တစ်ပါးဖြစ်တဲ့ တိမ်နဂါး လီကျင်းဆွေ"

"ဟေ ... လီကျင်းဆွေ ... ဟုတ်လား"

ယီချန်းလီ အံ့အားတသင့်ကြီး ဖြစ်၏။

လီကျင်းဆွေကိုလည်း မယုံကြည် မသင်္ကာသောသံသယအကြည့်ဖြင့် ကြည့်သည်။

"ဟုတ်တယ် ... လီကျင်းဆွေပဲ၊ ကျုပ်သိရသလောက်တော့ လီကျင်းဆွေဟာ နောင်ကြီးမာလုထုံထက် ပိုပြီးအရေးကြီးတယ်၊ ခင်ဗျားတို့ကလည်း အပူတပြင်း လိုက်ရှာနေကြတယ် မဟုတ်လား"

ယီချန်းလီ ခေါင်းညိတ်သည်။

"ဟုတ်တယ်လို့ ပြောနိုင်တယ်"

"ဒါဆို လီကျင်းဆွေရဲ့အသက်နဲ့ မာလုထုံတို့နှစ်ယောက် အသက်ကို လဲလို့ရမလား"

"အင်း ... ရတယ်၊ ဒါပေမဲ့ လီကျင်းဆွေကို ဘယ်သူမှ တွေ့အောင်ရှာလို့ မရနိုင်ဘူး"

"ဘယ်သူမှ မရှာနိုင်ပေမယ့် လီကျင်းဆွေကို တွေ့အောင်ရှာနိုင်တဲ့လူ တစ်ယောက်တော့ ရှိတယ်"

"ဘယ်သူလဲ"

"ကျုပ်ပဲ"

"ရှည်ရှည်ဝေးဝေး လိုက်ရှာနေစရာ မလိုပါဘူး၊ ခင်ဗျားတို့ အပူတပြင်းလိုက်ရှာနေတဲ့ လီကျင်းဆွေဆိုတာ ကျုပ်ပဲ"

"ဘာ ... မင်းက လီကျင်းဆွေ ... ဟုတ်လား"

"ဟုတ်တယ် ... ကျွန်တော်ဟာ လီကျင်းဆွေ ကိုယ်တိုင်ပါပဲ"

လီကျင်းဆွေ ရဲ့ဝံ့စွာ ရင်ကော့ ခေါင်းမော့ထားလိုက်သည်။ မိတ်ဆွေကောင်း ပီသစွာပင် မိမိအသက်ကို ဓားစာခံလုပ်လျက် မာလုထုံတို့နှင့် လဲလှယ်ခြင်းပြုလုပ်ပေတော့မည်။

ယီချန်းလီမှာ မယုံ ကြည်နိုင်ခြင်းများစွာဖြင့် လီကျင်းဆွေကို စူးစိုက်ကြည့်သည်။ လီကျင်းဆွေကို သူ ကောင်းစွာမြင်တွေ့ဖူးသည်။ လီကျင်းဆွေ၏ရုပ်သွင်ကို ဖျောက်ဖျက်မရအောင် စိတ်နှလုံးထဲတွင် စွဲမြဲထင်ဟပ်နေသည်။

လီကျင်းဆွေသည် ချောမောခန့်ညားသော လူတစ်ယောက်၊ သန့်ပြန့်သပ်ရပ်သော ယောကျ်ားပီသသူတစ်ယောက်။ ယခု သူတွေ့နေရသူကား ရိုးပုံရိုးလျက်နှင့် စုတ်ပြတ်နုံချာသော လူကြီး တစ်ယောက်။

အသက်အရွယ်ကြီးရင့်သော တောသားကြီးတစ်ယောက်။ လီကျင်းဆွေနှင့် လားလားမျှမဆိုင်။ လီကျင်းဆွေဟု ကျမ်းကျိန် ပြောသော်လည်း ယုံနိုင်စရာ တစ်စက်ကလေးမရှိ။ သူကလည်း အခိုင်အမာပြောဆိုနေသဖြင့် ပြက်ရယ်မပြုလို။



"ခင်ဗျားက ကျုပ်တို့ကို လီကျင်းဆွေကို မမြင်ဖူးဘူး အောက်မေ့နေလို့လား ... လီကျင်းဆွေနဲ့ ခင်ဗျားက တခြားစီပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော် ရုပ်ပြောင်းရုပ်လွှဲလုပ်ထားတာပါ၊ ဒါကြောင့် ခင်ဗျားတို့ ကျုပ်ကို မမှတ်မိတာပါ။ တကယ်တော့ ကျွန်တော်ဟာ လီကျင်းဆွေအစစ်အမှန်ပါပဲ"

လီကျင်းဆွေက ယီချန်းလီယုံကြည်မှုခိုင်မာစေရန် အကျိုးအကြောင်း ရှင်းပြသည်။ ယီချန်းလီဇဝေဇဝါဖြစ်နေသေး၏။ လခြမ်းဓားကွေး ရှောင်ရှုံးကို အကြံတောင်းခံသောအကြည့်ဖြင့် ကြည့်သည်။

"ဘယ့်နှယ်လဲ နောင်ကြီးရှောင်ရှုံး ... ဒီလူတော့ သူ့ကိုသူ လီကျင်းဆွေလို့ ပြောနေပြီ၊ ခင်ဗျားလက်ခံသလား"

"ဟား ဟား ဟား ... နောင်ကြီးရာ ခင်ဗျားပဲ သေသေချာချာ စဉ်းစားကြည့်စမ်းပါဦးဗျာ၊ လီကျင်းဆွေဆိုတဲ့ကောင်က ဘယ်လိုလူစားမျိုးလဲ၊ သစ္စာကိုယ်တော်လို့သာ ဘွဲ့အမည်ပေးထားတာ၊ သူ့အကျိုးအတွက်ဆိုရင် အပြစ်မရှိတဲ့လူတွေကိုတောင် မညှာမတာ လုပ်ကြံသတ်ဖြတ်တတ်သေးတာပဲ၊ မာလုထုံလို လူသတ်ကောင်တစ်ယောက်အတွက် ကြားက ဓားစာခံလုပ်ပါ့မလား၊ အသက်စွန့်ပြီး ကယ်တင်မယ် ထင်သလား ... ဝေးပါသေးရဲ့ဗျာ၊ အတ္တသမား၊ ကိုယ်ကျိုးသမားတွေဟာ သူ့အတွက် အမြတ်မရှိရင် ဘယ်တော့မှမလုပ်ဘူး၊ လီကျင်းဆွေဟာ ဒီလိုကောင်မျိုးဗျ"

တစ်ခဏမျှ ရပ်တန့်ငြိမ်သက်နေခဲ့သောနေရာကလေးမှာ တိုက်ခိုက်မှုတို့ဖြင့် သက်ဝင်လှုပ်ရှားလာပေတော့မည်။ နှစ်ဖက်တင်းမာမှုတို့ စပြီ။

'ရှမ်း ... ရှမ်း'

စောစောက ယီချန်းလီတို့၏ဘေးနားတွင် နေရာယူခဲ့သည့် လူသုံးယောက် ဓားရှည်ကို ကိုယ်စီဆွဲထုတ်ကာ အသင့်ပြင်သည်။

အခြေအနေစောင့်ကြည့်နေခဲ့သော လူနှစ်ယောက်လည်း မော်လူအင်း ကို ဆက်လက်တိုက်ခိုက်ရန် စောင့်ဆိုင်း၏။ ယီချန်းလီနှင့် ရှောင်ရှုံးတို့ နှစ်ယောက်သည်လည်း မနေသာတော့။

ပွဲကြည့်ပရိသတ်အဖြစ် နံဘေးတွင်ရပ်ပြီး ပွဲကြည့်ပရိသတ်လို မနေတော့။ ကိုယ်တိုင် ဝင်ရောက်တိုက်ခိုက်ရန် ဟန်ပြင်ကြပြီ။

မာလုထုံနှင့် လီကျင်းဆွေတို့နှစ်ယောက်လည်း ရင်ပေါင်တန်းကာ တက်ညီလက်ညီရင်ဆိုင်ရန် ဇာတ်စုနေပြီ။ အခြေအနေက မကြာခင်မှာပင် ပြင်းထန်ကြမ်းတမ်းသော ရင်ဆိုင်တိုက်ပွဲ စတင်ချေတော့မည်တကား။

**ဒုတိယပိုင်း ပြီး၏။**

**တတိယပိုင်း (ဇာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။**

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်   ၅၀၀၀၇၀၀၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၅၀၀၁၂၆၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# ဝင်းကြွယ်

# ဟာသ်ာဒေဝီ၏ပုံးစာရှင်

(တတိယပိုင်း-ဇာတ်သိမ်း)

## အခန်း (၁၃)

ရေတွင်းပျက်ကလေးနံဘေးရှိ ကွက်လပ်ကွင်းပြင်ကလေး အတွင်း၌ တိုက်ခိုက်မှုတို့က စတင်တော့မည်။ ပြင်းထန်ကြမ်းတမ်းသော ပေါက်ကွဲမှုကြီး စတင်ချေတော့မည်။ နှစ်ဖက် ရန်စောင်နေကြပုံကပင် ကြောက်ခမန်းလိလိ။

ထိုစဉ် ထူးခြားသောပြောင်းလဲမှုတစ်ခုက ရုတ်တရက် ဖြစ်ပေါ်သည်။ အကြိတ်အနယ်တိုက်ခိုက်ကြမည့် ရန်ပွဲ၏အငွေ့အသက်နှင့် မည်သို့မျှမဆီလျော်သော ကြည်လင်ချိုအေးသည့် မိန်းကလေးတစ်ယောက်၏စကားသံတစ်သံ ထွက်ပေါ်လာခြင်းပင်တည်း။

"တစ်ဖက်နဲ့တစ်ဖက် အေးအေးချမ်းချမ်း ပြေပြေလည်လည် ညှိနှိုင်းဆွေးနွေးလို့ရနိုင်လျက်နဲ့ ဘာကြောင့် အသေအကျေ တိုက်ခိုက်နေချင်ကြရတာလဲရှင်"

စကားသံက ရှာသူကြီး ရှိကျန်းပြင် အိမ်ဂေဟာ ခြံအပြင်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်၏။ အိမ်ရှေ့ဆီက မဟုတ်။ နောက်ဘက်ချောင်ကျသော သစ်မြစ်ချုံပုတ်များအတွင်းမှ ထွက်ပေါ်လာခြင်း

ဖြစ်လေသည်။ လူအားလုံး၏အကြည့်တို့က အသံထွက်ပေါ်လာရာဆီသို့ ဖျတ်ခနဲရောက်သည်။ သူတို့ကြည့်လိုက်စဉ်မှာပင် နေမင်းအလင်းရောင်က ရုတ်ခြည်းပျောက်ကွယ်သည်။

မှိုင်းမှုန်သော အခိုးအငွေ့များက အဆိပ်ငွေ့မဟုတ်။ ခွဲခြားသတ်မှတ်မရသော အမှုန်အမှိုင်းများ။ တစ်စုံတစ်ယောက်က ဖန်တီးထုတ်လွှတ်လိုက်သော အခိုးအငွေ့များသာတည်း။ အခိုးအငွေ့တို့က အလုံးအရင်း ဝင်ရောက်လာ သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို ဘာမျှမမြင်နိုင်ရ။

လီကျင်းဆွေမှာ သတိကောင်းသူတစ်ယောက် ဖြစ်လေသည်။ ထူးခြားမှုတစ်စုံတစ်ရာ ဖြစ်တော့မည်သိရှိသည်နှင့် ပတ်ဝန်းကျင်အနေအထားကို လေ့လာအကဲခတ်ပြီး ဖြစ်သည်။ တစ်စုံတစ်ရာ ပြောင်းလဲဖြစ်ပျက်လျှင် ထိုးဖောက်ထွက်သွားမည်ဟု စိတ်ကူးပြီးသားဖြစ်၏။

အခိုးအငွေ့များ ရိပ်ရိပ်ထကာ လူတိုင်း လှုပ်လှုပ်ရှားရှား ချောက်ချောက်ချားချားဖြစ်နေချိန်တွင် သူမတုန်လှုပ်။ အသက်ရှူခြင်းကို ခဏအောင့်ထားသည်။ ချက်ချင်းပင် သူ့ညာလက်က မာလုထုံ၏ ပျော့ခွေသွေးကြောကို ထိုးပိတ်လိုက်သည်။

မာလုထုံ မြေကြီးပေါ်သို့ခွေမကျခင် ကပျာကယာ ပွေ့ချီကာ စိတ်ထဲတွင်တေးမှတ်ထားသော ပြေးလမ်းအတိုင်း ထိုးဖောက်



ထွက်သွားသည်။ ဘာမျှ အခက်အခဲမရှိ။ လူအားလုံး ဘာကိုမျှဂရုမစိုက်ဘဲ လှုပ်လှုပ်ရွရွဖြစ်နေချိန် အခိုးအငွေ့များ ပိတ်ဆီးပြီး ဘာကိုမျှ သဲကွဲစွာမမြင်ရသောအခြေအနေမို့ အနှောင့်အယှက် အဟန့်အတား မရှိ။ အလွယ်တကူပင် ထိုးဖောက်ထွက်နိုင်သည်။

ထက်မြက်သော ကိုယ်ဖော့ပညာသုံးကာပြေးလွှားသဖြင့် သူ့ကိုယ်ရိပ်ကိုပင် မမြင်လိုက်ကြရ။ အခိုးအငွေ့များ ပြယ်သွားသော အချိန်တွင်ကား ယီချန်းလီတို့တစ်တွေမှာ မာလုထုံကို မတွေ့ကြရတော့။ ကြူဖိုက်စိန်အဖြစ် ပြောင်းလဲထားသော လီကျင်းဆွေကိုလည်း မတွေ့ရတော့ချေ။

လီကျင်းဆွေသည် မာလုထုံကို ချီပိုးကာ တိမ်နဂါးကိုယ် ဖော့ပညာကိုသုံး၍ အစွမ်းကုန် ပြေးလွှားသည်။ တစ်ခဏအတွင်းမှာပင် သူ၏ကုန်စုံဆိုင်ကလေးဆီသို့ ပြန်ရောက်လာ၏။ ဆိုင်နောက်ဘက် အိမ်ခန်းကလေးထဲတွင် မာလုထုံကို အသာချထားပြီး ပိတ်နေသည့် သွေးကြောကွက် ဖြည်ဖွင့်ပေးသည်၊ အန္တရာယ်အနှောင်အဖွဲ့မှ လွတ်မြောက်ရခဲ့ချေပြီ။ သို့သော် မာလုထုံ စိတ်မဖြောင့်။

“မော်လူအင်း ... မော်လူအင်း ဘယ်မှာလဲ၊ သူတစ်ယောက်တည်းထားခဲ့လို့ မဖြစ်ဘူး။သူ့ကို ထပ်ပြီး ကယ်တင်ရဦးမယ်”

သူနှင့် မော်လူအင်းတို့နှစ်ယောက်တို့မှာ မည်သို့မျှ သွေးသားတော်စပ်ခြင်းမရှိသော်လည်း သွေးသောက်ညီနောင်များ ဖြစ်ကြ

သည်။ သေဖော်ရှင်ဖက်များ ဖြစ်ကြ၏ တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ကြီးသည်။ ထို့ကြောင့် လီကျင်းဆွေအား မော်လူအင်း ပါမလာသဖြင့် စိတ်မချနိုင်ဘဲ ပြောဆိုခြင်းဖြစ်ပေသည်။ လီကျင်းဆွေခေါင်းခါယမ်း၏။

"အခုမှထပ်ပြီး သူ့ကိုသွားကယ်ရင် ဒုက္ခရောက်ကုန်မှာပေါ့ဗျ၊ ယီချန်းလီတို့ အလိုရှိနေတာက ခင်ဗျားတစ်ယောက်ပဲ၊ မော်လူအင်းက ဒီလောက် အမိကမကျပါဘူး၊ ခင်ဗျားကိုသာ အမိအရဖမ်းကြမှာ၊ ခင်ဗျားကို မမိမချင်း မော်လူအင်းကို ဘာမှလုပ်ကြမှာ မဟုတ်ပါဘူးဗျာ"

လီကျင်းဆွေ၏ အကြောင်းပြစကားကြောင့် မာလုထုံ ငြိမ်သွားသည်။ လီကျင်းဆွေလည်း သူ့ကိုထားခဲ့ကာ ဆိုင်အလုပ်သမားလေး ချူတိတ်ဖြောင်ကို လိုက်ရှာသည်။ ချူတိတ်ဖြောင်၏အိပ်ခန်းမှာ အိမ်ကလေး၏နောက်ဘက် အဆောင်တွင်ရှိသည်။

ထိုအဆောင်သို့ သွားရှာသော်လည်း မတွေ့ရ။ ကုန်စုံဆိုင်ထဲတွင်လည်း ချူတိတ်ဖြောင်က ရှိမနေ။ ထို့ပြင် နေမြင့်နေသည့်တိုင် ကုန်စုံဆိုင်ကို မဖွင့်ရသေး။ လီကျင်းဆွေ စိတ်တိုသွား၏။

"တောက် ... အရေးထဲအရာပေါ်ကွာ ... ဒီခွေးမသား ဘယ်အလေလိုက်နေတယ် မသိပါဘူး"

ပါးစပ်မှ ရေရွတ်ရင်း ကုန်စုံဆိုင်ကလေးထဲမှ ဆားများနှင့်



ကြက်ဥများ အိမ်ထဲသို့ ယူလာသည်။ မာလုထုံရှေ့တွင်ချပေးသည်။ မာလုထုံကလည်း ဆားတစ်ဆုပ်ကို အငမ်းမရစားကာ ကြက်ဥနှစ်လုံးကို ဖောက်သောက်လိုက်မှ နေသာထိုင်သာ ရှိသွားပုံရသည်။

သူ့အသွင်က တိုက်ခိုက်မောပန်းထားသဖြင့် အတော်ကလေး နွမ်းနယ်နေပုံရသည်။ လီကျင်းဆွေ၏အခန်းနှင့် ကုန်စုံဆိုင်တို့ကို မျက်လုံးရွှေ့ကာ အကဲခတ်ကြည့်ရှုပြီးလျှင် ...

"ဒီကုန်စုံဆိုင်က မင်းရဲ့ကုန်စုံဆိုင်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဟိုခုတင်ပေါ်က အမျိုးသမီးက မင်းမိန်းမပေါ့"

ခုတင်ပေါ်တွင် အိပ်ရာမှနိုးထလျက် လဲလျောင်းကြည့်ရှုနေသော လိန်လိန်ကို ဖျတ်ခနဲကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။ လီကျင်းဆွေမှာ မာလုထုံကို မိတ်ဆွေရင်းချာတစ်ယောက်အဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ပေရာ လိမ်ညာခြင်းမပြုလို။ ဝန်ခံလိုက်ရအောင်လည်း လိန်လိန်သည် သူ့ဇနီးသည်မဟုတ်။ ငြင်းဆိုလိုက်လျှင်လည်း မိန်မိန်တို့ ဖန်တီးထားသည် ဇာတ်လမ်းများ ပိုမိုရှုပ်ထွေးလာနိုင်ပေသည်။ ထို့ကြောင့် ဘာမျှမပြောဘဲ ငြိမ်နေလိုက်သည်။ မာလုထုံစိတ်ထဲတွင် မည်သို့သတ်မှတ်သွားသည်မသိ။ လီကျင်းဆွေကိုကြည့်ကာ စိတ်မသက်သာသောဟန်ဖြင့် ...

"မင်း ငါ့ကို ကယ်လာတာတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ... မင်း

ငါ့ကို ဒီနေရာခေါ်လာဖို့ မကောင်းဘူး"

"ဘာကြောင့်လဲဗျ"

"ဘာကြောင့်ရမှာလဲ ... ယီချုန်းလီတို့ ခြေရာခံပြီး ဒီကိုလိုက်လာရင် မင်းအသိုက်အမြုံကလေး ပျက်စီးသွားမှာပေါ့ကွာ၊ ငါ့ကြောင့် တခြားလူတွေ ဒုက္ခမရောက်စေချင်ပါဘူးကွာ"

"ခင်ဗျားကို ဒီခေါ်လာတာ အကြောင်းမဲ့သက်သက် မဟုတ်ဘူး။ ဒီနေရာမှာ ခင်ဗျားရထားတဲ့ဒဏ်ရာကို သက်သာပျောက်ကင်းအောင် ကုသနိုင်တဲ့သူ ရှိချင်ရှိနေမှာမို့ ခေါ်လာတာ"

လီကျင်းဆွေစကားကြောင့် မာလုထုံမျက်နှာ အရောင်ပြောင်းသွားသည်။ ဝမ်းသာအားတက်သည့် အရိပ်အယောင်တို့ ထွက်ပေါ်လာသည်။

"ဟင် ... ဟုတ်လား ... ဒီနေရာမှာ ငါ့ဒဏ်ရာ သက်သာပျောက်ကင်းအောင် ကုသနိုင်တဲ့လူ တကယ်ရှိနေသလား"

လီကျင်းဆွေ ပြန်မဖြေနိုင်ခင်မှာပင်ခုတင်ပေါ်တွင် လှဲကာ သူတို့နှစ်ယောက်အား အကဲခတ်ကြည့်ရှုနေသည့် လိန်လိန်က အလျင်အမြန်ပင် ...

"သူ အလကား စိတ်ထင်ရာလျှောက်ပြောနေတာပါ။ ရှင့်ရောဂါကို ကုသပေးနိုင်တဲ့လူ ဒီမှာ မရှိပါဘူး။ ရှင့်ဒဏ်ရာကို သက်သာအောင် ကုသပေးနိုင်တာက ဟသ်ာမယ်ရဲ့သမီး ဟသ်ာဒေဝီကသာ



စွမ်းဆောင်နိုင်တာ"

"ဟုတ်တယ်လေ ... ဒါပေမဲ့ ... နင်က"

"အိုး ... ကျွန်မက ကုန်စုံဆိုင်ပိုင်ရှင်ရဲ့မိန်းမ နာတာရှည်ရောဂါသည် တစ်ယောက်ပဲ၊ ဟသ်ာမယ်နဲ့ ဘာမှမပတ်သက်ပါဘူး"

လီကျင်းဆွေ နှုတ်ဆိတ်သွား၏။ လိန်လိန်၏စကားအဓိပ္ပာယ်ကို သူနားလည်သည်။ မိမိတို့ အဖြစ်သနစ်များ အမှန်အတိုင်း ဖွင့်ဟပြောပြစေရန် အကျပ်ကိုင် တောင်းဆိုလိုက်ခြင်းပင်တည်း။ ဘာမျှနားမလည်သော မာလုထုံ စိတ်ပျက်သွား၏။ ဆားစားလိုက်၊ ကြွက်ဥဖောက်သောက်လိုက် လုပ်နေရာမှ ...

"မဖြစ်သေးပါဘူးကွာ ... ငါ ပြန်မှဖြစ်မယ် ထင်ပါရဲ့"

လီကျင်းဆွေတစ်ယောက် မိမိကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေမည်စိုးသောကြောင့် ပြောဆိုလိုက်ခြင်းဖြစ်သည်။ စကားအဆုံးတွင် လီကျင်းဆွေ မတားနိုင်ခင် လိန်လိန်က ...

"ဟုတ်တယ် ... ရှင်ဒီမှာနေလို့ အလကားပဲ၊ မြန်မြန်ပြန်ရင်ကောင်းလိမ့်မယ်"

"အေး ... ဟုတ်တယ်"

ပြောပြောဆိုဆိုပင် မာလုထုံ ထိုင်နေရာမှ မတ်တတ်ထရပ်သည်။ ခြေလှမ်းတစ်လှမ်းပင် မလှမ်းရသေး။ တစ်စုံတစ်ခုကို တွေးတောမိဟန်ဖြင့် ထိုင်ခုံတွင် ပြန်ထိုင်သည်။ သူ့အသွင်ကိုကြည့်ပြီး

လိန်လိန် တအံ့တသြလေး ဖြစ်နေသည်။

"ဟင်း ... ရှင်က ဘယ်လိုဖြစ်တာလဲ၊ မသွားတော့ဘူးလား"

"မသွားတော့ဘူး ... ငါ ဒီမှာပဲ နေတော့မယ်"

"အို ... ရှင် တော်တော်အပြောင်းအလဲမြန်တဲ့လူပဲ၊ ဆုံးဖြတ်ချက် မခိုင်မာဘူး၊ အခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့"

မာလုထုံ စိတ်ထဲ မှတ်မိ၏။ လိန်လိန်ကို မျက်လုံးလှန်ကာ တစ်ချက်ကြည့်သည်။ ထို့နောက် ဂရုမစိုက်သည့်အသွင်ဖြင့် လီကျင်းဆွေဘက်သို့ လှည့်ကြည့်သည်။

"ငါ ထွက်သွားလို့ မဖြစ်တော့ဘူး၊ ဒီမှာရှိဖို့ လိုအပ်လာပြီ"

"ခင်ဗျားထွက်မသွားတာကို ကျုပ်က ဝမ်းသာကပါတယ်၊ ဒါပေမဲ့ ဘာကြောင့် ဒီမှာရှိနေဖို့ လိုအပ်သလဲဆိုတာတော့ သိမှဖြစ်မယ်"

"ဟ ... ဘာကြောင့်ရမှာလဲကွ၊ သူတို့က မင်းကိုလာပြီး ရန်ရှာရင် မင်းနဲ့ငါ အတူလက်တွဲပြီး ဒီကောင်တွေကို ပြန်တိုက်ရမယ်ကွ"

"ဟင် ... သူတို့က ကျုပ်ဆီလာကြမယ် ဟုတ်လား"

"အေးလေကွာ ... မင်းဆီကိုမလာလို့ ဘယ်ကိုသွားကြမှာလဲ၊ သူတို့ဆီမှာ မင်းကိုယ်မင်း လီကျင်းဆွေလို့ ထုတ်ဖော်ဝန်ခံစကား ဆိုခဲ့တာ မင်းမေ့နေပြီလား"

လီကျင်းဆွေ နှုတ်ဆိတ်ငြိမ်သက်သွား၏။ မငြိမ်သက်နိုင်သူ



ကား လိန်လိန်ပင်တည်း။ အိပ်ရာပေါ်တွင် လဲလျောင်းနေရသော လူမမာသည် မာလုထုံ၏စကားကြောင့် မယုံကြည်နိုင်စရာ ကောင်းအောင်ပင် ဆတ်ခနဲလူးလဲထလာသည်။

"ဟင် ... ရှင်က လီကျင်းဆွေ၊ သိပ်ပြီး ယုတ်မာကောက်ကျစ်တဲ့ လီကျင်းဆွေ ဟုတ်လား"

"ဟုတ်တယ် ... ငါ လီကျင်းဆွေပဲ"

ငြင်းဆိုဖုံးကွယ်၍ မရတော့။ မာလုထုံက ထုတ်ဖော်ပြောခဲ့ပြီးပြီမို့ လိန်လိန်အား လီကျင်းဆွေ ဝန်ခံလိုက်ရတော့သည်။ သူတို့နှစ်ယောက်၏အဖြစ်အပျက်ကိုကြည့်ပြီး မာလုထုံ အကြီးအကျယ်ပင် အံ့အားသင့်သွားရသည်။

အိပ်ရာပေါ်တွင် လဲလျောင်းနေသောမိန်းမသည် လီကျင်းဆွေ၏ဇနီးသည်ဟုလည်း ဆိုခဲ့သေးသည်။ ကိုယ့်ခင်ပွန်းလင်ယောကျ်ား မည်သူမည်ဝါ မသိရှိသည်မှာ ထူးဆန်းသောဖြစ်ရပ်တစ်ခု မဟုတ်ပါလား။

ထို့ပြင် လီကျင်းဆွေဟူသော နာမည်ကြားရုံနှင့် မျက်နှာအမူအရာပျက်ကာ ရုတ်တရက် အားအင်တိုးပွားလာသလို ထထိုင်လာခြင်းကလည်း စိတ်ဝင်စားစရာ ကောင်းနေတော့သည်။

လီကျင်းဆွေသည် ဘာမျှမပြောနိုင်ဘဲ ငူငူငိုင်ငိုင်ကြီး ရပ်နေမိ၏။ လိန်လိန်က သူ့ကို အထူးအဆန်း သတ္တဝါတစ်ကောင်လို စူးစိုက်

ကြည့်နေမိ၏။ အမှုအရာပျက်ပြားသွားခြင်းတို့ ပြန်လည်တည်ငြိမ်စပြုလာ၏။ အကြည့်မျက်ဝန်းများကလည်း မယုံကြည်နိုင်သည့်အသွင် ပြောင်းလဲသွားသည်။ ထို့နောက် ခေါင်းကိုခါယမ်း၏။

"မဖြစ်နိုင်ဘူး ...၊ ဘယ်နည်းနဲ့မှ ရှင်ဟာ လီကျင်းဆွေ မဖြစ်နိုင်ဘူး။ လီကျင်းဆွေဟာ ကောက်ကျစ်ယုတ်မာတဲ့လူတစ်ယောက်၊ သူ့ အကျိုးရှိမယ့်အလုပ်ဆိုရင် ဘာမဆိုလုပ်ရဲတဲ့လူ၊ မိတ်ဆွေသူငယ်ချင်းကိုတောင် လုပ်ကြံသတ်ဖြတ်ဝံ့တဲ့ ကိုယ်ကျိုးတစ်ခုတည်းသာကြည့်ရှုတတ်တဲ့ အတ္တသမား။ ရှင် အဲဒီလူမဟုတ်ဘူး ...၊

ရှင်နဲ့ကျွန်မ ရက်ပေါင်းတစ်ရာလောက် အတူတူနေလာခဲ့ကြတာ၊ ရှင့်အကြောင်းကို ကျွန်မ သိတယ်၊ ရှင့်မှာ လီကျင်းဆွေလို ယုတ်မာကောက်ကျစ်တဲ့စိတ် မရှိဘူး၊ ကိုယ်ကျိုးကိုကြည့်ပြီး အခွင့်အရေးမယူတတ်ဘူး။ ရှင်ဟာ လူဆိုးလူယုတ်မာတစ်ယောက် မဖြစ်နိုင်ဘူး၊ ဒီတော့ ရှင် လီကျင်းဆွေဆိုတာ ကျွန်မ မယုံနိုင်ဘူး"

လီကျင်းဆွေ အတော်ကလေး စိတ်မကောင်း ဖြစ်သွား၏။ လိန်လိန်၏ စကားလုံးများက သူ့နှလုံးသားများကို အပ်နှင့် ထိုးဆွသည့်အလား ခံစားရသည်။ လိန်လိန်သည် ပန်းဒေဝီအဖြစ် ထင်ရှားသောသိုင်းသမားအကျော်အမော်တစ်ယောက်ဖြစ်ကြောင်း သူသိသည်။ သို့အတွက် ယွင်နန်တောင်ခြေမှ အဖြစ်အပျက်များကိုသိထားမည်မလွဲ။



ထိုအဖြစ်အပျက်များကို အကြောင်းခံကာ မိမိအား လုပ်ကြံသူတရားခံအဖြစ် သတ်မှတ်ထားသည်မှာ ထင်ရှား၏။ မိမိကိုယ်တိုင်လီကျင်းဆွေအစစ် ဖြစ်ပါလျှင် မယုံကြည်နိုင်အောင် ဖြစ်နေခြင်းကပင်မိမိအပေါ် ထားရှိသည့် သံသယစိတ်အစိုင်အခဲက မည်မျှကြီးထွားနေကြောင်း သိသာသည်။

လိန်လိန်သာမက မိမိအပေါ်တွင် အထင်လွဲကာ လူယုတ်မာကြီး၊ ကောက်ကျစ်ရက်စက်သူကြီးတစ်ယောက်အဖြစ် သတ်မှတ်နေကြသူတွေ ဘယ်လောက်များနေပြီလဲ မသိ။ မိမိ၏နာမည်တစ်လုံးသည် အဖတ်ဆယ်၍ မရနိုင်တော့ပါကလားဟူသော အတွေးဖြင့်လီကျင်းဆွေ ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ်ပင် တုန်လှုပ်ချောက်ချားမိတော့သည်။

သူ တုန်လှုပ်ချောက်ချားနေစဉ် အိမ်ရှေ့အပြင်ဘက်ဆိုင်လေးဆီမှ ချူတိတ်ဖြောင်အသံကို ကြားလိုက်ရသည်။ လိန်လိန်နှင့် ဆက်နေလျှင် စကားတွေရှုပ်ကုန်တော့မည်။ ပြဿနာ ထပ်ပြီးတက်လာကောင်း တက်လာနိုင်သည်။ ချူတိတ်ဖြောင်အပေါ်တွင် စိတ်အလိုမကျမှုလည်း ရှိနေသဖြင့် လီကျင်းဆွေ အပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။

ချူတိတ်ဖြောင်သည် အေးဆေးတည်ငြိမ်စွာပင် ကုန်စုံဆိုင်လေးကို ဖွင့်လှစ်ရန် ပြင်ဆင်နေသည်။ လီကျင်းဆွေက အနီးသို့ ရောက်လာ၏။

"ဩော် ... မင်းပြန်ရောက်လာပြီကိုး"

လီကျင်းဆွေ ခနဲ့သလိုပြောရင်း ချူတိတ်မြှောင်ကို အကဲခတ်ကြည့်သည်။ ချူတိတ်ဖြောင် ဂရုမစိုက်။

"သူ့အလုပ် သူလုပ်နေရင်း လီကျင်းဆွေကို လှည့်၍မျှပင် ဒီလိုမေးနေတာလဲ"

ချူတိတ်ဖြောင် အလေးမထားဘဲ ပြောလာသည့် စကားကြောင့် လီကျင်းဆွေ အံ့သြသွားသည်။ စောစောက ချူတိတ်ဖြောင်ကို လိုက်ရှာခဲ့သည်။ ကုန်စုံဆိုင်တွင် မတွေ့သလို အိမ်ခန်းဆောင်ကလေးထဲတွင်လည်း မမြင်ခဲ့။ သို့ပါလျက် အပြင်သို့မထွက်ဟု ဆိုလာသဖြင့် လီကျင်းဆွေ စဉ်းစားရခက်ခက်ပင်ဖြစ်လာ၏။

"ဘယ်မှသာမသွားတယ် ... ခုနက မင်းကိုငါလိုက်ရှာတာ ဘာလို့မတွေ့ရတာလဲ"

"ခင်ဗျား စိတ်လောကြီးနေလို့ ဖြစ်မှာပေါ့ဗျ။ ကျွန်တော်နောက်ဖေး၊နောက်ဖီသွားနေတုန်း ခင်ဗျား လာရှာမိတာ နေမှာပေါ့"

ချူတိတ်ဖြောင်၏အကြောင်းပြချက်က ကောင်းနေသည်။ ဆီ



လျော်သင့်မြတ်နေသည်မို့ ဘာမှပြန်မပြောသာ။ စိတ်ထဲတွင်မူ ချူတိတ်ဖြောင်၏အဖြေစကားကို သိပ်မကျေနပ်ချင်။ ချူတိတ်ဖြောင်သည် ရိုးသားအေးဆေးသောလူတစ်ယောက် ဟုတ်မှဟုတ်ပါရဲ့လားဟု သံသယဝိုဝင်လာလေသည်။ ထို့ကြောင့် ချူတိတ်ဖြောင်၏လှုပ်ရှားမှုကို အသာပင်စောင့်ကြည့်သည်။

ချူတိတ်ဖြောင်သည် မည်သည့်စကားမျှ ပြောကြားခြင်းမရှိ။ သူ့အလုပ် သူလုပ်သည့်သဘောဖြင့် ကုန်စုံဆိုင်ကိုသာ ဆက်လက်ဖွင့်နေသည်။ ရောင်းချရမည့် ကုန်ပစ္စည်းတို့ကို နေရာတကျ ခင်းကျင်းသည်။ သိမ်းဆည်းရမည်တို့ကို သိမ်းဆည်းကာ ရှေ့သို့ထုတ်ရမည့်ကုန်ပစ္စည်းတို့ကို ထုတ်၍ခင်းကျင်းသည်။

လီကျင်းဆွေ ဘာမျှမပြော။ သူသည် ကုန်စုံဆိုင်ထဲမှ ဆားတစ်အိတ်နှင့် ကြက်ဥတစ်ခြမ်းကို မာလုထုံအတွက် ယူသွားခဲ့သည်။ လုပ်သက်ရင့်နေသော ချူတိတ်ဖြောင်သည် ကြက်ဥနှင့် ဆားအိတ်တို့ ပျောက်ဆုံးနေသည်ကို သိရှိမည်မလွဲ။ ထိုပျောက်ဆုံးနေမှုကို လီကျင်းဆွေ မည်သို့ပြောဆိုလာလေမည်လဲဟု စောင့်ကြည့်နေလိုက် ည်။

လီကျင်းဆွေစိတ်ထဲ မချင့်မရဲဖြစ်လာ၏။ ချူတိတ်ဖြောင်ကို ခြေဆုံးခေါင်းဆုံးလေ့လာသည်။ ဘာမျှမထူးခြား။ သာမန်ရိုးရိုးအလုပ်သမားကလေးတစ်ယောက်အသွင်သာ ရှိနေသည်။

သို့သော် ခြေထောက်ကို အမှတ်တမဲ့ကြည့်လိုက်မိသောအခါ

တွင်ကား ထူးခြားချက်တစ်ခုကို တွေ့လိုက်ရ၏။ ချူတိတ်ဖြောင်၏ ခြေထောက်တွင် ရွှံ့စက်အနည်းငယ် ပေကျံနေခြင်းပင်တည်း။

အိမ်ထဲမှအိမ်ပြင်သို့ မထွက်ဟုဆိုသော ချူတိတ်ဖြောင်ခြေထောက်တွင် အဘယ်ကြောင့် ရွှံ့စက်များ ပေကျံနေရလေသနည်း။ မေးခွန်းက ခေါင်းထဲဝင်လာသည်။ သံသယစိတ်က ပိုကဲလာသည်။

ချူတိတ်ဖြောင်သည် ရိုးရိုးသာမန် အလုပ်သမားလေးတစ်ယောက် မဖြစ်နိုင်။ ဖြစ်နိုင်သည်ထားဦး ... တစ်စုံတစ်ရာကို လျှို့ဝှက်ထားသူအဖြစ် လီကျင်းဆွေ သတ်မှတ်လိုက်တော့သည်။

ထို့ကြောင့် သူ့စိတ်ကို စူးစမ်းကြည့်လိုသောသဘောဖြင့် ...

"တိတ်ဖြောင် ... ဒီနေ့ ဆိုင်ပိတ်လိုက်တော့ကွာ၊ ငါတို့ အနားယူချင်တယ်၊ မင်းလည်း အေးအေးဆေးဆေးနားရတာပေါ့"

ချူတိတ်ဖြောင် တအံ့တဩ ဖြစ်သွား၏။

"ဘာဖြစ်လို့ ဆိုင်ပိတ်ရမှာလဲ၊ တစ်လနေလို့ တစ်ခါဆိုင်မပိတ်တာကို ဒီနေ့မှ ထူးထူးဆန်းဆန်းဗျာ"

"ဟိတ်ကောင် ... ငါက ပိတ်ဆိုရင်ပိတ်ထားလိုက်၊ မင်း ဘာမှ အထွန့်တက်နေစရာမလိုဘူး"

လီကျင်းဆွေက အလုပ်ရှင်တစ်ယောက်ပီသစွာ အာဏာသံနှင့် အမိန့်ပေးသည်။ ချူတိတ်ဖြောင် မလှုပ်။ ပေကတ်ကတ် အင်တင်တင်လုပ်နေ၏။ လီကျင်းဆွေ စိတ်မရှည်တော့။



"ဟိတ်ကောင် ... ငါပြောတာ ကြားလား။ ဘာ ပေကတ်ကတ်လုပ်နေတာလဲ၊ မင်းက ငါ့ကို အာမခံချင်လို့လား။ တစ်ခါတည်း အလုပ်ပြုတ်သွားမယ် ... ဘာမှတ်လဲ"

လီကျင်းဆွေ ခြိမ်းခြောက်မာန်မဲလာမှ ချူတိတ်ဖြောင် ထိုင်နေရာမှ မထချင်ထချင် လေးကန်စွာထသည်။ ခင်းကျင်းဖွင့်လှစ်ထားသောဆိုင်ကို ပြန်သိမ်းရန် ပြင်သည်။

ထိုစဉ် ချူတိတ်ဖြောင်၏လှုပ်ရှားမှုကို ရပ်တန့်သွားစေနိုင်သော စကားသံတစ်သံက အိမ်ခန်းတွင်းမှ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

"တိတ်ဖြောင် ... သူ တွေ့ကရာတွေ လျှောက်ပြောနေတာ၊ သူ့စကားကို နားထောင်မနေနဲ့ ... ဆိုင်ကိုသာ ဆက်ဖွင့်ထားစမ်း"

လိန်လိန်၏ အမိန့်ပေးလိုက်သံပင်တည်း။ အိမ်တစ်အိမ်တွင် အိမ်ရှင်မ၏စကားသည် အိမ်ထောင်ဦးစီး၏စကားထက် ပို၍အာဏာပြင်းသည်။ ထို့အတူ လုပ်ငန်းတစ်ခုတွင် လုပ်ငန်းရှင်တစ်ယောက်ထက် ပိုင်ရှင်ကတော်၏ဩဇာလည်း အရေးပါသည်။

ချူတိတ်ဖြောင်မှာ ရိုးအေးသော်လည်း သဘောတရားကို နားလည်သူတစ်ယောက် ဖြစ်၏။ လိန်လိန်၏အမိန့်ပေးသံကြောင့် ရှိကျိုးစွာပင် ထိုင်ခုံကလေးတွင် ပြန်ထိုင်သည်။

လီကျင်းဆွေ အကြီးအကျယ်ပင် ဒေါသထွက်သည်။ မိမိ လက်

နှင့်ရေးတာကို ခြေနှင့် ဖျက်ရပ်ပါမလားဟု လိန်လိန့်အပေါ် မျက်သည်။ အိမ်ခန်းကလေးအတွင်းသို့ မပြေးရုံတမည် ပြန်ဝင်လာသည်။ လိန်လိန့်ကို စေ့စေ့ကြည့်ကာ ဒေါသတကြီးဖြင့် ...

"နင် ဘာရူပ်တာလဲ၊ ငါဆိုင်ပိတ်တာကို နင်က ဘာကြောင့်ဝင်ပြီး ပြန်ဖွင့်ခိုင်းရတာလဲ၊ နင် ... နင် ... ငါ့ကို ကလန်ကဆန် လုပ်တာလား"

လီကျင်းဆွေ ဒေါသတကြီးဖြစ်နေသလောက် လိန်လိန်က တည်ငြိမ်စွာပင် ရှိနေသည်။ လီကျင်းဆွေကို အထင်သေးသလိုကြည့်ကာ ...

"ကျွန်မက ရှင့်ကို ကလန်ကဆန်လုပ်နေတာ မဟုတ်ဘူး၊ အားလုံးအတွက် အခြေအနေကောင်းအောင် ဆိုင်ပြန်ဖွင့်ခိုင်းလိုက်ရတာ"

"ဘာအခြေအနေကောင်းရမှာလဲ၊ မင်း သက်သက်ချောက်တွန်းတာပဲ"

"တော်စမ်းပါ ... ရှင်နားမလည်ပါဘူး၊ ဒီအကြံဉာဏ် ကျွန်မရတာမဟုတ်ဘူး၊ ရှင့်မိတ်ဆွေပြောလို့ သိရပြီ၊ တိတ်ဖြောင် ဆိုင်မပိတ်ဖို့ ပြောရတာ"

လီကျင်းဆွေ မာလုထုံကိုကြည့်သည်။ မာလုထုံ အေးအေးဆေးဆေးပင် ခေါင်းဆတ်ပြသည်။



"ဟုတ်ပါတယ် လီကျင်းဆွေ ... မင်း ဒီနေ့ဆိုင်ဖွင့်ထားမှ ဖြစ်လိမ့်မယ်"

"ဟာ ... မဟုတ်တာဗျာ၊ သူတို့က ကျုပ်တို့ကို လီကျင်းဆွေဆိုတာ သိသွားကြပြီပဲ၊ ဆိုင်ဖွင့်ထားတော့ သူတို့လာရှာနေကြရင်ခက်ကုန်မှာပေါ့"

"အေး ... သူတို့ လာရန်ရှာကြမှာတွေးမိမှာလို့ ဆိုင်ဖွင့်ထားခိုင်းရတော့ပေါ့၊ တကယ်လို့ မင်းသဘောအတိုင်းသာ ဆိုင်ပိတ်ထားလိုက်မယ်ဆိုရင် သူတို့ အိမ်ထဲကို ဇွတ်တရွတ် တိုးဝင်လိုက်နိုင်တယ်၊ ဆိုင်ဖွင့်ထားတော့ ဈေးဝယ်သူတွေ၊ဘာတွေနဲ့ လုပ်ချင်တိုင်းလုပ်လို့မရဘူး၊ ဘာမှမဆိုင်တဲ့လူတွေကို မထိခိုက်စေချင်လို့ ရှောင်တိမ်း ထိန်းသိမ်းနေကြရလိမ့်မယ်၊ ရုတ်တရက် ဘာမှလုပ်လို့ မရတော့ဘူးပေါ့"

မာလုထုံကို ရှင်းပြရမှာပင် လီကျင်းဆွေ နားလည်သဘောပေါက်ရတော့သည်။ လိန်လိန်ကို ဘာမျှမပြောတော့။ ချူတိတ်ဖြောင်ကိုသာ ဆက်လက်ဖွင့်ထားရန် အရှက်ပြေ အမိန့်ပေးလိုက်ရတော့သည်။

❋

လီကျင်းဆွေ ဂနာမငြိမ်သည့် စိတ်ကိုထိန်းချုပ်သည်။ မာလု

ထုံအနီးတွင် ရေအိုးကြီးတစ်လုံးနှင့် ရေမှုတ်ကို ချပေးသည်။ သူကိုယ်တိုင်ကမူ ရေနွေးကြမ်းတစ်ကရားကိုယူကာ အမဲခြောက်ကြော် တစ်တုံး၊ အသားပဲပေါက်စီတစ်လုံးနှင့် ထိုင်သောက်သည်။ လိန်လိန့်ကိုလည်း စားစရာချပေးသည်။

"ပြဿနာဖြစ်လာရင် နောက်မှကြည့်ပြီး ရင်ဆိုင်ကြတာပေါ့၊ အခုတော့ ဗိုက်ပြည့်အောင်ဖြည့်လိုက်ဦး"

လိန်လိန်အား စားစရာများကိုပြင်ဆင်ပေးပြီး လီကျင်းဆွေပြောသည်။ လိန်လိန် မျက်စောင်းဖွဖွကလေးခဲကာ လီကျင်းဆွေ ချကျွေးသည့် ကိတ်မုန့်ခြောက်နှင့် လက်ဖက်ရည်တို့ကို စိတ်အေး လက်အေး စားသောက်သည်။

လီကျင်းဆွေ သူတို့ဝမ်းဗိုက်ဖြည့်ပြီးလျှင် ချူတိတ်ဖြောင်အတွက်လည်း စားသောက်စရာများ သွားပို့ပေးသည်။ သူ အိမ်ခန်းထဲသို့ ပြန်ရောက်လာလျှင် မာလုထုံက စိတ်မချသည့်အသွင်ဖြင့် ...

"မင်းဆိုင်က အလုပ်သမားလေးကော စိတ်ချရရဲ့လား ... ဘယ်လိုအခြေအနေရှိသလဲ"

"စိတ်ချရပါတယ် ... လူရိုးလူအ,လေးတစ်ယောက်ပါ၊ သူနာမည်က ချူတိတ်ဖြောင်လို့ ခေါ်တယ်"

"စိတ်ချရရင်တော့ ပြီးတာပါပဲကွယ်"

"တိတ်ဖြောင်က စိတ်ချရပေမယ့် စိတ်မချရတာ ရှိသေးတယ်"



လိန်လိန်က ဝင်ရောက်ပြောဆိုလိုက်ခြင်းဖြစ်၏။ လီကျင်းဆွေ နားမလည်နိုင်အောင်ဖြစ်၏။

"ဘာစိတ်မချရတာရှိလို့လဲ"

"ကုန်စုံဆိုင်ဖွင့်ထားလို့ အရမ်းဝင်မလာရဲပေမယ့် အခုလောက်ဆို ဒီနေရာကို လူတို့ဝိုင်းထားပြီးလောက်ပြီ၊ ရှင်တို့ ဘယ်လိုမှ ပြေးလို့မလွတ်တော့ဘူး"

လိန်လိန်ပြောသည့်စကားက ဖြစ်နိုင်စရာ အများကြီးရှိသည်။ လီကျင်းဆွေသည် မာလုထုံအား အကူအညီတောင်းခံသည့်အသွင်ကြည့်သည်။ မာလုထုံလည်း ဘာမျှမတတ်နိုင်ဟန် ပခုံးတွန့်ပြသည်။ လီကျင်းဆွေ အမှက်တမဲ့ပင် လိန်လိန်အား ကြည့်ဖြစ်၏။ သူ့ကို စူးစိုက်ကြည့်နေခိုက်နှင့်ကြုံ၏။

"ရှင့်ကို ကျွန်မ စကားတစ်ခွန်းလောက် ပြောချင်တယ်"

"ဘာပြောမလို့လဲ ... ပြောလေ"

"အခု ... ရှင်တို့ အန္တရာယ်တစ်ခုကိုလွတ်အောင် ရှောင်တိမ်းလာနိုင်ခဲ့ပြီ၊ ဒါပေမဲ့ ... နောက်ထပ်ကြီးမားတဲ့ အန္တရာယ်တွေနဲ့ အများကြီး ရင်ဆိုင်ကြရဦးမယ် မဟုတ်လား"

"ဟုတ်တယ် ... ထပ်တွေ့ရမှာ မလွဲဘူး"

"ဒီတော့ ကျွန်မ အခုရှင်တို့နဲ့ အတူတူ နေကြရတာ၊ ကျွန်မနဲ့ ဘာမှမဆိုင်တာမဟုတ်ဘူး။ ရှင်က ကျွန်မကို မဆီမဆိုင် လက်ပံသား

စားနဲ့ချိုင် ဆိုသလိုမျိုးဖြစ်အောင် လုပ်ထားတာတော့ မတရားဘူးလို့ ထင်ပါတယ်"

လီကျင်းဆွေမှာ လိန်လိန်၏ စကားနာထိုး ပြောလာသော စကားကြောင့် စိတ်မကောင်းနိုင်အောင် ဖြစ်သွားရ၏။ ဟုတ်တယ်။ မိမိအကုသိုလ်ကို မိမိသာလျှင် ခံစားသင့်သည်။ အပြစ်မရှိသော်လည်း လိန်လိန်ကို အဆစ်မပါစေချင်။

"ဒီအတွက် စိတ်မပူပါနဲ့၊ တကယ်လို့ သူတို့ ရောက်လာကြလို့ ရှိရင် နင်နဲ့ငါ ဘယ်လိုမှ မပတ်သက်ဘူးဆိုတာ အကျိုးအကြောင်း ရှင်းပြပါ့မယ်၊ ဒါမှမဟုတ်ရင်လည်း သူတို့ရောက်မလာခင် နင့်ကိုငါ ဘေးကင်းရန်ကင်း အန္တရာယ်ကင်းတဲ့နေရာရောက်အောင် ပို့ပေးပါ့မယ်"

"ဟွန်း ... သူတို့က ရှင်နဲ့ကျွန်မ ဘယ်လိုမှ မသက်ဆိုင်ပါဘူး ဆိုတာ ယုံကြည်နိုင်ပါ့မလား။ ပြီးတော့ ရှင်က ကျွန်မကို ဘယ်နေရာမှာ သွားပို့ထားမှာလဲ"

လီကျင်းဆွေအတွက် အဖြေမရှိ။ လုံခြုံရာသို့ သွားပို့ပေးမယ် ဆိုတာ စကားကို စကားရှိလို့သာ သူပြောလိုက်ရသည်။ တကယ့် တကယ်တွင် သူ ဘယ်နေရာ သွားထားရမည်နည်း။ လုံခြုံသောနေရာ ကော ရှိပါ့မလား။ ရှိတယ်ဆိုဦးတော့ နာတာရှည်ရောဂါသည်တစ်ယောက်ကို မည်သူက ပြုစုပေးမည်နည်း။ တွေးတောစရာ ပြဿနာ



များက တစ်ခုပြီးတစ်ခု ဝင်လာသည်။

"အင်း ... နင်ပြောတာလည်း ဟုတ်တာပါပဲ၊ ဒါဖြင့် နင့်အတွက် ငါ ဘာများလုပ်ပေးနိုင်မလဲ"

"ဒီစကားကို ရှင် မေးဖို့မကောင်းဘူး၊ ရှင်လုပ်ပေးနိုင်တာတွေ ရှင် မသိဘူးလား"

"မသိလို့ နင့်ကို မေးနေရတာပေါ့"

"ကျွန်မရဲ့မူလရုပ်အတိုင်း ပြန်ဖြစ်အောင် လုပ်ပေးပါ၊ ပြီး တော့ ကျွန်မရဲ့သိုင်းပညာတွေ ပြန်ပြီးအသုံးချနိုင်အောင်လည်း စီစဉ် ပေးပါ၊ ရှင်တို့ ကျွန်မကို ဒီလိုဘဝနဲ့ ဒုက္ခပေးခဲ့ရတာ ရက်ပေါင်းတစ်ရာ ကျော်သွားပြီ၊ ရှင့်မှာ ကြင်နာတတ်တဲ့စိတ်ထား ရှိတယ်ဆိုရင်တော့ ကျွန်မကို အခုလို အန္တရာယ်ကြီးနေတဲ့အချိန်မှာ ဆက်ပြီး ဒုက္ခမပေး သင့်တော့ပါဘူး

လီကျင်းဆွေ ရင်ထဲ နင့်သွား၏။ အကြင်နာ ကရုဏာတရားရှိ သူပီပီ လိန်လိန်ကို စာနာသနားမိ၏။ ဖြစ်နိုင်လျှင် အခုချက်ချင်းပင် လိန်လိန်၏မူလဘဝကို ပြောင်းပေးလိုက်ချင်သည်။ ဖူးဖူးကြွကြွ လှပ နေသောအလှပိုင်ရှင်မလေးတစ်ယောက်အဖြစ် ပြန်ရောက်စေချင် သည်။ သိုင်းပညာရှင်မလေးတစ်ယောက်အဖြစ် ပြန်ပြုပြင်ပေးစေ ချင်သည်။

သို့သော် ဤသို့ပြုလုပ်နိုင်ရန် သူ့တွင် အခြေအနေမရှိ။ စွမ်း

အားမရှိ။ သူ ဘာမှ လုပ်မပေးနိုင်။ လီကျင်းဆွေ စိတ်ပျက်စွာပင် ခေါင်းငိုက်စိုက်ချလိုက်မိသည်။ မိမိကိုယ်တိုင် ဘာမှ မတတ်နိုင်သော အခြေအနေတွင် လက်လျှော့သက်ပြင်းချရုံတစ်ပါး ဘာမျှမတတ်နိုင် ပါချေတကား။

❋ ❋ ❋



## အခန်း (၁၄)

အချိန်က ဘုန်းကြီးဆွမ်းခံပြန်ချိန်လောက်ရှိပြီ။

ကြူစိုက်စိန်ကုန်စုံဆိုင်နောက်ဘက်ရှိ အိမ်ကလေးတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းတို့က ကြီးစိုးနေ၏။

လိန်လိန်လည်း လီကျင်းဆွေ ဘာမျှမလုပ်နိုင်ကြောင်း နားလည်သဘောပေါက်သွားသဖြင့် အထွန့်အထပ်မတက်တော့။ ကိုယ့်နေရာတွင် ကိုယ်ထိုင်ကာ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြ၏။ မာလုထုံကမူ နားစွင့်နေ၏။ ဆိုင်ရှေ့တွင် လူတစ်ယောက်ရောက်လာသံမျိုး ကြားသဖြင့် ...

"လီကျင်းဆွေ ... မင်းဆိုင်ကို ဈေးဝယ်လာနေပြီ"

မာလုထုံ ပြောလိုက်သော ဈေးဝယ်သူကိုလည်း အရေးထား ဂရုစိုက်ကာ ပြောဆိုနေမည်မဟုတ်။ ယီချန်းလီတို့ဆီမှ စုံစမ်းထောက်လှမ်းရန် စေလွှတ်လိုက်သူဖြစ်နေကြောင်း လီကျင်းဆွေ နားလည်သည်။ ထို့ကြောင့် ဆိုင်အပြင်မှ စကားသံများကို နားစွင့်နေလိုက်

သူ့ဆိုင်တွင် ဝယ်နေကျဖောက်သည် ရှုဖိန်း၏စကားသံဖြစ်ကြောင်း လီကျင်းဆွေ သိသည်။ ထို့ကြောင့် တီးတိုးလေသံဖြင့် …

"ရှုဖိန်းပါ။ သူက ဒီဆိုင်ရဲ့ ဖောက်သည်ကောင်းတစ်ယောက်ပဲ၊ ကျုပ်ဆိုင်မှာ အမြဲလာဝယ်နေကျပဲ"

"သူက နေ့တိုင်း ဘာလာဝယ်တတ်သလဲ"

"ကြံသကာဝယ်တတ်တာ များတယ်၊ တစ်ခါတစ်ခါကျတော့လည်း စားသောက်ကုန်ကလေးတွေကို ဝယ်တတ်တယ်"

"အေး … အခု ဘာလာဝယ်မလဲဆိုတာ နားထောင်ကြည့်စမ်းပါ"

လီကျင်းဆွေ ဂရုတစိုက်ပင် နားစွင့်ထောင်သည်။ ဆိုင်ရှေ့မှ ချူတိတ်ဖြောင်နှင့် ရှုဖိန်းတို့၏စကားသံကို ကြားလိုက်ကြရ၏။

"ရှုဖိန်း ဘာဝယ်မလို့လဲ၊ ကြံသကာပဲလား"

"ဟင့်အင်း …ဒီနေ့တော့ ကျွန်မ ကြံသကာမဝယ်တော့ဘူး ချူတိတ်ဖြောင်"

"ဒါဆိုရင် ဘာများဝယ်ချင်လို့တုံး"

"ဆားလိုချင်လို့ပါရှင်"

"ဘယ်လောက်သားလဲ"

"နည်းနည်းပါးပါးမဟုတ်ဘူးရှင့်၊ အချိန်ငါးဆယ်တစ်အိတ်



လောက် လိုချင်လို့၊ အိမ်မှာ ငါးခြောက်နဲ့ ဝက်သားချဉ်လုပ်မလို့ပါ"

ချူတိတ်ဖြောင် အသံထွက်မလာ။ ဆားက ဆိုင်ထဲတွင် မရှိတော့။ ရှိသည်ဆိုဦး … အိမ်ဆိုင်သာသာလောက်ကလေးရှိသော ကြူစိုက်စိန်တို့ကုန်စုံဆိုင်တွင် ဤမျှများပြားသောဆားများ တင်မထားနိုင်။ အချိန်တစ်ဆယ်နှစ်ဆယ်ထက် မပို။ နေ့စဉ် ဆားလာဝယ်သူများရှိတတ်သော်လည်း တစ်နေ့လုံးမှ ငါးပိဿာကုန်အောင် ရောင်းမထွက်နိုင်။ အချိန်ငါးဆယ်တစ်အိတ် လာဝယ်သူကား မရှိ။ ဤသည်ကတည်းက ရှုဖိန်း၏ဆားလာရောက်ဝယ်ယူသမှုမှာ မရိုးသားနိုင်တော့။ မာလုထုံ မျက်လုံးပြူးသွား၏။ ဒေါသလည်း ထွက်မိသည်။

"လီကျင်းဆွေ … ဒီမိန်းမကို ထွက်ပြီးဖမ်းထားလိုက်စမ်းကွာ"

မာလုထုံအမိန့်ပေးသည်။ လီကျင်းဆွေမလှုပ်။ ငြိမ်ထိုင်မြဲထိုင်နေ၏။ မာလုထုံ စိတ်မရှည်တော့။

"လီကျင်းဆွေ … မင်း ဘာဖြစ်နေတာလဲ၊ ဒီမိန်းမကို ထွက်ပြီးဖမ်းလိုက်စမ်းပါ၊ သူ့ကို စစ်ဆေးမေးမြန်းကြည့်ရင် ယီချုန်းလီတို့ ဝယ်ခိုင်းတာ ဟုတ်,မဟုတ် သိနိုင်လိမ့်မယ်"

"ဘာလုပ်မှာလဲဗျာ … သူက ရိုးရိုးသားသား မိန်းမတစ်ယောက်ပါ။ စပ်စုတာကလွဲလို့ ဘာမှမပြစ်မရှိပါဘူး၊ သူ့ကို ကျုပ်မဖမ်းရက်ပါဘူးဗျာ"

လီကျင်းဆွေ သူ့စိတ်ထဲတွင် ရှိသည့်အတိုင်း ပြောလိုက်သည်။ ရှူဖိန်းလို သာမန်ရိုးရိုးအရပ်သူတစ်ယောက်ကို အနှောင့်အယှက်မပေးချင်၊ စိတ်မဆင်းရဲစေချင်။ စစ်ဆေးမေးမြန်းခြင်းဖြင့် အသားမနာစေချင်။ မာလုထုံ အံ့ဩသွား၏။

"တောက် ... ရှားပါ့ကွာ၊ မင်းကတော့ တကယ့်သူတော်ကောင်းတစ်ယောက်ပဲ၊ မင်းလိုစိတ်ထားမျိုး တစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက် ရှိဖို့ ခပ်ရှားရှားပဲ"

"ဟုတ်တယ် ... ဒါတော့ ကျွန်မ ထောက်ခံတယ်၊ သူ့လိုလူမျိုး ကျွန်မလည်း တစ်ခါမှ မတွေ့ဖူးသေးဘူး"

လိန်လိန်ကပါ ဝင်ရောက်ချီးကျူးစကားဆိုသည်။ လီကျင်းဆွေ မသိကျိုးကျွန်ပြုနေ၏။ ဆိုင်ရှေ့ရှိစကားသံတို့အား နားစွင့်နေ၏။

"ခင်ဗျား ဆားလိုချင်ရင် အခုတော့ မရှိဘူး ... ဆိုင်မှာ ကုန်နေတယ်၊ ညနေဘက်မှ တစ်ခေါက်လာကြည့်ဗျာ"

ချူတိတ်ဖြောင်၏စကားသံထွက်လာ၏။ ရှူဖိန်း နှုတ်ဆက်ကာ ထွက်ခွာသွားသံကိုလည်း ကြားရသည်။ ရှူဖိန်းထွက်သွားလျှင် မာလုထုံက စိတ်ပျက်သည့်အမူအရာဖြင့် ...

"ဒီမိန်းမကို ဖမ်းမထားဘဲ ပြန်လွှတ်ပေးလိုက်တာ မှားတာပဲ၊ ဆားမရှိတော့ဘူးဆိုကတည်းက ငါ့အတွက် ချန်ထားတယ်ဆိုတာ



သူတို့ရိပ်မိကြမှာပဲ၊ ငါ ဒီမှာရှိနေပါတယ်ဆိုတာ သူတို့ ရိပ်မိကြမှာပဲ၊ ငါ ဒီမှာရှိနေပါတယ်ဆိုတာ ယီချန်းလီသိအောင် ပြောလိုက်တာနဲ့ အတူတူပဲ ဖြစ်သွားတာပေါ့"

လီကျင်းဆွေ ဘာမှုထင်မြင်ချက်မပေး။ ဤအချက်ကို သူလည်း ကောင်းစွာတွေးတောသဘောပေါက်သည်။

သို့သော် မိန်းမသားတစ်ယောက်ကို အနိုင်ကျင့်ခြင်း မပြုလုပ်လို။ အပြစ်မရှိ တာဝန်မဲ့သူကို ဖမ်းဆီးစစ်ဆေးခြင်း မလုပ်လို။ သို့အတွက် ဖြစ်ချင်ရာဖြစ် ... ကြုံလာသည့်ပြဿနာကို ရဲရဲတင်းတင်းရင်ဆိုင်ပစ်လိုက်မည်ဟု ဆုံးဖြတ်ကာ ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်၏။ သူ့စိတ်ထားကား သစ္စာကိုယ်တော်တစ်ယောက်နှင့် ကိုက်ညီလျော်ကန်လှချေသည်တကား။

"ဒီနေ့တော့ မင်းဈေးဆိုင် ဈေးရောင်းကောင်းလိမ့်မယ်လို့ ငါ အတတ်ပြောရဲတယ်၊ မင်း မယုံရင် စောင့်ကြည့်နေကွာ"

မာလုထုံ မှတ်ချက်ချသည်။ သူ့ကိစ္စကို စနည်းနာရန် ယီချန်းလီတို့က သူလျှိုဒလန်များလွှတ်လျက် ဈေးဝယ်ခိုင်းမည်ကို တွေးမိသောကြောင့် ဖြစ်ပေသည်။ လီကျင်းဆွေ အသာပင်ငြိမ်ကာ နားစွင့်နေ၏။

မာလုထုံ၏ထင်မြင်ချက်က သွေးတက်အောင် မှန်နေသည်။

ရှုဖိန်းထွက်ခွာသွားပြီး သိပ်မကြာလိုက် ... ဈေးဝယ်သူနောက်တစ်ယောက် လာသည်ကို လီကျင်းဆွေ ကြားလိုက်ရသည်။ ထိုသူ၏လေသံက အထက်စီးလေသံ။ မည်သူ့မျှ ဂရုမစိုက်သည့်အသွင် ခပ်မာမာ ခပ်တင်းတင်း။

"ဟေ့ ချာတိတ် ... မင်းက ဒီဆိုင်က ဈေးရောင်းတဲ့အလုပ်သမားလား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အေး ... မင်းတို့ဆိုင်တစ်ဆိုင်လုံးကို ပုတ်ပြတ်ဈေးနဲ့ ရှိသမျှကုန်အားလုံး ငါ ဝယ်ချင်တယ်"

ချူတိတ်ဖြောင် အံ့အားသင့်သွား၏။

"ဗျာ ... ဒီဆိုင်မှာရှိသမျှ ကုန်ပစ္စည်းတွေအားလုံးကို ဝယ်မယ် ... ဟုတ်လား"

"မင်း နားမကြားဘူးလား၊ ဆိုင်လုံးကျွတ် ကုန်ပစ္စည်းတွေအားလုံးကို ဝယ်မယ်လို့ မင်းကို ငါ ဘယ်နှခါပြောရမှာလဲ"

ကြုံတောင့်ကြုံခဲ ရှားရှားပါးပါး အရောင်းအဝယ်ဖြစ်မှုကြီးပင်တည်း။ အခြေအနေက သိသာထင်ရှားသည်။ ဤသို့ဝယ်ယူမှုမျိုး ရွာငယ်ဇနပုဒ်ကလေးတွင်မပြောနှင့် ... မြို့ကြီးပြကြီးများတွင်ပင် မရှိတတ်။



လီကျင်းဆွေနှင့် မာလုထုံတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ချူတိတ်ဖြောင် ဘာဆက်ပြောမည်ကို နားစွင့်ထောင်နေလိုက်သည်။

❁

"ဟုတ်ကဲ့ ... ရောင်းတာကတော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့ဆိုင်က သိပ်မကြီးမားလှပေမယ့် ဆိုင်ဖွင့်တာ သက်တမ်းကြာပြီဆိုတော့ ပစ္စည်းတွေက အမယ်စုံပြီး တိုလီမိုလီတွေနဲ့ သိပ်များပြားလှပါတယ်၊ နောင်ကြီး အကုန်လုံးဝယ်မယ်ဆိုတော့ သယ်ယူဖို့ကိစ္စက ပြဿနာတက် ခက်ခဲလိမ့်မယ် ထင်ပါတယ်"

ချူတိတ်ဖြောင်က သိမ်သိမ်မွေ့မွေ့ အေးအေးချမ်းချမ်းပင် ပြောသည်။ ဈေးဝယ်သူ ခပ်မာမာ ခပ်ဆတ်ဆတ်ပင်။

"ဒါတွေက မင်းပူစရာမလိုပါဘူး၊ ငါ လူလွှတ်ပြီး သယ်နိုင်းလိုက်မယ်၊ ဆိုင်လုံးကျွတ် သင့်တဲ့ဈေးကိုသာ ပြော၊ အခု ငါတစ်ခါတည်း ငွေချေပြီး သယ်ယူဖို့ လူလွှတ်လိုက်မယ်"

လီကျင်းဆွေ မျက်လုံးပြူးသွား၏။

ပစ္စည်းသယ်ဖို့ ဘယ်လိုလူစားတွေကို လွှတ်လိုက်မှာလဲ။

တကယ်တမ်း ပစ္စည်းသယ်မယ့်လူတွေလား၊ အလုံးအရင်းနဲ့ အန္တ ရာယ်ပြုတိုက်ခိုက်နိုင်အောင် ဒုက္ခပေးမယ့်လူတွေ ခေါ်လာမှာလား။

လီကျင်းဆွေစိတ်ထဲ သံသယဝင်၏။ ထူးခြားသော ဈေးဝယ် သူကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရန် ထွက်တွေ့လိုက်ချင်သည်။ အခြေ အနေ တီးခေါက်ကြည့်လိုက်ချင်သည်။

သို့သော် ထွက်တွေ့လိုက်လို့ကော အကျိုးကျေးဇူးရှိနိုင်မည် လား။ အကျိုးထက် အပြစ်ဖြစ်နေလျှင် မခက်ပေဘူးလား။ လီကျင်း ဆွေ အပြင်သို့ ထွက်တွေ့သင့် ,မတွေ့သင့် ဆုံးဖြတ်၍ မရနိုင်အောင် ဖြစ်နေမိသည်။ ထိုစဉ်မှာပင် ချူတိတ်ဖြောင်၏ စကားသံက သိမ်မွေ့ စွာ ထွက်ပေါ်လာတော့သည်။

"ကျွန်တော်က ဒီဆိုင်ရဲ့ အလုပ်သမားလေးတစ်ယောက်ပါ၊ ဒီလောက်ကြီးမားများပြားတဲ့ အရောင်းအဝယ်မျိုးကို ကျွန်တော့်သ ဘောနဲ့ကျွန်တော် ဆုံးဖြတ်လုပ်ကိုင်လို့ မရပါဘူးခင်ဗျာ"

"မင်းမဆုံးဖြတ်နိုင်ရင် အရောင်းအဝယ်ကိစ္စ ဘယ်သူနဲ့ ပြော ရမှာလဲ"

"ကျွန်တော်တို့ဆိုင်ပိုင်ရှင်နဲ့ပြောမှ ဖြစ်ပါလိမ့်မယ်"

"မင်းတို့ဆိုင်ရှင်က ဒီမှာရှိနေသလား"

"ရှိပါတယ်ခင်ဗျာ၊ အိမ်ထဲမှာရှိပါတယ်၊ သူနဲ့သွားတွေ့ပြီး



အရောင်းအဝယ်ကိစ္စ စကားပြောနိုင်ပါတယ်"

"ဟ ... ငါက ဈေးဝယ်တဲ့သူကွ၊ သူ့ကို သွားမတွေ့နိုင်ဘူး၊ သူ အပြင်ထွက်လာတွေ့ဖို့ မင်းသွားပြောလိုက်ချည်"

"ဘာမှအပန်းမကြီးတာ မဟုတ်ဘဲဗျာ ... ဝင်တွေ့လိုက်ပါ၊ ခင်ဗျားက ဘာကြောင့် အထဲကို ဝင်မတွေ့နိုင်ရတာလဲ"

"မင်းတို့ဆိုင်ရှင်ကကော ဘာကြောင့် အပြင်ထွက်မတွေ့နိုင် ရတာလဲ"

"ဒါကတော့ ဆိုင်ပိုင်ရှင်ဆိုတာ သူ့ကိုယ်သူ သူဌေးတစ် ယောက်လိုနေတာပဲဗျာ၊ နည်းနည်းတော့ သိက္ခာဆည်ပြီး ဂုဏ်အရှိန် အဝါကလေး ယူချင်မှာပေါ့"

"အေး ... သူက ငါ့ကိုထွက်ပြီး မတွေ့ဘူးဆိုရင် ငါကလည်း မင်းဆိုင်က ဘာပစ္စည်းမှ မဝယ်တော့ဘူးဗျာ"

"အခုအချိန်ကျမှတော့ ခင်ဗျား မဝယ်ချင်လို့မရတော့ဘူး၊ စကားတွေလွန်နေပြီ၊ အရောင်းအဝယ်စကားပြောဖို့ အထဲကိုဝင်ပြီး ကျွန်တော့် ဆိုင်ပိုင်ရှင်နဲ့တွေ့ပေတော့"

မာလုထုံသည် အပြင်ဘက်ဆီမှ အချီအချပြောဆိုနေကြသော စကားသံကို စူးစိုက်နားထောင်နေရာမှ ရုတ်တရက် မျက်နှာကွက်ခနဲ ပျက်သွားသည်။ လီကျင်းဆွေဘက်သို့လှည့်ကာ တီးတိုးလေသံအုပ်

အုပ်ဖြင့် ...

"လီကျင်းဆွေ ... ဒါ ကျွဲဘီလူးကွေးတိတ်ရဲ့အသံပဲ၊ မင်း အလုပ်သမားတော့ တကယ့်ကိုဆတ်ဆတ်ကြဲကောင်ကိုမှ တွေ့နေရ ပြီ၊ မင်း အပြင်ကို မြန်မြန်ထွက်သွားသင့်တယ်"

ကျွဲဘီလူးကွေးတိတ်ရန်မှာ သိုင်းလောကတွင် နာမည်ကြီးသူ ဖြစ်၏။ သူ့အကြောင်း လီကျင်းဆွေ ကောင်းကောင်းသိသည်။ လူကောင်ကြီးသလောက် စိတ်ဆတ်သည်။ ဒေါသပေါက်ကွဲလွယ် သည်။ ကြမ်းကြုတ်ရက်စက်သည်။

သူ၏ ကျွဲဘီလူးလက်သိုင်းမှာ ထူးခြားဆန်းပြားသည်။ ကျွဲဘီ လူးလက်သိုင်းအောက်တွင် အကြီးအကျယ် ရှုံးနိမ့်ခဲ့ရသည့် သိုင်းသ မားများ မရေမတွက်နိုင်အောင်ရှိသည်။ ကျွဲဘီလူးဆိုသောအမည်နှင့် လိုက်ဖက်အောင် တဇောက်ကန်းလုပ်တတ်သည်။ ခွန်အားဗလ တောင့်တင်းသန်မာသည်။ ကြံ့ခိုင်ထွားကျိုင်းသည်။

လီကျင်းဆွေမှာ မာလုထုံက သတိပေးစကားဆိုလာလေမှ ချူတိတ်ဖြောင်အတွက် စိုးရိမ်ပူပန်သွားသည်။ သူ မတ်တတ်ထရပ် လိုက်ချိန်မှာပင် ဆိုင်အပြင်ဘက်ဆီမှ ရန်းရင်းဆန်ခတ်ဖြစ်သံ ထွက်ပေါ်လာသည်။

'ဖြောင်း'



သစ်စိမ်းကိုင်းတစ်ချောင်းကို လက်နှင့်ပိုင်းချိုးလိုက်သလို အရိုး အဆစ် လတ်လတ်ဆတ်ဆတ် ကျိုးကြေသံမျိုးလည်း ရုတ်တရက် ထွက်ပေါ်လာ၏။

လီကျင်းဆွေ၏ စိုးရိမ်ပူပန်စိတ်က ငယ်ထိပ်သို့ တက်ဆောင့် သည်။ ချူတိတ်ဖြောင်သည် သူ၏ဆိုင်အလုပ်သမား အစေအပါးတစ် ယောက်ဖြစ်၏။ ချူတိတ်ဖြောင်တစ်ခုခုဖြစ်လျှင် သူ့တွင် တာဝန် ရှိသည်ဟု သူနားလည်ယုံကြည်ထားသည်။ ချူတိတ်ဖြောင်သည် သူ့အပေါ်တွင် တစ်ခါတစ်ရံ ကြွပ်ဆတ်ဆတ် မာကျောကျော ဆက် ဆံတတ်ခြင်းမှတစ်ပါး လူရိုးလူအေးကလေးတစ်ယောက် ဖြစ်၏။

ဘာပဲပြောပြော အတူနေချိန်ကာလ သိပ်မကြာမြင့်သေး သော်လည်း ချူတိတ်ဖြောင်ကို သူ သံယောဇဉ်ရှိသည်။ ယခုလို မိမိ ၏ဆိုင်အလုပ်သမားတစ်ယောက်အား ကိုယ်ထိလက်ရောက် စော် ကားလာခြင်းအတွက် သူ သည်းမခံနိုင်။ လက်ပိုက်ကြည့်မနေနိုင်။ လှစ်ခနဲ တံခါးပေါက်ဆီသို့ ခုန်ပျံဝင်ရောက်သည်။

လီကျင်းဆွေ အပေါက်ဝသို့ရောက်ချိန်တွင် လူတစ်ယောက်က လည်း တွန့်ဆုတ်တွန့်ဆုတ်ဖြင့် အခန်းထဲသို့ ဝင်လာသည်။ ထိုသူ၏ ညာလက်ဖျံမှာ သွင်သွင်ကျိုးကြေကာ တွဲလောင်းကျနေ၏။ လီကျင်း ဆွေစိတ်ထဲ ဒိတ်ခနဲ ဖြစ်သွား၏။

"တိတ်ဖြောင် ... မင်း ဘာဖြစ်သွား ..."

လီကျင်းဆွေ စကားကိုဆုံးအောင် ဆက်မပြောနိုင်။ အခန်းထဲသို့ တွန့်ဆုတ်တွန့်ဆုတ်ဝင်ရောက်လာသူကို သူ ထင်ထင်ရှားရှား သဲသဲကွဲကွဲ တွေ့လိုက်ရလေပြီ။ ချူတိတ်ဖြောင်တော့ မဟုတ်။ ကျွဲဘီလူးလက်သိုင်းဖြင့် သိုင်းလောကတွင် တံခွန်ထူခဲ့သော လူထွားကြီး ကျွဲဘီလူးကွေးတိတ်ရန် ဖြစ်နေသောကြောင့်ပင်တည်း။

*

ကွေးတိတ်ရန်၏ညာလက်မောင်းက တွဲလောင်းကျနေသဖြင့် ဘယ်လက်ဖြင့် ထိန်းကိုင်ထားရသည်။ သူ့မျက်နှာပြင်ထက်တွင် ချွေးသီးချွေးပေါက်တို့က ပြည့်နှက်နေသည်။ အလွန်ပင် ကြောက်ရွံ့ထိတ်လန့်သည့် အသွင်က ဖြေဖျောက်လို့မရ။

ကွေးတိတ်ရန် အဘယ်ကြောင့် အံ့ဩထိတ်လန့်စိတ် ဘာကြောင့်ဖြစ်ပေါ်လာရသနည်း။ အဖြေက ရှင်းသည်။ ကွေးတိတ်ရန်သည် ဆိုင်အလုပ်သမားလေး ချူတိတ်ဖြောင်နှင့် စကားပြော အဆင်မပြေဖြစ်၏။ သူ့ကို အိပ်ခန်းတွင်းသို့ ဝင်ရောက်ရန် အတင်းအကျပ်ဆိုလာသဖြင့် ဒေါသထွက်၏။ စိတ်တိုစိတ်ဆတ်လူတို့၏ ထုံးစံအတိုင်း



ဒေါသနှင့်တစ်ဆက်တည်း လက်က ပါလာတော့သည်။ သူ၏လက်ဖြန့်တစ်ချက်ထိလျှင် တစ်သက်စာ ဖုလုံ့သွားနိုင်သည်။ သာမန်လူတစ်ယောက်အဖို့ ဒုက္ခိတဖြစ်သွားနိုင်လေသည်။

သို့သော် ဆိုင်အလုပ်သမားလေး ချူတိတ်ဖြောင်လှုပ်ရှားမှုက အလွန်မြန်သည်။ တုံ့ပြန်ချက်က အလွန်ထိရောက်သည်။ ကွေးတိတ်ရန် အမှတ်မထင်ရိုက်ချက်လာသည်ကို ကိုယ်တိမ်းကာ လှမ်းခနဲရှောင်သည်။ မည်သည့်ရှောင်တိမ်းကွက်ဖြင့် ရှောင်တိမ်းလိုက်သည်ကို လီကျင်းဆွေပင် မမြင်လိုက်ရ။

ထို့ထက်ဆိုးရွားသည်ကား ရိုက်ချလာသည့် သူ့လက်ဖြန့်ကို မရုပ်သိမ်းနိုင်ခင်မှာပင် ချူတိတ်ဖြောင်၏ဖမ်းချုပ်ကွက်က လျှပ်ပြက်သလို။ ရှန်းဖယ်ရန် အချိန်မရ၊ ရှောင်တိမ်းရန် အခွင့်အလမ်းမသာ။ ဆတ်ခနဲ ဖမ်းမိသည်။ ထို့အတူ လက်ဝါးစောင်းခုတ်ရိုက်ချက်ကလည်း ဇယ်ဆက်သလို ရောက်ရှိလာပြန်သည်။

ကွေးတိတ်ရန်က ပြန်လည်တုံ့ပြန်ခြင်းစသော လှုပ်ရှားမှုအချိန်တာက ဘာမျှမကြာလိုက်။ လျှပ်တစ်ပြက်အချိန်ကလေးအတွင်းပင် ကျွဲဘီလူးရရှိလိုက်သည့် အကျိုးအမြတ်က ညာလက်ဖျံ သွင်သွင်ကျိုးသွားခြင်းပင်တည်း။ လက်ဖျံကျိုးခြင်းနှင့်အတူ သူ့ကိုယ်ကြီးက အခန်းထဲသို့ တွန်းပို့ထည့်သွင်းတာခံရသည်။

မယုံကြည်နိုင်လောက်သော အဖြစ်အပျက်များကြောင့် ကွေးတိတ်ရန်၏ အံ့သြထိတ်လန့်မှုများ ကြီးလာသည်။ အခန်းထဲသို့ ဝင်ရောက်လာသော်လည်း ဘာကိုမှမမြင်။ မာလုထုံက လက်ကိုဆွဲကာ သူ့အနီးတွင် ထိုင်ခိုင်းထားမှ ဝင်ထိုင်ဖြစ်၏။

ကွေးတိတ်ရန်နှင့် မာလုထုံတို့နှစ်ယောက်မှာ တစ်ချိန်သော အခါက ညီအစ်ကိုတော်များ ဖြစ်ခဲ့ဖူးသည်။ နောက်ပိုင်းတွင် တစ်နယ်တစ်မင်းလုပ်ကာ ပညာသင်ဖက်ညီအစ်ကိုဆိုသော စိတ်ဓာတ်များ မရှိတော့။ အားပြိုင်ကာ ရန်ဘက်မဟုတ်သော်လည်း နယ်လုအနိုင်လိုမှုများ ဖြစ်လာသည်။

ကွေးတိတ်ရန် ဤနေရာသို့ ရောက်ရှိလာခြင်းသည် ရိုးရိုးလာခြင်း မဟုတ်။ ယီချန်းလီစေလွှတ်၍ ရောက်လာခြင်းလည်းမဟုတ်။ ဤကုန်စုံဆိုင်ကလေးတွင် မာလုထုံရှိနေသည်ဆိုသော သတင်းသိုးသိုးသန့်သန့် ကြားရသောကြောင့် ဟုတ်,မဟုတ် လာကြည့်ခြင်းဖြစ်သည်။

မာလုထုံရှိလျှင် အကြမ်းဖက်ကာ ဝင်ရောက်တိုက်ခိုက်မည်။ အသေရရ,အရှင်ရရ ဖမ်းဆီးပြီး သက်ဆိုင်ရာသို့ အပ်နှံမည်။ ကြေညာထားသည့်အတိုင်း ဆုငွေထုတ်ယူမည်ဖြစ်၏။ သူသည် တုန်လှုပ်ချောက်ချားလွန်းသောကြောင့် မာလုထုံအား မှတ်မိခြင်းမရှိ။



"ကျုပ် ... ကျုပ်လက်ကို ရိုက်ချိုးခဲ့တဲ့ လူက ဘယ်သူလဲ ... ကျုပ်ကိုပြောစမ်းပါဦး"

ချူတိတ်ဖြောင်အကြောင်း လီကျင်းဆွေအား တတွတ်တွတ်မေးသည်။ သူ့နည်းတူ မာလုထုံသည်လည်း သိချင်နေသည်။

"လီကျင်းဆွေ ... မင်းအလုပ်သမားက ဘယ်လိုကောင်လဲကွ ... မင်းပြောတော့ ရိုးရိုးအေးအေး လူတစ်ယောက်ပါဆို"

ထိုအမေးစကားများအတွက် လီကျင်းဆွေတွင် အဖြေမရှိ။ ချူတိတ်ဖြောင်သည် ဘယ်သူလဲ။ ကြောင်လက်သည်းဝှက် သိုင်းသမားကြီး တစ်ယောက်ပေလား။ ဘာကြောင့် ကုန်စုံဆိုင်၏အလုပ်သမားတစ်ယောက်အဖြစ် ဟန်ဆောင်ဖုံးကွယ်နေရတာလဲ။ သူ့စိတ်ထဲက အမေးစကားအတွက် သူကိုယ်တိုင်လည်း ဘာမျှမသိ။ ငူငူငိုင်ငိုင်ကြောင်စီစီ ဖြစ်နေ၏။

လီကျင်းဆွေ ဘာမျှမပြောသောအခါ ကျွဲဘီလူး ကွေးတိတ်ရန်သည် ချူတိတ်ဖြောင်အကြောင်းကို အမြင်ကတ် နားငြီးလောက်အောင် တတွတ်တွတ် မေးမြန်းနေပြန်သည်။ သူ့စိတ်များ ကယောင်ချောက်ချားဖြစ်နေပြီကို မာလုထုံသိ၏။ ထို့ကြောင့် သတိရလာစေရန် မျက်နှာကို လက်ပြန်တစ်ချက် ဆတ်ဆတ်ကလေး ရိုက်ပေးလိုက်သည်။

'ဖြန်း'

ကွေးတိတ်ရန် မျက်နှာလည်ထွက်သွား၏။ ကယောင်ချောက်ချားစိတ်လည်း ချက်ချင်းပင် ပျောက်သည်။ မာလုထုံကို ဒေါသတကြီး ကြည့်ကာ ...

"ခင်ဗျား ဘာလုပ်တာလဲ"

မျက်နှာလှည့်ကာ မေးလိုက်ပြီးခါမှ မာလုထုံကို မြင်ရလျှင် မှတ်မိသိရှိသွား၏။ တအံ့တဩဟန်လည်း ဖြစ်၏။

"ဟင် ... ခင်ဗျား ... ခင်ဗျား ဒီမှာ တကယ်ပဲရှိနေတာကိုး"

"အေး ... ဟုတ်တယ်၊ ငါ ဒီဆိုင်မှာ ခဏလာပြီး ခိုအောင်းနေတာ"

"ခင်ဗျား ဒီမှာရှိနေတယ်ဆိုတာ ကျူပ်သတင်းသန့်သန့်ကြားတယ်၊ ဒါကြောင့် ဟုတ်,မဟုတ်သေချာအောင် လာပြီးစုံစမ်းတာ၊ တောက် ... ခင်ဗျားနဲ့အရင်ဆုံးတွေ့ပြီး အကြိတ်အနယ် တိုက်ခိုက်ရင်း သေသွားရတာကမှ ကောင်းလိမ့်ဦးမယ်၊ အခုတော့ ..."

ကွေးတိတ်ရန် ဆိုးအောင် စကားကိုဆက်မပြော။ အကြီးအကျယ် စိတ်ဓာတ်ကျနေသည်။ သူသည် သိုင်းလောကတွင် နာမည်ရှိသောအဆင့်တွင် ရှိသော သိုင်းသမားကြီးတစ်ယောက်။ တော်ရုံတန်ရုံ သိုင်းသမားများကိုပင် တိုက်ကွက်ဆယ်ကွက်မပြည့်ခင် အနိုင်ယူ



တိုက်ခိုက်လာခဲ့သူတစ်ယောက်။

ယခု သိုင်းလောကတွင် နာမည်ရှိဖို့ မပြောနှင့် ... ဘာမှန်းညာမှန်း မသိသူတစ်ယောက်၊ ကုန်စုံဆိုင် အလုပ်သမားတစ်ယောက်ကို အရှုံးကြီးရှုံးနိမ့်ခဲ့ရသည်။ ထို့အတွက် သိုင်းလောကတွင် မျက်နှာပြစ်ရာပင် မရှိ။ အရှက်အရကြီး ရနေပေတော့မည်။

လီကျင်းဆွေသည် အခန်းထဲတွင်နေရသည်မှာ စိတ်အိုက်လာ၏။ အပြင်ဘက် ဆိုင်ကလေးဆီမှ အဖြစ်အပျက်အကျိုးအကြောင်း ရေရေရာရာသိရလေအောင် ဆိုင်ခန်းဘက်သို့ ထွက်လာခဲ့ပေတော့သည်။

အပြင်ဘက်တွင် ဘာတစ်ခုမျှ ထူးခြားပြောင်းလဲမှု မရှိ။ စောစောကဖြစ်ပျက်ခဲ့သော ပြဿနာများ မဖြစ်ပွားခဲ့သလိုပင် ပကတိငြိမ်သက်နေ၏။ သို့သော် ထူးခြားချက်တစ်ခုကား ရှိနေ၏။ နေ့စဉ်နေ့တိုင်း ဆိုင်ရှေ့လမ်းကလေးတွင် လူအသွားအလာမပြတ် ဆူညံနေခဲ့ရာမှ ယနေ့တွင် ထူးထူးခြားခြား လူသူကင်းမဲ့ကာ အသံဗလံမရှိ၊ တိတ်ဆိတ်ခြောက်သွေ့နေခြင်းပင်တည်း။

ချူတိတ်ဖြောင်သည် သူထိုင်နေကျ ခုံပုကလေးတွင် သူ့မဟုတ်သလို အေးချမ်းစွာထိုင်နေသည်။ လီကျင်းဆွေသည် ချူတိတ်ဖြောင်အနီးတွင် အသာဝင်ထိုင်ကာ အကဲခတ်ကြည့်နေ၏။ ချူတိတ်

ဖြောင်၏အရိပ်အကဲကို လေ့ လာသည်။

ချူတိတ်ဖြောင်၏အသွင်က ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးကန်ကန်။ စောစောက ကွေးတိုတ်ရန်ကို တစ်ချက်တည်းနှင့် လက်ဖျံရိုးချိုးပစ်လိုက်သူဟု ထင်လောက်စရာ မရှိတော့။ တကယ့်ကို ရိုးအနုံချာသည့် အသွင်အပြင်က ထင်ရှားပေါ်လွင်နေသည်။

လီကျင်းဆွေ စိတ်ထဲတွင်ကား သံသယအစိုင်အခဲ ကြီးထွားနေချေပြီ။ ချူတိတ်ဖြောင် မည်သူနည်း။ မိမိကဲ့သို့ပင် ရုပ်ဖျက်ပြောင်းလဲထားသူပင်လော။ ထိုအမေးနှင့်အတူ လီကျင်းဆွေအတွေးထဲတွင် တစ်စုံတစ်ရာကို စိတ်ကူးရလိုက်သည်။ ချူတိတ်ဖြောင်အား သိုင်းပညာ တကယ်အစွမ်းထက်, မထက် စမ်းကြည့်ရန် စိတ်ကူး၏။

"ချူတိတ်ဖြောင်"

ချူတိတ်ဖြောင်ကို အသံကျယ်ကျယ်ဖြင့် လီကျင်းဆွေ အော်ခေါ်လိုက်သည်။ ချူတိတ်ဖြောင် ဖျတ်ခနဲ မော်ကြည့်သည်။ ထိုစဉ် အမှတ်တမဲ့အနေနှင့် လီကျင်းဆွေသည် လက်ချောင်းနှစ်ချောင်းကို ဆန့်ထုတ်ကာ လျှပ်ပြက်သည့်အလား ချူတိတ်ဖြောင်၏မျက်လုံး နှစ်လုံးအား ထိုးစိုက်ချလိုက်တော့သည်။ ချူတိတ်ဖြောင် ဘာလုပ်မည်နည်း။



ချူတိတ်ဖြောင်သာ သိုင်းပညာတတ်ကျွမ်းသူတစ်ယောက်ဖြစ်ပါက ယခုကဲ့သို့ အမှတ်မဲ့ စမ်းသပ်တိုက်ခိုက်လာခြင်းကို လှုပ်ရှားမှုတစ်ခုခု ပြုရပေမည်။ သို့သော် အံ့ဩစရာကောင်းလှသည်။ ချူတိတ်ဖြောင် ရှောင်တိမ်းခြင်း မပြု၊ တုံ့ပြန်တိုက်ခိုက်ခြင်း မပြု။ မျက်လုံးအစုံကိုသာ ကြောက်လန့်တကြား ဖျတ်ခနဲ ပိတ်ပစ်လိုက်သည်။

လီကျင်းဆွေ စမ်းသပ်ရုံသာစမ်းသပ်ခြင်း ဖြစ်သည်မို့ ရုတ်ခြည်းပင် သူ့လက်ကို ပြန်ရုပ်သိမ်းလိုက်ရ၏။ ဘာမျှထူးခြားမှုမရှိသည့် ချူတိတ်ဖြောင်အား သိုင်းပညာတတ်ကျွမ်းသူတစ်ယောက်အဖြစ် သတ်မှတ်၍မရနိုင်။ မတတ်ဘူးဟုလည်း မဆိုသာ။

သိုင်းပညာအဆင့်မြင့်နေသူတို့သည် တကယ့်ကို သိုင်းပညာတတ်ကျွမ်းသူတစ်ဦး မဟုတ်သလို ဟန်ဆောင်ထိန်းချုပ်တတ်ကြပေသည်။ လီကျင်းဆွေ ဘာပြောရမည်နည်း။ ချူတိတ်ဖြောင်ကို ဘယ်လိုသတ်မှတ်ရလေမည်နည်း။ သို့ သော် သံသယစိတ်ကမူ မလျော့။ ဇာစ်မြစ်ဖော်ထုတ်လိုခြင်းကမူ မပျောက်။ တစ်နည်းတစ်ဖုံ ကြိုးစားဖော်ထုတ်ရန် စဉ်းစားမိသည်။

ထိုအချိန်မှာပင် ဆိုင်ရှေ့ဆီမှ ဈေးဝယ်သူ ရောက်ရှိလာတော့သည်။

'ဒေါက် .. ဒေါက် .. ဒေါက်'

မြေပြင်နှင့်တုက်ကောက် ထိတွေ့သံက အရင်ဦးစွာ ပေါ်ထွက်လာသည်။ ထိုအသံများအဆုံးတွင်မှ လမ်းကလေးအတိုင်း လျှောက်လာသူနှစ်ဦးကို လှမ်းတွေ့ရသည်။ ဒုက္ခိတနှစ်ယောက်ပင်တည်း။

နှစ်ယောက်စလုံး ခြေတစ်ဖက်စီ ပြတ်နေကြ၏။ ချိုင်းထောက်များကို အားပြုလျက် လျှောက်လှမ်းလာနေကြသည်။မြေပြင်သို့ ချိုင်းထောက် ထောက်ချလိုက်သည့်အသံက စည်းဝါးကျနကာ ထွက်ပေါ်လာသည်။ အတွင်းအားကောင်းသူများအဖြစ် သိသာနိုင်အောင် ချိုင်းထောက်ကျသံက ကျယ်လောင်သည်။

ထို့ပြင် လူနှစ်ယောက်မှာ ရုတ်တရက်ကြည့်လျှင် တစ်ယောက်တည်းဟုထင်ရလောက်အောင် ရုပ်ရည်ချင်းက တူညီသည်။ အဝတ်အစား အပြင်အဆင်များကလည်း တညီတညွတ်တည်း ဖြစ်၏။ သို့သော် မတူသော အချက်တစ်ကားရှိနေ၏။ တစ်ယောက်က ညာဘက်ပေါင် ပြတ်နေခြင်းနှင့် တစ်ယောက်က ဘယ်ဘက်ပေါင် ပြတ်နေခြင်းပင်တည်း။

ထူးခြားသော ဒုက္ခိတနှစ်ယောက်ကို တွေ့မြင်ရလျှင် လီကျင်းဆွေခေါင်းထဲ ကြားဖူးထားသော အကြောင်းအရာတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သည်။ မသန်မစွမ်း ဒုက္ခိတဂိုဏ်းအကြောင်းပင်တည်း။



မသန်မစွမ်း ဒုက္ခိတဂိုဏ်းသည် တရုတ်ပြည်မြောက်ပိုင်း ယူနန်နယ်ဘက်တွင် တည်ရှိသည်။ ထိုဂိုဏ်းကိုတည်ထောင်သူမှာ ဒုက္ခိတအမြွာညီနောင် ဖြစ်၏။

ဒုက္ခိတအမြွာညီနောင်၏သိုင်းပညာမှာ ခြေလက်အင်္ဂါမစုံညီသော်လည်း ထူးခြားဆန်းပြားသည်။ ဂိုဏ်းကြီးတစ်ဂိုဏ်း ထူထောင်နိုင်လောက်အောင် ထူးချွန်ထက်မြက်သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ သူတို့သည် ခြေလက်အင်္ဂါစုံသောသူများအား ဂိုဏ်းဝင်ဂိုဏ်းသားများအဖြစ် လက်မခံ။ ကိုယ်အင်္ဂါချို့တဲ့သူများကိုသာ ရွေးချယ်ပြီး တပည့်တပန်းအဖြစ် မွေး၏။ သူတို့၏ ဒုက္ခိတသိုင်းပညာတို့ကို သင်ကြားပေးသည်။

သူတို့စိတ်ဓာတ်များက ဆန်းကြယ်သည်။ ကြမ်းတမ်းသည်။ ရက်စက်သည်။ လူကောင်း သိုင်းသမားများအပေါ် အမျက်ထားတတ်သည်။ ပြဿနာဖြစ်လျှင်လည်း လက်စတုံး စီရင်တတ်ကြသည်။

ယခု မိမိ၏ကုန်စုံဆိုင်ကလေးဆီသို့ ဦးတည်လျှောက်လာကြသူတို့မှာ ဒုက္ခိတအမြွာညီနောင်များလေလား။ သူတို့မဟုတ်လျှင် သူတို့၏ တပည့်တပန်းများပေလား။

ယူနန်ပြည်နယ်တွင် တသီးတခြား နေထိုင်တတ်ကြသော ဒုက္ခိတသိုင်းသမားတို့ အဘယ်ကြောင့် ဤချင်းတူးနယ်ရှိ စုကျားကျေးရွာ

ကလေးဆီသို့ ရောက်လာရသနည်း။ ကောင်းသောလာခြင်းကား မဖြစ်နိုင်။

လီကျင်းဆွေ တွေးတောစဉ်းစားနေစဉ်မှာပင် ချိုင်းထောက်သံက ပို၍ကျယ်လောင်လာပြီးနောက် အသံမထွက်တော့။ ခြေလှမ်းရပ်တန့်လိုက်ခြင်းပင်တည်း။ လီကျင်းဆွေ အသာပင် ခေါင်းမော်ကြည့်သည်။ ဒုက္ခိတနှစ်ယောက် သူနှင့်ငါးပေခန့်အကွာတွင် ရပ်တန့်လျက်ရှိသည်ကို တွေ့လိုက်ရ၏။

"ဘာဝယ်ချင်လို့ပါလဲခင်ဗျာ ... ကျွန်တော် ဘာရောင်းပေးရပါမလဲ"

လီကျင်းဆွေက ဈေးသည်တစ်ယောက်လေသံဖြင့် သိမ်မွေ့စွာမေးသည်။ ညာဘက်ပေါင်တစ်ဖက်ပြတ်နေသူက အသံပြတ်ဖြင့်

"ဘာမှလာဝယ်တာမဟုတ်ဘူး ... ကျဲဘီလူးကွေးတိတ်ရန်ကို အနိုင်တိုက်ခဲ့တဲ့လူကို ကျုပ်တို့ လာကြည့်ကြတာပဲ၊ ကျုပ်က ကျားကြီး၊ သူက ကျုပ်ရဲ့ အမြွာညီ ကျားလေးပါ"

ညာဘက်ပေါင်ပြတ်နေသူက စကားဆက်သလို မိတ်ဆက်ခြင်းလည်း ပြုသည်။ လီကျင်းဆွေ မျက်မှောင်ကြီးကြုတ်လိုက်မိ၏။ ဘာမျှပြန်မပြောဘဲ နားမလည်နိုင်သောမျက်လုံးတို့ဖြင့်လည်း စိုက်ကြည့်နေသည်။



ကျားကြီးနှ့ကျားလေးဆိုသော အမြွာညီနောင် ပြုံးလိုက်ကြ၏။ ...ို့နောက် စကားကို တစ်ယောက်စကားကို တစ်ယောက်ဆက်ပေး...က အတိုင်အဖောက်ပြုလျက် ပြောကြတော့သည်။

"ခင်ဗျားက ကျုပ်တို့နှစ်ယောက်ကို မသန်မစွမ်း ဒုက္ခိတဂိုဏ်း...ားတွေလို့ ထင်နေမှာပဲ၊ တကယ်တော့ ကျုပ်တို့နှစ်ယောက်ဟာ ...ုနန်နယ်က ဒုက္ခိတ အမြွာညီနောင်နဲ့ ဘယ်လိုမှမပတ်သက်ပါဘူး"

"ဒီလိုရှင်းပြရတာက ကျုပ်တို့တတ်ထားတဲ့ သိုင်းပညာဟာ ...ယ်သူ့ဆီကမှတပည့်ခံပြီး သင်ယူတတ်မြောက်ထားတာ မဟုတ်...း ကိုယ့်နည်းကိုယ့်ဟန်နဲ့ တတ်မြောက်ထားကြတယ်ဆိုတာ သိစေ...င်လို့ပါပဲ"

"ဟဲ ဟဲ ဟဲ ... အခုလို ပြောပြထားတော့ ခင်ဗျားက ကျုပ်တို့ ...အနိုင်တိုက်ခိုက်ခဲ့ပြီး ကွေးတိတ်ရန်ကို ဖမ်းထားချင်တယ်ဆိုရင် ...ယ်ဂိုဏ်း၊ ဘယ်အဖွဲ့အစည်းကိုမှ နောက်ဆံတင်း ကြောက်လန့်...ုမလိုတော့ဘူးပေါ့ဗျာ ... ဟီး ဟီး ဟီး"

ကျားညီနောင်နှစ်ဖော်၏ စကားလုံးနှင့် စကားသံတို့က နား...းပြင်းကတ်စရာ ကောင်းသည်။ ထောင့်မကျိုးသည့် အသွင်အပြင်...အရာက မုန်းတီးရွံရှာဖွယ်ကောင်းသည်။ သို့သော် လီကျင်းဆွေ ...တ်ကိုသူ ချုပ်တည်းထားသည်။ ဒုက္ခိတများနှင့် ရင်ဆိုင်တိုက်ခိုက်

ရန် ဝန်လေးတာကြောင့် ဖြစ်၏။

"ခင်ဗျားတို့နဲ့ကျုပ်က ဘာရန်ငြိုးရန်စမှမရှိကြတာ မဟုတ်ဘူ
ခင်ဗျားတို့ကို ဖမ်းထားဖို့လည်း ကျုပ်မှာ အကြောင်းမရှိပါဘူး၊ ခင်ဗျာ
တို့ကိစ္စပြီးရင် ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေး ပြန်သွာ
ရင် ကောင်းလိမ့်မယ်"

လီကျင်းဆွေက သိမ်မွေ့စွာ နှင်လိုက်ခြင်းဖြစ်၏။ ကျားညီ
နောင်တို့ ထွက်ခွာသွားခြင်း မပြု။ လီကျင်းဆွေအား လျှို့ဝှက်သော
အကြည့် ကြည့်လေသည်။ ကျားကြီးဆိုသူက ချိုင်းထောက်ပြင်သ
နှင့် လက်တစ်ဖက်ကို လှုပ်ရှားရင်း ...

"ခင်ဗျားက ကျုပ်တို့ကို ရန်မပြုချင်ဘူးဆိုတာ အကဲခတ်
ရပါတယ်၊ တကယ်လို့သာ ခင်ဗျားဟာ တခြားလူတစ်ယောက် ဖြ
တယ်ဆိုရင်တော့ ခင်ဗျားနဲ့ကျုပ်တို့ညီနောင် မိတ်ဆွေဖွဲ့လို့ ရပါတယ်
ဒါပေမဲ့ ခက်တာက ခင်ဗျားဟာ လီကျင်းဆွေ ဖြစ်နေတယ်"

ကျားညီနောင်နောက်ကြောင်းပြန်လှန်ရန် ချိုင်းထောက်ပြ
လိုက်သည်။ ထိုစဉ် ...

"ခဏနေဦး"

ချူတိတ်ဖြောင်၏ ဟန့်တားအော်ဟစ်လိုက်သံက ရုတ်တရ
ထွက်ပေါ်လာသည်။ ကျားညီနောင်ကို ဂရုတစိုက် လှည့်ထွက်သွား



သာ ကြိုးစားသည်။ သို့သော်

'ဝှစ် ... ဝှစ်'

'ဖြောင်း ... ဖြောင်း'

လက်နက်ပုန်း လေတိုးသံနှင့်အတူ အရာဝတ္ထုတစ်ခု ကျိုးကျ
သံက တစ်ပြိုင်နက်တည်းထွက်ပေါ်လာသည် အခြေအနေက ရုတ်
ခြည်း ပြောင်းလဲသွားသည်။ ကျားညီနောင်တို့လက်ထဲတွင် ချိုင်း
ထောက်များ မရှိကြတော့။ ထက်ပိုင်းပြတ်ကျိုးကာ မြေကြီးပေါ်သို့
ပြုတ်ကျသည်။ ချိုင်းထောက်နှစ်ခုဘေးတွင် ကျနေသောအရာကား
ငါးကျပ်သား အလေးနှစ်စုံ။

ချူတိတ်ဖြောင်က ငါးကျပ်သားအလေးဖြင့် လက်နက်ပုန်း
အဖြစ် အသုံးပြုကာ ကျားညီနောင်တို့၏ချိုင်းထောက်များကို ချိုးပစ်
လိုက်ခြင်းပင်တည်း။ ကျားနီနောင်တို့ အလွန်အမင်း အံ့ဩထိတ်လန့်
သွားကြသည်။ လီကျင်းဆွေသည်လည်း ကွက်ခနဲ မျက်နှာပျက်၏။
ချူတိတ်ဖြောင်ဘက်လှည့်ကာ ...

"တိတ်ဖြောင် ... မင်း ... မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

လီကျင်းဆွေ ဒေါသဖြင့်မေးသည့်တိုင် ချူတိတ်ဖြောင် မဖြေ။
ကျားညီတောင်တို့ကိုသာ စိုက်ကြည့်နေ၏။ ကျားညီနောင်တို့နှစ်
ယောက် နေရာတွင် ဆက်လက်ရပ်တန့်မနေရဲတော့။ ရှိသည့်တစ်ဖက်

တည်းသောခြေထောက်ကို အားပြုကာ လေထဲတွင် ခုန်ပျံနောက် ဆုတ်သည်။ သူတို့နှစ်ယောက် ခုန်ပျံလိုက်စဉ်မှာပင် ချူတိတ်ဖြောင်၏ လက်တစ်ဖက်ကလည်း လှုပ်ရှားပြီး ဖြစ်နေ၏။

'ဝှစ် ... ဝှစ် ... ဝှစ် ... ဝှစ်'

လေတိုးသံလေးချက်ကြားရပြီး လက်နက်ပုန်းလေးခု ပြေးထွက်လာသည်ကို တွေ့ရ၏။ နှစ်ခုသော လက်နက်ပုန်းတို့က ကျားညီနောင်တို့၏ အဓိက သွေးကြောနှစ်နေရာဆီသို့ တန်းတန်းမတ်မတ် ပြေးဝင်ထိမှန်သည်။

'ဝုန်း ... ဝုန်း'

ကျားညီနောင်တို့ မရှောင်တိမ်းနိုင်။ ပျော့ခွေကြောနှင့် ထုံကျဉ်ကြောတို့အပိတ်ခံရကာ လေထဲတွင်ပင် အရှိန်ပျက်ပြီး အောက်သို့ ပြုတ်ကျသည်။ ဆိုင်ရှေ့မှထွက်သွားရန် ကြိုးစားမှုတို့ အချည်းနှီးဖြစ်ရပြီ။ မြေကြီးပေါ်တွင် ခွေခွေကလေးကျ၏။

အတွင်းအားကောင်းမွန်ကာ အဆင့်မြင့်သိုင်းပညာ တတ်ကျွမ်းသူတို့သည် ပတ်ဝန်းကျင်အနီးရှိ အရာဝတ္ထုပစ္စည်းတို့ဖြင့် လက်နက်သဖွယ် အသုံးပြုနိုင်စွမ်းရှိကြသည်။ ဆီးစေ့များကို လက်နှင့်တောက်ထုတ်လိုက်သည့်ပညာကား 'ရွှေလက်ချောင်းတောက် အတွင်းအားပညာ' ပင်တည်း။



ဤမျှအဆင့်မြင့် ထက်မြက်သောပညာရပ်များကို ချူတိတ်ဖြောင် မည်ကဲ့သို့ တတ်ကျွမ်းထားလေသနည်း။ ချူတိတ်ဖြောင်သည် သာမန် ဟုတ်ပါလေစ။ မည်သူဖြစ်လေသနည်း။ လီကျင်းဆွေ သူ့တက်ကို အံ့အားတကြီး လှည့်ကြည့်လိုက်၏။

"တိတ်ဖြောင် ... မင်း ... မင်း ... ဘယ် ..."

စကားကို ဆုံးအောင်မဆိုနိုင်။ လီကျင်းဆွေခေါင်းထဲတွင် မိုက်ခနဲဖြစ်၏။ မျက်လုံးအကြည့်များ အာရုံဝါးရလေး၏။ တစ်ကိုယ်လုံးရှိ အကြောအခြင်များ တောင့်ခဲသလို လေးလံထိုင်းမှိုင်းလာ၏။ ထို့နောက် သူ ဘာမျှမသိတော့။ သူ့ခေါင်းတစ်ခုလုံး အိုးထိန်းစက်လို လည်ကာ မြေကြီးပေါ်တွင် အရုပ်ကြိုးပြတ်လဲသွားတော့သည်။

❖ ❖ ❖

## အခန်း (၁၅)

ချူတိတ်ဖြောင်သည် လဲကျနေသော ကျားညီနောင်ထံသို့ အေးဆေးတည်ငြိမ်စွာပင် လျှောက်သွားသည်။ ကျားကြီး၏လည်မျို ကို ခြေထောက်ဖြင့် တေ့ထောက်ကာ ...

"ဖြေဆေးပေးစမ်း"

"ဘာ ... ဘာဖြေဆေးပေးရမှာလဲ"

"အပိုတွေပြောမနေနဲ့ ... အသက်မသေချင်ရင် ဆေးကို အခု ချက်ချင်းထုတ်လိုက်"

ချူတိတ်ဖြောင်က ပြောပြောဆိုဆိုပင် လည်မျိုကို ခြေဖိအား အနည်းငယ် ပိုစိုက်လိုက်၏။ ကျားကြီးပါးစပ်မှ တဂူးဂူး အသံထွက် လာသည်။ ချူတိတ်ဖြောင်၏အသွင်က အေးစက်တည်ငြိမ်သလောက် ပြောလျှင်ပြောသည့်အတိုင်း ရက်စက်မည့်ဟန်။ ကျားလေးမနေ သာတော့။

"မလုပ် ... မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားက သွေးကြောပိတ်ထား



တော့ ဆေးကို ဘယ်လိုနှိုက်ယူရမှာလဲ၊ အခုတစ်ခါ သူ့လည်မျိုကို င်းထားပြန်တော့ ဘယ်လိုစကားပြောနိုင်မှာလဲ"

ဟုတ်သည် ...။ ကျားလေးပြောမှ ချူတိတ်ဖြောင် သတိရကာ ခြေထောက်ဖိအား လျှော့သည်။

"ဖြေဆေး ဘယ်မှာလဲ"

"ကျုပ် ... ကျုပ်ရင်ဘတ်ထဲက အင်္ကျီအိတ်ထဲမှာပါ"

ကျားကြီးက ကြောက်လန့်တကြား ပြောသည်။ ချူတိတ် ဖြောင် ကျားကြီး၏အင်္ကျီရင်ဘတ်ထဲမှ ဆေးပုလင်းတစ်လုံးကို အလျင် အမြန်ပင် ထုတ်ယူသည်။

"ဒါ ... ဖြေဆေးအစစ်ပဲလား"

"ဟုတ် ... ဟုတ်ပါတယ်ခင်ဗျာ"

"မဟုတ်ရင်တော့ မင်းတို့အသက်တွေ အိမ်ပြန်ပါမှာ မဟုတ် တော့ဘူး"

ချူတိတ်ဖြောင်က ခြိမ်းခြောက်စကားဆိုကာ ဆေးပုလင်းကို ယူလျက် လီကျင်းဆွေထံ လျှောက်လာသည်။ ဆေးက အလုံးမဟုတ်။ အမှုန့်မဟုတ်။ ဆေးရည်များ ဖြစ်၏။ လီကျင်းဆွေ၏မေးသို့ တစ် ချက်ရိုက်ကာ ပါးစပ်ဟသည်။ ထို့နောက် ဆေးရည်ဇွန်းတစ်ဇွန်းစာခန့် လောင်းထည့်သည်။ အကြောကို နှိပ်ပေးလိုက်သည်နှင့် ဆေးရည်

များက လည်ချောင်းထဲသို့ ဝင်သည်။ ထို့နောက် သူထိုင်နေကျ ခုံကလေးတွင် စိတ်အေးလက်အေး ထိုင်နေတော့သည်။

ပူရှိန်းချို့မြသောဆေးရည်များ လည်ချောင်းမှတစ်ဆင့် ဝမ်းဗိုက်ထဲသို့ဝင်ရောက်ပြီး ငါးမိနစ်ခန့်အကြာတွင် လီကျင်းဆွေ ပြန်လည်သတိရလာ၏။ သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိ ဇဝေဇဝါ ဖြစ်နေ၏။

"ငါ ... ငါ ... ငါ ဘာဖြစ်တာလဲ"

ကိုယ့်ကိုယ်ကိုယ် မေးသလိုလို ချူတိတ်ဖြောင့်ကို မေးသလိုလို ရေရွတ်လိုက်၏။ ချူတိတ်ဖြောင့် လှည့်မကြည့်၊ ရှေ့သို့ ငေးစိုက်ကြည့်နေ၏။ လီကျင်းဆွေ စိတ်ထဲ မရိုးမရွ ဖြစ်လာသည်။

"တိတ်ဖြောင့် ... ငါ ဘာဖြစ်တာလဲ"

သူ့နှာမည်ကို ခေါ်မေးမှ ချူတိတ်ဖြောင့် လှည့်လာသည်။

"အရိပ်မဲ့အဆိပ်မိတာ၊ ကျားညီနောင်ကို ကျွန်တော် ဘာကြောင့် ဒီနေရာက ထွက်မသွားစေချင်ဘူးလဲဆိုတာ ခင်ဗျား သိလောက် ရောပေါ့"

တုံးတိတိ ပြတ်ပြတ်ပြောပြီးလျှင် ရှေ့သို့ပြန်လှည့်သွား၏။ လီကျင်းဆွေမှာ ချူတိတ်ဖြောင့်၏စကားကြောင့် အကြီးအကျယ်ပင် ထိတ်လန့်တုန်လှုပ်သွား၏။ အရိပ်မဲ့အဆိပ်မှာ အဆိပ်ဘုရင်များသာ ကိုယ်တွယ်အသုံးပြုနိုင်သော အဆိပ်ဆေးဖြစ်၏။ အနံ့အရသာ မရှိ၊



အရောင်အဆင်း မရှိ၊ လေကဲ့သို့သော အဆိပ်တစ်မျိုးဖြစ်၏။ အဆိပ်သင့်နေမှန်း ရုတ်တရက် မသိနိုင်။ .အလစ်ဖမ်းကာ လုပ်ကြံရန် အကောင်းဆုံးသော ဆေးဖြစ်၏။ အဆိပ်မိပြီး တစ်နာရီမကြာခင်မှာပင် သေဆုံးသွားနိုင်၏။ ဖြေဆေးကလည်း အဆိပ်သုံးသူထံတွင်သာရှိသည်။ မည်သည့်သမားတော်မှ မကုသနိုင်။

ထိုအကြောင်းများကို လီကျင်းဆွေသိထားသောကြောင့် တုန်လှုပ်သွားမိခြင်းဖြစ်၏။ ကျားကြီး ချိုင်းထွောက်ကိုပြင်သလို့နှင့် အရိပ်မဲ့အဆိပ်ဖြင့် လုပ်ကြံသွားကြောင်း လီကျင်းဆွေ နားလည်သဘောပေါက်မိ၏။ မိမိအသက်ကို ကယ်တင်ခဲ့သော ချူတိတ်ဖြောင့်ကိုလည်း ကျေးဇူးတင်မိ၏။ ထိုစဉ် မှာပင် ...

"သူ အဆိပ်ပြေသွားပြီပဲ၊ ကျုပ်တို့ကို ဒီအတိုင်းထားတော့မှာလား"

ကျားလေး၏ တောင်းဆိုသံက ရုတ်တရက် ထွက်ပေါ်လာသည်။ ချူတိတ်ဖြောင့် မကြားသလိုပြုနေ၏။ လီကျင်းဆွေ မနေသာ။

"တိတ်ဖြောင့် ... ငါလည်း ပြန်ကောင်းလာပြီပဲကွာ၊ သူတို့နှစ်ယောက်ကို လွှတ်ပေးလိုက်ပါ"

"ဘာလို့ ပြန်လွှတ်ပေးရမှာလဲ"

ချူတိတ်ဖြောင့် မကျေမနပ်သံဖြင့် ပြောသည်။ လီကျင်းဆွေ

က ဖျောင်းဖျနစ်သိမ့်သောလေသံဖြင့် ...

"သူတို့က မသန်မစွမ်းဒုက္ခသည်တွေပါကွာ၊ သူတို့သဘောနဲ့ သူတို့ လုပ်ကြံကြတာ မဟုတ်နိုင်ပါဘူး၊ တစ်ယောက်ယောက် စေခိုင်းလို့ ငါ့ကို ရန်လာပြုကြတာပါ၊ တကယ့်တရားခံစစ်မှ မဟုတ်ဘဲ၊ သူတို့ကို ပြန်လွှတ်ပေးလိုက်ပါ"

ချူတိတ်ဖြောင် စူးစိုက်ကြည့်သည်။ ထိုအကြည့်တွင် ဂုဏ်ယူလေးစားသော အဓိပ္ပာယ်တို့ သက်ဝင်နေသည်။ ထို့နောက် ဘာမှမပြောတော့ဘဲ ကျားညီနောင်တို့၏ သွေးကြောကွက်များကို ဖြေဖွင့်ပေးလိုက်သည်။ ကျားညီနောင်တို့ တစ်ဖက်တည်းသောခြေထောက်ကို အားပြုလျက် မျောက်များသဖွယ် ခုန်ပျံပြေးလွှားသွားကြလေတော့သည်။

ချူတိတ်ဖြောင်က ထုံးစံအတိုင်း သူ့နေရာတွင် သူပြန်ထိုင်သည်။ ကျားညီနောင်တို့ မြင်ကွင်းမှပျောက်ကွယ်သွားလျှင် လီကျင်းဆွေသည် ချူတိတ်ဖြောင်ဘက်သို့ လှည့်လိုက်၏။

"တိတ်ဖြောင် ... မင်း ဒီဆိုင်က အလုပ်သမား တကယ်ကောဟုတ်ရဲ့လား"

လီကျင်းဆွေစိတ်ထဲ မရိုးမရွဖြစ်လာ၏။

"ဟော့ကောင် ... မင်းကို ငါမေးနေတယ်ကွ၊ ဒီအချိန်ကျမှ



လျှို့ဝှက်ထားဖို့ မသင့်တော့ဘူး၊ ငါမေးတာကို မှန်မှန်ဖြေစမ်းပါ"

"ခင်ဗျားက မေးသင့်တဲ့လူကိုမမေးဘဲ ကျွန်တော့်ကို မေးနေတာကိုး၊ ကျွန်တော်လည်း ဘယ်သိနိုင်ပါ့မလဲ"

မေးသင့်သောသူဆိုသည့်စကားကြောင့် လီကျင်းဆွေ မိန်မိန်ကို ဖျတ်ခနဲ သတိရသည်။

"ဟုတ်ပါတယ်ကွာ၊ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး မိန့်မိန့်ကိုမေးရင် ပိုပြီးတော့ အကြောင်းစုံ သိနိုင်မယ်ဆိုတာ ငါနားလည်ပါတယ်၊ ဒါပေမဲ့ အခု ငါ့မှာ မေးစရာဆိုလို့ မင်းပဲရှိတာကိုး၊ ဒါနဲ့ မင်း မိန်မိန်သိသလား"

"ကျွန်တော် သူ့ကိုသိသိ,မသိသိ ခင်ဗျားအတွက် ဘာအကြောင်းထူးမှာလဲ"

"ဟ ... ထူးတာပေါ့ကွ၊ သူ အခုဘယ်မှာရှိနေတယ်ဆိုတာ ငါ သိပ်သိချင်နေတယ်"

"သူ ဘယ်မှာရှိနေနေ ခင်ဗျားနဲ့ မဆိုင်ပါဘူး"

"ဘာလို့ မဆိုင်ရမှာလဲ ... ဆိုင်လို့မေးနေတာပေါ့ကွာ"

"ဆိုင်ရအောင် သူနဲ့ခင်ဗျားက ဘယ်လို့တော်စပ်လို့လဲ၊ ဘာကြောင့် သူ့ကို ခင်ဗျား သိပ်တွေ့ချင်နေတာလဲ"

"မင်းဟာ အေးတိအေးစက်နိုင်သလောက် ခံစားတတ်တဲ့နှလုံး

သားမရှိဘူး၊ ဒါကြောင့် မင်း ဒီစကားမျိုး ပြောရတာပဲ၊ မိန်မိန်ဟာ အကျည်းတန်ပေမယ့် စိတ်ထားဖြူစင်တယ်ကွ၊ သူ့ကို ငါ မေ့လို့မရဘူး။ သူ့အကြောင်းကိုလည်း မမေးလို့မဖြစ်ဘူး"

လီကျင်းဆွေ ရင်ထဲရှိသည့်အတိုင်း ပြောချလိုက်သည်။ သူ့စကားကြောင့် ချူတိတ်ဖြောင် မျက်နှာအမူအရာပျက်သည်။ လီကျင်းဆွေကို မှင်တက်စွာ ငေးရီကြည့်နေမိ၏။ ထိုစဉ်မှာပင် ...

"ဒီမယ် ... ရှင် မိန်မိန့်အကြောင်း သိချင်တယ်ဆိုရင် ဘာကြောင့် ကျွန်မကို လာမမေးဘဲ သူ့ကိုမေးနေရသလဲ"

အခန်းထဲမှ လိန်လိန်က စူးစူးရှရှအသံလေးဖြင့်ပြောလိုက်ခြင်းပင်တည်း။ လီကျင်းဆွေ တအံ့တသြဖြစ်၏။ အခန်းထဲသို့ ပြေးဝင်ဟန်ပြင်သည်။

ထိုအခိုက် ဆိုင်ရှေ့ဆီမှ လူတစ်သိုက် လျှောက်လာကြသည်ကို မြင်ရ၏။ အားလုံးအယောက်နှစ်ဆယ်ကျော် အစိတ်ရှိမည်။ အသက်ငယ်ရွယ်ကာ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းကြ၏။ လှုပ်ရှားမှုက ပေါ့ပါးသွက်လက်သည်။ ကိုယ်ပေါ်တွင် လွယ်အိတ်ကြီးများ သိုင်းလွယ်ထားကြသည်။ အပြင်အဆင်က တစ်ပုံစံတည်း။ တစ်ထေရာတည်း။

လွယ်အိတ်ကြီးများထဲတွင် မည်သည့်လျှို့ဝှက်ပစ္စည်းများ ပါရှိလေသနည်း။ မည်သည့်အတွက် ဤလမ်းကျဉ်းကလေးထဲ လျှောက်



ဝင်လာကြလေသနည်း။ ထိုသူအများက မည်သူတွေနည်း။ ထူးခြားချက် တစ်စုံတစ်ရာ ရှိနေမည်မလွဲ။

သို့သော် ထိုသူများကို လီကျင်းဆွေ ကြည့်မနေနိုင်အား။ ယခုအချိန်တွင် သူ့အတွက် အရေးကြီးဆုံးသည် မိန်မိန်ဖြစ်သည်။ မိန်မိန်၏အကြောင်းကိုသိရခြင်းလောက် ဘာကိုမှ အရေးမထားနိုင်။ ထူးခြားသောလူတစ်စုကို ကြည့်ရုံသာကြည့်ပြီး အခန်းတွင်း ဝင်လာတော့သည်။ လီကျင်းဆွေ အခန်းထဲသို့ရောက်လျှင် လိန်လိန်သည် ခုတင်ထက်တွင် ခြေထောက်တွဲလောင်းချထိုင်ကာ လီကျင်းဆွေအား စူးစူးရဲရဲကြည့်နေ၏။

"လက်စသတ်တော့ ရှင်က မိန်မိန့်လူကိုး၊ ရှင်တို့နှစ်ယောက် ပူးပေါင်းကြံစည်ပြီး ကျွန်မကို ဒီအဖြစ်မျိုးရောက်အောင် ဖန်တီးလိုက်ကြတာ မဟုတ်လား"

လီကျင်းဆွေကို လက်ညှိုးငေါက်ငေါက်ထိုးကာ စွပ်စွဲစကားဆို၏။ လီကျင်းဆွေ ထိုစကားကို ဂရုမစိုက်။ သူပြောလိုရာသာ ပြောသည်။

"ဒါတွေ နောက်မှပြောပါ၊ နင် မိန်မိန့်ကိုပြောရင် မိန်မိန့်အကြောင်း ငါ့ကို ပြောစမ်းပါ"

လိန်လိန်၏ မျက်နှာကလေး ညှိုးလျှသွားသည်။

"ရှင် … ရှင်က မိန်မိန်ကို အမြဲသတိရနေတာပဲနော်၊ ကျွန်မနဲ့ အတူတူ ရက်ပေါင်းများစွာ ရှိနေတာတောင် ရှင့်စိတ်က သူ့ဆီ ရောက်နေတာ၊ ကျွန်မက ရုပ်ပျက်ဆင်းပျက်အဘွားအိုကြီးတစ်ယောက် ဖြစ်နေပြီကိုး"

လိန်လိန်သည် ရက်ပေါင်းများစွာ အတူနေလာခဲ့ရသဖြင့် လီကျင်းဆွေ၏ ရိုးသားဖြောင့်မတ်တည်ကြည်မှုတို့ကို သိသည်။ ထိန်းချုပ်နိုင်စွမ်းနှင့် သမာဓိအားကောင်းကြောင်းကို နားလည်သည်။ ထို့ကြောင့် တွယ်တာမြတ်နိုးသော သံယောဇဉ်ကြိုးများက သူ့ရင်ထဲတွင် တင်းရစ်နှောင်ဖွဲ့နေသည်။

လီကျင်းဆွေက မိန်မိန့်အကြောင်းကိုသာ အငမ်းမရမေးနေသောအခါ သူ့ရင်ထဲတွင် မခံစားနိုင်အောင် ကြေကွဲရသည်။ ခံစားမိသည့်အတိုင်း ထုတ်ဖော်ပြောဆိုလိုက်လျှင် သူ့အသံများက တုန်ယင်လှုပ်ခတ်နေ၏။

လီကျင်းဆွေ ငေးကြောင်နေမိ၏။ အတူတူနေစဉ်အတွင်း မိမိကို မာမာကျောကျော တင်းတင်းပြတ်ပြတ်ဆက်ဆံခဲ့သည့် မိန်းမတစ်ယောက်က မနာလိုဝန်တိုသည့်အလား ပြောဆိုလာသည်ကို နားမလည်နိုင်အောင် ဖြစ်မိ၏။ မိန်းက လေးများနှင့် အကျွမ်းတဝင်မနေဖူးသူမို့ မိန်းမတို့၏ ရင်တွင်းခံစားချက်ကို မခန့်မှန်းတတ်။ နားမလည်နိုင်။



လိန်လိန်ကျေနပ်လောက်အောင် ဘယ်လိုစကား ဆိုရမည်မသိ။ ထို့ကြောင့် တွေတွေငိုင်ငိုင် ရပ်နေမိခြင်း ဖြစ်၏။ လိန်လိန်သည် မျက်တောင်ကော့ကြီးများကို တဖျပ်ဖျပ်ခတ်သည်။ စိမ့်ယိုလုဆဲဆဲ မျက်ရည်ကို သိမ်းသလို ရင်တွင်းခံစားချက်ကိုလည်း သိုသိပ်ဖုံးကွယ်ရန် ကြိုးစားခြင်း ဖြစ်လေသည်။ လီကျင်းဆွေအား စူးစိုက်ကြည့်ကာ နူးညံ့ညင်သာသောလေသံဖြင့်…

"ရှင် ဘာဖြစ်လို့ မိန်မိန့်ကို ဒီလောက်တောင် သတိရနေရတာလဲ၊ ရှင် သူ့ကို မြတ်နိုးနေသလား၊ တွယ်တာနေသလား"

လိန်လိန်၏ အမေးစကားကို လီကျင်းဆွေ မဖြေကြားနိုင်။ ဖြေကြားနိုင်စွမ်းရှိဦးတော့ မဖြေကြားချင်။ သူ့ကိုယ်သူလည်း ရေရာသေချာမှု သိပ်မရှိသေး။ မိန့်မိန့်ကို ချစ်နေမိလေသလား … တိတိပပ မပြောနိုင်သော်လည်း အရုပ်ဆိုးမလေး မိန်မိန့်အပေါ်တွင် ကြီးမားခိုင်မာသောသံယောဇဉ်များ ထားရှိခဲ့မိပြီကို သူ့ကိုယ်သူ ကောင်းစွာသဘောပေါက် နားလည်ထားပေသည်။

လီကျင်းဆွေ မည်သို့မျှ တုံ့ပြန်ဖြေကြားခြင်းမပြုလျှင် လိန်လိန်သည် ဟန်ဆောင်တင်းဆည်ကာ ပြုံးလိုက်လေသည်။ အပြုံးက မလှင်၊ မချိုပြုံးကလေး ဖြစ်၏။

"ရှင် မဖြေချင်ရင်လည်း နေပါလေ၊ မိန်မိန်ဟာ ဘယ်သူလဲ

ဆိုတာ ရှင်သိချင်နေတယ် မဟုတ်လား"

"ဟုတ်တယ် ... သိချင်နေတယ်"

"အဟင်း ဟင်း ... ကျွန်မ နားလည်ပါပြီလေ၊ တကယ်တော့ ရှင် သိပ်တွေ့ချင်နေတဲ့မိန်မိန်ဟာ တခြားသူမဟုတ်ပါဘူး၊ ကျွန်မရဲ့ ညီမလေးအရင်းပါပဲ"

"ဟင်"

လီကျင်းဆွေ အကြီးအကျယ်ပင် အံ့အားသင့်သွားလေသည်။

"မိန်မိန်ဟာ နင့်ညီမ ... ဟုတ်လား၊ မဖြစ်နိုင်ဘူး ... ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တစ်ယောက်က နတ်သမီးလေးလို ချောမောလှပပြီး တစ်ယောက်က သာမန်လူထက်ကို အရုပ်ဆိုး၊ အကျည်းတန်နေတ ပဲ၊ ဒီနှစ်ယောက်ကို ညီအစ်မဆိုတာ ဘယ်လိုယုံရမှာလဲ"

လီကျင်းဆွေစကားက သဘာဝကျသည်။ အမိတစ်ဝမ်းတည်းမှ အတူတူမွေးဖွားလာသူချင်း ရုပ်ရည်က ဤမျှ ကွဲပြားမနေသင့်။ ရုပ်ချင်းမတူသော်မှ ပန်းပွင့်နှင့် ပဒိုင်းသီးလို မခြားနားသင့်။ ထို့အတွက် လီကျင်းဆွေ လက်မခံနိုင်ခြင်းပင်။

"ကျွန်မ့ပြောတာ ရှင်မယုံဘူးလား"

"ဘယ်လိုလုပ် ယုံကြည်နိုင်မလဲ၊ ရုပ်ချင်းက သိပ်ကွာနေတာပဲ"



"ယုံပါရှင် ... ရှင့်ကို ကျွန်မ လိမ်ညာပြောနေလို့ကော ဘာအကျိုး ရှိမှာမို့လို့လဲ၊ မိန်မိန်ဟာ ကျွန်မညီမအရင်းပါ။ ရုပ်ရည်ချင်းကွာခြားတာက ဘဝပေးကုသိုလ်ကံပေါ့ရှင်"

"ကုသိုလ်ကံလည်း ဆန်းပြားလှချည်လား"

"မိန်မိန်ဟာ ကျွန်မရဲ့ညီမလေးဆိုတာ ရှင်သိသွားပြီနော်၊ ဒါဆိုရင် ခုနက ကျွန်မ့မေးတာကိုပဲ ရှင်ဖြေဦးလေ"

"ဘာကိုဖြေရမှာလဲ"

"ရှင် မိန်မိန့် ကို မြတ်နိုးနေသလား၊ တွယ်တာနေသလားဆိုတဲ့ စကားကိုပေါ့"

"ဒါတွေဖြစ်နေလို့ကော ဘာထူးမှာလဲ"

"ကျွန်မ သိချင်လို့ပေါ့ရှင်ရယ်"

လိန်လိန်၏စကားသံက အလွန်ပင် နူးညံ့ညင်သာနေတော့သည်။ စိတ်ဓာတ်မခိုင်မာသော ယောကျ်ားတစ်ယောက်ဆိုလျှင် အရည်ပျော်ကျသွားနိုင်လောက်ပေသည်။ လီကျင်းဆွေ သက်မ့တစ်ချက်ချသည်။

"မိန်မိန့်ကို ကျုပ် သတိရနေတာတော့ အမှန်ပဲ"

စကားဆုံးသည်နှင့် ချာခနဲ လှည့်ထွက်သည်။ လိန်လိန့်ရှေ့တွင် သူ ကြာရှည်စွာ ဆက်မနေရဲတော့။ သူ့ရင်ထဲတွင် မရေရာမသေ

ချာမှုတို့ ပို၍ဝေဝေဝါးဝါးဖြစ်လာသည်ကို စိုးရိမ်သည်။ ထို့ပြင် ဆိုင်ရှေ့မှ လူတစ်စုအပေါ်တွင်လည်း သူ စိတ်ဝင်စားသောကြောင့် ဖြစ်၏။ သူ့ကိုယ် လှည့်လိုက်သည်နှင့် လိန်လိန်က ပျာပျာသလဲပင် ...

"ဒီမယ် ဒီမယ် ... နေဦးလေ ... ကျွန်မ ... ကျွန်မ ရှင့်ကို ပြောစရာရှိသေးတယ်"

အော်ဟစ်တားမြစ်သည်။ လီကျင်းဆွေ နောက်သို့လှည့်ပင် မကြည့်။ အခန်းထဲမှ လျင်မြန်စွာထွက်သည်။ အလျင်အမြန်မထွက်လျှင်လည်း ခုန်နေသောသူ့နှလုံးကို ထိန်းချုပ်နိုင်စွမ်းရှိတော့မည် မဟုတ်။

"ရက်စက်လိုက်တာ ရှင်ရယ်"

လိန်လိန် ကြေကွဲခံပြင်းစွာ ရေရွတ်လိုက်၏။ သူမ ရင်တို့က တလှိုက်လှိုက်ဖိုလေချေပြီ။ ထိုင်နေရာမှ ခုတင်ပေါ်တွင် မှောက်ချကာ ခေါင်းအုံးနှင့်မျက်နှာ အပ်ထားလိုက်တော့သည်။

လိန်လိန် ငိုနေသည်လား ...။

သူမ၏ ခန္ဓာကိုယ်ကလေးကမူ တသိမ့်သိမ့်လှုပ်နေ၏။ အခန်းထဲတွင် ငြိမ်သက်စွာရှိနေခဲ့သော မာလုထုံနှင့် ကွေးရန်တိတ်တို့လည်း လိန်လိန် ငိုနေသလား၊ ရှိုက်နေသလား မသိ၊ မမြင်နိုင်ကြ။

လီကျင်းဆွေနှင့်လိန်လိန်တို့၏အဖြစ်အပျက်ကို နံဘေးမှ



အကဲခတ်လေ့လာနေသော မာလုထုံသည် လိန်လိန်၏ကိုယ်လုံးကလေးကို ကြည့်ပြီး ခေါင်းကို ညင်သာစွာ ခါယမ်းလိုက်၏။

"ကမ္ဘာပေါ်မှာ ရှိရှိသမျှပြဿနာတွေထဲမှ မိန်းမတွေရဲ့ ပြဿနာဟာ အခက်ခဲဆုံးနဲ့ အရှုပ်ထွေးဆုံးပဲ၊ မိန်းမတွေရဲ့ အတွင်းစိတ်ဟာလည်း အနက်နည်းအသိမ်မွေ့ဆုံးနဲ့ နားလည်ရ အခက်ဆုံးပဲ၊ ငါ့တစ်သက်မှာတော့ မိန်းမတွေအကြောင်းကို ဘယ်လိုမှ နားလည်နိုင်မှာ မဟုတ်တော့ပါဘူးကွာ"

မာလုထုံက ညည်းညည်းညူညူကလေး ရေရွတ်သည်။ ထိုရေရွတ်သံကို လီကျင်းဆွေ ကြားနိုင်မည်မဟုတ်။ လိန်လိန်၏ အဖြစ်အပျက်ကိုလည်း တွေ့မြင်နိုင်မည်မဟုတ်။ အခန်းအပြင်သို့ ပြေးထွက်သွားခဲ့ပြီ မဟုတ်ပါလား။

ဆိုင်ခန်းအပြင်ဘက်သို့ရောက်လျှင် ကြီးမားသော ပြောင်းလဲမှုများက လီကျင်းဆွေအား ဆီးကြိုနေလေတော့သည်။ အဖြစ်အပျက်က မြန်ဆန်သည်။ မည်သို့မျှ ယုံကြည်နိုင်စရာပင်မရှိ။

ကုန်စုံဆိုင်ကလေး၏ပတ်ဝန်းကျင်တွင် မည်သည့်အဆောက်

အအုံ ပစ္စည်းပစ္စယမျှ ရှိမနေတော့။ လွင်တီးခေါင် တလင်းပြင်ကြီး
အသွင် ဖြစ်သွားခဲ့ချေပြီ။ လီကျင်းဆွေ၏ကုန်စုံဆိုင်နှင့် အိမ်ခန်းမှ
လွဲလျှင် ကျန်အဆောက်အအုံများကို ဖျက်သိမ်းသယ်ဆောင်သွားကြ
လေပြီ။ ကုန်စုံဆိုင်ကလေးသာလျှင် ကွင်းလယ်ခေါင်တွင် ထီးထီးကြီး
ကျန်နေတော့၏။

လီကျင်းဆွေမှာ အံ့သြခြင်းကြီးစွာနှင့်အတူ နားမလည်နိုင်
အောင် ဖြစ်နေမိ၏။ ဘာကြောင့် အဆောက်အအုံများကို ဖျက်သိမ်း
သွားရလေသနည်း။ ချူတိတ်ဖြောင်က ထုံးစံအတိုင်း ခုံပုကလေးတွင်
အေးဆေး တည်ငြိမ်စွာ ထိုင်နေဆဲ၊ ငေးရီငိုင်တွေနေဆဲ။

"တိတ်ဖြောင် ... ဒီလူတွေ ဘာကြောင့် တို့ဘေးက အိမ်တွေ
ကို ဖျက်ပစ်လိုက်ရတာလဲ"

"ကျွန်တော်လည်း မသိဘူးလေ"

အဖြေက ရှင်းသည်။ လီကျင်းဆွေအတွက် ဆက်မေးစရာမေး
ခွန်း မရှိတော့။ ထိုစဉ် လူတစ်စုသည် လမ်းကျဉ်းကလေးအတိုင်း
လျှောက်လာကြပြန်၏။ ကွက်လပ်ကွင်းပြင်ဆီသို့ ဦးတည်နေကြ၏။

စုစုပေါင်း လူနှစ်ဆယ့်ရှစ်ယောက်။

ကြံ့ခိုင်တောင့်တင်းသော လူငယ်များ ဖြစ်ကြ၏။ လက်ထဲ
တွင် ခြင်းကျားကြီးများထဲတွင်ကား နက်မှောင်ပြောင်ချောနေသည့်



ကျောက်တုံးများအပြည့်။ ထိုကျောက်တုံးမျိုးများကို လီကျင်းဆွေ
တစ်သက်တွင် တစ်ခါမျှမတွေ့ဖူး။ မည်သည့်ကျောက်တုံးအမျိုးအစား
ဖြစ်သည်ကို မသိ။

သူ ငေးမောကြည့်နေစဉ်မှာပင် လူနှစ်ဆယ့်ရှစ်ယောက်တို့
သည် မြေကွက်လပ်ကြီးပေါ်၌ နက်ပြောင်ချောမွတ်နေသည့် ကျောက်
တုံးများကို ခြင်းကြားကြီးထဲမှ သွန်ချခင်းကျင်းပြီး ဖြစ်နေ၏။

ထိုသူများ ခင်းပြီးသည်နှင့် နောက်ထပ် လူငယ်နှစ်ဆယ့်ရှစ်
ယောက်တို့က ခြင်းကြားကြီးများဖြင့် ရောက်လာကြပြန်သည်။ နက်
ပြောင်ချောမွတ်နေသော ကျောက်တုံးများကို ခင်းကြပြန်သည်။

လီကျင်းဆွေ ဘာမျှနားမလည်နိုင်။ ထိုသူများ၏လုပ်ရပ်ကို
သာ အံ့အားသင့်စွာ ပါးစပ်အဟောင်းသား ငေးကြည့်နေ၏။ ငေး
ကြည့်နေစဉ် သူ့အတွက် ပို၍နားမလည်၊ အံ့အားသင့်စရာ အဖြစ်
အပျက် ကြုံရပြန်သည်။

ချူတိတ်ဖြောင်သည် အေးဆေးတည်ငြိမ်စွာ ထိုင်နေရာမှ ရုတ်
တရက် ငါးဖယ်ခုန် ထခုန်လိုက်၏။ သူ့မျက်နှာပေါ်တွင် ထိတ်လန့်
တုန်လှုပ်သည့်အရိပ်အယောင်များ တားဆီးမရအောင် ပေါ်ထွက်နေ
သည်။ ခုန်ထပြီးသည်နှင့် ဆိုင်ခန်းတံခါးများကို အလျင်အမြန်ပင်
ပိတ်လိုက်၏။

ငေးကြောင်ကြည့်နေသော လီကျင်းဆွေအား အတင်းတွဲကာ အိမ်ခန်းထဲသို့ ဒရောသောပါး ပြေးဝင်သည်။ အိမ်ခန်းထဲရောက်သည်နှင့် ရှိရှိသမျှသော ပြတင်းပေါက်တံခါးများကို လိုက်ပိတ်ပြန်သည်။

ပြတင်းတံခါးများ ပိတ်လိုက်သဖြင့် အခန်းတစ်ခုလုံး မှောင်မည်းသွားသည်။ လူအားလုံးမှ ချူတိတ်ဖြောင်လုပ်သမျှကို အသေအချာ ကြည့်နေကြ၏။ ဘာမျှနားမလည်။ မေးမြန်းရမည်ကိုလည်း သတိမရကြ။

ချူတိတ်ဖြောင်သည် မီးခြစ်ကိုခြစ်ကာ ဖယောင်းတိုင်တစ်တိုင်ကို မီးညှိသည်။ ဖယောင်းတိုင်အလင်းရောင်ကြောင့် အခန်းထဲတွင် လင်းလင်းကျင်းကျင်း ဖြစ်လာ၏။ ချူတိတ်ဖြောင်၏လှုပ်ရှားမှုကို သဲကွဲစွာ မြင်ရသည်။

ချူတိတ်ဖြောင်သည် ခါးပိုက်ဆောင်အိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်ယူသည်။ ပုလင်းက ပုပုဝိုင်းဝိုင်းကလေး။ အထဲတွင် သွေးနီရောင်ကဲ့သို့သော အရည်များ ရှိနေ၏။ ထိုပုလင်းကို ထုတ်ယူပြီးသည်နှင့် ချူတိတ်ဖြောင်သည် မာလုထုံထံ ကမ်းပေးသည်။

"ရော့ ... ဒါ ခင်ဗျားအတွက်ဆေးပဲ၊ တစ်ဝက်ကိုသောက်ပြီး တစ်ဝက်ကို ချန်ထား"

"ဒီဆေးက ဘာဆေးလဲ"



"သောက်မှာသာ သောက်ဗျာ၊ အခုချက်ချင်း သောက်လိုက်၊ ဒီဆေးဟာ နှစ်တစ်ရာဟသ်ာ သွေးဖူလင်ဆေးပဲ၊ သောက်လိုက်တာနဲ့ ခင်ဗျားရဲ့ဒဏ်ရာ အတော်ကလေး သက်သာသွားလိမ့်မယ်"

မာလုထုံ ဝမ်းသာသွား၏။ ချူတိဝ်ဖြောင်၏စကားကို သူနားနှင့်ကြားလိုက်သည်မှ ဟုတ်ပါလေစဟု သံသယဝင်၏။ မိမိ၏ ဒဏ်ရာဝေဒနာ သက်သာပျောက်ကင်းတော့မည်မို့ မျက်ရည်ကလေးများ ဝဲဝဲလာ၏။

နှစ်တစ်ရာဟသ်ာသွေးဖူလင်ဆေးသည် သူ့အတွက် အသက်ကယ်ဆေး ဖြစ်နေပေသည်။ ထိုဆေးမှတစ်ပါး ကုသပျောက်ကင်းနိုင်စရာ အခြားမရှိတော့။ မာလုထုံသည် ဝမ်းသာအားရဖြစ်ကာ ဆေးရည်ကို ချက်ချင်း သောက်ချပြန်ပြင်သည်။ နောက်မှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ချူတိတ်ဖြောင်ကို စူးစိုက်ကြည့်ကာ

"နေစမ်းပါဦး ...မင်းက ဘယ်သူလဲ၊ ဒီဆေးကို ဘယ်ကရတာလဲ"

"ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး၊ ဆေးကိုသာ အမြန်သောက်လိုက်စမ်းပါ"

"ငါ့အလုပ်ပေါ့ကွ၊ မင်း ဒီဆေးကို ဘယ်လိုနည်းနဲ့ ရလာမှန်းမှ မသိတာ၊ အကျိုးအကြောင်းမသိရဘဲ သူတစ်ပါးရဲ့ အကူအညီကို ငါ

အလကားသက်သက် လက်ခံတတ်တဲ့ကောင် မဟုတ်ပါဘူး”

“သောက်မှာသာ သောက်လိုက်စမ်းပါဗျာ၊ စိတ်ထဲမှာ ဘယ်လိုမှ စနိုးစနောင့်ဖြစ်မနေပါနဲ့၊ ဒီဆေးအတွက် ခင်ဗျား ကျေးဇူး ပြန်ဆပ်စရာ မလိုဘူး”

မာလုထုံ၏ စိတ်သဘောထားကို သိရှိနေသည့် လီကျင်းဆွေက ဝင်၍ တိုက်တွန်းစကားဆိုသည်။ မာလုထုံ လက်မခံ။

“ဘာလို့ကျေးဇူးပြန်ဆပ်ဖို့ မလိုရမှာလဲ”

“ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကျုပ်မိတ်ဆွေ အပေါင်းအသင်းဖြစ်သလို သူကလည်း ကျုပ်ရဲ့လူပဲ၊ ဒီတော့ ဒီဆေးဟာ ကျုပ်ပေးတဲ့ဆေးလို့ ခင်ဗျား သဘောထားနိုင်တယ်၊ မိတ်ဆွေသူငယ်ချင်းဆိုတာ ကျေးဇူးတုံ့ပြန်တာတွေ ဘာတွေ လိုလေးသလားဗျာ”

မာလုထုံ ဘာမျှမပြောသာတော့။ ဆေးပုလင်းအဖုံးကိုဖွင့်ကာ တစ်ဝက်အထိ မော့ချလိုက်တော့သည်။

❁ ❁ ❁



အခန်း (၁၆)

မာလုထုံ သူ့အတွက်ဆေးကို ငြင်းဆိုခြင်းမရှိ သောက်ချေပြီ။ လီကျင်းဆွေအတွက်ကား တွေးတောစဉ်းစာစရာများက တစ်သိတစ်တန်းကြီး ဝင်ရောက်လာတော့သည်။

ချူတိတ်ဖြောင်က မည်သူနည်း။ နှစ်တစ်ရာ ဟသ်ာသွေး ဖူလင်ဆေးကို မည်ကဲ့သို့ ရရှိခဲ့လေသနည်း။

နှစ်တစ်ရာဟသ်ာသွေးဖူလင်ဆေးသည် ဟသ်ာမယ်၏သမီးဟသ်ာဒေဝီထံတွင်သာ ရရှိနိုင်ကြောင်း သူ့ကို လိန်လိန် ပြောထားခဲ့ဖူးသည်။ သူသာ ဟသ်ာဒေဝီဖြစ်ခဲ့လျှင် မာလုထုံအတွက် ဒဏ်ကြေဆေး ထုတ်ပေးလိုက်ပါရဲ့ဟုပင် ပြောခဲ့ဖူးသည်။

ယခု မာလုထုံအ တွက် နှစ်တစ်ရာ ဟသ်ာသွေးဖူလင်ဆေးကို ချူတိတ်ဖြောင်က ထုတ်ပေးခဲ့ချေပြီ။ ချူတိတ်ဖြောင်သည် ဟသ်ာဒေဝီကိုယ်တိုင်ဖြစ်လျက် ရုပ်ဖျက်ထားခြင်းပေလား။

ထိုအတွေးများ စီကာရီကာဝင်လာသည်နှင့် လီကျင်းဆွေ၏

မျက်လုံးက ချူတိတ်ဖြောင်ထံသို့ ရောက်သည်။ သက်ာမကောင်းသော အကြည့်ဖြင့် ကြည့်သည်။

"တိတ်ဖြောင် ... မင်း ဘာမှဖုံးကွယ်မနေနဲ့တော့၊ မင်းဟာ ဟင်္သာမယ်ရဲ့သမီး ဟင်္သာဒေဝီမဟုတ်လား"

လီကျင်းဆွေ၏ အမေးစကားကို ချူတိတ်ဖြောင်က မဲ့ပြုံးပြုံးကာ တုံ့ပြန်သည်။

"ဟင်း ဟင်း ဟင်း ... နှစ်တစ်ရာဟင်္သာသွေးဖူလင်ဆေးကို ဟင်္သာမယ်ရဲ့သမီးကလွဲလို့ ဘယ်သူက ပေးနိုင်ဦးမှာလဲ"

ချူတိတ်ဖြောင် ဝန်ခံလိုက်ခြင်းပင်တည်း။ လီကျင်းဆွေ မျက်လုံးဝိုင်းသွား၏။ ထိုစဉ်မှာပင် လိန်လိန်၏စကားသံက ရုတ်တရက် ထွက်ပေါ်လာတော့သည်။

"ဟင် မိန်မိန် ... ညည်း ... ညည်းက ငါ့ညီမ မိန်မိန်ပေါ့"

အံ့အားသင့်မှုက အခန်းတစ်ခန်းလုံးကို ဖုံးလွှမ်းသည်။ မည်သူမျှ စကားသံမထွက်ကြ။ လိန်လိန်သည် ချူတိတ်ဖြောင်က မာလုထုံအား နှစ်တစ်ရာဟင်္သာသွေးဖူလင်ဆေး ထုတ်ပေးစဉ်ကပင် ချူတိတ်ဖြောင်အပေါ် သံသယဝင်ခဲ့သည်။

မသေချာ၍သာ ဘာမျှ ထုတ်မပြောဘဲ စောင့်ကြည့်ခဲ့သည်။ လီကျင်းဆွေ၏စကားအမေးတွင် ချူတိတ်ဖြောင် ဝန်ခံစကားဆိုလာမှ



အံ့ဩခြင်းကြီးစွာဖြင့် ဝင်မေးလိုက် ခြင်းဖြစ်၏။

လီကျင်းဆွေသည် ချူတိတ်ဖြောင် ဝန်ခံစကားဆိုလာသော အခါ ဘာမျှစိတ်မလှုပ်ရှား။ လိန်လိန် ချူတိတ်ဖြောင်အား မိန်မိန်ဟု ဆိုလာသောအခါတွင်ကား အံ့ဩမှုနှင့်အတူ ဝမ်းသာခြင်းတို့က သူ့စိတ်တစ်ခုလုံးကို လှုပ်ရှားလွှမ်းမိုးစေသည်။

ငြိမ်သက်နေသော အခန်းကလေးထဲတွင် စကားသက်ဝင်လှုပ်ရှားလာသူကား လီကျင်းဆွေပင်တည်း။

"မိန်မိန် ... မင်း ... မင်းဟာ တကယ့်ကို မိန်မိန်ပဲလား"

ချူတိတ်ဖြောင်အသွင်ဆောင်ထားသော မိန်မိန်က နွဲ့နွဲ့လေး ပြုံးကာ ချစ်မျက်စောင်းလေးထိုးလျက် ...

"ချူတိတ်ဖြောင် ... ရှင်ဟာ ကျွန်မ မိန်မိန်ဖြစ်လိမ့်မယ်ဆိုတာ ရှင် အစောကြီးကတည်းက သိဖို့ကောင်းပါတယ်"

စကားနာ ထိုးလိုက်ခြင်းပင်တည်း။ လီကျင်းဆွေ မိန်မိန်အား အမြဲတမ်းသတိရနေသော်လည်း ချူတိတ်ဖြောင်သည် မိန်မိန်ဖြစ်လိမ့်မည်ဟု မထင်မှတ်ခဲ့။

မိန်မိန်သည် မိမိအား ပစ်စလက်ခတ်မထားဘဲ အနီးကပ်စောင့်ကြည့်နေလိမ့်မည်ဟု မတွေးမိ။ လီကျင်းဆွေ ကိုယ့်အမှားကိုယ်သိကာ မချိပြုံး ပြုံးလိုက်၏။

"ကျုပ် လူကဲခတ်ညံ့သွားလို့ပါ မိန်မိန်"

"ထားပါတော့ ... ရှင်က အမြဲတမ်း ညံ့နေတာပဲကိုး"

မိန်မိန်၏စကားကြောင့် လီကျင်းဆွေကော အခန်းထဲရှိ လူအားလုံး ပြုံးရယ်လိုက်မိကြ၏။ အတန်ကြာမှ လီကျင်းဆွေ မျက်မှောင်ကြုတ်ကာ ...

"မိန်မိန်"

"ဟင် ... ဘာလဲ"

"မင်းဟာ ဟ...ာမယ်ရဲ့သမီးဆိုတာ တကယ်ပဲလားဟင်"

"ဒါက အရေးမကြီးပါဘူးရှင်၊ အရေးကြီးနေတာက ကျွန်မတို့ ဒီနေရာ ဘယ်လိုလုပ်ဖောက်ထွက်ကြမလဲ ဆိုတာပဲ"

လီကျင်းဆွေ မယုံမရဲအမေးစကားကို မိန်မိန်က လမ်းကြောင်းလွှဲသည်။ ခုတင်ထက်တွင် ငေါက်ခနဲထထိုင်ပြီး ဖြစ်နေသော လိန်လိန်က ...

"ဩော် ... ညည်းတို့ ငါ့ကို ပစ်ထားပြီး ထွက်သွားကြမလို့ပေါ့လေ၊ ငါ့ဘဝကို ဒီအတိုင်းပဲ ထားခဲ့ကြတော့မှာလား"

ခက်ထန်မာကျောစွာပြောသည်။ ခံပြင်းနာကြည်းစိတ်ကြောင့် လိန်လိန်၏မျက်လုံးအိမ်ထဲတွင် ဒေါသမီးလျှံတို့ထွက်နေ၏။ မိန်မိန်က ညှိုးငယ်စွာပင် ...



"ကျွန်မ စိတ်မကောင်းပါဘူး မမရယ်၊ ကျွန်မရဲ့စေတနာကို မမ ယုံကြည်သင့်ပါတယ်၊ ဒီကိစ္စဟာ တမင်သက်သက်လုပ်ချင်လို့ လုပ်တာမဟုတ်ပါဘူး"

"တမင်သက်သက်မဟုတ်ရင် ဘာကြောင့်လဲ"

လီကျင်းဆွေ စိတ်ဝင်စားလာ၏။ မိမိတို့၏ အယောင်ဆောင်ဇာတ်လမ်းထဲတွင်ပန်းဒေဝီ လိန်လိန်ကို မိန်မိန်တို့က အဘယ်ကြောင့် ဆွဲထည့်ရသည်ကို သိလိုနေ၏။ ထို့ကြောင့် မိန်မိန်ပြောလာမည့် စကားကို နားစွင့်နေမိ၏။ မိန်မိန်၏မျက်နှာ...လေးတင်းမာသယောင် ဖြစ်လာလေသည်။

"ဘာကြောင့်ရမလဲ မမရယ်၊ မမနဲ့ဟိုလူယုတ်မာ ကျန်ထင်ဟုန်း လက်ဆက်မိမှာစိုးလို့ပေါ့၊ မမဟာ ကျွန်မရဲ့ အစ်မအရင်းပါ၊ ကိုယ့်အစ်မတစ်ယောက်ကို လူယုတ်မာတစ်ယောက်ရဲ့ ရင်ခွင်ထဲ ဝင်ပြီး ဘဝအနစ်မွန်း မခံစေချင်ဘူး၊ အဲဒါကြောင့် ဒီလိုလုပ်ရတာပါပဲ"

မိန်မိန်၏စကားကိုကြားရလျှင် လီကျင်းဆွေမှာ အကြီးအကျယ်ပင် အံ့အားသင့်သွားရလေသည်။

"ဟင် ... ဒီ ... ဒီလို ... ဒီလိုဆိုရင် လိန်လိန်က ပန်းဒေဝီ မဟုတ်ဘူးပေါ့၊ ဟင်္သာမယ်ရဲ့သမီး ဟင်္သာဒေဝီပေါ့"

"ပန်းဒေဝီ မဟုတ်ဘူးလို့မပြောနိုင်ဘူး။ မမဟာ သိုင်းလောက

ပညာမှာ လှုပ်ရှားရင်း ပန်းသည်မလေး ဟန်ဆောင်ပြီး ပန်းဒေဝီဘွဲ့ခံယူပါတယ်၊ တကယ်တော့ မမဟာ ဟသ်ာမယ်ရဲ့သမီး ဟသ်ာယုယုပါ"

"ဒါဖြင့် မင်းကကော"

"ကျွန်မက ဟသ်ာမယ်ရဲ့သမီးထွေး ဟန်စုစုပါ"

"ဟင် ... ဒါနဲ့ ဟသ်ာမယ်မှာ သမီးတစ်ယောက်တည်းရှိတယ်ဆို"

မိန်မိန်အမည်ခံ ဟန်စုစု ပြုံးနေ၏။ စကားမဆို။ လိန်လိန်တစ်ဖြစ်လဲ ဟသ်ာဒေဝီ ဟန်ယုယုကသာ ကြားဝင်လျက် ...

"ဟုတ်ပါတယ်၊ သိုင်းလောကသားတွေကတော့ ဟသ်ာမယ်မှာ သမီးတစ်ယောက်တည်း ရှိတယ်လို့သိထားကြတယ်၊ ဒီလိုဖြစ်အောင်လည်း ညီမလေးက စီစဉ်တာပဲ၊ သူ့ကို ဟသ်ာမယ်ရဲ့သမီးတစ်ယောက်အဖြစ် သိုင်းလောကသားတွေမသိရအောင် မေမေ့ကို လျှို့ဝှက်ထားခိုင်းတယ်လေ၊ ကျွန်မ အရွယ်ရောက်လာတော့ မေမေက စိတ်ချရတဲ့လူနဲ့ လက်ထပ်ပေးချင်လို့ သစ္စာကိုယ်တော်လေးပါးဆီ စာချွန်တော် တိတ်တဆိတ်ပို့လိုက်ရတာပဲ ...၊

ညီမလေးကတော့ လူတစ်မျိုး၊ ချစ်သူကို သူ့စိတ်ကြိုက်ရွေးချယ်ပြီး လက်ထပ်ချင်ဘယ်လို့ မေမေ့ဆီမှာတောင်းဆိုထားတယ်၊



ဒါကြောင့် ကျွန်မတစ်ယောက် အရွယ်ရောက်တဲ့အခါမှာ အခုလိုစီစဉ်ပြီး ညီမလေးအတွက် မစီစဉ်လို့ ဟသ်ာမယ်မှာ သမီးတစ်ယောက်တည်း ရှိတယ်လို့ ထင်ကြတာပါ"

"လိန်လိန်နဲ့ မိန်မိန်ဆိုတာက နာမည်အရင်းတွေ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး ... ဟသ်ာနန်းတော်က အပြင်လောကကို ထွက်တဲ့အခါမှာသာ ဒီနာမည်တွေကို အသုံးပြုတာပါ။ ဝူချင်တိတ်ဆိုတာကလည်း ကျွန်မရဲ့လူယုံတော်ကြီး တစ်ယောက်ပါပဲ"

မိန်မိန်က ဝင်ပြောသည်။ လီကျင်းဆွေ မရှင်းလင်းနိုင်သေးသဖြင့် ...

"ကျန်းထင်ဟုန် ယုတ်မာကောက်ကျစ်ပြီး လုပ်ကြံတဲ့ လူတစ်ယောက်ဆိုတာ ဘယ်အချိန်ကစပြီး သိရတာလဲ"

"ယွင်နန်တောင်ခြေကတည်းက သူ့ကို မသင်္ကာ ဖြစ်ခဲ့မိတာပဲ"

"မင်းက ယွင်နန်တောင်ခြေကို ရောက်ခဲ့လို့လား"

မိန်မိန် ကိုယ်ကလေးတွန့်ကာ ရယ်သည်။

"ရောက်ခဲ့တာပေါ့၊ ရှင်တို့ မမြင်နိုင်တဲ့နေရာက ကျွန်မ ချောင်းကြည့်နေခဲ့တာပဲ၊ မေမေက သူ့ကိုယ်စား ကျွန်မကို လွှတ်လိုက်လို့

ရောက်လာခဲ့ရတာပါ၊ ဒီတော့ ရှင်တို့ဖြစ်ပျက်ခဲ့တာတွေအားလုံးကို ကျွန်မ မြင်ခဲ့သိခဲ့ရတယ်၊ သံသယစိတ် ဝင်ခဲ့တာပေါ့”

ယွင်နန်တောင်ခြေ၏အဖြစ်အပျက်တွင် လီကျင်းဆွေသည် ကိုယ်တိုင်ပါဝင်ခဲ့သော ကာယကံရှင်တစ်ယောက် ဖြစ်၏။ သို့သော် ထိုစဉ်က သူသည် ကျန်းဝတ်အပေါ်၌ မည်သို့မျှ သံသယမဝင်ခဲ့။

အကြောင်းစုံမသိရခင် နောက်ဆုံးအချိန်ထိပင် မိန်မိန့်ကို ကျန်းထင်ဟုန်ဘက်မှ ကာကွယ်ပေးခဲ့သေးသည်။

မိန်မိန်က ထိုစဉ်ကတည်းက ကျန်းထင်ဟုန်အပေါ် သံသယ ဝင်ခဲ့သည်ဆိုသဖြင့် အတော်ကလေး စိတ်ဝင်စားမိသည်။

“မင်းက ဘာကြောင့် အဲဒီကတည်းက ကျန်းထင်ဟုန်အပေါ် သံသယဝင်ခဲ့ရတာလဲ”

“ဘာကြောင့်လဲဆိုတော့ ကျန်းထင်ဟုန်နဲ့ပတ်သက်ပြီး တိုက် တိုက်ဆိုင်ဆိုင် ဖြစ်ရပ်တွေက သိပ်များလွန်းနေတယ်၊ သတ်သေဖို့ ကျင်းတူးထားတယ်၊ သူ့ရန်သူ ရောက်လာတယ်၊ ရင်အုံမှာ ကျောက် စိမ်းပြားခံနေလို့ မသေဘူး၊ ကြေးစားဓားသမားရောက်လာပြီး ရန် သူကို ရှင်းပစ်တယ်၊ ရန်သူဟာ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ဖြစ်ပေါ်ခဲ့တယ်၊ လောကကြီးမှာ ဒီလောက်ကြီး အမှတ်မထင် တိုက် ဆိုင်မှုတွေ ဖြစ်နိုင်မလား။ ပြီးတော့ ကျွန်မက တိုက်ဆိုင်မှုဆိုတာတွေ



သိပ်အယုံအကြည်မရှိတာ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအရေးအခင်းက မိမိရဲ့ဘဝ တစ်သက်တာလုံးနှင့်ဆိုင်သည့် အရည်အချင်း၊ စိတ်ထင် သံသယနှင့် ဆုံးဖြတ်လို့ မရနိုင်ဘူးလေ”

“ကျန်းထင်ဟုန်ကို မသင်္ကာစရာတွေ့တယ်ဆိုရင် ကျူပ်ကို ကော မသင်္ကာစရာမတွေ့ဘူးလား”

ကျန်းထင်ဟုန်နှင့်စာလျှင် မိမိကပို၍ မသင်္ကာစရာ သံသယ တရားခံဖြစ်နေသည်ကို တွေးမိပြီး လီကျင်းဆွေက မေးလိုက်ခြင်း ဖြစ်၏။

“ဘာလို့မရှိရမှာလဲ၊ သစ္စာကိုယ်တော်လေးပါးထဲမှာ အသက် ရှင်လျက် ကျန်တဲ့လူဆိုလို့ ရှင်နဲ့ ကျန်းထင်ဟုန်တို့ နှစ်ယောက်ပဲ ရှိတာကိုး။ ကျန်းထင်ဟုန်ကိုတော့ သံသယဝင်ပြီး ရှင့်ကို သံသယမဝင် ဘဲ ရှိပါ့မလား”

လီကျင်းဆွေ ပခုံးတွန့်လိုက်မိတော့သည်။

လီကျင်းဆွေ၏အမူအရာကိုကြည့်ပြီး မိန်မိန် ပြုံး၏။ လီကျင်း ဆွေ စောဒကလေသံဖြင့် ...

"သံသယဝင်ရင် ဘာလို့ ကျုပ်ကို အကူအညီပေးရတာလဲ"

"ပြောမယ်လေ၊ ရှင့်အပေါ်မှာလည်း ကျွန်မ သံသယဝင်ခဲ့တယ်၊ ဒါကြောင့်ပဲ ရှင်ထွက်ပြေးလာတဲ့လမ်းရဲ့ နှင်းတောထဲမှာ တမင် နှင်းတွေဖုံးပြီး မှေ့ချင်ယောင်ဆောင်နေခဲ့တာ၊ ရှင့်အကဲကို စမ်းကြည့်ခဲ့တယ်၊ အဲ့ဒီတုန်းကသာ ရှင်ဟာ ကျွန်မကို ကယ်တင်ဖို့ မကြိုးစားဘဲ မြင်းကိုဆက်နှင်သွားမယ်ဆိုရင် ကျွန်မလက်ချက်နဲ့ ရှင် အသက်ထွက်သွားမှာ သေချာတယ်၊ ဒါပေမဲ့ ရှင်က ကျွန်မကို ကယ်တင်ခဲ့တယ်၊ စိတ်ရှည်လက်ရှည် သည်းခံပြီး ပြုစုပေးခဲ့တယ်၊ ဒါကြောင့် ရှင်ဟာ လုပ်ကြံသူ တရားခံမဟုတ်ဘူးဆိုတာ သေချာပေါက် ပြောနိုင်တာပေ့ါ"

လီကျင်းဆွေမှာ မိမိ၏ကရုဏာစိတ်ထား၊ အကြင်နာ စိတ်ထားလေးက မိမိအသက်ကို ကယ်တင်ရုံမက သိုင်းလောကကြီးတစ်ခုလုံး ကမောက်ကမဖြစ်သည့်အရေးမှ လွတ်ကင်းစေပါလားဟုတွေးကာ ဟင်းချမိသည်။

မိန်မိန်က ဆက်လက်၍ ...

"ဒါတင်မကသေးဘူး ကျွန်မ ရှင့်ကို နည်းမျိုးစုံနဲ့ စမ်းသပ်ကြည့်သေးတာ၊ ဒီလိုစမ်းသပ်ကြည့်တဲ့အခါကျတော့ ရှင်ဟာ လူကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာ ပိုပြီးသေချာ သိလာရတယ်၊



ဒီလိုသိတာနဲ့အမျှ ကျန်းထင်ဟုန်အပေါ် ပိုပြီးမသင်္ကာစိတ်တွေ ဖြစ်လာခဲ့ရတယ်၊ ဒါပေမဲ့ ခက်နေတာက သူတို့ရဲ့အကြံအစည်တွေက လွတ်ကွက်ဟာကွက်မရှိအောင် ပိရိနေတယ်၊ ကျွန်မအနေနဲ့ ဘယ်လိုမှ စမ်းထောက်လှမ်းမရအောင်ဖြစ်နေတယ်၊ မေမေက တိကျလှ၊ ထောက်အထား ခိုင်ခိုင်လုံလုံ၊ သက်သေသကကာယတွေနဲ့ ပြမှ ကျွန်မစကားကို လက်ခံပြီး ရှင့်ကို အပြစ်ကင်းသူတစ်ယောက်အဖြစ် ယုံကြည်နိုင်မှာကိုး"

"ဟသ်ာမယ်က ကျုပ်ကိုယုံကြည်တယ်ထားဦး၊ ယီချန်းလီတို့ တော့ ကျုပ်ကို ယုံမှာမဟုတ်သလို ချမ်းသာခွင့်လည်း ပေးမှာ ဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒီအကြောင်းကို ကျွန်မလည်း နောက်ပိုင်းကျ တော့ သိရတယ်၊ ဒါကြောင့် ရှင့်ကို ယီချန်းလီတို့လက်ထဲက ချင်တူး မှာတုန်းက တစ်ခါ၊ ဒီမနက် ရွာလည်သူကြီး လျှိုကျန်းပြင်အိမ်မှာ ခါ ဝင်ပြီး ကယ်တင်လာခဲ့တာပေ့ါ"

"သြော် ... လျှိုကျန်းပြင်အိမ်မှာတုန်းက အခိုးအငွေ့လွှတ်ပြီး ညီခဲ့တာမင်းကို"

စိတ်ဝင်တစားနားထောင်နေသော မာလုထုံက ဝင်မေး ည်။ မိန်မိန် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်မစကားကို ဆက်ပါရစေဦး ... ယွင်နန်
တောင်ခြေ လုပ်ကြံမှုအတွက် သဲလွန်စတွေ အထောက်အထားတွေ
နိုင်နိုင်လုံလုံရအောင် ကျွန်မ လိုက်ရှာနေတုန်းမှာပဲ မေမေက ကျန်း
ထင်ဟုန် မမရဲ့ဖူးစာဖက်အဖြစ် ရွေးချယ်လိုက်တယ်၊ မမကိုယ်တိုင်
ကလည်း ကျွန်မပြောတာကို လက်မခံဘဲ လီကျင်းဆွေကို လုပ်ကြံသူ
တကယ်အစစ်အမှန်လို့ထင်နေတယ်၊ အဲဒီတော့ ကျွန်မအဖို့ အခက်
တွေ့နေတာပေါ့"

လီကျင်းဆွေသည် မာလုထုံက သူ့နာမည်အမှန်ကို ထုတ်ဖော်
ပြောဆိုလိုက်ချိန်တွင် လိန်လိန်က သူ့အား ကိုယ်ကျိုးကြည့်သူ
ကောက်ကျစ်ယုတ်မာသူအဖြစ် စွပ်စွဲပြောဆိုသည်ကို သတိရ၏။

မိမိကိုလုပ်ကြံသူအဖြစ် မည်မျှအရိုးစွဲနာကြည်းနေကြောင်
ပေါ်လွင်လာသည်။ ယခု မိန်မိန်ပြောမှပင် ရှင်းသွားတော့၏။ မိန်မိ
က ဆက်၍...

"မေမေနဲ့ မမဟာ သက်သေအထောက်အထား နိုင်နိုင်လုံလ
မပြနိုင်ရင် ဘာကိုမှ လက်ခံတတ်ကြတာ မဟုတ်ဘူး၊ ပြဿနာက
လည်း ရှင်းလေရှုပ်လေ၊ ပိုပြီးနက်နည်းလာလေဆိုတော့ ကျွန်မဘာ
က သက်သေအထောက်အထား နိုင်နိုင်လုံလုံမပြနိုင်ခင် မမဟ
ကျန်းထင်ဟုန်ရဲ့ လက်ထဲပါသွားတော့မလို ဖြစ်လာတယ်"



မိန်မိန်ပြောသမျှ ငြိမ်သက်စွာ နားထောင်နေသော လိန်လိန်
က ဒေါသမျက်စောင်းကလေးချိကာ နှုတ်သီးကောင်း လျှာပါးဟန်ဖြင့်

"စုစုနော် စုစု ... ညည်း ငါ့ကိုအဲလိုမပြောနဲ့၊ ဒီအကြောင်း
တွေကို ငါ နည်းနည်းပါးပါး ရိပ်မိလာလို့ ကိုယ်တိုင်စုံစမ်းရအောင်
ဝမ်ဆန်းတောင်ပေါ်က ဆင်းလာခဲ့တာ ညည်းမသိဘူးလား"

"ဟုတ်ပါတယ်၊ ဘာဘပြောပြော မမဟာ ကျွန်မရဲ့စိတ်စေတနာ
နဲ့ ကျွန်မအကြောင်းကို နားမလည်ခဲ့ပါဘူး၊ မမကို ချင်းတူးမြို့မှာ
ရုတ်တရက် တွေ့လိုက်တော့ ကျွန်မစိတ်ထဲ ထိတ်လန့်သွားမိတယ်၊
နောက်မှအကြံတစ်ခုရတာနဲ့ အလစ်မှာ မမကို သွေးကြောပိတ်ပြီး
ချုပ်ကိုင်လိုက်ရတယ်"

"အဲဒီတုန်းက ညည်း ဒီလိုလုပ်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး၊ ဒါ
ကြောင့် အခုလို ခံလိုက်ရတာပါ"

လိန်လိန်က မခံချင်သောလေသံဖြင့် ပြောသည်။

"ဟုတ်ပါတယ် ... မမရဲ့သိုင်းပညာက ကျွန်မထက် သာပါ
တယ်၊ အလစ်မို့ခံလိုက်ရတာပါ"

လိန်လိန်၏မျက်နှာကလေး ကျေနပ်သလိုပြုံးလာ၏။ မိန်မိန်
က အားလုံးရှင်းစေရန် ဆက်လက်ပြောပြန်သည်။

"မမကို သွေးကြောပိတ် ထိန်းချုပ်လိုက်ပြီး အဲဒီအချိန်မှာ

ကျွန်မ အကောင်းဆုံး နည်းလမ်းတစ်ခုကို သွားသတိရလိုက်တယ်၊
လီကျင်းဆွေတို့ကော မမကိုပါရုပ်လွဲလုပ်ပြီး တစ်နေရာမှာ တခြားလူ
အဖြစ်နဲ့ အတူတူဝှက်ထားမယ်ဆိုတဲ့ အစီအစဉ်ပဲ၊ ဒီလိုလုပ်ခြင်းအား
ဖြင့် မမကို ကျန်းထင်ဟုန်ရဲ့ လက်ကလွတ်အောင် လုပ်ထားနိုင်မယ်၊
သက်သေအထောက်အထား ခိုင်ခိုင်လုံလုံကိုလည်း စိတ်ချလက်ချ
အချိန်ယူရှာဖွေစုစမ်းနိုင်မယ်၊ နောက် ... နောက်တစ်ချက်က လီကျင်း
ဆွေနဲ့မမ ရင်းနှီးသွားနိုင်ကြမယ်လေ"

မိန်မိန်သည် အဆုံးသတ်စကားကို အသံမတုန်အောင်
အတော်ကလေး ကြိုးစားထိန်းချုပ်ပြောလိုက်ရသည်။ လီကျင်းဆွေက
သူမကိုသာ တစူးတစိုက်ကြည့်နေသည်။ လိန်လိန်မျက်လွှာကလေး
ခေါင်းငုံ့နေ၏။ မိန်မိန်က သက်မတစ်ချက်ရှိုက်ကာ ...

"အခုတော့ မမလည်း လီကျင်းဆွေအကြောင်းကို သိခဲ့ရပြီ
မဟုတ်လား"

"ဟုတ်ပါတယ် ... အခုတော့ ငါလည်း ရှင်းရှင်းလင်းလင်း
သိရပါပြီ၊ လီကျင်းဆွေဟာ သမာဓိရှိတယ်၊ စိတ်ကို ထိန်းချုပ်နိုင်
တယ်၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ ယောကျ်ားကောင်းတစ်ယောက်ပါပဲ
ကွယ်"

မျက်လွှာကလေးချရင်းမှ လိန်လိန်က လှိုက်လှိုက်လှဲလှဲပ



ပြောသည်။

မာလုထုံက စိတ်မကောင်းဟန်ဖြင့် ...

"မင်းပြောတာ မှန်ပါတယ်၊ လီကျင်းဆွေဟာ တကယ့်လူ တော် လူကောင်းကလေးတစ်ယောက်ပါ။ သူမှာ အမှားတစ်ခုပဲ လုပ်ခဲ့မိတယ်၊ အဲဒါကတော့ ငါလိုလူဆိုးဓားပြတစ်ယောက်ကို မိတ်ဆွေဖွဲ့ အပေါင်းအသင်းလုပ်တာပဲ"

"မိတ်ဆွေအပေါင်းအသင်းဆိုတာ အလုပ်အကိုင် အဆင့်အတန်းနဲ့ မဆိုင်ပါဘူးဗျာ၊ တစ်ယောက် အခက်အခဲတွေ့ ဒုက္ခရောက်နေရင် တစ်ယောက်က သစ္စာရှိရှိနဲ့ အကူအညီပေးတတ်ဖို့ပဲ အရေးကြီးပါတယ်၊ အရေးကြုံလာတဲ့အခါ ခေါင်းရှောင်ပြီးသစ္စာမဲ့နေရင်တော့ မိတ်ဆွေကောင်း မဟုတ်နိုင်တော့ဘူး၊ ကျုပ်မိတ်ဆွေတွေက ကျုပ်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ဘူးဆိုတာ ကျုပ် ... ယုံကြည်ပါတယ်"

"မင်း စိတ်သဘောထားကို ငါနားလည်ပါတယ်ကွာ၊ ဒါပေမဲ့ မင်းသာ ငါနဲ့မတွေ့ခဲ့ဘူးဆိုရင် မင်းတို့လျှို့ဝှက်ချက်ဟာ အခုလို ပေါက်ကြားသွားမှာ မဟုတ်ပါဘူး၊ အခုတော့ ငါ့ကြောင့် မင်းတို့ ဒုက္ခရောက်ကြရပြီ ငါ စိတ်မကောင်းပါဘူးကွာ"

"လျှို့ဝှက်ချက်ဆိုတာ ဘယ်တော့မှ တည်မြဲတာမဟုတ်ပါဘူး

တစ်ချိန်ချိန်မှာ ပေါ်ပေါက်လာရမှာပါပဲ၊ စောတာနဲ့နောက်ကျတာပဲ ကွာပါတယ်၊ စိတ်မကောင်းစရာ မရှိပါဘူး။ ရှင့်ကို ကျွန်မ ဘာကြောင့် နှစ်တစ်ရာဟသ်ာသွေး ဖူလင်ဆေးတိုက်ရတယ်ဆိုတာ ရှင်သိလား"

"ဟင့်အင်း ... မသိဘူး"

"ရှင်ဟာ ဓားပြဗိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာ သိလျက်နဲ့ ဒီဆေးကို မတိုက်သင့်ဘူးလို့ ထင်ကောင်းထင်လိမ့်မယ်၊ တကယ်တော့ ရှင်ဟာ ဓားပြတစ်ယောက်ဖြစ်ပေမယ့် သစ္စာရှိတယ်၊ မိတ်ဆွေကောင်းပီသတယ်၊ ရှင်ကျူးလွန်ခဲ့တဲ့ လူသတ်မှုတွေဟာ ရှင့်အကျိုးအတွက် တစ်ခုမှမပါဘူး၊ မိတ်ဆွေပေါင်းအသင်းအတွက် ကလဲ့စားချေပေးတာတွေချည်းပဲ၊ ကလဲ့စားချေရမှာလည်း လက်လွတ်စပယ် မဟုတ်ဘူး၊ တရားနည်းလမ်းကျတယ်၊ မတရားမှုတွေကို ကလဲ့စားချေတာပဲ၊ ဒါပေမဲ့ ရှင်ဟာ ဝမ်းစာအတွက် ဓားပြတိုက်တဲ့အလုပ်ကိုတော့ ရှင်လုပ်သမျှကို အပြစ်လို့ချည်း လူတွေက ထင်မှတ်သတ်မှတ်ကြတယ်၊ လူတွေရဲ့သဘောကလည်း ရှင်သိသားပဲ၊ ကောင်းတာဆယ်ခါလုပ် ကျေးဇူးတင်ရမှန်း မသိပေမယ့် မကောင်းတဲ့အလုပ်တစ်ခါလုပ်မိရင်တော့ တစ်သက်လုံးအမည်းစက် ထင်သွားအောင် ရှုတ်ချတတ်ကြတယ်၊ ကျွန်မကတော့ ဒီလိုမမြင်ဘူး ... ခွဲခြားပြီး သိတယ်၊ မိတ်ဆွေပီသတဲ့လူကိုလည်း တန်ဖိုးထားတယ်၊ ဒါကြောင့်



ရှင့်အတွက် ဒဏ်ကြေပျောက်ဆေး တိုက်ခဲ့ရတာပဲ"

မာလုထို ပါးစပ်ဟောင်းသားဖြစ်သွား၏။ မိန်မိန်၏ စိတ်ထားနှင့် ခံယူချက်ကိုလည်း လေးစားမိတော့သည်။

အခန်းထဲတွင် တစ်ဒင်္ဂငြိမ်သက်တိတ်ဆိတ်သွားပြန်လေသည်။

မိန်မိန်သည် စကားပြော၍ မောသွားဟန်တူ၏၊ ရေနွေးကြမ်းတစ်ခွက် ငှဲ့ကာသောက်သည်။

မာလုထိုက ဆေးသောက်ထားသဖြင့် အနားယူသလို မှိန်းနေသည်။ ကွေးတိတ်ရန်ကမူ ကျိုးနေသောသူ့လက်ဖျံကို ပတ်တီးနှင့် စည်းနှောင်နေ၏။

လိန်လိန်ကား ခုတင်ထက်တွင်ပြန်ငြိမ်သက်စွာ လဲလျောင်းနေပြန်သည်။

လီကျင်းဆွေမှာ တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ...

"မိန်မိန် ... မင်းကို မေးစရာတစ်ခု ရှိသေးတယ်"

"ဘာမေးမှာလဲ"

"ခုနက မြင်ရတဲ့ နက်ပြောင်ချောမွတ်နေတဲ့ ကျောက်တုံးတွေကို ဘာကြောင့် ကြောက်နေရတာလဲ"

နက်ပြောင်ချောမွတ်နေသည့် ကျောက်တုံးဆိုသော စကားသံကို ကြားလိုက်ရသည်နှင့် လဲလျောင်းနေသော လိန်လိန်မှာ ခုတင်ထက်မှ ငေါက်ခနဲ ထထိုင်လာတော့သည်။

မျက်နှာပြင်တွင်လည်း စိုးရိမ်ထိတ်ပျာသော အမူအရာတို့က ထင်းခနဲပေါ်လွင်နေသည်။

"နက်ပြောင်ချောမွတ်တဲ့ကျောက်တုံး ဟုတ်လား၊ ရှင် ... ရှင်တွေ့ခဲ့ ရတဲ့ ကျောက်တုံးနက်က ပိုင်းစက်ချောမွတ်ပြီး မည်းနက်နေတာပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဘယ်မှာတွေ့ခဲ့ရတာလဲ"

"ဆိုင်အပြင်ဘက်မှာ လူတွေ တစ်စုပြီးတစ်စု အဲဒီကျောက်တုံးနက်တွေကို ခင်းနေကြတာပဲ"

လိန်လိန်၏မျက်လုံးများ ဝိုင်းဝိုင်းလည်သွား၏။ စကားသံထွက်မလာတော့။

လိန်လိန် ကြောက်ရွံ့ထိတ်လန့်သွားဟန်က ကျောက်တုံးနက်များကို မြင်တွေ့ရစဉ် မိန်မိန် တုန်လှုပ်ချောက်ချားသွားခြင်းထက်ပင်



ပိုမိုလွန်ကဲနေပေသေးသည်။

လိန်လိန်နှင့်မိန်မိန် သို့မဟုတ် ဟင်္သာမယ်၏သမီးနှစ်ဖော်ဖြစ်သော ဟန်ယုယုနှင့် ဟန်စုစုတို့သည် အဆင့်မြင့်ထိပ်တန်းသိုင်းသမားဖြစ်လျက် အဘယ်ကြောင့် ကျောက်တုံးနက်များကို ကြောက်ရွံ့ထိတ်လန့်နေရလေသနည်း။

ဤကျောက်တုံးနက်များတွင် မည်သို့သောအစွမ်းအစအာနိသင်များ ရှိနေလေသနည်း။

လိန်လိန်နှင့်မိန်မိန်တို့ ထိတ်လန့်တကြီး ဖြစ်ကာ စကားမဆိုနိုင်ကြလျှင် မာလုထိုက တွေးတောစဉ်းစားဟန်ဖြင့် လီကျင်းဆွေအား...

"ဒီအနီးပတ်ဝန်းကျင်မှာ ဒီလိုကျောက်တုံးနက်မျိုးတွေ ရှိနေသလား"

"မရှိနိုင်ပါဘူး၊ အလွန်ဆုံးရှိမယ်ဆိုရင်တောင် လေးငါးဆယ်လုံးထက် မပိုနိုင်ဘူး"

"ကျုပ် ဒီကိုလာတဲ့ အချိန်တုန်းက အနီးအနားပတ်ဝန်းကျင်ကို အသေအချာ လှေ့လာကြည့်ခဲ့တယ်၊ ပြောင်ချောပြီး မည်းနက်လုံးဝန်းတဲ့ ကျောက်တုံးနက်မျိုး တစ်လုံးတောင် မတွေ့ခဲ့မိဘူး"

ကွေးတိတ်ရန် ဝင်ပြောသည်။

လီကျင်းဆွေ သတိရကာ သူ့ထံ အကြည့်ရောက်၏။

"ဒါနဲ့နေစမ်းပါဦး ... ခင်ဗျားကို ဒီမှာလာပြီး စုံစမ်းဖို့ ဘယ်သူက လွှတ်လိုက်တာလဲ"

"ယီချန်းလီက လမ်းညွှန်ပြီး လွှတ်လိုက်တာပါ"

"ဒါဆို အခု ဒီမှာ ကျောက်တုံးနက်တွေ လာခင်းတဲ့သူတွေကို ခင်ဗျားသိမှာပေါ့"

"သိဖို့နေနေသာသာ ဒီကျောက်တုံးမျိုးကို မြင်တောင် မမြင်ဖူးဘူး"

"အင်း ... ဒီအတိုင်းဆို ကျောက်တုံးနက်တွေ လာခင်းတာ ယီချင်းလီတို့နဲ့ မပတ်သက်ဘူးထင်တယ်"

လီကျင်းဆွေ အဖြေရှာမရဟန်ဖြင့် ရေရွတ်သည်။ မိန်မိန်က ဖြည်းညင်းသောလေသံဖြင့် ...

"ဟုတ်တယ် ... သူတို့ဟာ ယီချင်းလီတို့နဲ့ ဘယ်လိုမှ မပတ်သက်ဘူး"

"ဒါဖြင့် ဘယ်သူဖြစ်မလဲ"

လီကျင်းဆွေ၊ မာလုထုံနှင့် ကွေးတိတ်ရန်တို့သုံးယောက် ပြိုင်တူမေးလိုက်မိကြ၏။

မိန်မိန် တွေးတွေးဆဆလုပ်ကာ ...



"ကျွန်မ,ထင်ထားတဲ့လူဖြစ်မလား မသိဘူး၊ သူ့ကို ဘယ်တော့မှ တွေ့ရလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ အင်း ... အခုတော့ တွေ့ရတော့မယ် ထင်တယ်"

"မင်းထင်တဲ့လူဆိုတာ သေချာရဲ့လား"

"သေချာသလောက်ပါပဲ၊ အခုလာခင်းကြတဲ့ ကျောက်တုံးနက်တွေဟာ သူ့ရဲ့ရှေ့ပြေး အထိမ်းအမှတ်ပဲ"

"ဒီကျောက်တုံးနက်တွေကိုမြင်ရသနဲ့ သူလာလိမ့်မယ်လို့ မင်းက တပ်အပ်သေချာပြောနေတာလား"

"ဟုတ်တယ် ... ဒီကျောက်တုံးနက်မျိုးဟာ သူနေတဲ့နေရာကလွဲလို့ တစ်လောကလုံး ဘယ်မှာမှမရှိဘူး၊ သူဟာ ဒီကျောက်တုံးနက်တွေကိုပဲ အဖော်ပြုပြီး နေနေရတာ"

"ထူးဆန်းပါလား ... .အဲဒီလူက ဘယ်သူလဲ"

"ပြောရရင် ရှင်တို့အံ့သြကြမှာပဲ၊ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကအကြောင်းကို အစပြန်ဖော်ရလိမ့်မယ်"

"မင်းပြောတာ စိတ်ဝင်စားဖို့ကောင်းလာပြီ၊ သိထားသမျှအားလုံးကို ပြောပြစမ်းပါဦး"

"အင်း ... လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်တုန်းက သိုင်းလောကမှာ နာမည်ထင်ရှားတဲ့ စွန်ရဲညီနောင်နှစ်ဖော်ဆိုတဲ့

နာမည်ကိုတော့ ကြားဖူးကြမှာပေါ့"

အားလုံး ခေါင်းညိတ်လိုက်ကြ၏။ စွန်ရဲညီနောင်ဆိုသည်မှာ သိုင်းလောကတွင် ကျော်ကြားသလောက် သူတို့နှင့်ပတ်သက်သော သတင်းက စုပ်စမြုပ်စပျောက်ကာ ဒဏ္ဍာရီသဖွယ် ဖြစ်နေခဲ့သည် မဟုတ်ပါလား။

စွန်ရဲညီနောင်နှစ်ဖော်တို့သည် လွန်ခဲ့သောနှစ်နှစ်ဆယ်ကျော်က ဟသ်ာမယ်နှင့်သိုင်းပညာချင်း ယှဉ်ပြိုင်ရန် ဝမ်ဆမ်းတောင်ပေါ်သို့ တက်သွားခဲ့ကြသည်။ နောက်ပိုင်းတွင် မည်သို့မျှ သတင်းမကြားရဘဲ သိုင်းလောက၏ပဟေဠိတစ်ခုသဖွယ် ဖြစ်ခဲ့ရသည်။

ယခု မိန်မိန်က စကားစ,လာသောအခါ လူအားလုံးမှာ အသံမထွက်နိုင်အောင်ပင် စိတ်ဝင်တစား နားထောင်နေမိ ကြတော့သည်။ မိန်မိန်က စကားဆက်သည်။

"အဲဒီစွန်ရဲညီနောင်နှစ်ဖော်က ဝမ်ဆန်းတောင်ပေါ်ကို မရမကတက်လာပြီး ကျွန်မတို့မေမေဖြစ်လာမယ့် ဟသ်ာမယ်နဲ့ သိုင်းပညာချင်း ယှဉ်ပြိုင်ကြတယ်၊ အကြိတ်အနယ် တိုက်ခိုက်ရင်ဆိုင်တဲ့အခါမှာ အစ်ကိုကြီးဖြစ်တဲ့ ဟန်ဝင်ကျူးက မေမေ့ကိုအနိုင်ရပြီး သွေးသောက်ညီငယ်ဖြစ်တဲ့ လိုဖိန်ကတော့ ရှုံးနိမ့်သွားခဲ့တယ်၊ ဟသ်ာနန်းတော်ရဲ့စည်းကမ်းချက်အတိုင်း အနိုင်ရတဲ့ အစ်ကိုကြီးဟန်ဝင်ကျူးက



မေမေနဲ့ မေတ္တာမျှပြီး လက်ဆက်ခဲ့ကြတယ်၊ ဝမ်ဆန်းတောင်ပေါ်မှာ သီးသန့်နေထိုင်ခဲ့တယ်၊ အစ်ကိုကြီးဖြစ်တဲ့ ဟန်ဝန်ကျူးဆိုတာ နောက်တော့ ကျွန်မတို့ဖေဖေဖြစ်လာတာပေါ့လေ၊ ဖေဖေလည်း သိပ်မကြာပါဘူး၊ ကျွန်မ ငါးနှစ်သမီးလောက်မှာ ဆုံးသွားခဲ့ရတယ်"

သိုင်းလောကထိပ်သီးပဟေဠိကြီးကို ဖွင့်ထုတ်ပြောကြားနေသဖြင့် လူအားလုံးမှာ မျက်တောင်မခတ်နိုင်အောင်ပင် စိတ်ဝင်စားစွာရှိနေသည်။

မိန်မိန်ဆက်ပြောမည့်စကားကို နားတစွင့်စွင့်ရှိနေကြ၏။

"စွန်ရဲညီနောင်နှစ်ဖော်မှာ အစ်ကိုကြီးဖြစ်တဲ့ ကျွန်မတို့ဖေဖေ ဟန်ဝင်ကျူးအကြောင်းက ဒီမှာတင်ပြီးသွားပြီ၊ အခုကျန်နေတာက ညီငယ်ဖြစ်တဲ့ လိုဖိန်ရဲ့အကြောင်းပဲ၊ ကျွန်မတို့ ဟသ်ာနန်းတော်ရဲ့စည်းကမ်းချက်အတိုင်းဆိုရင် မေမေနဲ့သိုင်းပညာချင်းယှဉ်ပြိုင်လို့ ရှုံးနိမ့်တဲ့လူ ဘယ်သူမဆို အသက်ရှင်ခွင့်မရှိဘူး၊ သတ်ပစ်ရရိုး ထုံးစံရှိတယ်၊ ဒါပေမဲ့ မေမေဟာ ဖေဖေ့မျက်နှာထောက်ပြီး ဦးရီးတော် လိုဖိန်ကို မသတ်ခဲ့ဘူး၊ သိုင်းလောက,က ဆွေစဉ်မျိုးဆက်နဲ့တွက်မယ်ဆိုရင် ဦးရီးတော် လိုဖိန်ဟာ မေမေရဲ့မတ်တော်မောင် ဖြစ်သွားရပြီကိုး၊ ဒါနဲ့ ... သက်ညှာတဲ့အနေနဲ့ ဦးရီးတော်လိုဖိန်ကို မဟူရာတောင်မှာ တစ်ကိုယ်တည်းသွားနေဖို့ အပြစ်ဒဏ်သတ်မှတ်လိုက်

တယ်၊ မဟူရာတောင်းကနေ ဘယ်ကိုမှမသွားရဘူး၊ အကျယ်ချုပ်ထားတဲ့သဘောပေါ့"

ဒါဖြင့် လိုဖိန် မဟူရာတောင်ပေါ်မှာ တစ်ယောက်တည်း သွားနေရတာပေါ့။ မာလုထုံက ကြားဖြတ်မေးသည်။ မိန်မိန် ခေါင်းဆတ်ညိတ်၏။



## အခန်း (၁၇)

တစ်ကောင်ကြွက် လိုဖိန် ...။

အကြိုရှိင်း လက်ထပ်မင်္ဂလာပွဲကြီးကား မစသေး။ လိုအပ်သည့် ပြင်ဆင်မှုများကိုမူ ပြင်ဆင်ထားပြီး ဖြစ်၏။ အဆောက်အအုံများ ဖြိုချကာ ကွက်လပ်ကွင်းပြင်ကြီးဖြစ်နေသောနေရာတွင် သူ၏အထိမ်းအမှတ်သင်္ကေတဖြစ်သော ကျောက်တုံးနက်ကြီးများကို အစီအရီ အပြည့်ခင်းကျင်းထားပြီး ဖြစ်၏။

မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရန်အတွက် အခမ်းအနားကြီးကျယ်လှပသော မင်္ဂလာမဏ္ဍပ်ကြီးကိုလည်း အခိုင်အခံ့ဆောက်လုပ်ထားပြီး ဖြစ်၏။ လိုအပ်ချက်ကား တစ်ခုသာရှိ၏။

သတို့သမီးအဖြစ်လျာထားသော ဟန်ယုယု၏ကိုယ်တိုင်း မယူရသေး၊ ကိုယ်တိုင်းယူဖို့ အပ်ချုပ်သည်လည်း ရောက်မလာသေး။ တရုတ်ပြည်တစ်ပြည်လုံးတွင် အကောင်းဆုံးနာမည်ကြီးသော အပ်ချုပ်သမား ရှာမတွေ့သေးသောကြောင့်ပေလားမသိ။

လီကျင်းဆွေတို့လူစုမှာ ကုန်စုံဆိုင်နေအိမ် ကလေးအတွင်း ရှောင်ပိတ်မိနေကြသည်။ ဆိုင်၏ဆယ်ကိုက်ဝန်းကျင်တွင် လိုဖိန်၏ လက်ရုံးတပည့်များက ဝန်းရံစောင့်ဆိုင်းကြပ်မတ်နေကြသည်။

လီကျင်းဆွေတို့လူစုမှာ လိုဖိန်အန္တရာယ်စက်ပိုင်းအတွင်းမှ ဘာကြောင့်ထိုးဖောက်မထွက်ဘဲ စောင့်ဆိုင်းနေကြရလေသနည်း။ အကြောင်းရှိပေသည်။ အဓိကပုဂ္ဂိုလ်ဖြစ်သော ဟန်ယုယုကြောင့်ပင် တည်း။

ဟန်ယုယုသည် လီကျင်းဆွေနှင့်ဟာန်စုစုတို့အား သူမ၏နဂိုမူလရုပ်သွင်အတိုင်း တတွတ်တွတ်ပြောင်းလဲခိုင်းနေသည်။ သူမ၏ သိုင်းပညာများ ပြန်လည်ထုတ်ဖော်အသုံးပြုနိုင်အောင် လုပ်ပေးရန် တကျည်ကျည်ပူဆာနေ၏။

လီကျင်းဆွေနှင့်ဟာန်စုစုတို့ ဘာမျှမတတ်နိုင်ကြ။ သူတို့ကိုယ်တိုင်လည်း ဟန်ယုယုအား နဂိုအတိုင်းဖြစ်အောင် ပြောင်းလဲပေးချင်သည်။ သူတို့လူစု၏လွတ်မြောက်ရေးကလည်း ဟန်ယုယုအပေါ်တွင် မူတည်နေ၏။

ဟန်ယုယုကို နဂိုရုပ်သွင်အတိုင်း ပြောင်းလဲခြင်းမပြုနိုင်သလို သိုင်းပညာများ ပြန်ကောင်းအောင်လည်း ပြုလုပ်မပေးနိုင်သောကြောင့်ဖြစ်၏။



သူတို့လူစု၏သိုင်းပညာနှင့်ဆိုလျှင် လိုဖိန်၏လူစုကို ထိုးဖောက်၍ထွက်နိုင်သည်။ ခက်နေသည်က ဟန်ယုယု။ ဟန်ယုယုမှာ ပန်းလက်ဝါးအဘိုးကြီး၏လက်စွမ်းပြထားမှုကြောင့် တကယ်နာတာရှည်ရောဂါသည်တစ်ယောက်အတိုင်းပင် ရှိနေသေးသည်။

တိုက်ခိုက်ပြေးလွှားဖို့မဆိုထားနှင့် လမ်းကိုပင် ကောင်းစွာ မလျှောက်နိုင်သေး။ ထားရစ်ခဲ့လို့ကမဖြစ်။ ဤပြဿနာတွင် ဟန်ယုယုက အရေးအကြီးဆုံး အဓိကလူဖြစ်နေ၏။ သူ့ကိုကယ်တင်ခေါ်ဆောင်ကာ ထိုးဖောက်ထွက်သွားဖို့ကလည်း တော်တော်ကလေး မလွယ်ကူသောအလုပ်တစ်ခုဖြစ်၏။

ဤသို့ဖြင့် သူတို့သည် ကုန်စုံဆိုင်ကလေးအတွင်း ထွက်ပြေးလွတ်မြောက်ရန် နည်းလမ်းကောင်းများ ရှာကြံတွေးဆရင်း သုံးရက်တာ အချိန်ကုန်လာခဲ့၏။ သုံးရက်အတွင်း သူတို့အတွက် စားရေးသောက်ရေးက ပြဿနာမရှိ။

ကုန်စုံဆိုင်ကလေးထဲမှ ကုန်ပစ္စည်းများကို အလွယ်တကူပင် ယူငင်ချက်ပြုတ်စားသောက်နိုင်၏။ အသားစိမ်းများကိုကား မစားရ။ အမဲခြောက်၊ ဆတ်သားခြောက်၊ ငါးခြောက်များကိုကား အလျှင်းသင့်သလို ချက်ပြုတ်စားသောက်ရ၏။ လွတ်မြောက်ရေးခရီးအတွက် စဉ်းစားကြံဆနေသဖြင့် စားသောက်ရသည်ကိုပင် သတိမရကြ။

သို့သော် အရေးကြီးလျှင် အင်အားချို့တဲ့နေမည်စိုးသဖြင့် အာဟာရဖြစ်အောင်ကား စားသောက်နေကြရ၏။ ဤသုံးရက်အတွင်းတွင် မာလုထိုမှာ နှစ်တစ်ရာဟသ်ာသွေးဖူလင်ဆေးကြောင့် မီးသင့်ကျားလက်ဝါး အတွင်းဒဏ်ရာမှ လုံးဝပျောက်ကင်းသွားခဲ့ပြီးဖြစ်၏။ အသားအရေမှာ ပြည့်ဖြိုးခြင်းသိပ်မရှိသေးသော်လည်း ကျန်းကျန်းမာမာနှင့် လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်ပြီဖြစ်၏။

ကွေးတိတ်ရန်သည်လည်း ဘဝတူများအဖြစ်သို့ရောက်နေပြီမို့ ဟန်စုစု လီကျင်းဆွေနှင့် ပူးပေါင်းရန် ကတိပြုသည်။ ထို့ကြောင့် ဟန်စုစု ဆေးထည့်ပြုစုပေးသဖြင့် အရိုးပြန်ဆက်ကာ ကောင်းမွန်စပြုလာပြီဖြစ်၏။

သူတို့သည် လိုဖိန်၏လူများအထဲသို့ ဝင်ရောက်လာခြင်းမရှိသော်လည်း ပေါ့ပေါ့ဆဆ သတိလက်လွတ်မနေကြ။ ရှေ့ဘက်ကုန်စုံဆိုင်၏တံခါးပေါက်ဝကလေးတွင် အလှည့်ကျ ကင်းစောင့်ကြ၏။ သတိဝီရိယနှင့် အစောင့်အကြပ်လုပ်ထားကြ၏။

❋

သုံးရက်လွန်၍ လေးရက်မြောက်သောနေ့၊ နေမွန်းတည့်ချိန်



လွန်လာခဲ့ပြီ။ နွေဦးရာသီမို့ အပူရှိန်က အတော်ကလေး ပြင်းထန်၏။ ကွေးတိတ်ရန် ကင်းလှည့်တာဝန်ကျသဖြင့် ဆိုင်အပေါက်ဝကလေးတွင် စောင့်ဆိုင်းနေ၏။

ထိုအချိန်တွင် ကုန်စုံဆိုင်တံခါးဝရှေ့သို့ လူတစ်ယောက်လာရပ်သည်။ ထိုသူ၏အသက်က သုံးဆယ်ဝန်းကျင်ခန့်သာရှိဦးမည်။ နေပူကြီးထဲတွင် ခမောက်ဦးထုပ် အဆောင်းမပါ ပဝါတစ်ပိုင်းကိုသာ ပေါင်းထုပ်ထားသည်။ ကိုယ်ပေါ်တွင်ကား ဝှထဲသောဝတ်စုံဖားဖားကြီးကို ဝတ်ဆင်ထား၏။ အသွင်အပြင်ကမူ သာမန်အရပ်သားတစ်ယောက်ပုံစံဖြစ်၏။ ပခုံးထက်တွင် ဖျင်လွယ်အိတ်ကြီးတစ်လုံးကို လွယ်ထားသည်။

"ခင်ဗျား ဘယ်သူလဲ"

ကွေးတိတ်ရန် ခက်ထန်မာကျောစွာ မေးသည်။ ရန်မူလာလျှင် တိုက်ခိုက်ရန်လည်း အသင့်ပြင်ဆင်ထား၏။ ထိုသူက မရယ်မပြုံး တည်ငြိမ်သောအမူအရာဖြင့် ...

"ခင်ဗျားတို့ လူတစ်ယောက်ကို စောင့်နေကြတာမဟုတ်လား"

"ဘယ်သူ့ကို စောင့်နေရမှာလဲ"

"တစ်ကောင်ကြွက်လိုဖိန်လွှတ်ပေးမယ့် အပချုပ်ဆရာကို ပေါ့"

"ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"သိတာပေါ့၊ ကျုပ်က သူ့လွှတ်လိုက်တဲ့ အပ်ချုပ်ဆရာပဲ"

ကွေးတိတ်ရန်က သူ့ကိုမျက်မှောင်ကြုတ်ကြည့်သည်။ ထိုသူက အတတ်နိုင်ဆုံး ရယ်ပြုံးကာ ...

"စိတ်ချစမ်းပါဗျာ၊ ကျုပ်က တရုတ်ပြည်တစ်ပြည်လုံးမှာရှိတဲ့ ထိတ်ထိတ်ကြဲမိသားစုတွေရဲ့ လက်စွဲတော် အပ်ချုပ်ဆရာပါဗျာ၊ ငုံ့ အဆန်းဆုံး အခိုင်ခံ့ဆုံး၊ အကောင်းဆုံးဝတ်စုံတွေ ရစေရပါမယ်"

ကွေးတိတ်ရန် ဘာမျှမပြော။ သို့သော် စကားသံတစ်သံကမူ ထွက်ပေါ်လာ၏။

"ကွေးတိတ်ရန် ဘာဖြစ်နေတာလဲဟေ့"

မာလုထုံ၏ စကားမေးသံပင်တည်း။ ဆိုင်ခန်းဆီမှ အပြန်အလှန်မေးမြန်းသံများထွက်လာသောကြောင့် မာလုထုံ အပြေးအလွှားရောက်ရှိလာပြီး မေးမြန်းလိုက်ခြင်းဖြစ်၏။ ကွေးတိတ်ရန် ခေါင်းမော့ကာ ...

"ဟသ်ာဒေဝီအတွက် ဝတ်စုံချုပ်ဖို့ရောက်လာတဲ့ အပ်ချုပ်ဆရာလို့ပြောတာပဲ"

"ဟ ... အပ်ချုပ်ဆရာဆိုတိုင်း ဒီကောင့်ကို ဟသ်ာဒေဝီဆီကို လွှတ်ပေးဖို့သင့်မလားကွ"



"ဟုတ်တာပေါ့ ဘယ်သင့်တော်ပါ့မလဲ"

"အေး ... ဒါဆို ဒီကောင်ကို ငါကြည့်ရှင်းလိုက်မယ်"

ပြောပြောဆိုပင် မာလုထုံ ရှေ့သို့ခြေလှမ်းလျှောက်လာသည်။ အပ်ချုပ်ဆရာ အထိတ်တလန့်ဖြစ်သွားသည်။

"နေ ... နေပါဦးဗျာ၊ ကျွန်တော် ... ကျွန်တော် ပြောပါရစေဦး"

"ဘာပြောမှာလဲ ... မြန်မြန်ပြောစမ်း"

"ခင်ဗျားကို ပြောလို့မဖြစ်ဘူးဗျ ... ဟို ... ဟို လီကျင်းဆွေတစ်ယောက်တည်းကိုပဲ ပြောလို့ဖြစ်မယ်"

"အံမာ သူက မင်းစကားကို နားထောင်ရမှာလားကွ"

မာလုထုံ စကားဆုံးသည်နှင့် လက်ဝါးကို ပင့်မြှောက်လိုက်၏။ သူ့လက်ဝါးမြှောက်ထားစဉ်မှာပင် ...

"နောင်ကြီးမာ ... ခဏနေဦး"

လီကျင်းဆွေ၏ အော်ဟစ်တားမြစ်သံက အချိန်မီထွက်ပေါ်လာ၏။ အော်ဟစ်သံနှင့်အတူ လူရိပ်က လှစ်ခနဲရောက်လာ၏။ မာလုထုံက နောက်ပြန်လှည့်ကြည့်ကာ ...

"မင်းက ဘာကြောင့် တားထားရတာလဲ"

"စိတ်လိုက်မန်ပါ မလုပ်နဲ့လေဗျာ၊ ခြေလွန်လက်လွန်တွေ

ဖြစ်ကုန်ဦးမယ်၊ သူ့စကားကို ကျူပ်နားထောင်ကြည့်ဦးမယ်"

မာလုထုံ လက်ဝါးကို ပြန်ရုတ်သိမ်းကာ နောက်ဆုတ်သွား၏။ ထိုအချိန်တွင် ဟန်စုစုလည်း အပြင်သို့ ထွက်လာခဲ့၏။

"လာဗျာ အထဲကိုသွားကြရအောင်"

လီကျင်းဆွေက ဦးဆောင်ကာ အပ်ချုပ်သမားကို အခန်းထဲကို ခေါ်ဆောင်သွား၏။ အပြင်ဘက်တွင် ဟန်စုစု၊ မာလုထုံနှင့် ကွေးတိတ်ရန်တို့ သုံးယောက်သာ တိတ်ဆိတ်ငြိမ်သက်လျက် အခြေအနေကို စောင့် ဆိုင်းကြည့်ရှုရန် ကျန်ရစ်ခဲ့ကြလေသည်။

အချိန်က နာရီဝက်လောက်ကြာမြင့်သွား၏။ ထိုအချိန်တွင်မှ လီကျင်းဆွေတစ်ယောက်တည်း အခန်းတွင်းက ထွက်လာသည်။ လီကျင်းဆွေ တစ်ယောက်တည်း ပြန်ထွက်လာသဖြင့် ဟန်စုစု စိုးရိမ်တကြီး ဖြစ်သွား၏။

"အပ်ချုပ်သမားကော"

"အခန်းထဲမှာလေ၊ လိန်လိန်ရဲ့ကိုယ်အတိုင်းတွေ ယူနေတယ်"

"ဟင် ... ရှင် ရှင် ဘာပြုလို့ ခွင့်ပြုလိုက်ရတာလဲ"



"သူ့ကို ခွင့်မပြုရင်လည်း တခြား အပ်ချုပ်ဆရာတစ်ယောက်ယောက် ရောက်လာဦးမယ် မဟုတ်လား"

စကားဆုံးသည်နှင့် လီကျင်းဆွေသည် နောက်သို့ပင် လှည့်မကြည့်ဘဲ ဆိုင်အပြင်ဘက်သို့ လျှောက်ထွက်သွားတော့သည်။ ဟန်စုစု၊ မာလုထုံနှင့် ကွေးတိတ်ရန်တို့သုံးယောက် စိတ်မချနိုင်အောင် ဖြစ်သွားကြ၏။ လီကျင်းဆွေ အပြင်ထွက်သွားသည်ကို ဂရုမထားတော့။

အိမ်ခန်းထဲသို့ အပြေးအလွှားပင် ဝင်ရောက်သွားကြတော့သည်။ အိမ်ခန်းထဲသို့ရောက်လျှင် သူတို့၏မျက်လုံးများ ပြူးကျယ်ဝိုင်းစက်ကုန်တော့၏။ ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ အံ့အားသင့်လွန်းသဖြင့် ခြေလှမ်းပင် မဆက်နိုင်ကြ။ ကြက်သေသေစွာ ငေးကြည့်နေကြရ၏။

သူတို့မြင်လိုက်ရသည့်မြင်ကွင်းကား အိမ်ခန်းထဲတွင် လီကျင်းဆွေနှင့်အတူ ဟန်ယုယုတို့နှစ်ယောက် တွဲယှဉ်လျက် မြင်လိုက်ရခြင်းပင်တည်း။ သို့သော် သူတို့မြင်တွေ့ရသည့် လီကျင်းဆွေနှင့်ဟန်ယုယုတို့မှာ ဟန်ဆောင်ထားသော ကြူစိုက်စိန်နှင့်ကျင်းဖေဖေတို့၏ရုပ်သွင်မဟုတ်တော့။ လီကျင်းဆွေအစစ်နှင့်ဟန်ယုယုအစစ်တို့၏မူလရုပ်သွင်များ ဖြစ်ကြပေသတည်း။

"ဟင် ... ဘယ်လိုဖြစ်တာလဲ၊ ခုနထွက်သွားတာ ဘယ်သူလဲ"

အံ့ဩစိတ်ကို ထိန်းချုပ်ကာ ဟန်စုစုက တိုးတိုးလေသံဖြင့် မေးသည်။ လိန်လိန် ဟန်ယုယုက ဖူးဖူးကြွသောမျက်နှာတွင် ပါးချိုင့်ကလေးများခွက်အောင် ပြုံးရယ်ရင်း ...

"ခုနက ထွက်သွားတာ ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာ ပန်းလက်ဝါးဝမ်ဟာန်နင်ပဲပေါ့"

"ဩော်"

ဟန်စုစုမှာ အာမေဋိတ်သံကလေးထွက်ကာ ယခုမှပင် သဘောပေါက်သွားရတော့သည်။ ရုပ်ပြောင်းရုပ်လွှဲဝိဇ္ဇာ ဟန်နင်က သူတို့လူစု လွတ်မြောက်ရေးလမ်းကြောင်း ပွင့်စေရန် လာရောက်ကယ်တင်ပေးသွားခြင်းပင်တည်း။

ဟန်ယုယုတစ်ယောက် ပုံမှန်အနေအထားအတိုင်း ပြန်ဖြစ်လာပြီမို့ သူတို့၏လွတ်မြောက်ရေးအတွက် ထိုးဖောက်ထွက်ရန် အစီအစဉ်က ဘာမျှအခက်အခဲမရှိတော့။ လီကျင်းဆွေက ကြောင်ကြောင်ဂလေး ငေးကြည့်နေသော ဟန်စုစုအား ...

"မိန်မိန်အတွက်လည်း ရုပ်ဖျက်ပြုပြင်ထားတာတွေကို ပြန်ဖျက်ပစ်ဖို့ ဖျက်ဆေးတွေပေးထားခဲ့တယ်"

ပြောပြောဆိုဆိုပင် ငွေအစ်ကလေးတစ်လုံးကို ဟန်စုစုထံသို့



ကမ်းပေးသေးသည်။ ဟန်စုစု တစ်စုံတစ်ရာ ပြန်လည်ပြောဆိုမည်ဟန်ပြင်ပြီးမှ ဘာမျှမပြောဘဲ နှုတ်ဆိတ်နေလိုက်၏။ မိမိအား ကမ်းပေးသည့် ငွေအစ်ကလေးကိုလှမ်းယူကာ အင်္ကျီအိတ်တွင် သေသေချာချာသိမ်းထားလိုက်သည်။ လီကျင်းဆွေတို့ နားမလည်နိုင်စွာကြည့်ကာ...

"မင်းက ဘာဖြစ်လို့ နဂိုရုပ်အတိုင်း မပြောင်းလဲသေးတာလဲ"

ဟန်စုစု ရုတ်တရက်မဖြေ။ ဟန်ယုယုအား မျက်လုံးဝှေ့ကြည့်လိုက်ပြီးမှ ...

"ပြောင်းဖို့မလိုသေးပါဘူး၊ ချူတိုတ်ဖြောင်ပုံစံနဲ့ပဲ လုပ်စရာတွေကို လုပ်ပါရစေဦး"

လီကျင်းဆွေ ဘာမျှမပြောတော့။ မာလုထုံက ဝမ်းသာအားရအမူအရာဖြင့် ...

"မင်းတို့နှစ်ယောက်စလုံး နဂိုအတိုင်းဖြစ်သွားကြပြီ ... ဟေး ဟေး ဟေး ... ဝမ်းသာလိုက်တာကွာ၊ တာကယ့်ကို နေနဲ့လရှေ့နဲ့မြဲပဲ"

သူ့စိတ်ထဲရှိသည့်အတိုင်း ထုတ်ဖော်ပြောသည်။ လီကျင်းဆွေက တည်ငြိမ်စွာရှိနေသော်လည်း ဟန်ယုယုမှာ အကြည်အလင်အချိုရှင်ဆုံး ပြုံးရယ်နေ၏။ ဟန်စုစုမှာမူ မျက်နှာကလေးနွမ်းကာ ခေါင်းငုံ့သွားရသည်။ ကွေးတိတ်ရန်က တည်ငြိမ်လေးနက်စွာဖြင့် ...

"ဝမ်းသာတာလည်း ဝမ်းသာကြပေါ့ကွာ ... တို့အားလုံး

လူကောင်းပကတိအတိုင်း ဖြစ်နေပြီပဲ၊ ဒီကောင်တွေကို ဘာဂရုစိုက်နေစရာ လိုရမှာလဲ၊ အသေအကျေတိုက်ခိုက်ပြီး ဖောက်ထွက်ကြတာပေါ့"

"ဖောက်ထွက်တာ ဖောက်ထွက်ရဲပါတယ်၊ မလိုလားအပ်ဘဲ ပြဿနာမတက်စေချင်ဘူး၊ ရန်သူ့အင်အားကိုလည်း ခန့်မှန်းမရနိုင်တော့ ထိုးဖောက်ထွက်တာထက် ရှောင်တိမ်းသွားတဲ့နည်းလမ်းရှိရင် သိပ်ကောင်းမယ်"

ဟန်ယုယုက တွေးတွေးဆဆလေးသံဖြင့်ပြောသည်။ မာလုထုံက မျက်မှောင်ကြုတ်လျက် ...

"ရှောင်တိမ်းသွားဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲ၊ မြေလျှိုးသွားမလား၊ မိုးပျံသွားမလား၊ ဒီနည်းကလွဲလို့ ဘာမှမရှိဘူး"

ဟန်ယုယုက ငြိမ်သွား၏။ ငြိမ်ပြီး ရန်သူရောက်လာသည်ကို စောင့်ဆိုင်းနေမလား၊ ရန်သူ၏လွှမ်းမိုးချုပ်ကိုင်မှုကိုခံမလား၊ ဒါမှမဟုတ် အတင်းတိုက်ခိုက်ပြီး ဖောက်ထွက်သွားမလား၊ ရွေးစရာက ဤလမ်းနှစ်လမ်းသာ ရှိသည်။ လူအားလုံးမှာ တဒင်္ဂမျှငိုင်တွေသွားကြ၏။

ဘယ်လိုလုပ်ကြရမည်ကို ရုတ်တရက် စဉ်းစားဆုံးဖြတ်၍ လီကျင်းဆွေ ပြုံးလိုက်၏။ ခုတင်ညောင်စောင်းတွင် ထိုင်နေရာမှ



ဆတ်ခနဲမတ်တတ်ထရပ်သည်။ အခန်း၏ထောင့်တစ်နေရာသို့ လျှောက်သည်။ အခန်းထောင့်တွင် အုတ်ခဲများ အနည်းငယ်ပုံထားလေသည်။ ထိုအုတ်ခဲပုံကြီးကို လီကျင်းဆွေ စိတ်ရှည်လက်ရှည်ပင်ရွှေ့သည်။

အုတ်ခဲပုံကိုရွှေ့ပြီးလျှင် အောက်ခြေကြမ်းပြင်မြေကြီးကို ပေါက်တူးဖြင့် လေး၊ ငါးဆယ်ချက် တူးဆွယက်ဖော်လိုက်သည်။ ကြာကြာမတူးလိုက်ရ။ တွင်းပေါက်ဝကြီးတစ်ခုကိုတွေ့သည်။ မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခု၏ အပေါက်ဝကလေးပင်တည်း။

လီကျင်းဆွေ၏လှုပ်ရှားမှုကို မျက်တောင်မခတ်တမ်း ကြည့်နေမိကြသော ဟန်ယုယုတို့အားလုံးမှာ မယုံကြည်နိုင်ခြင်း၊ နားမလည်နိုင်ခြင်း၊ စိတ်ဝင်တစားဖြစ်ခြင်းတို့ကြောင့် ငေးငိုင်သွားကြရလေသည်။ လီကျင်းဆွေက သူ့လက်တွင် ပေကျံနေသော မြေမှုန့်မြေစတို့ကို ရိုက် ပုတ်ခါထုတ်ကာ ...

"ဘာမှ အံ့ဩမနေကြနဲ့ ... ဒီမြေအောက်လိုဏ်ခေါင်းကလည်း ပန်းလက်ဝါး ဝမ်ဟန်နင်ရဲ့ အစီအစဉ်ပဲ၊ အခု ကျုပ်တို့အသေအကျေတိုက်ခိုက်ပြီး ထိုးဖောက်ထွက်စရာ မလိုတော့ဘူး၊ မြေလျှိုးလို့ရသွားပြီ၊ ဒီမြေအောက်လိုဏ်ခေါင်းလမ်းအတိုင်း ထွက်သွားရင်း တစ်ကောင်ကြွက်လိုဖိန်ရဲ့စက်ကွင်းက လွတ်ကင်းပြီပေါ့"

ဟန်ယုယုသည် ဝမ်းသာပျော်ရွှင်သည့်မျက်နှာကို မထိန်းချုပ်နိုင်ဘဲ ကလေးတစ်ယောက်ပမာ လီကျင်းဆွေ၏လက်မောင်းကို ဆုပ်ကိုင်ဖက်တွယ်ကာ ခုန်ပေါက်ကြည်နူးနေတော့သည်။

ဟန်ယုယု၏မျက်နှာကလေးကို မမြင်လို၍လား၊ မမြင်ရဲ၍လားမသိ ဟန်စုစုသည် ပင့်သက်မောကလေးချလျက် မျက်နှာကို တစ်ဖက်လွှဲလိုက်သည်။ အချစ်ဟူသော ဝန်တိုမိစ္ဆာကောင်သည် ဟန်စုစု၏ရင်ထဲတွင် ခုန်ပေါက်သောင်းကျန်းနေချေပြီတကား။

မြေအောက် လိုဏ်ခေါင်းကလေးက သိပ်မကျယ်၊ လူနှစ်ယောက် ယှဉ်လျှောက်သာရုံသာရှိသည်။ မတ်မတ်ဆန့်ဆန့် ခေါင်းထောင်လျှောက်၍ကားမရ။ ခေါင်းငုံ့ ခါးကိုင်း လျှောက်ရသည်။ လိုဏ်ခေါင်းမှာ လတ်ဆတ်ဆတ် တူးဖော်ထားခြင်းမဟုတ်။

ယခင်ကတည်းကရှိပြီးသား လိုဏ်ခေါင်းဂူဟောင်းတစ်ခုဖြစ်ဟန်တူသည်။ ဂူထဲတွင် အလင်းရောင်မရှိဘဲ မှောင်မည်းနေ၏။ လေဝင်လေထွက်မကောင်း၊ အောက်မြေသားများက စေးထန်းထန်းစိုစွတ်စွတ်ရှိသည်။



တူးဖော်ဆောက်လုပ်ထားပုံမှာ သေသပ်ကောင်းမွန်သည်။ လီကျင်းဆွေတို့အုပ်စု ဖယောင်းတိုင်တစ်တိုင်မီးထွန်းကာ လျှောက်လာကြရသည်။ အမိုးနှင့်ခေါင်းက သိပ်မလွတ်ခြင်း၊ အနံ့အသက်မကောင်းခြင်းတို့ ရှိနေသော်လည်း မြေအောက်လိုဏ်ဂူလမ်းကြောင်းက ကွေ့ကောက် ခြင်းသိပ်မရှိ။ တစ်ဖြောင့်တည်းလိုလိုဖြစ်နေသည်။

သို့အတွက် သွားလာရသည်မှာ ခရီးတွင်သင့်သလောက်မတွင်၊ ဖယောင်းတိုင်တစ်တိုင် ကုန်ခါနီးလောက်မှပင် ဂူဝဆီသို့ရောက်သည်။ လီကျင်းဆွေတို့အုပ်စု ဂူပေါက်ဝမှ ထွက်လာလျှင် အစနားတွင် ရပ်ထားသော မြင်းလှည်းသမားတစ်ယောက်က ဂါရဝပြုဆီးကြိုသည်။

"ခင်ဗျားတို့အားလုံး ကျွန်တော်မြင်းလှည်းပေါ်တက်ကြပါခင်ဗျာ၊ ပန်းလက်ဝါးဝမ်ဟန်ရဲ့ အစီအစဉ်အရ ကျွန်တော်လာစောင့်နေရတာပါ"

မြင်းလှည်းသမားက ရှင်းပြသည်။ မာလုထုံ မျက်မှောင်ကြီးကြုတ်လျက် ...

"တို့အားလုံးက မင်းရဲ့ မြင်းလှည်းပေါ် တက်ကြရမှာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဒါဆို ဟိုဘက်မြင်းလှည်းသုံးစီးကကော"

"အဲဒီလှည်းနှစ်စီးက နောက်က လိုက်လာကြမယ့် ရန်သူတွေကို လှည့်စားဖို့ စီစဉ်ထားပါ၊ ဒီကနေ ရှေ့ကိုက်ငါးရာလောက်သွားပြီးရင် လမ်းသွယ်လေးခုရှိပါတယ်၊ မြင်းလှည်းလေးစီး တစ်ပြိုင်နက်တည်း လမ်းလေးသွယ်ကို ခွဲမောင်းသွားကြရင် နောက်ကလိုက်လာတဲ့ တစ်ကောင်ကြွက်လိုဖိန်ဟာ ဘယ်လမ်းသွယ်ကိုရွေးပြီး လိုက်ရမှန်းမသိ ဖြစ်သွားပါလိမ့်မယ်၊ ဝမ်ဟန်နင်က သူ့ကို မစောင့်နဲ့ သွားနှင့်ကြလို့လည်း မှာထားပါတယ်"

မြင်းလှည်းသမားက အပြည့်အစုံ ရှင်းပြနေသဖြင့် လီကျင်းဆွေတို့ လူစုဘာမှနောက်ထပ်အချိန်ဖြုန်းမနေတော့။ မြင်းလှည်းပေါ်တက်လိုက်ကြသည်။

သူတို့မြင်းလှည်းပေါ်ရောက်သည်နှင့် မြင်းကို ကျာပွတ်ဖြင့်ယမ်းကာ စတင်မောင်းနှင်သည်။ ကျန်မြင်းရထားသုံးစီးကလည်း လမ်းသွယ်အသီးသီးသို့ ခွဲထွက်သွားသည်။

"ဒီလမ်းသွယ်လေးခုက လေးနေရာကို ပေါက်ကြတယ်၊ တစ်လမ်းက မိုးပျံနဂါးဂိုဏ်ဌာနချုပ်စခန်း၊ တစ်လမ်းက ယန်စီကျန်မြစ်ကမ်း၊ နောက်တစ်လမ်းက ဝမ်ဆန်းတောင်ကိုရောက်ပါတယ်"

မြင်းလှည်းသမားက လမ်းသွယ်များ၏ ခရီးစဉ်ကို ပြောပြသည်။ ဟန်စုစု မျက်မှောင်ကလေးကြုတ်ကာ ...



"လမ်းသွယ်သုံးခုကတော့ သိရပါပြီ၊ ကျန်တဲ့နောက်တစ်လမ်းကကော"

"နောက်တစ်လမ်းကတော့ မဟူရာတောင်ကိုသွားတဲ့လမ်းပဲ"

"ကျွန်မတို့ အခုသွားနေတာ ဘယ်လမ်းလဲ၊ ဝမ်ဆန်းတောင်ကို သွားတဲ့လမ်းလား"

"မဟုတ်ဘူး"

"ဘာဖြစ်လို့ ဝမ်ဆန်းတောင်ကို မသွားရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ထွက်ပြေး လွတ်မြောက်သွားတယ်ဆိုရင် တစ်ကောင်ကြွက်လိုဖိန်က ဝမ်ဆန်းတောင်ကို အမိက ဦးတည်သွားလိမ့်မယ်လို့ တစ်ထစ်ချတွေးမိမှာမို့လို့ပါ"

ဟန်စုစု သိချင်ဇောဖြင့် ကြားဝင်ကာ ...

"ဒါဖြင့် ကျွန်မတို့ အခုသွားနေတာ ဘယ်နေရာကို ဦးတည်သွားကြတဲ့လမ်းလဲ"

"မဟူရာတောင်ကို"

"ဘာ ... မဟူရာတောင်ကို ဦးတည်သွားမလို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ လိုဖိန်ဟာ ကျွန်တော်တို့ကို မဟူရာတောင်ဆီသွားလိမ့်မယ်လို့ ဘယ်နည်းနဲ့မှ ထင်မှာမဟုတ်ပါဘူး၊ ပြီးတော့ ...

ဝမ်ဟာန်နှင်ကိုယ်တိုင်ကလည်း မဟူရာတောင်ကို လိုက်လာခဲ့မယ်လို့ မှာထားပါတယ်”

မြင်းလှည်းသမားက သူ့မြင်းများကို ခွာစုံချ ငြိမ့်ငြိမ့်ယဉ်ယဉ်ကလေး မောင်းနှင်ရင်းပြောသည်။ ဟာန်စုစုသည် မြင်းလှည်းမောင်းသမားကို အသေအချာ အကဲခတ်ကြည့်ရှုပြီးလျှင် ...

“ရှင်က လမ်းတေလေဂိုဏ်းသားလား”

“မဟုတ်ပါဘူး။ ကျွန်တော်က သိုင်းလောကထဲကို ဝင်ရောက်လှုပ်ရှားခဲ့ပါတယ်”

“နာမည်က ဘယ်သူတဲ့လဲ”

“ဝူဆန်ကွေးပါ”

“ဝူအမျိုးဆိုတော့ ဝူချင်တိတ်နဲ့ ဘယ်လိုပတ်သက်သလဲ”

“ကျွန်တော်က အစ်ကိုကြီး ဝူချင်တိတ်ရဲ့ ညီအရင်းပါ”

မြင်းလှည်းသမား ဝူဆန်ကွေး၏ အဖြေစကားကြောင့် ဟာန်စုစု မျက်မှောင်ကလေး ဖွဖွကြုတ်သွားမိသည်။ အစ်မဖြစ်သူ ဟာန်ယုယုကိုလည်း ဖျတ်ခနဲကြည့်မိသည်။ ညီအစ်မနှစ်ယောက် အကြည့်ချင်းဆုံကြ၏။

အကြည့်မျက်ဝန်းထဲတွင် သူတို့ချင်းသာ နားလည်သဘောပေါက်သော စကားလုံးများစွာပါဝင်နေသည်။ သူတို့၏ အကြည့်များ



အဓိပ္ပါယ်များကို အခြားသူတို့မသိကြ။ ဟာန်ယုယုက ခေါင်းကလေးဆတ်ညိတ်ကာ ...

“သြော် ... ရှင်က သတင်းစုံယစ်ထုပ်ကြီး ဝူချင်တိတ်ရဲ့ညီကိုး”

“ဟုတ်ပါတယ်၊ ခင်ဗျားတို့ အံ့ဩသွားကြမယ်ထင်တယ်၊ အစ်ကိုကြီးချင်တိတ်မှာ ညီရှိလိမ့်မယ်လို့ထင်မှာ မဟုတ်ဘူး။ ပြီးတော့ ကျွန်တော် သိုင်းလောကထဲ မဝင်တာကိုလည်း စိတ်ဝင်စားကောင်း စိတ်ဝင်စားနေကြလိမ့်မယ်”

“ဆိုပါဦး ရှင်က ဘာကြောင့် သိုင်းလောကထဲ မဝင်ရတာလဲ”

“ဘာကြောင့်ရယ် မဟုတ်ပါဘူးဗျာ၊ အစ်ကိုကြီးဝူလို ထင်ရှားကျော်ကြားတဲ့ လူတစ်ယောက် ကျွန်တော်တို့မျိုးဆက်ထဲမှာရှိနေပြီပဲ၊ ကျွန်တော်တစ်ယောက် ထပ်တိုးလာတော့လည်း ဘာအကျိုးရှိမှာရှိလို့လဲဗျာ”

“အင်း ... ရှင်ပြောတာလည်း ဟုတ်တာပါပဲလေ”

ဟာန်ယုယုက လေသံပျော့ကလေးဖြင့် မှတ်ချက်ချ၏။ စကားပြောပြောနှင့် ခရီးထွက်လာရသည်မို့ လူအားလုံးမှာ နောက်မှလိုက်လာမည့် လိုဖိန်၏အန္တရာယ်ကို မေ့လျော့နေကြ၏။

"ဂူဆန်ကွေး ... မြင်းလှည်း... ရပ်လိုက်စမ်း"

တစ်နေရာသို့ အရောက်တွင် မာလုထုံက ရုတ်တရက်အော် ဟစ်အမိန့်ပေးသည်။ မြင်းလှည်းသမား ဂူဆန်ကွေးမှာ အလန့်လန့် အဖျပ်ဖျပ်နှင့် မြင်းဇက်ကြိုးကို တုံ့ခနဲဆွဲသတ်သည်။

လှည်းမရပ်ခင်မှာပင် မာလုထုံ လွှားခနဲခုန်ဆင်းသည်။ သူ့ ကိုယ်ရိပ်က လမ်းဘေးချုံပုတ်တစ်နေရာဆီသို့ရောက်၏။ လီကျင်း ဆွေနှင့် ဟန်စုစုတို့လည်း ဘာမသိညာမသိ လွှားခနဲ ခုန်ဆင်းကာ မာလုထုံနောက်သို့ လိုက်၏။ လီကျင်းဆွေက နောက်မှလိုက်ရင်း ...

"နောင်ကြီးမာ ဘာဖြစ်လို့လဲ"

"ဟိုမြက်ချုံထဲမှာ လူတစ်ယောက်လဲနေလို့"

ပြေးရင်းမှ စကားပြန်သည်။ မာလုထုံ မြက်ချုံပုတ်ဆီသို့ ရောက်သည်။ ချက်ချင်းပင် လဲကျနေသောလူကို ဆွဲထုတ်လာ၏။ လီကျင်းဆွေနှင့်ဟန်စုစုတို့ ကမန်းကတန်းပင် လှမ်းကြည့်လိုက်ကြ၏။

လခြမ်းဓားကွေးရှောင်ရှုံးဖြစ်နေ၏။ ရှောင်ရှုံး၏မေ့ကြော အပိတ်ခံထားရသည်ကို တွေ့ရသည်။ မာလုထုံက ရှောင်ရှုံး၏မေ့ ကြောကို ဖြည်ဖွင့်ပေးလိုက်သည်။ သွေးကြောပွင့်သည်နှင့် ရှောင်ရှုံး မှာ ချက်ချင်းပင် သတိရသည်။

"ဆရာကြီး ရှောင်ရှုံးပါလား ... ဘယ်လိုဖြစ်တာလဲ"



လီကျင်းဆွေ တအံ့တသြအမူအရာဖြင့် မေးသည်။ ထိုအချိန် တွင် ဟန်ယုယုနှင့် ကွေးတီတ်ရန်တို့ ရောက်ရှိလာကြ၏။ ရှောင်ရှုံးက ရှုံ့မဲ့ကာ မတ်တတ်ထရပ်သည်။

"ပြောရမှာ ရှက်စရာတောင် ကောင်းပါတယ်ကွာ ... ငါတို့ အလိမ်ခံလိုက်ရတဲ့ကိစ္စပေါ့"

"ဘယ်လို အလိမ်ခံလိုက်ရတာလဲ ... ရှင်းပြစမ်းပါဦး"

"မင်း ကုန်စုံဆိုင် ကြူစိုက်စိန်အဖြစ် ဟန်ဆောင်နေတာရယ်၊ မာလုထုံကို ကယ်တင်သွားတာရယ်ကိုသိလို့ တို့လိုက်ဖမ်းဖို့ စီစဉ် ကြတယ်၊ ပထမဆုံး ကျိန်းသေအောင်ဆိုပြီး စုကျားရွာက စပ်စပ်စု စုရှိတဲ့ ရှုဖိန်းဆိုတဲ့ မိန်းမကို လွှတ်လိုက်တယ်၊ ဆားမရှိဘူးဆိုတာ သိတော့ မာလုထုံနဲ့ ကုန်စုံဆိုင်ပတ်သက်မှုရှိနေပြီဆိုတာ သိလိုက် ရတယ်၊ နောက်တစ်ခေါက် ပိုသေချာအောင် ကွေးတီတ်ရန်ကို လွှတ် လိုက်ပြန်တယ်၊ ကွေးတီတ်ရန် ပြန်ရောက်မလာတော့ ဟုတ်ပြီ ကျိန်း သေပြီလို့ တွက်လို့ရတယ်၊ ဒါနဲ့ပဲ မင်းတို့ကိုဖမ်းဖို့ အစီအစဉ်ချကြ တယ်"

"ခဏနေပါဦး ... ဆရာကြီးရှောင်ရှုံးတို့က ကျားကြီး ကျား လေးဆိုတဲ့ ဒုက္ခိတအမြွှာညီနောင် နှစ်ဖော်ကို လွှတ်လိုက်သေးသ လား"

"ဟင့်အင်း ...ငါတို့မလွတ်လိုက်ပါဘူး၊ အဲဒီနှစ်ကောင်ကို နာမည်သာ ကြားဖူးတာ၊ တစ်ခါမှတောင် မတွေ့ဖူးသေးဘူး"

"ဟင် ... ဒါဆို ဘယ်သူလွတ်လိုက်တာတုန်း"

"နေဦး နေဦး ... ငါသိပြီ ... တစ်ကောင်ကြွက်လိုဖိန် လွတ်လိုက်တာနဲ့တူတယ်"

"ဆရာကြီးရှောင်ရှူးက လိုဖိန်ရဲ့ ပတ်သက်တာတွေသိလို့လား"

"သိတယ် ... သိတာကလည်း ဒီလို၊ မင်းတို့ကိုဖမ်းမလို့ လုပ်နေတုန်း အဲဒီတစ်ကောင်ကြွက် လိုဖိန်ဆိုတဲ့လူ ရောက်လာတယ်၊ မင်းတို့နဲ့အတူတူ သူ့ဇနီးလောင်းလည်း ရှိနေတယ်၊ သူ့ဇနီးလောင်းကို မင်းက သိမ်းပိုက်ထိန်းချုပ်ထားတယ်၊ ကျုပ်လည်း သူ့ကိုဖမ်းပြီး ကျုပ်ဇနီးလောင်းကို ပြန်ယူမယ်လို့ပြောလာတယ်၊ သူက အနိုင်အမာ ပြောနေတာနဲ့ တို့လည်း သူတို့နဲ့ ပူးပေါင်းမိလိုက်ကြတယ်၊ တောက် ... ခွေးမသား ဒီကောင်သစ္စာဖောက်ပဲ၊ ငါတို့ကို အလစ်မှာ လုပ်ကြံတာ၊ ငါတို့လူတွေလည်း အတုံးအရုံးကျဆုံးကုန်တယ်၊ ငါလည်း အလွတ်ရုန်း ထွက်ပြေးလာခဲ့ရတယ်"

"နေစမ်းပါဦး ... ကျဆုံးတဲ့အထဲမှာ ဆရာကြီးယီချန်းလီကော ပါလား"



"မပါဘူးထင်တယ်၊ ရုန်းရင်းဆန်ခတ်ဖြစ်နေလို့ သဲသဲကွဲကွဲ မသိနိုင်ဘူး၊ ငါ့မျက်စိထဲမှာတော့ သူပျောက်နေတယ်၊ ငါ့လိုပဲ အလွတ်ရုန်း ထွက်ပြေးတယ်ထင်တယ်၊ ငါ အဲဒီလို သူ့တပည့် ဓား သမားတွေကို တိုက်ခိုက်ပြီး အလွတ်ရုန်းထွက်ပြေးလာတုန်း လိုဖိန်က ငါ့ကိုအလစ်မှာ တိုက်ခိုက်ပြီး သွေးကြောပိတ်ပစ်ခဲ့တယ်၊ ငါကလည်း အတွင်းအားနဲ့ တောင့်ခံထားတော့ ရုတ်တရက် မေ့လဲကျမသွားဘူး၊ ဒါပေမဲ့ ကြာကြာတော့ ထိန်းမထားနိုင်ခဲ့ဘူး၊ ပြေးရင်းလွှားရင်းနဲ့ ဒီနေရာလည်းရောက်ရော ဘာမှမတတ်နိုင်ဘဲ သတိမေ့သွားရတော့ တာပဲ"

"သူ့တပည့်ဓားသမားတွေကကော တော်တော်ပဲ လက်စွမ်း ထက်ကြသလား"

"ဘယ်သူတွေလည်း မသိဘူး၊ တစ်ခါမှလည်း မမြင်ဖူးဘူး၊ အဲ ... အဲဒီအထဲမှာ အသားမည်းမည်း အရပ်မြင့်မြင့် ဆံပင်ကို မထုံးဘဲ ဖြန့်ချထားတဲ့ကောင်ကတော့ တော်တော်ကို ဓားရေးကောင်းတယ်၊ ငါတောင် ယှဉ်မတိုက်နိုင်ဘဲ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရတယ် ဆိုတော့ မင်းတို့ စဉ်းစားကြည့်ကြပေါ့"

လခြမ်းကွေးဓားသမား ရှောင်ရှူးသည် တစ်ခေတ်တစ် ယောက် သိုင်းမားအကျော်အမော် ထိတ်ထိတ်ကြမဟုတ်သည့်တိုင်

ဓားသိုင်းပညာတွင်မူ နံပါတ်တစ်စာရင်းဝင်သူဖြစ်၏။ သူ၏လခြမ်း
ကွေးဓားအောက်တွင် သိုင်းလောကမှ ဒုစရိုက်သမားများ အသက်
ပျောက်ခဲ့ကြသည်မှာ မနည်းတော့။

ယခု ရှောင်ရွှီး ကိုယ်လွတ်ရုန်းပြေးခဲ့ရသည်ဆိုသဖြင့် ထိုဓား
သမားကို ဂရုစိုက်စရာကောင်းနေပေသည်။ သို့သော် ဟန်စုစုတို့ညီ
အစ်မနှစ်ယောက်မှာ အလေးထားပုံမရှိ။ လီကျင်းဆွေက ကြားဖြတ်
က ...

"လိုဖိန် အခမ္ဘသိမ်းပိုက်တဲ့ မိန်းကလေးဆိုတာ ဘယ်သူကော
ဦးသိရဲ့လား"

"ဘယ်က အခမ္ဘသိမ်းပိုက်ရမှာလဲ၊ သူ့ဇနီးလောင်းတဲ့၊ အခမ္ဘ
သိမ်းပိုက်မှာက မင်း မဟုတ်ဘူးလား"

"ဟား ဟား ဟား ... ဦးကတော့ တောက်လျှောက် အလိမ်ခံ
နေရတာကိုတောင် အခုထိ ယုံနေတုန်းပဲကိုး"

"ယုံရမယ်လေ ... မင်းက ယွင်နန်းတောင်ခြေမှာလည်း
ဟသ်ာဒေဝီ ရလိုမှုအတွက် လူတွေကိုလုပ်ကြံခဲ့တာပဲ"

"ကဲ ... ဦး ရှင်းသွားအောင် တစ်ခါတည်း ပြောလိုက်မယ်၊
သူ့ဇနီးလောင်းလို့ ပြောတဲ့မိန်းကလေးက ဘယ်သူမှမဟုတ်ဘူး၊
ဟောဒီ ဟသ်ာမယ်ရဲ့သမီး ဟသ်ာဒေဝီ ဟန်ယုယုပဲ"



"ဟေ ... သူက ဟန်ယုယု ဟသ်ာဒေဝီ ... ဟုတ်လား"

"ဟုတ်ပါတယ်ရှင် ... ကျွန်မ ဟသ်ာဒေဝီဟန်ယုယုပါပဲ"

ဟန်ယုယုက အပြုံးကလေးဖြင့် ပြောကာ အကျိုးအကြောင်း
ဇာတ်ရည်လည်အောင် ရှင်းပြလိုက်တော့သည်။ သို့သော် ယွင်နန်း
တောင်ခြေမှ အဖြစ်အပျက်တို့ကိုမူ လီကျင်းဆွေကော ဟန်ယုယုတို့က
ပါ ဘာမျှထုတ်မပြော။

လီကျင်းဆွေသည် သံသယသားကောင်သာဖြစ်ပြီး လုပ်ကြံ
သူဟုတ်မဟုတ် အတိအကျမသိရသေးဟု ပြောထားသည်။ ရှောင်ရွှီး
လည်း လောလောဆယ်တွင် ဘာမျှစောဒကမတက်။ လက်ရှိအခြေ
အနေအရ သူတစ်ယောက်တည်း အင်အားနည်းသဖြင့် လီကျင်းဆွေ
တို့နှင့်အတူ ခရီးဆက်ခဲ့ကြတော့သည်။

နေရောင်က လုံးလုံးပျောက်ကွယ်သွားခဲ့ပြီ၊ အမှောင်ထုက
တစ်စတစ်စ လွှမ်းမိုး လာသည်။ မြင်းရထားကမူ တငြိမ့်ငြိမ့်နှဲ့နေဆဲ။
မြင်းရထားထဲမှလူများကား နှုတ်ဆိတ်လျက် အတွေးကိုယ်စီဖြင့်
လိုက်ပါလာခဲ့ကြသည်။

တော်တော်ကြီးမှောင်သောအချိန်တွင် မြင်းရထားက မြို့ဝင်း
ကျယ်ကြီးတစ်ခုရှေ့သို့ရောက်လာသည်။ ကျောက်ခြသေ့ရုပ်ထုနှစ်ခု
ကို ဝင်းတံခါး ပြုလုပ်ထားသည့် မြို့ကြီးထဲကို ချိုးကွေ့ဝင်လိုက်သည်။

ခြံကြီးအလယ်တွင် ကြီးမားသောအိမ်ကြီးတစ်ဆောင် ရှိနေသည်။ ဝူဆန်ကွေးက မြင်းလှည်းကို ထိုအိမ်ကြီး၏ဆင်ဝင်ရှေ့တွင် ထိုးရပ်လိုက်သည်။

"ဒီနေရာက ဘာမှစိုးရိမ်စရာမရှိပါဘူး၊ ကျွန်တော်တို့အားလုံးပဲ ဒီမှာ တစ်ညလောက်တော့ အနားယူကြတာပေါ့"

ဝူဆန်ကွေးက မြင်းရထားတံခါးကို ဖွင့်ပေးရင်း အစီအစဉ်ချသည်။ လီကျင်းဆွေတို့အားလုံး အောက်သို့ဆင်းလိုက်ကြ၏။ ခြံဝင်းကြီးက ကျယ်သည်။ အိမ်ကြီးကလည်း အဆောင်ဆောင်အခန်းခန်းတို့ဖြင့် ကြီးမားသည်။

သို့သော် အိမ်ကြီးတစ်ခုလုံးမှာ အမှောင်အတိကျနေသည်။ မီးအလင်းရောင် တစ်စက်ကလေးမတွေ့ရသဖြင့် ချောက်ချားစရာပင်ကောင်းလှသည်။ လူသူတစ်ယောက်မျှ ရှိပုံမရ။ လီကျင်းဆွေတို့အုပ်စု အိမ်ကြီးကိုကြည့်ကာ စိတ်မချနိုင်သလို စိုးရိမ်သလို အမူအရာ ဖြစ်နေသည်ကို မြင်ရလျှင် ဝူဆန်ကွေး ပြုံးရယ်ကာ ...

"အေးအေးဆေးဆေး စိတ်ချလက်ချနေကြပါ၊ ဒီအိမ်ကြီးက သူဌေးတစ်ယောက်ရဲ့ နွေရာသီအပန်းဖြေစံအိမ်ကြီးပါ၊ သိပ်ပူတဲ့ရာသီကျမှ ဒီအိမ်ကြီးမှာလာပြီး အပန်းဖြေကြတယ်၊ အခုအိမ်ကြီးမှာ ဘယ်သူမှမရှိကြပါဘူး။ စိတ်တိုင်းကျ တည်းခိုအနားယူနိုင်ကြပါတယ်"



"ဘယ်သူမှမရှိဘူးဆိုရင် ကျုပ်တို့ကို ဘယ်သူက တံခါးလာဖွင့်မှာလဲ"

ကွေးတိတ်ရန်က စောဒကတက်သည်။ သူ့စကားအဆုံးမှာပင် အိမ်တံခါးကြီးက ကျွီခနဲပွင့်လာ၏။ တံခါးဝတွင်ကား အသက်ကြီးရင့်အိုမင်းလှပြီဖြစ်သော အဘိုးအိုတစ်ယောက်ကို လရောင်ဖြင့် တွေ့လိုက်ရသည်။

အဘိုးအို၏ခါးမှာ ဘုလုံးကြီးထွက်ကာ မျက်နှာနှင့် ဒူးခေါင်းထိလုမတတ်ကုန်းနေသည်။ ဝတ်ထားသည့်အဝတ်အစားက နွမ်းနွမ်းချာချာ နွမ်းနွမ်းနယ်နယ်။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတို့က ဆွတ်ဆွတ်ဖြူကာ ရှည်လျားစွာ တွဲလောင်းကျနေ၏။

ခါးကိုင်းနေသော်လည်း အဘိုးအိုမှာ တောင်ဝှေးကိုမဆောင်၊ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်ရှိ၏။ အိမ်ထဲမှထွက်လာခြင်းဖြစ်သော်လည်း လက်ထဲတွင် မီးအိမ်, ဖယောင်းတိုင်ဟူ၍ ပါမလာ။

သည်အတိုင်း လက်ချည်းသက်သက်ထွက်ကာ လီကျင်းဆွေတို့အုပ်စုကို အကဲခတ်သလို ကြည့်နေ၏။ ဝူဆန်ကွေးတို့က လီကျင်းဆွေတို့အား ပြုံးရယ်ပြလျက် ...

"ဒီအဘိုးကြီးက ဒီခြံဒီအိမ်ရဲ့ အစောင့်ကြီးပါ၊ သူ့ကြောင့် ကျွန်တော်တို့မှာ တည်းခိုအနားယူနေကြတာ မပေါက်ကြားနိုင်ပါဘူး၊

သူက နားလေးတဲ့အပြင် စကားလည်း မပြောတတ်ဘူး၊ ကဲ … ကျွန်တော်တို့ အထဲကိုဝင်ကြရအောင်”

ဝူဆန်ကွေးနှင့်အဘိုးကြီးမှာ ယခင်ကတည်းက သိဟောင်းကျွမ်းဟောင်းများ ဖြစ်ဟန်တူသည်။

ဝူဆန်ကွေးက ဦးဆောင်ကာ အိမ်ထဲသို့ဝင်လျှင် နေရာဖယ်ပေးလျက် မီးအိမ်ကြီးတစ်ခုတွင် မီးထွန်းညှိသည်။

မီးအလင်းရောင်ရှိတော့မှ အိမ်ကြီး၏ကြီးကျယ်ခမ်းနားမှုကို ကောင်းစွာမြင်သိရတော့သည်။

❁ ❁ ❁



## အခန်း (၁၈)

အိမ်ကြီးမှာ ရှေးပုံစံဆောက်လုပ်ထားပြီးအဆောင်ဆောင်အခန်းခန်းပေါ်များသည်။ အိမ်စောင့်အဘိုးကြီးသည် မီးအိမ်ကြီးထွန်းညှိလျက် လီကျင်းဆွေတို့အား နေရာလိုက်လံပြသပေးသည်။

လီကျင်း ဆွေနှင့်ဝူဆန်ကွေးတို့က အခန်းတစ်ခန်း၊ ဟန်စုစုနှင့်ဟန်ယုယုတို့ ညီအစ်မနှစ်ယောက်က အခန်းတစ်ခန်း၊ ရှောင်ရှုံးကိုကားသီးသန့်အခန်းတစ်ခန်းနှင့် မာလုထုံ၊ ကွေးတိတ်ရန်တို့ကို တစ်ခန်းစသည်ဖြင့် နေရာခွဲထားပေးသည်။

နေရာထိုင်ခင်း လုံခြုံစိတ်ချရသည်ဟု ယူဆရသော်လည်း လူအားလုံးမှာ မအိပ်စက်နိုင်သေး။ သတိဝီရိယနှင့် ရှိနေကြ၏။ အိမ်ကြီးမှာ အဆောင်ဆောင်အခန်းခန်းရှိသော်လည်း အသုံးအဆောင်ပရိဘောဂဟူ၍မရှိ။ အိပ်ရာထိုင်ခင်းမထား၊ ခုတင်ဟူ၍မရှိ။

ကြမ်းပြင်ပေါ်တွင် မြက်ဖျာကလေးများသာ ခင်းလျက်အိပ်စက်ကြရသည်။ ဟန်စုစုတို့ညီအစ်မနှစ်ယောက်ကား မအိပ်စက်နိုင်ဘဲ

မြက်ဖျာပေါ်တွင် လဲလျောင်းနေကြ၏။ ဟန်ယုယုသာ လဲလျောင်းနေခြင်းဖြစ်ပြီး ဟန်စုစုမှာ မလဲလျောင်းနိုင်သေး။

ပန်းလက်ဝါးဝမ်ဟန်နှင့် ပေးလိုက်သောငွေအစ်ကလေးကို ထုတ်ကာ ချူတိတ်ဖြောင်အသွင် ပြင်ထားသည့် မျက်နှာကလေးကို ဖျက်လိုက်သည်။

ထို့နောက် လိမ်းခြယ်စရာရှိသည်တို့ လိမ်းခြယ်လိုက်ပြီးသောအခါ သူမ၏အကျည်းတန်အရုပ်ဆိုးသော မျက်နှာကလေး ပြန်ပေါ်လာ၏။ စိတ်တိုင်းကျ ပြင်ဆင်ပြီးမှ အစ်မဖြစ်သူ၏နံဘေးတွင်အသာ လဲလျောင်းသည်။

အခန်းထဲတွင် မီးတုတ်မီးအိမ်များ ထွန်းညှိပေးမထားသဖြင့် လမင်းအလင်းရောင်သာ ပြတင်းပေါက်မှ တိုးဝင်ကာ ထိန်ထိန်သာနေသည်။

သာယာလှသောနွေဦးရာသီဖြစ်သလို ညလေကလေးက တသုန်သုန်တိုက်ခတ်နေသဖြင့် စိတကြည်နူးဖွယ်ကောင်းသည်။ အလွမ်းဓာတ်ခံရှိသူများအဖို့ အိပ်စက်ရမည်ကိုပင် နှမြောစရာ ဖြစ်နေ၏။ ဟံသာဒေဝီ ညီအစ်မနှစ်ယောက်မှာ ကိုယ့်အတွေးနှင့်ကိုယ် အိပ်စက်နိုင်ခြင်း မရှိကြ။

"ညီမလေး"



ဟန်စုစုမှ သက်ပြင်းချသံတိုးတိုး ထွက်ပေါ်လာသဖြင့် ဟန်ယုယုက တိုးညင်းသောလေသံဖြင့် ခေါ်လိုက်ခြင်းဖြစ်၏။ ဟန်စုစုက လှည့်မကြည့်ဘဲ ...

"ဘာပြောမလို့လဲ မမ"

"ညီမလေး မအိပ်သေးဘူးလား"

"အိပ်လို့မပျော်ပါဘူး မမရယ်"

"သက်ပြင်းတွေ တချချနဲ့ အိပ်ပျော်အောင်မအိပ်ဘဲ ဘာတွေစဉ်းစားနေတာလဲ ... မမကို မှန်မှန်ပြောစမ်း"

"ဟြော် မမရယ် ... ဘာမှစဉ်းစားစရာမရှိပါဘူး၊ အိပ်မပျော်နိုင်သေးလို့ပါ"

ဟန်စုစုက အပူရုပ်ကို ဟန်လုပ်ဖုံးကွယ်သည်။ တကယ်တော့ သူ့ရင်ထဲတွင် တွေးတောစဉ်းစားစရာတွေ အများကြီးရှိနေသည်။ သူ့အတွေးထဲသို့ ဝင်ရောက်စိုးမိုးနေသူကလည်း အခြားသူမဟုတ်။ လီကျင်းဆွေသာတည်း။

သူသည် လီကျင်းဆွေ အရက်မူးမူးနှင့် ချစ်စကားဆိုခဲ့ခြင်း ခံခဲ့ရပြီးကတည်းက သူ့နှလုံးသားတို့ လီကျင်းဆွေထံသို့ တိမ်းညွတ်နေပြီဖြစ်ကြောင်း ကောင်းကောင်းသိသည်။ သို့သော် လီကျင်းဆွေသည် သူ့အတွက်မဟုတ်ကြောင်း ကောင်းကောင်းသိ၏။

သူကိုယ်တိုင်လည်း လီကျင်းဆွေအပေါ် မေတ္တာသက်ဝင်နေသည်။ အစ်မနှင့်ယှဉ်လိုက်လျှင် မိမိသည် နောက်ဆုတ်ပေးရမည်မှာ မည်သို့မျှ ငြင်းဆို၍မရစကောင်း။ တကယ်တမ်း စွန့်လွှတ်ခွဲခွာရလျှင် မိမိစိတ်နှလုံးတို့ ခံနိုင်ရည်မှ ရှိပါ့မလားဟု ကြိုတင်တွေးတောစဉ်းစားနေမိခြင်း ဖြစ်၏။

ညီမဖြစ်သူ၏လိမ်ညာစကားကို ကြားရလျှင် ဟန်ယုယု လှောင်ရယ်ကလေးရယ်၏။ ရယ်သာရယ်သော်လည်း သူမ၏ရင်ထဲတွင်လည်း ဆို့နစ်စွာ ခံစားနေရသည်ကို သူမကိုယ်တိုင်သာသိ၏။

"မမကို ညာမနေပါနဲ့ကွယ်၊ ညီမလေးစိတ်ထဲမှာ ဘာတွေ တွေးနေတယ်ဆိုတာ မမသိပါတယ်"

"အို ... မမကလည်း ဘာသိတာလဲ"

"သိတာပေါ့ကွယ်၊ ညီမလေး လီကျင်းဆွေအကြောင်းကို စဉ်းစားနေတာ မဟုတ်လား"

"ကဲ ... ညီမလေးကိုတော့ မေးနေတယ်၊ မမကကော ဘာလို့ မအိပ်နိုင်သေးတာလဲ၊ သူ့အကြောင်းပဲ စဉ်းစားနေတာ မဟုတ် လား"

ဟန်ယုယု ရုတ်တရက်စကားမဆို။ ငြိမ်နေသေး၏။ ပြီးမှ သက်ပြင်းကလေး တစ်ချက်ချကာ ...

"ညီမလေးကို မမမညာပါဘူးကွယ်၊ ဟုတ်တယ် ... မမလည်း



သူ့အကြောင်းကို စဉ်းစားနေတာပဲ၊ သူ့ကို မမအရင်းတုန်းက ရက်စက်ယုတ်မာတဲ့လူ၊ ကိုယ်ကျိုးအတွက်ဆို ဘာမှမထောက်ထားဘဲ ကောက်ကျစ်စဉ်းလဲတဲ့လူလို့ မမထင်ခဲ့တယ်၊ ဒါပေမဲ့ ... မမ သူနဲ့ အတူနီးနီးကပ်ကပ်နေခဲ့ရတော့ သူ့ရဲ့ယောကျ်ားပီသမြင့်မြတ်တဲ့ စိတ်သဘောထားကို ကောင်းကောင်းကြီး သိခဲ့ရတော့တယ်"

"သြော် ... မမရယ်"

ဟန်စုစု ညည်းညည်းညူညူကလေးရေရွတ်လျက် လဲလျောင်းနေရာမှထကာ ပြတင်းတံခါးကို သွားဖွင့်ပေးလိုက်သည်။ ဟန်ယုယုကလည်း မြက်ဖျာပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေးပင် ထိုင်သည်။

ပြတင်းမှလရောင်က တိုးဝင်လာသည်ကို လေပြည်ကလေးက တိုက်ခတ်နေသဖြင့် ဟန်စုစု၏ ဆံနွယ်စကလေးများက တဖျပ်ဖျပ် လွင့်နေသည်ကို ဟန်ယုယု နောက်ကျောဘက်မှ မြင်ရ၏။

"လီကျင်းဆွေဟာ မမနဲ့ အခန်းတစ်ခန်းတည်းမှာ ညစဉ်ညပေါင်း တစ်ရာလောက် အိပ်ခဲ့ပေမယ့် သူ့သိက္ခာသမာဓိဟာ အံ့ဩစရာကောင်းလောက်အောင် ခိုင်မာတည်ကြည်လွန်းတယ်၊ သူဟာ မမရဲ့အလှအပကို တွေ့မြင်ဖူးခဲ့တဲ့ လူတစ်ယောက်ပဲ၊ နာတာရှည်ရောဂါသည်တစ်ယောက်လိုဖြစ်နေပေမယ့် မမရဲ့ တကယ့်ရုပ်ရည်နဲ့

အလှအပဟာ ဘယ်လိုရှိတယ်ဆိုတာ သူသိတာပဲ၊ ဒါပေမဲ့ သူဟာ လက်ဖျားခါရလောက်အောင် စိတ်ကိုထိန်းချုပ်ထားနိုင်ခဲ့တယ်၊ မမနဲ့ အတူနေရတဲ့အခါမှာ မမကိုလက်ဖျားနဲ့ တို့ဖို့ထိဖို့မပြောနဲ့ မျက်လုံးနဲ့ တောင် ပြစ်မှားတဲ့အကြည့်မျိုး မကြည့်ခဲ့ဖူးဘူး"

ဟန်ယုယုက သူ တွေ့ကြုံခံစားခဲ့ရသည့်အတိုင်း ညီမဖြစ်သူကို ရင်ဖွင့်ကာ လီကျင်းဆွေ၏ ချီးကျူးခန်း ဖွင့်နေသည်။ ဟန်စုစုက ပြတင်းဝတွင် ရပ်လျက် နောက်သို့ လှည့်မကြည့်ဘဲ ...

"မမ အခုတော့ သူ့အကြောင်း နားလည်ခဲ့ပြီးပေါ့နော်"

"သူ့အကြောင်းတင်မကပါဘူးကွယ် ... ညီမလေးက မမ ကောင်းကျိုးအတွက် စေတနာထား လုပ်ဆောင်ပေးခဲ့တယ်ဆိုတာလဲ မမနားလည်ပါပြီကွယ်၊ နောက်ပြီး တစ်ခုရှိသေးတယ်"

"ဘာများလဲမမ"

ဟန်စုစု နောက်သို့လှည့်ကြည့်ကာမေး၏။ ထိုသို့မေးစဉ် သူ့ရင်သည် တဒိန်းဒိန်းခုန်၏။ ဟန်ယုယုထံမှ လီကျင်းဆွေအား ဖွဲ့လမ်းနှစ်သက်သွားပြီဆိုသောစကားများ ကြားရမလားဟု စိတ်တထင့်ထင့်ဖြစ်၏။

ဟန်ယုယုက ရှက်ပြုံးကလေး ပြုံးလာသောအခါ သူစိုးရိမ်ထားသည့်အတိုင်း ဖြစ်လာတော့မှာပါကလားဟု ထင်မှတ်လိုက်မိ၏။



သို့သော် ...

"ညီမလေး မမကို မေ့ကြောထိုးပိတ်လိုက်ပေမယ့် မမဟာ လုံးဝသတိမေ့မြောသွားတာမဟုတ်ဘူး"

"ဟင် ... မမ၊ မမ လုံးဝသတိလစ်မသွားဘူး ဟုတ်လား"

"ဟုတ်တယ်၊ ညီမလေးက မမကို အလစ်မှာ သွေးကြောပိတ်လိုက်လို့ မထင်မှတ်ဘဲ အငိုက်မိခဲ့ရတယ်၊ ဘာမှမတတ်နိုင်ပေမယ့် တ်အားတင်းလိုက်တော့ သတိက လုံးဝလစ်မသွားခဲ့ဘူး၊ ဒါကြောင့် ညီမလေး ဆက်လုပ်နေတာတွေ မမသိနေခဲ့ရတယ်လေ"

"ဒါဆိုရင် ကောင်းပါတယ် မမရယ်၊ ညီမလေးက မမ ကယ်ပဲ သတိလစ်မေ့မြောနေပြီ အောက်မေ့လို့ လုပ်မိတာပါ"

"ညည်းက ကိုယ့်စိတ်ကူးနဲ့ကိုယ် လုပ်လိုက်ပေမယ့် ငါ့မှာ ယ်လောက် အရှက်ရစရာကောင်းသလဲ၊ တော်သေးတာပေါ့ ကျင်းဆွေက မမကို မကြည့်ပါရစေနဲ့ အတင်းငြင်းလို့ အေးကြူ က်စိန်အဖြစ် ရုပ်ပြောင်းထားတဲ့သူဟာ လီကျင်းဆွေဆိုတာ ဘာလဲ လိုက်တော့ ငါ့မျက်နှာ ဘယ်နားသွားဝှက်ထားရမှန်းတောင် မသိ တာ့ဘူး၊ တစ်ခါတည်း လဲသေပစ်လိုက်ချင်တယ်၊ လူပျို့နှင့်အပျို စ်ခန်းတည်းမှာ အတူတူထားတာတော့ နည်းနည်းမှ မကောင်းဘူး၊ ည်းဝင်လည်ဦးမယ်"

ဟန်ယုယုက ပြောနေရင်းမှ ဟန်စုစုအနီးသို့ ချဉ်းကပ်ရောက်ရှိသည်။ ထိုအချိန်တွင် ဟန်စုစုသည် ပြတင်းပေါက်မှ တစ်ဆင့် အသည်းထိတ်စိတ်လှုပ်ရှားဖွယ် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်သည်။

ထို့ကြောင့် ဟန်ယုယုအနီးသို့ ချဉ်းကပ်လာသည်ကို သတိထားမိ။ စိတ်အာရုံ ပျံ့လွင့်သွား၏။ ဟန်ယုယု၏လက်ချောင်းကလေးများက သူမ၏ပျော့ခွေမှေ့ကြောကို ထိုးပိတ်လိုက်သည်။ ဟန်စုစု ရှောင်တိမ်းခြင်းမပြုနိုင်။ သွေးကြောပိတ်ခံရကာ ပျော့ခွေမှေ့မြေ သွားတော့သည်။

"ခစ် ခစ် ခစ် ... ငါ့ကိုလုပ်တဲ့ကောင်မလေး လုလုပပကြ ကလဲ့စားပြန်ချေမယ်"

ဟန်ယုယုက သဘောကျစွာ ရယ်မောပြောဆိုပြီး လဲကျ သည့်ဟန်စုစုကို ခြေထောက်ကလေးဖြင့် မသိမသာ ခတ်လိုက်ပြ သည်။ ဟန်စုစုကား အစ်မဖြစ်သူ ပြုသမျှ နုရပေတော့မည်။

သူမ တွေ့မြင်ခဲ့ရသော အသည်းထိတ်စိတ်လှုပ်ရှားဖွယ်မြင် ကွင်းကို မည်သူ့ကိုမျှမပြောနိုင်တော့။ သူ ဘာမျှမလုပ်နိုင်တော့

ဟန်ယုယု၏သွေးကြောပိတ်ခြင်းကို ခံလိုက်ရသဖြင့် ကြမ်းပြ ပေါ်တွင် ခွေခွေကလေး ရှိနေတော့သည်။



ဟန်ယုယု စိတ်လွတ်ကိုယ်လွတ်ပင် ရယ်မောလိုက်ပြီး သူမ စဉ်ဆောင်ရွက်စရာရှိသည်ကို လုပ်ကိုင်သည်။ ထို့နောက် ပေါ့ပါး ပွက်လက်စွာပင် အခန်းထဲမှ ပြေးလွှားထွက်ခွာသွားတော့သည်။

❖

လီကျင်းဆွေသည် သူရရှိသည့် အခန်းကလေးအတွင်းမှ က်ဖျာပေါ်တွင် တစ်ယောက်တည်း လဲလျောင်းနေ၏။ ထိုအခန်း လေးထဲတွင် သူနှင့်အတူ ဂူဆန်ကွေးပါ အနားယူအိပ်စက်ရမည် သော်လည်း၊ ဂူဆန်ကွေးမှ မြင်းစာကျွေးရန်နှင့် မနက်ခရီးဆက် အတွက် စီစဉ်စရာရှိသည်တို့ကို စီစဉ်ဖို့ အပြင်ထွက်သွားသည်။

ထို့ကြောင့် သူတစ်ယောက်တည်း မြက်ဖျာထက်တွင် လဲ လျောင်းနေခြင်း ဖြစ်၏။ သို့သော် အိပ်ပျော်ခြင်းကား မရှိသေး။ သူ့ င်းထဲတွင်လည်း အတွေးပေါင်းစုံတို့က ရောက်နေသည်။

အဓိကအချက်မှာ တစ်ကောင်ကြွက်လိုဖိန်၏အန္တရာယ်စက် အောက်မှ လွတ်မြောက်နိုင်ရေးဖြစ်၏။ ဒုတိယအချက်ကား သိုင်း ကကသားများ သူ့အပေါ်တွင် ထင်ရှိနေသည့် သံသယကြေးကို ကြေအလည်ဖြေရှင်းနိုင်ရေးဖြစ်၏။

ဟန်ယုယုက ပြောနေရင်းမှ ဟန်စုစုအနီးသို့ ချဉ်းကပ်
ရောက်ရှိသည်။ ထိုအချိန်တွင် ဟန်စုစုသည် ပြတင်းပေါက်မှ တစ်ဆင့်
အသည်းထိတ်စိတ်လှုပ်ရှားဖွယ် မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရ
သည်။

ထို့ကြောင့် ဟန်ယုယုအနီးသို့ ချဉ်းကပ်လာသည်ကို သတိမ
ထားမိ။ စိတ်အာရုံ ပွံ့လွင့်သွား၏။ ဟန်ယုယု၏လက်ချောင်းကလေး
များက သူမ၏ပျော့ခွေမေ့ကြောကို ထိုးပိတ်လိုက်သည်။ ဟန်စုစု
ရှောင်တိမ်းခြင်းမပြုနိုင်။ သွေးကြောပိတ်ခံရကာ ပျော့ခွေမေ့မြော
သွားတော့သည်။

"ခစ် ခစ် ခစ် ... ငါ့ကိုလုပ်တဲ့ကောင်မလေး လှလှပပကြီး
ကလဲ့စားပြန်ချေမယ်"

ဟန်ယုယုက သဘောကျစွာ ရယ်မောပြောဆိုပြီး လဲကျနေ
သည့်ဟန်စုစုကို ခြေထောက်ကလေးဖြင့် မသိမသာ ခတ်လိုက်ပြန်
သည်။ ဟန်စုစုကား အစ်မဖြစ်သူ ပြုသမျှ နုရပေတော့မည်။

သူမ တွေ့မြင်ခဲ့ရသော အသည်းထိတ်စိတ်လှုပ်ရှားဖွယ်မြင်
ကွင်းကို မည်သူ့ကိုမျှမပြောနိုင်တော့။ သူ ဘာမျှမလုပ်နိုင်တော့။

ဟန်ယုယု၏သွေးကြောပိတ်ခြင်းကို ခံလိုက်ရသဖြင့် ကြမ်းပြင်
ပေါ်တွင် ခွေခွေကလေး ရှိနေတော့သည်။



ဟန်ယုယု စိတ်လွတ်ကိုယ်လွတ်ပင် ရယ်မောလိုက်ပြီး သူမ
စီစဉ်ဆောင်ရွက်စရာရှိသည်ကို လုပ်ကိုင်သည်။ ထို့နောက် ပေါ့ပါး
သွက်လက်စွာပင် အခန်းထဲမှ ပြေးလွှားထွက်ခွာသွားတော့သည်။

လီကျင်းဆွေသည် သူရှိသည့် အခန်းကလေးအတွင်းမှ
မြက်ဖျာပေါ်တွင် တစ်ယောက်တည်း လဲလျောင်းနေ၏။ ထိုအခန်း
ကလေးထဲတွင် သူနှင့်အတူ ဂူဆန်ကွေးပါ အနားယူအိပ်စက်ရမည်
ဖြစ်သော်လည်း၊ ဂူဆန်ကွေးမှ မြင်းစာကျွေးရန်နှင့် မနက်ခရီးဆက်
ရန်အတွက် စီစဉ်စရာရှိသည်တို့ကို စီစဉ်ဖို့ အပြင်ထွက်သွားသည်။

ထို့ကြောင့် သူတစ်ယောက်တည်း မြက်ဖျာထက်တွင် လဲ
လျောင်းနေခြင်း ဖြစ်၏။ သို့သော် အိပ်ပျော်ခြင်းကား မရှိသေး။ သူ့
ခေါင်းထဲတွင်လည်း အတွေးပေါင်းစုံတို့က ရောက်နေသည်။

အဓိကအချက်မှာ တစ်ကောင်ကြွက်လိုဖိန်၏အန္တရာယ်စက်
ကွင်းအောက်မှ လွတ်မြောက်နိုင်ရေးဖြစ်၏။ ဒုတိယအချက်ကား သိုင်း
လောကသားများ သူ့အပေါ်တွင် ထင်ရှိနေသည့် သံသယကြေးကို
အကြေအလည်ဖြေရှင်းနိုင်ရေးဖြစ်၏။

ထိုကိစ္စအတွက် သူ့ကိုယ်သူ လိပ်ပြာသန့်သည်။ ထို့အ တ
အဓိကကျသော ဟသ်ာဒေဝီဟန်ယုယုသည်လည်း သူ့အပေါ် ယ
ကြည်မှုရှိလာပြီဖြစ်ကြောင်း နားလည်၏။

နောက်ဆုံးပြဿနာမှာ သူ့နှလုံးသားရေးရာကိစ္စပင်တည်း
သည်အသက်အရွယ်အထိ မိန်းမတွေနှင့် လက်ပွန်းတတီး မနေခဲ့ဘူး
သောသူသည် ဟန်ယုယုနှင့် ရက်ပေါင်းတစ်ရာကျော် အတူတကွ
နေခဲ့ရသည်။

ဟန့်ယုယု၏မူလရုပ်ရည်သည် ခြောက်ပြစ်ကင်းသဲလဲစင် ဖြစ်
သည်ကို သူသိသည်။ သံသယများပြောလျှင် သူလက်ထပ်ယူရမည်
မိန်းကလေးဖြစ်ကြောင်းလည်း သူသိသည်။

သို့သော် အိပ်ပျော်ခဲ့သော သူ့နှလုံးသား ကာလနဂါးသည်
ယခုအချိန်တွင်ကား နိုးထလွန့်လူးစပြုနေပြီ။ အဖက်ဖက်က ပြည့်စုံ
နေသော ဟန်ယုယုအပေါ် သူစိတ်ညွှတ်တိမ်းမူခြင်း အလျဉ်းမရှိ။

အတူနေစဉ်ကာလက သနားကရုဏာစိတ်နှင့်သံယောဇဉ်
ဖြစ်မိသော်လည်း ချစ်မေတ္တာစိတ်ကား စိုးစဉ်းမျှမရှိ။ သူ့ရင်ထဲတွင်
စွဲလမ်းတမ်းတနေသူကလေးကား ဟန်ယုယုနှင့် အပုံကြီးကွာခြားနေ
သည်။ ညီမအရင်းဖြစ်သည့်တိုင် ဟန်စုစုရုပ်ရည်က အကျည်းတန်
လှသည်။



သာမန်မိန်းကလေးတစ်ယောက်ထက်ပင် အကြည့်ရဆိုးလှ
သည်။ သို့သော် အချစ်စိတ်က ဆန်းကြယ်လှ၏။ ကိုရုပ်ဆိုးသော
မိန်းကလေးကိုမှ သူနှစ်နှစ်ကာကာ ချစ်မိသည်။ တမ်းတမ်းမက်မက်
မြတ်နိုးတွယ်တာမိသည်။

ထိုမိန်းကလေးက သူ့အပေါ် တုံ့ပြန်မှုရှိမည်ကို သူရေရာ
သေချာစွာ မသိရသော်လည်း ရှေ့ရေး၊ အနာဂတ် ကောင်းမွန်မည်
မဟုတ်ကြောင်းကိုကား သူနားလည်သည်။

ဟသ်ာမယ်စီစဉ်သည်က သမီးကြီးဟန်ယုယု၏ခင်ပွန်းသည်။
လက်ရှိအခြေအနေအရ သံသယမြူမှောင်များ မကင်းရှင်းသေးသည့်
တိုင် သူသည် ဟန်ယုယု၏ခင်ပွန်းလောင်းအဖြစ်ရောက် ရှိနေသည်။
ထိုစဉ်မှာပင် ...

'ဒေါက် .. ဒေါက် .. ဒေါက်'

အခန်းတံခါးခေါက်သံ ကြားလိုက်၏။ လီကျင်းဆွေ လဲ
လျောင်းနေရာမှ ဆတ်ခနဲထထိုင်သည်။

"ဘယ်သူလဲ"

"ကျွန်မ လိန်လိန်ပါ"

ဟန်ယုယု၏အသံစာစာကလေး ထွက်ပေါ်လာသဖြင့် လီ
ကျင်းဆွေ မျက်မှောင်ကြုတ်၏။

ကမန်းကတန်းပင် တံခါးထဖွင့်ပေးသည်။

"ညကြီး မင်းကြီး ဘာကိစ္စရှိလို့လဲ"

"ထူးဆန်းတဲ့ပစ္စည်းတစ်ခုပြစရာရှိလို့ပါ၊ ကြည့်ချင်တယ်ဆိုရင် ကျုပ်နဲ့လိုက်ခဲ့"

လီကျင်းဆွေ ကြောင်အမ်းအမ်းဖြစ်မိ၏။

"ဘာပစ္စည်းလဲ၊ ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

ဟန်ယုယု မခို့တရို့လေးပြုံးကာ ...

"ကျွန်မတို့အခန်းထဲမှာပါ၊ ဘာပစ္စည်းဆိုတာ ဟိုရောက်ရင် သိရပါလိမ့်မယ်"

စကားဆုံးသည်နှင့် ရှေ့မှပြေးထွက်သွားသည်။ ဘာမှန်းညာမှန်း မသိသော်လည်း လီကျင်းဆွေငေးငိုင်မနေအား။ နောက်မှ ဒရောသောပါး ပြေးလိုက်သည်။ အခန်းထဲရောက်လျှင် ကြမ်းပြင်ပေါ်၌ မြက်ဖျာနှစ်ချပ်ဖြင့် တစ်စုံတစ်ရာကို ဖုံးအုပ်ထားသည်ကို တွေ့လိုက်ရ၏။

"ဒါက ဘာလဲ"

"ဘာလဲဆိုတာ သိချင်ရင် မြက်ဖျာကို လှန်ကြည့်လိုက်လေ၊ အဲ ... နေဦး နေဦး၊ တစ်ချပ်ချင်း လှန်မကြည့်နဲ့နော်၊ ဖျာနှစ်ချပ်စလုံးကို တစ်ပြိုင်နက်တည်းလှန်ကြည့်"



ဟန်ယုယုက သူ့အကြောင်းနှင့် သူ့စကားကိုကြိုတင်ပြော ထားခြင်းဖြစ်၏။ လီကျင်းဆွေ ဘာကိုမျှမစဉ်းစား။ ထူးခြားမှုတစ်စုံ တစ်ရာရှိမည်ဖြစ်သောကြောင့် ခေါ်ပြခြင်းဖြစ်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ဖျာနှစ်ချပ်စလုံးကို တစ်ပြိုင်နက်တည်း ဆွဲလှန်ပစ်လိုက်၏။

"ဟင်"

"ဟာ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် လီကျင်းဆွေ အံ့အားသင့်ကာ အာမေဋိတ်သံထွက်သွား၏။ လီကျင်းဆွေ၏ အာမေဋိတ်သံထက် ဟန်ယုယုအသံက ပိုမိုကျယ်လောင်သွား၏။ မျက်လုံးအပြူးသား ပါးစပ်အပိုင်းသား ဖြစ်မိသည်။

ဘာကြောင့် ဤသို့ဖြစ်ရလေသနည်း။ မြင်ရသောမြင်ကွင်းက မည်သို့မျှ ထင်မှတ်မထားသောမြင်ကွင်း။ ဤသို့ပြောင်းအလဲ ရှိလိမ့်မည်ဟု မယုံကြည်။

ဤမြက်ဖျာနှစ်ချပ်အောက်တွင် ဟန်စုစုကို သူမကိုယ်တိုင် သွေးကြောပိတ်ကာ ဖုံးဖိထားခဲ့သည်။ လီကျင်းဆွေကို ခေါ်ပြကာ မိမိအားပြုလုပ်ခဲ့သည့်အတိုင်း ဟန်စုစုကို ကလဲ့စားချေမည်ဟု စီစဉ်ထားခဲ့၏။

တကယ်တွင်ကား ဟန်စုစုမရှိတော့။ ဟန်စုစုကိုယ်စား အခြား

လူတစ်ယောက် ရောက်ရှိနေခဲ့သည်။ အိမ်စောင့်ဆွံ့အ,နားမကြား သော အဘိုးကြီးပင်တည်း။

အဘိုးကြီးသည် သွေးကြောပိတ်ခံထားရသဖြင့် သတိလစ် မေ့မြောနေသည်။ လက်ထဲတွင် တစ်စုံတစ်ရာကို တင်းကျပ်စွာ ဆုပ် ကိုင်ထားကြောင်း တွေ့ရှိရသည်။

"ညီ ... ညီမလေး ... ညီမလေး ... ဘယ် ... ဘယ်ရောက်သွား ပြီးလဲ၊ ကျွန် ... ကျွန်မ စောစောကပင် သူ့သွေးကြောကို ပိတ်ပြီး ဒီမြက်ဖျာနှစ်ချပ်အောက်မှာ အသေအချာ ထားခဲ့တယ်"

ဟန်ယုယု တအံ့တဩလေးပြောသည်။ သူ့အသံက ထိတ်လန့် မှုဖြင့် တုန်ပင်လှုပ်ခတ်နေသည်။ လီကျင်းချွေရင်ထဲ ဒိတ်ခနဲ ဖြစ်သွား ၏။

ဟန်စုစုအတွက် စိတ်ပူစိုးရိမ်မိသော်လည်း လက်ရှိအခြေ အနေအရ အိမ်စောင့်အဘိုးကြီးကို သတိရအောင် လုပ်ပေးမှဖြစ်မည် ဟု သူ နားလည်သည်။

ပထမဦးစွာ အဘိုးကြီး တင်းကျပ်စွာဆုပ်ကိုင်ထားသော ညာ လက်ကို ဆွဲဖြည်သည်။ လက်ချောင်းကလေးများ ပြန့်ကျပြေလျော့ သွားသည်။ ပစ္စည်းလေးတစ်ခု လက်ဖဝါးပေါ်တွင် ထင်ထင်ရှားရှား ကြီး မြင်ရသည်။



ပြောင်ချောနက်ပြောင်နေသော ကျောက်တုံးကလေးတစ်တုံး။ ကျောက်တုံးနက်ကလေးကို တွေ့လိုက်ရသည်နှင့် ဟန်ယုယုမှာ အလန့်တကြားပင် အော်ဟစ်လိုက်မိသည်။

ဤကျောက်တုံးနက်ကလေးကို သူသိသည်။ တစ်ကောင် ကြွက်လိုဖိန် နေထိုင်ရာမဟူရာတောင်တွင်သာ တွေ့မြင်နိုင်သော ကျောက်တုံးနက်ကလေး မဟုတ်ပါလား။ အဖြေက ရှင်းနေပြီ။

လိုဖိန်သည် သူတို့အား ခြေရာခံမိသွားပြီဆိုသည်မှာ ယုံမှား သံသယဖြစ်ဖွယ်မရှိတော့။ မြင်းလှည်းမောင်းသမား ဂူဆန်ကွေးသည် ဝိဝိရိရိအစီအစဉ်တကျ ခြေရာဖျောက်လှည့်စားခဲ့ပါလျက် လိုဖိန်က အဘယ်သို့လျှင် ခြေရာခံမိသွားရလေသနည်း။

အလွန်စဉ်းစားစရာကောင်းသော ကိစ္စတစ်ရပ်ပင်တည်း။ ဟန်စုစုနေရာတွင် အိမ်စောင့်အဘိုးကြီး အစားထိုးရောက်နေခြင်း၊ အဘိုးကြီးလက်ထဲတွင် ကျောက်တုံးနက်ကလေး ကိုင်ဆောင်ထားခြင်း တို့ကြောင့် ဟန်စုစုသည် လိုဖိန်လက်တွင်းသို့ ကျရောက်သွားရှပြီကို စဉ်းစားစရာပင်မလိုတော့။ ဘယ်လိုတွေ ဖြစ်ကုန်ကြပြီလဲ။

မာလုထုံသည် ဒဏ်ရာပျောက်ကင်းစ ဖြစ်သရွေ့ အရောရာတွင် ဘာကိုမျှဂရုမစိုက်ဘဲ စိတ်ချလက်ချ ရှိတတ်သူမို့ နှစ်ခြိုက်စွာပင် အိပ်စက်ပစ်လိုက်သည်။

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ အိပ်မက်ထဲတွင် ထိတ်လန့်ချောက်ချားဖွယ်တို့ကို မြင်မက်မိသဖြင့် လန့်ဖျပ်ကာ နိုးလာ၏။ နိုးနိုးချင်းပင် ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်လေသည်။

သူနှင့်အတူ တစ်ခန်းတည်းကျသော ကွေးတိန်ရန်ကို မတွေ့ရတော့။ ကွေးတိတ်ရန်သာမက သူ့အတွက် မြက်ဖျာကလေးပင် ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ကိုတွေ့ရ၏။

မာလုထုံ ဆက်မအိပ်နိုင်တော့။ စိတ်ထဲတွင် သံသယဝင်သည်။ ကွေးတိတ်ရန် ဘယ်ကိုထွက်သွားလေသနည်း။ ဘာကြောင့် ပျောက်သွားရလေသနည်း။

ချက်ချင်းပင် အခန်းတစ်ခုလုံးကို စစ်ဆေးသည်။ ပြတင်းတံခါးနှင့် အခန်းတံခါးတို့က ခြေရာလက်ရာမပျက်။ ချက်ချထားသည်။ အခန်းတံခါးများ သေချာပိတ်ပါလျက် ကွေးတိတ်ရန် ပျောက်ဆုံးနေခြင်းက ထူးဆန်းနေသည်။

စဉ်းစားစရာ ကောင်းနေသည်။ အကြောင်းတစ်ခုခုကြောင့် အပြင်ကို ထွက်သွားလေသလား။ မဟုတ်နိုင်။



အပြင်ထွက်သွားလျှင် တံခါးပွင့်နေရမည်။ အခု ဘာကြောင့် တံခါးမှာ ခြေရာလက်ရာမပျက်ပင် ရှိနေ၏။ ဟုတ်ပြီ ... သည်အခန်းထဲမှာ လျှို့ဝှက်တံခါးပေါက်တွေ ရှိလိမ့်မယ်။

မာလုထုံအတွေးနှင့်အတူအခန်းထဲ နေရာအနှံ့ လိုက်ကြည့်သည်။ အသေအချာ အထပ်ထပ်ကြည့်သည့်တိုင် လျှို့ဝှက်တံခါးပေါက်ကိုမတွေ့ရ။ တံခါးပေါက်သာမက လျှို့ဝှက် ခလုတ်များကိုပင် မတွေ့ခဲ့ရ။

မာလုထုံ လက်လျှော့လိုက်သည်။ ကွေးတိတ်ရန် မြေလျှိုးသွားပြီလား။ မိုးပျံသွားပြီလား။ အခိုးအငွေ့အဖြစ် ပျောက်သွားပြီလား။ မဖြစ်နိုင်။ မိမိတို့နှင့် ပူးပေါင်းရန်ဆန္ဒပြုခဲ့ပြီးမှ အဘယ်ကြောင့် တိတ်တဆိတ် ထွက်ခွာသွားရလေသနည်း။

မာလုထုံ သိပ်မစဉ်းစားနိုင်။ ကွေးတိတ်ရန်ကို ရှာဖွေရန် အခန်းအပြင်ဘက်သို့ ထွက်လာခဲ့တော့သည်။ ထိုအချိန်တွင် လီကျင်းဆွေနှင့်ဟန်ယုယုတို့နှစ်ယောက် အတူတွဲလျက် အခန်းတစ်ခုထဲမှ ထွက်လာကာ စင်္ကြံအတိုင်း လျှောက်သွားသည်ကို မြင်ရ၏။

လှမ်းခေါ်ကာ အကျိုးအကြောင်းပြောပြရန် စိတ်ကူးလိုက်သေး၏။ သို့သော် တစ်စုံတစ်ရာကို စဉ်းစားမိကာ ငြိမ်းလိုက်လေသည်။

မိမိကြောင့် အနှောင့်အယှက်ဖြစ်နေမည်ဟု စိတ်ကိုထိန်းလျက် မခေါ်တော့ဘဲ အိမ်အပြင်ဘက် ခြံဝင်းထဲသို့ ထွက်လာခဲ့တော့သည်။ ခြံဝင်းကြီးမှာ ပြုပြင်မွမ်းမံထားသူမရှိဘဲ ပစ်စလက်ခတ်ထားသည်မှာ ကြာမြင့်ပြီဖြစ်ပုံရ၏။

ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ရှုပ်ထွေးနေသည်။ မြက်ပင်ရိုင်းကြီးများက တောထနေသည်။ မာလုထုံသည် ကျောက်ပြားခင်းစကြြံလမ်းကလေးအတိုင်း လရောင်ကိုအားပြုကာ လျှောက်လာခဲ့သည်။ အတန်ငယ် လျှောက်မိလျှင် ...

'ရှူး ... ရှီ'

အသက်ရှူသံပြင်းပြင်းတစ်ချက်ကို ကြားလိုက်ရ၏။ မာလုထုံ စိတ်ထဲ ထိတ်ခနဲဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် အသင့်ပြင်ဆင်ကာကွယ်လျက် အသံကြားရာဆီသို့ ရိပ်ခနဲခုန်ပျံဝင်ရောက်လိုက်သည်။ ရေအိုင်ကလေးတစ်ခုအနီးတွင် လူရိပ်တစ်ရိပ်ကိုတွေ့လိုက်ရ၏။

"ဘယ်သူလဲ"

ပါးစပ်မှ အော်ဟစ်မေးမြန်းရင်း လူကလည်း လူရိပ်အနီးသို့ လှစ်ခနဲရောက်ရှိသည်။

လူရိပ်ကို သဲကွဲစွာမြင်လိုက်ရသောအခါတွင်ကား မာလုထုံမှာ အံ့အားသင့်ခြင်းနှင့်အတူ ပင့်သက်ကိုချလိုက်မိ၏။



"ဟင် ... နောင်ကြီး ရှောင်ရှုံးပါလား၊ ဒီမှာဘာလာလုပ်နေတာလဲ"

လခြမ်းကွေး ဓားသမားကြီး ရှောင်ရှုံးကို တင်ပျဉ်ခွေထိုင်လျက်သား တွေ့ရ၏။ ရှောင်ရှုံးက တင်ပျဉ်ခွေထိုင်ရာမှ မတ်တပ်ရပ်လာသည်။

"ကောင်းကောင်းအိပ်လို့မရတာနဲ့ ဒီရေကန်လေးအနားမှာလာပြီး သွေးလည်ပတ်မှု လုပ်နေတာပါ"

ရှောင်ရှုံးက တည်ငြိမ်စွာပင်ဖြေသည်။ မာလုထုံသည် ရှောင်ရှုံးနှင့် နှစ်ယောက်ချင်းတွေ့သည့်အခါတွင်မှ သူ့သွေးသောက်ညီတော် မော်လူအင်းကို ဖျတ်ခနဲ သတိရသည်။ လာရင်းကိစ္စဖြစ်သော ကွေးတိတ်ရန် ပျောက်ဆုံးနေခြင်းကိုသတိမရတော့။

"ကျုပ်ရဲ့ သွေးသောက်ညီတော် မော်လူအင်းတစ်ယောက် အခု ဘယ်မှာရှိသလဲဗျာ"

ထိုအမေးစကားကို ရှောင်ရှုံးနှင့် တွေ့စကတည်းက မေးလိုလှသော်လည်း ခွင့်မသာခဲ့သဖြင့် မမေးရခြင်းဖြစ်သည်။ ရှောင်ရှုံးက တည်ငြိမ်စွာပင် ...

"မော်လူအင်းက ဓားပြမှု လူသတ်မှုတွေ ကျူးလွန်ထားတဲ့လူပဲ၊ သူ့ကို ချင်တူးမြို့က အာဏာပိုင်တွေလက်ထဲအပ်ထားလိုက်ပြီ"

ထိုစဉ် အိမ်ကြီးဆီမှ ဟန်ယုယု၏ အထိတ်တလန့်အော်ဟစ်လိုက်သော အသံကို ကြားလိုက်ရ၏။

"ဟာ ... အိမ်ကြီးထဲမှာ ဘာတွေဖြစ်နေတယ် မသိဘူး၊ ကျုပ်သွားကြည့်လိုက်ဦးမယ်"

မာလုထုံ စိုးရိမ်တကြီး ပြောပြီးလျှင် အိမ်ကြီးဆီသို့ အလျင်အမြန်ပင် ပြန်လှည့်ပြေးလာတော့သည်။

လီကျင်းဆွေသည် ခြံစောင့်အဘိုးကြီးအား ပိတ်ဆို့နေသော သွေးကြောတို့ကို ဖြေဖွင့်ပေးသည်။

သူ့သွေးကြောဖွင့်ပေးပြီးချိန်မှာပင် မာလုထုံ အပြေးတစ်ပိုင်းရောက်ရှိလာသည်။ မာလုထုံနှင့် မရှေးမှနှောင်းပင် မြင်းလှည်းသမား ဝူဆန်ကွေးလည်း ရောက်လာ၏။

"ဘယ်လိုဖြစ်ကြတာလဲ"

မာလုထုံက စိုးရိမ်တကြီးလေသံဖြင့်မေးသည်။ လီကျင်းဆွေသက်ပြင်းတစ်ချက်ချကာ ...

"ဒီခြံစောင့်အဘိုးကြီးကို ... တစ်ယောက်ယောက်ကသွေးကြောပိတ်ထားခဲ့လို့ပါ။ အခုသွေးကြောဖွင့်ပေးပြီး မေးမြန်းကြည့်တော့လည်း ဒီက နားလေးပြီး ဘာမှမပြောတတ်ဖြစ်နေတယ်"

"တောက် ... ဘာမှမလုပ်နိုင်, မကိုင်နိုင် မဆီမဆိုင်တဲ့ ဒီအိမ်စောင့်အဘိုးကြီးကို ဘာသဘောနဲ့ ဒီလိုလုပ်သွားရတာလဲ တော်တော်ထူးဆန်းတာပဲ"

မြင်းလှည်းသမား ဝူဆန်ကွေးက မကျေမနပ်သံဖြင့် ဝင်ရောက်ပြောသည်။

"အဲဒါတော့ မပြောတတ်ဘူး၊ အကြီးအစည်တစ်ခုခုရှိလို့နေမှာပေါ့"

"ဒါ ဘယ်သူ့လက်ချက်ဖြစ်မယ်ထင်သလဲ"

လီကျင်းဆွေ နှုတ်မှမဖြေ။ ညာလက်ဝါးတွင် ဆုပ်ကိုင်ထားသာ ကျောက်တုံးနက်ကို ဖြန့်ပြလိုက်၏။

"ဟင် တစ်ကောင်ကြွက်လိုဖိန် ဟုတ်လား"

"သူကလွဲလို့ ဘယ်သူရှိဦးမှာလဲ"

"လိုဖိန် ဒီနေရာကို ဘယ်လိုလုပ်ရောက်လာရတာလဲ၊ ကျွန်တ်စီစဉ်တာ ဘာမှလွတ်ကွက်ဟာကွက်မရှိပါဘူး"

ဝူဆန်ကွေး သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် ဝင်ပြောည်။ ဟန်ယုယုက ဝူဆန်ကွေးမျက်နှာကို စေ့စေ့ကြည့်ကာ ...

"ကျွန်မ စဉ်းစားမိတာတစ်ခုရှိတယ်"

"ဘာစဉ်းစားမိလို့လဲ"

"လူယုတ်မာလိုဖိန်ဟာ သိပ်ပြီးနားအကြားအာရုံကောင်း
တယ်၊ ရှင်တို့မြေအောက်လိုဏ်ခေါင်းထဲဝင်ပြီး တူးဖော်တဲ့အသံတွေ
ကို သူကြားသိသွားလိမ့်မယ်၊ ဘာမှလှုပ်ရှားတာမဟုတ်ဘဲ တစ်ချိ
လုံးစောင့်ပြီး အကဲခတ်ကြည့်နေခဲ့တာကော မဖြစ်နိုင်ဘူးလား"

"ယုယုပြောတာ ဖြစ်နိုင်မယ်မထင်ဘူး၊ ငါ့အထင်တော့ ဒီကိ
မှာ ... ကွေးတိတ်ရန်ဟာ သစ္စာဖောက်သူလျှိုဖြစ်လိမ့်မယ် ထ
တယ်"

မာလုထုံက သူ့ထင်မြက်ချက်ကို အလေးအနက်ပင် ဝင်ရော
ပြောဆိုသည်။ လီကျင်းဆွေက ဒေါသံဖြင့် ...

"ဘာလဲ ... ကွေးတိတ်ရန်က လမ်းတစ်လျှောက်မှာ အမှ
အသားတွေ ချခဲ့ပြီး လိုက်လာနိုင်အောင် လုပ်ပေးခဲ့တယ်လို့ ခင်ဗျ
ဆိုလိုချင်တာလား။ ဒါက လွယ်ပါတယ်၊ သူ အခုဘယ်မှာလဲ၊ သူ
စစ်ဆေးကြည့်လိုက်ရင် အဖြေပေါ်မှာပေါ့"

စိတ်ခာတ်မြန်သလောက်ပင် အခန်းအပြင်ဘက်သို့ ခြေလှ
ထွက်ဟန်ပြင်သည်။ မာလုထုံ ပျာပျာသလဲပင် ...

"လီကျင်းဆွေ ခဏနေဦး"



"ဘာလဲဗျာ ကွေးတိတ်ရန်ဟာ သစ္စာဖောက်သူလျှိုဆို၊ ဒီလို
လူကို ချက်ချင်းဖော်ထုတ် စစ်ဆေးမှုဖြစ်မှာပေါ့၊ ခင်ဗျားက ဘာ
ကြောင့် တားနေရတာလဲ"

"ကွေးတိတ်ရန် မရှိတော့ဘူးကွာ"

မာလုထုံ သူ့အခန်းထဲမှာ ကွေးတိတ်ရန် ပျောက်ဆုံးသွားပုံ
ကိုပြောပြလိုက်၏။ ပြီးလျှင် ...

"ငါ့အထင်တော့ ဒီကောင် လှို့ဂှက်မြေအောက်ခန်းက အသာ
လစ်ထွက်သွားတယ် ထင်တယ်"

သူ ထင်မြင်ချက်ဖြင့် မှတ်ချက်ချ၏။ လီကျင်းဆွေ မျက်
မှောင်ကြီးကြုတ်ကာ ...

"ခင်ဗျားအခန်းထဲမှာ ရှာမကြည့်ဘူးလား"

"ရှာတော့ရှာတာပဲ ဘာမှမတွေ့ဘူး"

"ကွေးတိတ်ရန် ကိုယ်ယောင်ဖျောက်ပြီးတော့ ထွက်မသွား
င်ဘူးဗျာ၊ ခင်ဗျားရှာတာ မျက်စိရှမ်းလို့၊ မသေချာလို့ ဖြစ်ရင်
်လိမ့်မယ်၊ လာ ... ကျွန်တော်တို့အားလုံး တစ်ခေါက်ပြန်ပြီး စစ်
းကြည့်ရအောင်၊ ထင်သာမြင်သာရှိအောင် မီးတုတ်တွေ မီးအိမ်
ွ ယူလာခဲ့ကြဗျာ"

မီးအိမ် မီးတုတ်တို့ကို ဂူဆန်ကွေးနှင့် ခြံစောင့်အဘိုးကြီးက

စီစဉ်ပေးသည်။ ထို့နောက် မာလုထုံအခန်းဘက်ဆီသို့ လျှောက်လာခဲ့ကြသည်။

လူအင်အားကောင်းခြင်း၊ အလင်းရောင် လုံလုံလောက်လောက် ရရှိခြင်းတို့ကြောင့် သိပ်ကြာကြာမရှာလိုက်ကြရ။ အခန်းတံခါးပေါင်၏အဝှက်ခလုတ်ကလေးတစ်ခုကို တွေ့ရှိလိုက်ကြရသည်။

ခလုတ်ကလေးက လက်မသာသာလောက်ရှိသည်။ ပိရိသေသပ်သလို ပန်းကနုတ်များအကြားတွင် လျှို့ဝှက်စွာရောယှက်ထားရှိသဖြင့် ခလုတ်ကို မာလုထုံ ရှာမတွေ့ခြင်းဖြစ်၏။ ခလုတ်ကလေးကို လက်မနှင့် အသာဖိလိုက်လျှင် ...

'ကျီ'

အခန်း၏ဘယ်ဘက်နံရံဆီမှ နှစ်ပေပတ်လည်အပေါက်ကလေးတစ်ခုထွက်ပေါ်လာသည်။ မာလုထုံက ဦးဆောင်ကာ ထိုအပေါက်ကလေးထဲသို့ ခေါင်းလျှိုဝင်ကြသည်။

အောက်ဘက်တွင်ကား လှေကားထစ်များနှင့် မြေအောက်ဥမင်လမ်းကြောင်းတစ်ခု ဖြစ်၏။ ဥမင်လမ်းကလေးကား ကျဉ်းမြောင်းလှသည်။ လူနှစ်ယောက် မလျှောက်သာ။ အောက်ခြေတွင် ရေစပ်စပ်ဖြင့် စွတ်စွတ်စိုစိုရှိနေသည်။ လမ်းကလေးက သိပ်မရှည်လျား၊ ဆယ်ကိုက်သာသာခန့်သာ ရှိသည်။



လမ်းအဆုံးတွင် တွင်းတစ်ခု၏အဝဖြစ်နေ၏။ ရေတွင်းမှာ ရေတွင်းပျက်ကြီးဖြစ်၏။ အထဲတွင် ရေမရှိ။ ရှေ့မှဦးဆောင်လျှောက်သော မာလုထုံသည် ရေတွင်းအဝသို့ရောက်လျှင် အထိတ်တလန့်ဖြင့်

"ဟော ... တွေ့ပြီ ... တွေ့ပြီ"

သူ့အသံကြောင့် လူအားလုံး ရှေ့သို့ ခေါင်းပြူကာကြည့်လိုက်ကြသည်။ မြက်ဖျာဖြင့် ရစ်ပတ်လဲလျောင်းနေသော လူတစ်ယောက်။ ကွေးတိတ်ရန့်ပင်တည်း။

သို့သော် ကွေးတိတ်ရန်ကား အသက်ရှိမနေတော့။ ကွေးတိတ်ရန့်၏အလောင်းကို အသေအချာပင် စစ်ဆေးကြည့်ရှုကြသည်။ ဒဏ်ရာဟူ၍ တစ်ချက်မျှမတွေ့။ သွေးတစ်စက်မျှ မထွက်။ အသက်သေဆုံးစေသော သွေးကြောကွက်ကို ထိုးပိတ်ကာ သတ်ဖြတ်သွားခြင်းပင်တည်း။

"သူက ဘာကြောင့်အသတ်ခံရတာလဲ"

ဟန်ယုယုနားမလည်နိုင်သော လေသံဖြင့် မေးသည်။ မာလုထုံ ခပ်ပေါ့ပေါ့ပင် ...

"ဒါကတော့ သစ္စာဖောက်တို့ သွားရာလမ်းအတိုင်းပဲပေါ့"

"ဒါဆိုရင် လိုဖိန်က နှုတ်ပိတ်ပစ်လိုက်တာပဲဖြစ်ရမယ်"

ဂူဆန်ကွေး မှတ်ချက်ချသည်။

လီကျင်းဆွေ သက်ပြင်းလေး လေးချရင်း ... "ဒီလိုပဲပေါ့ဗျာ"

သူ့လေသံက စိတ်ပါလက်ပါမရှိ၊ သူ့စိတ်ထဲတွင် စိုးရိမ်သောက တို့ လှိုင်းထနေသည်။ ဟန်စုစုပျောက်ဆုံးနေခြင်းသည် လိုဖိန်၏လက်ချက်ဖြစ်ကြောင်း ထင်ရှားနေပြီ။

လိုဖိန်သည် မည်မျှကောက်ကျစ်ယုတ်မာကာ လူမဆန်စွာ ရက်စက်တတ်သည်ကို သူ မျက်မြင်ကိုယ်တွေ့။ မကြံကောင်း မစည်အပ်သော အကြံအစည်တို့ကိုပင် ကြံစည်သောသူတစ်ယောက်။

ထိုလူမျိုးလက်ထဲသို့ ရောက်ရှိသွားသည့် ဟန်စုစု၏ဘဝ ကံကြမ္မာက ကောင်းလာနိုင်ပါဦးမည်လား။ အသက်မှ ရှိပါသေးရဲ့လား။ အကျည်းတန်မလေး၏ဘဝအလှတွေဟာ မပျက်မယွင်း ရှိမှရှိပါသေးရဲ့လား။

❋ ❋ ❋



# အခန်း (၁၉)

လီကျင်းဆွေတို့လူသိုက် ဘာမျှမဖော်သာဘဲ ကွေးတိတ်ရန် ၏အလောင်းကို သည်အတိုင်းထားရစ်ကာ မြေအောက်လမ်းကလေး မှ ပြန်ထွက်လာခဲ့သည်။ လီကျင်းဆွေ၏ရင်ထဲတွင်ကား ဗလောင်ဆူ လျက် ရှိနေသည်။

အန္တရာယ်သည် မိမိတို့နီးအနားတွင် ရစ်ပိုင်းနေချေပြီ။ ပထမ ဦးစွာ ဟန်စုစုပျောက်ဆုံးသွားခဲ့သည်။ ဒုတိယ အိမ်စောင့်အဘိုးကြီး သွားကြောပိတ်ခံခဲ့ရလေသည်။ တတိယ ကွေးတိတ်ရန် အသတ်ခံခဲ့ရ သည်။ နောက်ထပ် ဘာတွေများ ဆက်လက်ဖြစ်ပျက်လေဦးမည် ည်း။

ထိုအတွေးနှင့်အတူ သူ့လူများကို စိုးရိမ်မကင်းစွာ ကြည့်မိ ည်။ သည်တော့မှ သူတို့လူစုထဲတွင် လူတစ်ယောက်ပျောက်နေသည် ို သတိပြုမိတော့သည်။

"ဟင် ရှောင်ရှုံး ... ဆရာကြီးရှောင်ရှုံး ဘယ်ကိုရောက်နေလဲ"

လီကျင်းဆွေ သက်ပြင်းလေး လေးချရင်း ... "ဒီလိုပဲပေါ့ဗျာ' သူ့လေသံက စိတ်ပါလက်ပါမရှိ၊ သူ့စိတ်ထဲတွင် စိုးရိမ်သောက တို့ လှိုင်းထနေသည်။ ဟန်စုစုပျောက်ဆုံးနေခြင်းသည် လိုဖိန်၏လက်ချက်ဖြစ်ကြောင်း ထင်ရှားနေပြီ။

လိုဖိန်သည် မည်မျှကောက်ကျစ်ယုတ်မာကာ လူမဆန်စွာ ရက်စက်တတ်သည်ကို သူ မျက်မြင်ကိုယ်တွေ့။ မကြံကောင်း မစည်အပ်သော အကြံအစည်တို့ကိုပင် ကြံစည်သောသူတစ်ယောက်။

ထိုလူမျိုးလက်ထဲသို့ ရောက်ရှိသွားသည့် ဟန်စုစု၏ဘဝ ကံကြမ္မာက ကောင်းလာနိုင်ပါဦးမည်လား။ အသက်မှ ရှိပါသေး ရဲ့လား။ အကျည်းတန်မလေး၏ဘဝအလှတွေဟာ မပျက်မယွင်း ရှိမှရှိပါသေးရဲ့လား။

* * *



## အခန်း (၁၉)

လီကျင်းဆွေတို့လူသိုက် ဘာမျှမတွေ့ရသဘဲ ကွေးတိတ်ရန်၏အလောင်းကို သည်အတိုင်းထားရစ်ကာ မြေအောက်လမ်းကလေးမှ ပြန်ထွက်လာခဲ့သည်။ လီကျင်းဆွေ၏ရင်ထဲတွင်ကား ဗလောင်ဆူလျက် ရှိနေသည်။

အန္တရာယ်သည် မိမိတို့နှီးအနားတွင် ရစ်ဝိုင်းနေချေပြီ။ ပထမဦးစွာ ဟန်စုစုပျောက်ဆုံးသွားခဲ့သည်။ ဒုတိယ အိမ်စောင့်အဘိုးကြီး သွေးကြောပိတ်ခံခဲ့ရလေသည်။ တတိယ ကွေးတိတ်ရန် အသတ်ခံခဲ့ရသည်။ နောက်ထပ် ဘာတွေများ ဆက်လက်ဖြစ်ပျက်လေဦးမည်နည်း။

ထိုအတွေးနှင့်အတူ သူ့လူများကို စိုးရိမ်မကင်းစွာ ကြည့်မိသည်။ သည်တော့မှ သူတို့လူစုထဲတွင် လူတစ်ယောက်ပျောက်နေသည်ကို သတိပြုမိတော့သည်။

"ဟင် ရှောင်ရှွး ... ဆရာကြီးရှောင်ရှွး ဘယ်ကိုရောက်နေလဲ"

လီကျင်းဆွေ အထိတ်တလန့်မေးမှ မာလုထုံသည်လည်း သတိရလာ၏။

"အေး ဟုတ်တယ် ... ယုယုအော်သံကြားတုန်းက ငါနဲ့ရှောင်ရှုံး ခြံဝင်းထဲမှာ အတူတူရှိနေကြတာပဲ၊ ငါ မင်းတို့ဆီ အပြေးအလာမှာ သူလည်း လိုက်လာခဲ့တယ်လို့ထင်နေတာ၊ အခုမှ သတိရတယ် ... သူ ဘယ်ရောက်နေသလဲ"

လူအားလုံး ပျာယာခတ်သွား၏။ အားလုံးသာ ဆိုရသည် ခြောက်ယောက်သာရှိသည်။ သူတို့လူစုတွင် သုံးယောက် သေပျောက်ခြင်းဖြစ်သဖြင့် သုံးယောက်တည်းသာ ကျန်တော့၏။ သူတို့သုံးယောက်စလုံး ထိတ်လန့်တုန်လှုပ်ကုန်၏။

လခြမ်းဓားကွေး ရှောင်ရှုံး ဘယ်ကိုရောက်နေလေသနည်း။ အိမ်အတွင်းမှ အော်သံကြားလျက်နှင့် အဘယ်ကြောင့်လိုက်မလာခဲ့လေသနည်း။ ကွေးတိတ်ရန်နည်းတူ သူ့လက်ချက်မိသွားခဲ့လေပြီလား။ ဘာကိုမှ ဆက်မတွေးဝံ့တော့။ လီ ကျင်းဆွေစိတ်မချမ်းသာသော အသံဖြင့် ...

"ကျုပ်တို့အားလုံး အခုဆိုရင် ရန်သူ့ထောင်ချောက်ထဲမှာ ပိတ်မိသလိုဖြစ်နေကြပြီ"

"ဟုတ်တယ် ... ပထမ စုစုပျောက်တယ်၊ နောက် ကွေးတိတ်



ရန် လုပ်ကြံခံရတယ်၊ အခုတစ်ခါ နောင်ကြီးရှောင်ရှုံးပျောက်ဆုံးနေပြန်တယ်၊ မင်းပြောသလိုပဲ တို့ဟာ ရန်သူထောင်ချောက်ထဲ ပိတ်မိနေပြီနဲ့ တူတယ်"

မာလုထုံက ထောက်ခံစကားဆိုသည်။

"လိုဖိန်ဟာ ဒီအိမ်ဂေဟာကြီးအကြောင်းကို ကောင်းကောင်း သိထားပုံရတယ်၊ ဒီအိမ်ဂေဟာကြီးအထဲမှာ ဆက်နေကြရင် ကျုပ်တို့ တစ်ယောက်ပြီးတစ်ယောက်အမှည့်ခြွေခြွေသလို ရန်သူ့လက်ချက်မိမှာ သေချာနေတယ်"

"ဒီတော့ တို့ဘယ်လိုဆက်လုပ်ကြမလဲ"

လီကျင်းဆွေ စကားဆက်မပြောသေး။ တစ်ယောက်ချင်းကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုသည်။ အားလုံးမှာ သူ့စကားကို အာရုံစိုက်နားစွင့်နေကြသည်ကို တွေ့မှ ...

"ဒီတော့ ကျုပ်ပြောတာကို နားထောင်ကြ ... ခင်ဗျားတို့အားလုံး ဒီအိမ်ကြီးထဲက အခုချက်ချင်းထွက်သွားကြရင် ကောင်းလိမ့်မယ်"

ဆုံးဖြတ်ချက်ချပြီးဟန်နှင့် ပိုင်ပိုင်နိုင်နိုင်ကြီး ပြောချလိုက်၏။ ဟန်ယုယုက တအံ့တသြအမူအရာဖြင့် ကြည့်ကာ ...

"ကျွန်မတို့ကို ထွက်သွားခိုင်းတာကတော့ဟုတ်ပါပြီ ... ရှင်ကရော"

"ကျူပ် ... ကျူပ်ကတော့ ... ကျူပ်ကတော့"

"အဟင်း ဟင်း ... ကျွန်မသိပါတယ်၊ ရှင် ဒီမှာနေခဲ့ပြီး ဘာဆက်လုပ်မလဲဆိုတာ ကျွန်မနားလည်ပါတယ်၊ ရှင် စုစုကို မတွေ့တွေ့အောင် ရှာမလို့မဟုတ်လား"

"ကျူပ်သူ့ကို မရှာသင့်ဘူးလား"

"မရှာသင့်ဘူးလို့ မပြောပါဘူး၊ ရှာတော့ ရှာသင့်ပါတယ်၊ ဒါပေမဲ့ လူယုတ်မာကြီးလိုဖိန်ရဲ့ လက်ထဲရောက်သွားတဲ့လူကို ရှင်ကယ်တင်လို့ရမယ်ထင်နေသလား"

"ရတာ့မရတာ ကျူပ်မသိဘူး။ သူ့ကိုရှာရမယ် ... မရရအောင်ရှာရမယ်ဆိုတာပဲ ကျူပ်သိတယ်"

"ရှင်က သူ့ကိုပဲ တွေးပူတာကိုး၊ သူ့ကိုပဲ သတိရနေတာပဲကိုး၊ ရှင် ... ရှင်ဟာ သိပ်ပြတ်သားလွန်းတယ်၊ သိပ်တင်းမာလွန်းတယ်၊ တစ်ဖက်စောင်းနင်းကျလွန်းတယ်၊ သူကလွဲရင် ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘူး၊ တကယ်ဆိုရင် ကျွန်မ ... ကျွန်မ"

ဟန်ယုယု စကားဆုံးအောင် မပြောနိုင်၊ တုန်ယင်လှုပ်ခတ်သော အသံကို မထိန်းချုပ်နိုင်။ မျက်ရည်များစီးကျလာခြင်းပင်တည်း။ ရှိုက်သံများက တအင့်အင့် ထွက်ပေါ်လာခြင်းပင်တည်း။ ဟန်ယုယုအဘယ်ကြောင့် ဝမ်းပန်းတနည်း ငိုရှိုက်နေရလေသနည်း။ နာကြည်း



ခံပြင်းသောစကားတို့ကို ပေါက်ကွဲစွာ ထွက်ပေါ်လာရလေသနည်း၊ လီကျင်းဆွေသိသည်။

သိသည်မှာ ရင်ထဲတွင် တသိမ့်သိမ့်လှိုက်ဖိုအောင် သိသည်၊ သို့သော် သူ ဘာများတတ်နိုင်ပါမည်နည်း။ နှုတ်ဆိတ်နေရုံမှအပ သူ့တွင်အဖြေမရှိ။ ဟန်ယုယု အားရအောင်ငိုသည်။ ထို့နောက် မျက်ရည်သုတ်ကာ စိတ်ကိုတင်းသည်။ အံကလေးကို စေ့စေ့ကြိတ်သည်။

"ရှင် ဒီလောက်တောင် သူ့ကိုရှာချင်တယ်ဆိုရင်တော့ နေခဲ့ပေတော့ ... ကျွန်မတို့တော့ သွားတော့မယ်"

ဟန်ယုယုခေါင်းကလေးကို ဆတ်ခနဲ လှည့်သည်။

တင်းမာတော့မည်။ ပြတ်သားတော့မည်။ ကျောခိုင်းထွက်သွားတော့မည်။

သို့သော် တင်းမာခြင်းက ပျော့ပျောင်းသောနှလုံးသားကို ထိုးမဖောက်နိုင်။ ပြတ်သားခြင်းက ရင်တွင်းသံယောဇဉ်ကို မဟန့်တားနိုင်။ ခေါင်းလှည့်သော်လည်း ခြေထောက်က လှမ်းမရ၊ အစွမ်းကြီးမားသော နှောင်ကြိုးမျှင်က ရစ်ပတ်တုပ်နှောင်ထားသည်။

စိတ်တင်းသော်လည်း ရင်တွင်းက မချမ်းမြေ့။ မိမိချစ်ရလေသောသူ၊ မိမိတိတ်တခိုးမြတ်နိုးရလေသောသူ၊ မိမိတန်ဖိုးထား လေးစားအထင်ကြီးသောသူ ... ထိုသူကို ကျောခိုင်းထားရမည်လား။ အနှ

ရာယ်တောထဲတွင် နေရစ်ပေတော့ မျက်ကွယ်ပြုရမည်လား။

တုံ့ပြန်မှုမရလျှင် နေပါစေတော့ ... ချစ်သူကို ရက်ရက်စက်စက်မပြုနိုင်။ ပေးဆပ်ခြင်း မခံရလျှင် နေပါစေ၊ ချစ်သူကို မနာကြည်းလို။ ရှေ့မတိုးသာ နောက်မဆုတ်သာဘဲ ဟန်ယုယု ကျောက်ရုပ်တစ်ခုလို ရပ်နေမိ၏။ အားလုံးကို နားလည်သဘောပေါက်မိပြီဖြစ်သော လီကျင်းဆွေ သက်ပြင်းမောကလေး တစ်ချက်ချလိုက်မိသည်။

"ယုယုရယ် ... ကိုယ့်ကို အထင်မလွဲပါနဲ့ကွယ်၊ ကိုယ် တစ်ဖက်သတ်ဆန်တာမဟုတ်ပါဘူး၊ တကယ်လို့ အခုပျောက်ဆုံးသွားတဲ့လူဟာ စုစုမဟုတ်ဘဲ ယုယုဖြစ်နေရင်လည်း ကိုယ်ရှောင်လွှဲသွားမှာမဟုတ်ပါဘူး၊ ကိုယ်လွတ်ရုန်းသွားမှာ မဟုတ်ပါဘူး၊ အခုလို မတွေ့တွေ့အောင် ရှာမှာပဲဖြစ်ပါတယ်"

လီကျင်းဆွေ သူ့ရင်ထဲတွင် ရှိသည့်အတိုင်း ပြောချလိုက်၏။

လီကျင်းဆွေ၏ နှစ်သိမ့်စကားကိုကြားရလျှင် တင်းထားသမျှသော ဟန်ယုယု၏မာန်ကလေးများ အရည်ပျော်ကျ၏။ နှလုံးသားကို တဒိတ်ဒိတ်ခုန်ကြည်နူး၏။ လှည့်ထားသော ခေါင်းကလေး ပြန်လည်လာ၏။ "အို ... အစ်ကိုရယ်"ဟုဆိုကာ လီကျင်းဆွေ၏ ရင်ခွင်တွင်းသို့ ပြေးဝင်ရန် ခြေလှမ်းပြင်၏။

သို့သော် ဟန်ယုယု၏ ခန္ဓာကိုယ်ကလေးက လီကျင်းဆွေ၏



ရင်ခွင်ထဲသို့ ရောက်မသွား။

"ဟီ ... ဟီ"

ရုတ်တရက်ထွက်ပေါ်လာသော မြင်းဟီသံကြောင့် ခြေလှမ်းတုံ့သွားရသည်။ ထူးကဲသောလှုပ်ရှားမှုတစ်ခုက စတင်လာချေပြီ။ နှလုံးသားရေးရာတို့ ပျောက်လွင့်ကုန်၏။

ပထမဦးဆုံးစတင်လှုပ်ရှားသူကား မာလုထုံ။

မာလုထုံသည် မြင်းဟီသံကြားသည်နှင့် လွှားခနဲ ခုန်ပျံကာ ခြံဝသို့ပြေးသည်။ နောက် လီကျင်းဆွေနှင့် ဟန်ယုယုတို့လည်း ထက်ကြပ်မကွာပင် လိုက်သည်။ ကိုယ်ဖော့ပညာ ကောင်းကြသူများချည်းမို့ ခြံပြင်သို့ တစ်ခဏချင်းပင် ရောက်သည်။ ခြံပြင်သို့ရောက်လျှင် အပြင်းစိုင်းနှင်ထွက်ခွာသွားသော မြင်းလှည်းတစ်စီးကို တွေ့ရ၏။

"ဟိတ် ... ရပ်လိုက်"

မာလုထုံက ကျယ်လောင်စွာ အော်ဟစ်တားဆီးသည်။ မြင်းလှည်းကား မရပ်။ ပို၍ပင် အဟုန်ပြင်းစွာ မောင်းနှင်သွားသေးသည်။

"လီကျင်းဆွေနဲ့ ယုယု ... ဒီလှည်းဟာ မရိုးသားဘူး၊ မီအောင်

လိုက်ကြမယ်"

မာလုထုံ သတိပေးရင်း ကိုယ်ဖော့ပညာအစွမ်းကုန်သုံးကာ လိုက်သည်။ လီကျင်းဆွေနှင့် ဟန်ယုယုတို့လည်း အရှိန်ပိုမြှင့်ကြ၏။ သို့သော် မြင်းလှည်းကို မမီသေး။ မြင်းလှည်းကား လေအလျဉ်အလား ဒုန်းစိုင်းသည်။

"ကျွန်မတို့ လိုက်လို့မီနိုင်မယ်မထင်ဘူး၊ အစပိုင်းမှာ လိုက်နိုင်တဲ့အင်အားရှိပေမယ့် ကြာလာတာနဲ့အမျှ လူက မြင်းကို ဘယ်နည်းနဲ့မှ လိုက်မီနိုင်မှာ မဟုတ်ဘူး၊ အားကုန်ပြီး မောလာလိမ့်မယ်"

ဟန်ယုယုအပြေးလိုက်ရင်း လီကျင်းဆွေကို သတိပေးသည်။ ဟန်ယုယုပြောအတိုင်း လိုက်မီနိုင်မှာမဟုတ်မှန်း လီကျင်းဆွေသိသည်။ သို့သော် ယောကျ်ားတို့လုံ့လ သေခါမှလျှော့မည်။ အတွင်းအားကုန်ထုတ်ကာ ကိုယ်ဖော့ပညာအရှိန်မြှင့်လျက် ပြေးလိုက်မြဲ ပြေးလိုက်သည်။

သို့သော်အကျိုးမရှိသော လုံ့လကား အချည်းနှီးသာတည်း။ မဖြစ်နိုင်သည်ကို ဖြစ်အောင်ကြိုးစားခြင်းသာ အကျိုးမဲ့သာတည်း။ အချိန်ကြာလာသည်နှင့်အမျှ လူနှင့်မြင်းလှည်း တဖြည်းဖြည်း အလှမ်းဝေးလာသည်။ ဆက်လိုက်လို့ကလည်း မရ၊ ဇွဲလျှော့လို့ကလည်း မဖြစ် ... ကြိတ်မှိတ်ကာ ဆက်လိုက်သည်။



'ခွပ် ခွပ် ခွပ်'

နောက်ဘက်ဆီမှ မြင်းခွာသံများကြားလိုက်ရ၏။ လီကျင်းဆွေ ပြေးရင်းလှည့်ကြည့်လိုက်၏။ အလှမ်းကဝေးသောကြောင့် သဲကွဲစွာ မမြင်ရသေး။ မည်သူမည်ဝါ မသိရသေး။ သို့သော် စိုးရိမ်စိတ်တို့ လွှမ်းမိုးဖိစီးလာသည်။

မိမိတို့ကို တားဆီးတိုက်ခိုက်ရန် တစ်ကောင်ကြွက်လိုဖိန်၏ တပည့်တပန်းများ နောက်မှလိုက်ပါလာခဲ့ခြင်းပေလား။ ရှေ့မှ မြင်းလှည်းကလည်း တဖြည်းဖြည်းဝေးကွာလာသည်နှင့်အမျှ နောက်မှလိုက်လာသော မြင်းရထားက နီးကပ်လာသည်။ ခုခံနိုင်ရန်အတွက် အသင့်ပြင်ဆင်ထားကြ၏။ သို့သော်

"လာကြ ... လာကြ ... ဒီမြင်းလှည်းပေါ် တက်ကြ"

မြင်းလှည်းသမားက အော်ဟစ်ခေါ်သည်။ ဂူဆန်ကွေးပင်တည်း။ ရန်သူမြင်းလှည်း မဟုတ်မှန်းသိရမှ လီကျင်းဆွေတို့ သက်ပြင်းချသည်။ ကမန်းကတန်းပင် မြင်းလှည်းပေါ်သို့ တက်သည်။

"ဂူဆန်ကွေး ... ခင်ဗျား ဘယ်ပျောက်နေတာလဲ၊ ကျုပ်တို့ရေတွင်းထဲက ထွက်လာတော့ ခင်ဗျား လိုက်မလာဘူးလား"

မာလုထုံက ထိုစဉ်က ဂူဆန်ကွေး ရုတ်တရက်ပျောက်သွားသည်ကို သတိရ၍ လှမ်းမေးခြင်းဖြစ်၏။ ဂူဆန်ကွေးက္ကာဖြေမပျက်

ပင် ...

"ကျူပ်လည်း ခင်ဗျားတို့ ပြေးလိုက်ကတည်းက လိုက်မလို့ပဲ၊ ဒီအတိုင်းလိုက်ရင် မမီနိုင်ဘူးဆိုတာသိလို့ မြင်းလှည်းကို လှည့်ပြန်ယူနေတာနဲ့ ကြာသွားတာ"

ဂူဆန်ကွေးကို ကျေးဇူးတင်ရမလို ဖြစ်နေတော့သည်။ သူ မြင်းလှည်းကို သတိရပြီး ယူလာသောကြောင့်သာ အချိန်မလင့်ဘဲ ခရီးဆက်လာနိုင်ကြခြင်းဖြစ်၏။

ဂူဆန်ကွေးမှာ အတော်လေး မြင်းလှည်းမောင်းကျွမ်းကျင်လှသည်။ မကြာခင်မှာပင် ရှေ့မြင်းလှမ်းကို သဲသဲကွဲကွဲမြင်လာရ၏။ မဟူရာတောင်ခြေသို့ ရောက်သောအခါတွင် ရှေ့မြင်းလှည်းကို ကိုက်သုံးရာခန့်သာ ကွာတော့သည်။ မနက်အရုဏ်လည်း တက်ခဲ့ပြီ။ သို့သော် တောင်ခြေလမ်းကွေ့တစ်ခုကို ချိုးကွေ့လိုက်သောအခါတွင် ရှေ့မှမြင်းလှည်းမှာ ရုတ်တရက်ပျောက်ကွယ်သွားတော့သည်။ ထူးဆန်းစွာ ပျောက်ကွယ်သွားသဖြင့် မာလုထုံ အံ့အားသင့်သွား၏။

"ဂူဆန်ကွေး ... မြင်းလှည်းကို မြန်မြန်ရပ်၊ အောက်ကိုမြန်မြန်ဆင်းမှ ဖြစ်မယ်၊ ဒီကောင်တွေ မြေအောက်လိုဏ်ဂူထဲကို ဝင်သွားတာပဲဖြစ်မယ်၊ ဝင်ပေါက်တွေကို လိုက်ရှာကြ"

လီကျင်းဆွေ ပြောပြောဆို သတိပေးရင်း မြင်းလှည်းပေါ်မှ



ခုန်ဆင်းသည်။ ဂူဆန်ကွေး မြင်းလှည်းကို ရပ်ကာ ...

"ခင်ဗျား မှားနေပြီ လီကျင်းဆွေ ... သူတို့ အောက်မှာမဟုတ်ဘူးဗျ၊ အပေါ်မှာ ရှိနေကြတယ်"

"ဟင် ... သူတို့က အပေါ်မှာရှိနေကြတယ် ... ဟုတ်လား"

လီကျင်းဆွေ တအံ့တသြဖြစ်ကာ တောင်ပေါ်ဆီသို့ ခေါင်းမော်ကြည့်သည်။ ဟုတ်သည်။ ဂူဆန်ကွေးစကားက မှန်သည်။ တောင်စွယ်တောင်ခါးပန်းလမ်းကြောကလေးတစ်ခုအပေါ်တွင် လူတစ်ယောက် မားမားမတ်မတ်ကြီး ရပ်နေသည်ကိုတွေ့ရ၏။

ထိုသူ၏အရပ်အမောင်းက ကောင်းသည်။ ကိုယ်လုံးကိုယ်ပေါက်က ထွားကျိုင်းသည်။ အသားမည်းပုံ ရ၏။ ခေါင်းထက်မှ ဆံပင်မှာ စုစည်းထားခြင်း မရှိသဖြင့် လေထဲတွင် တလူလူဝဲလွင့်၏။ လခြမ်းဓားကွေး ရှောင်ရှူးပြောပြခဲ့သော လိုဖိန်၏လက်စွဲတော် ဓားသမားပင်တည်း။

"လီကျင်းဆွေ ... ဟန်စုစုကို တွေ့ချင်တယ်ဆိုရင် မင်းတစ်ယောက်တည်း ဒီအပေါ်ကို တက်လာခဲ့ပါ၊ တခြားလူတွေ ပါလာမယ်ဆိုရင် ဟန်စုစုရဲ့အလောင်းကိုပဲ ရမယ်ဆိုတာ မင်းသိထားပါ"

လိုဖိန်၏ လက်စွဲတော် ဓားသမားက တောင်ကြားအထက်ဆီမှ အော်ဟစ်ရာဇသံပေးသည်။ လီကျင်းဆွေ နှလုံးသွေးများ ဆူပွက်

လာ၏။

"စုစု ... စုစုကို တွေ့ရမယ်၊ ဒီကောင့်လက်ထဲက စုစုကို မရ မနေ ကယ်တင်ရမယ်"

လီကျင်းဆွေ စိတ်ကို တုံးတုံးချဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ ... ခင်ဗျားစောင့်ပါ ... ကျုပ် အခုပဲလာခဲ့မယ်"

ထိုသူအား ပြန်လည်အော်ဟစ်သတိပေးပြီးလျှင် လီကျင်းဆွေသည် ဟန်ယုယုနှင့် မာလုထုံတို့ကို နှုတ်ဆက်သလိုမျိုးကြည့်သည်။ ဤခရီးသည် သူ့အတွက် ပြန်လမ်းမသေချာ။ ထို့ကြောင့် မသေခင်မိတ်ဆွေအပေါင်းအသင်းတို့ကို ကြိုတင်နှုတ်ဆက်သည့်သဘောပင်တည်း။

"လီကျင်းဆွေ ... ဒီကောင့်ဓားသိုင်းက တော်တော်ထူးကဲထက်မြက်တယ်လို့ ရှောင်ရှုံးပြောခဲ့တယ်၊ သူ့လို ဓားသိုင်းရှင်ကတောင် ချီးမွမ်းတယ်ဆိုတော့ သတိမလစ်စေနဲ့"

"စိတ်ချပါ နောင်ကြီးမာ ... စုစုကို ကျုပ်အသက်နဲ့လဲပြီး ကာကွယ်ကယ်တင်လာပါ့မယ်"

လီကျင်းဆွေ လေးလေးနက်နက် ခိုင်ခိုင်မာပင် ကတိပေ သည်။ ဟန်ယုယုမှာ လီကျင်းဆွေ၏စကားကို ကြားရသောအခါ ညီမ ဖြစ်သူနှင့် ပြန်လည်တွေ့ဆုံရမည်မို့ ဝမ်းသာမိ၏။ သို့သော် လီကျင်း



ဆွေ အန္တရာယ်တောထဲတွင် စွန့်စားရမည်မို့ စိတ်မကောင်း။ သို့အတွက် မျက်ရည်များက ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာ၏။

ထိုမျက်ရည်က မည်သည့်အတွက် ကျရလေသနည်း။ လီကျင်းဆွေအတွက်ပေလား။ ဟန်စုစုအပေါ် လီကျင်းဆွေ ဂရုတစိုက်စွဲလမ်းစိတ်ဖြင့် မရမနေကယ်တင်မည်ကို ခံပြင်းဝမ်းနည်းသောကြောင့်လား။ ဟန်ယုယုမှတစ်ပါး မသိနိုင်ကြ။ မာလုထုံနှင့် ဝူဆန်ကွေးတို့သည် လီကျင်းဆွေတို့နှစ်ယောက်ကိုကြည့်ပြီး နားလည်သဘောပေါက်ကြ၏။ အလိုက်သိစွာပင် ခပ်လှမ်းလှမ်းရှောင်ထွက်သွားကြ၏။

❋

လီကျင်းဆွေသည် ဟန်ယုယု၏ မျက်နှာလေးကို ငေးစိုက်ကြည့်နေလိုက်သည်။ မနက်ခင်း၏ ရောင်ခြည်နုနုက ဟန်ယုယု၏ မျက်နှာပေါ်သို့ ထိုးစိုက်ကြနေပေရာ ဖွေးဖွေးကြွကြွအလှ မျက်နှာကလေးမှာ ပို၍ဝင်းပလက်ခဲ့ပြီး မျက်လုံးအိမ်မှ မျက်ရည်များ ခန်းခြောက်သွားခဲ့ပြီ။ အပြုံးက ပို၍လက်လွင်လာသည်။ ပါးနှစ်ဖက်တွင် ပါးချိုင့်ကလေးများပေါ်လာ၏။

"အစ်ကို့စိတ်ဓာတ်ကို ကျွန်မ သိပါတယ်၊ အစ်ကိုသွားမှာကို ကျွန်မ ..."

စကားသံက တိုးတိုးညင်းညင်းရှိသည်။ အခေါ်အဝေါ်အသုံးအနှုန်းက သိမ်မွေ့သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲဟင်"

လီကျင်းဆွေထည်ငြိမ်စွာပင်မေးသည်။ ဟန်ယုယု၏ ရှည်လျားသော မျက်တောင်ကော့ကြီးများက တဖျပ်ဖျပ်ခတ်သည်။ လီကျင်းဆွေကို မခွဲနိုင်သလို ကြည့်သည်။

"အစ်ကို"

"ဘာလဲယုယု"

"အစ်ကို့ကို ကျွန်မ တစ်ခုပြောချင်တယ်"

"ပြောပါ ... ကိုယ်နားထောင်နေပါတယ်"

"အစ်ကို ဘယ်ဘဝကိုရောက်ရောက် ကျွန်မရဲ့ရင်ထဲမှာ အသိအမှတ်ပြုလိုက်ပါပြီ"

ဟန်ယုယု သူမ၏သွယ်ပြောင်းနူးညံ့သော လက်ကလေးကို အသိအမှတ်ပြုသော အထိမ်းအမှတ်ဖြင့် လီကျင်းဆွေကို ကမ်းပေးလိုက်၏။ လီကျင်းဆွေက ညင်သာစွာ ဆုပ်ကိုင်၏။ ထို့နောက် လက်ပြန်ရုတ်ကာ တောင်ကြောဘက်ဆီသို့ ဆတ်ခနဲလှည့်ကာ ပြေးထွက်



သွားတော့သည်။

"အင့်"

ဟန်ယုယုရှိုက်သံကလေးတစ်ချက်က မထိန်းနိုင်ဘဲ တိုးတိုးကလေး ထွက်ပေါ်လာ၏။ ထိုအသံကို လီကျင်းဆွေကြားသည်။ ...င်ထဲတွင် နင့်ခနဲ ခံစားလိုက်ရ၏။ သို့သော် နောက်သို့လှည့်ကြည့်...ခြင်းမပြု။ လမ်းကလေးအတိုင်း တစ်ဟုန်ထိုး ပြေးတက်သွားတော့...သည်။

တောင်ကြောပေါ်သို့ရောက်လျှင် လိုဖိန်၏လက်စွဲတော် ဓား...များက စောင့်ဆိုင်းနေသည်ကိုတွေ့၏။ တောင်ခါးပန်းလမ်းကလေး...ာ မြွေတစ်ကောင်တွန့်လိမ်နေသလို ကွေ့ကောက်လှည့်ပတ်နေ...သည်။ ထိုလမ်းကလေးအတိုင်း တစ်ဖက်တောင်ကြောပေါ်သို့ တက်...သည်။

မကြာခင်မှာပင် တောင်ကြောပေါ်၌ ဖောက်လုပ်ထားသော ...မ်းကလေးတစ်ခုပေါ်သို့ရောက်သည်။ ထိုလမ်းကလေးပေါ်တွင် ...င်းလှည်းဘီးရာများကို တွေ့ရ၏။ လှည်းဘီးရာများက တောင်ကြား...လေး၏လိုဏ်ဂူကြီးတစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်။ ဓား...များက ထိုလှည်းဘီးရာအတိုင်း လိုဏ်ဂူကြီးထဲသို့ ဝင်သည်။ လီ...ကျင်းဆွေကလည်း ထက်ကြပ်မကွာပင် လိုက်သည်။

လိုဏ်ဂူကြီး မျှာ လျှို့ပေါက်ကြီးတစ်ခုမဟုတ်။ တစ်ဖက်ပိတ် လိုဏ်ဂူကြီးဖြစ်ဟန် တူသည်။ နေရောင်ခြည်က ဂူထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း မရှိ၊ အမှောင်ကသာ ဖုံးလွှမ်းနေသည်။ သို့သော် မမြင်ရသော် မှောင်နေခြင်းကားမဟုတ်။

အတွင်းဘက် ခပ်ကျကျတွင် မီးတိုင်တစ်တိုင် ထွန်းညှိထားသဖြင့် ဝိုးတဝါးအလင်းရောင်ဆီမှ ရုတ်ရက် အမှောင်ထဲသို့ ဝင်လိုက်ရသဖြင့် မျက်စိများပြာဝေကာ ဘာမှမမြင်ရ။ အထိတ်တလန့်ဖြစ်ကာ နားစွင့်လျက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုပြုထားရသည်။

တစ်ခဏအကြာတွင် ဝိုးတဝါးအလင်းရောင်၌ မျက်စိကျင့်သား ရလာ၏။ ဂူက ဆယ်ပေပတ်လည်ခန့်ကျယ်သည်။ ပေသုံးဆယ်ခန့် ရှည်လျား၏။ ဂူအမိုးမှာ လူလက်ခုပ်တစ်ဖောင်ပင် မက။ ဂူ၏ အလယ်ကောင်နံရံတွင် မီးတုတ်တစ်ချောင်းကို ထွန်းညှိထားသည်။

လီကျင်းဆွေအား ဦးဆောင်ခေါ်လာသူကို မတွေ့ရတော့။ သို့သော် ရှေ့ဘက်ဆယ်ပေခန့်အကွာတွင် လူတစ်ယောက် ခါး ထောက်လျက် မတ်မတ်ကြီးရပ်နေသည်ကို တွေ့ရ၏။ ထိုသူက လီ ကျင်းဆွေအား စူးစိုက်ကြည့်နေ၏။

ထိုသူမှာ အရပ်အမောင်းကောင်းလှသည်။ ဝတ်ရုံ ဖြူဖွား ဖွားကြီးကို လွှမ်းခြုံဝတ်ထား၏။ မျက်နှာကို သဲကွဲစွာမမြင်ရ။



ဦးသျှောင်ကို ပဝါတစ်ပိုင်းဖြင့် ကျစ်လစ်စွာ ထုပ်ပေါင်းထားသည်။ တစ်ကောင်ကြွက်လိုဖိန်ဖြစ်လိမ့်မည်ဟု လီကျင်းဆွေ ထင်မှတ်လိုက်၏။

လိုဖိန်က စူးစူးစိုက်စိုက်ကြည့်သလို လီကျင်းဆွေကလည်း စူးရဲရဲပင်ကြည့်သည်။ စကားမဆိုကြ။

တစ်ဖက်နှင့်တစ်ဖက် မျက်လုံးချင်း ဆိုင်ကြည့်နေကြသည်မှာ သမာဓိအားချင်း ပြိုင်ဆိုင်နေသလိုပင် ထင်မှတ်ရသည်။ သူ့ဘယ်လိုစ၍ ကိုယ်ဘယ်လိုလှမ်းရမည်ဟု စိတ်တွက်တွက်နေကြသည့်အလား။ တိတ်ဆိတ်ငြိမ်သက်ခြင်းကို အတန်ကြာ အောင် ထိန်သိမ်းထားပြီးမှ...

"လီကျင်းဆွေ ... တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းကို ဒီမှာတင် ပြည်ဖုံးကားချ ဇာတ်သိမ်းလိုက်ကြရင် မကောင်းဘူးလား"

တိတ်ဆိတ်ငြိမ်သက်ခြင်းကို အတန်ကြာအောင် ထိန်းသိမ်းထားပြီးမှ ပဟေဠိဆန်သော စကားတစ်ခွန်းနှင့်စပျိုးလိုက်သည်။ အဆက်အစပ်မရှိသောစကားကြောင့် လီကျင်းဆွေမှာ အံ့အားသင့်သွားရလေတော့သည်။

ဟန်ယုယုသည် လီကျင်းဆွေတစ်ယောက် တောင်ကြော အလယ်တွင် ကိုယ်ရိပ်ပျောက်ကွယ်သည်အထိ ငေးကြည့်နေသည်။ သူမ၏နှုတ်ခမ်းတွင် အပြုံးရိပ်တို့ ခိုတွယ်နေသော်လည်း မျက်လုံးအိမ်ထဲတွင်မူ မျက်ရည်ဥကလေးများ ယိုစီးကျနေသည်။

ဝမ်းနည်းခြင်းကြောင့် ကျလာသောမျက်ရည်မဟုတ်သလို ဝမ်းသာသောကြောင့် ကျလာသောမျက်ရည်လည်းမဟုတ်။ သို့သော် သူ့ရင်ထဲတွင် ကြည်နူးချမ်းမြေ့နေသည်။ မျိုသိပ်ထားရသော ဝေဒနာတစ်ရပ်ကို ဖွင့်အန်လိုက်ရသဖြင့် စိတ်လက်ပေါ့ပါးကာနေသော ထိုင်သာရှိသွားပုံမျိုး ဖြစ်၏။ ထိုစဉ် ...

"ဟောဒီမှာ တွေ့ပြီဗျို့ ... တွေ့ပြီ ... တွေ့ပြီ"

ဝမ်းသာအားရ အော်ဟစ်လိုက်သော ဂူဆန်ကွေး၏အသံပင်တည်း။ ဟန်ယုယု ပီတိစိတ်တို့ လွင့်ပျောက်ကုန်သည်။ ဂူဆန်ကွေး၏အသံထွက်ပေါ်လာရာဆီသို့ အလျင်အမြန်ပင် ပြေးလွှားလာ၏။ သူမနှင့်အတူ မာလုထုံလည်း ရောက်ရှိလာသည်။

"ဘာတွေ့လို့ ဒီလောက်အော်ဟစ်နေရာလဲ"

ဂူဆန်ကွေးက ဟန်ယုယုအမေးစားကိုနှုတ်ဖြင့်မဖြေ၊ ခလုတ်တစ်ခုကို လက်ဖြင့် ဖိနှိပ်ချလိုက်သည်။

'ကျီ'



သူတို့ရှေ့ဘက်ရှိမြေကြီးက အက်ကွဲကာ အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာ၏။

"ဟာ ... လျှို့ဝှက်မြေအောက်ခန်းတစ်ခုပါလား"

မာလုထုံ တအံ့တသြလေသံဖြင့် ရေရွတ်သည်။ အပေါက်ဝက လှတစ်ယောက်ဝင်စာလောက်ပင်ရှိသည်။ လှေကားထစ်တို့က အစီအရီ အောက်သို့ ခင်းကျင်းထားသည်။

"လာဗျာ ... ကျုပ်တို့အထဲကို ဝင်ကြည့်ရအောင်"

ဂူဆန်ကွေးက ပြောပြောဆိုဆိုပင် ရှေ့မှဦးဆောင်ကာဝင်သည်။ ဟန်ယုယုနှင့် မာလုထုံတို့နှစ်ယောက်တည်း နောက်မှ အသာလိုက်ခဲ့ကြ၏။ မြေအောက်ခန်းထဲတွင် ခုတင်တစ်လုံး၊ စားပွဲတစ်လုံးနှင့် ခုံရှည်တစ်လုံးတို့ရှိသည်။

ထိုပစ္စည်းပစ္စယအားလုံးကို ကျောက်မှုန့်ရေစပ်နေသော ရွှံ့များဖြင့် ပြုလုပ်ထား၏။ အခန်းနံရံများကို အသေးအကြီး အရွယ်အစားအမျိုးမျိုးသော ကျောက်နက်တုံးတို့ဖြင့် မွမ်းမံစီခြယ်ထားလေသည်။ တစ်ကောင်ကြွက်လိုဖိန်၏ အခန်းပင်တည်း။

မာလုထုံမှာ အထင်နှင့်အမြင် ပါစင်အောင်လွဲနေသဖြင့် အကြီးအကျယ်ပင် အံ့အားသင့်မိကြသည်။

ရွှေအမြောက်အမြား တွေ့ရှိပိုင်ဆိုင်ထားသော လိုဖိန်၏

နေအိမ်ဗိမာန်သည် အလွန်ပင် ခမ်းနားကြီးကျယ်လိမ့်မည်ဟု ထင်မှတ်ထားကြ၏။ ထည်ဝါတောက်ပြောင်နေလိမ့်မည်ဟု ယူဆထား၏။

ယခုသော်ကား သာမန်အိမ်ခန်းကလေးတစ်ခုသာ ဖြစ်လေသည်။ သစ်ပင်ဟူ၍မရှိသော လွင်တီးခေါင် မဟူရာတောင်တွင် ပရိဘောဂတို့ကို သစ်သားနှင့် မလုပ်နိုင်သဖြင့် ကျောက်မှုန့် ရွှံ့တို့ဖြင့်သာ ပြုလုပ်ထားသည်ကို တွေ့နေရ၏။

ခုတင်ကလေးပေါ်တွင် စောင်ကလေးတစ်ထည်ကို ဝိုးတဝါး တွေ့ရ၏။ ရွှံ့စားပွဲပေါ်တွင် မီးခွက်ကလေးတစ်လုံးသာရှိ၏။

အလင်းရောင်ကောင်းစွာမရသဖြင့် အခန်းထဲတွင် မှောင်နေ၏။ ဂူဆန်ကွေးက မီးခတ်ကို ထုတ်ခတ်လျက် ထွန်းညှိလိုက်သည်။

မီးအလင်းရောင်ကြောင့် မြေအောက်ခန်း၏မြင်ကွင်းကို ဝိုဝို ပြင်ပြင် မြင်ရသည်။ မြင်ရသောမြင်ကွင်းကြောင့်ပင် သူတို့အားလုံး မျက်လုံးပြူးသွားကြရသည်။

ဓားပြထိပ်သီးကြီးဖြစ်ခဲ့သော မာလုထုံပင် လန့်ဖျပ်လုမတတ်ဖြစ်သည်။ ခုတင်ပေါ်တွင် စောင်ကလေးခြုံလျက် လူတစ်ယောက်ကွေးကွေးကလေး လဲလျောင်းနေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။



ခုတင်ထက်တွင် အိပ်နေသူသည် စောင်ကို အကျအန လွှမ်းခြုံထားသည်။ မျက်နှာကို မတွေ့ရ။

စောင်အပြင်သို့ ပြန့်ထွက်နေသော ဆံပင်ဖြူဖြူများကိုသာ တွေ့ရ၏။

"ဟော့လူ ... ထလိုက်စမ်း"

မာလုထုံ နှိုးသည်။ အတွင်းအားဖြင့် အော်လိုက်သောကြောင့် မြေအောက်ခန်း တစ်ခုလုံး ပဲ့တင်တုန်ဟည်းသည်။

သို့တိုင် ခုတင်ပေါ်မှလူက ကာလနဂါးပင် အရှုံးပေးရမည်။ တုတ်တုတ်မျှမလှုပ်။ မာလုထုံ စောင်ကိုဆွဲလှန်လိုက်သည်။

"ဟာ" .. "ဟင်" ... "အို"

အာမေဍိတ်သံများ ပြိုင်တူပင်ထွက်လာကြသည်။ စောင်ခြုံအောက်တွင်ရှိနေသူက လူတစ်ယောက်မဟုတ် လူသေကောင်ဟုပင် မဆိုနိုင်။

ဆံပင်ဖြူဖြူများနှင့် အရိုးစုတစ်စုပင်တည်း။ အရိုးစု၏ နောက်ကျောတွင် ဓားရှည်တစ်လက်ကို စိုက်ဝင်နေသည်။ ထိုသူ အိပ်ပျော်နေခိုက် (သို့မဟုတ်) လဲလျောင်းနေခိုက် တစ်စုံတစ်ယောက်က အလစ်လုပ်ကြံသွားခြင်းပင်တည်း။

ထို့ပြင် လုပ်ကြံသူသည် လျင်မြန်ဖျတ်လတ်ကာ ဓားကို

ကျွမ်းကျင်စွာကိုင်တွယ်တတ်သူ ဖြစ်ရမည်။ ဓားထိုးသွင်းထားပုံက တိကျမှန်ကန်နေသည်။

တစ်ဖန် လုပ်ကြံသူသည် သေဆုံးသူနှင့် အကျွမ်းတဝင် ရင်းနှီး ခင်မင်မှုရှိရပေမည်။ ဤခုတင်ပေါ်တွင် အရိုးစုသည် မည်သူ့အရိုးစု ပေနည်း။ တစ်ကောင် ကြွက်လိုဖိန်က လုပ်ကြံသတ်ဖြတ်ထားသော လူတစ်ယောက်ပေလော။

❋ ❋ ❋



## အခန်း (၂၀)

ဟန်စုစုက အရိုးစိုကို ဂရုတစိုက်ဟန်ဖြင့် အသေအချာ ကြည့် သည်။ ထို့နောက် ခိုင်မာတိကျသောလေသံဖြင့် ...

"ဒီအရိုးစုဟာ တစ်ကောင်ကြွက်လိုဖိန်ရဲ့ အရိုးစုပဲ ဖြစ်မယ်"

မာလုထုံနှင့် ဂူဆန်ကွေးတို့နှစ်ယောက် အံ့အားသင့်သွားကြ၏။ ဟန်ယုယုကို မယုံကြည်နိုင်ဖွယ်ကောင်းသော မျက်လုံးတို့ဖြင့် ကြည့်သည်။ ဂူဆန်ကွေးက မျိုသိပ်မထားနိုင်။

"ခုတင်ပေါ်က အရိုးစုဟာ လိုဖိန်ရဲ့အရိုးစု ... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ... သူကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး"

"မင်းက ဘာကြောင့် တပ်အပ်သေချာ ပြောနိုင်ရတာလဲ"

"သူက ဟသ်ာနန်းတော်ကို ရောက်ဖူးတာပဲရှင့်"

"လိုဖိန် ဟသ်ာနန်းတော်ကိုရောက်တာ လွန်ခဲ့တဲ့ အနှစ် နှစ် ဆယ်ကျော်လောက်ကပဲ၊ မင်းကို ဘယ်မွေးဦးမလဲ"

"ဟုတ်ပါတယ် ... မမွေးသေးပါဘူး"

"မမွေးသေးဘဲနဲ့ ဘာကြောင့် လိုဖိန်လို့ သိနေရတာလဲ"

"ကျွန်မက သူ့ကိုမမြင်ဖူးပေမယ့် သူ ဟုတ်,မဟုတ်တော့ ခွဲခြားနိုင်ပါတယ်"

"ဘာကြောင့် ခွဲခြားနိုင်ရတာလဲ"

"မေမေက သူ့အကြောင်း ခဏခဏ ပြောဖူးတယ်၊ မေမေကို သူ ဘာကြောင့်ရှုံးနိမ့်သွားရတယ်ဆို ကျွန်မကို အခွင့်သင့်တိုင်း ပြောပြတတ်တယ်၊ အဲဒါကြောင့်ပဲ အခုမြင်ရတဲ့အရိုးစုဟာ လိုဖိန်ဖြစ်ရမယ်လို့ ကျွန်မ တပ်အပ်သေချာပြောနိုင်တာပေါ့"

"သိုင်းပညာအကြောင်းသိထားနားလည်တာနဲ့ အရိုးစုကို ကြည့်ပြီး ခွဲခြားသိနိုင်ပါ့မလား"

"ဒီလိုတော့ ဘယ်ခွဲခြားနိုင်ပါ့မလဲ၊ ဒါပေမဲ့ သူနဲ့ ပတ်သက်လို့တော့ ခွဲခြားလို့ရတယ်၊ အဲဒါကတော့ သူ့ သိုင်းပညာနဲ့ ဆိုင်တယ်၊ လိုဖိန်ဟာ စွန်ရဲညီနောင်နှစ်ဖော်ဘွဲ့ ခံထားတာ၊ စွန်ရဲသိုင်းပညာမှာ ထူးချွန်လို့ပဲ၊ စွန်ရဲသိုင်းပညာဆိုကတည်းက လက်ချောင်းကုတ်ပညာက အဓိကပဲ၊ လိုဖိန်ဟာ စွန်ရဲသိုင်းပညာ တစ်ဖက်ကမ်းခပ်ပေမယ့် လက်ကုတ်အား မကောင်းဘူး၊ ဘာကြောင့်လဲဆိုတော့ သူဟာ မွေးကတည်းက တစ်ဖက်ကို လက်ချောင်းကလေးတွေ လေးချောင်းစီပဲ ပါလာခဲ့တယ်၊ လက်မ,ဆိုတာ မပါရှိခဲ့ဘူး။ ...၊



အဲဒီကိုလက်ကုတ်အား မကောင်းလို့လည်း မေမေကို သူ ရှုံးနိမ့်ခဲ့ရတယ်၊ ဒီအရိုးစုဟာလည်း ကြည့် ... လက်ချောင်းတွေ လေးချောင်းပဲရှိတယ်၊ လက်မ ရှိမနေဘူး၊ နောက်တစ်ခါ လိုဖိန်ရဲ့ခန္ဓာကိုယ်တည်ဆောက်ထားပုံရဲ့ ထူးခြားချက်က သာမန်လူနဲ့ မတူဘူး ... ညာဘက်လက်က ဘယ်ဘက်လက်ထက် နှစ်လက်မလောက် ပိုရှည်တယ်၊ ဒီအရိုးစုမှာလည်း ဘယ်ဘက်လက်ဖျံရိုးက ပိုရှည်နေတယ်၊ ဒါကြောင့် ဒီအရိုးစုဟာ လိုဖိန်လို့ ကျွန်မ တပ်အပ်သေချာ ပြောနိုင်တာပေါ့"

မာလုထုံနှင့် ဂူဆန်ကွေးတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ မာလုထုံက နားမလည်နိုင်ဟန်ဖြင့် ...

"ဒီအရိုးစုက လိုဖိန်အရိုးစုဆိုရင် စုစုကို ဖမ်းသွားတဲ့ လိုဖိန်ဆိုတဲ့ လူကကော"

"အဲဒီလူဟာ လိုဖိန်အတုပဲပေါ့ရှင်"

"အတု ... ဟုတ်လား"

"ဟုတ်တယ်၊ မဟူရာတောင်ခြေမှာ ရွှေမပြောနဲ့ ... သစ်ကြီးဝါးကြီးတောင် တစ်ပင်တလေမှ ပေါက်ရောက်တာမဟုတ်ဘူး၊ ပြီးတော့ တစ်ကိုယ်တည်း အထီးကျန်နေရတဲ့ လိုဖိန်ဟာ နောက်လိုက်

ရှေ့ဘက်ပါ ဒီလောက်များများစုနိုင်မှာ မဟုတ်ဘူး။ ဒီတော့ အဲဒီလူဟာ အတူပဲ ဖြစ်ရမှာပေါ့”

“ဒါဆို သူက ဘာသဘောနဲ့ အယောင်ဆောင်ရတာလဲ”

ဟန်စုစု ပြန်မြေပြန်ပြင်စဉ် ထူးခြားသော အသံတစ်သံက ရုတ်တရက်ထွက်ပေါ်လာ၏။

“လီကျင်းဆွေ ... တို့နှစ်ယောက်ရဲ့ဇာတ်လမ်းကို ဒီမှာတင် ပြည်ဖုံးကားချ ဇာတ်သိမ်းလိုက်ကြရင် မကောင်းဘူးလား”

ဟန်စုစု မျက်နှာကလေးက မျက်မှောင်ကလေး ကြုတ်သွား၏။ အသံက အခြားသူတစ်ယောက်၏ စကားသံ။

ဤအခန်းထဲမှ လူသုံးယောက်၏ စကားသံမဟုတ်။ မြေအောက်ခန်း လေဝင်ပေါက်မှ တိုးဝင်လာခြင်းဖြစ်၏။ ထို့ကြောင့် သုံးယောက်သား ဘာမျှဆက်မပြော၊ အသာငြိမ် နားစွင့်နေလိုက်ကြ၏။

“ဘာဇာတ်လမ်းလဲဗျ ... ကျုပ်နားမလည်ဘူး”

နောက်တစ်ယောက်၏ စကားသံတိုးဝင်လာ ခြင်းဖြစ်သည်။ ထိုအသံကိုမူ အခန်းထဲရှိ လူသုံးယောက်စလုံး ကောင်းစွာသိသည်။ လီကျင်းဆွေ၏ စကားသံပင်တည်း။

လီကျင်းဆွေ မည်သူနှင့် စကားပြောနေလေသနည်း။ ဟန်စုစုတို့ ဆက်၍နားစွင့်နေမိကြသည်။ စကားသံတို့ကလည်း ဆက်၍



ဆက်၍ စီကာစဉ်ကာ ထွက်လာခဲ့တော့သည်။

“မင်းမသိတော့ဘူးလား ... တို့နှစ်ယောက်လုပ်နေတဲ့ အယောင်ဆောင်ဇာတ်လမ်းကြီးပဲပေါ့ကွ”

“ဟင် ... ဒါဖြင့် ခင်ဗျားက လိုဖိန် မဟုတ်ဘူးလား”

“လီကျင်းဆွေ ... မင်း ဘာတွေပြောနေတာလဲ၊ ဘယ်ကလာ ငါက လိုဖိန်ဖြစ်ရမှာလဲ၊ မင်းပဲ ငါ့ကို ရွှေဒင်္ဂါးတစ်ထောင်ပေးပြီး လိုဖိန်အဖြစ် ဟန်ဆောင်ခိုင်းခဲ့တာပဲ၊ ဘာမသိချင်ဟန်ဆောင်နေရတာလဲ”

“ဟေ့လူ ... ခင်ဗျား မဟုတ်တာတွေ လျှောက်ပြောမနေပါနဲ့ ... ခင်ဗျား ... ခင်ဗျား ကျုပ်ကို ပုတ်ခတ်စွပ်စွဲမနေနဲ့၊ ကျုပ် ဒီလိုအလုပ်မျိုး မလုပ်ဘူး၊ ရွှေဒင်္ဂါးတစ်ထောင်မပြောနဲ့ ... ကြေးပြားတစ်ပြားတောင် ပေးမှာမဟုတ်ဘူး”

“ဟား ဟား ဟား ... အမှန်တရားဆိုတာ ဖုံးကွယ်လို့ မရဘူးကွ၊ ငါတို့ရဲ့ အယောင်ဆောင်ဇာတ်လမ်းကို သိမ်းဖို့အချိန်ရောက်နေပါပြီ၊ အခုဆိုရင် ဟန်စုစုနဲ့ ရှောင်ရှုံးပင့် ဒီလိုဏ်ဂူထဲမှာ သွားကြောပိတ်ခံခဲ့ပြီး ရောက်နေကြပြီ၊ မင်းက လူစွမ်းကောင်းလုပ်ပြီး ကယ်တင်သွားဦးမလို့လား ... ဟား ဟား ဟား ... ငါ့ကိုတော့ ကတိအတိုင်း ရွှေဒင်္ဂါးငါးရာကျန်တာ ပေးပေတော့၊ မပေးချင်လို့ လူ

ယုတ်မာလိုဖိနိစိန်အဖြစ်နဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ... မင်း ဘယ်လောက်လယ်တယ်ဆိုတာ ငါ ... သိတယ်ကွ၊ ငါ့ကို ... လာစမ်းလို့ မရဘူး"

'ရှမ်း'

ဓားဆွဲထုတ်သံ ထွက်ပေါ်လာ၏။ နောက် တစ်ဆက်တည်းပင် တိုက်ခိုက်သံတို့ ထွက်ပေါ်လာ ပြန်သည်။ သိပ်မကြာလိုက်။ မြေကြီးပေါ်သို့ လူတစ်ယောက် ဗုန်းခနဲ လဲကျသံကိုကြားလိုက်ရသည်။ ပြီးလျှင် တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

"တောက် ... လီကျင်းဆွေဆိုတဲ့ကောင်က အားလုံးကို လုပ်ကြံတဲ့ တရားခံစစ်စစ်တစ်ယောက်ကိုး၊ ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော် လုံးလုံး မထင်မိခဲ့ပါဘူးဗျာ"

မြင်းလှည်းသမား ဝူဆန်ကွေးက မကျေမနပ်သံနှင့် မှတ်ချက်ချသည်။ မာလုထုံကလည်းစိတ်မကောင်းသောအမူအရာဖြင့် ...

"အေးဗျာ ... ကျုပ်တို့တစ်တွေ ဒီမြေအောက်ခန်းထဲကို ရောက်မလာကြရင် သူတို့ပြောနေတာကို ကြားရမှာမဟုတ်ဘူး၊ ဒီလို



တ်လမ်းအစုံကိုလည်း သိနိုင်မှာမဟုတ်ဘူး၊ ဟူး ... ဒီမှာ ဆက်နေလို့ မကောင်းတော့ပါဘူး၊ အပြင်ကို ထွက်ကြရအောင်"

စကားဆုံးသည်နှင့် ဝူဆန်ကွေးနှင့်အတူ မြေအောက်ခန်းထဲ အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်ကြသည်။

"ခဏလေး နေပါဦးရှင်"

ဟန်ယုယုက သူတို့နှစ်ယောက်ကို ဟန့်တားလိုက်သည်။ လုထုံက မျက်မှောင်ကြုတ်ကာ ...

"ဒီမှာနေလို့ ဘာအဓိပ္ပာယ်မှမရှိတာ၊ ယုယု ဘာလုပ်ဦးမလို့"

"ဒီနေရာမှာ ကျန်နေခဲ့တဲ့ ကျွန်မရဲ့ပစ္စည်းကလေးတွေ ရှာ ည့်ပါရစေဦး"

ဟန်ယုယု ပြောပြောဆိုဆိုပင် မြေပြင်အနှံ့ကို ဟိုရှာသည် လိုက်ရှာ၏။ လိုဖိနိ၏ ခုတင်ဘေးတွင် ပုလဲလုံးကလေး သုံးလုံးနှင့် ကလေးတစ်ထည်ကို ရှာတွေ့သည်။ မာလုထုံက တအံ့အဩဟန် ...

"ဒီပစ္စည်းတွေက ယုယု ပစ္စည်းတွေလား"

"ဟုတ်ပါတယ်"

"ဟင် ... ဘယ်တုန်းက ကျကျန်ရစ်ခဲ့တာလဲ"

“အရင်တစ်ခေါက်လာခဲ့တုန်းကပါ”

“အရင်တစ်ခေါက် ... ဟုတ်လား၊ အရင်တုန်းက ဒီကိုရောက် ခဲ့ဖူးလို့လား”

“သုတ်ကဲ့ ... ရောက်ဖူးပါတယ်”

ဝူဆန်ကွေးကလည်း အလောတကြီးလေသံဖြင့် ...

“ယုယုက ဒီမှာ ဘာလာလုပ်တာလဲ”

“ကျွန်မဦးလေးဆီကို လာတာပေါ့”

“ယုယုရဲ့ဦးလေး ... ဟုတ်လား၊ လိုဖိန်ဟာ ဘယ်လိုလုပ်ပြီး မင်းရဲ့ဦးလေး ဖြစ်ရမှာလဲ”

မာလုထုံက နားမလည်နိုင်စွာ မေးသည်။ ဟန်ယုယု နှစ်လို ဖွယ် ပြုံး၏။

“ကျွန်မဖေဖေနဲ့ လိုဖိန်ဟာ သွေးသောက်ညီအစ်ကိုတွေ ဆို တာ ရှင် မေ့နေပြီလား”

“အို ... ဟုတ်သားပဲ၊ ဟ ... နေပါဦး၊ ဒီလိုဆိုရင် ဟို ... တစ်ကောင်ကြွက်လိုဖိန်ဆိုတာ အယောင်ဆောင်ဖြစ်နေမှန်း ယုယု အစကတည်းက သိနေတာပေါ့”

“ဟုတ်ပါတယ်”

“သိလျက်နဲ့ ဘာကြောင့် အဲဒီကတည်းက ထုတ်ဖော်မပြော



တာလဲ”

“ဘာကြောင့်မထုတ်ဖော်သလဲဆိုတော့ ကျွန်မတို့ဟာ ဒီ အခွင့်အရေးကို အသုံးချပြီး သူဘယ်လောက်အထိ ခြေလှမ်းလှမ်း မယ်ဆိုတာ စောင့်ကြည့်ချင်သေးလို့ပေါ့”

“အင်း ... အခုတော့ သူ့ခြေလှမ်းတွေလည်း သိပြီ၊ တရားခံ ဟာ လီကျင်းဆွေပဲဆိုတာလည်း နားလည်သွားခဲ့ပြီ မဟုတ်လား”

မြင်းလှည်းသမား ဝူဆန်ကွေးက ဝင်ရောက်မှတ်ချက်ချ သည်။ ဟန်ယုယုသည် ဝူဆန်ကွေးအား လှောင်ပြုံးပြုံးကာ ...

“ရှင်ထင်တာတွေ မှားနေပြီ”

“ဟင် ... ကျွန်တော်ထင်တာ မှားနေပြီ ... ဟုတ်လား၊ ဘာမှားတာမို့လို့လဲ”

“လုပ်ကြံသူတရားခံအစစ်ဟာ လီကျင်းဆွေမဟုတ်ဘူး”

“လီကျင်းဆွေမဟုတ်လို့ ဘယ်သူလဲ”

“လုပ်ကြံသူတရားခံအစစ်ဟာ ရှင်ကိုယ်တိုင်ပဲ”

ဟန်ယုယု၏ အကြည့်မျက်လုံးအား မုန်းတီးခြင်း၊ ရွံရှာ ်က်ဆုတ်ခြင်းအပြည့်ဖြင့် ဝန်ဆန်ကွေးကို ကြည့်နေသည်။

ဝူဆန်ကွေး တအံ့တသြဟန်ဖြင့် ...

“အလိုဗျာ ... စွပ်စွပ်စွဲစွဲ နေရင်းထိုင်ရင်း မဆီမဆိုင် ကျုပ်ကို

ဘာကြောင့် တရားခံလာလုပ်နေရတာတုန်း"

"မဆီမဆိုင် ပြောနေတာမဟုတ်ဘူး၊ ဟုတ်မှဟုတ်တဲ့ အတိုင်း ပြောနေတာ၊ ရှင့်ကိုတွေ့စက ကျွန်မတို့ ဘယ်လိုမှ မယုံ သင်္ကာစိတ်မရှိခဲ့ဘူး၊ ဒါပေမဲ့ ရှင်က သတင်းစုံယစ်ထုပ်ကြီး ဝူချင် တိတ်ရဲ့ညီအရင်းလို့လည်း ပြောလာရော၊ ရှင့်ကို မယုံသင်္ကာစိတ် ဝင်လာရတော့တာပါ ...၊

ဒီမယ် ... ဘာဘဝူချင်တိတ်ကို ရှင်က ဘယ်သူ ထင်နေလို့လဲ၊ ကျွန်မမေမေရဲ့ အစ်ကိုအရင်းရှင့်၊ သူတို့မှာ မောင်နှမလေး နှစ် ယောက်တည်းရှိတာ၊ ဘယ်ကမှ ညီတွေမရှိဘူး၊ ဟာသ်ာနန်းတော်ရဲ့ အစဉ်အလာအရ နန်းတော်ထဲမှာ ယောကျ်ားတွေ နေခွင့်မရှိလို့ အပြင် မှာ နေနေရတာ၊ ဒါပေမဲ့ ... သူ့ဆီမှာ ကျွန်မတို့ ဟာသ်ာနန်းတော်ရဲ့ အထိမ်းအမှတ် ကျောက်စိမ်းအရက်ခွက်တော့ ရှိနေတယ်"

"ဒီအချက်တစ်ချက်တည်းနဲ့ပဲ ကျုပ်က တရားခံဖြစ်ရတော့ မှာလား ... မျက်စိနဲ့ တပ်အပ်မြင်လိုက်တာလည်း ရှိသေးတယ်"

"ဘာကိုမြင်ရလို့လဲ"

"ကျွဲဘီလူး ကွေးတိတ်ရန်ကို ရှင်သတ်တာ တွေ့လိုက်ရ တယ်လေ"

ဝူဆန်ကွေး မျက်နှာအပျက်ပျက် ဖြစ်လာ၏။ ဟန်ယုယုက



ဆက်လက်၍ ...

"ရှင် ဘယ်သူဘယ်ဝါဆိုတာ ရှင်းရှင်းလင်းလင်း သဲသဲကွဲကွဲ မသိရသေးလို့ အဲဒီတုန်းက မြင်တွေ့ခဲ့ရတာကို ဘယ်သူ့ကိုမှ မပြော ဘဲ ထိမ်ချန်ထားခဲ့တယ်"

ဝူဆန်ကွေး ဘာမျှမပြောသာ။ မာလုထုံမှာ ဘာနားလည် ရမှန်းမသိဘဲ ဝူဆန်ကွေကိုကြည့်လိုက်၊ ဟန်ယုယုကိုကြည့်လိုက် ဖြစ် နေ၏။ ကြောင်စီစီဖြစ်နေသော မာလုထုံကိုကြည့်ကာ ဟန်ယုယု ဆက်လက်၍ ...

"လီကျင်းဆွေကို ယုတ်မာကောက်ကျစ်တဲ့ လုပ်ကြံသူတရား ခံအဖြစ် မရောက်ရောက်အောင် သဲကြီးမဲကြီး ဖန်တီးတွန်းပို့နေတဲ့ လူကို ဘယ်သူလို့ ထင်နေသလဲ"

"မေးစရာမလိုပါဘူးလေ ... ကျန်းထင်ဟုန်ကလွဲလို့ ဘယ်သူ ရှိဦးမှာလဲ"

"ဩော် ... ရှင်လည်း နားလည်နေတာပဲကိုး၊ ဟုတ်တယ်၊ ကျန်းထင်ဟုန်ဆိုတာ ဝူဆန်ကွေး အယောင်ဆောင်ထားတဲ့ဒီလူပဲ"

"ဟင် ... မင်း မင်း ကျန်းထင်ဟုန် ... ဟုတ်လား"

"ဟုတ်တယ် ... ကျုပ်ဟာ ကျန်းထင်ဟုန်ပဲ"

မာလုထုံ၏အမေးစကားကို ကျန်းထင်ဟုန်က ပွင့်ပွင့်လင်း

လင်းပင် ပြောင်ဝန်ခံသည်။ ဟန်ယုယု အံ့သြဟန်ဖြင့် ...

"ဩော် ... ရှင်ဟာ သတ္တိကောင်းသားပဲ၊ ဒီလို ပွင့်ပွင့်လင်းလင်း ဝန်ခံလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့မိဘူး"

"မင်း မထင်တာတွေ ရှိသေးတယ်"

"ဘာတွေလဲ"

"ဟား ဟား ဟား ... ခင်ဗျားတို့က ကျုပ်ကို ကျန်းထင်ဟုန်လို့ ထင်နေသလား"

"ကျန်းထင်ဟုန် မဟုတ်ရင် ရှင်ဘယ်သူလဲ"

"ကျန်းထင်ဟုန်နဲ့ ခွဲမရအောင်တူတဲ့ ကျောက်လုဝန်း"

"ကျောက်လုဝုန်း ... ဟုတ်လား၊ ဒါဖြင့် ကျန်းထင်ဟုန်က ဘယ်မှာရှိနေမလဲ"

"မြေကြီးထဲမှာ ... အခုလောက်ဆို အရိုးဆွေးနေပြီး မြေစာဖြစ်နေလောက်ပြီ"

"ရှင် သတ်ခဲ့တာပေါ့"

"ဟုတ်တယ် ... ကျုပ်သူ့ကိုသတ်ပြီး သူ့နေရာမှာ အစားထိုးဝင်ခဲ့တာပဲ၊ နောက်တစ်ချက်က ကျုပ်ဟာ ဆရာလိုဖိုန်ရဲ့ တစ်ဦးတည်းသောတပည့်လည်း ဖြစ်တယ်၊ ကျုပ်ကိုယ်ကျုပ် ကျန်းထင်ဟုန်လို့ ခံယူလိုက်တဲ့အချိန်မှာ သိုင်းပညာကို ပြိုင်ဘက်ကင်း တတ်



မြောက်ချင်ခဲ့တယ်၊ ထင်ပေါ်ကျော်ကြားချင်ခဲ့တယ်၊ ဒါကြောင့် ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင် ဆရာကောင်းကို ရှာတယ်၊ လိုဖိန့်အကြောင်းကို ကြားလိုက်မိတော့ ငါ့အတွက် အဆင်ပြေပြီလို့ တွက်မိတယ်၊ ဒါနဲ့ ဒီမဟူရာတောင်ကို 'ခဲရာခဲဆစ် ရှာဖွေရောက်လာပြီး သူ့ဆီမှာ တပည့်ခံခဲ့တယ်"

"ရှင်က သူ့တပည့်ရင်းဖြစ်လျက်နဲ့ ဘာကြောင့် ကိုယ့်ဆရာသမားကို ပြန်သတ်ရတာလဲ"

"ဟဲ ဟဲ ဟဲ ... သတ်ရမယ်လေ၊ သူ့ဆီက သိုင်းပညာတွေကုန်စင်အောင် ကျုပ် သင်ယူတတ်မြောက်ပြီးပြီပဲ၊ ပြီးတော့ ကျုပ်လုပ်ငန်းတွေထဲမှာ ဝင်ရှုပ်တာကို မကြိုက်ဘူး၊ အဲ ... ကျုပ်လုပ်ငန်းဆိုလို့ တစ်လက်စတည်း ပြောရဦးမယ် ... ဝံပုလွေဂိုဏ်းချုပ်ဆိုတာလည်း ကျုပ်ပဲ၊ ကျုပ် ဒီဂိုဏ်းပြန်တည်ထောင်တာကို သူက ကလန်ကဆန်လုပ် ဝင်ရှုပ်တယ်လေ"

"ဩော်

"ဟဲ ဟဲ ဟဲ ... ဒီလိုပဲ လုပ်ရမယ်လေ၊ လီကျင်းဆွေက ကျုပ်ကိုယ်စား တရားခံဖြစ်သွားတော့ ကျုပ်ကို ဘယ်သူမှ သံသယမဝင်နိုင်တော့ဘူးပေါ့"

ဟန်ယုယု ဒေါသဖြစ်၏။ ကျောက်လုဝုန်းအား စိစိညက်

ညက်ကြေအောင် အမှုန့်ခြေပစ်လိုက်ချင်သော်လည်း အကြောင်းစုံ မရှင်းလင်းသေးသဖြင့် ဒေါသကို ချုပ်တည်းထားလိုက်ရ၏။

"အခုတော့ ရှင်ဘယ်လောက်လည်လည် ... ရှင့်လုပ်ဇာတ်တွေ အားလုံး ဘူးပေါ်သလို ပေါ်လာခဲ့ပြီမဟုတ်လား"

"မပေါ်သေးပါဘူးလေ၊ ကျုပ်အကြောင်းကို သိသွားတာ မင်းနဲ့ မာလုထုံတို့နှစ်ယောက်တည်း ရှိကြသေးတယ်၊ ဆရာရှောင်ရှုံးကလည်း လီကျင်းဆွေဟာ လုပ်ကြံသူတစ်ယောက်လို့ သတ်မှတ် ယုံကြည်နေသေးတယ်၊ ခုနက စကားပြောသံတွေကို မင်းတို့ ကြားရသလို သူတို့ကြားနိုင်အောင်လည်း ကျုပ်စီစဉ်ထားတယ်၊ နောက်ပြီး ခုနက ကြားလိုက်ရတာတဲ့ ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေဟာ ဘာသံတွေလဲဆိုတာကော နားလည်ရဲ့လား"

"လူတစ်ယောက် မြေကြီးပေါ်လဲကျသွားတဲ့ အသံနဲ့ ဓားဆွဲထုတ်လိုက်တဲ့ အသံလို့ ထင်တာပဲ"

"ဟား ဟား ဟား ... ကျုပ်ရဲ့လက်ရုံးဖြစ်တဲ့ ဓားသမားက လီကျင်းဆွေကို အပြတ်ရှင်းလိုက်တာလေ၊ ကျုပ်လက်ရုံး ဓားသမားဆိုတာကကော မင်းတို့ ဘယ်သူထင်နေလို့လဲ"

"ဘယ်သူလဲ"

"ဟဲ ဟဲ ဟဲ ... မင်းတို့အုံ့ဩကြဦးမှာပဲ၊ ကျုပ်လက်ရုံးဓားသမားက တခြားလူမဟုတ်ဘူး ... ယီချန်းလီပဲ"



"ဟင် ... ယီချန်းလီ ... ဟုတ်လား"

"ဟုတ်တယ် ... ယီချန်းလီဟာ ကျုပ်တို့ ဝံပုလွေဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်ကြီးပဲ"

"ရှင်က ရှင့်ကိုယ်ရှင် အပိုင်ပြောနေရအောင် ရှင့်ကို ကျွန်မတို့တစ်တွေက မတိုက်ခိုက်ဘူးထင် နေလို့လား"

"ယုံပါတယ် ... သာမန်အချိန်မှာ မင်းတို့နှစ်ယောက်ကို အလွယ်ကလေး မယှဉ်နိုင်တာ ကျုပ်သိပါတယ်၊ ဒါပေမဲ့ အခုတော့ ကျုပ်ကိုယှဉ်လို့ မရနိုင်တော့ဘူး"

"ဘာကြောင့် မယှဉ်နိုင်ရမှာလဲ"

"ဘာကြောင့် မယှဉ်နိုင်သလဲဆိုတော့ ခင်ဗျားတို့နှစ်ယောက်စလုံးရဲ့ အာရုံတွေ မမှန်ကန်တော့လို့ပဲ"

"ဟင်"

ဟန်စုစုနှင့် မာလုထုံတို့ နှစ်ယောက် အကြီးအကျယ်ပင် အံ့ဩထိတ်လန့်သွားသည်။ သူတို့ကိုယ်သူတို့ ချက်ချင်း သွေးလည်ပတ်မှု ပြုလုပ်ကြည့်သည်။ စီးဆင်းပုံ မမှန်။ သွေးလည်ပတ်မှုပြုမှ ခေါင်းထဲတွင် ရီဝေမူးနောက်နောက် ဝေဒနာကို ခံစားလာရတော့၏။

"ဟင် ... ရှင် ... ရှင်"

"ဟား ဟား ဟား … လိုဖိန့်ကို ကျုပ်လိုကောင်က လုပ်ကြံလို့ရပ့ါမလား၊ လုပ်ကြံနိုင်အောင် မီးခွက်ထဲမှာလောင်စာဆီ တစ်မျိုး ထည့်ခဲ့တယ်၊ အဲဒီဆီက ကျုပ်တို့ မြောင်ဒေသမှာရှိတဲ့ သက်ရင့် ဖွတ် တစ်မျိုးရဲ့ အဆီနဲ့ အထူးဖော်စပ်ထားတာပဲ၊ အဲဒီဆီ မီးလောင်တဲ့ အနံ့ကိုရှူရှိုက်မိရင် အာရုံကြောတွေထုံထိုင်းပြီး မူးဝေသွားတတ်တယ်၊ လိုဖိန်မူးဝေနေတုန်း ကျုပ်ကအပိုင်လုပ်ကြံလိုက်တာပဲ၊ အခုတော့ မင်းတို့အလှည့်ရောက်လာပြီ၊ ဟောဒါကတော့ ဖြေဆေးပဲ"

ကျောက်လုဝုန်းက ဖြေဆေးကို ပါးစပ်ထဲသို့ ဆတ်ခနဲ ပစ်ထည့်ပြီးလျှင် အားပါးတရ ရယ်မောပစ်လိုက်၏။

သို့သော် သူ့ရယ်သံမဆုံးခင်မှာပင် လက်ဝါးလေလှိုင်းအား တစ်ခု တိုးဝင်လာပြီး မီးအိမ် မီးခွက်အလင်းရောင်မှာ ဟုပ်ခနဲ တစ်ချက်လှုပ်ယမ်း၍ ငြိမ်းသေသွားသည်။

လက်ထဲတွင် မီးတုတ်တစ်ချောင်းကိုင်ကာ မြေအောက်ခန်း ထဲသို့ ဝင်လာသူကို တွေ့ရလျှင် ကျောက်လုဝုန်းမှာ အကြီးအကျယ် အံ့အားသင့်ထိတ်လန့်သွားတော့သည်။



မြေအောက်ခန်းသို့ဝင်လာသူကား တိမ်နဂါးလီကျင်းဆွေပင် တည်း။

လီကျင်းဆွေကို တွေ့ရလျှင် ကျောက်လုဝုန်း အကြီး အကျယ် အံ့ဩဒေါသထွက်သည်။

"ဟင် လီကျင်းဆွေ … မင်း … မင်း မသေသေးဘူးလား"

"ဟုတ်တယ် … ငါ မသေသေးဘူး၊ မင်းကို ကြိုးစင်ပို့ဖို့ ငါ့မှာ ရှိနေသေးတယ်"

"ယီချန်းလီလက်ချက်နဲ့ မသေရင် မင်း အခု ငါ့လက်ချက်နဲ့ သေပေတော့"

ပြောပြောဆိုဆိုပင် ကျောက်လုဝုန်းက ဓားရှည်ကို ဆွဲထုတ် ကာ အရှူးအမူး လိုက်လံတိုက်ခိုက်သည်။ လီကျင်းဆွေ လက်ထဲမှ မီးတုတ်ကိုင်ရင်း ရှောင်တိမ်းသည်။ ကျောက်လုဝုန်း၏သိုင်းပညာမှာ အစွမ်းကုန်တိုးတက်နေပြီဖြစ်သဖြင့် ဓားချက်တိုင်းက ကြောက်စရာ ကောင်းသည်။

လီကျင်းဆွေ၏သေကွင်းသေကွက်များကိုသာ အကြီး အကျယ် ခြိမ်းခြောက်တိုက်ခိုက်သည်။ လီကျင်းဆွေသည် မီးတုတ် တစ်ဖက်ကိုင်ရင်းမှ ကြောင်ပျံခြေလိမ်ကွက်ကို အသုံးပြုကာ လှပစွာ ရှောင်တိမ်းနေရ၏။ ကျောက်လုဝုန်းသည် သွေးရူးသွေးတန်း ဖြစ်

နေ၏။ လီကျင်းဆွေမသေလျှင် သူ့ဇာတ်ထုပ်က အားလုံး ရှင်းရှင်းလင်းလင်း သိသွားကြတော့မည်။

လောလောဆယ် မြေအောက်ခန်းထဲမှ လူသုံးယောက်ကို ရှင်းပြီးလျှင် ကျန်ရှိသည့် ရောင်ရှုံးနှင့် ဟန်စုစုတို့ကို ပရိယာယ်ဆင် လုပ်ကြံမည်ဟု စိတ်ကူးထား၏။

သို့သော် လီကျင်းဆွေကို အလွယ်နှင့် သတ်မရ။ ကြောင်ပျံခြေလိန်ကွက်များ၏အစွမ်းကြောင့် အခက်တွေ့နေရသည်။

ကျောက်လုဝုန်း အကြီးအကျယ် ဒေါသထွက်သည်။ ဓားချက်ဖြင့် လုပ်ကြံ၍မဖြစ်သောအခါ အကောက်ဉာဏ်ဆင်ရန် စိတ်ကူး၏။

လီကျင်းဆွေအား ဟန်ပြတိုက်ခိုက်ရင်း ဘယ်လက်က အဆိပ်လက်နက်ပုန်းတစ်ဆုပ်ကို ထုတ်ယူသည်။

'ဝှစ် ဝှစ် ဝှစ်'

လက်နက်ပုန်း လေတိုးသံသုံးချက် ပေါ်လာ၏။ လူတစ်ယောက် ထွေးခနဲ လဲကျသွား၏။ လီကျင်းဆွေကား မဟုတ်။ ကျောက်လုဝုန်း ဖြစ်ပေသည်။

ကျောက်လုဝုန်း အဘယ်ကြောင့် လဲကျသွားရလေသနည်း။ မြေအောက်ခန်းထဲသို့ နောက်ထပ်လူသုံးယောက် ရောက်ရှိလာကြ



သည်။ ရှေ့ဆုံးမှဝင်လာသူမှာ ဟန်စုစု။

ဟန်စုစုနောက်မှ လူနှစ်ယောက်ကား ရောင်ရှုံးနှင့် ယီချန်းလီတို့တည်း။ ယီချန်းလီသည် ရောင်ရှုံး၏ထိန်းချုပ်မှုအောက်တွင် လိုက်ပါလာရ၏။

ကျောက်လုဝုန်းလဲကျသွားရခြင်းမှာ ဟန်စုစုက ကျောက်စရစ်ခဲ လက်နက်ပုန်းသုံးခုဖြင့် သွေးကြောကွက်ကို ပစ်ပေါက်ထိန်းချုပ်လိုက်သောကြောင့် ဖြစ်ပေသည်။

ကျောက်လုဝုန်းသည် မလှုပ် မယှက်နိုင်ဘဲ မြေကြီးပေါ်တွင် ခွေခွေကလေးလဲကျနေ၏။ ဟန်စုစုနှင့် ရောင်ရှုံးကိုမြင်လျှင် သရဲတစ္ဆေကိုမြင်တွေ့ရသလို တအံ့တသြဖြစ်၏။

ဟန်စုစုက ကျောက်လုဝုန်းထံသို့ လျှောက်သွားပြီး အိတ်ထဲမှ မူးယစ်အာရုံပျက်ပြားစေသော အဆိပ်ဖြေဆေးကို နှိုက်ယူသည်။

ပြီးလျှင် ဟန်ယုယုနှင့် မာလုထုံတို့အား တိုက်ကျွေးသည်။ ဟန်ယုယု စိတ်အာရုံ ကြည်လင်လာလျှင် ...

"ရှင် သိပ်အံ့သြနေသလား ကျောက်လုဝုန်း၊ ရှင့်က ရှင့်ကိုယ်ရှင် ဘာဘဝှချင်တိတ်ရဲ့ညီအရင်းလို့ ပြောလာကတည်းက ရှင့်အပေါ်မှာ သံသယဖြစ်ခဲ့တယ်၊ တည်းခိုဖို့ အိမ်ကြီးဆီကို ခေါ်လာတော့ သံသယက ပိုခိုင်မာလာတယ်၊ ကျွန်မနဲ့ ညီမလေးတို့ နှစ်ယောက်

ပြောတဲ့စကားတွေကို ရှင်လာနားထောင်မယ်ဆိုတာသိလို့ ကျွန်မတို့နှစ်ယောက် တမင်သက်သက် ရှင်ကြားအောင် စကားတွေပြောပြီး အကွက်ဆင်ခဲ့ကြတယ်၊ တကယ်တော့ ကျွန်မက ညီမလေးစုစုကို အကြောင်းပိတ်ပြီးပြီးချင်းပဲ အသာကလေး ပြန်ဖြေပေးခဲ့တယ်၊ ဒါကြောင့် သူကဆရာကြီး ရှောင်ရှူးကို ကယ်တယ်လာနိုင်ခဲ့တယ်ပေါ့"

"ဒါဖြင့် ဟို ... ဟို ... လီကျင်းဆွေက ယီချန်းလီကို ဘယ်လို အနိုင်ယူလိုက်တာလဲ"

ကျောက်လုဝုန်းက နားမလည်နိုင်စွာဖြင့် မေးသည်။ လီကျင်းဆွေ မဖြေခင်မှာပင် မာလုထုံက ...

"ဟား ဟား ဟား ... ငါ့ရဲ့ သိုင်းကွက်တစ်ကွက် ဖြစ်တဲ့ မြွေပါမြွေမျိုးတိုက်ကွက်နဲ့ အနိုင်ယူလိုက်တာပေါ့ကွာ"

"ဟင် ... ခင် ... ခင်ဗျား ... ခင်ဗျားက ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့ကွာ၊ ယီချန်းလီဟာ ငါ့ကို သဲကြီးမဲကြီး အသေလိုက်သတ်နေတယ်ဆိုတာ မင်းသိလား၊ အေး ... ငါပြောပြမယ်၊ ယီချင်းလီဟာ သမာဓိသိုင်းသမားအမည်ခံပြီး နောက်ကွယ်မှာ မဟုတ်တာတွေ လုပ်နေတယ်ဆိုတာ ငါကသိထားတယ်၊ ဒါတင်မက သေးဘူး၊ ဝံပုလွေဂိုဏ်းရဲ့ အကြီးအကဲတစ်ယောက်ဖြစ်တယ် ဆိုတာကိုပါ သိထားပြန်တော့ ငါ့ကိုအမြစ်ပါမကျန်ရှာပြီး နှုတ်ပိတ်ဖို့ ကြိုး



စားနေတယ်၊ နောက်တစ်ခါ ... လီကျင်းဆွေကိုပါ သဲကြီးမဲကြီး လိုက်နေတာကို သိရပြန်တယ်၊ ဒါကြောင့် ... သူ့ကိုအနိုင်ယူမယ့် မြွေပါမြွေမျိုးသိုက်ကွက်ကို လီကျင်းဆွေကို ငါ သင်ပေးလိုက်တာပဲ"

"ခင်ဗျားက ဒီသိုင်းကွက်တတ်မြောက်ထားလျက်နဲ့ ဘာကြောင့် ယီချန်းလီရဲ့ မီးသင်ကျားလက်ဝါးအဏ် သင့်ခဲ့ရတာလဲ"

"မြွေပါမြွေမျိုကွက်တစ်ကွက်တည်း တတ်မြောက်ရုံနဲ့ယီချန်းလီကို မနိုင်နိုင်သေးဘူး၊ ရှောင်တိမ်းကွက်ထူးချွန်မှသာ မီးသင့်ကျားလက်ဝါးအဏ်က လွတ်ကင်းနိုင်မယ်၊ လီကျင်းဆွေမှာ အရှောင်အတိမ်း သူမတူအောင်ထက်မြက်ကောင်းမွန်တဲ့ ကြောင်ပျံခြေလိမ်ကွက်ကို တတ်ထားတယ်ဆိုတာ ငါသိထားတယ်၊ ဒီသိုင်းကွက်နှစ်ကွက်ကို ပေါင်းစပ်တိုက်ခိုက်တော့ မင်းရဲ့လက်ရုံးတစ်ဆူဖြစ်တဲ့ ယီချန်းလီ တစ်ကွက်တည်းနဲ့ လဲသွားရတာပဲပေါ့"

ကျောက်လုဝုန်း နှုတ်ဆိတ်သွားတော့သည်။ အကြံကြီး ကြံထားသမျှ အကြိုးစားကြီး ကြိုးစားထားခဲ့သမျှ အချည်းနှီးဖြစ်ကာ ခေါင်းငိုက်စိုက်ကျသွားရလေတော့သည်။

"မာလုထုံ ... ခင်ဗျားဟာ သိုင်းလောကကြီးတစ်ခုလုံး သွေးချောင်းစီးမယ့်ကိစ္စတွေ ဖော်ထုတ်ရာမှာ တစ်တပ်တစ်အား အကူအညီပေးခဲ့တယ်၊ ဒီအတွက် ခင်ဗျားကို ကျုပ်တို့ကျေးဇူးတင်ပါတယ်"

ရှောင်ရှုံးက စကားစသည်။ မာလုထုံပြုံးလိုက်၏။

“မလိုပါဘူးဗျာ၊ ခင်ဗျားဟာ အရင်တုန်းက ယီချန်းလီတို့နဲ့ တစ်ဖွဲ့တည်းရှိခဲ့တာပဲ၊ အခုကော ကျုပ်ကို ခင်ဗျားသတ်ချင်သေးလား”

“ဟင့်အင်း ... ခင်ဗျားကို ကျုပ်မသတ်ဘူး၊ ဒါပေမဲ့ ... ထိုက်သင့်တဲ့အပြစ်ဒဏ်တော့ ခတ်ရလိမ့်မယ်”

“ဘယ်လိုအပြစ်ဒဏ် ခတ်မှာလဲ”

“ခင်ဗျားဟာ ခားပြမှုတွေ ကျူးလွန်ခဲ့တယ်၊ မိတ်ဆွေအပေါင်းအသင်းအတွက် ကလဲ့စားချေပေးတယ်ဆိုပေမယ့် တရားဥပဒေအရတော့ လူသတ်တာဟာ လူသတ်တာပဲဖြစ်တယ်၊ ဒီအတွက် ခင်ဗျားမှာ ကြီးကြီးမားမားအပြစ်ဒဏ် သင့်နိုင်တယ်၊ ဒါပေမဲ့လို့ ဘာမှမပူနဲ့ ... ကျုပ် ခင်ဗျားဘက်က မားမားမတ်မတ်ရပ်ပြီး ကာကွယ်ပေးပါ့မယ်၊ ထောင်ဒဏ်လောက်နဲ့ ပြီးအောင် စီစဉ်ပေးမယ်”

“ခင်ဗျားက ဘာမို့လို့တုံး”

“ကျုပ်ကလား”

ရှောင်ရှုံးသည် သူ့ကိုယ်ပေါ်မှ ဝတ်စုံကို ချွတ်လိုက်၏။ အောက်တွင်ခံဝတ်ထားသော ဝတ်စုံကိုမြင်ရလျှင် လူအားလုံးမှာ အံ့အားသင့် မှင်တက်သွားကြသည်။



ဝတ်စုံက ဗိကင်းနေပြည်တော်မှ အမှုလိုက်ရဲအရာရှိဝတ်စုံဖြစ်ကာ ထင်ထင်ရှားရှားကြီး ပေါ်လွင်လာခဲ့လေသတည်း။

❂ ❂ ❂

## အခန်း (၂၁)

မဟူရာတောင်ခြေမှ မြင်းလှည်းနှစ်စီး ထွက်လာကြသည်။ ပထမမြင်းလှည်းပေါ်တွင် ရှောင်ရှူး၊ ကျောက်လုဝုန်း၊ မာလုထုံနှင့် ယီချန်းလီတို့ စီးနင်းသည်။

ရှောင်ရှူးသည် ကျောက်လုဝုန်းတို့သုံးယောက်ကို အပြစ်ဒဏ်ချရန် ချင်တူးမြို့ကလေးသို့ ခေါ်ဆောင်သွားမည်ဖြစ်၏။ ဒုတိယမြင်းလှည်းပေါ်တွင် လီကျင်းဆွေ၊ ဟန်ယုယုနှင့် ဟန်စုစုတို့ လိုက်ပါကြသည်။

ဟန်ယုယုနှင့် ဟန်စုစုတို့ ညီအစ်မနှစ်ယောက် ဝမ်ဆန်းတောင်သို့အပြန်ခရီးကို လီကျင်းဆွေက ခရီးတစ်ထောက် လိုက်ပါပို့ဆောင်ကြမည်ဖြစ်၏။

မြင်းလှည်းနှစ်စီးမှာ လမ်းကြောင်းဦးတည်ချက်ချင်း မတူ။ သို့အတွက် တစ်ယောက်နှင့် တစ်ယောက် နှုတ်ဆက်လာကာ မဟူရာတောင်ကြောမှ ကျောခိုင်းထွက်ခွာလာခဲ့ကြသည်။



လီကျင်းဆွေ၏မြင်းလှည်းပေါ်တွင် တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးသည်။ သုံးယောက်သား အတွေးကိုယ်စီဖြင့် လိုက်ပါလာခဲ့ကြ၏။ မြင်းလှည်းကို မောင်းနှင်သူက လီကျင်းဆွေဖြစ်၏။

ရထားအိမ်ထဲတွင်ရှိသည့် ညီအစ်မနှစ်ယောက်မှာ တစ်ဖက်တစ်ချက်စီငေးကြည့်လိုက်ပါရင်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြ။

နေညိုညို တိမ်တောက်ချိန်ကလေး၌ မြင်းလှည်းက ဝမ်ဆန်းတောင်သို့သွားရာ လမ်းခွဲသို့ရောက်လာသည်။ အချိန်က လွမ်းမောဖွယ်အချိန်။ နေရာက လမ်းဆုံလမ်းခွ။

လီကျင်းဆွေတို့ တစ်ယောက်ကိုတစ်ယောက် ခွဲခွာကြရတော့မည်။ မြင်းလှည်းကို ရပ်လိုက်စဉ်ပင် လီကျင်းဆွေရင်ထဲ၌ ဆွေးဆွေးမြည့်မြည့်ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။

ဟင်္သာဒေဝီညီအစ်မကို သူ မခွဲနိုင်မခွာရက် ဖြစ်နေ၏။ သံယောဇဉ်နှောင်ကြိုးက တင်းတင်းကျပ်ကျပ် ရစ်ပတ်နှောင်တွယ်နေ၏။

မြင်းလှည်းရပ်လိုက်သော်လည်း အောက်သို့မဆင်းနိုင်။ မြင်းဇက်ကြိုးကိုကိုင်ကာ ငိုင်ငိုင်တွေတွေကလေး ဖြစ်နေ၏။ နှုတ်ဆက်စကားကို မဆိုချင်။ မဆိုနိုင်။

ဤလမ်းခွဲကလေးသည် တစ်သက်တာလမ်းခွဲကလေး ဖြစ်နေလေမည်လားဟု သူစိုးရိမ်သည်။ မြင်းလှည်းအိမ်အတွင်းမှ ညီအစ်မကလည်း နှုတ်ဆက်စကား မဆို၊ ခွဲခွာဖို့စကား မစ။

တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ငြိမ်သက်နေခြင်းကသာ ကြေကွဲစွာ လွမ်းမိုးနေ၏။ ငြိမ်သက်ခြင်းကို မခံစားနိုင်သူကား ဟန်စုစု။ မြင်းလှည်းပေါ်တွင် တည်ငြိမ်စွာထိုင်နေရာမှ တံခါးဖွင့်ကာ အောက်သို့ဆင်းလာသည်။ အောက်သို့ရောက်သည်နှင့် ...

"လီကျင်းဆွေ"

လီကျင်းဆွေကို အသံပြုသည်။ လီကျင်းဆွေ ခေါင်းငုံ့ကြည့်သည်။ သူ့အကြည့်မျက်ဝန်းတွင် အချစ်အလွမ်းများ ဝန်းရံနေ၏။ သူ့မျက်ဝန်းနှင့်ဆုံလျှင် ဟန်စုစု အတန်ကြာအောင် ငေးစိုက်ကြည့်နေ၏။

ထို့နောက် မျက်တောင်ကလေးများ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ မျက်လွှာချသည်။

"မမနဲ့အတူ ဟသ်ာနန်းတော်ကို လိုက်သွားပါနော်၊ အခုလောက်ဆိုရင် မေမေကလည်း အစ်ကို့မှာ အပြစ်မရှိဘူးဆိုတာ လက်ခံပါလိမ့်မယ်၊ အစ်ကိုနဲ့ မမတို့က ဖူးစာဖက်တွေပဲ မဟုတ်လား"

လီကျင်းဆွေမှာ မျှော်လင့်ထားသည့်အတိုင်း ဖြစ်လာပြီး ရင်ထဲတွင် ဆို့နင့်သွားရ၏။ စကားဆိုခြင်းကား မရှိ။



လှည်းအိမ်အတွင်းမှ ဟန်ယုယုကသာ ကြင်နာသောလေသံဖြင့် ...

"စုစု ... ညီမလေးကကော ဘယ်ကိုသွားမလို့လဲ"

"ကျွန်မကို ထည့်မတွက်ပါနဲ့ မမရယ်၊ ကျွန်မ လွတ်လွတ်လပ်လပ်ပဲ လျှောက်သွားနေပါရစေ"

ဟန်စုစု၏စကားသံက ပျော့သ[illegible] အမူအရာက နွမ်းသည်။ ဆို့နင့်ကြေကွဲမှုတို့က မျက်နှာထက်တွင် ထင်ဟပ်သည်။ မိမိမြတ်နိုးတွယ်တာရပါလေသော၊ ချစ်ခင်သံယောဇဉ်ရှိပါသော ချစ်သူနှင့် လမ်းခွဲရတော့မည်မို့ မျက်လုံးအိမ်တွင် မျက်ရည်ကြည်တို့ ရစ်ပိုင်းလာသည်။

တံတွေးတစ်လုတ်မျိုကာ စိတ်ခံစားချက်တို့ကို ချုပ်ထိန်းသည်။ ထို့နောက် အစ်မဖြစ်သူအား စောင်းငဲ့ကြည့်သည်။ ပြီးလျှင် လီကျင်းဆွေကို တပ်မက်စွာ တစ်ချက်ကြည့်၏။

စကားတစ်ခွန်းမျှ မဆို။ အကြည့်မျက်ဝန်းတစ်ချက်က စကားအရာအထောင်အသောင်းထက် ထိရောက်သည်။ မျက်ဝန်းကို ပြန်ရုပ်ပြီး ခြေလှမ်းများက မြင်းလှည်းကို ကျောခိုင်းလျှောက်သည်။

အကျည်းတန်မလေး ဟန်စုစု၏ ခြေလှမ်းတို့က လေးလေးပွဲ့တွဲ့။ ကျောခိုင်းစွန့်လွှတ်ရခြင်းက ရင်နှင့်အမျှ ကြေကွဲသည်။

ချစ်သူနှင့် အစ်မတို့ကြားတွင် သူ ခလုတ်ကန်သင်း မဖြစ်လို။ အသည်းနှလုံးဖြုတ်ကာ နောက်ဆုတ်ခဲ့လေပြီ။ ဟန်စုစု၏ မျက်လုံးအကြည့်၊ မျက်ဝန်းအိမ်တွင် ခိုတွဲသီနေသော မျက်ရည်ဥတို့ကို လီကျင်းဆွေနှင့် ဟန်ယုယုတို့ မြင်သည်။

မြင်သည်နှင့်အလျောက် ရင်ထဲတွင် နင့်နင့်နဲနဲ ခံစားရသည်။ အကျည်းတန်မကလေးကို ကရုဏာသက်မိကြသည်။ လီကျင်းဆွေမှာ ရင်တစ်ပြင်လုံး ပွင့်ပေါက်ကွဲကြေလုမတတ် ဖြစ်၏။

ဟန်စုစု၏နှာမည်ကလေးကိုခေါ်ကာ အပြေးလိုက်သွားချင်သည်။ အကျည်းတန်မျက်နှာကလေးကို ရင်ခွင်ထဲထည့်သွင်းကာ နမ်းကြူလိုက်ချင်သည်။ အဝေးသို့ ထွက်မပြေးစေရန် တင်းကျပ်စွာ ဖက်တွယ်ထားလိုက်ချင်သည်။

သို့သော် မဝံ့။ မဝံ့ဆိုခြင်းထက် ဟန်ယုယုကို ရှိန်နေခြင်း၊ မျက်နှာပူခြင်း၊ တစ်ဖန် ပြန်လည်၍ ကရုဏာသက်မိခြင်းသာတည်း။ ဟန်စုစု၏ခြေလှမ်းများက တရွေ့ရွေ့။

လေးတွဲ့စွာ လှမ်းနေသည်ဆိုသော်လည်း တဖြည်း ဖြည်းလှည်းနှင့်ဝေးလာသည်။ ဝေးလာသည်နှင့်အမျှ လီကျင်းဆွေ၏စိတ်က လေးလာသည်။ ရင်ထဲတွင် ဆွေးလာသည်။ မထိန်းချုပ်နိုင်တော့။ ချစ်မေတ္တာ အုံကြွပေါက်ကွဲမှုကို မခံစားနိုင်တော့။



"စုစု ... စုစု ..."

လီကျင်းဆွေ အော်ခေါ်လိုက်မိသည်။ အသံက လှိုက်လှဲသည်။ တုန်ခါသည်။ အသံနှင့်အတူပင် လူကလည်း မြင်းလှည်းအောက်သို့ ခုန်ဆင်းလိုက်ပြီး ဖြစ်နေသည်။ ဟန်စုစုသည် လီကျင်းဆွေ၏ ဟစ်ခေါ်လိုက်သံကြောင့် လျှောက်လှမ်းနေသောခြေလှမ်းတို့ တစ်ခဏ တုံ့သည်။ သို့သော် ဆင်ခြင်တရားက စိတ်ကိုထိန်းသည်။

ရင်ထဲကဝေဒနာကို ကြိတ်မှိတ်ဖြေသိမ့်သည်။ နှုတ်ခမ်းကလေးကို ဖိကိုက်သည်။ ပြန်လှည့်ချင်နေသော ခြေလှမ်းကို ထိန်းတွဲသည်။ တုံ့နေသောခြေလှမ်းကို ပြန်စသည်။ ခြေတစ်လှမ်းသည် အသည်းကျွမ်းမျှ ခံစားရ၏။

သို့သော် အသည်းကျွမ်းခံကာ ခြေလှမ်းသည်။ လီကျင်းဆွေဘာလုပ်ရမည်မသိ။ ရှေ့မတိုးသာ နောက်မဆုတ်သာဖြင့် ခေါင်းငုံ့ကာ ဆက်လျှောက်သွားသော ဟန်စုစုကို ငေးကြည့်နေမိ၏။ ရင်ထဲမှ အချစ်ပိုးက တွန်းထိုးသောအခါ ဟန်စုစုနောက်သို့ အပြေးလိုက်ရန်ပြင်သည်။

သို့သော် မြင်းလှည်းအိမ်ထဲမှ ဟန်ယုယုကို သတိရပြန်သောအခါ လှမ်းတော့မည့်ခြေလှမ်းက ရပ်တန့်သွားရပြန်သည်။ ဟန်ယုယုကို သမင်လည်ပြန်ဖြင့် ကြည့်မိသည်။ ဟန်ယုယု၏မျက်ဝန်းတို့နှင့်

ဆုံသည်။ နားလည်ခွင့်လွှတ်ရိပ်တို့ သူမ၏မျက်ဝန်းတွင် ထင်ဟပ်သည်။ အလှဆုံးသောအပြုံးကို တွေ့ရသည်။

လီကျင်းဆွေ ဟန်ယုယုထံသို့ ချဉ်းကပ်လျှောက်သွားသည်။

"ယုယု"

ဟန်ယုယု၏လက်ချောင်းကလေးများကို ဆုပ်ကိုင်ကာ ညင်သာစွာ ခေါ်သည်။ ဟန်ယုယု အပြုံးမပျက်။ အကြည်နူးဆုံးသော အပြုံး၊ ချစ်သူက မိမိအပေါ် နားလည်သဘောပေါက်သည်ကို ကျေနပ်ပီတိဖြစ်သော အပြုံး။

"ကျွန်မ နားလည်ပါတယ် အစ်ကိုရယ်"

"ကိုယ့်ကို ခွင့်လွှတ်ပါနော် ယုယု"

"အစ်ကို့ကို အရင်ကတည်းက သိကျွမ်းခဲ့တာ ကျွန်မပါ။ ဒါပေမဲ့ အစ်ကို့ကို အရင်ဆုံးတွေ့ခဲ့တာ မဟုတ်ဘူး။ အစ်ကို့ကို ညီမလေးက အရင်ဆုံးတွေ့ခဲ့တာ၊ အစ်ကို့ကို အရင်ဆုံး နားလည်ခဲ့တာလည်း ညီမလေးစုစုပါ၊ အစ်ကို့နှလုံးသားထဲက လူတစ်ယောက် ဖြစ်ပေမယ့် အစ်ကို့ကို တကယ်တမ်း ပိုင်ဆိုင်သင့်တာက ညီမလေးပါ။ အစ်ကို ညီမလေးနောက်ကိုသာ လိုက်သွားပါ၊ ကျွန်မ ကျေနပ်ခွင့်လွှတ်ပါတယ်"

ဟန်ယုယု ပြုံးလျက် ခေါင်းညိတ်ပြသည်။ ရင်တွင်းဝေဒနာကို သူ အချိန်မီ ထိန်းချုပ်ထားနိုင်စွမ်း ရှိနေပြီဟု ထင်မှတ်ထားသည်။



"ကျေးဇူးတင်ပါတယ် ယုယုရယ် ... ယုယုကို ကိုကို တစ်သက်လုံးလေးစားသွားမယ်ဆိုတာ ယုံပါ"

"ယုံပါတယ် အစ်ကိုရယ်"

"ကိုယ်သွားမယ်နော်"

ဟန်ယုယု ခေါင်းညိတ်ပြ၏။ လီကျင်းဆွေ ဟန်ယုယု၏ လက်ကလေးကို မချင့်မရဲ ဆုပ်ညှစ်ပြီးလျှင် ဟန်စုစုနောက်သို့ ချာခနဲ လှည့်ပြေးထွက်သွားတော့သည်။ ဟန်ယုယု မျက်ဝန်းအိမ်ထဲက မျက်ရည်တစ်စက် ဖိတ်လက်လွှင့်စဉ်သွားသည်ကိုပင် သူမမြင်တော့။

ဟန်စုစုသည် စိတ်ကိုတင်းကာ ရှေ့သို့ ဆက်လျှောက်နေရသော်လည်း ရင်အသည်းတွင် တစ်မျှင်တည်းသော သံယောဇဉ်က တွဲရစ်နေ၏။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း နှလုံးသားတစ်ဖွဲ့ ကြွေကျသွားသလို ခံစားရသည်။

'ဖျပ် ဖျပ် ဖျပ်'

နောက်ဘက်ဆီမှ ခြေသံကြားရသည်။ လီကျင်းဆွေ၏ ခြေ

သံမှန်းသိသည်။ နှလုံးသွေးတို့ နွေးထွေးဆွတ်ပျံ့စွာ ခံစားရသည်။ သို့သော် လီကျင်းဆွေသည် မိမိအတွက် ရည်ရွယ်ထားသူ မဟုတ်။ တွေ့ဖို့လည်း မသင့်တော့ကြောင်း သူမ နားလည်ကာ ခြေလှမ်းဆက်လျှောက်သည်။ သို့သော် ခြေလှမ်းတို့က ပို၍ နှေးကွေးလေးလံနေ၏။ မကြာခင်မှာပင် လီကျင်းဆွေ လိုက်မီလာသည်။

"စုစု"

လီကျင်းဆွေ အသံက လှုပ်ခတ်ခတ်ရှိသည်။ ဟန်စုစု၏ ဟန်လုပ် တင်းဆည်ထားသမျှကို ပြိုပျက်ကျ၏။ ခြေလှမ်းရပ်တန့်သည်။

"ကိုယ်နဲ့ဝေးတဲ့ဆီကို ထွက်မသွားပါနဲ့တော့ စုစုရယ်"

လီကျင်းဆွေ၏ စကားလုံးမြားတံတို့က ဟန်ယုယု၏ အသည်းအိမ်သို့ ထိုးစိုက်သည်။

"ဘာလို့ လိုက်လာရတာလဲ အစ်ကိုရယ်"

"စုစုကို ချစ်လို့ပေါ့ကွယ်"

"စုစုက အကျည်းတန် အရုပ်ဆိုးမလေးပါ အစ်ကိုရယ် ... အစ်ကိုနဲ့ မမယုယုက နေနဲ့လလို လိုက်ဖက်ပါတယ်"

"ဒါတွေ ကိုယ်မသိဘူး ... အရုပ်ဆိုးပေမယ့် စိတ်လှတဲ့ စုစုကိုပဲ ချစ်တယ်"

"အို ... အစ်ကိုရယ်"



ဟန်စုစု မည်သို့မျှ မချုပ်တည်းနိုင်တော့။ လီကျင်းဆွေ၏ ရင်ခွင်ထဲသို့ အပြေးကလေး တိုးဝင်ကာ မျက်နှာအပ်ထားလိုက်၏။ လီကျင်းဆွေကလည်း လွတ်ထွက်သွားမှာ စိုးသည့်အလား တင်းတင်းကျပ်ကျပ်ကလေးပင် ဖက်ထားလိုက်တော့သည်။

ထိုစဉ် လူရိပ်တစ်ရိပ်က သူတို့အနီးသို့ အမှတ်တမဲ့ ချဉ်းကပ်လာသည်။ ရုတ်ခြည်းပင် သူတို့နှစ်ယောက်၏ လှုပ်ရှားနိုင်သော သွေးကြောကွက်တို့ကို ထိုးပိတ်လိုက်တော့သည်။ လီကျင်းဆွေနှင့် ဟန်စုစုတို့ မလှုပ်နိုင်ကြတော့။ မိမိတို့အား သွေးကြောပိတ်လိုက်သူကို တအံ့တဩ ကြည့်နေမိကြ၏။ သူတို့ရှေ့တွင် အကြည်လင်ဆုံး အပြုံးနှင့် ရပ်နေသူက ဟန်ယုယုပင်တည်း။

"ဟင် ... ယုယု"

"အို ... မမ ... ဘယ်လိုလုပ်တာလဲ"

လီကျင်းဆွေနှင့် ဟန်စုစုတို့နှစ်ယောက် အံ့အားသင့်စွာ ရေရွတ်သည်။ ဟန်ယုယု ဘာမျှမပြော။ ပြုံးနေလျက်ကပင် ဟန်စုစု၏ အင်္ကျီကြယ်သီးကိုဖြုတ်သည်။ အပေါ်အင်္ကျီဖွင့်ကာ အောက်ခံအင်္ကျီ တစ်ထပ် ပေါ်လာ၏။

ထိုအထဲမှ ပစ္စည်းကလေးတစ်ခုကို ထုတ်ယူသည်။ ပန်းလက်ဝါး ဝမ်ဟန်နင်ပေးလိုက်သော ငွေအစ်ကလေးပင်တည်း။

"ရှက်မနေပါနဲ့တော့ ညီမလေးရယ် ... အခုအချိန်မှာ ညီမလေးလိုချင်တာကို ရှာတွေ့နေပါပြီ၊ ကိုယ့်ရဲ့ ပင်ကိုအလှကိုလည်း ပြဖို့သင့်ပါပြီ"

ဟန်ယုယု ငွေအစ်ကလေးကိုဖွင့်သည်။ အထဲမှ ရုပ်ဖျက်ဆေးတို့ကို ထုတ်ကာ ညီမဖြစ်သူ၏မျက်နှာပေါ်သို့ သုတ်လိမ်းပေးသည်။ ဟန်စုစု၏မျက်နှာပေါ်တွင် အဖတ်များ အလွှာလိုက် ကွာကျလာသည်။

ဟန်ယုယုက လက်ကိုင်ပဝါတစ်ထည်ဖြင့် တယုတယ ပွတ်သပ်ပေးလိုက်သောအခါတွင်ကာ ဟန်စုစု၏ မူရင်းမျက်နှာကလေးက ထင်းခနဲ ပေါ်လွင်လာတော့သည်။

ကောက်နေသော နှာယောင်တို့က ဖြောင့်တန်းသွားသည်။ သွယ်ဝင်းလုံးဝန်းသော နှာသီးဖျားကလေး ပေါ်လာသည်။ ထူပိန်းနေသော မျက်ခုံးမွေးတို့က ကျွတ်ထွက်ကုန်သည်။ သုံးရက်လလို ကွေးကွေးနှင့် ရေးရေးလေးနက်မှောင်နေသော မျက်လုံးကလေး ပေါ်လွင်လာသည်။ ထူအမ်းကာ ရှေ့သို့ ထော်လန်နေသော နှုတ်ခမ်းသားများ အလွှာလိုက်ကွာကျသည်။ နှင်းဆီသွေးလို ရဲရဲထွေးထွေး လေးကိုင်းသဏ္ဌာန်ကွေးညွတ်ညွတ် ပါးပါးလှပ်လှပ်နှုတ်ခမ်းကလေးက ဆေးရေးထားသလို ဖြစ်ပေါ်လာ၏။ အနားသတ် မညီညာသော မျက်နှာကျက ပြေသွယ်လာသည်။



လီကျင်းဆွေ ပါးစပ်အဟောင်းသားဖြစ်သည်။ မျက်လုံးအဝိုင်းသား ဖြစ်သည်။ တုလွှတ်ကင်းသော အလှဆိုသည်မှာ ဟန်စုစုအလှကို ခေါ်ဆိုရမည်ဖြစ်ကြောင်း သူသတ်မှတ်လိုက်တော့သည်။ အရုပ်ဆိုးသမျှ၊ အကျည်းတန်ခဲ့သမျှကို လုံးဝပျောက်ကွယ်သွားခဲ့ပြီ။

ဖူးဖူးကြွအောင် လှပါသည်ဆိုသော ဟန်ယုယု၏အလှတို့ပင် ညီမဖြစ်သူ၏အလှကို မမီ။ ဟန်ယု[illegible] ကြွေရုပ်ကလေးလို လှသည်။ ဟန်စုစုက ကြည့်မဝအောင် လှသည်ဟုပင် လီကျင်းဆွေ ထင်မှတ်လိုက်မိတော့သည်။

မိမိ၏ ပင်ကိုအလှကို ထုတ်ပြလိုက်ရသဖြင့် ရှက်သွေးဖြန်းကာ ပန်းနုရောင်လွှမ်းနေသည့် ဟန်စုစု၏အလှက ပို၍ပင် ကျက်သရေရှိနေလေတော့သည်။

"ညီမလေးက ကျွန်မလို မဟုတ်ဘူး၊ သူ့အလှကို ဟသ်ာနန်းတော်ကလွဲလို့ ဘယ်သူမှ မြင်ခွင့်ပြုတာမဟုတ်ဘူး၊ သူ့ဖူးစာရှင်ကိုမှ တွေ့ခွင့်ပေးချင်တာ၊ ဒါကြောင့် ဟသ်ာနန်းတော်ရဲ့ အပြင်ဘက်ကို ထွက်တိုင်း သူ့မျက်နှာကို အရုပ်ဆိုး အကျည်းတန်မလေးအဖြစ် ဖန်တီးထားတယ်လေ၊ သူသုံးတဲ့ရုပ်ပြောင်းဆေးတွေက သိပ်ကောင်းလွန်းတော့ ရုပ်ပြောင်းထားမှန်း ဘယ်သူမှမသိနိုင်ဘူး၊ တော်ပေ

နဲ့လည်း ဖျက်လို့မရဘူး၊ ပန်းလက်ဝါး ဝမ်ဟာန်နင်စီမံထားတဲ့ ဆေးနဲ့ပဲ ဖျက်လို့ရတာ"

ဟာန်ယုယုက ရှင်းပြသည်။

သူသည် သူလုပ်လိုရာကို လုပ်လိုက်ရသဖြင့် အတော်ကလေး ကြည်နူးပီတိဖြစ်နေပုံရ၏။ ထို့နောက် လီကျင်းဆွေ့နှင့် ဟာန်စုစုတို့၏ ပိတ်နေသောသွေးကြောကွက်ကို ပြန်လည်ဖြေပေးလိုက်ပြီး မြင်းလှည်းဆီသို့ ချာခနဲ လှည့်ထွက်လာခဲ့လေတော့သည်။

ဟာန်စုစုတို့နှင့် ဝေးလာသည်နှင့်အမျှ သူမ၏အချစ်စိတ်များ ပျက်သုဉ်းသွားရလေပြီကို ဟာန်ယုယု ခံစားလာမိသည်။ သူမ၏ အသည်းနှလုံးတို့သည် ညီမဖြစ်သူအတွက် ချစ်လက်ဆောင် ပေးအပ်ခဲ့ရလေပြီဟု ဟာန်ယုယုနားလည်သည်။

ကျောခိုင်းထွက်လာခဲ့သော ဟာန်ယုယု၏ကိုယ်ကလေးက သိမ့်ခနဲလှုပ်ရှားသွားသည်ကို လီကျင်းဆွေကော ဟာန်စုစုပါ မမြင်နိုင်ကြတော့။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မဝအောင် သူတို့နှစ်ဦးက အကြည့်ချင်းဆုံ အပြုံးချင်း ပြိုင်နေကြသည်တကား။ ။

တက္ကသိုလ်ဝင်းကြွယ်